
ဂျူးမကလေး

# ဒီတာ

လင်းယုန်မောင်မောင်



# ဂျူးမကလေး အိဗာ

လင်းယုန်မောင်မောင်

ဂျူးမလေးအိဗာ

လင်းယုန်ယုန်မောင်မောင်

တန်ဖိုး ၁၀ ကျပ်

ရောင်နီဦးစာပေ၊ အမှတ် ၁၂ ရွှေဂုန်တိုင်လမ်း၊ ရန်ကုန်။

ပထမအကြိမ်ပုံနှိပ်ခြင်း
ဇွန်လ ၊ ၁၉၇၇
အုပ်ရေ ၂၅၀၀

**ထုတ်ဝေသူ**
ဦးမောင်မောင် (၀၁၃၈၅)
မိုးသောက်စာပေ
၁၂ ရွှေဂုန်တိုင်လမ်း၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**
ဦးချစ်အောင် (၀၂၀၇ မြ)
လုပ်အားပုံနှိပ်တိုက်
အမှတ်၅၊ လမ်း ၁၀၀၊ ကန်တော်ကလေး၊ ရန်ကုန်။

**မျက်နှာဖုံးပန်းချီ**
စံတိုး။

**မျက်နှာဖုံးဘလောက်**
သောင်းလှ။

**မျက်နှာဖုံးရိုက်**
ချင်းတွင်း။

**စာအုပ်ချုပ်**
မိုးပြာ။

**အဖက်ဖက်မှ ရုန်းကန်လှုပ်ရှား၍**
**ဘဝတိုက်ပွဲဝင်နေကြရသော**
**မြန်မာအမျိုးသမီးကလေးများအတွက် . . .**

# စာရေးသူ၏ အမှာ

ကျွန်တော်သည် လွန်ခဲ့သော ငါးနှစ်ခန့်က 'တောင်ကုန်း အမှတ် ၁၉၂' အမည်ရှိ စာအုပ်တအုပ်ကို မြန်မာဘာသာဖြင့် ဆီလျော်အောင် ပြန်ဆို ရေးသားခဲ့ဘူးပါသည်။ ယင်း စာအုပ်ပါ အဓိက အကြောင်းအရာမှာ တောင်ဗီယက်နမ် တနေရာတွင် အမေရိကန် စစ်သားတစု၏ လက်ချက်ဖြင့် မရှုမလှ အသက်ဆုံးရှုံးသွားခဲ့ရရှာသော ဗီယက်နမ်မလေး 'မော်' ၏ ဘဝဇာတ်ကြောင်းပင် ဖြစ်ပါသည်။

ထိုစဉ်က အဆိုပါ 'တောင်ကုန်း အမှတ် ၁၉၂'ကို ဖတ်ရှုကြရသောအခါ စာဖတ်သူများထံမှ ဗီယက်နမ်မလေး 'မော်' အတွက် ယူကျုံးမရ တသသ ဖြစ်ကြရကြောင်း စာရေးသူ ကျွန်တော့်ထံ တကူးတကန့် စာတတန် ပေတတန် အကြောင်းကြားခဲ့ကြပါသည်။

ယခု ဤစာအုပ်မှာ အစ္စရေး အမျိုးသား စာရေးဆရာ မေယာလီဗင် (**Meyer Levin**) ရေးသားသော 'အီဗာ' (**EVA**) အမည်ရှိ စာအုပ်ကိုမြန်မာဘာသာဖြင့် ဆီလျော်အောင် ပြန်ဆိုထားခြင်း ဖြစ်ပါသည်။ 'တောင်ကုန်းအမှတ် ၁၉၂' မှ ဗီယက်နမ်မလေး 'မော်' ၏ ဘဝကဲ့သို့ပင် စိတ်ဝင်စားဘွယ်ရာ ကောင်းလှသဖြင့် ဤစာအုပ်တွင် အဓိက ဇာတ်ကောင်ဖြစ်သူ 'အီဗာ ကွန်ဂိုးလ်' ကို အကြောင်းပြု၍ ဤစာအုပ်ကို 'ဂျူးမလေး အီဗာ'ဟူ၍ အမည်ပေးခဲ့ပါသည်။

စာဖတ်သူများအား အထူး အစီရင်ခံလိုသည်မှာ ဤစာအုပ်တွင် ပါရှိသော တိုင်းပြည်မြို့ရွာ နေရာဒေသ အမည်နာမများနှင့် ဖြစ်ရပ်များမှာ ဒုတိယ ကမ္ဘာစစ်အတွင်းက တကယ့်ဖြစ်ရပ်များနှင့် တကယ့်နေရာ ဒေသများကို အခြေခံထားသော်လည်း ဂျူး မကလေး အီဗာ၏ ဘဝဖြစ်စဉ်တခုလုံးမှာ မူရင်းစာရေးသူ၏ စိတ်ကူးယဉ် ဝတ္ထုဇာတ်လမ်း တပုဒ်မျှသာဖြစ်ပါသည်။

အထူးသဖြင့် ဒုတိယ ကမ္ဘာစစ်အတွင်းက ဆင်းရဲဒုက္ခအမျိုးမျိုးတို့ကို တုန်လှုပ်ချောက်ချားဘွယ်ရာ၊ ထိတ်လန့် ကြောက်ရွံ့ဘွယ်ရာ ကြုံတွေ့ခဲ့ရသည့်အထဲက အသက်ရှင်ရေးအတွက် ရုန်းကန်ကြိုးပမ်းခဲ့ရသော ဂျူးမလေး အီဗာ၏ ဘဝဇာတ်ကြောင်းကို ဖတ်ရှုရခြင်းဖြင့် စာဖတ်သူများအတွက်၊ အထူးသဖြင့် ယနေ့ မျက်မှောက်ကာလတွင် ဘဝတိုက်ပွဲအတွက် ရုန်းကန်လှုပ်ရှားနေကြရသော မြန်မာအမျိုးသမီးငယ်များအတွက် အတုယူ အားကျ၍ အထောက်အကူ ရစေရန် ရည်သန်ရွယ်ကိုးကာ ဤစာအုပ်ကိုပြန်ဆို ရေးခဲ့ခြင်းဖြစ်ပါသည်။

ဤစာအုပ်ကို ဖျာပုံမြို့သို့ သွားရောက် ရေးသားခဲ့စဉ်ကခါတိုင်း ကဲ့သို့ပင် အဖက်ဖက်က ကူညီ စောင့်ရှောက်ခဲ့ကြသော ဖျာပုံ ပရဟိတ ဆရာတော် ဦးဥတ္တရာဘိဝံသနှင့် ပရဟိတ အမှုဆောင် အဖွဲ့ဝင် ဦးမြတ်ကြွယ်၊ ဦးအုန်းကွန်း (ထွန်းသီရိ ရုပ်ရှင်ရုံ) နှင့် အခြားသော မိတ်ဆွေသင်္ဂဟ အပေါင်းတို့အား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**လင်းယုန်ယုန်မောင်မောင်**

## မာတိကာ


| | |
|---|---|
| အရှင်လတ်လတ် ဘဝပြောင်းခဲ့ရသူ | ၉ |
| **မီးရထားပေါ်မှ ယူကရိန်းမလေးနှစ်ယောက်** | ၃၂ |
| ချောက်ခြားစရာကောင်းသော ညတည | ၅၇ |
| ရှက်စရာကောင်းတဲ့ နေ့တနေ့ | ၆၄ |
| **ပျောက်ဆုံးနေသော 'နီဗွာန် ဘုံကလေး'** | ၈၆ |
| အမေ့ထံမှ ပျော်စရာ | ၁၀၅ |
| **ဘဝသစ်မှာ ပျော်စရာ** | ၁၂၄ |
| ဝမ်းနည်းစရာကောင်းသော အောင်ပွဲတခု | ၁၄၀ |
| **အားလုံး မီးလောင်ပြာကျကုန်ပါပြီ** | ၁၆၈ |
| **ယုံနိုင်စရာ မရှိတဲ့ အဖြစ်** | ၁၈၅ |
| ထိတ်လန့်စရာ မေးခွန်းများ | ၂၀၄ |
| **မလွယ်ရေးချ မလွယ်ထဲကပါ** | ၂၄၂ |
| မြေအောက်ခန်းထဲမှ မီးရထားတွဲပေါ်သို့ | ၂၅၅ |
| **တျမနာမည်သစ် 'ရှစ်တစ် သုံးသုံးနှစ် . . .'** | ၂၆၅ |
| လွတ်ရောရယ်တဲ့ ဘယ်မြင် . . . . . . | ၂၈၃ |
| အိပ်မက်လှလှ မက်ပါစေရှင် . . . . . . | ၂၉၅ |


## အရှင်လတ်လတ် ဘဝပြောင်းခဲ့ရသူ

"တကယ်တော့ သမီးရယ်၊ ဒီစစ်ကြီး ပြီးသွားတဲ့ အခါကျတော့ အမေတို့ မိသားစုထဲက သမီးတစ်ယောက်တည်း အသက်မသေ ဘဲ ကျန်ချင်ကျန်နေမှာပါ"

အမေနဲ့ကျွန်မ နောက်ဆုံးခွဲရခါနီးမှာ အမေက ကျွန်မကို ဒီအတိုင်းပဲ ပြောသွားခဲ့ရှာပါတယ်။ အဲဒီတုန်းက ကျွန်မကို အမေက မှာထားခဲ့တာ ရှိပါသေးတယ်။

"အဲဒီတော့ အီဗာ၊ တကယ်လို့ သမီးသာ အသက်မသေဘဲ ကျန်နေဦးမယ်ဆိုရင် သမီးတွေ့ကြုံခဲ့ရသမျှ ဖြစ်ခဲ့ ပျက်ခဲ့မျှ အား လုံးကို စာနဲ့ရေးပြီး မှတ်တမ်းတင်ဖို့ မမေ့နဲ့ ကြားလား သမီး။ ဒီစစ်ကြီးအတွင်းမှာ သမီး ဘယ်လို နေခဲ့ ထိုင်ခဲ့ရတယ်၊ အမေတို့ မိသားစုအားလုံး ဘယ်လိုဒုက္ခ သုက္ခတွေ ကြုံတွေ့ခဲ့ကြရတယ် ဆိုတာတွေကို တခြားလူတွေသိအောင် စာနဲ့ရေးပြဖို့

လိုတယ် သမီးရဲ့။ သမီးအနေနဲ့ တွေ့ကြုံခဲ့ရသမျှ အားလုံး တစ်ခုမကျန် ဂယနဇာပြန်ပြီး ရေးရမယ် နော်သမီး"

ကျွန်မဟာ အမေပြောခဲ့တဲ့ အဲဒီစကားတွေကို ခုထက်ထိ ကြား ယောင်နေပါသေးတယ်။ ဟုတ်ပါတယ်။ ကျွန်မ ကောင်းကောင်း ကြီးမှတ်မိပါသေးတယ်။ အဲဒီတုန်းက ကျွန်မဟာ တံခါးဝမှာ မလှုပ်မယှက်နဲ့ မတ်တပ်ရပ်ရင်း အမေ့စကားတွေကို ငိုင်ပြီး နားထောင်နေခဲ့မိပါတယ်။

ဒါပေမယ့် အဲဒီအချိန်မှာ ကျွန်မဟာ 'ကျွန်မ' မဟုတ်တော့ပါ ဘူး။ ကျွန်မဟာ ဂျူးမကလေး 'အီဗာ' မဟုတ်တော့ပါဘူး။ ယူကရိန်းအမျိုးသမီး လယ်တောသူမကလေး 'ကက်တာရီးနား' ဖြစ်နေပါပြီ။ မှန်ပါတယ်။ ကျွန်မဟာ 'ကက်တာရီးနား'ဆိုတဲ့ ယူကရိန်း တောသူမကလေးတစ်ယောက်အနေနဲ့ ဒီအိမ်က အချိန် မရွေးထွက်သွားလို့ရပါတယ်။ ဒါပေမယ့် ကျွန်မရဲ့မူလမျိုးရိုးနဲ့ မူလ နာမည်ရင်းအတိုင်း ဂျူးအမျိုးသမီးကလေး 'အီဗာ'ဆိုတဲ့ နာမည်နဲ့ တော့ ဒီအိမ်က အလွယ်တကူထွက်သွားလို့မရပါဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ ဒီအချိန်မှာ ကျွန်မတို့နေတဲ့'ဟရီဘင်ကို' မြို့ကလေးကို ဂျာမန်တပ်တွေက သိမ်းပိုက်ထားပြီး ဖြစ်နေလို့ ပါပဲ။

အားလုံးသိတဲ့အတိုင်း ဒီအချိန်မှာ ဂျာမန်တွေဟာ ဂျူး လူမျိုးမှန်သမျှ 'ကျူပင်ခုတ် ကျူငုတ်မကျန်'ရအောင် အတင်း ဒလကြမ်းဖမ်းပြီး ချွေးတပ်စခန်းတွေကို ပို့နေတဲ့ အချိန်ပါပဲ။ ဒါကြောင့် ကျွန်မဟာ ဂျူးမကလေးအီဗာဘဝကနေပြီး ယူက ရိန်း တောသူမလေး ကက်တာရီးနားအသွင်မျိုးနဲ့ ရုပ်ဖျက်ပြီး ဒီ မြို့ကလေးကနေ ရှောင်ထွက်သွားဖို့ စီစဉ်ရတာပါ။



ဒါထက် ပြောရဦးမယ်။ ကျွန်မဟာ တခြား ဂျူးမကလေး တွေနဲ့မတူတာရှိပါတယ်။ အဲဒါက ဘာလဲဆိုတော့ ကျွန်မပါး ကလေး တွေဟာ ငယ်ငယ်ကလေးတည်းက နီနီရဲရဲကလေးတွေဖြစ် နေတာ ပါပဲ။ အဲဒီလို ထူးထူးခြားခြား ပါးကလေးနှစ်ဖက် နီတာ ရဲကလေးနဲ့မို့ ကျွန်မ ကျောင်းသွားတဲ့အခါဖြစ်ဖြစ်၊ ကိစ္စတစ်ခု ရှိလို့ မြို့ထဲ သွားတဲ့အခါ ဖြစ်ဖြစ် ဒါမှမဟုတ် ကျွန်မသူငယ်ချင်း တွေနဲ့ အိမ်ရှေ့လမ်းပေါ်မှာ ကစားနေတဲ့အခါဖြစ်ဖြစ် ကျွန်မ ကို လူတိုင်းလိုလိုက ဂရုစိုက်ပြီး ကြည့်သွားတတ်ကြပါတယ်။ အို- လူတိုင်းလိုလိုတောင်မကပါဘူး။ လူတိုင်းပါပဲ။ ယောကျ်ား ကြီးတွေရော၊ မိန်းမကြီးတွေရော၊ မြို့ပေါ်မှာ ရှိသမျှလူတိုင်းက ကျွန်မကို မြင်လိုက်တာနဲ့တစ်ပြိုင်နက် နီတာရဲနေတဲ့ ကျွန်မပါးကလေး တွေကို စိုက်စိုက်ကြည့်ပြီး 'ကလေးမကလေးက ချစ်စရာကောင်း လိုက်တာ ဟယ်'လို့ ပြောသွားတတ်ကြပါတယ်။ တစ်ခါတုန်းက ဆိုရင် ဂိုင်းမပါတဲ့ မျက်မှန်တပ်ထားတဲ့ မှတ်ပုံတင်အရာရှိ မစ္စတာနိုးဗစ် ဆိုတဲ့ အဖိုးကြီးကတောင် သူ့ခါးကုန်းကုန်းကြီးနဲ့ ကျွန်မကိုငုံ့ကြည့်ပြီး 'ဟဲ့ အီဗာ၊ အမယ်လေး နင့်ပါးကလေး တွေက လှလိုက်တာဟယ် ကြည့်စမ်းပါဦး၊ ပါးစုံ့ကလေးနှစ် ဖက်ထွက်ပြီး ရဲတွတ်နေတာပဲ။ တကယ့် ယူကရိန်းတောသူမ ကလေးလား အောက်မေ့ရတယ်'လို့ ပြောသွားဖူးပါတယ်။

အခုတော့ အဲဒီနီတာရဲနေတဲ့ ပါးကလေးတွေနဲ့ပဲ အီဗာ ဆိုတဲ့ ဂျူးမကလေးဟာ ဆံပင်ကို ဟိုဘက် ဒီဘက် ဖားလျားချ ပြီး တကယ့် ယူကရိန်းအမျိုးသမီး တောသူမကလေးပုံစံအတိုင်း ဂါဝန် ရှည်ကြီးနဲ့ဖြစ်နေပါပြီ။ ကျွန်မရဲ့ အဝတ်အစားနဲ့ ဆင် ယင်ထုံးဖွဲ့မှုကို တောကျကျ ယူကရိန်းမကလေးတစ်ယောက်ရဲ့

ဂိုက်မျိုး ဖမ်းထား သလို ကျွန်မလက်ထဲမှာ ကိုင်ထားတဲ့ လက်ကိုင်အိတ်ကလေးထဲမှာ ဆိုရင်လည်း အမျိုးသားမှတ်ပုံတင်ကဒ်ပြား အတုနဲ့ ထောက်ခံစာ အတုတွေ အဆင်သင့်ရှိနေပါပြီ။ မှန်ပါတယ်။ ကျွန်မဟာ ဂျူးမကလေး အီဗာ မဟုတ်တော့ပါဘူး။ ယူကရိန်းလယ်တောသူ ကလေး ကက်တာရီးနား ဖြစ်နေပါပြီ။

အဲသလို အီဗာဘဝကနေအရှင်လတ်လတ် နေ့ချင်းညချင်း ဘဝပြောင်းသွားခဲ့ရတဲ့ ကက်တာရီးနားဟာ မကြာခင်ကလေးမှာပဲ ဒီအိမ်နဲ့တကွ ဒီအိမ်သူအိမ်သားတွေ အားလုံးကို ကျောခိုင်းပြီး ကျွန်မအတွက် အသက်ရှင်နေနိုင်မယ့် ကမ္ဘာသစ်တစ်ခုရှိရာ 'ဖော်မပါ တကိုယ်တည်း' ဆိုတာလို ကျွန်မ တစ်ယောက်တည်း ထွက်သွားရပါတော့မယ်။

မှန်တဲ့အတိုင်း ပြောရရင် အဲဒီလို အဖေတို့ အမေတို့ကို ပစ်ပြီး အခုလို ထွက်သွားရတဲ့အတွက် စိတ်မချမ်းမသာ ဖြစ်မိပေမယ့် လုံးဝမသွားချင်တဲ့ စိတ်မျိုးနဲ့ နောက်ဆံငင်ပြီး သံယောဇဉ်အမျှင် မပြတ်တော့ မဖြစ်မိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အခုလို အိမ်က ထွက်သွားဖို့အတွက် ကျွန်မကိုအမေကိုယ်တိုင်က တိုက်တွန်းပြီး ကျွန်မကိုယ်တိုင်ကလည်း ဒီလိုမသွားလို့မဖြစ်ဘူး။ မသွားရင် ကျွန်မမှာ အသက်အန္တရာယ်တောင်ဖြစ်နိုင်တယ်ဆိုတာ ကောင်း ကောင်းကြီး သဘောပေါက်ထားလို့ပါပဲ။ ဒါကြောင့်မို့လဲ ကျွန်မဟာ ဒီအိမ်နဲ့ ဒီမိသားစုကိုခွဲပြီး တကယ်သွားရတော့မယ်ဆိုတဲ့ အခါကျတော့ စိတ်မချမ်းမသာဖြစ်သွားရတဲ့ အထဲက ကိုယ့် စိတ်ကိုယ်ဖြေပြီး အား တင်းနိုင်ခဲ့ပါတယ်။

ဒါပေမယ့် အခုလို ကျွန်မထွက်သွားပြီးတဲ့နောက်ပိုင်း အမေတို့ အဖေတို့ဟာ ကျွန်မပြန်မလာမချင်း ဒီအိမ်ကနေပြီး ကျွန်မကို စိုး



ရိမ်တကြီးနဲ့ စောင့်မျှော်နေကြလိမ့်မယ်လို့ လုံးဝယူဆလို့ မရပါဘူး။ ဟုတ်ပါတယ်။ အရင်တုန်းကဆိုရင် ကျွန်မဟာ ကျွန်မရဲ့ ယောက်ျားကလေး သူငယ်ချင်းတွေနဲ့ ဟိုဟိုဒီဒီလျှောက်လည်ရင်း မိုးချုပ်တဲ့အထိ အိမ်ပြန်ရောက်မလာဘူးဆိုရင် အမေတို့ အဖေ တို့ဟာ ကျွန်မ မပြန်မလာချင်း အိမ်ကနေပြီး စိုးရိမ်တဲ့စိတ်နဲ့ မအိပ်ကြသေးဘဲ စောင့်နေခဲ့ကြတာမျိုးတွေ ကျွန်မကြုံခဲ့ တွေ့ခဲ့ရပါတယ်။ အခုတခါတော့ သူတို့တတွေဟာ ကျွန်မကို ဒီလိုစောင့်နေ ကြလို့ မဖြစ်တော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မထွက်သွားပြီး တဲ့နောက်ပိုင်း သူတို့ ကိုယ်တိုင်ဒီအိမ်မှာ ကြာကြာနေရဖို့ မဖြစ်နိုင် တော့တဲ့အတွက်ပါပဲ။ ဂျူးလူမျိုးမှန်သမျှကို အမဲလိုက်ခွေးတွေလို အနံ့ခံပြီးလိုက်ရှာနေကြတဲ့ ဂျာမန်စစ်သားတွေဟာ မကြာခင် တစ်နေ့နေ့မှာ ဒီအိမ်ကို ရောက်လာပြီးအမေတို့ အဖေတို့ကို ဖမ်းသွားကြမှာ သေချာသလောက် ဖြစ်နေပါပြီ။ ဒါကြောင့်မို့လည်း ကျွန်မတို့မိသားစုကို ဂျာမန်တွေ လာမဖမ်းခင် ကျွန်မဟာ အခုလို ရုပ်ဖျက်ပြီး ဒီအိမ်ကလစ်ထွက်သွားဖို့ စီစဉ်ရတာပါပဲ။

ဒီအိမ်ဆိုလို့ တကယ်တော့ အခု ကျွန်မတို့နေတဲ့ဒီအိမ်ဟာ ကျွန်မတို့ရဲ့ မူလအိမ်မဟုတ်ပါဘူး။ ကျွန်မတို့မူလနေခဲ့တဲ့ အရင်အိမ်က ကျွန်မတို့အဖေပိုင်တဲ့အိမ်ပါ။ အဲဒီအိမ်က အောက်ထပ်မှာ ကုန်စုံဆိုင်ဖွင့်ထားပြီး အပေါ်ထပ်မှာ အခန်းသုံးခန်းနဲ့ ရေချိုးခန်း၊ အိမ်သာခန်းနဲ့ အကျအနပါ။ အဖေဟာ မြို့နယ်တရားရုံးနဲ့ ကပ်နေတဲ့ မြေတစ်ကွက်ကို ဝယ်လိုက်ပြီး ကုန်စုံဆိုင်ကလေးဖွင့်ရင်းနဲ့ ရသမျှ ပိုက်ဆံကလေး ခြစ်ခြုပ်စုရင်းနဲ့ အဲဒီအိမ်ကို တစ်ထပ်ကနေ နှစ်ထပ်ဖြစ်အောင် ဆောက်လာခဲ့ရတာပါ။ ဒီလို နေလာခဲ့

ကြရာက ၁၉၃၉ ခုနှစ် နွေရာသီရောက်တော့ ပိုလန်ပြည်က ကျွန်မတို့ အခုနေတဲ့အပိုင်းကို ရုရှားတပ်တွေ ဝင်လာကြပြီး ကုန်စုံဆိုင်ဖွင့်ထားတဲ့ အဖေ့အိမ်ကို ရုရှားတပ်တွေက သိမ်းလိုက်ကြတာပါပဲ။

အဲဒီနောက် နှစ်နှစ်လောက် ကြာတော့ ကျွန်မ အထက်တန်းအောင်တဲ့နှစ်မှာပဲ ဂျာမန်တပ်တွေဝင် လာပြီး ရုရှားတပ်တွေကို မောင်းထုတ်လိုက်ကြပြန်ပါတယ်။ ဒါပေမယ့် ကျွန်မတို့ နေခဲ့တဲ့အိမ်ကလေးကို ပြန်မရပါဘူး။ အဲဒီအိမ်ကို ဂျာမန်တွေက တစ်ခါထပ်ပြီး သိမ်းလိုက်ကြပြန်ပါတယ်။

ပထမဆုံး ရုရှားတပ်တွေဝင်လာလို့ ကျွန်မတို့အိမ်ကို သိမ်းလိုက်တဲ့အချိန်ကစပြီး ကျွန်မတို့မိသားစုဟာ စိန့်စတီဖင် ဘုရားရှိခိုးကျောင်းနားက အဖေ့မိတ်ဆွေရင်းချာဖြစ်တဲ့ မစ္စတာဘလူး မင်းဖိုးတို့ အိမ်နားကို ပြောင်းလာခဲ့ကြရပါတယ်။ ကျွန်မတို့ အခုနေတဲ့ ဒီအိမ်နေရာပါပဲ။

ဘလူးမင်းဖိုးတို့ မိသားစုဟာ ကျွန်မတို့လို ဂျူးတွေလဲဖြစ် ပြန်၊ အဖေနဲ့ကလည်း သိပ်ရင်းနှီးပြန်ဆိုတော့ ကျွန်မတို့အိမ်နဲ့ သူတို့အိမ်ဟာ ‘နှစ်အိမ့်တစ်အိမ်’ပဲ ဆိုပါတော့။ နောက်ပြီးတော့ ပိုပြီးရင်းနှီးဖို့ဖြစ်လာတာက အဲဒီ ဘလူးမင်းဖိုးတို့ရဲ့သမီး ‘အယ်လာ’ဆိုတာက တိုက်တိုက်ဆိုင်ဆိုင် ကျွန်မနဲ့ပဲတစ်နေ့တည်း တစ်ရက်တည်း မွေးထားတာကိုးရှင့်။ နောက်ပြီးတော့ အဲဒီ ‘အယ်လာ’ရဲ့အစ်မ ‘ဖရက်ဒါ’ကလည်း ကျွန်မအစ်မ ‘တူဘာ’နဲ့ သက်တူရွယ်တူ တစ်နှစ်တည်း မွေးတာတွေ ဖြစ်နေပြန်တော့ ကျွန်မတို့အိမ်ထောင်စုနှစ်စုဟာ တကယ့်မိသားစု တစ်စုထဲလို ရင်းနှီးသထက် ပိုပြီးရင်းနှီးစရာ ဖြစ်နေတော့တာပေါ့။



ဒီလိုနဲ့ ကျွန်မတို့မိန်းကလေး လေးယောက်ဟာ ငယ်ငယ်ကလေးထဲက သွားအတူ၊ လာအတူ၊ ကစားအတူ ကျောင်းနေတော့ လည်း လေးယောက်သားတတွဲတွဲနဲ့ အတူနေခဲ့ကြတာပါပဲ။ အယ်လာတို့ ဖရက်ဒါတို့အဖေ မစ္စတာဘလူးဖိုးမင်းကြီးကလည်း တော်တော်ခေတ်မှီပြီး လာဘ်မြင်တဲ့ လူကြီးတစ်ယောက်ပါ။ သူတို့ အိမ်မှာ စန္ဒယားလည်းရှိတယ်။ ပြီးတော့ ကျွန်မတို့ ဟရီဘင်ကိုမြို့ကလေးမှာ တယ်လီဖုန်းကို ပထမဆုံး စတပ်ခဲ့တာ သူတို့အိမ်ပဲ။ ရေဒီယိုပေါ်လာတော့လည်း သူတို့အိမ်ကပဲ ပထမဆုံးဝယ်ခဲ့တာပဲ။ ဒါတင်မကသေးဘူး ကျွန်မတို့မြို့မှာ မိန်းကလေးတွေထဲက ပထမဆုံး စက်ဘီးဝယ်စီးခဲ့ကြတာလည်း အယ်လာနဲ့ ဖရက်ဒါတို့ ညီအစ်မပဲ။ ကျွန်မနဲ့ ကျွန်မ အစ်မ တူဘာတို့ကတော့ ဒုတိယပေါ့။

အဲ ... တူဘာဆိုလို့ ပြောရဦးမယ်။ ကျွန်မ အစ်မ တူဘာကို ဂျာမန်တွေ လာဆွဲသွားတာ အဲဒီဘလူးဖိုးမင်းတို့ အိမ်ကပေါ့။ တတိယအကြိမ် ရှာဖွေဖမ်းဆီးရေးလုပ်တုန်းက ပါသွားတာပါပဲ။ ဖြစ်ပုံက ဒီလိုရှင့် ...။ ကျွန်မတို့မြို့ကို ဂျာမန်တွေသိမ်းပြီးရပ် ကွက်လိုက် ရပ်ကွက်လိုက် ဂျူးတွေကို ပိုက်စိပ်တိုက်ဖမ်းတာသုံး ကြိမ်ရှိသွားပြီ။ အဲဒီတတိယအကြိမ် ဂျာမန်စစ်သားတွေ ဝင်မွှေနေတုန်း တူဘာဟာ သူ့သူငယ်ချင်းမလေး လေးယောက်ကို သူတို့အိမ်ပြန်လိုက်ပို့ဖို့ ဘလူးမင်းဖိုးတို့အိမ်ကအထွက်မှာ အဲဒီကောင်မလေး လေးယောက်ရော တူဘာပါ ဂျာမန်တွေနဲ့ ပက်ပင်း ပါဝင်တိုးပြီး တစ်ခါတည်း ပါသွားတော့တာပါပဲ။

အဲဒီလို တူဘာပါသွားတဲ့အတွက် ကျွန်မတို့ ဒီမြို့မှာနေလို့ မဖြစ်တော့ဘူး၊ ဒီအိမ်မှာလည်းနေလို့ မဖြစ်တော့ဘူးဆိုပြီး အခုလို ရှောင်ထွက်သွားဖို့ ဆုံးဖြတ်လိုက်ရတာပါပဲ။ တူဘာကို ဂျာမန်

တွေ ဆွဲသွားပြီးတဲ့နောက် ကျွန်မတို့တတွေဟာ လေးငါးရက်လောက် ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိအောင် ဖြစ်သွားကြတာပေါ့။ အမေ ရော အဖေရော တစ်အိမ်သားလုံး စကားမပြောနိုင်ကြတော့ဘူး။ နောက်ဆုံးကျတော့ အမေက စိတ်နှလုံးခိုင်ခိုင်ချပြီး 'ကဲ. . . ဒို့တတွေ ဒီလို ငုတ်တုတ်ထိုင်ပြီး သေရမယ့်ရက်ကို စောင့်နေလို့တော့ မဖြစ် တော့ဘူး။ အဲဒီတော့ သမီးအီဗာ၊ ငါ့သမီး တခြားကို ရှောင်ထွက် သွားဖို့သာ စီစဉ်ပေတော့' လို့ ကျွန်မကို ပြောတော့တာပါပဲ။

ပထမတော့ ကျွန်မလည်း အကြောက်အကန် ငြင်းပါသေး တယ်။ ငြင်းဆို အမေတို့ အဖေတို့နဲ့ အခုလို ခွဲခွာသွားဖို့ဆိုတာက ကျွန်မအတွက် ဘယ်တုန်းကမှ မမျှော်လင့်ခဲ့တဲ့ ကိစ္စပဲရှင်။ စိတ်ကူး ထဲတောင် ထည့်မစဉ်းစားရဲတဲ့ ကိစ္စမဟုတ်လား။ ဒါပေမယ့် အမေ ကတော့ ဒီနေရာမှာအပြတ်ပဲ၊ ကျွန်မပြန်ပြောတာကို ဘာတစ်ခုမှ လက်မခံတော့ဘဲနဲ့ 'အီဗာ. . . အမေ့ကို ဘာမှပြန်ပြောမနေနဲ့။ အမေ့ စကားကို နားထောင်။ သမီးသွားဖို့သာ စီစဉ်' ဆိုပြီး တစ်ချက်လွှတ် အမိန့်ချတော့တာပါပဲ။

ဒါနဲ့ ကျွန်မလည်း ဖြစ်နိုင်ရင် ကျွန်မရဲ့မောင်ကလေး 'ယာကော့'ကို ကျွန်မနဲ့အတူ ခေါ်သွားဖို့အမေ့ကို ကျွန်မပြောကြည့်ပါသေးတယ်။ ဒါပေမယ့်အမေက ကျွန်မအစီအစဉ်ကို လုံးဝ သဘောမတူဘူး။ 'အဲဒီလိုခေါ်သွားရင် ညည်းတို့မောင်နှမ နှစ်ယောက်စလုံး အသတ်ခံရရုံပဲရှိမှာပေါ့'တဲ့။ တကယ်တော့ အမေဟာ ခေါင်းအေးအေးနဲ့ ရှေ့နောက်မြော်မြင်စဉ်းစားတတ်တဲ့ အိမ်ရှင်မတစ်ယောက်ပါ။ ဟုတ်ပါတယ်။ ကျွန်မလိုမိန်းမပျိုလေး တစ်ယောက်တည်းဆိုရင် ဂျာမန်တွေကို ဖြီးလို့ဖြန်းလို့ရနိုင်ပါတယ်။



ဒါပေမယ့် ယောကျ်ားလေး တစ်ယောက်အနေနဲ့ဆိုရင်တော့ မလွယ်ပါဘူး။ တစ်နည်းနည်းနဲ့ မယုံသင်္ကာဖြစ်ပြီး ကျကျနန စစ်ဆေးကြည့်လိုက်ရင် ဒီကောင်လေးဟာ ဂျူးပဲဆိုတာ ပေါ်သွားမှာပါ။ အဲဒီကျရင် အမေပြောသလို သူ့ကြောင့် ကျွန်မရောသူပါ မောင်နှမနှစ်ယောက်စလုံး အသတ်ခံရ မှာ သေချာပါတယ်။ ဒါကြောင့် ကျွန်မဟာ ကျွန်မတစ်ယောက်တည်းပဲ သွားပါတော့ မယ် လို့ ဆုံးဖြတ်လိုက်ပါတယ်။

ဒါနဲ့ ကျွန်မအတွက် ဘယ်ပုံဘယ်နည်းနဲ့ ဘယ်ကိုသွားမလဲဆိုတာ ကျွန်မနဲ့အမေတို့ တိုးတိုးတိတ်တိတ်ကြိတ်ပြီး တိုင်ပင်ကြပါတယ်။ အဲဒီမှာ ကျွန်မကိုယ် ကျွန်မတစ်နည်းနည်းနဲ့ ရုပ်ဖျက်ပြီး စေ တနာ့ဝန်ထမ်းအလုပ် လုပ်ချင်ပါတယ်ဆိုတဲ့အနေနဲ့ အလုပ်သမား စုဆောင်းရေးဌာနတွေကတစ်ဆင့် ဂျာမနီပြည်ထဲထိအောင်သွားဖို့ စီစဉ်ကြပါတယ်။ ဒီလမ်း ဒီခရီးကို လူကြီးတွေ သက်ကြီးရွယ်အိုတွေအနေနဲ့ လုံးဝသွားလို့မဖြစ်ပါဘူး။ ခရီးကြမ်းသလောက် အန္တရာယ်လည်းများပါတယ်။ ဒါပေမယ့် ကျွန်မတို့လိုမိန်းမပျိုလေး တွေအနေနဲ့တော့ သွားမယ်ဆိုရင် ဖြစ်နိုင်ပါတယ်။

တကယ့်တကယ်ကျပြန်တော့ ကျွန်မအနေနဲ့ အပျိုအရွယ်ကလေးတစ်ယောက်တည်း ရန်သူ့နယ်ထဲထိအောင် စွန့်စွန့်စားစားသွားဖို့ဆိုတာ မလွယ်လှပါဘူး။ ဒါနဲ့ ကျွန်မလည်း ကျွန်မအကြံအစည် ကို အယ်လာနဲ့ ဖရက်ဒါတို့ကို ပြောကြည့်ပါတယ်။ ခက်တာက သူတို့ ညီအစ်မနှစ်ယောက်စလုံးက ကျွန်မထက်ပိုပြီး ကြောက်နေကြပါ တယ်။ သူတို့ပြောသလိုသာဆိုရင် ကျွန်မတို့တတွေ ဒီမြို့ကမထွက် ခင်မှာပဲ ဖမ်းမိသွားတော့မယ့်ပုံမျိုး ဖြစ်နေပါတယ်။ ပြီးတော့ အဲဒီလို ဖမ်းမိပြီး အသတ်ခံရမယ့်အတူတူ

သေရမယ့် အတူတူ ကိုယ့်အိမ်မှာပဲ ကိုယ့်မိသားစုနဲ့အတူနေပြီး အတူသေရတာက ကောင်းသေးတယ် ဆိုတဲ့သဘောမျိုးဖြစ်နေကြပါတယ်။

ဒါပေမယ့် အမေကတော့ ဒီကိစ္စမှာ ပြတ်သားပြီးသားပါ။ အမေက ပြောပါတယ်။ 'ဒီမယ် အီဗာ. . .၊ ငါ့သမီးဟာ ပထမဆုံး သွားရမှာပဲ။ အဲဒီလိုသွားလို့ အောင်အောင်မြင်မြင်နဲ့ လွတ်မြောက် သွားတယ်ဆိုရင် တခြားမိန်းကလေးတွေလည်း သမီးသွားသလို သမီးနောက်က လိုက်ကြမှာပဲ၊ ဒီလိုနဲ့သူတို့လည်း ဒီဂျာမန်ကောင် တွေရဲ့လက်ကလွတ်ပြီး ဘေးကင်းတဲ့ဆီရောက်သွားကြမှာပေါ့'တဲ့။

ဒီလိုနဲ့ ကျွန်မသွားဖို့ကိစ္စကို ယတိပြတ်ဆုံးဖြတ်ပြီးတဲ့နောက် လုပ်စရာရှိတာတွေကို ဖုတ်ပူမီးတိုက်လုပ်ကြရပါတယ်။ ပထမဆုံး လုပ်ရမယ့်အလုပ်က ကျွန်မကိုယ် ကျွန်မဘယ်လို ရုပ်ဖျက်မလဲ၊ ဘယ်သူဘယ်ဝါအနေနဲ့ ဘယ်လိုဟန်ဆောင်ပြီး သွားမလဲဆိုတဲ့ကိစ္စပါပဲ။ အဲဒီတော့ ပိုလန်အမျိုးသမီးတစ်ယောက် အနေနဲ့ ရုပ်ဖျက်သွားမလား၊ တကယ်ကတော့ ပိုလန်အမျိုးသမီးတွေဟာ ကျွန်မတို့ ဂျူးအမျိုးသမီးတွေထက် ပိုပြီးမျက်နှာသွယ်တတ် ကြပါတယ်။ ပြီးတော့ အသားလည်း နည်းနည်းပိုပြီးညိုသလိုလို ရှိတတ်ကြပါတယ်။ အဲဒီတော့ ကျွန်မလို မျက်နှာဝိုင်းဝိုင်းနဲ့ ပါး ကလေးတွေ နီနီရဲရဲဆိုရင် ယူကရိန်းအမျိုးသမီးကလေးနဲ့ မတူ ဘူးလား။

'အေးဟဲ့. . .ဟုတ်တယ်. . .ဟုတ်တယ်၊ ယူကရိန်းမလေးနဲ့တူတယ်'လို့ အမေကဝမ်းသာအားရ ပြောရှာပါတယ်။



နောက်ပြီးတော့တစ်ခုရှိပါသေးတယ်၊ ပိုလန်မလေးလို ရုပ်ဖျက်သွားတာထက် ယူကရိန်းမလေးလို ရုပ်ဖျက်သွားတာက ပိုပြီး အဆင်ပြေနိုင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီအချိန်က ဂျာမန်တွေဟာ ပိုလန်နိုင်ငံကိုသိမ်းထားပြီး ပိုလန်လူမျိုးတွေအပေါ်မှာ ဗိုလ်ကျနေတဲ့အချိန်၊ ဒါကိုပိုလန်တွေကလည်း မနိုင်လို့ သည်းခံနေရပေမယ့် စိတ်ထဲက မခံမကျေဖြစ်နေကြရတဲ့အချိန်ပါ။ လွယ်လွယ်ပြောရရင် ဒီအချိန်က ပိုလန်နဲ့ ဂျာမန်ဟာ 'တစောင်းစေးနဲ့ မျက်ချေး'ဆိုတာမျိုးပေါ့ရှင်၊ ဒါပေမယ့် အခုပိုလန်ပြည်ထဲက ကျွန်မတို့နေတဲ့ဒေသမှာ ယူကရိန်းအဆက်အနွယ်တွေများတယ်။ အဲဒီ ယူကရိန်းလူမျိုးတွေဟာ ပိုလန်တွေရဲ့အုပ်စိုးမှုကို တစ်လျှောက် လုံး ခံလာခဲ့ရတော့ ပိုလန်နဲ့ ယူကရိန်းကလည်း ရန်သူ လို ဖြစ် နေကြတယ်။ အဲဒီလို ယူကရိန်းတွေဟာ ပိုလန်တွေကို အမုန်းကြီး မုန်းနေကြတာကို ဂျာမန်တွေက ကောင်းကောင်းကြီး သိထား ကြတော့ ဒီကိစ္စမှာ ပိုလန်တွေကို မုန်းတဲ့နေရာမှာပေါ့ရှင်၊ ယူကရိန်းနဲ့ ဂျာမန်တွေဟာ အလိုလိုမဟာမိတ်ဖြစ်သွားကြတာပါပဲ၊ ဒါ့ကြောင့် ဂျာမန်တွေဟာ ပိုလန်တွေကို မျက်နှာကြော မတည့်သလောက် ယူကရိန်းတွေကျတော့ တော်တော်လေး မျက်နှာသာပေးတဲ့ သဘော တွေရှိနေပါတယ်။

အဲဒါ အဲဒါတွေကြောင့် ကျွန်မဟာ ယူကရိန်းအမျိုးသမီးလေးတစ်ယောက်လို ရုပ်ဖျက်သွားတာ အကောင်းဆုံးပဲလို့ သတ်မှတ်လိုက်ကြပါတယ်။ ဟုတ်ပါတယ်။ ယူကရိန်းမလေးပါပဲ။

ဒီလိုနဲ့ ဒီကိစ္စကတော့ ပြတ်သွားပါပြီ။

နောက်ကိစ္စတစ်ခုက အမျိုးသားမှတ်ပုံတင်ကဒ်ပြားတို့ မွေးစာရင်းတို့ဆိုတဲ့ အထောက်အထားတွေပါပဲ၊ ဒါတွေအတွက် အဖက်ဖက်က ပြည့်စုံအောင် ကူညီတဲ့သူကတော့ ကျွန်မရဲ့ကျောင်းနေဖက်သူငယ်ချင်း 'ရာချယ်'ပါပဲ။ ကျောင်းမှာတုန်းကဆိုရင် ကျွန်မတို့တတွေဟာ 'ရာချယ်'ကို ခပ်တုံးတုံးပဲလို့ သဘောထားခဲ့ ကြပါတယ်။ ရုရှားတပ်တွေဝင်လာကြတော့ အဲဒီကျွန်မသူငယ်ချင်း ရာချယ်ဟာ ရုရှားအာဏာပိုင်တွေရဲ့ အုပ်ချုပ်ရေးဌာနတစ်ခုမှာ အလုပ်ဝင်လုပ်ခဲ့ဖူးပါတယ်။ တကယ်တော့ ရာချယ်ဟာ ကျောင်းတုန်းက ကျွန်မတို့ထင်သလောက် မတုံးဘူးဆိုတာ ခုမှပေါ်လာပါ တယ်။ ဘာဖြစ်လို့လည်းဆိုတော့ သူဟာ ရုရှားတွေရဲ့ အုပ်ချုပ်ရေးရုံးမှာ လုပ်ခဲ့တုန်းက မွေးစာရင်းစာရွက်အလွတ်တွေ၊ အမျိုးသား မှတ်ပုံတင်ကတ်ပြားအလွတ်တွေနဲ့ ရုံးသုံးတဲ့ တံဆိပ်တုံးတွေပါ သူက ခိုးထားလိုက်တာကိုး ရှင့်။ အခုတော့ အဲဒီစာရွက်တွေ၊ ကတ်ပြား တွေနဲ့ တံဆိပ်တုံးတွေဟာ ကျွန်မအတွက် အလုပ်ဖြစ်နေတော့တာပေါ့။

ဒါနဲ့ ကျွန်မတို့လည်း အမျိုးသားမှတ်ပုံတင် စာရင်းစာအုပ် ကြီးထဲက ယူကရိန်းအမျိုးသမီးတစ်ယောက်ရဲ့ နာမည်ကို ကျွန်မအတွက် ရွေးလိုက်ကြပါတယ်။ 'ကက်တာရီးနားလက်ဗီဇင်'တဲ့။ ကျွန်မတို့နေတဲ့ ဟာရီဘင်ကိုမြို့နဲ့ မလှမ်းမကမ်း 'ဝါချာရက်တာ' ဆို တဲ့ ရွာကလေးက အမျိုးသမီးတစ်ယောက်ရဲ့ နာမည်ပါပဲ၊ မှတ်ပုံတင် စာရင်းအရဆိုရင် အဲဒီကက်တာရီးနားရဲ့ အသက်ဟာ ကျွန်မထက် လေးနှစ်လောက်တော့ ကြီးနေပါတယ်။ ဒါပေမယ့် ဒါက အကြောင်း မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မအသက်ဟာ အခု (၁၈) နှစ်ဆိုပေမယ့် ကိုယ်လုံးကိုယ်ပေါက်က



ခပ်တောင့်တောင့် ခပ်ထွားထွားဆိုတော့ ကျွန်မကို (၂၂)နှစ် ဆိုရင်လည်း ယုံကြမှာပဲ။

ဒီလိုနဲ့ ကျွန်မတို့ဟာ ရုရှားတွေရှိတုန်းက သုံးခဲ့တဲ့ မှတ်ပုံတင်ကတ်ပြားပေါ်မှာ အဲဒီကက်တာရီးနားဆိုတဲ့ နာမည်နဲ့ သူ့မိဘနာမည်တွေ၊ မွေးတဲ့ခုနှစ်သက္ကရာဇ်နေ့စွဲတွေပါ အပြည့်အစုံကူးထည့်ပြီး တံဆိပ်တုံးရိုက်လိုက်ကြပါတယ်။ ဒီလိုနဲ့ကျွန်မဟာ အီဗာဆိုတဲ့နာမည် ပျောက်ပြီး ကက်တာရီးနားဆိုတဲ့ ယူကရိန်းမလေးဖြစ်သွားတော့တာပါပဲ။ အဲဒါပြီးတော့မှ အခုဂျာမန်စစ်တပ်က ထုတ်ပေးတဲ့ အလုပ်သမား မှတ်ပုံတင်ကတ်ပြားပေါ်မှာ ကက်တာ ရီးနားဆိုတဲ့ နာမည်နဲ့ တခြားလိုအပ်တာတွေကို ဖြည့်ရေးထည့်လိုက်ကြပါတယ်။

အဲ. . . အဲဒါတွေပြီးတဲ့နောက် ဘာလာရမလဲဆိုတော့ ကျွန်မရဲ့ ဇာတ်လမ်းပေါ့၊ ကျွန်မရဲ့ဇာတ်လမ်းဆိုတာက ကက်တာရီးနားရဲ့ဇာတ်လမ်းကို ပြောတာလေ။ ကက်တာရီးနားနဲ့ နောက်ကြောင်းရာဇဝင်ဘဝဖြစ်စဉ်ကို ဘယ်လိုလံကြုတ်ဇာတ်ခင်းရမလဲဆို တာ စဉ်းစားကြပါတယ်။ ဒီမှာလည်း မခဲယဉ်းပါဘူး။ အရေးကြီး တာက အဲဒီကက်တာရီးနားရဲ့ လံကြုတ်ဇာတ်ဟာ ဖြစ်ရိုးဖြစ်စဉ် သဘာဝကျကျ ယုတ္တိရှိရှိနဲ့ သူ့လိုကိုယ်လို ဇာတ်လမ်းမျိုးဖြစ်ဖို့ပါပဲ။

ဒါနဲ့ ပတ်သက်လို့ ပြောရဦးမယ်၊ ကျွန်မမှာ 'မေယာ'ဆိုတဲ့ ကျောင်းနေဖက် သူငယ်ချင်းတစ်ယောက်ရှိတယ်၊ ပိုလန်ကိုရုရှားတွေ ဝင်မသိမ်းခင်က အဲဒီမေယာဟာ သူ့မိဘတွေနဲ့ မြို့ကလေးတစ်မြို့ မှာ အတူနေရင်းက နောက်တော့ သူ့မိဘတွေနဲ့ခွဲပြီး လာဝိုးဆိုတဲ့ မြို့က မိန်းကလေးဘော်ဒါကျောင်းတစ်ကျောင်းမှာ

သွားနေရပါတယ်၊ အဲဒီ နောက်ပိုလန်ကို ရုရှားတွေဝင်သိမ်းတော့ သူ့မိဘတွေဟာ အဖမ်းခံရပြီး ဆိုက်ဘေးရီးယားကို အပို့ခံ လိုက်ရပါတယ်၊ ဒါနဲ့ မေယာလည်း ကျွန်မတို့နေတဲ့ ဟာရီဘင်ကို မြို့က သူ့အဘွားရှိရာကို ပြောင်းလာခဲ့ရပြီး အဲဒီအဘွားနဲ့ပဲ အတူနေခဲ့ရတာ အခုဂျာမန်တွေ ဝင်လာတဲ့အချိန်ထိပါပဲ။

အဲဒီလို မိဘနှစ်ပါးစလုံး ရုရှားတွေဖမ်းသွားလို့ နီးစပ်ရာဆွေမျိုးတွေနဲ့ လာနေကြရတဲ့ လူငယ်လူရွယ်တွေရဲ့ ဇာတ်လမ်းတွေကတော့ အများကြီးပါဘဲ၊ ဒါ့ကြောင့်မို့ ဒီလို ဇာတ်လမ်းမျိုးတွေဟာ ဂျာမန်တွေအတွက် အဆန်းမဟုတ်တော့ပါဘူး၊ ရိုးနေပါပြီ၊ ဒီအဖြစ်အပျက်မျိုးတွေဟာ ဖြစ်ရိုးဖြစ်စဉ်မို့ ဂျာမန်တွေအတွက် မယုံနိုင်စရာလဲ မရှိပါဘူး။

ဒါကြောင့် ကျွန်မကိုယ်ကျွန်မလည်း ဒီဇာတ်လမ်းမျိုးနဲ့ပဲ လုံးကြုပ်ဇာတ်လုပ်လိုက်ရပါတယ်။ ကက်တာရီးနားဆိုတဲ့ ကျွန်မရဲ့ မိဘနှစ်ပါးဟာ တောရွာကလေးတစ်ရွာမှာ ချောင်လည်တဲ့ လယ်သမားတွေ ဖြစ်ကြတယ်။ ဒါ့ကြောင့် ကျွန်မလည်း ကျောင်းနေချိန်ကျတော့ မြို့ကဘော်ဒါကျောင်းတစ်ကျောင်းမှာ သွားနေရတယ်။ အဲဒီလို ကျွန်မမိဘတွေနဲ့ခွဲပြီး ကျောင်းနေနေတုန်း ရုရှားတွေဝင်လာတယ်။ အဲဒီနောက် ကျွန်မ မိဘနှစ်ပါးစလုံးကို ရုရှားတွေက ဖမ်းပြီး ပြည်နှင်ဒဏ်ပေးလိုက်တယ်။ ဒါကြောင့်အခု ဂျာမန်တွေဝင်လာ တဲ့ အချိန်ကျတော့ ကျွန်မဟာ ခိုးကိုးရာမဲ့ဖြစ်ပြီး ဒုက္ခရောက်နေ တယ်။ ဟာရီဘင် ကိုမြို့မှာ အလုပ်အကိုင်တခုခုရဖို့ကလည်း မလွယ်ဘဲဖြစ်နေတယ်။ ဒါကြောင့် သင့်တော်တဲ့အလုပ်တစ်ခုခု လုပ်ဖို့ ဂျာမနီကို သွားမလို့ စီစဉ်ရပါတယ်ပေါ့ရှင်။



ကျွန်မရဲ့ လုံးကြုတ်ဇာတ်ကတော့ ဒါပါပဲ။ ဆန်းဆန်းပြားပြား မဟုတ်ပါဘူး။

ဒီလိုနဲ့ကျွန်မဟာ အီဗာဘဝကနေပြီး ကက်တာရီးနား ဘဝကို ရောက်ခဲ့ရပါပြီ။ အရှင်လတ်လတ်ဘဝပြောင်းခဲ့ရတယ် လို့ပဲ ဆိုပါတော့ရှင်။ ဒီနေရာမှာ ကျွန်မကိုယ်ကျွန်မ ယူကရိန်းမလေး တစ်ယောက်နဲ့ တူအောင် ရောင်စုံခြယ်ထားတဲ့ ဂါဝန်ဖားဖားကြီးနဲ့ လည်ဟိုက်အကျီလက်ပြတ်ဝတ်၊ ဆံပင်ဖားလျားချ၊ ခေါင်းမှာ လက်ကိုင်ပုဝါတစ်ထည်စီးပြီး လည်ပင်းမှာလည်း လက်ဝါးကပ်တိုင် ဆွဲကြိုးကလေး ဆွဲထားရုံပါပဲ။ ဒါပေမယ့် ဒါနဲ့မပြီးသေးပါဘူး။ အရေးအကြီးဆုံးက ကျွန်မကိုယ်ကျွန်မ တကယ့်ယူကရိန်းမလေး တစ်ယောက်လို့ ကျွန်မ စိတ်ထဲကမှတ်ယူထားဖို့ပါပဲ၊ 'ကျွန်မကိုယ် ကျွန်မယူကရိန်းမလေးနဲ့ တူအောင် ရုပ်ဖျက်ထားတာ မဟုတ်ဘူး။ တကယ့်ယူကရိန်းမလေး အစစ်ဖြစ်နေပြီလို့' ကိုယ့်ကိုယ်ကို တစ်ခါတည်းအောက်မေ့ထားလိုက်ရပါတယ်။ ဒီလိုမှ မဟုတ်ဘဲ ကျွန်မကိုယ်ကျွန်မ ကက်တာရီးနားဟန်ဆောင်နေရတဲ့ အီဗာပဲလို့ သဘောထားနေမယ်ဆိုရင်တော့ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ဂျောက်ကျမှာ သေချာနေပါတယ်။

အမေကလည်း ကျွန်မကိုခြေဆုံးခေါင်းဆုံးကြည့်ပြီးပြောပါတယ်။ 'ညည်းကိုညည်း အီဗာမဟုတ်တော့ဘူးလို့ စိတ်ထဲက ယတိပြတ်မှတ်ထားဖို့လိုတယ်။ အဲဒီတော့ အမေတို့နဲ့ ပတ်သက်ပြီးခေါင်းထဲမှာ ဘာတစ်ခုမှ စဉ်းစားမနေနဲ့ ကြားလား . . . ။ တကယ်တော့ ဒီစစ်ကြီးဟာ ဘယ်တော့ပြီးမယ်၊ စစ်ကြီးပြီးရင် ကမ္ဘာကြီးဟာ ဘယ်လိုနေမယ်ဆိုတာ ဘယ်သူပြောနိုင်မှာလဲ သမီးရယ်' . . . တဲ့။

အဲဒီလိုပြောနေတုန်း အိမ်ရှေ့တံခါးခေါက်သံကြားလိုက်ရပါတယ်။ တံခါးဖွင့်လိုက်တော့ ဓာတ်ပုံဆရာကို ကင်မရာတစ်လုံးနဲ့ အတူတွေ့ရပါတယ်။ ကျွန်မကိုဓာတ်ပုံရိုက်ဖို့ ခေါ်ထားလို့ ရောက်လာတာပါ။ ဒါပေမယ့် သူကိုယ်တိုင်က ကျွန်မကို မမှတ်မိ ဘဲဖြစ်နေလို့ ဝိုင်းရယ်ကြရပါသေးတယ်။ ဒီလိုဆိုတော့ ကျွန်မဇာတ်လမ်းက ဘယ်ဆိုးလို့လဲ။ ပွဲဦးထွက်မှာ အောင်မြင်တယ်လို့ပဲ ဆိုရမှာပေါ့။ ဒါနဲ့ ဓာတ်ပုံဆရာလည်း ကျွန်မကိုဓာတ်ပုံရိုက်ပြီး ကမန်းကတန်း ပြန်သွားပါတယ်။ နောက် တစ်နာရီလောက်နေတော့ ကျွန်မရဲ့ ဓာတ်ပုံ အဲ. . . ကက်တာရီးနားရဲ့ ဓာတ် ပုံ ပါလာပါတယ်။ ဒါနဲ့ ကျွန်မနဲ့ ရာချယ်တို့က အဲဒီဓာတ်ပုံကို ရုရှားတပ်တွေက ထုတ်ပေးထားခဲ့တဲ့ အမျိုးသား မှတ်ပုံတင်ကဒ်ပြားပေါ်မှာ ကော်နဲ့ ကပ်ပြီး ရုံးတံဆိပ်ကို ဓာတ်ပုံပေါ်မှာ တစ်ခြမ်းထင်အောင်နှိပ်လိုက် ကြပါတယ်။ ကျွန်မဟာ ကက်တာရီးနား၊ ကက်တာရီးနားဟာ ကျွန်မဖြစ်သွားပြီပေါ့ရှင်။

ဒါနဲ့ အဲဒီနေ့ညက ကိစ္စတွေအားလုံးပြီးတဲ့နောက်ကျွန်မ ဟာ ကျွန်မအစ်မတူဘာရဲ့ သူငယ်ချင်း 'အက်စ်သာ'တို့ အိမ်ဘက်ကို နှုတ်ဆက်ရအောင် ထွက်လာခဲ့ပါတယ်။ အိမ်မှာ အက်စ်သာနဲ့ အဆင်သင့်တွေ့ရပြီး ပထမတော့ ဟိုအကြောင်း သည်အကြောင်း အလွှာပသလွှာပပြောနေမိကြပါတယ်။ ဒါပေမယ့် ကျွန်မတို့ နှစ်ယောက်စလုံးဟာ ကျွန်မအစ်မ တူဘာအကြောင်းကို စကားမစပ်မိအောင် သတိထားပြီး ပြောနေမိကြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဂျာမန်တွေဆွဲသွားလို့ အခုအချိန်မှာ ဘယ်ရောက်လို့ ဘာဖြစ်မှန်းမသိရတဲ့ တူဘာအကြောင်းကို ပြောမိကြမယ်ဆိုရင် နှစ်ယောက်စလုံး စိတ်မကောင်းဖြစ်မိကြမှာပါပဲ။



ဒါကို တစ်ယောက်နဲ့တစ်ယောက် ဖွင့်မပြောဘဲ အပြန်အလှန် စိတ်ထဲက အလိုလိုသိနေကြပါတယ်။

ဒါပေမဲ့ ကျွန်မအနေနဲ့ လာရင်းကိစ္စကို မပြောလို့မဖြစ်တာနဲ့ နောက်ဆုံးကျတော့ ကျွန်မဟာ လောလောဆယ် တစ်နေရာရာကို ထွက်သွားဖို့ စီစဉ်ထားတဲ့အကြောင်း အက်စ်သာကို ပြောလိုက်ပါတယ်။ အဲဒီလိုလဲပြောလိုက်ရော တိုက်တိုက်ဆိုင်ဆိုင် အက်စ်သာကလဲ ကျွန်မကို ပြန်ပြောပါတယ်။ 'အေးဟယ်.... ငါလဲ အဲသလို တခြားတစ်နေရာကို ထွက်သွားဖို့ စဉ်းစားနေတာဘဲ ဒီဗာရယ်၊ ဒါပေမဲ့ ငါတစ်ယောက်ထဲသွားဖို့ကျတော့လဲ မသွားရဲဘူး၊ ပြီးတော့ အမေတို့အဖေတို့ကလဲ ငါ့ကို သွားခွင့်ပြုမှာ မှုတ်ဖူး' တဲ့....

'အက်စ်သာ၊ ဒီလိုဆိုရင် ငါနဲ့အတူ လိုက်ခဲ့ပါလား....ဟင်'

ကျွန်မဟာ ရုတ်တရက် အက်စ်သာကို အဲသလို မေးလိုက်ပြီး သူ့မျက်နှာကို စိုက်ကြည့်မိလိုက်ပါတယ်။ သူ့မျက်နှာပေါ်မှာ ကျွန်မနဲ့အတူ လိုက်ချင်တဲ့ အရိပ်အယောင်မျိုး တွေ့လိုက်ရတော့ ကျွန်မဖြင့် သိပ်ဝမ်းသာသွားတာဘဲရှင်....စောစောက ကျွန်မစိတ်ထဲမှာ မရွံ့မရဲနဲ့ ကြောက်ကြောက်ရွံ့ရွံ့ဖြစ်နေတဲ့စိတ်ဟာ တဝက်လောက် လျော့သွားသလို ထင်လိုက်မိပါတယ်။ ဟုတ်တယ်လေ.... ကျွန်မတစ်ယောက်ထဲ မဟုတ်ဘဲ၊ အဖေါ်နဲ့ အတူတူ နှစ်ယောက်သွားရမယ်ဆိုတော့ သိပ်ကြောက်စရာမရှိတော့ဘူး မှုတ်လား။

'ကဲ....ဒို့နှစ်ယောက် အတူသွားကြတာတော့ ဟုတ်ပါပြီ။ ဟရီဘင်ကိုမြို့က ဒို့ဘယ်လိုလုပ်ပြီး ထွက်ကြမလဲ' လို့ အက်စ်သာက ကျွန်မကို မေးလိုက်ပါတယ်။ ပြီးတော့ သူက ပြောပါသေးတယ်၊ 'နင့်အိမ်ကနေ ဘူတာရုံတန်းသွားပြီး ရထားပေါ် တက်လိုက်သွားလို့ ဖြစ်မှာမဟုတ်ဘူး။ ဘာလို့လဲဆိုတော့ နင့်ကို တစ်မြို့လုံးက

သိနေကြတာ' တဲ့။

ဒါနဲ့ ကျွန်မက ပြန်ပြောလိုက်ရတယ်. . .'ငါက ဟရီဘင်ကို ဘူတာကနေ ရထားဘယ်စီးမလဲ၊ 'ဇီလိုနာ' ဘူတာကနေ စီးမှာပေါ့'

ဟုတ်ပါတယ်၊ ဟရီဘင်ကိုဘူတာကနေ ရထားစီးလို့ မဖြစ်ပါဘူး။ အက်စ်သာပြောသလို ကျွန်မကို တစ်မြို့လုံးက သိနေကြတော့ ဟရီဘင်ကိုဘူတာနဲ့ ခြောက်မိုင်လောက်ဝေးတဲ့ ဇီလိုနာဆိုတဲ့ ဘူတာရုံကလေးက ရထားစီးဖို့ ကျွန်မ စီစဉ်ထားပြီးသားပါ။

'ဒီလိုဆို အဝတ်အစားထည့်တဲ့ သားရေသေတ္တာကို ဆွဲပြီး ဟရီဘင်ကိုမြို့ထဲက ဖြတ်သွားလို့ ဖြစ်ပါ့မလား' တဲ့။ ဟုတ်ပါတယ်။ ကျွန်မလဲ အက်စ်သာပြောမှ အဲဒီကိစ္စကို စဉ်းစားမိပါတယ်။ ကျွန်မတို့ဟာ အဲသလိုသားရေသေတ္တာတွေ လက်ကဆွဲပြီး ဟရီဘင်ကို မြို့ထဲဖြတ်သွားကြမယ်ဆိုရင် လမ်းမှာ တွေ့တဲ့ဂျာမန်တွေက မုချမသင်္ကာဖြစ်ကြမှာပါဘဲ။'

ဒါနဲ့ ကျွန်မလဲ ဘာပြန်ပြောရမှန်း မသိဘဲ ဖြစ်နေတုန်း အက်စ်သာက 'ကဲ. . . ဒီလိုလုပ်၊ ဒို့သေတ္တာတွေကို သယ်ပေးဖို့ အန်တက်ကို ငါပြောမယ်' လို့ ပြောလိုက်ပါတယ်။

အဲဒီအန်တက်ဆိုတာက အရင် အက်စ်သာ အလုပ်လုပ်ခဲ့တဲ့ စာတိုက်က ဒါရဝမ်အဖိုးကြီးပါ။ သူဟာ အက်စ်သာကို သူ့သမီးအရင်းလို ချစ်နေတာမို့ အက်စ်သာခိုင်းရင် ဘာမဆို လုပ်ပေးလိမ့်မယ်ဆိုတာ ကျွန်မယုံပါတယ်။

ဒါနဲ့ ကျွန်မတို့လဲ အက်စ်သာတို့ အိမ်သားတွေကို ချက်ခြင်း



ခေါ်ပြီး ဒီအကြောင်းကို ပြောပြကြပါတယ်။ အက်စ်သာမှာ ညီမငယ်နှစ်ယောက်နဲ့ အစ်ကိုကြီးတစ်ယောက်လည်း ရှိပါတယ်။ အံ့ဩစရာ ကောင်းတာက၊ အထူးသဖြင့် ကျွန်မအတွက် ကံကောင်းဖို့ဖြစ်လာတာဟာ အက်စ်သာရဲ့ မိဘတွေနဲ့ သူ့အိမ်သားတွေအားလုံးက ကျွန်မတို့ရဲ့ အစီအစဉ်ကို မမျှော်လင့်ဘဲ သဘောတူလိုက်ကြပါတယ်။ စောစောက အက်စ်သာထင်သလို သူ့မိဘတွေက မကန့်ကွက်တဲ့အပြင်၊ အရွယ်ရောက်လို့ လူလားမြောက်နေတဲ့ သူ့တို့သမီး အက်စ်သာကို ဂျာမန်တွေ အဖမ်းမခံရအောင် အခုလိုတခြား ထွက်သွားတာ အကောင်းဆုံးပဲဆိုတာ သဘောပေါက်နေကြပါတယ်။

ဒါပေမဲ့ အခုလို ဖြုံးစားကြီး ဒီနေ့ဘဲ စီစဉ်ပြီး မနက်ဖြန်သွားမယ့်အစား တစ်ရက် နှစ်ရက်လောက်ဆိုင်းရင် မကောင်းဘူးလားလို့ အက်စ်သာရဲ့ မိဘတွေက ပြောလာကြပါတယ်။ ဒါပေမဲ့ ကျွန်မအနေနဲ့ ဂျာမန်တွေရဲ့ ရန်က၊ မမျှော်လင့်ဘဲ မနက်ဖြန်သဘက်ဆိုတာမျိုး ဖြစ်လာနိုင်တာမို့ အမြန်ဆုံး ထွက်သွားတာဟာဘေးအကင်းဆုံးဘဲဆိုတာ သူ့တို့ နားလည်အောင် ရှင်းပြပါတယ်။ ဟုတ်တယ်လေ။ အခြေအနေက 'ဒီနေ့လား နက်ဖြန်လား' ဆိုတာမျိုး ဖြစ်နေတယ်မို့လား။

ဒါနဲ့ နောက်ဆုံးတော့ ကျွန်မအစီအစဉ်အတိုင်း မနက်ဖြန်ဘဲ ဒီမြို့က ကျွန်မတို့ နှစ်ယောက်စလုံး ထွက်သွားကြဖို့ အားလုံးသဘောတူလိုက်ကြပါတယ်။ ဒါတောင် အက်စ်သာ အတွက် မှတ်ပုံတင် အတုတို့ မွေးစာရင်း အတုတို့ကို မနက်ဖြန် မနက်ပိုင်းမှာ အပြီးလုပ်ဖို့ ကိစ္စရှိနေပါတယ်။ ဒါအတွက်ကတော့ အက်စ်

သာရဲ့ အစ်ကိုကြီးက ' ဒါတွေဖြစ်အောင် ငါလုပ်ပေးမယ် မပူနဲ့' လို့ ပြောပါတယ်။ ကျွန်မကလဲ ကျွန်မသူငယ်ချင်း ရာချယ် အားကိုးနဲ့ 'ကျွန်မလဲ အတတ်နိုင်ဆုံး ကူညီပါမယ်' လို့ ပြောလိုက်ပါတယ်။

ဒီလိုနဲ့ နောက်တစ်နေ့ညနေ ကျွန်မတို့သွားရမယ့်အချိန် ရောက်လာပါတယ်။ ကျွန်မဟာ ယူကရိန်းမလေး ကက်တာရီနာလို ရုပ်ဖျက်ပြီး အဆင့်သင့် ဖြစ်နေပါပြီ။

အဲဒီအချိန်မှာ အဖေဟာ ဧည့်ခန်းထဲက ဆိုဖာကြီးပေါ်မှာ ခြေပစ်လက်ပစ် ထိုင်နေပါတယ်။ ဟုတ်ပါတယ်။ အဖေဟာ သူ့သမီးကြီး တူဘာကို ဂျာမန်တွေ ဖမ်းသွားပြီးတဲ့ လွန်ခဲ့တဲ့ နှစ်ပတ်လောက်ကထဲက အိမ်ထဲက အိမ်ပြင် မထွက်တော့ပါဘူး။ အိပ်ချိန်နဲ့ စားချိန်ကလွဲလို့ အဲဒီ ဆိုဖာကြီးပေါ်မှာဘဲ ခွေနေတာက များပါတယ်။ တကယ်ကတော့ အိပ်ချိန် စားချိန်မှာလဲ အဖေဟာ မအိပ်နိုင် မစားနိုင် ဖြစ်နေခဲ့ရှာပါတယ်။ နောက်ဆုံး ဂျာမန်တွေရဲ့ အမိန့်အရ မြို့ပေါ်က ယောက်ကျားတွေ ချွေးတပ်သဘောမျိုးနဲ့ အလုပ်ကြမ်းလုပ်ဖို့ မြို့လယ်ခေါင်က ပန်းခြံထဲ မနက်တိုင်း သွားပြီးတန်းစီ စာရင်းပေးရတာတွေကိုတောင် တူဘာ အဖမ်းခံရပြီးတဲ့ နောက်တစ်နေ့ကစပြီး အဖေ မသွားတော့ပါဘူး။ 'မထူးတော့ဘူး၊ ငါ့ကိုလဲ လာဖမ်းချင် ဖမ်းပစေတော့' လို့ ပြောပြီး အိမ်ထဲမှာဘဲ နေခဲ့ပါတယ်။

ကျွန်မဟာ အဖေထိုင်နေတဲ့ ဆိုဖာနားသွားပြီး အဖေ့ကို နှုတ်ဆက်ပါတယ်။

"အဖေ၊ ကျွန်မသွားတော့မယ်"

အဖေဟာ ကျွန်မကို ချက်ခြင်း လှမ်းမကြည့်ဘဲ ကြမ်းပြင်ကိုဘဲ



တွေတွေကြီး ငိုင်ကြည့်နေပါတယ်။ ခဏကြာမှ ဆိုဖာပေါ်ကနေ ကျွန်မမျက်နှာကို တစ်ချက်မော့ကြည့်ပြီး 'အေး အေး၊ သွားတော့သမီး သွားတော့။ တစ်နေ့ကျရင် သမီး ဒီအိမ် ပြန်ရောက်ချင် ရောက်လာအုံးမှာပါ' လို့ပြောပြီး ချက်ခြင်း မျက်နှာလွှဲပစ်လိုက်ပါတယ်။

အဲဒီအချိန်မှာပဲ ကျွန်မမောင်လေးဟာ ကျွန်မရဲ့ ပုခုံးနှစ်ဖက်ကို ကိုင်ပြီး 'မမ. . .၊ သွားတော့နော်' လို့ ပြောရင်း ကျွန်မရဲ့ ညာဘက်ပါးကို နမ်းပြီး တကယ့် လူကြီးတစ်ယောက်လို နှုတ်ဆက်ရှာပါတယ်။ ကျွန်မလည်း ယာကော့ရဲ့ နဖူးကို အသာဖွဖွလေး နမ်းလိုက်ပြီး 'မောင်လေး၊ အိမ်မှာ ကောင်းကောင်းနေနော်' လို့ ပြန်ပြောလိုက်ပါတယ်။ ကျွန်မဟာ အသံကိုနှိမ့်ပြီး တိုးတိုးကလေး ပြောလိုက်တာပါဘဲ။ ဒါပေမဲ့ ကျွန်မထင်တာထက် အသံက ပိုနိမ့်နေပြီး ကျွန်မအသံဟာ အားပြတ်နေတဲ့ လူမမာတစ်ယောက်လို လေသံလောက်ဘဲ ထွက်လာပါတယ်။

နောက်ပြီးတော့ အမေ့ အလှည့်ပါဘဲ။

အမေကတော့ မိန်းမချင်းလဲဖြစ်ပြန်၊ အမေနဲ့ သမီးလည်း ဖြစ်ပြန်ဆိုတော့ ကျွန်မမှာ ပါးစပ်က ဘာတစ်ခုမှ မပြောနိုင်ဘဲ အသည်းနှလုံးချင်း စကားပြောသလိုဘဲ ခံစားရခဲ့ပါတယ်။ ဒီနေရာမှာ အမေက ကျွန်မထက် ပိုပြီး အတွေ့အကြုံလည်းများ၊ စိတ်ဓာတ်လည်း ပြင်းထန်တဲ့အတွက် စိတ်ထဲက ဘယ်လောက်ပဲ ခံစားနေရပေမဲ့ ကျွန်မကို ပြောစရာ မှာစရာတွေတော့ ပြောနိုင် မှာနိုင်ပါတယ်။

'သမီး အီတာ၊ အမေတို့ သမီးတို့ ဘဝဟာ ရွှေ့လျော့ဘာတွေဖြစ်လို့ ဘယ်လိုနေမယ်ဆိုတာ ဘယ်သူမှ မပြောနိုင်ဘူး၊ ဒီစစ်ကြီး ပြီးတဲ့တစ်နေ့ကျရင် အမေတို့ မိသားစုထဲက

သမီးတစ်ယောက်ဘဲ အသက်မသေဘဲ ကျန်ချင် ကျန်နေမှာ။ အဲဒီတော့ တကယ်လို့ သမီးသာ အသက်မသေဘဲ ကျန်နေအုံးမယ်ဆိုရင် သမီးတွေ့ကြုံခဲ့သမျှ ဖြစ်ခဲ့ ပျက်ခဲ့သမျှ အားလုံးကိုစာနဲ့ ရေးပြီး မှတ်တမ်းတင်ဖို့ မမေ့နဲ့ ကြားလားသမီး။ ဒီစစ်ကြီးအတွင်းမှာ သမီးဘယ်လို နေခဲ့ ထိုင်ခဲ့ရတယ်၊ အမေတို့ မိသားစုတွေ ဘယ်လို ဒုက္ခသုက္ခတွေနဲ့ ကြုံတွေ့ခဲ့ရတယ် ဆိုတာ အားလုံး တစ်ခုမကျန် အသေးစိတ် ပြန်ရေးရမယ်နော် သမီး။ ကဲ. . . ကဲ. . . ငါ့သမီး သွားလေရာ ခလုတ်မထိ ဆူးမငြိဘဲ လိုရာဆန္ဒ တစ်လုံးတစ်ဝထဲ ပြည့်စုံပါစေ'

အမေဟာ ကျွန်မပါးနှစ်ဖက်ကို ဘယ်ပြန်ညာပြန် ယုယုယယ နမ်းရှုပ်နေရာက ရုတ်တရက် လွှချင်းခွာလိုက်ပြီး ကျွန်မ လက်မောင်းနှစ်ဖက်ကို ခပ်တင်းတင်းကလေး ဆုပ်လိုက်ပါတယ်။

ကျွန်မလည်း ကျွန်မပါးပေါ် စီးကျစပြုံနေတဲ့ ကျွန်မမျက်ရည်နဲ့ အမေ့မျက်ရည်တွေကို လက်ဖမိုးနဲ့ တစ်ချက်သုပ်လိုက်ရင်း အားတင်းပြီး နောက်ကို လှည့်လိုက်ပါတယ်။

ဟုတ်ပါတယ်။ ကျွန်မဟာ လုံးဝ ပြန်လှည့်မကြည့်တော့ဘဲ ဒီအိမ်နဲ့ ဒီမိသားစုကို ကျောခိုင်း ထွက်လာခဲ့ပါပြီ။ ဒီအချိန်ကလေးမှာဘဲ အီဗာဆိုတဲ့ ကျွန်မရဲ့ဘဝဟာ နိဂုံးချုပ်ခဲ့ပြီး ကတ်တာရီးနားဆိုတဲ့ ကျွန်ကရဲ့ဘဝသစ်ဟာ စခဲ့ပြီလို့ သိလိုက်ရပါတယ်။ တစ်နည်းပြောရရင် ကျွန်မဟာ အသက်မသေဘဲ အရှင်လတ်လတ် ဘဝပြောင်းခဲ့ရပြီပေါ့ရှင်. . . ။



## မီးရထားပေါ်မှ ယူကရိန်းမလေးနှစ်ယောက်

ကျွန်မဟာ ဘယ်ကိုမှမကြည့်ဘဲ ခေါင်းငုံ့ပြီး လျှောက်လာခဲ့ပါတယ်။ အဲသလို ခေါင်းငုံ့ပြီး လျှောက်လာပေမဲ့ ကျွန်မကိုယ် ကျွန်မ အခု ဘယ်အိမ်ရှေ့ ရောက်နေပြီ၊ ရှေ့နားမှာ ဘယ်သူ့အိမ်ရှိတယ်။ ဘယ်နေရာကျရင် လမ်းဘေး အမှိုက်ပုံကြီးတစ်ခု တွေ့ရလိမ့်မယ် ဆိုတာတွေအားလုံး သိနေပါတယ်။

ဒါတွေကို မသိဘဲ နေပါ့မလားရှင်၊ ကျွန်မဟာ ဒီမြို့မှာဘဲ မွေးပြီး ဒီလမ်းတွေပေါ်မှာဘဲ ပြေးရင်းလွှားရင်း ဆော့ရင်း ကစားရင်းနဲ့ ကြီးလာခဲ့ရတာပဲဟာ၊ ဒီမြို့မှာရှိတဲ့ လမ်းတွေမှန်သမျှ ကျွန်မ အကုန်လုံး မှတ်မိနေတာပေါ့။

ဒါပေမဲ့ ဒီနေ့ ကျွန်ကအတွက် ထူးခြားတာကတော့ ခါတိုင်းဆိုရင် အခုလို ကျွန်မ မြို့ထဲလျှောက်လာတာကို မြင်ရ တွေ့ရတဲ့

လူတိုင်းက ကျွန်မကို လှမ်းနှုတ်ဆက်ကြတယ်၊ လှမ်းခေါ်ကြတယ်။ တချို့ဆိုရင် လမ်းမှာဘဲရပ်ပြီးကျမကို ဟိုအကြောင်း ဒီအကြောင်း မေးကြမြန်းကြပါတယ်။ ကျမဆိုတဲ့ကျွန်မကလဲ ဟိုနေရာစပ်စပ် ဒီနေရာစပ်စပ်နဲ့ နေရာတကာရောက်တတ်ပြီး ဟိုသတင်း ဒီသတင်း တွေကို ကြားတတ်တယ်ဆိုတာ သိနေကြတော့ အခုလို ကျမကို မြို့ထဲမှာ တွေ့ကြတာနဲ့ တစ်ပြိုင်နက် ဟိုသတင်း ဒီသတင်း ဟိုအကြောင်း ဒီအကြောင်း သောင်းပြောင်းထွေလာ မေးကြတော့ တာပါဘဲ။

'အီဗာ နောက်တကြိမ် ဂျူးတွေကိုဖမ်းဘို့ စီစဉ်နေပြီဆိုတာ ဟုတ်လား'

'ဒီမယ် ဂျာမန်တွေက ဂျူးလူမျိုး ခုနှစ်ထောင်ကို လာပိုးမြို့က အားကစားရုံကြီးထဲမှာ အစုလိုက် အပြုံလိုက် စက်သေနတ်တွေနဲ့ ပစ်သတ်လိုက်တယ်လို့ ကြားရတယ်။ အဲဒါအမှန်ဘဲလား အီဗာ'

'ဟော့ အီဗာ၊ ဘဲလ်ဇက်မြို့ကို မီးရထားတွဲတွေနဲ့ တင်ခေါ်သွားတဲ့ ဂျူးတွေအကုန် အသက်ခံရတယ်ဆိုတာ တကယ်ဘဲလား။ အဲဒါနဲ့ပတ်သက်ပြီး မင်း ဘာမှ မကြားဘူးလား'

အဲသလို သတင်းမျိုးတွေပေါ့ရှင်။ ကျမကို လမ်းမှာမတွေ့လိုက်နဲ့ တွေ့လိုက်ရင် ဟိုလူကမေး ဒီလူကမေးနဲ့ မေးခွန်းပေါင်းသောင်းခြောက်ထောင် မေးကြတော့တာပါဘဲ။

ဒါပေမယ့် ဒီနေ့ကျတော့ ကျမကို ဘယ်သူကမှလဲလှမ်းမခေါ်ဘူး၊ ဘာမေးခွန်းမှ မေးမယ့်လူလဲ မရှိဘူး။ ကျမ ခေါင်းငုံ့ပြီး လျှောက်လာခဲ့တာ အိမ်နဲ့ တော်တော်လေးဝေးလာပြီ၊ ဘယ်သူကမှ ကျမကို လှမ်းနှုတ်မဆက်ကြဘူး။ ဟုတ်တော့ဟုတ်ပါတယ်။



အဲသလို ကျမ ခေါင်းငုံ့လျှောက်လာတဲ့အချိန်မှာ လမ်းပေါ်မှာ လူနဲ့နဲ့ပါးပါးဘဲ တွေ့ရပါတယ်။ ဒါပေမယ့် အဲဒီလူတွေကိုယ်တိုင်က ကျမကို လှည့်တောင် မကြည့်ကြဘူး။ ခါတိုင်းဆိုရင် ဘယ် ဒီလိုနေမလဲရှင် ကျမကို တွေ့တဲ့ မြင်တဲ့လူတိုင်းလိုလို အဝေးကြီးက လှမ်းအော်ပြီး နှုတ်ဆက်ကြတာဘဲ။

ဒါနဲ့ဒီလိုလျှောက်လာရင်း ဖြူးဆို မစ္စတာတစ်ရှုလာဆိုတဲ့ လူကြီးတစ်ယောက်နဲ့ မျက်နှာချင်းဆိုင် ပက်ပင်းလာတွေ့တော့တာပါဘဲ။ အဲဒီ မစ္စတာ တစ်ရှုလာဆိုတဲ့ လူကြီးဟာ ကျမတို့ ဂျူးတွေနေတဲ့ရပ်ကွက်မှာ ရပ်ကွက်လူကြီးတယောက်ရှင့်၊ ကျမ အမေနဲ့လဲ သိပ်ခင်တယ်။ ကျမကိုလဲ သူကောင်းကောင်း သိတာပေါ့။ ကျမတို့အိမ်ကို မကြာခဏ ဝင်ထွက်နေတာဘဲဟာ မသိဘဲ ဘယ်နေပါ့မလဲ၊ ဒါပေမယ့် အံ့ဩဘို့ကောင်းတာက အဲဒီလူကြီးကိုယ်တိုင်က ကျမကို မြင်ရက်သားနဲ့ နှုတ်မဆက်ဘဲ ခပ်တည်တည် မျက်နှာချင်းဆိုင် ဖြတ်ပြီး လျှောက်သွားတာ တွေ့ရပါတယ်။ အဲဒီတော့ ကျမအနေနဲ့ အံ့ဩလို့ မဆုံးအောင် ဖြစ်ရတာပေါ့ ရှင်။ ဒီလူကြီးဟာ ကျမကို တကယ်ဘဲ မမှတ်မိလို့လား။ ဒါမှ မဟုတ် မှတ်မိရက်သားနဲ့ မမှတ်မိချင်ယောင် ဆောင်သွားတာလား၊ ဒါတော့ ကျမ မသိဘူးလေ၊ သူမှဘဲ သိမှာပေါ့။

ဒါပေမယ့် တခုပြောစရာရှိတာက အဲဒီ မစ္စတာ တစ်ရှုလာဘဲ ဖြစ်ဖြစ်၊ တခြား ဘယ်သူဘဲဖြစ်ဖြစ် ကျမကို 'အီဗာ'မှန်း မသိလို့ ကျမရုပ်ဖျက်ထားတာကို မရိပ်မိလို့ နှုတ်မဆက်ဘူးတဲ့ ထားပါတော့၊ ယုကရိန်းမလေးလို ဝတ်ထားတဲ့ ကျမကို နဲနဲပါးပါး တော့ ဂရုစိုက်ပြီး ကြည့်ဘို့ ကောင်းတယ်ရှင့်၊ ဘာဖြစ်လို့လဲ ဆိုတော့ အခုလို ကျမတို့ ဂျူးတွေနေတဲ့ ရပ်ကွက်မှာ ယုကရိန်း

အမျိုးသမီး တယောက်ကို တွေ့ရဘို့ဆိုတာ ဒီအချိန်မှာ မလွယ်ဘူးလေ၊ ဂျာမန်တွေဟာ ဂျူးတွေကို အချိန်မရွေး ဝင်ဆွဲနေကြတယ်ဆိုတာ တစ်မြို့လုံးက သိထားကြတော့ ကျွန်မတို့ ဂျူးရပ်ကွက်ကို ယူကရိန်း အမျိုးသမီးတွေ မလာရဲကြဘူး။ ဥပမာ ကျွန်မကိုယ်တိုင် ကြုံရတွေ့ရသလောက်ဆိုရင် ကျွန်မမှာ 'လူစီယာ' ဆိုတဲ့ ကျောင်းနေဖက် ယူကရိန်းမလေးတစ်ယောက်ရှိတယ်၊ တစ်ယောက်နဲ့ တစ်ယောက် ကျောင်းမှာကထဲက တော်တော်လေး ခင်ခဲ့ကြပါတယ်။ အဲဒီ ယူကရိန်းမလေး လူစီယာဟာ ဂျာမန်တွေ ဝင်လာစက ကျွန်မတို့အိမ်ကို အလစ် ပေါက်ပေါက်လာပြီး ပေါင်မုန့်တို့ ကြက်ဥတို့ လာလာပေးတတ်ပါတယ်။ ဒါပေမဲ့ တစ်ပတ်နှစ်ပတ်လောက်ဘဲ အဲသလို လာပြီး၊ နောက်ကျ မလာတော့ဘူး။ မလာတော့ဘူး ဆိုတာက မလာရဲလို့ပေါ့ရှင်၊ ဒီလိုလာရင်းနဲ့ မတော်တဆ ဂျူးမလေးတွေ ဝင်ဖမ်းတဲ့အချိန်မှာ သူပါ လူမှားပြီး ပါသွားနိုင်တာကိုး။

အဲဒီတော့ ကျွန်မ ယူကရိမ်းမလေးလို ရုပ်ဖျက်ပြီး ကျွန်မတစ်ယောက်ထဲ ဒီရပ်ကွက်ထဲက ခုလိုဖြတ်လာတဲ့အခါမှာ ကျွန်မကို မမှတ်မိလို့ နှုတ်မဆက်တောင် ကျွန်မကို ယူကရိန်းမလေးတစ်ယောက်အနေနဲ့ ထူးဆန်းတဲ့အနေနဲ့ နဲနဲပါးပါး ဂရုစိုက်ပြီး ကြည့်သွားဖို့တော့ ကောင်းတာပေါ့။

ဘာပဲဖြစ်ဖြစ်လေ ကျွန်မအတွက်ကတော့ ကျွန်မကို အဲသလို ဘယ်သူကမှ နှုတ်မဆက်တာ မခေါ်ကြတာဟာ အကောင်းဆုံးပဲ။ အခုလို ဘယ်သူကမှ ဂရုမစိုက်ကြဘဲ အမှတ်တမဲ့ နေကြတယ်ဆိုတော့ ပိုပြီး စိတ်အေးရတာပေါ့။ ဒါဟာ အောင်မြင်တာပဲလေ မှတ်ဖူးလား။



ဒီလိုနဲ့ ကျွန်မဟာ မြို့အစွန်အဖျားနား ရောက်လာပါတယ်။ အဲဒီမြို့အစွန်အဖျားကို ကျော်လိုက်ရင် အိမ်တွေ အဆောက်အဦတွေ မရှိတော့တဲ့ လယ်ကွင်းတွေထဲ ရောက်သွားမှာပါ။ အဲဒီလို မြို့အပြင်ဖက် ရောက်ခါနီးလေ ကျွန်မ ခြေလှမ်းတွေဟာ ပိုပြီး သွက်လာလေပါဘဲ။ ကျွန်မကိုကျွန်မ စိတ်ထဲက 'မြန်မြန်လျှောက် မြန်မြန်လျှောက်' လို့ ပြောနေမိပါတယ်။ ဒါပေမဲ့ သိပ်အမြန်ကြီး လျှောက်ပြန်ရင်လည်း ကြွခြေပျက်ပြီး မသင်္ကာစရာဖြစ်မှာလည်း စိုးရသေးတယ်။ ဒါကြောင့် ကြွခြေပျက်လောက်အောင် မဟုတ်ဘဲ ကိစ္စတစ်ခုရှိလို့ ခပ်သုပ်သုပ်လျှောက်တဲ့ ပုံစံမျိုးနဲ့ လျှောက်လာခဲ့ပါတယ်။

နောက်ငါးမိနစ်လောက်ကြာတော့ ကျွန်မဟာ မြို့အစွန်ဆုံးက အိမ်တစ်အိမ်ကို ဖြတ်ပြီး မြို့အပြင်ဖက် လယ်ကွင်းထဲကို ချောချောမောမော ရောက်လာပါတယ်။ အဲဒီလယ်ကွင်းဆုံးရင် တောစပ်ကလေးကို ရောက်ပါလိမ့်မယ်။ အဲ. . . အဲဒီတောစပ်မှာ ကျွန်မဟာ ကျွန်မအစ်မတူဘာရဲ့ သူငယ်ချင်းအက်စ်သာ. . . အဲလေ ယောင်လို့ အင်ညာ. . . အင်ညာ၊ ဟုတ်တယ် 'အင်ညာအိုင်ဗီမော့'၊ သူလဲ ကျွန်မလိုဘဲ၊ ဂျူးမလေး 'အက်စ်သာ' ဘဝကနေပြီး ယူကရိန်းမလေး 'အင်ညာ' ဖြစ်နေပါပြီ။

လယ်ကွင်းပေါ်က တက်လိုက်တာနဲ့ တပြိုင်နက် တောစပ်က သစ်ပင်တွေကြားထဲက မိန်းကလေးတစ်ယောက်ကို လှမ်းမြင်လိုက်ရပါတယ်။ ခေါင်းစီးပုဝါ တစ်ထည်ကို စီးထားပြီး ပါးမှာလည်း ပါးနီတွေ ဆိုးလို့။ သူ့အနား ရောက်လာတဲ့အထိ ကျွန်မဟာ သူ့ကို မနေ့ညက တွေ့ခဲ့တဲ့ 'အက်စ်သာ'ရယ်လို့ ရုတ်တရက် မှတ်မိနိုင်စရာ မရှိပါဘူး။ မှန်ပါတယ်။ တကယ်တော့ သူဟာ အခု

အက်စ်သာမဟုတ်တော့ပါဘူး။ အင်ညာဖြစ်နေပါပြီ။ ဒီအတိုင်းပဲ ကျွန်မခေါင်းထဲမှာ သတ်မှတ်လိုက်ပါတယ်။

ဒီလိုနဲ့ ကျွန်မတို့နှစ်ယောက်သား ဘေးချင်းယှဉ်ပြီး လျှောက်လာကြရင်း ခဏကြာတော့ ကျွန်မတို့ရှေ့မှာ ဘူတာရုံကလေးကို လှမ်းမြင်ရပါတယ်။ ဟုတ်ပါတယ်။ ကျွန်မတို့ရထားစီးမယ့် ဇီလိုနာ ဘူတာကလေးပါပဲ။ အဲဒီဘူတာရုံရဲ့ အပြင်ဘက် တစ်နေရာမှာ စက်ဘီးတစ်စီး ထောင်ထားတာ တွေ့ရပြီး အဲဒီ စက်ဘီးနဲ့ မလှမ်းမကမ်း ဘူတာရုံ အုတ်နံရံဘေးမှာ ကပ်ပြီး လက်ဆွဲအိတ် နှစ်လုံးနဲ့အတူ ထိုင်နေတဲ့ အဖိုးကြီး အန်တက်ကို လှမ်းမြင်လိုက်ရပါတယ်။ မနေ့က ကျွန်မတို့ စီစဉ်ထားတဲ့အတိုင်း စာတိုက်က ဒါရဝမ်ကြီး အန်တက်ဟာ ကျွန်မတို့နှစ်ယောက်ရဲ့ အဝတ်အစား ထည့်တဲ့ လက်ဆွဲအိတ်နှစ်အိတ်ကို စက်ဘီးနဲ့ သယ်လာပြီး ဒီက လာစောင့်နေတာပါ။

ကျွန်မတို့အတွက် ကံကောင်းချင်တော့ အဲဒီအချိန်က ဘူတာရုံ ပလက်ဖောင်းပေါ်မှာ လူတစ်ယောက်မှ မတွေ့ရဘဲ ရှင်းနေပါတယ်။

အဲဒီမှာ ကျွန်မတို့ ပထမဆုံး မလုပ်မဖြစ် လုပ်ရမဲ့ အလုပ်ကတော့ မီးရထားလက်မှတ်ဝယ်ဖို့ပါပဲ။ အဲဒီတော့ ကျွန်မတို့ဟာ ကျွန်မတို့ရဲ့ နာမည်သစ် လူသစ် မှတ်ပုံတင်အသစ်နဲ့ ပထမဆုံး လူစိမ်းတစ်ယောက်ကို မျက်နှာချင်း ဆိုင်ရတော့မှာပါ။ တကယ့် တကယ် ခါတိုင်းလို ရိုးရိုးသားသားဆိုရင် သိပ်ဝေးဝေးလံလံ မဟုတ်တဲ့ ခရီးအတွက် ဒီဘူတာရုံမှာ မီးရထားလက်မှတ်ဝယ်တဲ့ အလုပ်ဟာ ဘာမှထူးဆန်းတဲ့ အလုပ်မဟုတ်ပါဘူး။ ဘာမှလည်း ခဲယဉ်းတဲ့ ကိစ္စမဟုတ်ပါဘူး။



ဒါပေမဲ့ ကျွန်မတို့နှစ်ယောက်စလုံး ခုလိုရုပ်ဖျက်လာကြပြီး မှတ်ပုံတင်အတု၊ နာမည်အတုနဲ့ မျက်နှာစိမ်းတစ်ယောက် ရှေ့မှာ ပထမဆုံး စပြီး စကားပြောဖို့၊ မီးရထားလက်မှတ် ဝယ်ဖို့ဆို တော့ ကိုယ့်ဟာကိုယ် လိပ်ပြာမလုံဘဲ အမှားမှား အယွင်းယွင်း ဖြစ်မှာစိုးရပါတယ်။ ပိုပြီးစိုးရိမ်စရာ ကောင်းတာက အခုလို အချိန်အခါမျိုးမှာ ဂျာမန်တွေက ဂျူးတွေကို တစ်နေရာက တနေရာ ခရီးသွားလာခွင့် လုံးဝမပြုဘဲ ပိတ်ပင် ထားတာဆို တော့ မျက်နှာတချက်ပျက်ပြီး ခြေလှမ်းတလှမ်း မှားသွားရင် ဂျာမန်တွေလက်ထဲ ကားကနဲ ပါသွားနိုင်တယ် မှတ်လားရှင်...။ နောက်ပြီးတော့ ဂျာမန်တေရဲ့ အဲဒီ အမိန့်အရ အခုဒီ 'ဇီလိုနာ' ဘူတာရုံကလေးက အစ ဘူတာတိုင်းက လက်မှန်ရောင်းတဲ့ နေရာမှာ ဂျာမန်စစ်သားတယောက် အမြဲစောင့်ပြီး လက်မှတ်လာဝယ်တဲ့ သူတိုင်းကို မသင်္ကာရင် စစ်လား ဆေးလား၊ မေးလား မြန်းလား လုပ်တတ်သေးတယ်ရှင့်။

ဒါပေမယ့် ဒီအခြေအနေရောက်မှတော့ နောက်ကြောင်းပြန် လို့ မဖြစ်တော့တဲ့အတွက် ကျမတို့နှစ်ယောက်ဟာ လက်မှတ် ပေါက်မှာ ကြွေမပျက် ယှဉ်လျက်သား ရပ်ပြီး ကျမကဘဲ ပီယာ ဇီမစ်လ်မြို့ကို လက်မှတ်နှစ်စောင် ဝယ်လိုက်ပါတယ်။ အဲဒီ ပီယာ ဇီမစ်လ်မြို့ဟာ အနောက်ဥရောပကို သွားဘို့အတွက် အနီးဆုံးမြို့ တမြို့ပါဘဲ။ အဲဒီမြို့မှာရှိတဲ့ အလုပ်သမားရှာဖွေရေး ဌာနကမှ တဆင့် ပိုလန်ပြည်ကနေ တခြားတိုင်းပြည်တပြည်ကို ကူးသွား ပြီး အဲဒီမှာ အလုပ်ရှာဘို့ပါဘဲ။

အခြေအနေက ကျမတို့ ထင်သလောက် မဆိုးသေးပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ လက်မှတ်ရောင်းတဲ့ လူဟာ ကျမတို့ကို

မော့တောင် မကြည့်ပါဘူး။ သူ့ဟာသူ ခါတိုင်း ခရီးသည်တွေ ရောင်းတဲ့ ပုံစံမျိုးနဲ့ ကျမတို့ကို လုံးဝ မကြည့်ဘဲ ကျသင့်တဲ့ငွေ ကိုတွက်ယူပြီး လက်မှတ်နှစ်စောင် ပေးလိုက်တာပါဘဲ။ သူ့ နောက်က ဂျာမန်စစ်သားကလဲ ထိုနည်းဋ္ဌင်းပါဘဲ။ ကျမတို့ကို ကြည့်တယ်ဆိုရုံလောက်သာ တချက်လှမ်းကြည့်ပြီး သူ့လက်ထဲက ဖတ်လက်စ စာအုပ်တအုပ်ကိုဘဲ ငုံ့ပြီး ဖတ်နေလိုက်ပါတယ်။ ကျမကလဲ ခပ်တည်တည်ပေါ့ရှင်။ ပြောတဲ့အသံရော၊ ဟန်အမူ အရာရော ခပ်မှန်မှန်နဲ့ ဣန္ဒြေရရပါဘဲ၊ တခုတော့ ရှိပါတယ်။ ဒါက ကျမကိုယ် ကျမ ထင်တာကို ပြောရတာပါ။ တကယ်လို့ ကျမထင်သလို အဲဒီတုန်းက ကျမဟာ နဲနဲပါးပါး အိန္ဒြေပျက် နေတယ်၊ တုန်လှုပ်နေတယ် ဆိုရင်လဲ ယူကရိန်း တောသူမလေး နှစ်ယောက် တခါမှ တရပ်တကျေးကို မသွားဘူးဘဲ မလွဲသာလို့ စွန့်စွန့်စားစား ထွက်လာရတာမို့ စိတ်လှုပ် ရှားနေတယ်ဆိုတဲ့ သဘောမျိုး ယူဆချင် ယူဆကြမယ်ပေါ့ရှင်။

ဘာပဲဖြစ်ဖြစ် အခြေအနေကတော့ ကျမတို့အတွက် အံဝင် ဂွင်ကျဘဲ ဆိုပါတော့။ ကျမတို့ တွက်ထားတဲ့ အတိုင်း လက်မှတ် ဝယ်ပြီးလို့ ဘာမှမကြာလိုက်ပါဘူး။ ရထားဝင်လာတော့တာ ပါဘဲ။ ဒါပေမယ့် 'ကိုယ့်ဝမ်းနာ ကိုယ်သာသိ'ဆိုသလို ကိုယ့် ဟာကိုယ် လိပ်ပြာမလုံတဲ့သူ ဆိုတော့ မီးရထားကြီး တဂျုန်း ဂျုန်းနဲ့ ဝင်လာတာလဲ မြင်လိုက်ရော ကျမစိတ်ထဲမှာ တခုတွေးမိ ပြီး ရင်ထဲ ဒိတ်ကနဲ ဖြစ်သွားမိပါတယ်။ အဲဒီအချိန်မှာ အမှတ် တမဲ့ အင်ညာရဲ့ မျက်နှာကို ကြည့်လိုက်တော့ သူ့စိတ်ထဲမှာလဲ ကျမလို တခုခု တွေးမိပြီး မသိမသာ မျက်နှာတချက်ပျက်သွား တာ မြင်လိုက်ရပါတယ်။



ကျမတို့ တွေးပြီး စိုးရိမ်မိတဲ့ အကြောင်းက တခြား မဟုတ် ပါဘူး။ အခု ဝင်လာတဲ့ မီးရထားဟာ ကျမတို့ နေတဲ့ ဟရီဘင်ကို ဘူတာက ထွက်လာတာဆိုတော့ တကယ်လို့ ဒီရထားပေါ်မှာ ဟရီဘင်ကိုမြို့က ကျမတို့နဲ့ သိတဲ့ ကျွမ်းတဲ့ လူတယောက်ယောက် များ ပါလာရင်တော့ ငါးပါးမှောက်တော့မှာဘဲ ဆိုတာ တွေးမိ လို့ ပါဘဲ။ ကျမဆိုတာကလဲ ဟရီဘင်ကိုမှာ ကျမကို မသိတဲ့သူ မရှိသလောက်ပါဘဲ။ ကျမအဖေရဲ့ ကုန်စုံဆိုင်မှာ ပြုတ်သီး ကြက် သွန်က အစ ဘိလပ်ရည်တို့ သကြားလုံးတို့ဆိုတဲ့ စားကုန် သောက် ကုန်တွေကို နေ့စဉ် လူတကာ လာ ဝယ်နေကြတာဆိုတော့ ကျမ ရုပ်ကို 'ခွေးချီသွားတောင်' မှတ်မိနေကြမှာပါဘဲ။ ပြီးတော့ အင်ညာဆိုတာကလဲ တခါက စာတိုက်မှာ စာရေးမ လုပ်ဘူးတော့ တမြို့လုံးက လူတွေနဲ့ ဆက်ဆံခဲ့ရတယ် မှတ်လား။ အဲဒီတော့ အခု မီးရထားပေါ်မှာ ဟရီဘင်ကိုက လူတယောက်ယောက်ပါလာရင် အဲဒီ ပါလာတဲ့ လူဟာ ကျမတို့ကို မသိဘဲ နေမှာ မှတ်ဘူး။ မုချ သိမှာဘဲ။ မုချ မှတ်မိမှာဘဲ။ အဲသလိုဆိုရင်တော့ ကျမတို့ ရုပ် ဖျက်ထားတာတွေကို ကြည့်ပြီး 'ဒီ ဂျူးကောင်မလေးနှစ်ယောက် ဟာ ဘာစိတ်ကူးပေါက်ပြီး မိုက်မိုက်ကန်းကန်းနဲ့ ဂျာမန်တွေကို တပတ်ရိုက်ဘို့ ကြံစည်နေတာလဲ'လို့ တွေးကြမှာ အမှန်ပါဘဲ။

ဒါနဲ့ ကျမလဲ မီးရထား အရှိန်သေပြီး ရပ်သွားသွားချင်း အင်ညာကို နောက်ကနေ မသိမသာတွန်းရင်း အနီးဆုံး တွဲတတွဲ ပေါ် နှစ်ယောက်သား ရှေ့ဆင့်နောက်ဆင့် ခပ်သုတ်သုတ် တက် လိုက်ကြပါတယ်။ ပြီးတော့ တွဲထဲရောက်ရောက်ချင်း ကျမဟာ တွဲပေါ်မှာ ရှိနေတဲ့ ခရီးသည်တွေ အားလုံးကို ရုတ်တရက် ဖျက် ကနဲ တချက် လှမ်းကြည့်လိုက်ပါတယ်။ အမယ်လေး. . . ဘုရား။

ဘုရား။ တော်ပါသေးရဲ့။ ဟရီဘင်ကိုက တယောက်မှ ပါမလာလို့. . .။

ကျမတို့နှစ်ယောက်ဟာ နေရာ ရွေးမနေတော့ဘဲ အနီးဆုံး လွတ်နေတဲ့ နှစ်ယောက်ထိုင် ခုံတခုံမှာ အတူ ထိုင်ချလိုက်ကြပါတယ်။ ကျမတို့လဲ ထိုင်လိုက်ရော ရထားလဲ စထွက်တော့တာပါဘဲ။

ကျမတို့ နှစ်ယောက်ဟာ တယောက်နဲ့တယောက် စကားမပြောဘဲ ကုပ်ပြီး လိုက်လာခဲ့ကြပါတယ်။ တကယ်တော့ ကျမတို့ စီးလာတဲ့ တွဲပေါ်မှာက ခရီးသည် သိပ်များလှတယ် မဟုတ်ပါဘူး။ တချို့ခုံတွေမှာဆိုရင် နှစ်ယောက်ထိုင်ခုံ၊ သုံးယောက်ထိုင်ခုံပေါ်မှာ တယောက်ထဲ ပါလာကြတာ တွေ့ရပါတယ်။

အမှန်ပြောရရင် ကျမဟာ အခုလို မီးရထားနဲ့ ခရီးသွားချင်နေတာ ကြာပါပြီ။ ဘယ်မြို့ ဘယ်ရွာဘဲဖြစ်ဖြစ် မီးရထားစီးပြီး အေးအေးဆေးဆေး ခရီးသွားရရင် ကောင်းမှာဘဲလို့ စိတ်ထဲက တောင့်တခဲ့တာ ကြာပါပြီ။ ဒါပေမယ့် အခုကျတော့လဲ သွားရတဲ့ ခရီးကလဲ ဘယ်ရယ်လို့ တိတိကျကျ မဟုတ်ဘဲ ခြေဦးတည့်ရာ ဖြစ်နေပြီး သွားရတာကလဲ အေးအေးဆေးဆေး မဟုတ်တော့ စိတ်ကူးထဲက မီးရထားနဲ့ ခရီးသွား ရသလို ပျော်စရာမကောင်းတဲ့ပြင် ဘယ်နေရာရောက်ရင် အဖမ်းခံရမလဲဆိုတဲ့စိတ်နဲ့ တထိတ်ထိတ်တလန့်လန့် ဖြစ်နေရတာပေါ့ရှင်။

ကျမဟာ အင်ညာ့မျက်နှာကို အမှတ်မထင် ကြည့်လိုက်မိပါတယ်။ သူ့စိတ်ထဲမှာ ဘယ်လို ဖြစ်နေရှာမလဲ။ ကျမလိုဘဲ စိုးရိမ်စိတ်တွေ များနေသလားလို့ မေးလိုက်ချင်ပါတယ်။ ဒါပေမယ့် ဘယ်မေးရဲမလဲရှင်။ အခုလို လူတွေကြားထဲမှာ ကျမတို့ရဲ့အတိတ်



ဘဝ ဇာတ်ကြောင်းကို မေးလိုက်ရင် 'ကိုယ့်ကိုယ်ဖော် မသူတော်' ဖြစ်ရုံတင် မကဘူး။ 'ကိုယ့်သချိုင်းကိုယ်တူးသလို' ဖြစ်နေမှာပေါ့။ မှတ်ဘူးလား။

အဲဒီလိုဖြစ်နေတုန်း ကျွန်မဟာ ကျွန်မတို့နဲ့ မျက်စောင်းထိုးခုံတစ်ခုံမှာ ထိုင်နေတဲ့ မိန်းမကြီးတစ်ယောက်ဆီကို အမှတ်တမဲ့ လှမ်းကြည့်လိုက်မိပါတယ်။ ဘာရယ်လို့တော့ မဟုတ်ဘူးပေါ့ရှင်။ ဒီလိုပဲရထားပေါ်မှာ ဘာမှလုပ်စရာမရှိလို့ ဟိုကြည့်ဒီကြည့် ကြည့်မိတဲ့ သဘောပါပဲ။

ဒါပေမယ့် ကျွန်မက အဲသလို အမှတ်တမဲ့ ဖျက်ခနဲ ကြည့်လိုက်မိတဲ့အချိန်မှာ အဲဒီမိန်းမကြီးဟာ ကျွန်မတို့ကို စူးစူးစိုက်စိုက်ကြည့်နေတာ တွေ့ရပါတယ်။ ဘယ်လိုလဲ။ ဒီမိန်းမကြီးကို တနေရာရာမှာ ငါ မြင်ဖူး၊ တွေ့ဖူးသလား။ ငါ့အသိအကျွမ်းထဲကဘဲလား။ ငါက သူ့မသိပေမယ့် သူကများ ငါ့ကို သိနေလို့လား။

ဒါနဲ့ကျွန်မလည်း အင်ညာကို တိုးတိုးကလေး လေသံနဲ့ နှစ်ကိုယ်ကြားမေးလိုက်ပါတယ်။

'အင်ညာ. . . မင်းအဲဒီမိန်းမကြီးကို သိလား'

အင်ညာက သူ့ခေါင်းကို ဟိုလိုလို ဒီလိုလိုနဲ့ မသိမသာရမ်းလိုက်ရင်း ပါးစပ်ကလည်း 'ဟင့်အင်း'လို့ တိုးတိုးကလေး ပြန်ပြောပါတယ်။

ဒါနဲ့ ကျွန်မလည်း အဲဒီမိန်းမကြီးကို အမှတ်တမဲ့ ကြည့်မိ တဲ့အနေမျိုးနဲ့ နောက်တစ်ခါထပ်ကြည့်လိုက်တော့ အဲဒီအချိန်အထိ မိန်းမကြီးဟာ ကျွန်မတို့ကို စိုက်ကြည့်နေတုန်းပဲရှိပါသေးတယ်။ ကျွန်မရင်ဟာ တဒိတ်ဒိတ်ခုန်လာပါတယ်။ ဒါပေမယ့် ကျွန်မအနေနဲ့

ဘာမှမတတ်နိုင်ပါဘူး။ နောက်ဆုံးတော့ ကျွန်မဟာ ဒီမိန်းမကြီးကို နောက်တစ်ခါ ထပ်ကြည့်မိရင် အခြေအနေပိုဆိုးပြီး ဣန္ဒြေပျက်မှာ စိုးတာနဲ့ လုံးဝလှည့်မကြည့်တော့ဘဲ ကျွန်မစိတ်ကို ကျွန်မပြန်ပြီးအားတင်းနေမိပါတယ်။ ကျွန်မကိုယ် ကျွန်မလည်း စိတ်ထဲက ပြောနေမိပါတယ်။ 'အို. . . ဒါဘာမှ မဟုတ်ပါဘူး။ မီးရထားပေါ်မှာ ခရီးသွားရင်းနဲ့ တချို့လူတွေဟာ ကြည့်မိကြည့်ရာ ငေးမိငေးရာ ငေးကြည့်လာတတ်ကြတာပဲ။ ခရီးသည်အချင်းချင်း တစ်ယောက်နဲ့ တစ်ယောက် အသိအကျွမ်းဖြစ်ပြီး တစ်ယောက်အကြောင်း တစ်ယောက်ပြောလာကြတာတို့။ အဲသလို စကားမပြောချင်တဲ့သူ တွေကျတော့လည်း တခြားခရီးသည် တစ်ယောက်ယောက်ကို စိုက်ကြည့်ပြီး အဲဒီခရီးသည်အကြောင်း သူ့စိတ်ကူးနဲ့သူ တွေးပြီး စဉ်းစားလာတာတို့. . .။ ဒါတွေဟာ မဆန်းပါဘူး။ ဖြစ်ရိုးဖြစ်စဉ်ပါ။ အခု ဒီမိန်းမကြီး ငါတို့နှစ်ယောက်ကို စိုက်ကြည့်လာတာလည်း ဒီသဘောမျိုးပဲနေမှာပါ။ ဒို့ကလည်း အပျိုအရွယ် မိန်းကလေး နှစ်ယောက်ထဲဆိုတော့ သူ့စိတ်ထဲမှာ ဒီကောင်မလေးနှစ်ယောက် တခြားအဖော်လည်းမပါဘဲနဲ့ ဘယ်ကိုများ သွားကြမလို့လဲ။ အိမ်က ထွက်ပြေးလာကြတာလား။ ဒါမှမဟုတ် ဆွေမျိုးတွေဆီ အလည် သွားကြမလို့လား။ မိန်းမကောင်းလေးတွေမှ ဟုတ်ရဲ့လားဆိုတာတွေ လျှောက်တွေးပြီး သူ့ဟာသူစိတ်ကူးလာတာ နေမှာပါ'

ဖြန်းဆို ကျွန်မအတွေးရပ်သွားပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ လက်မှတ်စစ်ရောက်လာလို့ပါ။

လက်မှတ်စစ်ကတော့ ခပ်အေးအေးပါပဲ။ ကျွန်မတို့နှစ်ယောက် ရဲ့ မျက်နှာကို လုံးဝမကြည့်ဘဲ လက်မှတ်တွေတောင်းပြီး သူ့ လက်ထဲက



ပလိုင်ယာကို ညှပ်ကလေးတစ်ခုနဲ့ ညှပ်လိုက်ပါ တယ်။ ပြီးတော့ ကျွန်မတို့ကို လက်မှတ်ပြန်ပေးပါတယ်။ နောက် လက်မှတ်စစ်ဟာ ကျွန်မတို့ကို စောစောကစိုက်ကြည့်နေတဲ့ မိန်းမ ကြီးနားကို ရောက်သွားပါတယ်။ အဲဒီကျတော့လည်း ကျွန်မမှာ ရင်တထိတ်ထိတ်နဲ့ပါပဲ။ အဲဒီလက်မှတ်စစ်ကို မိန်းမကြီးက ဘာများ ပြောလိုက်မလဲ။ ကျွန်မတို့ကို မသင်္ကာဘူးလို့များ ပြောလိုက်လေမလားပေါ့လေ။

ဒါပေမယ့် ကျွန်မစိုးရိမ်တာတွေ တစ်ခုမှဖြစ်မလာပါဘူး။ လက်မှတ်စစ်ဟာ အဲဒီမိန်းမကြီးဆီက လက်မှတ်ကိုတောင်းပြီး ပလိုင်ယာနဲ့ညှပ်၊ ပြီးတော့ အေးအေးဆေးဆေးပဲ ပြန်ပေးပြီး အေးအေးဆေးဆေးပဲ တခြားခရီးသည်တွေဆီက လက်မှတ်တွေကို လိုက်စစ်နေပါတယ်။

တကယ်တော့ ကျွန်မတို့ကိုယ်နှိုက်က အတွေးခေါင်နေတာပါ။ ဘာမှလဲ မဖြစ်ပါဘူး။ ဘာမှလဲ မဟုတ်ပါဘူး။ ဟိုမိန်းမကြီးကလည်း သူ့ဟာသူ ငေးမိငေးရာငေးပြီး တွေးမိတွေးရာ တွေးလာတာပါ။ အဲဒီတော့ ကျွန်မလည်း ရုတ်တရက်ခေါင်းထဲမှာ လျှပ်စီးလက်သလို အသိဉာဏ်တစ်ခု လက်ခနဲ ပေါ်လာမိပါတယ်။ အဲဒါက ဘာလဲဆိုတော့ "ရှေ့လျှောက် ဒီလိုအကြောက်လွန်ပြီး အတွေးခေါင်တာမျိုးတွေ၊ အစိုးရိမ်ကြီးတာမျိုးတွေ မဖြစ်ဖို့လိုတယ်။ ဒီလိုသာ နေရာတကာ အတွေးခေါင်ပြီး စိုးရိမ်စိတ်တွေ များနေရင် ငါဟာ ပိုလန်ပြည်ထဲက မထွက်ခင် တစ်နေရာရာမှာ အချောက်တိုက် အဖမ်းခံရလိမ့်မယ်"ဆိုတာ စဉ်းစားမိလို့ပါပဲ။

အဲလိုတွေးမိတော့မှပဲ ကျွန်မဟာ တော်တော်လေး နေသာထိုင်သာ ရှိသွားပါတယ်။

ဒီလိုနဲ့ ကျွန်မစိတ်ကို ကျွန်မပြန်ထိန်းပြီး ဣန္ဒြေရရနဲ့ လိုက်ပါခဲ့ရာက ခဏနေတော့ ကျွန်မဟာ ဖျင်းသလိုလိုဖြစ်လာပြီး အင်ညာနဲ့ စကားပြောချင်စိတ် ပေါက်လာပြန်ပါတယ်။

ဒါပေမယ့် ခက်တာက အင်ညာနဲ့စကားပြောရမယ် ဆို ရင် ဘာအကြောင်း ပြောမလဲ။ ကျွန်မတို့အခု အိမ်ကထွက်လာ ကြတဲ့ အကြောင်းတွေပြောရမလား။ ဟရီဘင်ကိုမှာ ကျန်ရစ်ခဲ့ ကြတဲ့ ကျွန်မတို့မိဘတွေ၊ ညီအစ်ကို မောင်နှမတွေအကြောင်း ပြောရမလား။ ဒါလျှောက်ပြောနေလို့ ရထားပေါ်က တခြား ခရီးသည်တွေ ကြားသွားရင် မခက်ပါလား။ တကယ်လို့ တခြားလူတွေမကြားအောင် ကျွန်မတို့နှစ်ယောက်တည်း တိုးတိုး တိတ်တိတ် ပြောလို့ရတယ်ပဲ ထားဦးတော့ ဒီအကြောင်း တွေပြောနေကြတဲ့ ကျွန်မတို့ မျက်နှာအမူအရာတွေဟာ တခြား လူတွေအတွက်၊ ဆိုပါတော့ . . . ခပ်စောစောက ကျွန်မတို့ကို တစ်ချိန်လုံး စိုက်ကြည့်လာတဲ့ မိန်းမ ကြီးလိုဟာမျိုးအတွက် မသင်္ကာစရာ ဖြစ်မနေပေဘူးလား။

အဲဒီတော့ ကျွန်မတို့ စကားတွေထဲမှာ ဒီအကြောင်းတွေ လုံးဝထည့်ပြောလို့ မဖြစ်ဘူး။ ကျွန်မတို့ပြောရမယ့် စကားတွေက တကယ့် ယူကရိန်းမလေးနှစ်ယောက်။ တကယ့် လယ်တောသူ အပျိုလေးနှစ်ယောက်လို ပြောမှဖြစ်မယ်လေ။ ရီစရာ ရှိရင်လည်း အားရပါးရရယ်ပြီး၊ အံ့သြစရာတွေ့ရင်လည်း တအံ့တသြ နဲ့ ပြောမှ သဘာဝကျမှာပေါ့။ ဒါမှလဲ ကျွန်မတို့ဟာ ကက်တာရီး နားနဲ့ အင်ညာဆိုတဲ့ နာမည်တွေနဲ့ လိုက်မှာပေါ့။

အဲဒီလို စိတ်ထဲကတွေးမိပြီး ကျွန်မလည်း ဘေးနားက လူတွေကို အရေးမစိုက်ဘဲ ပြောချင်ရာ ပြောချလိုက်တဲ့ တောကျကျ တော



သူမတစ်ယောက်ရဲ့ ပုံစံမျိုးနဲ့ အင်ညာကို စကားစပြောလိုက်ပါတယ်။

"ဪ ဒါထက် အင်ညာ၊ ညည်းကို ငါ့အစ်မ ဖြစ်ပုံ ပြောရဦးမယ်။ ဖြစ်ပုံကတော့ ခပ်ဆန်းဆန်းပဲအေ့။ ငါ့အစ်မမှာ နေ့စေ့ လစေ့ကြီးနဲ့ဆိုတာ ညည်းသိတယ်မှတ်လား။ အဲဒါအေ တစ်နေ့က ငါ့အစ်မ အချိန်ကျလို့ မွေးလည်းမွေးရော၊ အဲဒီနေ့မှာပဲ တိုက်တိုက် ဆိုင်ဆိုင် ငါ့အစ်မယောက်ျား မြင်းပေါ်က လိမ့်ကျတာ ကံကောင်း လို့ မကျိုးမပဲ့တယ်အေ"

အင်ညာဟာ ရုတ်တရက် ကျွန်မပြောလိုက်တဲ့စကားကို နားထောင်ပြီး ခပ်ကြောင်ကြောင်နဲ့ ကျွန်မမျက်နှာကို ငေးကြည့်နေပါသေးတယ်။ နောက်တော့မှ ရိပ်မိသွားပုံရပြီး အလိုက်သင့် ပြန်ပြောပါတယ်။

"အဲဒီအကြောင်း ငါကြားပြီးပါပြီအေ။ တကယ်တော့ ဒါမျိုးဟာ တစ်ခါတစ်ခါ တိုက်ဆိုင်မှုအနေနဲ့ ဖြစ်တတ်တာပါပဲ။ တချို့ လူကြီးတွေကတော့ ဒါမျိုးကို အတိတ်နိမိတ်ပြတယ်လို့တောင် ပြောကြသေးတယ်။ သဘောကတော့ အေရယ်၊ မိန်းမကလေးမွေးတဲ့ နေ့ကျမှ ယောက်ျားလုပ်တဲ့လူ မြင်းပေါ်က လိမ့်ကျရတယ်ဆိုတော့ ဒီကလေးဟာ မိဘကို ခိုက်တတ်တယ် ဘာညာပေါ့အေ။ ကြည့်ပါ လား တို့ငယ်ငယ်တုန်းက . . ."

အင်ညာဟာ ကျွန်မပြောတဲ့ သံယောင်လိုက်ပြီး သူ ကြားဖူးတဲ့ လူတစ်ယောက်ရဲ့အဖြစ်အပျက်ကို ခပ်တည်တည်နဲ့ ကျွန်မကို ပြန်ပြောပြပါတယ်။

ဒီလိုနဲ့ ကျွန်မနဲ့အင်ညာဟာ ကျွန်မတို့အချင်းချင်း ကျွန်မတို့နှစ်ယောက်တည်း နားလည်တဲ့စကားမျိုးနဲ့ ကျွန်မတို့ရွာကအကြောင်း၊

ကျွန်မတို့ သူငယ်ချင်းတွေအကြောင်း၊ ရုရှတွေ ဝင်လာတုန်းက ဖြစ်ခဲ့ပျက်ခဲ့တဲ့အကြောင်းတွေ ပြောလိုက်ကြတာ စကားကို အမျှင်မပြတ်တော့ပါဘူးရှင်။ ဒီလိုပြောရင်းနဲ့ ရယ်စရာရှိရင်လည်း တခွီးခွီးနဲ့ ရယ်လိုက်ကြ၊ ငြင်းစရာ ခုံစရာရှိရင်လည်း အပြန် အလှန် ငြင်းကြ ခုံကြနဲ့ နှစ်ယောက်တည်း ကြွက်ကြွက်ညံနေတာပါပဲ။ အကယ်တော့ ယူကရိန်းမလေးနှစ်ယောက် မီးရထားပေါ်မှာ ရှက်ရမှန်း ကြောက်ရမှန်းမသိဘဲ ကိုယ်ပြောချင်တာတွေ အရမ်းစွပ်ပြောလာကြတဲ့ပုံမျိုးပါပဲ။

ဒါပေမယ့် ဒီလိုပြောလိုက်မိတာဟာ ကျွန်မတို့အတွက် အတော်ကလေး နိပ်သွားတယ်လို့ဆိုရပါမယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ဒီလိုပြောချင်ရာတွေ လွတ်လွတ်လပ်လပ် ပြောချလိုက် ရတော့ စောစောကလို ဘေးဘီကို စိုးရိမ်တဲ့စိတ်တွေ၊ မသက်ာ တဲ့စိတ်တွေ၊ အထိတ်တလန့်ဖြစ်နေတဲ့စိတ်တွေဟာ လုံးဝ ပျောက်သွားပြီး လူကို ပေါ့ပေါ့ပါးပါး ဖြစ်သွားတာပါပဲ။ ဘယ်လောက်ထိအောင်များလဲ ဆိုတော့ အဲဒီလို ပြောရင်း ပြောရင်းနဲ့ ကျွန်မတို့ဟာ ကျွန်မတို့ ကိုယ် ကျွန်မတို့ တကယ့် ကက်တာ ရီးနားနဲ့ တကယ့် အင်ညာဆိုတဲ့ အဖြစ်မျိုး ရောက်သွားတဲ့ အထိပါပဲ။

ဒီလိုနဲ့ နှစ်ယောက်သား စကားပြောကောင်းကောင်းနဲ့ ပြောလာလိုက်ကြတာ ဖြူးခနဲရထားအရှိန်သတ်ပြီး ရပ်သွားလို့ ကြည့်လိုက်တော့ ပီယာဇီမစ်လ်မြို့ကို ရောက်နေတာ တွေ့လိုက်ရ ပါတယ်။ ဟုတ်ပါတယ်။ ကျွန်မတို့ဆင်းရမယ့်ဘူတာ ရောက်နေ ပါပြီ။



## ချောက်ချားစရာကောင်းတဲ့ ညတစ်ည

ကျွန်မတို့ ရထားပေါ်ကဆင်းပြီး ဘူတာရုံအပြင်ဘက်ရောက် တော့ မှောင်စပြုနေပါပြီ။ ကောင်းကင်မှာ ကြယ်ရောင်ကလေး တွေ မလင်းတလင်းဖြစ်နေသလို ဘူတာရုံအပြင်ဘက်က လမ်းဆုံ လမ်းခွမှာ အဝါရောင် ယာဉ်အချက်ပြလျှပ်စစ်မီး တချို့ကိုလည်း လှမ်းမြင်နေရပါတယ်။

ကျွန်မတို့ စီစဉ်ထားတဲ့အတိုင်းဆိုရင် ကျွန်မတို့ဟာ အလုပ်သမား စုဆောင်းရေးစခန်းကို တန်းသွားကြဖို့ပါပဲ။ ဒါပေမယ့် ဒီမြို့ ကို ကျွန်မတို့ နှစ်ယောက်စလုံး ဘယ်သူမှ မရောက်ဖူးကြတော့၊ အဲဒီအလုပ်သမား စုဆောင်းရေး စခန်းဟာ ဘယ်နား ရှိမှန်း လဲ မသိ။ ဘယ်သွားလို့ ဘယ်လာရမှန်းလဲ မသိဖြစ်နေကြပါ

တယ်။ ပြီးတော့ တစ်ယောက်ယောက်ကို သွားမေးဖို့ဆိုတာကလည်း စိတ်ထဲက မလုံမလဲမို့ မမေးရဲကြဘဲ ဖြစ်နေကြပါတယ်။

ဒီလိုနဲ့ ကျွန်မတို့စီးလာတဲ့ ရထားကြီးလည်း ထွက်သွားလို့ ခရီးသည်တွေလည်း ဘူတာရုံတစ်ဝိုက်မှာ လုံးဝမရှိတော့သလောက် ရှင်းသွားပါပြီ။ ကျွန်မတို့နှစ်ယောက်ကတော့ ဘူတာရုံအပြင်ဘက်မှာ ယောင်လည်လည်ဖြစ်နေကြတုန်းပါပဲ။

အဲဒီလိုဖြစ်နေတုန်း လူတစ်ယောက် ကျွန်မတို့နား ရောက်လာပြီး ကျွန်မတို့ကို မေးတော့တာပါပဲ။

"မင်းတို့ ဘာစောင့်နေကြတာလဲ"

သူက ပိုလန်စကားနဲ့ မေးပါတယ်။ ကျွန်မလည်း အင်ညာ့ လက်ကို ကိုင်ထားရာက သတိပေးတဲ့အနေနဲ့ မသိမသာခပ်နာနာကလေး ဆုပ်လိုက်ပါတယ်။ ဟုတ်တယ်လေ။ ဒီလို လူပေါင်းစုံ သွားလာနေကြတဲ့ ဘူတာရုံလိုနေရာမျိုးမှာ ဂျာမန်ဂက်စတာပိုတွေ ကျက်စားချင် ကျက်စားနေကြမှာကို။

ဒါနဲ့ ကျွန်မကပဲ "ကျွန်မတို့ကို လာကြိုနေမယ့် မိတ်ဆွေ တစ်ယောက်ကို စောင့်နေကြတာပါ"လို့ ပြန်ပြောလိုက်ပါတယ်။

"ဩော်၊ မိတ်ဆွေတစ်ယောက်ကို စောင့်နေကြတာကိုး"

သူက အဲသလိုပြန်ပြောရင်း သူ့မျက်နှာဟာ မချိုမချဉ်နဲ့ စပ်ဖြဲဖြဲဖြစ်လာပြီး . . .

"တကယ်လို့ အဲဒီလူ မလာဘူးဆိုရင် ငါပဲ မင်းတို့မိတ်ဆွေ အဖြစ်နဲ့ မင်းတို့ကို ကူညီလို့ မဖြစ်ဘူးလား"တဲ့။

"အို ကိစ္စမရှိပါဘူး။ နေပါစေ နေပါစေ။ ကျေးဇူးတင်ပါတယ်"



ကျွန်မလည်း အဲဒီလူကို ဘယ်လိုလူစားမျိုးလဲဆိုတာ သေ သေချာချာ မသိရသေးဘဲနဲ့ ပြာပြာသလဲ ငြင်းလိုက်ရပါတယ်။ တကယ်တော့ ဒီလူဟာ ကျွန်မတို့ကို တောကလာတဲ့ မိန်းမပျို ကလေးနှစ်ယောက် တောသူလေးတွေပဲဆိုပြီး မလိမ့်တစ်ပတ်နဲ့ အချောင်နှိုက်ဖို့ ကြိုးစားတာဖြစ်ချင် ဖြစ်ပါလိမ့်မယ်။ ဒါပေမယ့် ဒီလူဟာ အဲဒီလူစားမျိုး ဖြစ်နေသည့်တိုင်အောင် သူ့ကို တစ်ဖက် သတ်အပြစ်တင်လို့မဖြစ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ခုလို ခေတ်ပျက်ကြီးထဲမှာ တောကမိန်းကလေးတွေဟာ ကိုယ်နဲ့ရင်းပြီး အသက်မွေး ဝမ်းကျောင်းဖို့ မြို့ကို ဥဒဟို တက်လာနေကြတဲ့ အချိန်အခါမျိုး မှုတ်လား။

ဘာပဲဖြစ်ဖြစ် ဒီလူနဲ့ဒီအတိုင်း ကြာကြာနေလို့ မဟန်ဘူး ဆိုတာ ရိပ်မိတာနဲ့ ကျွန်မလည်း ခုမှသတိရပြီး အင်ညာကို "လာ လာ" လို့ လက်ဆွဲခေါ်ရင်း ဘူတာရုံဘက်ကို ခပ်သုတ်သုတ် ပြန် လှည့်လာခဲ့ပါတယ်။ ခုမှ သတိရတယ်ဆိုတာက တခြားမဟုတ် ပါဘူး။ အလုပ်သမား စုဆောင်းရေးစခန်း ဘယ်မှာ ရှိတယ် ဆိုတာ ဘူတာရုံလက်မှတ် ရောင်းတဲ့လူကို မေးလိုက်ရင် သိရ မှာပဲဆိုတာ တွေးမိလို့ပါ။

ဒါနဲ့ လက်မှတ်ရောင်းတဲ့ အပေါက်ဝနားသွားပြီး "တဆိတ် ရှင်၊ ဒီမြို့က အလုပ်သမား စုဆောင်းရေးစခန်း ဘယ်နားမှာပါလဲ" လို့ မေးကြည့်လိုက်ပါတယ်။

တကယ်တော့ ကျွန်မတို့အဖြစ်က ကိုယ့်လိပ်ပြာ ကိုယ် မလုံလို့ နီးရက်နဲ့ဝေးနေကြတာပါ။ အလုပ်သမား စုဆောင်းရေး စခန်းဟာ ဘူတာရုံနဲ့ ဘာမှမဝေးပါဘူး။ ဘူတာရုံကထွက်ပြီး

မြို့ထဲကို ကွေ့ဝင်လိုက်တာနဲ့ တစ်ပြိုင်နက် အဲဒီစခန်းကို တွေ့ရတာပါ ပဲ။

ဒီလိုနဲ့ ကျွန်မတို့နှစ်ယောက်ဟာ ဧရာမ နီယွန်မီးချောင်း ဆိုင်းဘုတ်ကြီး တပ်ထားတဲ့ အလုပ်သမား စုဆောင်းရေးစခန်း ဂိတ်ဝကို ရောက်လာခဲ့ကြပါတယ်။

အဲဒီမှာ ပြဿနာတစ်ခုက ဘာလဲဆိုတော့ အဲဒီစခန်းမှာ ကျွန်မနဲ့အင်ညာ ဘယ်သူ အရင်စဝင်မလဲဆိုပါပဲ။ နှစ်ယောက် စလုံး ပြိုင်တူဝင်ရရင် ကောင်းမလား။ တစ်ယောက်စီ သီးခြား သပ်သပ် ခွဲပြီး ဝင်ကြမလား။ တစ်ယောက်စီ ခွဲဝင်တာက ပို ကောင်းမယ်။ ဘာဖြစ်လို့လဲဆိုတော့ တကယ်လို့ ပထမဝင်သွားတဲ့သူ ဟန်ပုံမပေါ် ရင် နောက်လူက မဝင်ဘဲ လစ်ချင် လစ်သွားနိုင်တယ်။ အဲဒီလိုဆို ဘယ်သူ အရင်စဝင်မလဲ။

ဒီနေရာမှာ အင်ညာက ကျွန်မထက် အသက်နည်းနည်း ပိုကြီးတာမို့ သူအရင်ဝင်ဖို့ကောင်းတာ အမှန်ပါပဲ။ ဒါပေမယ့် သူ့မှာ ပါလာတဲ့မှတ်ပုံတင်ကတ်ပြားအတုနဲ့ မွေးစာရင်းအတုတွေက ကျွန်မ မှတ်ပုံတင်နဲ့ မွေးစာရင်းလောက် သေသေသပ်သပ်မရှိလှ ဘူး။ ပိုပြီး အသေးစိတ် ပြောရမယ်ဆိုရင် သူ့ဓာတ်ပုံကပ်ထားတဲ့ မှတ်ပုံတင်ကတ်ပြားထဲက ယူကရိန်းမလေးရဲ့ နာမည်က အခုထက်ထိ ရှိနေသေးတဲ့ ယူကရိန်းမလေးရဲ့နာမည်ဖြစ်နေပါ တယ်။ တကယ်လို့ ဂျာမန်တွေက စစ်စစ်ပေါက်ပေါက် နှိုက်နှိုက် ချွတ်ချွတ် စစ်ဆေးမယ်ဆိုရင် အဲဒီယူကရိန်းမလေးဟာ ဟရီဘင် ကိုမြို့မှာ အခုအချိန်အထိ အလုပ်လုပ်နေဆဲပဲဆိုတာ ဂျာမန်တွေ မုချသိသွားကြမှာပါပဲ။



ဒါကြောင့် ကျွန်မပဲ အရင်ဝင်သင့်တယ်လို့ ဆုံးဖြတ်ပြီး အလုပ်သမားစုဆောင်းရေး စခန်းထဲကို ဝင်လာခဲ့ပါတယ်။

"ဘာကိစ္စ ရှိပါသလဲခင်ဗျာ"

စခန်းအဝင် ဂိတ်ဝနဲ့ကပ်နေတဲ့ ခန်းမကြီးတစ်ခုထဲ ဝင်သွား သွားချင်း 'စုံစမ်းရန်'ဆိုတဲ့ ဆိုင်းဘုတ်ကလေး ထောင်ထားတဲ့ စားပွဲမှာ ထိုင်နေတဲ့ လူတစ်ယောက်က ကျွန်မကို ဆီးမေးပါ တယ်။

"ပိုလန်ပြည်ရဲ့ အပြင်ဘက် တခြားနိုင်ငံတစ်ခုမှာ အလုပ်လုပ် ဖို့ မှတ်ပုံတင်ချင်လို့ပါ"

ကျွန်မက ခပ်တည်တည်နဲ့ ပြန်ပြောလိုက်ပါတယ်။ ဒီနေ ရာမှာ ကျွန်မဟာ ယူကရိန်းတောသူမလေးတွေ ပြောတတ်ကြတဲ့ ပုံစံ အတိုင်း အသံကို မသိမသာ ခပ်ဩဩနဲ့ ခပ်ကျယ်ကျယ်ကလေး ပြောလိုက်ပါတယ်။ နောက်ပြီးတော့မှ တောသူပီပီ အကြောက် အလန့်မရှိတဲ့ အိုက်တင်မျိုးနဲ့ "ဒီမှာပဲ မှတ်ပုံတင်ရမယ် မဟုတ် လား" လို့ ရဲရဲတင်းတင်းပဲ မေးချလိုက်ပါတယ်။

"ဟုတ်ပါတယ်၊ ဒီမှာပဲ မှတ်ပုံတင်ရပါမယ်"

မှတ်ပုံတင်စာရေးဟာ ပြောပြောဆိုဆိုနဲ့ ကျွန်မကို ကုလား ထိုင်ရှိရာ မေးငေါ့ပြလိုက်ပါတယ်။ ကျွန်မလည်း ဟန်မပျက် ဝင် ထိုင်လိုက်ပါတယ်။ အဲဒီအချိန်မှာတော့ ကျွန်မဟာ တည်တည် ငြိမ်ငြိမ်နဲ့ တကယ့်ကို ဣန္ဒြေရရဖြစ်နေပါပြီ။

ဒါနဲ့ ထုံးစံအတိုင်း အမည်၊ အသက်၊ နေရပ်၊ ကိုယ်ရေး ရာဇဝင်စတဲ့ဟာတွေ စုံစမ်းမေးမြန်းပါတယ်။ အဲဒီမှာ ကျွန်မရဲ့ ကြိုတင်စီစဉ်ထားတဲ့ 'လုံကြုပ်' ဇာတ်လမ်းကို စီကာပတ်ကုံး ပြောရတော့တာပါပဲ။ ကျွန်မမိဘတွေနဲ့ခွဲပြီး မြို့ပေါ်က မိန်းက လေး ကျောင်း ဘော်ဒါမှာနေတုန်း ရုရှားတွေဝင်လာတာ၊ ကျွန်မ

မိဘ နှစ်ပါးစလုံးကို ရုရှားတွေက ဖမ်းသွားပြီး နယ်နှင်ဒဏ်ပေးလိုက်တာ။ ကျွန်မတစ်ယောက်ထဲ ခိုကိုးရာမဲ့ဘဝနဲ့ အလုပ်လက်မဲ့ဖြစ်ခဲ့ရတာ။ နောက်ဆုံး သင့်တော်တဲ့အလုပ်ကောင်းတစ်ခုခုရဖို့ ပို လန်ပြည်က တခြားသွားပြီး အလုပ်လုပ်ဖို့ စီစဉ်ရတာ၊ ဘာညာ ဘာညာပေါ့ရှင်။

မှတ်ပုံတင်စာရေးကလည်း ကျွန်မပြောတဲ့ဇာတ်လမ်းကို ကြားနေကျပုံစံမျိုးနဲ့ ဝတ်ကျေတန်းကျေ နားထောင်ပြီး ကျွန်မ ဇာတ်လမ်းဆုံးလည်း ဆုံးရော၊ ပုံစံစာရွက်ကို အံဆွဲထဲက ဆွဲထုတ်ပြီး ကျွန်မကို မေးခွန်းတွေ စမေးပါတယ်။ အဲဒီ မေးခွန်းတွေထဲမှာ ကျွန်မကို ဘာသာစကား ဘယ်နှစ်မျိုးတတ်သလဲဆိုတဲ့ မေးခွန်းတစ်ခုပါပါတယ်။ ကျွန်မကလည်း တကယ့်ယူကရိန်းတောသူမလေး တစ်ယောက်ရဲ့ ဒိုက်တင်မျိုးနဲ့ "ယူကရိန်းစကားအပြင် ပိုလန်နဲ့ ရုရှားစကားတွေလည်း တတ်ပါတယ်လို့" ခပ်ကြွားကြွား ပြန်ဖြေလိုက်ပါတယ်။

"ဂျာမန်လိုကော မတတ်ဘူးလား"

"ဂျာမန်လိုတော့ နည်းနည်းပါးပါးပဲ ပြောတတ်ပါတယ်"

ကျွန်မစကားကြောင့် မှတ်ပုံစာရေးက ကျွန်မကို ဂျာမန်ဘာသာနဲ့ တစ်ခွန်းစ နှစ်ခွန်းစ မေးကြည့်ပါတယ်။ သူ့မေးခွန်းတွေကို ကျွန်မကလည်း ဂျာမန်ဘာသာနဲ့ ပြန်ဖြေလိုက်ပါတယ်။ ဒါပေမယ့် ဖြေတဲ့နေရာမှာ ခပ်လေးလေးနဲ့ ခပ်ဆိုင်းဆိုင်း မတတ်တတတ် ပုံစံမျိုးနဲ့ပဲ ဖြေပါတယ်။ တကယ်ကတော့ ကျွန်မဟာ ဂျာမန်လို တော်တော်လေး လည်လည်ပတ်ပတ် ပြောတတ်တာမို့ သူမေးတဲ့ မေးခွန်းလောက်တော့ "အပျော့"ပေါ့ရှင်၊ ဒါပေမယ့် ယူကရိန်းက တောသူမလေးတစ်ယောက်ဟာ ဂျာမန်လို



'မွတ်'နေ အောင် ပြောတတ်တယ်ဆိုရင် မသင်္ကာစရာဖြစ်ဦးမယ် မှတ်လား။ ဒါကြောင့် ကျွန်မအနေနဲ့ ဂျာမန်စကားကို သိပ်မတတ်တဲ့ ပုံစံမျိုး နဲ့ သူ့မေးခွန်းကို တမင် ထစ်တီးထစ်ငေါ့ လုပ်ပြီး ဖြေလိုက်တာပါ။ ဒါလောက်တော့ ကျွန်မလည်း 'ပါး'ပါသေးတယ်ရှင်။

ဒီလိုနဲ့ မှတ်ပုံတင်စာရေးဟာ ကျွန်မကို ကျေနပ်ပြီး၊ အဆင်သင့်ရိုက်ထားတဲ့ ကတ်ပြားတစ်ခုပေါ်မှာ ကျွန်မရဲ့အမည် နေရပ်လိပ်စာနဲ့ တခြားလိုအပ်တာတွေ ဖြည့်စွက်ပြီး၊ ကျွန်မကို ပေးပါတယ်။ သူတို့အလုပ်သမား ရှာဖွေစုဆောင်းရေးရုံးက အသိအမှတ်ပြုလိုက်တဲ့ 'လေဘာကတ်'ပေါ့ရှင်။

နောက်ပြီးတော့ အဲဒီမှတ်ပုံတင်စာရေးကပဲ ပြောပါတယ်။ ဒီတစ်ညအတွက်တော့ အလုပ်သမားတွေအတွက် သီးသန့်ဖွင့်ထားတဲ့ ယာယီတည်းခိုစခန်းမှာ အိပ်ရမယ်တဲ့။ နောက်တစ်နေ့ကျမှ ကရာကောင်းမြို့မှာရှိတဲ့ အလုပ်သမားနေရာချထားရေးဌာနကို သွားပြီး အဲဒီကမှတစ်ဆင့် သင့်တော်တဲ့ နေရာတစ်နေရာကို သွား ပြီး အလုပ်ဝင်ရမယ်လို့ ဆိုပါတယ်။ ပြီး . . . သူက မေးပါ သေး တယ်။

"အဲဒီတော့ မင်းအနေနဲ့ ဘယ်မှာ အလုပ်လုပ်ချင်သလဲ၊ ဂျာမနီမှာလား၊ ပြင်သစ်မှာလား ဒါမှမဟုတ် ဘယ်လ်ဂျီယန်မှာ လား"

"ဘယ်နေရာဖြစ်ဖြစ်ပါ၊ ဖြစ်နိုင်ရင် အဲဒီနိုင်ငံတွေအားလုံးမှာ လုပ်ချင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မက တစ်ကမ္ဘာလုံးနှံ့အောင် ရောက်ဖူးချင်တယ်ရှင့်"

ကျွန်မက အဲသလိုပြောရင်းနဲ့ တကယ့်ယူကရိန်းတောသူတစ်ယောက်လို ပါးစပ်က အသံထွက်အောင် ခပ်ကျယ်ကျယ်ကလေး ရယ်လိုက်တော့ မှတ်ပုံတင်စာရေးကလည်း ကျွန်မကို သဘောကျတဲ့ အမူအရာနဲ့ အားရပါးရ ပြုံးပြပါတယ်။

အဲဒီနောက် သူက အစောင့်တစ်ယောက်ကို လှမ်းခေါ်ပြီး ကျွန်မကို အလုပ်သမား ယာယီတည်းခိုရေးစခန်းကို လိုက်ပို့ဖို့ ပြောလိုက်ပါတယ်။ အဲဒီအချိန်မှာပဲ ကျွန်မ ခေါင်းထဲမှာ အင်ညာနဲ့ ပတ်သက်ပြီး ရုတ်တရက်အတွေးတစ်ခု ပေါ်လာပါတယ်။ အဲဒါက ဘာလဲဆိုတော့ ကျွန်မ ထွက်သွားပြီး အင်ညာဝင်လာလို့ သူက လည်း မှတ်ပုံတင်စာရေးကို ကျွန်မလို နောက်ကြောင်းရာဇဝင်မျိုး ထပ်တူထပ်မျှ ပြောပြပြီး အလုပ်လာလျှောက်ရင် မတော်တဆ သူပြောပုံဆိုပုံ မသေမသပ်တာနဲ့ မှတ်ပုံတင်စာရေးက မယုံသင်္ကာ ဖြစ်သွားမှဖြင့် ကိစ္စများရချည်ရဲ့လို့ စိုးရိမ်သွားမိပါတယ်။

ဒါနဲ့ ကျွန်မအပေါ်မှာ မှတ်ပုံတင်စာရေးက ယုံယုံကြည်ကြည်နဲ့ သဘောကျနေတာကို အခွင့်ကောင်းယူပြီး ချက်ချင်းဖြီး ခနဲ အစီအစဉ်ပြောင်းဖို့ ဆုံးဖြတ်လိုက်ပါတယ်။

"ဒါ့ထက် ကျွန်မတစ်ခုပြောပါရစေ၊ ကျွန်မနဲ့အတူ ကျွန်မ သူငယ်ချင်းတစ်ယောက် ပါလာပါတယ်။ ကျွန်မရဲ့အရင်းနှီးဆုံး မိန်းကလေး သူငယ်ချင်းပါ။ ညီအစ်မအရင်းလိုပဲ ချစ်ကြပါတယ်။ သူလည်း ကျွန်မလိုပဲ အမေအဖေနဲ့ကွဲနေပြီး အလုပ်လက်မဲ့ဖြစ်နေလို့ တရပ်တကျေးမှာ အလုပ်သွားလုပ်ချင်တာနဲ့ ကျွန်မနဲ့အတူ လိုက်လာပါတယ်။ အခု ရုံးခန်းအပြင်မှာ စောင့်နေပါတယ်။ သူက ကျွန်မလို မပြောရဲမဆိုရဲဖို့ ရှက်တတ်တာနဲ့ ကျွန်မပဲ သူ့



ရှေ့က အရင် ဝင်လာခဲ့တာပါ။ အဲဒါ အစ်ကိုကြီးအနေနဲ့ ဖြစ်နိုင်ရင် ကျွန်မ သူငယ်ချင်းအတွက်ပါ အလုပ်ရဖို့ . . ."

အဲဒီလို ပြောလိုက်တော့ ကျွန်မကပဲ အပြောကောင်းလို့လား၊ မှတ်ပုံတင်စာရေး 'အစ်ကိုကြီး'ကပဲ သဘောကောင်းလို့လား တော့ မသိဘူး။ ကျွန်မ စကားမဆုံးသေးခင်မှာပဲ စောစောက ပြုံးရုံသာ ပြုံးနေတဲ့ စာရေးကြီးက ပါးစပ်ကိုဖြဲပြီး တဟဲဟဲရယ် ရင်းနဲ့ . . .

"ဟာ . . . ရပါတယ် ရပါတယ်။ အဲဒီမိန်းကလေးကို သွားခေါ်ချေပါ" လို့ မြှာမြှာသလဲ ပြောပါတယ်။

ဒီလိုနဲ့ တိုတိုပြောရရင် ကိုယ်ကိုယ်တိုင် ကုလားဖန်ထိုး ကိုယ်ကိုယ်တိုင် ချီးပြီး ကိုယ်တိုင်ဝေရတဲ့ 'ဖဲ'လိုပါပဲ။ ကျွန်မအကွက်ဆင်ထားတဲ့အတိုင်း အင်ညာအတွက် 'လေဘာကတ်'ကို လွယ်လွယ်ကူကူနဲ့ ရှောရှောရှူရှူ ရလာခဲ့ပါတယ်။

အဲ့ဒါတွေပြီးတော့ ကျွန်မတို့နှစ်ယောက်ဟာ အစောင့်တစ်ယောက် ခေါ်တဲ့နောက်ကို လိုက်သွားရပြီး 'ဘားရိုက်'လို့ ခေါ် ကြတဲ့ အဆောင်တန်းလျားကြီးတွေ အစီအရီဆောက်ထားတဲ့ ဝင်း ကြီးတစ်ခုထဲ ရောက်သွားကြပါတယ်။

မဲပုပ်ပုပ် မီးခိုးရောင်သုတ်ထားပြီး ရှည်မျောမျောပုံစံနဲ့ အထဲမှာ အိပ်စင်တွေ တစ်ဘက်တစ်ချက် စီတန်းနေတဲ့ ဒီလို'ဘား ရိုက်'မျိုး၊ ဒီလိုအဆောက်အဦမျိုးတွေဟာ မြင်နေကျ တွေ့နေကျမို့ ကျွန်မအတွက် မဆန်းတော့ပါဘူး။ ရိုးနေပါပြီ။ ဒါပေမယ့် . . .

ဒါပေမယ့် အပြင်ဘန်းကကြည့်ရင် အမြင်မဆန်းဘူးဆိုတဲ့ အဲဒီအဆောင်တွေဟာ အထဲကျတော့ တကယ့်ကို ဆန်းနေပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ဝင်ဖို့အတွက် အဲဒီ အဆောင်တစ်ခုရဲ့ တံခါးကိုလည်း ဖွင့်လိုက်ရော အထဲက ရုတ်ရုတ် သဲသဲ ဗြုံးဗြုံးကြွက်ကြွက်နဲ့ ပွက်လောရိုက်နေတဲ့ အသံဗလံတွေဟာ ကျွန်မတို့နားထဲကို ဆောင့်ဝင်လာတော့တာပါပဲ။ သံသေး သံကြောင်တွေနဲ့ သံကုန်ဟစ်ပြီး ဆိုနေကြတဲ့သီချင်းသံတွေ၊ တဝါးဝါးနဲ့ အားရပါးရ ဟားတိုက်နေကြတဲ့ ရယ်သံတွေ၊ တဗ္ဗီဗ္ဗီ တဒ္ဒီဒ္ဒီနဲ့ တအားမှုတ်နေကြတဲ့ ဘာဂျာသံတွေ၊ အရက်မူးပြီး တွေ့ကရာ ရှစ်သောင်း ကြိမ်းမောင်းဆဲဆိုနေကြတဲ့ အသံတွေ၊ ဟို . . . ဆူလိုက်ညံလိုက်တဲ့အသံတွေ အစီစီပွက်နေသလားတောင် အောက်မေ့ရတယ်။

အဆောင်တစ်ခုလုံးမှာလဲ မိန်းမတွေ ယောကျ်ားတွေ အရောရော အနှောနှောနဲ့ ခင်းကြမ်းပြည့်နေတာပါပဲ။ ဒီထဲမှာ ကျေးလက်တောပိုင်းက လူငယ်လူရွယ် ယောကျ်ားကလေးတွေနဲ့ မိန်းမပျိုလေးတွေက ပိုများပါတယ်။ အများစုက ပိုလန်လူမျိုးတွေပါပဲ။ ယူကရိန်းလည်းနည်းနည်းပါးပါး ပါပါတယ်။ သူတို့အားလုံးဟာ အိပ်စင်တွေပေါ်မှာ တစ်ယောက်နဲ့တစ်ယောက် ပူးပူးကပ်ကပ်နဲ့ လုံးထွေးနေလိုက်ကြတာ ဒီလိုမြင်ကွင်းမျိုးကို တစ်ခါမှ မမြင်ဘူးတဲ့ ကျွန်မတို့အတွက်တော့ မျက်နှာ ဘယ်လိုထားရမှန်းတောင် မသိပါဘူး။

အဆောင်တံခါးဖွင့်ပြီး ဝင်လာတာမြင်တော့ ဖြုံးဆိုရုတ်တရက် ဆူဆူညံညံအသံတွေ တိတ်သွားပြီး ကျွန်မတို့ရှိရာကို လှမ်းကြည့်လိုက်ကြပါတယ်။ ဒါပေမယ့် ခဏလေးပါပဲ။ သူတို့လို ဘဝတူ လူသစ်နှစ်ယောက် ရောက်လာတာပဲ ဆိုတာ



သိပြီးနောက် ချက်ချင်းပဲ သီချင်းသံ၊ ရယ်သံ၊ အော်သံ၊ ဆဲသံတွေနဲ့ ဘာဂျာသံ တွေဟာ ပြန်ပြီး ဆူညံသွားတာပါပဲ။

အဲဒီအချိန်မှာပဲ အဆောင်ကို အုပ်ချုပ်ရတဲ့အဆောင်မှူးဟာ ကျွန်မတို့ရှိရာ ရောက်လာပြီး ကျွန်မတို့အတွက် အိပ်စရာ အိပ်စင်ရှာဖို့ ပြောပါတယ်။ တကယ်လို့ ဆာရင်လည်း စားစရာ တစ်ခုခုရနိုင်တယ်လို့ ပြောပါတယ်။ နောက်ပြီး မနက်ဖြန်မနက် ၇ နာရီရထားနဲ့ ကရာကောင်းကို သွားရမယ်။ ဒါကြောင့် မနက် ၆ နာရီတိတိ ထရမယ်။ အဆင်သင့်ပြင်ထားပါ။ အဲသလိုပြော ပြီး အဆောင်မှူးလည်း ပြန်ထွက်သွားပါတယ်။

ဒီလိုနဲ့ ကျွန်မတို့နှစ်ယောက်ဟာ ကမ္ဘာသစ်တစ်ခုကို ရောက်လာခဲ့ရပါပြီ။ ဟုတ်ပါတယ်။ ဒီကမ္ဘာဟာ အရင်က 'အီတာ' နဲ့ 'အက်စ်သာ'ဆိုတဲ့ ဂျူးမလေးနှစ်ယောက်နေခဲ့ထိုင်ခဲ့ရတဲ့ ကမ္ဘာမျိုး မဟုတ်ပါဘူး။ အဲဒီကမ္ဘာက ကမ္ဘာဟောင်းပါ။ အခုကမ္ဘာက ကမ္ဘာသစ်ပါ။ 'ကက်တာရီးနား'နဲ့ 'အင်ညာ' ဆိုတဲ့ ယူကရိန်းမလေးနှစ်ယောက်ရဲ့ ကမ္ဘာသစ်ပါ။ ခုကြည့်လေ အရင်ကမ္ဘာဟောင်းတုန်း က ဂျူးအမျိုးသားတွေချည်း စုစုဝေးဝေးနေခဲ့ရာက အခု ကမ္ဘာ သစ်မှာကျတော့ ဂျူးအမျိုးသား တစ်ယောက်မှမရှိတဲ့နေရာကို ရောက်နေပြီ မဟုတ်လား။ ကျွန်မတို့တောင်ကိုယ့်ကိုယ်ကို ယူကရိန်းမလေးတွေပဲလို့ သဘောထားပြီး အရှင်လပ်လပ် ဘဝ ပြောင်းခဲ့လို့ ဘဝဟောင်းက ဘဝသစ်ကို ရောက်ခဲ့ရတာ မဟုတ် လားရှင်။

ကမ္ဘာသစ်ထဲက ဘဝသစ်ဆိုတဲ့အတိုင်း ဒီမှာတင် အတွေ့အကြုံသစ်တွေ စတွေ့ရတော့တာပါပဲ။

အဲ အဆောင်မှူးလည်း ပြန်ထွက်သွားရော ချက်ချင်းဆိုသလို ကျွန်မတို့နားကို လူငယ်လူရွယ်တွေ ဝိုင်းလာကြတော့တာပါပဲ။ "တစ်ပွဲတစ်လမ်း အကဲစမ်း"ကြည့်မယ်ဆိုတဲ့ ပုံစံမျိုးနဲ့ပေါ့။ တကယ်တော့လဲ ကျွန်မဟာ ပိုလန်နဲ့ ယူကရိန်း တောသူ တောင်သားတွေရဲ့ ရိုးသားပွင့်လင်းမှုနဲ့ ဖော်ရွေရင်းနှီးမှု ဓလေ့ထုံးစံတွေကို သိထားပြီးသားပါ။ အထူးသဖြင့် တောကျေးလက်က လူငယ်လူရွယ် ယောက်ျားလေးတွေနဲ့ မိန်းကလေးတွေရဲ့ အပျိုလူပျို ဆက်ဆံရေး ထုံးတန်းစဉ်လာကိုလည်း နားလည်ပြီးသားပါ။ အပျိုကလေးတစ်ယောက်ကို လူပျိုလေးတစ်ယောက်က မထိတထိနဲ့ မသိမသာ ကျောသပ်ရင်သပ် လုပ်တာမျိုးဟာ သူတို့အတွက် ရိုင်းစိုင်းတယ်လို့ မယူဆကြပါဘူး။ ဒါဟာ အချင်းချင်း နောက် ပြောင်ကျီဆယ်တဲ့သဘော၊ ရင်းနှီးမှုကိုပြတဲ့ သဘောလို့ပဲ မှတ်ယူကြပါတယ်။

ဒါပေမယ့် အခု ဒီအဆောင်ထဲက ကျွန်မတို့ပတ်ပတ်လည်မှာ ဝိုင်းနေကြတဲ့ 'ဘသားချော' တွေကတော့ ဒီပုံစံမျိုး မဟုတ်ဘူးရှင့်။ သူတို့အမူအရာနဲ့ မျက်နှာထားတွေက ရင်းနှီးသလိုလို နောက် သလိုလို ပြောသလိုလိုနဲ့ တကယ်စားတော့ ဝါးတော့မယ့် ပုံမျိုးနဲ့ ဟိုဆွဲဒီဆွဲ လုပ်လာကြတယ်။ တချို့က သူတို့လက်ထဲက ဗော့ဒ်ကာ အရက်ခွက်ကို အတင်းလှမ်းပေးပြီး . . .

"ညီမကြည့်ရတာ ခရီးပန်းလာပုံ ရတယ်။ ရော့ ဒါလေး နည်းနည်းမော့လိုက်၊ ဒါမှ လန်းသွားမယ်" တဲ့။ တချို့ကဆို ဒီ့ထက် ပြောင်ကျသေးတယ်။ "ဟော့ ဒီညမင့်အတွက် အိပ်စင်ရှာမနေနဲ့တော့၊ ကိုယ့်အိပ်စင်ပေါ်မှာပဲ လာအိပ်၊ ကိုယ့်အိပ်စင်က အကျယ် ကြီးပါ။ နှစ်ယောက်အိပ်လို့ ရပါတယ်"ဆိုပြီး သူ



အိပ်စင်ပေါ်ကို ချက်ချင်း ဆွဲတော့လွဲတော့မလို လုပ်လာကြတယ်။

ကျွန်မဖြင့်လေ မျက်နှာပူပြီး ရှက်လိုက်တာ မပြောပါနဲ့တော့။ ဒီကြားထဲ သူတို့တတွေက အငြိမ်မနေဘဲ ဟိုဆွဲဒီဆွဲ ဟိုကိုင်ဒီကိုင်လုပ်နေကြတာ ဒါမျိုးကို တစ်ခါမှမတွေ့ဘူး မကြုံဘူးတဲ့ ကျွန်မမှာ ရင်တွေတုန်ပြီး တစ်ကိုယ်လုံး ရှိန်းဖိန်းနေတော့တာပါပဲ။

ဒါပေမယ့်ခက်တာက ဒီငနဲတွေက ကျွန်မတို့ကို ခုလို ဆက်ဆံနေတာဟာ ကျွန်မတို့ကို ဂျူးမလေးတွေမှန်း မသိဘဲ တကယ့် ယူကရိန်းမလေးတွေထင်လို့ သူတို့လူမျိုးချင်း အပျိုလူပျို ဆက်ဆံတဲ့ သဘောနဲ့ ဆက်ဆံနေကြတာဆိုတော့ ဒါကို မခံချင်လို့ ကက်ကက်လန်အောင် ရန်တွေ့ပစ်လိုက်မယ်ဆိုရင် ကျွန်မတို့ရဲ့ မျက်နှာဖုံးတွေ ကွာကျပြီး အသက်အန္တရာယ်တောင် ဖြစ်နိုင်တယ် မဟုတ်လား။ အဲဒီတော့ပ သူတို့ထင်နေသလို တကယ့်ယူကရိန်း တောသူမလေးတွေလိုပဲ မျက်နှာမပျက်အောင် မနည်းကြိုးဟန် ဆောင်ပြီး ရယ်ရယ်မောမောနဲ့ . . .

"အို အို ဟဲ့ နေကြပါဦး၊ နေကြစမ်းပါဦး။ မျက်နှာလေး ဘာလေး သစ်ပါရစေဦး၊ ခြေထောက်လေး ဘာလေးလဲ ဆေးပါရ စေဦး။ နင်တို့ဟာ အရမ်းချည်းပဲ။ ခဏတဖြုတ်နားပြီး နေရာထိုင် ခင်းလေးများ စီစဉ်ပါရစေဦး" ဆိုပြီး စကားရော ဖွဲ့ရောနဲ့ "ညာတာပါတေး" လုပ်ပစ်လိုက်ကြရပါတယ်။

ဒီလိုနဲ့ ကျွန်မတို့နှစ်ယောက်ဟာ သူတို့ကြားထဲက မလိမ့်တပတ်နဲ့ ရှောင်ထွက်လာပြီး အဆောင်ရဲ့ ဒေါင့်တစ်ဒေါင့်နားက လွတ်နေတဲ့ အိပ်စင်နှစ်ခုပေါ်မှာ နေရာယူလိုက်ကြပါတယ်။ ဘာပဲ ဖြစ်ဖြစ် ဒီတည်းခိုရေးစခန်းမှာ တစ်ညပဲ အိပ်ရမှာဆို

တော့ ဒီတစ်ည ဒီစခန်းမှာ လည်သလို ကြည့်ရှောင်မယ်လို့ ကျွန်မတို့ နှစ်ယောက်စလုံး ဆုံးဖြတ်ထားကြပါတယ်။ ဟုတ်ပါတယ်။ ဒီတစ်ည ဒီမှာအိပ်ပြီး၊ မနက်ဖြန်မနက် ကရာကောင်းကို သွားရမယ်ဆိုတော့ ကရာကောင်းမှာရှိတဲ့ အလုပ်သမား နေရာချထားရေး ဌာနရောက်ရင် ဒီလို ဘရုတ်သုက္ခတွေ ရှိမယ် မထင်ပါဘူး။ မရှိပါစေနဲ့လို့လဲ ဆုတောင်းရတာပေါ့ရှင်။

ဒါပေမယ့် ဒီတစ်ညကလည်း တစ်ညဆို ဆိုသလောက် ပါပဲ။ တကယ့်ကို နှလုံးတုန် ရင်ခုန်စရာကောင်းတဲ့ ညပါ။ အိပ်စရာ နေရာလေးရလို့ အိပ်စင်ပေါ်မှာ ခဏတဖြုတ်လှဲနေတုန်းရှိသေးတယ်။ စောစောက အဖြစ်သည်းခဲ့ကြတဲ့ ငနဲသားတွေနဲ့ တခြားယောက်ျားတွေအပြင် အဆောင်ထဲမှာ ရှိနေကြတဲ့ မိန်းကလေးတွေကပါ ကျွန်မတို့နှစ်ယောက်ကို အိပ်ရာပေါ်က လာဆွဲချပြီး သူတို့ ဝိုင်းထဲကို အတင်းခေါ်ကြပါတယ်။

ဒါနဲ့ ကျွန်မတို့လည်း ကြွေမပျက်အောင် အခြေအနေ မပျက်အောင် သူတို့နဲ့ဝိုင်းဖွဲ့ပြီး သီချင်းတွေဆို လက်ခုပ်လက်ဝါး တီးပြီးကကြ ခုန်ကြလုပ်ရတော့တာပါပဲ။ ဒီကြားထဲ အရက်တွေ အတင်းတိုက်လို့ သူတို့အကြိုက်လိုက်ပြီး နည်းနည်းပါးပါး ဟန်ဆောင်ပန်ဆောင် သောက်ကြရပါသေးတယ်။ သူတို့တတွေဟာ အနေအထိုင် အပြုအမူ ကြမ်းရုံတင်မဟုတ်ပါဘူး။ အပြောအဆိုလည်း ကြမ်းပါတယ်။ အဲသလို ဝိုင်းဖွဲ့ပြီး အရက်သောက်တဲ့သူကသောက်၊ သီချင်းတွေနဲ့အော်ဆိုတဲ့သူက ဆိုနေကြရင်း တစ်ခါတစ်ခါ တစ်ယောက်နဲ့ တစ်ယောက် လှမ်းပြီး နောက်ကြ ပြောင်ကြနဲ့ ပြက်လုံးတွေ ထုတ်လိုက်ကြတာကလည်း မကြားဝံ့ မနာသာပါပဲ။ ဒါပေမယ့် အဲဒီလို မောင်နဲ့နှမ သားနဲ့အမိ ကြားဝံ့စရာမရှိတဲ့ ပြက်လုံး



တွေနဲ့နောက်တာ ပြောင်တာတွေကိုပဲ သူတို့အချင်းချင်း တဝါးဝါး တဟားဟားနဲ့ ပွဲကျလို့ မဆုံးနိုင်အောင် ဖြစ်နေကြပါတယ်။

ဒီလိုနဲ့ တဖြည်းဖြည်းညဉ့်နက်လာတော့ တချို့လည်း အရက်မှိန်နဲ့ အမူးလွန်ပြီး အိပ်ပျော်ကုန်ကြပါတယ်။ တချို့ကျတော့လည်း သူ့အတွဲနဲ့သူ အိပ်စင်တွေပေါ်မှာရော၊ ကြမ်းပြင်ပေါ်မှာပါ တစ်ယောက်နဲ့ တစ်ယောက် ပွေ့ကြ၊ ဖက်ကြ၊ နမ်းကြ၊ ရှုံ့ကြနဲ့ မြင်မကောင်းအောင် ဖြစ်နေကြပါတယ်။

ကျွန်မနဲ့ အင်ညာလည်း တစ်ယောက်နဲ့တစ်ယောက် မသိမသာ မျက်ရိပ် မျက်ခြည်ပြရင်း ဒီအန္တရာယ်က လွတ်အောင် နည်းအမျိုးမျိုးနဲ့ ရှောင်တိမ်းနေကြရပါတယ်။

ကံကောင်းချင်တော့ အဲဒီအချိန်လေးမှာပဲ အဆောင်မှူး ဝင်လာပြီး "အိပ်ချိန်ကျပြီ၊ မီးမှိတ်တော့မယ်၊ ကိုယ့်အိပ်ရာမှာ ကိုယ်ဝင်အိပ်ကြတော့"လို့ အမိန့်ပေးသွားပါတယ်။ ဒါနဲ့ ကျွန်မတို့လည်း မသိမသာ ကိုယ့်အိပ်စင်ရှိရာကို ပြန်လာကြပြီး ဝင်အိပ်လိုက်ကြပါတယ်။

ဒါပေမယ့် တကယ်ကတော့ ဒီလိုအခြေအနေမျိုး ဒီလို အချိန်အခါမျိုးမှာ ဘယ်အိပ်လို့ရပ့ါမလဲရှင်။ အိပ်လည်း ဘယ်အိပ်ရဲပ့ါမလဲ။ အိပ်ရာထဲမှာ အသာကလေး အိပ်ချင်ဟန်ဆောင်ပြီး ရင်တထိတ်ထိတ် စိတ်တထင့်ထင့်နဲ့ ဖြစ်နေရတာပေါ့။ ဘယ်အချိန် ဘယ်သူကများ ငါ့ကို မှောင်ထဲမှာ လာဆွဲပ့ါမလဲလို့ ရင်တမမနဲ့ အိပ်လို့ဘယ်ရပ့ါမလဲ။

တော်ပါသေးရဲ့၊ ရေချိန်လွန်ပြီး မူးမူးရူးရူး အိပ်ပျော်သွားတဲ့လူနဲ့၊ အရက်မှိန်ကလေး တမြမြ သွေးကလေးတကြွကြွနဲ့ "သူတော်

ချင်းချင်း သတင်းလွှေ့လွှေ့' ဆိုတာနဲ့လို ကိုယ့်အတွဲနဲ့ ကိုယ် 'ပေါင်းဖက်တွေ့' နေကြတဲ့ လူတွေနဲ့ဆိုတော့ ကျွန်မတို့နှစ်ယောက်စလုံး ကံကောင်းတယ်လို့ ဆိုရမှာပဲ။ ဒါတောင် မှောင်မဲနေတဲ့ အဆောင်ထဲမှာ ဟိုနေရာက စကားပြောသံလိုလို၊ ဒီနေရာက တခစ်ခစ် ရယ်သံလိုလို၊ ဟိုဘက်အိပ်စင်ပေါ်က ညည်းသံလိုလို၊ ဒီဘက်အိပ်စင်ပေါ်က လူးလွန့်သံလိုလိုနဲ့ မကြားတစ်ချက် ကြားတစ်ချက်နဲ့ ကြားနေရတဲ့အသံတွေဟာ ကျွန်မအတွက် အိပ်မပျော်ဘဲ အိပ်မက်မက်နေရသလိုလို အိပ်မက်ထဲမှာ ထမင်းလုံးတစ္ဆေချောက်ခံနေရသလိုလို တစ်ကိုယ်လုံး ရင်တုံပန်းတုံ ဖြစ်နေမိပါတယ်။

အင်ညာလည်း ကျွန်မလိုပဲ မအိပ်ရဲအောင် ဖြစ်နေရှာလိမ့်မယ်ဆိုတာ ကျွန်မတွေးမိပါတယ်။ ဟုတ်ပါတယ်။ သူ့ခမျာလည်း မှောင်ထဲမှာ မျက်လုံးကြောင်ပြီး အထိတ်ထိတ် အလန့်လန့်နဲ့ အသက်တောင် မရှူရဲအောင် ဖြစ်နေရှာပါတယ်။

ဒီလိုနဲ့ တဖြည်းဖြည်း ညဉ့်နက်သည်ထက် ညဉ့်နက်လာတာနဲ့အမျှ အသံဗလံတွေဟာလည်း ငြိမ်သည်ထက် ငြိမ်ကျသွားပြီး တစ်ခါတစ်ခါ အိပ်မက်ထဲယောင်ရမ်းပြီး စကားပြောသံမျိုးနဲ့ ခပ်မှန်မှန်ထွက်လာတဲ့ ဟောက်သံမျိုးသာ ကြားရပါတော့တယ်။

အဆောင်တစ်ခုလုံး တိတ်ဆိတ်ပြီး သန်းခေါင်ကျော်လို့ အရုဏ်တက်ချိန်နီးလာတာနဲ့အမျှ ဒီညအတွက်တော့ အန္တရာယ်ကင်း ဘေးရှင်းပြီဆိုတဲ့ အတွေးနဲ့ ရင်ထဲက အလုံးကြီး တဖြည်းဖြည်းကျလာပါတယ်။ ဒီအချိန်လေးမှာပဲ ဒီအဆောင်ထဲက လူတွေ အပေါ် စောစောက လူကြမ်းလူရမ်းတွေလို့ ကျွန်မစိတ်ထဲမှာ ယူဆ ထားခဲ့တာတွေဟာ ဖြုံးခနဲ ပြောင်းလဲသွားပြီး ဒီလူ



တွေ၊ ဒီယောကျ်ား လေးတွေ၊ ဒီမိန်းကလေးတွေအပေါ် ကရုဏာစိတ်တွေဟာ ဘယ်လို က ဘယ်လို ပေါ်လာမှန်းမသိဘူး။ ကျွန်မရင်ထဲမှာ လှိုက်လှိုက် လှဲလှဲနဲ့ တလှပ်လှပ်ဖြစ်လာတဲ့အထိ တဖွားဖွားပေါ်ပေါက်လာပါ တယ်။

ဟုတ်ပါတယ်။ တကယ်တော့ သူတို့တတွေဟာ သူတို့နဲ့ ဘယ်လိုမှ ဆက်စပ်ပတ်သတ်မှုမရှိတဲ့ စစ်ကြီးရဲ့ အနိဋ္ဌာရုံတွေကို တွေ့ကြုံခံစားလာကြရင်းနဲ့ အစားအသောက်ချို့ငဲ့မှု၊ အလုပ်အကိုင် ရှားပါးမှုနဲ့ အနေအထိုင် ပျက်ပြားမှုတွေကြောင့် နောက်ဆုံး ဒီဘဝ မျိုး ဒီလိုအဖြစ်မျိုး ရောက်လာကြရရှာတာပါ။ စစ်ကြီးရဲ့ ဒဏ်ရာ ဒဏ်ချက်ကြောင့် သားတကွဲ၊ မယားတကွဲ၊ အမေတကွဲ၊ အဖေတကွဲ ဆိုတာမျိုးတွေဖြစ်ပြီး ကိုယ့်အသက်ကလေးတစ်ချောင်း ရှင်သန် ရပ်တည်နိုင်ရေးအတွက် ရုန်းကန်လှုပ်ရှားကြရင်း စိတ်ဓာတ်တွေ ပျက်ပြား၊ အကျင့်စာရိတ္တတွေ ပျက်ပြားလာကြရတာပါကလား ဆိုတာ ကျွန်မ အလေးအနက်တွေးလာမိပါတယ်။ ကြည့်လေ . . . ခုလောလောဆယ် ကျွန်မကိုယ်တိုင် အမေအဖေနဲ့ မောင်ညီမလေး တွေကို ကျောခိုင်းပြီး မိန်းမပျိုလေးတန်မယ့် ဖြစ်ချင်ရာဖြစ်ဆိုပြီး အိမ်ကထွက်လာခဲ့ရတာ ဒီစစ်ကြီးကြောင့် မဟုတ်လားရှင်။

အဲဒီတော့ သူတို့ သူတို့တတွေဟာ ကျွန်မလို ဒီစစ်ကြီးရဲ့ သားကောင်တွေပါပဲလားဆိုတာ ကောင်းကောင်းကြီး တွေးမိပြီး၊ ကောင်းကောင်းကြီး သဘောပေါက်လာမိပါတယ်။

ဒီအချိန်မှာပဲ အရုဏ်တက်လို့ အရှေ့ဘက်ဆီက ရောင်နီပေါ်လာပါတော့တယ်။ ဒီလိုနဲ့ ကျွန်မအတွက် ချောက်ချားစရာ ကောင်းတဲ့ ညတစ်ညဟာ ကုန်ဆုံးလွန်မြောက်ခဲ့ပါပြီ။

## ရှက်စရာကောင်းတဲ့ နေ့တစ်နေ့

ဟုတ်ပါတယ်။ အရှက်ကျင်းလို့ လင်းလုပါပြီ။

အဆောင်တစ်ခုလုံး အိပ်ရာကနိုးလာကြပြီး မျက်နှာသစ်သူက သစ်ကြ။ အပေါ့အပါးသွားသူတွေက သွားကြနဲ့ လှုပ်လှုပ်ရွရွ ဖြစ်လာကြပါတယ်။ ကျွန်မနဲ့ အင်ညာလည်း ကမန်းကတန်း မျက်နှာသစ်၊ အပေါ့အပါးသွားပြီး အများနည်းတူ မနက်စာအတွက် ဝင်ပြီး တန်းစီကြပါတယ်။

မနက်စာကို အပြေးအလွှားစားပြီးတာနဲ့တစ်ပြိုင်နက် ကျွန်မတို့ အားလုံး ဘူတာရုံဘက်ကို တန်းစီပြီး လျှောက်လာခဲ့ကြရပါတယ်။ ကျွန်မတို့အတွက် သီးသန့်ရထားတွဲရှည်ကြီး နှစ်တွဲ စီစဉ်ထားတာ တွေ့ရပါတယ်။ အားလုံး ကရကောင်းကို သွားကြရမှာပါ။

အခုအချိန်မှာဆိုရင် ကျွန်မနဲ့ အင်ညာအတွက် မနေ့က စီးလာတဲ့ ရထားပေါ်မှာလို စိုးရိမ်စရာမရှိတော့ပါဘူး။ ဘာဖြစ်လို့လဲ



ဆိုတော့ ကျွန်မတို့ရဲ့ မှတ်ပုံတင်အတုတွေ မွေးစာရင်းအတုတွေကို အသုံးပြုစရာ မလိုတော့လို့ပါပဲ။ ကျွန်မတို့ လက်ထဲမှာ အလုပ်သမား ရှာဖွေစုဆောင်းရေး စခန်းက ထုတ်ပေးလိုက်တဲ့ ‘လေဘာကတ်’တွေရှိနေပြီမို့ ဘာမှမသင်္ကာစရာမလိုတော့ပါဘူး။ စိုးရိမ်စရာ လည်း မရှိတော့ပါဘူး။

ဒီလိုနဲ့ ရထားထွက်လာပြီး မကြာခင် ကရာကောင်းကို ရောက်လာခဲ့ကြပါတယ်။

ကရာကောင်းမြို့မှာရှိတဲ့ အလုပ်သမားနေရာချထားရေး ဌာနဟာ တော်တော်ကြီး ကျယ်ပါတယ်။ ဟုတ်ပါတယ်။ ကြီးလည်းကြီး၊ ကျယ်လည်း ကျယ်တဲ့ဌာနကြီးပါ။ ဧရာမ ဝင်းကြီးထဲမှာ အဆောင်တွေ အဆောင်တွေဟာ ရုတ်တရက်ကြည့်လိုက်ရင် မရေမတွက်နိုင်အောင် များလှပါတယ်။

နောက်ပြီးတော့ ဒီဌာနမှာက ပိုပြီး အလုပ်သဘောဆန်တာ တွေ့ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရောက်ရောက်ချင်းပဲ အလုပ်လုပ်မယ့်လူတွေကို ယောကျ်ားသပ်သပ်၊ မိန်းမသပ်သပ် ခွဲလိုက်ပါတယ်။

ကျွန်မတို့ မိန်းမတွေကို ရေချိုးခန်းတွေထဲမှာ ရေချိုးခိုင်းပါတယ်။ ပြီးတော့မှ ဆေးစစ်ဖို့ တန်းစီကြပါတယ်။ ဆေးစစ်ရာမှာ ပြောရစေတော့ ထုံးစံအတိုင်း အားလုံးအဝတ်တွေ ချွတ်ပြီး ကိုယ် လုံးတီးနဲ့ အစစ်ခံကြရပါတယ်။

ဆေးစစ်ခံဖို့အတွက် တန်းစီရာက တဖြည်းဖြည်း ရွေ့တိုးသွားရင်း သွားရင်းနဲ့ ဆရာဝန်ကိုလှမ်းမြင်လိုက်ရတော့ ကျွန်မရင်ထဲမှာ ဒိတ်ခနဲဖြစ်သွားမိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီ ဆရာဝန်ကို ကျွန်မ ကောင်းကောင်းသိနေလို့ပါပဲ။ ဟုတ်ပါ

တယ်။ အဲဒီဆရာဝန်ဟာ ကျွန်မတို့ ဟရီဘင်ကိုမြို့ကပါ။ ဟိုတုန်းက ကျွန်မအဖေ့ဆိုင်ကို မကြာမကြာလာပြီး ဆော်ဒါပုလင်း ဝယ်တတ်ပါတယ်။ ယူကရိန်းလူမျိုးပါပဲ။ ရုရှားတွေ ဝင်လာတုန်းက အဖမ်း ခံရပြီး ဂျာမန်တွေ ရောက်တော့မှ လွှတ်လာတာပါ။ သူ့ကိုကျွန်မ ကောင်းကောင်းသိနေသလို သူကလည်း ကျွန်မကို သေချာပေါက် မှတ်မိမှာပါပဲ။

ဒါပေမယ့် ဒီအခြေအနေကျမှတော့ ကျွန်မလည်း ဘယ်လိုမှ မတတ်နိုင်တော့ပါဘူး။ တန်းစီနေရာက ဘေးထွက်သွားလို့လည်း မဖြစ်ဘူးမှတ်လား။ တစ်ခုတော့ ရှိပါတယ်။ သူ ကျွန်မကို မှတ်မိပေမယ့် ဘာတစ်ခွန်းမှ မပြောဘဲ နေချင်နေလိမ့်မယ်လို့ ထင်ပါတယ်။ နောက်တစ်ခုကတော့ သူကျွန်မကို တကယ်မှတ်မိ ချင်မှလည်း မှတ်မိမယ်။ ဘာဖြစ်လို့လဲဆိုတော့ သူက ကျွန်မကို မြင်ဖူးတွေ့ဖူးတာဟာ နှစ်တော်တော်လေး ကြာသွားပြီ။ အဲဒီ အချိန်ကနဲ့စာရင် ကျွန်မဟာ တော်တော့်ကို ထွားနေပြီပဲ။ သူ ရုတ်တရက် မှတ်မိဖို့မလွယ်ဘူး ထင်ပါတယ်။

နောက်ပြီးတော့ အခုလောလောဆယ် ကျွန်မတို့အားလုံးဟာ ဆေးစစ်ခံဖို့အတွက် ရေချိုးခန်းတွေထဲမှာ ရေချိုးလာခဲ့ကြ တာဆိုတော့ ကျွန်မတို့ဆံပင်တွေကလည်း သေသေသပ်သပ် ဖီးလိမ်းထားတာ မဟုတ်ဘဲ၊ အားလုံး ဆံပင်ဖားလျားနဲ့ချည်း ဖြစ်နေကြတယ် မဟုတ်လား။ တကယ့်တကယ်ကျတော့ မိန်းကလေးတွေ၊ အမျိုးသမီးတွေဟာ ဆံပင်ကို ဖီးလိမ်းပြင်ဆင်ထားတာနဲ့ မဖီးမလိမ်းဘဲ ဆံပင်ဖားလျားချထားတာဟာ သိပ်ကွာပါတယ်။ ဆံပင်ဖီးထားတဲ့ရုပ်နဲ့ ဆံပင်မဖီးဘဲ ဖားလျားချထားတဲ့ရုပ်ဟာ သိသိသာသာကြီး ခြားနားနေတတ်ပါတယ်။



ပြီး ကျွန်မ လှမ်းမြင်ရသလောက်ဆိုရင် အဲဒီဆရာဝန် ဆေးစစ်နေတဲ့ပုံဟာ အပေါ်ယံ ဝတ်ကျေ တန်းကျေ သဘောလောက်ပဲဖြစ်နေတာ တွေ့ရပါတယ်။ ရင်ပတ်ကို နားကြပ်နဲ့ တစ်ချက်နှစ်ချက် ထောက်ကြည့်လိုက်၊ မေးခွန်း တစ်ခု နှစ်ခု မေးလိုက်၊ ချောင်းဆိုးခိုင်းလိုက်၊ ဒါလောက်ပဲ တွေ့နေရပါတယ်။

ဒီလိုနဲ့ ကျွန်မအလှည့်ရောက်လာပါတယ်။

ကျွန်မလည်း အတတ်နိုင်ဆုံး မျက်နှာမပျက်ရအောင် ကိုယ့်စိတ်ကိုယ် ထိန်းပြီး ဆရာဝန်ရှေ့မှာ ဣန္ဒြေရရ ရပ်နေလိုက် ပါတယ်။ ကျွန်မကိုယ် ကျွန်မလည်း 'ဒီဆရာဝန်ကို ငါမသိဘူး။ သူလည်း ငါ့ကို မသိနိုင်ဘူး'လို့ စိတ်ထဲက အပြတ် သဘောထား လိုက်ပါလိုက်ပါတယ်။ တကယ်တော့လည်း သူ အရင်မြင်ဖူး တွေ့ဖူးတာက ဒီဗာ။ အခု သူ့ရှေ့ရောက်နေတဲ့ ကျွန်မက 'ကတ်တာရီး နား' မဟုတ်လား . . . ။

ကျွန်မရဲ့ စိတ်ဓာတ် စစ်ဆင်ရေးကြောင့်လားတော့ မသိဘူး။ ဆရာဝန်ဟာ ကျွန်မကို လုံးဝ မမှတ်မိဘဲ ဖြစ်နေပါတယ်။ ကျွန်မကို ဆေးစစ်ရာမှာ ကျွန်မမျက်နှာကိုတောင် မော့မကြည့်ဘဲ ရင်ပတ်ကို နားကြပ်နဲ့ တစ်ချက် နှစ်ချက်ထောက်ပြီး "ငယ်ငယ် တုန်းက ဘာရောဂါဖြစ်ဖူးသလဲ။ အကြီးအကျယ် ဖျားဖူး နာဖူးသလား" ဆိုတဲ့ မေးရိုးမေးစဉ် မေးခွန်းတစ်ခု နှစ်ခုပဲ မေးပြီး အားလုံး 'အိုကေ' သွားပါတယ်။

ဒါနဲ့ ကျွန်မလည်း ကျွန်မရှေ့က အမျိုးသမီးတွေ သွားရာ ရေချိုးခန်းတွေဘက်ကို ပြန်လျှောက်သွားပြီး စောစောက ချွတ် ထားတဲ့ ကျွန်မအဝတ်အစားတွေကို ပြန်ဝတ်လိုက်ပါတယ်။

အဝတ်အစားတွေ ဝတ်ပြီးလို့ အင်ညာကို သတိရတာနဲ့ လှမ်းကြည့်လိုက်တော့ အဲဒီအချိန်အထိ အင်ညာဟာ ဆေးစစ်ခံ ဖို့ တန်းစီနေတုန်းပဲ ရှိပါသေးတယ်။ ရေချိုးခန်းနဲ့ ဆေးစစ်တဲ့နေရာ ဟာ သိပ်မဝေးတာမို့ အင်ညာ့မျက်နှာကို ကောင်းကောင်းကြီး မြင်နေရပါတယ်။ အဲဒီမှာ သူ့မျက်နှာနဲ့ အမူအရာကို မြင်မြင်ချင်း ကျွန်မလိုပဲ အင်ညာလည်း အဲဒီဆရာဝန်ကို ကောင်းကောင်းမှတ် မိပြီး မသိမသာ မျက်နှာပျက်နေတာကို တွေ့ရပါတယ်။ ကျွန်မ လည်း ကိုယ်တိုင် ရင်တမမဖြစ်ခဲ့ရတာကို ကိုယ်ချင်းစာပြီး လော လောဆယ် ကျွန်မအတွက် စိတ်အေးရပေမယ့် အင်ညာ့အတွက် စိတ်ပူ နေရပြန်ပါတယ်။

အင်ညာ့အတွက် ဘယ်လောက်စိတ်ပူပြီး ဘယ်လောက် စိုးရိမ်မိသလဲဆိုတော့ အင်ညာ့အလှည့်ကျလို့ ဆရာဝန်ရှေ့ သူရောက်သွားတဲ့အချိန်မှာ "တစ်ခုခုတော့ ဖြစ်တော့မှာပဲ" ဆိုပြီး ကျွန်မဖြင့် သူတို့နှစ်ယောက်စလုံးကို မကြည့်ရဲလို့ မျက်နှာလွှဲနေလိုက်မိတဲ့အထိပါပဲ။

ဒါပေမယ့် တော်ပါသေးရဲ့။ ဘုရားမလို့ . . . ကိုးယို့ ကားယား မဖြစ်ဘဲ ခဏနေတော့ အင်ညာဟာ ကျွန်မရှိနေတဲ့ ရေချိုးခန်းတွေဘက် ပြာယိပြာယာနဲ့ ရောက်လာပြီး သူ့အဝတ် အစားတွေကို ကမန်းကတန်း ပြန်ဝတ်နေပါတယ်။ အဲဒီအချိန်မှာ ဒီဆရာဝန်နဲ့ ပတ်သက်ပြီး စောစောက ကျွန်မစိတ်ထဲမှာ ခံစားခဲ့ရသမျှ အင်ညာ့ကို ပြောပြချင်လိုက်တာလေ . . . လျှာကိုယားနေတာပဲ။ ဒါပေမယ့် ကျွန်မတို့ပတ်ပတ်လည်မှာ တခြား အမျိုးသမီးတွေ ရှိနေတော့ ဘယ်ပြောလို့ဖြစ်ပါ့မလဲရှင်။ ပြောများ ပြော လိုက်ရင် 'ကိုယ့်ပေါင် ကိုယ်လှန်ထောင်း' သလိုတောင်



မဟုတ်ဘူး။ 'ကိုယ့်သချိုင်း ကိုယ်တူး'သလို ဖြစ်နေမှာပေါ့။ မှတ်ဘူးလားရှင်။

ဒါပတ်သတ်လို့ ကျွန်မစိတ်ထဲမှာ ရှေ့ရေးကို တွေးပြီး ရင်လေးမိသေးတယ်။ အခု ပထမဆုံးနေ့မှာတောင် ဒီလို စိုးရိမ်စိတ်နဲ့ ရင်တထိတ်ထိတ်ဖြစ်နေရရင် တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ကျွန်မတို့ကို ဘယ်လိုမှ 'ဘူး'ကွယ်လို့ မရအောင် သေသေချာချာ မှတ်မိနေတဲ့ လူတစ်ယောက်ယောက်နဲ့ ပက်ပင်းပါတွေ့ရရင် ဂျောက်မကျပေ ဘူးလား . . . ပေါ့ရှင်။

ဒါပေမယ့် တွေ့တော့မှ တွေ့ရော၊ အဲဒီလိုတွေ့တော့လဲ 'မီးစင်ကြည့်က'ရမှာပါပဲ။ 'နောင်ခါလာ နောင်ချေး' ဆိုတာလည်း သဘောထားပြီး လောလောဆယ် ကွက်ခြေမပျက်အောင်နေဖို့ အရေး ကြီးတယ်ဆိုတဲ့စိတ်နဲ့ ကိုယ့်ကိုယ်ကို ပြန်ပြီး အားတင်းလိုက်ရပါ တယ်။

အဲဒီလို ဆေးစစ်ပြီးတဲ့နောက်တော့ အလုပ်အကိုင် နေရာချထားရေးအတွက် တစ်ဦးချင်း တစ်ယောက်ချင်း လူကိုယ်တိုင် တွေ့ပြီး 'အင်တာဗျူး'လုပ်ဖို့ ရှိပါတယ်။ အဲဒီ 'အင်တာဗျူး'ကိစ္စကတော့ အခု ဆေးစစ်သလို လွယ်လွယ်ကူကူနဲ့ နေ့ချင်းမပြီးနိုင် ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ လူတွေက သိပ်များတယ်မှတ်လား။ ဒါလောက်များတဲ့ လူတွေကို သူတို့ရဲ့ ကိုယ်ရေးရာဇဝင် အသေးစိပ် စုံစမ်းမေးမြန်းဖို့နဲ့ သူတို့ လုပ်ချင်တဲ့အလုပ်၊ သူတို့သွားချင်တဲ့ တိုင်းပြည်၊ သူတို့နဲ့ သင့်တော်မယ့် အလုပ်စတဲ့ဟာတွေကို စိစစ်ရမှာ ဆိုတော့ တစ်နေ့တည်း ဘယ်ပြီးနိုင်ပါ့မလဲ။ အဲဒီတော့ ကိုယ့်အလှည့် မကျမချင်း ဘယ်နေ့ကျမလဲဆိုတာ စိတ်ရှည်လက်ရှည်ထားပြီး စောင့်ကြရတာပေါ့။

အဲဒီလို 'အင်တာဗျူး'အတွက် စောင့်နေရတဲ့ အတော အတွင်း တခြား ဘာအလုပ်မှမရှိတော့ ဒီရက်တွေမှာ တစ်နည်း နည်းနဲ့ အချိန်မကုန်ကုန်အောင် ဖြုန်းနေကြရတာပါပဲ။ ယောကျ်ား သပ်သပ်၊ မိန်းမသပ်သပ် ခွဲထားတဲ့ အဆောင်တွေ ထဲမှာ နေကြ ထိုင်ကြရင်း တစ်ယောက်နဲ့တစ်ယောက် မျက်နှာတန်း မိပြီး မိတ်ဆွေ ဖြစ်တဲ့လူကဖြစ်၊ စိတ်တူသဘောတူ လူချင်းပေါင်း မိပြီး အုပ်စုဖွဲ့တဲ့ လူတွေကဖွဲ့၊ အချင်းချင်း ရင်းနှီးလာကြပြီး ကိုယ့်အကြောင်း သူ့ ပြော၊ သူ့အကြောင်း ကိုယ့်ပြောရင်းက အတင်းတွေ အဖျင်းတွေနဲ့ သတင်းတွေကို အပြန်အလှန် ဖလှယ် တဲ့လူတွေက ဖလှယ်ကြနဲ့ တစ်မျိုးတော့ ပျော်စရာ ကောင်းသလို ပါပဲ။

ဒါပေမယ့် တစ်ခုရှိတာက အခုလို တစ်ရက်က နှစ်ရက်၊ နှစ်ရက် က သုံးရက်ဆိုတာမျိုး ရက်ရှည်လများ တစ်ယောက်နဲ့ တစ်ယောက် ပွူးပွူးကပ်ကပ် နီးနီးစပ်စပ် နေလာကြရတော့ တော်ရုံတန်ရုံ လူဟာ သူ့ကိုယ်သူ 'ဘယ်လိုလူမျိုးလဲ၊ ဘယ်လို အစားထဲကလဲ' ဆိုတာ တဖြည်းဖြည်း ဇာတိပေါ်လာတတ်ကြပါတယ်။ ဒါ ကြောင့် ကျွန်မတို့အနေနဲ့ ကျန်တဲ့တခြား အမျိုးသမီးတွေကို မဖြစ်လို့ ပေါင်းနေကြရပေမယ့် 'စိတ်ပေါင်းကိုယ်ခွာ' ဆိုတာ မျိုး၊ အဲလေ 'ကိုယ်ပေါင်း စိတ်ခွာ' ဆိုတာမျိုး လုပ်နေကြရ ပါတယ်။

အဲဒီလို တခြားအမျိုးသမီးတွေနဲ့ 'ကိုယ်ပေါင်းစိတ်ခွာ' လုပ်နေရာက အမျိုးသမီးတွေနဲ့ ဘာမှပြဿနာမဖြစ်ဘဲ၊ ဖြစ် မယ့် ဖြစ်တော့ အမျိုးသား ငနဲတွေနဲ့ ပြဿနာဖြစ်လိုက်ရပါ သေးတယ်။



ဖြစ်ပုံကတော့ ဒီလိုပါ . . .

ကျွန်မနဲ့ အင်ညာဟာ ဒီအလုပ်သမားနေရာချထားရေးဌာန မှာ တစ်ယောက်နဲ့တစ်ယောက် အမြဲတွဲနေရင် ဘေးဘီက မသင်္ကာ စရာဖြစ်မှာ စိုးတာနဲ့ တတ်နိုင်သလောက် တစ်ယောက် တခြားစီ ခွဲနေခဲ့ကြပါတယ်။ ညဘက်မှာ တစ်ယောက်ကို တစ်ယောက် အရေး အကြောင်းရှိရင် ကူညီဖို့ တိုင်ပင်ဖို့အတွက် အတူတူတွဲပြီး အိပ် ကြပေမယ့် နေ့ခင်းဘက်မှာတော့ လူချင်းခွဲပြီး တစ်ယောက် တခြားစီ ခပ်ခွာခွာနေကြပါတယ်။

ပြီးတော့ဒီစခန်းမှာ ညဘက်ကျရင်သာမိန်းမနဲ့ယောကျ်ား အဆောင်တွေ သီးခြားခွဲပြီး အိပ်ကြရပေမယ့် နေ့လယ် နေ့ခင်း ဘက်မှာတော့ အဆောင်တွေ အပြင်ဘက် ဝင်းကြီးထဲမှာ လွတ် လွတ်လပ်လပ်နဲ့ ကိုယ်သွားချင်ရာ သွားလို့ရပါတယ်။ ဒီလို သွား နေကြတာပါပဲ။ အဲဒီမှာ ယောကျ်ားလေးတွေနဲ့ မိန်းက လေးတွေလည်း လွတ်လွတ်လပ်လပ် တွေ့နိုင်ကြပါတယ်။ နီးစပ်ရင် နီးစပ်သလို ခေါ်နိုင် ပြောနိုင် မိတ်ဖွဲ့နိုင်ကြပါတယ်။

အဲဒီလိုနေကြရင်းနဲ့ စောစောက ကျွန်မပြောသလို ဘသား ချောငနဲသား'နှစ်ပွေ'ဟာ ကျွန်မသွားရာနောက် တကောက် ကောက်လိုက်ပြီး ကျွန်မကို 'ရှိတ်'နေကြတာ တွေ့ရပါတယ်။ အဆောင်တစ်ခုနဲ့တစ်ခု ကူးတဲ့ကြန်လမ်းမှာဖြစ်စေ၊ အဆောင် တစ်ခုခုရဲ့ ဒေါင့်ချိုး တစ်နေရာရာမှာဖြစ်ဖြစ် ကျွန်မရောက်မသွား လိုက်နဲ့ ရောက်သွားလိုက်တာနဲ့ တစ်ပြိုင်နက် အဲဒီငနဲနှစ်ပွေဟာ ကျွန်မရှေ့က ဖျတ်ခနဲ ရောက်လာပြီး မကြားတကြား မထိတထိ နဲ့ ကျွန်မကို ယိကြတော့တာပါပဲ။

ဒါပေမယ့် မရပါဘူး။ ကျောက်ကြောရေပက်ထားသလို ပြောင်ချော်ချော် စပ်ဖြဲဖြဲနဲ့ အဲဒီငနဲသားနှစ်ကောင်ကို ကျွန်မကတော့ 'ခေါက်ထား'လိုက်တာပါပဲ။ အရေးမလုပ်ပါဘူး။ ဂရုလည်း မစိုက်ပါဘူး။

အဲ . . .၊ အရေးမလုပ်ဘူး။ ဂရုမစိုက်ဘူးဆိုတဲ့ကြားထဲက တစ်နေ့တော့ အဲဒီငနဲသားနှစ်ကောင် သူတို့အချင်းချင်း ပြောသလိုလိုနဲ့ ကျွန်မ မကြားကြားအောင် ပြောလိုက်တဲ့ စကားတွေကြောင့် ကျွန်မဖြင့် ခေါင်းနပမ်းများတောင် ကြီးသွားမိပါတယ်။

အဲဒီနေ့က အစွန်ဆုံးအမျိုးသမီးဆောင်ရဲ့ ဒေါင့်ချိုးတစ်ခုကို ကွေ့လည်းကွေ့လိုက်ရော ထုံးစံအတိုင်း ငနဲနှစ်ပွေနဲ့ ပက်ပင်းတိုးတော့တာပါပဲ။ ခါတိုင်းလည်း ဒီလိုတွေ့နေကျ တိုးနေကျမို့ ရိုးနေပါပြီ။ မဆန်းတော့ပါဘူး။ ဒါပေမယ့် သူတို့နှစ်ယောက်ရဲ့ မျက်နှာ အမူအရာတွေဟာ ခါတိုင်းထက်ပိုပြီး ဂနာမငြိမ် ဣန္ဒြေ မရဘဲ စပ်ဖြဲဖြဲနဲ့ ပိုပြီး 'ကဲလဲကဲတယ်၊ သဲလဲသဲတယ်' ဆိုတာမျိုး ဖြစ်နေပါတယ်။ ပြီးတော့ သူတို့နှစ်ယောက်ဟာ ကျွန်မသွားမယ့် စင်္ကြံလမ်းကို သွားမရအောင် ရှေ့ကနေပြီး ပိတ်ဆို့ထားကြပါတယ်။စင်္ကြံလမ်းကလည်း လူနှစ်ယောက်သုံးယောက်ပဲ သွားလို့ ရတဲ့လမ်းဆိုတော့ ကျွန်မလည်း 'ကျားရှေ့ မှောက်လျက်လဲ' သလို ရှေ့မတိုးသာ နောက်မဆုတ်သာ ဖြစ်နေတော့တာပေါ့။

ဒါပေမယ့် ဒါက အကြောင်းမှတ်ဘူးရှင့်။ ဒါက အရေးမကြီးဘူး။ အရေးကြီးတာက သူတို့အချင်းချင်း ပြောသလိုလိုနဲ့ ကျွန်မ မကြားကြားအောင် တမင်ပြောလိုက်တဲ့စကားတွေက ကျွန်မ အတွက် အရေးကြီးနေပါတယ်။



အဲသလို ကျွန်မကို ရှေ့ကနေ လမ်းပိတ်ပြီး ကိုယ့်ဟာကိုယ်ယားနဲ့ မချိမချဉ်လုပ်နေရင်းက သူတို့နှစ်ယောက်မှာ ရုပ်ပိုပြီး ဖြောင့်တဲ့ ခေါင်းဆောင်လိုလို ငနဲက ပထမဆုံး စပြီး ခပ်ကျယ်ကျယ်နဲ့ သူ့ကောင်ကို လှမ်းပြောလိုက်တယ်။

"ဟေ့၊ ဒီကောင်မလေးဟာ ဘာလူမျိုးလဲကွ၊ မင်း သိလားဟင်၊ ဒါလေးဟာ ဘာလေးလဲ ပိုလန်မလေးလား"တဲ့။

အဲဒီတင် ကျန်တဲ့တစ်ယောက်က ကျွန်မကို စားတော့မလိုဝါးတော့မလို စပ်ဖြဲဖြဲနဲ့ ခြေဆုံး ခေါင်းဆုံး ကြည့်လိုက်ပြီး . . .

"ဒါတော့ ဘယ်သိမလဲကွ၊ ပိုလန်မလေး ဟုတ်ချင် ဟုတ်မှာပေါ့၊ မဟုတ်ချင်လဲ နေမှာပေါ့"

"ဒါပေမယ့် ဒါလေးက ပိုလန်လို ပြောတတ်တယ်ကွ။ အေးတစ်ခုတော့ရှိတယ်၊ သူက ရုရှလိုလည်း တတ်တယ်။ အဲဒီတော့ရုရှမလေးကော မဖြစ်နိုင်ဘူးလား"

ပထမ ငနဲရဲ့ စကားကို ဒုတိယငနဲက ဘာမှပြန်မဖြေဘဲ သူ့မေးစေ့ကို လက်နဲ့အိုက်တင်ပါပါ ပွတ်နေပြီး ကျွန်မကို အကဲခတ် နေတဲ့ပုံစံမျိုးနဲ့ ခပ်ကြောင်ကြောင် စိုက်ကြည့်နေပါတယ်။ အဲဒီ အချိန်အထိ ကျွန်မအနေနဲ့ ဂရုမစိုက်သေးပါဘူး။

အဲဒီတော့မှ ပထမ ငနဲက ဆက်ပြောလိုက်ပါတယ်။

"အေး မင်း မပြောနိုင်ရင် ငါပြောမယ်။ ဒီကောင်မလေးဟာ ပိုလန်မလေး မဖြစ်နိုင်ဘူးကွ။ သူ့ကြည့်ရတာ ပိုလန်မတွေထက် ပိုပြီး 'လှျှင်'နေတယ်။ အဲဒီတော့ မဟုတ်မှလွဲရော။ ဒါလေး ဟာ ဂျူးမလေးပဲဖြစ်ရမယ်။ မင်း ဘယ်နဲ့ သဘောရသလဲ။ ဟင် ဒီကောင်မလေးဟာ ဂျူးမလေး မဟုတ်လား"

"ဟုတ်ပီဟေ့၊ ဟုတ်ပီ၊ မင်းပြောတာ ဖြစ်နိုင်တယ်။ ဂျူးမလေး၊ ဟုတ်တယ် ဂျူးမလေး"

"ဂျူးမလေး"လို့လည်း ကြားလိုက်ရော ကျွန်မရင်ထဲမှာဒိန်းကနဲ အနားကပ်ပြီး အမြောက်ပစ်သံ ကြားလိုက်ရသလိုဖြစ်သွားတော့တာပါပဲ။ သူတို့နှစ်ယောက် စောစောက တစ်ယောက် တစ်ပေါက် ပြောနေတာကို အရေးမလုပ် ဂရုမစိုက်ဘဲ ခပ်တည်တည် နေလာခဲ့တာဟာ 'ဂျူးမလေး' ဆိုတဲ့စကား ကြားကြားချင်း ကျွန်မမျက်စိထဲ ပြာခနဲဖြစ်သွားပြီး ဘာလုပ်လို့ လုပ်မိမှန်းတောင် မသိတော့ပါဘူး။ ဖြုံးဆို သူတို့နှစ်ယောက်စလုံးကို တံတွေးနဲ့ ပက်ခနဲ ပစ်ထွေးလိုက်ပြီး သူတို့နှစ်ယောက်ကြားထဲက ဇွတ်တိုးပြီး ထွက်လာခဲ့မိတာပါပဲ။

ဒေါသပေါက်ကွဲပြီး လုပ်မိလုပ်ရာ လုပ်လာခဲ့ပေမယ့် ကိုယ့်ကိုယ်ကို မလုံမလဲမို့ ရင်ထဲက တလှပ်လှပ်ဖြစ်လာတာနဲ့ ကျွန်မလည်း ဝင်မိဝင်ရာ အနီးဆုံးရှိနေတဲ့ အိမ်သာထဲ တန်းဝင်လာခဲ့မိပါတယ်။ အိမ်သာထဲ ရောက်တဲ့အထိ 'ဂျူးမလေး' ဆိုတဲ့အသံကို ကြားယောင်နေတုန်းပါပဲ။ ဒါနဲ့ အိမ်သာထဲမှာပဲ စိတ်ငြိမ်သွား အောင် တအောင့်လောက်ထိုင်နေလိုက်ရပါတယ်။ ငါးမိနစ်လောက် ကြာတော့မှ အိမ်သာထဲက ထွက်လာခဲ့ပြီး ဘယ်ကိုမှ မသွားတော့ ဘဲ ကိုယ့်အဆောင်ကိုယ် ပြန်လာခဲ့ရပါတယ်။

အဆောင်ရောက်တဲ့အထိ ရင်ခုန်သံမြန်တုန်းပဲ ရှိပါသေးတယ်။ ဒါနဲ့ ကျွန်မ အိပ်ရာပေါ်က ခေါင်းအုံးနဲ့စောင်တွေကို ခါလိုက်၊ ပြန်ခေါက်လိုက်၊ အိတ်ထဲက အဝတ်အစားတွေကို ထုတ် လိုက် ဖြန့်လိုက် ပြန်ထည့်လိုက်နဲ့ စိတ်မငြိမ်မချင်း လုပ်မိလုပ်ရာ လျှောက်လုပ်နေမိပါတယ်။ နာရီဝက် တစ်နာရီလောက်



ရှိတော့မှ တဖြည်းဖြည်း ခေါင်းအေးပြီး စိတ်လည်း ငြိမ်ကျသွားပါတော့တယ်။

ဒီကိစ္စမှာ ကိုယ့်လိပ်ပြာ ကိုယ်မလုံလို့သာ ဒါလောက်ဖြစ် ရတာပါ။ တကယ့်တကယ်တော့ အဲဒီကောင် ငနဲနှစ်ပွေဟာ ကျွန်မအကြောင်းကို ရိပ်လည်း မရိပ်မိပါဘူး။ လုံးဝ သိလည်း မသိပါဘူး။ အလကား သူတို့ဟာ သူတို့ နောက်ရင်းပြောင်ရင်း အာချောင်ပြီး ပြောမိပြောရာ စွပ်ပြောကြတာပေါ့။ အဲဒီ သေနာကောင်တွေလည်း ကျွန်မတံတွေးနဲ့ ထွေးပစ်ခဲ့လို့ လန့်သွားကြသလား မဆိုနိုင်ဘူး။ ဒီစခန်းမှာ သူတို့နဲ့ နောက်ထပ်လည်း မတွေ့ရတော့ပါဘူး။ မတွေ့တာဘဲ ကောင်းပါတယ်၊ သေနာကောင်တွေ . . . ကာလနာတွေ။

ဒီလိုနဲ့ပဲဆိုပါတော့ရှင်၊ ကရာကောင်းမြို့မှာ ရက်တော်တော်ကလေးကြာအောင် နေလာခဲ့ရပြီး နောက်ဆုံးကျတော့ ကျွန်မတို့အတွက် 'အင်တာဗျူး' အလှည့်ကျတဲ့နေ့ ရောက်လာပါတယ်။

အင်တာဗျူးလုပ်တဲ့ အရာရှိက ကျွန်မတို့ကို ဘယ်တိုင်း ပြည် ဘယ်မြို့နယ်ကို သွားချင်သလဲလို့ မေးပါတယ်။ သူတို့မမေးခင်ကတည်းက ကျွန်မနဲ့ အင်ညာဟာ ဩစထရီးယားကိုသွားဖို့နှစ်ယောက်သား သဘောတူထားကြတာ ရှိပါတယ်။ ကျွန်မအနေနဲ့က အဲဒီကို သွားချင်တာ တခြားကြောင့်တော့ မဟုတ်ပါဘူး။ အဲဒီ ဩစထရီးယားပြည်နယ်က လင့်ဇ်မြို့မှာ ကျွန်မတို့မိသားစုနဲ့ အင်မတန် ခင်မင်ရင်းနှီးတဲ့ ရေဒီယိုအော်ပရာတစ်ယောက် ရှိနေလို့ပါ။ နောက်ပြီးတော့ ကျွန်မအဖေဟာ ကျွန်မငယ်ငယ်တုန်းက ဩစထရီးယားပြည် ဗီယင်နာမြို့တော်ကို မကြာခဏ အလုပ်ကိစ္စနဲ့ သွားဖူးပါတယ်။ အဖေရဲ့ ပြောပြချက်အရ

ဩစတြေးလျန်းလူမျိုး တွေဟာ အင်မတန် ယဉ်ကျေးသိမ်မွေ့ပြီး လူတိုင်းလိုလို ဖော်ဖော် ရွေရွေ ရှိကြတယ်လို့လဲ ပြောဖူးပါတယ်။ ဂျာမန်အမျိုးအနွယ်တွေ ထဲမှာ ဩစတြီးယားတွေဟာ အသိမ်မွေ့ဆုံးနဲ့ အယဉ်ကျေးဆုံးလို့ တောင် ဆိုကြပါတယ်။

"ဩစတြီးယားပြည်မှာ ဘယ်မြို့ ဘယ်နေရာကို သွားချင်တယ်ဆိုတာ သတ်မှတ်ထားပြီးသားရှိသလား"

အင်တာဗျူးလုပ်တဲ့ အရာရှိက ကျွန်မကို ထပ်မေးပါတယ်။

"ဟုတ်ကဲ့ . . . ရှိပါတယ်၊ လင့်ဇ်မြို့ကို သွားချင်ပါတယ်"

"အဲဒီကိုမှ ရွေးပြီး သွားချင်တယ်ဆိုတာ အကြောင်းထူးရှိလို့လား"

"ဒါကတော့ ဒီလိုပါ၊ ကျွန်မနဲ့ အဲ . . . အဲဒီ လင့်ဇ်မြို့ကစစ်သား တစ်ယောက်နဲ့ ရင်းနှီးတဲ့ အဆက်အသွယ်ရှိနေလို့ပါ"

ကျွန်မလည်း မြန်မြန်ကိစ္စပြတ်အောင်ဆိုပြီး ဝေ့လည်ကြောင်ပတ်နဲ့ ဟိုလိုလို ဒီလိုလို မလိမ့်တပတ် ပြောချလိုက်ပါတယ်။ အဲဒီတော့မှ အင်တာဗျူးအရာရှိဟာ နောက်ထပ် ဘာတစ်ခွန်းမှ ဆက်မမေးတော့ဘဲ ကျွန်မရဲ့ 'လေဘာကတ်' ပေါ်မှာ 'လင့်ဇ်မြို့' ဆိုပြီး မှင်နီနဲ့ ရေးပေးလိုက်ပါတယ်။

အင်ညာအလှည့်ရောက်တော့ "ဩစတြီးယားကို သွားချင်ပါတယ်။ ဒါပေမယ့် နေရာသီးခြား စဉ်းစားထားတာ မရှိပါဘူး" ဆိုတာနဲ့ ဗီယင်နာမြို့မှာပဲ အလုပ်လုပ်ဖို့ နေရာချပေးလိုက်ပါတယ်။

ဒီလိုနဲ့ ကျွန်မတို့နှစ်ယောက်စလုံး ဘယ်တိုင်း ဘယ်ပြည် ဘယ်မြို့ ဘယ်ရွာမှာ အလုပ်လုပ်ဖို့ဆိုတာ သေချာသွားပါတယ်။



ကျွန်မတို့သွားရမယ့် မြို့နာမည် အတိအကျဖော်ပြထားတဲ့ အလုပ်သမား မှတ်ပုံတင်ကတ်ပြားအသစ်လဲ ရခဲ့ကြပါပြီ။

ဒါပေမယ့် ရုတ်တရက် နေ့ချင်းညချင်း မသွားရသေးဘဲ စောင့်နေကြရပါသေးတယ်။ ဒီအတောအတွင်း ကျွန်မတို့လို အင်တာဗျူးထိုင်ပြီးလို့ နေရာအတိအကျ ရွေးပြီးတဲ့ လူတွေ အဖွဲ့လိုက် အဖွဲ့လိုက် စခန်းက နေ့တိုင်းလိုလို ထွက်ခွာသွားကြတာ တွေ့နေရပါတယ်။ ဒါပေမယ့် အဲဒီအဖွဲ့တွေ အားလုံးဟာ ဂျာမနီ ကို သွားကြတဲ့ အဖွဲ့တွေချည်းပါပဲ။ ကျွန်မတို့လို ဩစတြီးယားကို သွားမယ့်လူက တော်တော်လေးနည်းပါတယ်။ ဒါကြောင့်လည်း ကျွန်မတို့ဟာ နောက်ထပ် ဩစတြီးယားကို သွားမယ့် လူတွေစုံ အောင် စောင့်နေရင်းနဲ့ ရက်ကြာနေတာပါ။

လေးငါးရက်လောက်ကြာတော့ လူတော်တော်လေး ရလာတဲ့အတွက် သွားဖို့လာဖို့ ပြင်ဆင်ကြရပါတယ်။ ကျွန်မတို့ အားလုံး ဩစတြီးယားကို သွားကြမယ့်အဖွဲ့ဟာ စုစုပေါင်း ဆယ့်လေးငါး ယောက်လောက် ရှိပါတယ်။ အားလုံးလိုလို လူငယ်လူရွယ်တွေချည်း ပါပဲ။ သွားမယ့်နေ့ကျတော့ ဘူတာရုံကို အဖွဲ့လိုက် တစ်စုတဝေးတည်း လာခဲ့ကြရပါတယ်။

ဒီခရီးကတော့ ကျွန်မတို့အတွက် အထူးသဖြင့် ကျွန်မနဲ့အင်ညာ အတွက် စိတ်အေးလက်အေး စိတ်ချလက်ချသွားရတဲ့ ခရီးပါပဲ။ လမ်းမှာ ဘယ်လိုအနှောင့်အယှက်မျိုး ဘယ်လိုအန္တရာယ်မျိုးမှ တွေ့စရာမရှိတော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ကို ရန်သူ(ဂျာမန်)တွေ ကိုယ်တိုင်က လမ်းခရီးတစ်လျှောက်လုံး ကာကွယ်စောင့်ရှောက်သွားကြလို့ပါပဲ။ ပြီးတော့ ကျွန်မတို့

လက်ထဲမှာ ကျွန်မတို့ကို အသက်အန္တရာယ်ပေးမယ့် ရန်သူ(ဂျာမန်)တွေကိုယ် တိုင်က ထုတ်ပေးထားတဲ့ 'အန္တရာယ်ကင်း' လက်မှတ်တွေ စာရွက် စာတမ်းတွေ ရှိနေကြပြီ မှတ်လား။

တဖြည်းဖြည်းနဲ့ ကျွန်မတို့စီးလာကြတဲ့ မီးရထားဟာ ပိုလန်နယ်စပ်ကို ရောက်လာခဲ့ပါပြီ။ ကျွန်မတို့အဖွဲ့ထဲက တခြားလူတွေတော့ မပြောတတ်ဘူး။ ကျွန်မအတွက်ကတော့ ဒီပိုလန်နယ်စပ်ကို ဖြတ်ကျော်ရတဲ့ ရွှင်းနဲ့ဖြစ်ရပ်ဟာ ရင်တလှပ်လှပ်နဲ့ စိတ်ထဲမှာ တစ်မျိုးကြီး ခံစားမိပါတယ်။

တဂျုံးဂျုံး တချက်ချက်နဲ့ စက်ကုန်ခုတ်ပြီး မောင်းလာတဲ့ရထားကြီးဟာ ပိုလန်နယ်စပ်ကို အဖြတ်မှာ ဥသြရှည်ဆွဲပြီး မှုတ်လိုက်တော့ ကျွန်မဖြင့် လွမ်းသလိုလို ဆွေးသလိုလိုနဲ့ ငိုမိတော့မလိုတောင် ဖြစ်သွားပါတယ်။ တကယ်တော့လည်း ဒီပိုလန်နိုင်ငံ၊ ပိုလန်မြေဟာ ကျွန်မရဲ့အမိနိုင်ငံ၊ အမိမြေမဟုတ်ပါဘူးရှင်။ တစ်ခါ မှ မခွဲခွာဘူးပဲနဲ့ အခုလို အမိနိုင်ငံ အမိမြေကို နောက်ဆုံး ခွဲခွာခြင်းနဲ့ ခွဲခွာခဲ့ရတဲ့အဖြစ်ဟာ စဉ်းစားကြည့်လေလေ ရင်နာစရာ ကောင်းလေလေပါပဲ။ ဒါပေမယ့် . . .

ဟုတ်ပါတယ်။ 'ဒါပေမယ့်' လို့ပဲ ဆိုပါရစေတော့။ လောလောဆယ် ဒီစစ်ကြီးရဲ့ ဒဏ်ရာဒဏ်ချက်တွေနဲ့ ဒီဖက်ဆစ်ကောင်တွေရဲ့ ယုတ်မာရက်စက်မှုတွေကြောင့် အမိနိုင်ငံ အမိနယ်မြေမှာ နေလို့မရတဲ့အတွက် အခုလိုစွန့်စားလာခဲ့ရတဲ့အဖြစ်ကို စဉ်းစားလိုက်ပြန်တော့လဲ ကျွန်မရဲ့ ခံစားချက်ဟာ စောစောကလို မဟုတ်တော့ဘဲ ပြောင်းပြန်ဖြစ်သွားရပြန်ပါတယ်။ မှန်ပါတယ်ရှင်။ လက်ရှိ အခြေအနေအရ ပိုလန်နိုင်ငံမှာ ဆက်နေရင် အသက်နဲ့ ကိုယ်ခန္ဓာ နဲ့ ဒိုးစားကွဲပြီး မုချသေပွဲဝင်ရမှာဆိုတော့ အခုလို



ပိုလန်နယ်နိမိတ်ကို ဖြတ်ကျော်ပြီး ပိုလန်နိုင်ငံနဲ့ဝေးလေလေ ကျွန်မရဲ့ အသက်အန္တရာယ် ကင်းဝေးလေလေ ဖြစ်နေပါတယ်။ ဒီလိုဆိုပြန်တော့လဲ ပိုလန်နိုင်ငံ ကို စွန့်ခွာလာရတာဟာ ကျွန်မရဲ့ သေတွင်းနဲ့ သချိုင်းကို စွန့်ခွာ လာရသလို တစ်မျိုးတဖုံ ခံစားလာမိပြန်ပါတယ်။

ကဲပါလေ . . . ဒါတွေတွေးနေလို့ မဖြစ်သေးပါဘူး။ လက်ငင်းဖြစ်ပေါ်နေတဲ့ အခြေအနေအရ အရှိကို အရှိအတိုင်းပဲ ရင်ဆိုင်ပါတော့မယ်ဆိုပြီး စိတ်နှလုံး ဒုံးဒုံးချလိုက်တော့မှ ရထားပေါ်မှာ ကျွန်မပတ်ဝန်းကျင်က ကျွန်မတို့အဖွဲ့တွေဟာ သီချင်းတကျော်ကျော်နဲ့ အော်ဟစ်ပြီး ပျော်ပျော်ပါးပါး ဖြစ်နေကြတာကို သတိပြုမိ ပါတယ်။

အဲဒီကျမှ ကျွန်မလည်း စောစောက တောင်တောင်အီအီတွေးနေမိတာကို အပြီးအပိုင် အာရုံဖြတ်လိုက်ပြီး သူတို့တတွေနဲ့ အတူ သီချင်းတွေကို တပျော်တပါးကြီး ဝင်ဆိုလိုက်ရပါတယ်။

ဒီလိုနဲ့ ပိုလန်နိုင်ငံနယ်နိမိတ်ကို ဖြတ်ကျော်ပြီး ဂျာမနီနိုင်ငံထဲ ရောက်သထက် ရောက်လေလေ ကျွန်မစိတ်ထဲမှာ 'လွတ်ပြီကျွတ်ပြီ'ဆိုတဲ့ စိတ်မျိုး ပေါ်ပေါက်လာလေလေ ဖြစ်လာမိပါတယ်။ ဒီလိုစိတ်မျိုး ဖြစ်မိတဲ့အတွက် ကျွန်မကို ဘယ်လိုမှ သဘောမထား စေချင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဥရောပတစ်တိုက်လုံးမှာရှိတဲ့ အထူးသဖြင့် ပိုလန်နိုင်ငံမှာရှိတဲ့ ဂျူးတွေအတွက် အသက်ကို ဖက် နဲ့ထုပ်ထားရသလို ဖြစ်နေတဲ့အချိန်မှာ ဂျူးမလေးတစ်ယောက်ဖြစ်တဲ့ ကျွန်မဟာ ယုကရိန်းမလေးလို ရုပ်ဖျက်ပြီး ပိုလန်နိုင်ငံက ဂျာမနီနိုင်ငံ ထဲရောက်လာပြီး ဂျာမန်တွေကြားထဲမှာ နေဖို့ ကြိုးစားတာဟာ အခြားဘာကြောင့်မှ မဟုတ်ဘူး။

‘အသက်ဘေးကြောင့်’ဆိုတာ နား လည်စေချင်လို့ပါပဲ။ တကယ့်တကယ်ကျတော့ အရိုးသားဆုံးနဲ့ အပွင့်လင်းဆုံး ပြောကြမယ်ဆိုရင် လူဆိုတာ သေရမှာကိုတော့ ကြောက်ကြတာချည်းပဲ မဟုတ်လားရှင် . . .။

ဒီလိုနဲ့ တော်တော်လေးညဥ့်နက်လို့ ညဆယ့်တစ်နာရီသာသာလောက်ကျတော့ ဗီယင်နာမြို့ကို ရောက်တော့တာပါပဲ။

ဗီယင်နာ၊ ဟုတ်ပါတယ်။ ဩစတြီးယားပြည်ရဲ့ မြို့တော် ဗီယင်နာမြို့ကြီးပါ။ မြို့တော်ကြီးဆိုတဲ့အတိုင်း ညသန်းခေါင်အချိန် မှာတောင် ရောင်စုံမီးတွေနဲ့ ထိန်ထိန်ငြီးနေတဲ့ တကယ့်မြို့တော်ကြီး ပါပဲ။ အဲဒီရောင်စုံမီးတွေထက် ပိုပြီး ထူးခြားတာကတော့ နက်မှောင် နေတဲ့ ကောင်းကင်မှာ ဖျပ်ခနဲ ဖျပ်ခနဲ ဝင်းခနဲ လက်ခနဲ အတန်း လိုက်ကြီးပေါ်ထွက်လာတဲ့ မီးမောင်းကြီးတွေပါပဲ။ ကျွန်မတစ်သက် မှာ ဒီလိုမီးမောင်းကြီးတွေ ကောင်းကင်မှာ ထိုးထွက်နေတာကို ဒီအကြိမ်ဟာ ပထမဆုံးအကြိမ်မြင်ဖူးတွေ့ဖူးတာပါပဲ။ ဒီမီးမောင်း တွေဟာ ရန်သူဗုံးကြဲလေယာဉ်တွေရဲ့ ရန်ကို ကာကွယ်ဖို့၊ ရန်သူ လေယာဉ်တွေကို ကောင်းကင်မှာ ရှာဖွေဖို့ဆိုတာ သိနေရပေမယ့် ဟိုနေရာ ဒီနေရာက ဝင်းခနဲ လက်ခနဲ အတန်းလိုက် ထိုးထွက်လာတဲ့ မီးမောင်းကြီးတွေ တစ်ခုနဲ့ တစ်ခု ရောယှက်ပြီး ကောင်းကင်တစ်ခုလုံး လင်းထိန်သွားတာဟာ အင်မတန် ကြည့်လို့လှနေပါ တယ်။

ဒီဗီယင်နာမြို့မှာလည်း ကျွန်မတို့တတွေ ဝင်းကြီးတစ်ခုတည်းက အဆောင်ဘားရိုက်တွေမှာ နေရာချပေးကြပါတယ်။ ဒါပေမယ့် ဒီဝင်းကြီးနဲ့ ဒီအဆောင်တွေဟာ ကရာကောင်းမြို့က ဝင်းကြီးထက် ပိုကျယ်ပြီး အဆောင်တွေကလည်း ပိုများပါတယ်။



အဲဒီညမှာ ကျွန်မတို့အတွက် နေရာချပေးတဲ့ အဆောင်မှာပဲ အိပ်ကြရပြီး နောက်တစ်နေ့မနက်ကျတော့ ဆေးစစ်ခံဖို့ တန်းစီကြရပြန်ပါတယ်။ ဟုတ်ပါတယ်။ ဒီတစ်ခါ ဆေးစစ်ရာမှာလည်း ကရာကောင်းတုန်းကလို ကိုယ်တုံးလုံးချွတ်ပြီး တန်းစီကြရတာပါပဲ။

ဒါပေမယ့် အခု ဗီယင်နာမှာ ဆေးစစ်ခံရတာဟာ ကရာကောင်းတုန်းကလို မဟုတ်ဘဲ ကျွန်မစိတ်ထဲမှာ တစ်မျိုးတစ်ဖုံ ထူးခြားသလို ဖြစ်နေပါတယ်။ ကရာကောင်းတုန်းကဆိုရင် ကျွန်မတို့ကို ဆေးစစ်တဲ့နေရာမှာ အုပ်ချုပ်ကြီးကြပ်တဲ့ သူတွေရော ဆေးစစ်တဲ့ဆရာဝန်ပါ ပိုလန်၊ ရုရှား၊ ယူကရိန်းစတဲ့လူမျိုးတွေချည်းပါ။ ဂျာမန်တွေ လုံးဝမပါပါဘူး။

အခု ဒီဗီယင်နာမှာတော့ ကျွန်မတို့ကို ဆေးစစ်တဲ့နေရာမှာ ကြီးကြပ်တဲ့ အဖွဲ့ဝင်တွေရော၊ ဆေးစစ်တဲ့ ဆရာဝန်တွေရော အားလုံး တစ်ယောက်မကျန် ဂျာမန်တွေချည်း ဖြစ်နေပါတယ်။ နောက်ပြီးတော့ ကရာကောင်းမှာတုန်းက ကျွန်မတို့ကို ဆေးစစ်တာဟာ သာမန်သွေးရိုးသားရိုး အနေနဲ့ ကျန်းမာရေးအရ ဆေးစစ်တဲ့ သဘောမျိုးဖြစ်ပေမယ့် အခု ဒီမှာတွေ့ရတဲ့ပုံစံက လူလူချင်း ကျန်းမာရေးအရ ဆေးစစ်တဲ့သဘောမျိုး မဟုတ်ဘဲ ကျွန်မတို့ကို ကျွဲတို့၊ နွားတို့၊ ဆိတ်တို့၊ သိုးတို့လို သဘောထားပြီး ဆေးစစ်သလို ဖြစ်နေပါတယ်။

နောက်တော့မှ ကျွန်မသိရတာက ဂျာမန်တွေဟာ သူတို့ကိုယ်သူတို့ အမြင့်မြတ်ဆုံး လူသားအမျိုးအနွယ်တွေလို့ ခံယူထားကြပြီး ကျန်တဲ့လူမျိုးတွေမှန်သမျှ သူတို့ထက်နိမ့်ကျတယ်လို့ သတ်မှတ်ထားကြတာကိုး။ ပိုပြီးရှင်းအောင် ပြောရရင် သူတို့ဂျာ

မန် လူမျိုးတွေကိုသာ 'လူ'ရယ်လို့ သဘောထားကြပြီး ကျန်တဲ့ လူမျိုး တွေမှန်သမျှကို 'လူ့တိရစ္ဆာန်' တွေလို သတ်မှတ်ခံယူထားတဲ့ သဘောမျိုးပါပဲ။

ဒါကြောင့်လည်း ဗီယင်နာမှာ ကျွန်မတို့ကို ဆေးစစ်တာဟာလူတွေချင်း၊ လူသားအချင်းချင်း ကြင်နာတဲ့ နှလုံးသားနဲ့ ကူညီရိုင်းပင်း တဲ့သဘောမျိုး လုံးဝမဟုတ်ဘဲ သူတို့ခိုင်းစားမယ့် တိရစ္ဆာန်တွေ၊ သူတို့ကို အလုပ်အကျွေးပြုမယ့် တိရစ္ဆာန်တွေကို ပိုပြီး ခိုင်းကောင်းအောင်၊ ပိုပြီး အလုပ်အကျွေးပြုနိုင်အောင် ဆေးစစ်ကြည့် တဲ့သဘောမျိုးဖြစ်နေတာ တွေ့ရပါတယ်။ လူပြိန်းနားလည်အောင် ပြောရမယ်ဆိုရင် တိရစ္ဆာန်ဆေးကုဆရာဝန်က ကျွဲနွားတိရစ္ဆာန်တွေ ကို ဆေးကုပေးတဲ့ ပုံစံမျိုးပါပဲ။

အဲဒီအချက်က ဘယ်နေရာမှာ ပိုပြီး ထင်ရှားသလဲဆိုတော့ ဆေးစစ်ခံဖို့အတွက် ကျွန်မတို့ အမျိုးသမီးတွေ ကိုယ်လက်သန့်ရှင်းအောင် ရေချိုးတဲ့နေရာမှာ စပြီး တွေ့ရတာပါပဲ။

ထုံးစံအတိုင်း ရေချိုးတဲ့နေရာမှာ ကိုယ်တုံးလုံးချွတ်ပြီး ရေချိုးကြရပါတယ်။ ဒါဟာ ကျွန်မတို့ မိန်းမချင်းချင်းအတွက် မဆန်းပါဘူး။ ရှက်စရာလည်း မဟုတ်တော့ပါဘူး။ ဒါပေမယ့် ဗီယင်နာမှာ ကျွန်မတို့ အမျိုးသမီးတွေအတွက် ရေချိုးခန်းပေါက်ဝက ဆပ်ပြာတို့၊ မျက်နှာသုတ်ပုဝါတို့ စောင့်ပြီးပေးဖို့ တာဝန်ချထားတဲ့ သူတွေက ဂျာမန်စစ်သားတွေဖြစ်နေတာ တွေ့ရတော့ ကျွန်မဖြင့် ရင်ထဲ ဒိတ်ခနဲဖြစ်သွားတာပါပဲ။

တကယ်တော့ ကျွန်မတို့မိန်းမတွေမှာ 'အရှက်နဲ့ လူလုပ်နေတာပါ" ဆိုတဲ့ စကားဟာ ခေတ်မီတိုးတက်ပါတယ်ဆိုတဲ့ ဒီခေတ်



ဒီအချိန်အထိ မှန်နေပါသေးတယ်။ ကျွန်မတို့ မိန်းမသားတွေရဲ့လျှို့ဝှက်တဲ့ ကိုယ်အင်္ဂါ အစိတ်အပိုင်းတွေကို ယောကျ်ားတစ်ယောက်ယောက် မတွေ့မမြင်ရအောင် တတ်နိုင်သမျှ ဖုံးကြ ဖိကြရတာ မဟုတ်လား… မမှတာပါပဲ။

တခြားလူမပြောပါနဲ့ ကျွန်မကိုယ်တိုင်ပင်လျှင် ကျွန်မရဲ့ မိမွေးတိုင်း ဖမွေးတိုင်း ခန္ဓာကိုယ်ကို ဘုရားစူးပါစေ ဆရာဝန်ကလွဲလို့ ဘယ်ယောကျ်ားသားကိုမှ ဘယ်တုန်းကမှ မပြခဲ့ဖူးပါဘူး။ ဆရာဝန်ဆိုတာကတော့ 'မမြင်ဝံ့ ဆေးသမား'ဆိုတဲ့ စကားထဲကမို့ မပြမဖြစ်လို့ လူတိုင်းလိုလို ပြကြရတာချည်းပါပဲ။ ဒါ့ကြောင့်လည်း ဆရာဝန်တွေအတွက် ဒါမျိုးဟာ ရိုးနေပါပြီ။ မဆန်းတော့ပါဘူး။

အခုတော့ရှင် . . . ဆရာဝန်လည်း မဟုတ် ဘာလဲ မဟုတ်တဲ့ ကျွန်မတို့မိန်းကလေးတွေ ကိုယ်တုံးလုံး ရေချိုးကြရတဲ့ ရေချိုးခန်းပေါက်ဝမှာ ယောကျ်ားစစ်သားကြီးတွေကိုမှ အစောင့်ချထားတယ်ဆိုတော့ မရိုင်းလွန်းဘူးလား။ ကျွန်မဖြင့် အဲဒီအစောင့်စစ်သားကို တွေ့လိုက်ရတော့ ဒေါသလည်းထွက်၊ ရှက်လည်း ရှက်ပြီး မျက်နှာတောင် ဘယ်လိုလုပ်ထားရမှန်း မသိပါဘူး။ တကယ်ဆို ဒီနေရာမျိုးမှာ အမျိုးသမီးအစောင့်တွေကို ထားရင်လည်း ဖြစ်နေတာပဲဟာ။ အခုတော့ ယောကျ်ားစစ်သားကိုမှ တမင်ရွေးပြီး ထားတယ်ဆိုတော့ စောစောက ကျွန်မပြောခဲ့သလို သူတို့ ဂျာမန်တွေက လွဲရင် ကျန်တဲ့လူတွေမှန်သမျှ 'လူ့တိရစ္ဆာန်တွေ'လို့ သတ်မှတ်ထား တယ်ဆိုတာ ထင်ရှားနေပါတယ်။

ဒီထက် ပိုပြီးဆိုးတာရှိသေးတယ်။ အဲ့ဒါကတော့ စောစော က ပြောတဲ့ရေချိုးခန်းမှာ ရေချိုးပြီးကြလို့ ဆေးစစ်တဲ့ အခန်းထဲမှာ တွေ့ရတာပါပဲ။

ဗီယင်နာမှာ ဒီတစ်ခါ ဆေးစစ်တာဟာ ကရာကောင်းမှာဆေးစစ်တုန်းကထက် ပိုပြီး အချိန်လည်း ကြာပါတယ်။ အသေးစိပ်လည်း ကျပါတယ်။

ဆရာဝန်ရဲ့ ညွှန်ကြားချက်အတိုင်း ကျွန်မဟာ မိမွေးတိုင်း ဖမွေးတိုင်း ခန္ဓာကိုယ်နဲ့ ကုတင်ပေါ်မှာ ပက်လက်လှန်ပြီး မလှုပ်မယှက် နေရပါတယ်။ ဒါကို တာဝန်ကျတဲ့ ဆရာဝန်က 'မရှိမသေစကား' ပြောရရင် 'ဖင်ပြန် ခေါင်းပြန်' ကြည့်ပြီး စစ်ဆေးပါတယ်။ စစ်တာ ဆေးတာကလည်း တော်တော်ကလေး ကြာတဲ့အထိ မပြီးနိုင်ပါဘူး။ ကန်တော့ပါရဲ့ရှင်. . . ပြောပါရစေတော့။ ကျွန်မခြေထောက်ကို မြှောက်လိုက်၊ ဒူးကို ထောင်လိုက်နဲ့ ကြာတော့ ကျွန်မဖြင့် အနေကြပ်လိုက်တာ။ ကျွန်မကို ဆေးစစ်လိုက်တဲ့ ဆရာဝန်က အသက်ငါးဆယ်ကျော် ခြောက်ဆယ်နီးပါးလောက်တော့ ရှိပါပြီ။ ကျွန်မအဖေထက်တောင် အသက် ကြီးပါသေးတယ်။ ဒါတောင် ကျွန်မစိတ်ထဲမှာ ဆရာဝန်ကို တစ်ခါမှ မရှက်ဖူးဘဲနဲ့ ဒီတစ်ခါတော့ ရှက်လာမိပါတယ်။

ဒီကြားထဲ ဘေးက ဆရာဝန် အဝတ်အစားမျိုး ကုတ်အကျႌဖြူ အရှည်ကြီးတွေနဲ့ လူနှစ်ယောက်အပြင် အရပ်ဝတ်အရပ်စားနဲ့ လူသုံးယောက်ကလည်း ဆရာဝန်က ကျွန်မကို ဆေးစစ်နေတဲ့ တစ်လျှောက်လုံး အနားက မခွာဘဲ ကြည့်နေကြတော့ ပိုပြီး အနေရကြပ်တာပေါ့ရှင်။ သူတို့အားလုံးဟာ ဂျာမန်တွေချည်းပါဘဲ။



နောက်ဆုံးတော့ ဆရာဝန်ကြီးက သူ့လက်ထဲမှာ ကိုင်ထားတဲ့ ကျွန်မရဲ့ စာရွက်စာတမ်းတွေ မြှောက်ပြရင်းနဲ့ ဘေးနားက လူတွေကို ဂျာမန်လို လှမ်းပြောလိုက်ပါတယ်။

'ဘယ်နဲ့လဲ၊ မင်းတို့ ဒါမျိုးတွေဖူးရဲ့လား။ အသက် နှစ်ဆယ့်နှစ်နှစ်တဲ့ကွာ၊ ယုံနိုင်စရာတောင် မရှိဘူး။ ပြတိုက်ထဲမှာ ပြထားဖို့တောင် ကောင်းတယ်' တဲ့။

ကျွန်မဖြင့် ရှက်လိုက်တာ မပြောပါနဲ့တော့. . .။

## ပျောက်ဆုံးနေသော "ကမ္ဘာကလေး"

ဗီယင်နာမှာ ကြာကြာမနေလိုက်ရပါဘူး။ ဆေးစစ်ခံပြီး နောက်တစ်နေ့မှာပဲ ကျွန်မ အလုပ်လုပ်ရမယ့် လင့်ဇ်မြို့ကို ထွက်လာခဲ့ရပါတယ်။

လင့်ဇ်မြို့ကို ထွက်ခွာခါနီးမှာ ကျွန်မနဲ့ အင်ညာဟာ နောက်ဆုံး ခွဲခွာခြင်းအနေနဲ့ ခွဲခွာခဲ့ကြရပါတယ်။ အင်ညာက ဗီယင်နာမှာ သူ့အလုပ်အကိုင် အတည်တကျဖြစ်သွားရင် ကျွန်မဆီကို စာထည့် လိုက်မယ်လို့ ပြောပါတယ်။ ကျွန်မကိုလည်း သူ့ဆီကိုစာရေးဖို့ မှာရှာပါတယ်။ ကျွန်မတို့ လိပ်စာတွေကတော့ သက်ဆိုင်ရာ အလုပ် သမားရုံးတွေကတစ်ဆင့် ထည့်ရင် လွယ်လွယ်ကူကူနဲ့ရောက်နိုင်တယ်လို့ သိရပါတယ်။

တစ်ယောက်နဲ့တစ်ယောက် ခွဲခွာခါနီးမှာ အားရပါးရ ပွေ့ဖက်ပြီး တစ်ယောက်ပါးကို တစ်ယောက် အကြာကြီး နမ်းနေလိုက်ကြ



ပါတယ်။ ရင်းနှီးတဲ့ သူငယ်ချင်းချင်း ဒီလို နှုတ်ဆက်ကြတာဟာ မဆန်းပါဘူး။ ထုံးစံပါပဲ။ ဘေးနားက လူတွေရှိနေလို့ ပြောချင်တဲ့ စကားတွေကို ပါးစပ်က ဖွင့်မပြောနိုင်ကြပေမယ့် ဒီလို ပွေ့ဖက်နမ်း ရှုံ့ရင်း အင်ညာနဲ့ ကျွန်မဟာ အသဲနှလုံးချင်း စကား ပြောခဲ့ကြပါတယ်။

ကဲ . . . အခုအချိန်ကစပြီး သူနဲ့ကျွန်မဟာ တစ်ယောက်နဲ့ တစ်ယောက် လမ်းခွဲခဲ့ကြရပါပြီ။ ရှေ့ရှောက် ကိုယ့်ကြမ္မာ ကိုယ် ဖန်တီးကြဖို့ပဲ ရှိပါတော့တယ်။

သက်ဆိုင်ရာ တာဝန်ခံက ကျွန်မအတွက် လင့်ဇ်မြို့ကို သွားဖို့ မီးရထား လက်မှတ်တစ်စောင် ထုတ်ပေးပါတယ်။ ဒီတစ်ခါ တော့ သွားရလာရတာ ပိုပြီး လွတ်လပ်ပါတယ်။ အရင့်အရင်ကလို အစောင့်တစ်ယောက်မှမပါဘဲ ဘူတာရုံကို ကိုယ့်ဖာသာသွားပြီး ကိုယ်ကြိုက်တဲ့ တွဲပေါ် တက်ထိုင်လိုက်သွားရုံပါပဲ။ ခါတိုင်းလို ဆိုရင်တော့ ဒါဟာ ဘာမှထူးခြားတယ်လို့ မဆိုနိုင်ပါဘူး။ ဒါပေမယ့် လောလောဆယ် ကျွန်မဘဝနဲ့ ကျွန်မအခြေအနေအရ ဆိုရင် အခုလို အစောင့်အရှောက်မပါဘဲ ကိုယ့်သဘောနဲ့ကိုယ် လွတ်လွတ်လပ်လပ် စိတ်အေးလက်အေး ခရီးသွားရတာဟာ ကျွန်မအတွက်တော့ ဧရာမ လွတ်လပ်ခွင့်ကြီးတစ်ခုပါပဲ။

အဲသလို စိတ်အေးလက်အေးနဲ့ လွတ်လွတ်လပ်လပ် လာခဲ့ရလို့ လားတော့ မပြောတတ်ပါဘူးရှင်၊ ဗီယင်နာကလင့်ဇ်မြို့ကို လာခဲ့ ရတဲ့ လမ်းခရီးတစ်လျှောက်မှာ ရထားပေါ်က မြင်ခဲ့တွေ့ခဲ့ရတဲ့ ရှု မျှော်ခင်းတွေကဖြင့် သိပ်လှပြီး သိပ်သာယာတာပါပဲ။ ဆောင်း ဦး ပေါက်ရာသီရဲ့ နွေးထွေးတဲ့ နေရောင်ခြည်အောက်မှာ စိမ်းစို လန်း ဆန်းတဲ့ သစ်ပင် ပန်းပင်တွေနဲ့ တောတောင်ရေမြေရဲ့

သဘာဝ အလှဟာ ပန်းချီကားတစ်ချပ်လို ရှုမငြီးနိုင်ပါဘူး။ တောင်ကုန်းလေး တွေနဲ့ တောစပ်ကလေးတွေမှာ အုတ်ကြွပ်နီနီနဲ့ အိမ်ပုပုကလေးတွေကို ကြည့်ပြီး 'ခြော် . . . ဒီလို ငြိမ်းချမ်းသာယာတဲ့ ဘဝမျိုးနဲ့ဆိုတော့လည်း လောကကြီးဟာ နေချင့်စဖွယ်ပါပဲလား' လို့ တွေးနေမိပါတယ်။

ဒီလိုနဲ့ လင့်ဝ်မြို့ကို ရောက်လာပြီး စုံစမ်းရေးဌာနက တစ်ဆင့် အလုပ်သမားရုံးကို ဖုန်းဆက်ကြည့်ပါတယ်။ ခဏနေတော့ ကျွန်မ အတွက် ကူညီဖို့ လမ်းပြဖို့ လူတစ်ယောက် ရောက်လာပါတယ်။ ယူဂိုစလပ်တစ်ယောက်ပါပဲ။

အဲဒီ စကားပြန် ယူဂိုစလပ်ဟာ ကျွန်မအမြင်မှာ တော်တော်လေး ထူးခြားနေပါတယ်။ ပထမဆုံး ထူးခြားတာကတော့ သူ့ ရဲ့အပြုံးပါပဲ။ ဟုတ်ပါတယ်။ ကျွန်မအိမ်က ထွက်လာလို့ အလုပ်သမားစုဆောင်းရေးစခန်းတွေ၊ အလုပ်သမားနေရာချထားရေးစခန်းတွေမှာ တွေ့ခဲ့ရတဲ့ အစောင့်အရှောက်တွေ၊ တာဝန်ရှိ ပုဂ္ဂိုလ်တွေဟာ ကျွန်မတို့လို 'ကလေကချေ အလုပ်လက်မဲ့'တွေကို တစ်ခါ မှ ဒီလို ဖော်ဖော်ရွေရွေနဲ့ ပြုံးပြတာမျိုး မတွေ့ခဲ့ရဖူးပါဘူး။ သူ့ကျ မှ ဒီယူဂိုစလပ် စကားပြန်နဲ့ကျမှ ဖော်ရွေတဲ့ အပြုံးမျိုးကို တွေ့ရ တော့ စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်မိပါတယ်။

ပြီးတော့ . . . ပြီးတော့လဲ မှန်တဲ့အတိုင်း ဝန်ခံရမယ်ဆိုရင် သူ့ အပြုံးဟာ နှစ်သက်စရာ ကောင်းတယ်ပဲဆိုရမလား၊ စွဲမက်စရာ ကောင်းတယ်ပဲဆိုရမလား၊ ဘယ်လိုပြောရမှန်းတောင် မသိတော့ပါ ဘူးရှင်။ ဒါနဲ့တစ်ဆက်တည်း သူအခုလို ပြုံးတာကို မြင်လိုက်ရတော့ ကျွန်မကိုယ်ကျွန်မ ဒုက္ခသုက္ခတွေနဲ့ ခိုကိုးရာမဲ့ဖြစ်နေ



တဲ့ကြားထဲက ကိုယ့်ကိုယ်ကို 'ငါဟာ အရွယ်ရောက်နေတဲ့ မိန်းကလေးတစ်ယောက်ပါလား၊ အပျိုရွယ်လေး တစ်ယောက်ပါလား'ဆိုတဲ့ အသိစိတ်က အလိုလိုနေရင်း ပေါ်လာပါတယ်။

တကယ့်တကယ်တော့လဲ 'ဒီအရွယ် တင့်တင့်တို့အရွယ်' ဆိုတာမျိုးလို ကျွန်မတို့လို အပျိုအရွယ်လေးတွေဟာ ကိုယ်နဲ့ရွယ်တူ ယောက်ျားလေးတွေထဲက ရုပ်ချောချော ခပ်ဖြောင့်ဖြောင့် တစ်ယောက်တလေတွေ့ရရင် 'ငါ သူ့ကိုများ သဘောကျနေသလား' ဆိုတာ ကိုယ့်ကိုယ်ကို ပြန်ပြန်မေးမိတတ်ကြပါတယ်။ ဒါဟာ ကျွန်မ တို့လို မြီးကောင်ပေါက်အရွယ်တွေရဲ့ မ,သဘာဝပါပဲ။ အခုလည်း ကျွန်မကို စကားပြန်အဖြစ်နဲ့ ကူညီဖို့ တာဝန်ကျတဲ့ ယူဂိုစလပ်ဟာ ထူးထူးဆန်းဆန်း ကျွန်မအိတ်ကိုတောင် သူကိုယ်တိုင်ဆွဲလာပြီး အလုပ်သမားရုံးကို အတူလျှောက်လာရင်းက ကျွန်မအခုလာတာ တစ်ယောက်တည်းလား။ ဒီလိုတစ်ယောက်တည်း လာတာမျိုး တစ် ခါမှ မတွေ့ဖူးသေးဘူး။ အလုပ်သမားရုံးက သိပ်မဝေးပါဘူး . . . ဘာညာနဲ့ စကားကို ပြုံးပြုံးရွှင်ရွှင် ချိုချိုသာသာနဲ့ ပြောလာတာ ကျွန်မအတွက် စိတ်ထဲက သာယာမိတာ အမှန်ပါပဲ။ ဒါကို ကျွန်မ ဝန်ခံပါတယ်။

အဲဒီလိုဆိုရင် အင်မတန်စွဲမက်စရာကောင်းတဲ့ အပြုံးမျိုးနဲ့ ကျွန်မကိုကူညီနေတဲ့ စကားပြန် ယူဂိုစလပ်ကို ကျွန်မစိတ်ထဲက ကျိတ်ပြီး သဘောကျနေပြီလား၊ တစ်ဖက်သတ် ကြိုက်နေပြီလား လို့ မေးစရာရှိနေပါတယ်။ ကျွန်မကိုယ်ကျွန်မလည်း ဒီအတိုင်းပဲ မေးမိပါတယ်။ အဲဒီလိုကျပြန်တော့လည်း မဟုတ်သေးဘူး။ မဖြစ်သေးဘူးလို့ အဖြေထွက်လာပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ အခု အခိုက်အတန့်မှာ ကျွန်မရင်ထဲ အေးသွားအောင် ပြုံးပြုံး

ပြုံးပြုံးနဲ့ လုပ်နေတဲ့ ဒီယူဂိုစလပ် မောင်မင်းကြီးသားဟာ တကယ်လို့ ဂျာမန် စစ်ပုလိပ် ဂက်စတာပိုအဖွဲ့က ကျွန်မအတွက် စပါယ်ရှယ် တာဝန်ပေးထားတဲ့ စပိုင်ဖြစ်နေရင် မခက်ပေဘူးလား။ အမယ်လေး အဲဒီ လိုသာဆိုရင် မိအီတာတစ်ယောက် ငါးပါးကြီး မှောက်ပြီး ချောက်ထဲ ကျရရချည်ရဲ့။ ဟုတ်လည်း ဟုတ်ပါတယ်၊အခုလို နေ့လား ညလား ဆိုတဲ့အချိန်အခါမျိုးမှာ ပြုံးပြတာလေးလောက်နဲ့ လူတစ်ယောက် ကို ယုံဖို့ဆိုတာ ခက်သားကလားရှင်။

အဲဒီတော့ အရေးကြီးတာက ကျွန်မကိုယ်ကျွန်မ 'ချစ်ခြင်းအစ မျက်စိက'တို့ ဘာတို့ဆိုတဲ့ စိတ်ကူးယဉ် ပင်လယ်ကြောမှာ မျောပါမသွားအောင် အတတ်နိုင်ဆုံးထိန်းပြီး၊ အန္တရာယ်မျိုးကိုး ဆယ့်ခြောက်ပါးနဲ့ ဝေးနိုင်သမျှဝေးအောင် ရှောင်ရှားနေဖို့ပဲလို့ ယတိပြတ် မှတ်ယူလိုက်ပါတယ်။

ဒီလိုနဲ့ အဲ့ဒီယူဂိုစလပ်စကားပြန်ဟာ လမ်းမကြီးတစ်ခုကို ဖြတ်ပြီး ရုံးခန်းတစ်ခုကို ခေါ်သွားပါတယ်။ အဲဒီလို သွားရင်းက ကျွန်မတို့လို လူသစ်တွေအတွက် အလုပ်မရခင် ခေတ္တခဏ တည်းဖို့နိုဖို့ ဆောက်ထားတဲ့ စခန်းကိုလည်း သူက ကျွန်မကို ပြပါတယ်။ သူပြတဲ့ စခန်းထဲကို ကြည့်လိုက်တော့ ဂိတ်ဝမှာ တံခါးပိတ်ထားပြီး သံဆူးကြိုးတွေ ကာထားတဲ့ ဝင်းကြီးထဲမှာ မိန်းမယောကျ်ား ကြီး ကြီးငယ်ငယ် ရှုယ်ရှုယ်လတ်လတ်တွေကို လှမ်းမြင်ရပါတယ်။ သူတို့ အားလုံးရဲ့ အဝတ်အစားတွေကို လှမ်းမြင်ရပါတယ်။ သူတို့အားလုံး ရဲ့ အဝတ်အစားတွေကတော့ ခပ်ညစ်ညစ် ခပ်နွမ်းနွမ်းတွေချည်းပါ ပဲ။ ဒီထဲမှာ တောကလယ်သမား အဝတ်အစားမျိုးနဲ့ လူတွေပါသလို မြို့ပေါ်ကကလေကချေ လမ်းဘေးလူတန်းစားတွေလည်း ပါ, ပါတယ်။



အဲဒီလူတွေသို့ သေသေချာချာ ကြည့်လိုက်တော့ လူတော်တော်များများရဲ့ အင်္ကျီရင်ပတ်တွေမှာ အင်္ဂလိပ်စာလုံးတွေနဲ့ တံဆိပ် ရိုက်ထားတာတွေ့ရပါတယ်။ အဲဒါကို ကျွန်မရဲ့စကားပြန်က ပြော ပြလို့ သိရသလောက် 'ပီ'ဆိုတဲ့ တံဆိပ်နဲ့လူတွေဟာ ပိုလန်လူမျိုး တွေတဲ့။ 'အိုအက်စ်တီ' ဆိုတဲ့ စာလုံးတံဆိတ်နဲ့ လူတွေက ရုရှားတွေ လို့ ဆိုပါတယ်။

"ယူကရိန်းလူမျိုးတွေ အတွက်ကော"

ကျွန်မလည်း သိချင်ဇောနဲ့ အမှတ်တမဲ့ လွှတ်ခနဲ မေးလိုက်မိပါတယ်။ ဒီတော့မှ သူက ကျွန်မမျက်နှာကို စိုက်ကြည့်လိုက်ပြီး

"ဩြော် မင်းက ယူကရိန်းကိုး၊ ဒီလိုဆို မင်းကံကောင်းတာ ပေါ့" တဲ့။ စောစောကထက်ပိုပြီး ပြုံးပြုံးချိုချိုနဲ့ ပြန်ပြောပါတယ်။

သူပြောသလိုဆိုတော့ ယူကရိန်းတွေအတွက် ဘာတံဆိပ်မှ တပ်ဖို့မလိုဘူးလို့ သိရပါတယ်။ အဓိပ္ပါယ်ကတော့ ယူကရိန်းသူ တွေလို ဂျာမန်တွေက သူတို့ရဲ့ ယုံကြည်စိတ်ချရတဲ့ မဟာမိတ်အဖြစ် သတ်မှတ်ထားတယ်ဆိုတဲ့ သဘောမျိုးပါပဲ။

ဒါနဲ့ စခန်းဂိတ်ဝ ရောက်လာတော့ အစိမ်းရောင် ယူနီဖောင်းနဲ့ အစောင့်တစ်ယောက်က ဂိတ်ဝတံခါးကို ဖွင့်ပေးပါတယ်။အဲဒီကတစ်ဆင့် ရုံးခန်းတစ်ခန်းကို ရောက်သွားပြီး ကျွန်မနဲ့အတူပါလာတဲ့ ယူဂိုစလိပ်စကားပြန်က ကျွန်မနဲ့ ပတ်သက်တဲ့ စာရွက်စာတမ်းတွေကို စားပွဲတစ်ခုမှာ ထိုင်နေတဲ့ ခပ်ရွယ်ရွယ် ဂျာမန်စစ်ဗိုလ်တစ်ယောက် လက်ထဲ လှမ်းပေးလိုက်ပါတယ်။ အဲဒီ ဂျာမန်စစ်ဗိုလ်ဟာ ဒီရုံးမှာ အကြီးဆုံးတာဝန်ခံနဲ့ တူပါတယ်။

ဂျာမန်စစ်ဗိုလ်က ကျွန်မ စာရွက်စာတမ်းကို အပေါ်ယံ စာရွက်နှစ်ရွက်လောက် ဖတ်ကြည့်ပြီး မလှမ်းမကမ်းမှာ ရှိနေတဲ့ အမျိုးသမီးနှစ်ယောက်အနက်က သူနဲ့အနီးဆုံး အမျိုးသမီး ရှိရာ ကျွန်မကို မေးငေါ့ပြလိုက်ပါတယ်။ ဒါနဲ့ ကျွန်မလည်း ဂျာမန် စစ်ဗိုလ် လက်ထဲက စာရွက်တွေ ပြန်ယူပြီး အဲဒီအမျိုးသမီးရှိရာ ကို သွားပေးရပါတယ်။

အမျိုးသမီးက ကိုယ်လုံးကိုယ်ပေါက် တောင့်တောင့်နဲ့ ကျွန်မ ထက် အသက်နည်းနည်းပဲ ပိုကြီးပုံရပါတယ်။ အသားအရေလည်း စိုစိုပြေပြေပါပဲ။ ရုပ်ရည် သနားကမားရှိသလောက် သဘော သကာယလည်း ကောင်းပုံရပါတယ်။ ကျွန်မပေးလိုက်တဲ့ စာရွက်စာ တမ်းတွေကို လှမ်းယူပြီး ရုတ်တရက် မကြည့်သေးဘဲနဲ့ 'ခရီးပမ်း လာတယ် ထင်တယ်။ ရေလေးဘာလေး သောက်ပါဦးလား၊ လက်ထဲက အိတ်ကို ဒီလိုကိုင်ထားလို့ ညောင်းနေမှာပေါ့။ အောက် ချထားပါ။ ရပါတယ်' ဆိုပြီး ကျွန်မကို ပြုံးပြုံးငှာငှာနဲ့ ဖော်ဖော်ရွေ ရွေ ပြောရှာပါတယ်။ ပြီးမှ ကျွန်မ ပေးလိုက်တဲ့ စာရွက်တွေကို ဂရုတစိုက် ဖတ်ကြည့်ပါတယ်။

"ဟာ . . . ယူကရိန်းအမျိုးသမီးပါလား၊ ကျွန်မက ရုရှား ပါနီနာ လို့ ခေါ်ပါတယ်။ ဟောဟိုက ကလာဗာလည်း ကျွန်မလို ရုရှားပါ ပဲ . . ."

ကျွန်မရဲ့ စာရွက်စာတမ်းတွေကို ဖတ်နေရင်းက အဲဒီ နီနာဆို တဲ့ အမျိုးသမီးဟာ အားရဝမ်းသာနဲ့ အသံခပ်ကျယ်ကျယ်လေး အော်လိုက်ရင်း တစ်ဆက်တည်း သူနဲ့ သူ့ဘေးနားက စားပွဲမှာ ရှိ နေတဲ့ အမျိုးသမီးကိုပါ လှမ်းပြီး ကျွန်မနဲ့ မိတ်ဆက်ပေးပါ တယ်။ သူ မိတ်ဆက်ပေးလိုက်တဲ့ 'ကလာဗာ' ဆိုတဲ့ အမျိုးသမီးကလည်းမျက်



နှာကလေး ယဉ်စစနဲ့ နှုတ်ခမ်းကလေးကလည်း ခပ်လှလှပါပဲ။အရပ် ကတော့ နည်းနည်းပုပုံရပါတယ်။ သူကလည်း ကျွန်မကို ရင်းရင်းနှီးနှီးပဲ ပြန်ပြောပါတယ်။

"ဒီမှာက ယူကရိန်းအမျိုးသမီးတွေ သိပ်မလာကြဘူးရှင့်၊ နည်းနည်းပါးပါးပဲ ရှိတယ်"

သူက အဲသလို လှမ်းပြောနေတုန်း ကျွန်မရဲ့စာရွက် စာတမ်း တွေကို ဖတ်နေတဲ့ နီနာက ကျွန်မရဲ့ ပညာအရည်အချင်းတွေကို အသံထွက်ပြီး ဖတ်လိုက်ပါတယ်။

"အားကစားနှင့် ကာယသင်တန်း အောင်မြင်ပြီး ဘာသာ စကား သုံးလေးမျိုးခန့် ပြောတတ်သည်။ လက်နှိပ်စက် ရိုက် တတ်သည်"တဲ့။ ဟုတ်ပြီပေါ့ . . . ကဲ . . . ကတ်တာရီနားရှင်ဘယ်လို အလုပ်မျိုး လုပ်ချင်သလဲ ပြော"

ကျွန်မလည်း ရုတ်တရက်ဆိုတော့ ဘယ်လိုကဘယ်လို ပြန်ပြော ရမှန်း မသိဘဲဖြစ်နေပါတယ်။ ဒါနဲ့ နီနာကပဲ အလုပ်နဲ့ ပတ်သက် လို့ ကျွန်မ သိသင့်သိထိုက်တာတွေ ပြောပြပါတယ်။

သူ ပြောပြချက်အရ လုပ်စရာ အလုပ်အကိုင်တွေကတော့ အမျိုးမျိုးပါပဲ။ ဒီထဲက ပထမဆုံး ဦးစားပေးတာကတော့ လက်နက်ရုံမှာ လုပ်ဖို့ပဲလို့ ဆိုပါတယ်။ ဒီလို သူပြောပြတာတွေ နားထောင် နေရင်းက ကျွန်မခေါင်းထဲမှာ ဖျတ်ခနဲ တစ်ခုစဉ်းစား မိပါတယ်။ တကယ်လို့ လက်နက်ရုံမှာ လုပ်ရမယ်ဆိုရင် အဲဒီ လက်နက်ရုံမှာက နိုင်ငံပေါင်းစုံကလာတဲ့ အလုပ်သမားတွေ အပြောက်အမြားနဲ့ နေ့ စဉ်နေ့တိုင်း အဝင်အထွက်အတိုးအလျော့ ရှိနေမှာဆိုတော့ တကယ်လို့ မတော်တဆ ကျွန်မနေခဲ့တဲ့ ဟရီ ဘင်ကိုမြို့က သိတဲ့ ကျွမ်းတဲ့ လူတစ်ယောက်ယောက်နဲ့ ပက်ပင်း

ပါတွေ့သွားရင် မခက်ပေဘူး လား။ အဲဒီလိုဆိုတော့ လက်နက်ရုံမှာ အလုပ်ဝင်လုပ်လို့ မဖြစ်သေးဘူးလို့ ယူဆလိုက်ပါတယ်။

"အင်း . . . ကျွန်မအနေနဲ့ကတော့ ဖြစ်နိုင်ရင် အိမ်ဖော်အလုပ်မျိုး လုပ်ရရင် ကောင်းမလားလို့"

"ဘာ . . . အိမ်ဖော်ဟုတ်လား။ အို မဟုတ်တာရှင်၊ ဒီအလုပ်မျိုးက ရှင်လုပ်ရမယ့် အလုပ်မျိုးမဟုတ်ပါဘူး"

ကျွန်မစကားကြောင့် နီနာဟာ အလန့်တကြား ဖြစ်သွားပြီး ရုတ်တရက် ထအော်လိုက်ပါတယ်။ ပြီးတော့မှ ပုံမှန်အတိုင်း လေသံကို နှိမ့်ပြီး ကျွန်မကို လက်နှိပ်စက် ရိုက်တတ်တဲ့အတွက် သူတို့နဲ့အတူ ဒီရုံးမှာပဲ စာရေးမအဖြစ်နဲ့ ဝင်လုပ်ရင် ကောင်းမယ်လို့ အကြံညာဏ်ပေးရှာပါတယ်။

ကျွန်မအတွက်တော့ "ဤလည်း တဒုက္ခ"ပါပဲ။ ဘာဖြစ်လို့လည်းဆိုတော့ နီနာပြောသလို ဒီရုံးမှာ စာရေးမ ဝင်လုပ်ရမယ်ဆိုရင်လည်း အလုပ်လုပ်ဖို့ ဒီကို နေ့စဉ်ရောက်လာတဲ့ လူသစ်မှန်သမျှ ကျွန်မနဲ့မူချတွေ့တော့မှာပါပဲ။ အဲဒီလိုဆို လက်နက်ရုံမှာ လုပ်တာထက်ပိုပြီး ဆိုးမနေပေဘူးလား။ ဒါနဲ့ ကျွန်မလည်း မဖြစ်ချေဘူးဆိုပြီး လက်နှိပ်စက် ကောင်းကောင်းရိုက်တတ်ပါရက် နဲ့ "ကျွန်မ လက်နှိပ်စက် ကောင်းကောင်း မရိုက်တတ်လို့ပါ" ဆို ပြီး ပြောင်လိမ်လိုက်ရပါတယ်။ ဒါတောင် ကလာဗာဆိုတဲ့ အမျိုး သမီးက ဝင်ပြောပါသေးတယ်။

"ဒါကတော့ မခဲယဉ်းပါဘူးရှင်၊ လက်နှိပ်စက် ဆိုတာ နည်း နည်းပါးပါး ရိုက်တတ်ရင် ဖြစ်တာပါပဲ။ နောက်တော့ တဖြည်းဖြည်း တတ်လာမှာပေါ့"



သူတို့တတွေက တကယ့်စေတနာနဲ့ ဖွတ်ရော အတင်း ရောလုပ်လာကြတော့ ကျွန်မလည်း ဘာဆက်ပြောရမှန်းတောင် မသိတော့ပါဘူး။

"နေပါဦးရှင် . . . ကျွန်မ မသိလို့ မေးပါရစေ၊ ဒီကိစ္စ က ခုချက်ချင်း ဆုံးဖြတ်ရမှာလား . . ."

"မဟုတ်ပါဘူး။ မဟုတ်ပါဘူး။ ရှင့်ကို ကူးစက်ရောဂါ ရှိ၊ မရှိ စစ်ဆေးဖို့ တနင်္ဂနွေနှစ်ပတ်သုံးပတ်လောက် ကြာဦးမှာပါ။ ရပါတယ်။ ဒီကြားထဲမှာ စဉ်းစားဖို့အချိန်တွေ ရှိပါသေးတယ်။ အဲဒီတော့ လောလောဆယ် ရှင့်ကို နေရာချပေးဖို့ပဲ ရှိပါတယ်"

အဲသလိုပြောပြီး နီနာနဲ့ ကလာဗာဟာ ကျွန်မကို ဘယ်အဆောင်မှာ နေရာချသင့်တယ်ဆိုတာ နှစ်ယောက်သား ခေါင်းချင်းဆိုင်ပြီး တိုင်ပင်ကြပါတယ်။ ဟိုအဆောင်ကတော့ လူသိပ်ကြပ်နေတယ်။ ဒီအဆောင်ကတော့ ညစ်ပတ်တယ်ဆိုပြီး ဘယ်အဆောင်ကို ရွေးရမှန်းမသိအောင် ဖြစ်နေကြပါတယ်။ နောက်ဆုံးကျမှ နီနာကပဲစပြီး . . .

"ကဲ . . . အချိန်ကုန်ခံပြီး ရွေးမနေနဲ့တော့၊ သူ့ကို ဒို့အဆောင်မှာပဲ ထားလိုက်ရင် ပြီးတာပဲ"

နောက်မှ ကျွန်မသိရတာက နီနာတို့ ကလာဗာတို့နေတဲ့ အဆောင်က ရိုးရိုးမဟုတ်ဘဲ သီးသန့်အဆောင်ဖြစ်နေပါတယ်။ ဒီအဆောင်မှာ သာမန်အလုပ်သမားတွေ မနေရဘဲ ရုံးဝန်ထမ်း တွေနဲ့ သူနာပြုတွေပဲ နေရတယ်လို့ ဆိုပါတယ်။

ဒါကြောင့် ကျွန်မကို သူတို့အဆောင်မှာပဲ ထားမယ်လို့ ဆုံးဖြတ်ပြီးပြီးချင်း နီနာကိုယ်တိုင် အဆောင်အုပ်ချုပ်ရေးမှူးဆီ သူ ကိုယ်တိုင်သွားပြီး အကျိုးအကြောင်း ပြောပြပါတယ်။

သူ သွား ပြောနေတာကို ကျွန်မ လှမ်းကြည့်လိုက်တော့ အဲဒီအဆောင် အုပ်ချုပ်ရေးမှူး ဂျာမန်စစ်ဗိုလ်နဲ့ သူနဲ့ တစ်ခွန်းနှစ်ခွန်းပြောပြီး ပုခုံးတွန့်လိုက် ခေါင်းညိတ်လိုက်နဲ့ နောက်ဆုံးတော့ ဂျာမန် စစ်ဗိုလ်ကလည်း သဘောတူလိုက်ပါတယ်။

ဒီလိုနဲ့ နီနာနဲ့ ကလာဗာရဲ့ ကျေးဇူးကြောင့် ကျွန်မမှာ 'စိုင်ကော်လို့ ချုံပေါ်ရောက်'ဆိုတာလို လူချင်းတူတူ သူချင်းမျှမျှ နေစရာ ထိုင်စရာလေး ရလာခဲ့ပါတယ်။

ကျွန်မနေတဲ့ အဆောင်မှာက အခန်းလေးတွေ သီးသန့်ဖွဲ့ထားပါတယ်။ အခန်းတိုင်းမှာ ကုတင်နှစ်လုံးနဲ့ သန့်သန့်ရှင်းရှင်း သေသေသပ်သပ်ပါပဲ။ ကျွန်မကို အခန်းတစ်ခန်းမှာ သူနာပြုဆရာမ တစ်ယောက်နဲ့ တွဲပြီးနေဖို့ စီစဉ်ပေးပါတယ်။

ကျွန်မနေရမယ့် အခန်းထဲရောက်လို့ ပါလာတဲ့ ပစ္စည်းပစ္စယတွေကို သူ့နေရာနဲ့သူ နေသားတကျ ဖြစ်အောင် ချလည်းပြီးရော ကျွန်မတစ်ကိုယ်လုံး နုံးသွားပြီး ပစ်လဲတော့တာပါပဲ။ ဟုတ်ပါတယ်။ ဟရီဘင်ကိုက ထွက်လာခဲ့လို့ ဒီနေရာ ဒီအခန်း ကလေးထဲ ရောက်လာတဲ့အထိ လမ်းခရီးတစ်လျှောက်လုံး ရင်တမမ စိတ်တထင့်ထင့်နဲ့ ကြုံခဲ့တွေ့ခဲ့ရတဲ့ ကိုယ်ရောစိတ်ပါ ပင်ပန်းမှု ဒဏ်တွေဟာ ခုမှ စုပြုံပြီး ခံလိုက်ရသလို လူ့ကို တစ်ခါတည်း နုံးချိသွားတော့တာပါပဲ။ အိပ်ရာပေါ်မှာ ခြေပစ်လက်ပစ် လှဲချလိုက်ရင်းက 'အင်း ခုမှပဲ ရင်ထဲက အလုံးကြီးကျပြီး စိတ်အေးရတော့တယ်' လို့တွေးမိပါတယ်။ ဒီလိုတွေးရင်းက ကိုယ့်ကိုယ်ကို အလိုလို ဝမ်းနည်းပြီး မျက်ရည်များတောင် ကျလာမိပါတယ်။ ဘာပဲဖြစ်ဖြစ် သေမယ့်ဘေးကတော့ ဝေးခဲ့ရပြီပေါ့ရှင်။

ဒီနောက် လေးငါးရက်လောက် ကြာတဲ့အထိ အပြင်ကိုမထွက်



ပဲ ကျွန်မအခန်းကလေးထဲမှာပဲ အောင်းနေခဲ့ပါတယ်။ ဒီလေးငါးရက်အတွင်း ကျွန်မနဲ့ တစ်ခန်းတည်း အတူနေတဲ့ သူနာပြုဆရာမနဲ့လည်း ခဏတဖြုတ်ပဲ တွေ့ ရပြီး စကားလေးငါးခွန်းပဲ ပြောရပါတယ်။ အဲဒီသူနာပြုဆရာမက ဘယ်လ်ဂျီယံသူလို့ ဆိုပါတယ်။ ကျွန်မအတွက် တစ်ခုကောင်းတာက အဲဒီသူနာပြုဆရာမဟာ တစ်ချိန်လုံးလိုလို အပြင်မှာပဲရှိနေတော့ အခန်းထဲမှာ ကျွန်မတစ်ယောက်တည်း အေးအေးဆေးဆေး လွတ်လွတ်လပ်လပ် နေခွင့်ရခဲ့ပါတယ်။ တစ်ခါတစ်ခါ သူ့အခန်းကို ပြန်လာပြီး အဝတ်အစားလဲတာမျိုးတော့ရှိပါတယ်။ ဒါပေမယ့် အဲဒီအခါမျိုးကျတော့လည်း ကျွန်မနဲ့ပတ်သက်လို့ ဘာတစ်ခွန်းမှ မေးမြန်းခြင်းမရှိဘဲ "ထမင်းစားပြီးပြီလား၊ အိပ်ပျော်နေသလား" ဆိုတဲ့ သာမန်ဝတ်ကြေတန်းကြေ စကားလေး တစ်ခွန်းနှစ်ခွန်း လောက်နဲ့ပဲ သူ့ဟာသူ အဝတ်အစားလဲပြီး ပြန်ထွက်သွားတာ များပါတယ်။ သူက ကျွန်မအကြောင်းကို ဘာတစ်ခွန်းမှ မမေးသလို ကျွန်မကလည်း သူနဲ့ပတ်သက်လို့ ဘာတစ်ခုမှ စပ်စုပြီး မေးတာမြန်းတာ မရှိခဲ့ပါဘူး။

အဲ . . . ရုံးခန်းမှာ ကျွန်မနဲ့ပထမဆုံးတွေ့ခဲ့ရတဲ့ နီနာတို့ ကလာဗာတို့နဲ့တော့ စားသောက်ခန်းမှာ နေ့တိုင်းလိုလို တွေ့နေရပါတယ်။ တွေ့တဲ့အခါတိုင်းလည်း သူတို့နှစ်ယောက်စလုံးက ကျွန်မကို "ဘာအကူအညီလိုသေးလဲ၊ ဘာလုပ်ပေးရမလဲ"လို့ ပြာပြာသလဲ မေးရှာကြပါတယ်။ အဲသလို မေးရုံမြန်းရုံ မကပါဘူး ကျွန်မဖတ်ဖို့ဆိုပြီး စာအုပ်စာတမ်းတွေနဲ့ ဂျာနယ် မဂ္ဂဇင်းတွေ လည်း ငှားကြပါတယ်။ ကျွန်မရဲ့ စာရွက်စာတမ်းတွေကို သက် ဆိုင်ရာက စစ်ဆေးနေတုန်း အေးအေးဆေးဆေး အနားယူနေပါလို့လဲ သူတို့က ပြောကြပါတယ်။

အဲသလို သူတို့နှစ်ယောက်စလုံးက ဖော်ဖော်ရွေရွေနဲ့ ပြုံးပြုံးရွှင်ရွှင် ပြောကြဆိုကြ ကူညီကြတာတွေနဲ့ ပတ်သက်ပြီး ကျွန်မ စိတ် ထဲက စဉ်းစားကြည့်တယ်။ အခုလို ကျွန်မပေါ်မှာ သူတို့ နှစ်ယောက် က "နှုတ်၏စောင်မခြင်း လက်၏စောင်မခြင်း" ဆိုတာ မျိုးလို ကူညီစောင်မနေကြတာဟာ ကျွန်မအကြောင်းကို သူတို့ စိတ်ထဲက အလိုလို ရိပ်မိနေကြလို့ပဲလား၊ ဒါမှမဟုတ် ကျွန်မတို့ တိုင်းတပါးသား နိုင်ငံပေါင်းစုံက လူမျိုးခြားတွေ စိတ်ထဲမှာ မသိမသာ ကိန်းအောင်းနေကြတဲ့ ဂျာမန်ဆန့်ကျင်ရေးစိတ်ဓာတ် ကြောင့်ပဲလား။ ဒီလိုမှ မဟုတ်ရင်လဲ ကျွန်မကို သူတို့လို မိဘ မောင်ဘွားတွေကို စွန့်ခွာပြီး မိန်းကလေးတန်မဲ့ တစ်ကိုယ်ရေ တကာယ စွန့်စွန့်စားစားနဲ့ လာပြီး အလုပ်လုပ်နေရတဲ့ ဘဝတူ ချင်းမို့ ကိုယ်ချင်းစာတဲ့ စိတ်နဲ့ပဲ ကူညီ စောင့်ရှောက်နေကြတာ လား။ ဘာရယ်လို့တော့ မပြောတတ်ဘူးပေါ့ရှင်။ ဧကန္တတစ်ခုခု တော့ တစ်ခုခုကြောင့်ပဲလို့ တွေးရတာပါပဲ။

ဒီလိုနဲ့ ဆယ့်လေးငါးရက်လောက်နေတော့ ကျွန်မရဲ့ ကျန်းမာ ရေးနဲ့ပတ်သက်လို့ ကူးစက်တတ်တဲ့ရောဂါ ရှိ,မရှိ စစ်ဆေး တဲ့ကိစ္စဟာ ချောချောမွေ့မွေ့နဲ့ ပြီးသွားခဲ့ပါတယ်။ ဒီအတောအတွင်း လင်ဇ်မြို့ကို နောက်ထပ်အလုပ်သမားတွေ အဖွဲ့လိုက်အဖွဲ့လိုက် တစ်သုတ်ပြီးတစ်သုတ် ရောက်လာကြပါတယ်။ အဲဒီထဲမှာ ချက်ကို စလိုဗက်ကီးယားနဲ့ ဘယ်လ်ဂျီယံနိုင်ငံတင် မကပါဘူး။ အီတလီက တောင် ပါပါတယ်။ ကျွန်မ စုံစမ်းကြည့်လို့ သိရသလောက် ဒီလင့်ဇ် မြို့မှာက တတိယဂျာမန် အင်ပိုင်ယာကြီးရဲ့ အကြီးဆုံး လက်နက်ရုံ ကြီးတစ်ရုံရှိနေတယ်လို့ ဆိုပါတယ်။ ဒီစစ်လက်နက် ထုတ်လုပ်တဲ့ စက်ရုံကြီးကို ဟစ်တလာရဲ့ ညာလက်ရုံး ဂျာမန်



ခေါင်းဆောင်ကြီး ဂိုအားရင်းကိုယ်တိုင် အုပ်ချုပ်ကွပ်ကဲနေ တယ်လို့လဲ သိရပါတယ်။

ဒါပေမယ့် ကျွန်မကိုတော့ ဒီလက်နက်စက်ရုံကြီးမှာ လုံးဝ မလုပ်ပါနဲ့လို့ နီနာက ပြောလာပါတယ်။ တကယ်လို့ လက်နက်ရုံ မှာ လုပ်မယ်ဆိုရင်အဲဒီလက်နက်ရုံဝင်းထဲက အဆောင်တွေကို ပြောင်းနေရမယ်။ အဲဒီအဆောင်တွေက ညစ်လည်း ညစ်ပတ်တယ်။ ပြီးတော့ ချုပ်ချယ်မှုတွေ၊ ကန့်သတ်မှုတွေလည်း များတယ်လို့ ဆိုပါ တယ်။ တစ်ခါ မြို့ထဲက စားသောက်ဆိုင်တို့၊ ပျော်ပွဲစားရုံတို့မှာ လုပ်မယ်ဆိုရင်လည်း အလုပ်က သိပ်ပင်ပန်းလို့ ပြောလာပြန် ပါတယ်။

အဲဒီတော့ ဘာပဲဖြစ်ဖြစ် သူတို့နဲ့အတူနေပြီ သူတို့လုပ်တဲ့ အလုပ်သမားရုံးမှာပဲ လုပ်ပါလို့ နီနာကရော၊ ကလာဗာကပါ ထွတ် ပြောလာပြန်ပါတယ်။ သူတို့က အဲသလို ထွတ်လုပ်လာတော့ ကျွန်မ လည်း မျက်နှာပူပူ၊ အားနာနဲ့ ထွတ်ပဲပြန်ငြင်းရပြန်တာ ပေါ့။ ကျွန်မ အနေနဲ့ တကယ့်ကို ရုံးလုပ်ငန်းတွေကို ဝါသနာလည်း မပါ။ ကျွမ်း လည်း မကျွမ်းကျင်လို့ပါ။ ဖြစ်နိုင်ရင် မြို့ထဲက အိမ် တစ်အိမ်မှာပဲ အိမ်ဖော်အဖြစ်နဲ့ ထမင်းချက် အဝတ်လျှော်စတဲ့ အိမ်ထောင် ထိန်း သိမ်းတဲ့အလုပ်မျိုး လုပ်ချင်ပါတယ်။ လုပ်ပါရ စေလို့ ပြောရတာပေါ့ ရှင်။

နောက်ဆုံးတော့ သူတို့ဘက်က လက်လျှော့ပြီး ကဲ . . . ဒီလိုဆိုရင် လည်း ကျွန်မသဘောကျ ကျွန်မလုပ်ချင်တဲ့ အိမ်ဖော် အလုပ်ကိုပဲ သူတို့ကူညီပြီး ရှာဖွေပေးပါမယ်လို့ ပြောလာကြပါ တယ်။

ဒါနဲ့ သူတို့နှစ်ယောက်ကိုယ်တိုင် မြို့ထဲက ဘယ်အိမ် ဘယ်အိမ် တွေမှာ အိမ်ဖော်လိုနေတယ်၊ အိမ်စေလိုနေတယ်၊ ဘယ်အိမ်တွေ

မှာ ကူဖော်လောင်ဖက်လိုနေတယ်ဆိုတာ ပိုက်စိပ်တိုက်ပြီး ရှာကြပါတယ်။ ဒီလိုနဲ့ အိမ်တစ်အိမ်ကို ပထမဆုံး သွားတွေ့ပါတယ်။ အဲဒီမှာ ကလေးသုံးယောက်နဲ့ မိသားစုနေပါတယ်။ လင်မယား နှစ်ယောက်စလုံးက အလုပ်လုပ်နေကြတဲ့အတွက် သူတို့ကလေး သုံးယောက်ကို ထိန်းဖို့နဲ့ အခြားအိမ်မှုကိစ္စ တာဟီယတွေလုပ်ဖို့ အိမ်ဖော်တစ်ယောက် လိုချင်တယ်လို့ ဆိုပါတယ်။ ဒါပေမယ့် ကျွန်မရော နီနာတို့ကပါ အဲဒီအိမ်ကို သဘောမကျကြပါဘူး။ ကျွန်မ သဘောမကျတာက အိမ်ရှင်မအနေနဲ့ နေ့ခင်းဘက်မှာ ကျွန်မကို သူ့ကလေးသုံးယောက်နဲ့ ထားခဲ့ရမှာဆိုတော့ အပြင်ကို လုံးဝ သွားခွင့် လာခွင့် မပြုနိုင်ဘူးဆိုလို့ပါ။ နီနာနဲ့ ကလာဗာတို့က တော့ အိမ်မှုကိစ္စလည်း လုပ်ရမယ်၊ ကလေးကလည်း သုံးယောက် ကြီးများတောင် ထိန်းပေးရမယ်ဆိုတော့ သိပ်ပင်ပန်းမယ့် အလုပ်ပဲ ဆိုပြီး သဘောမကျကြတာပါ။

ဒါပေမယ့် နောက်ဆုံးတော့ သူတို့ရော ကျွန်မပါ သဘောကျတဲ့ အိမ်တစ်အိမ်ကို သွားတွေ့ကြပါတယ်။ အဲဒီအိမ်ကတော့ အိမ်ရှင်လင်မယားပဲနေတဲ့ အိမ်ပါ။ ကလေးတစ်ယောက်မှ မရှိပါဘူး။ ပြီးတော့ ယောက်ျားကသာ အလုပ်လုပ်ပြီး မိန်းမကတော့ အိမ်မှာပဲ တာဟီယအိမ်မှုကိစ္စတွေ လုပ်ပါတယ်။

လင်မယားနှစ်ယောက်တည်းရှိပြီး ယောက်ျားကသာ အလုပ်လုပ်တယ်ဆိုတဲ့ အိမ်မှာ ဘာ့ကြောင့် အိမ်ဖော်သပ်သပ် ထားချင်ရသလဲလို့ မေးစရာရှိပါတယ်။ ဒါကတော့ သူတို့ လင်မယားဟာ အထက်တန်းကျက် ချောင်ချောင်လည်လည်နဲ့ ချွေကြီး မျိုးကြီးထဲက ဖြစ်တဲ့ပြင် အထက်တန်းလွှာပီပီ အိမ်ကို လှလှပပနဲ့ သေသေသပ်သပ် ပြင်ဆင်ပြီး အထက်တန်းကျကျ နေချင်ကြတဲ့ သဘောပါပဲ။



အဲဒီလင်မယားရဲ့ အခြေအနေနဲ့ အဆင့်အတန်းကို သူတို့နေတဲ့အိမ်ရောက်သွားတော့ ကိုယ်တိုင်ကိုယ်ကျ တွေ့ရတာပါပဲ။ တကယ်တော့ သူတို့အိမ်ကိုက လင်ဇ်မြို့မှာ အထက်တန်းလွှာ လူမလိုင်တွေသာ နေကြတဲ့ အကောင်းဆုံးရပ်ကွက်မှာ ရှိနေပါတယ်။

အဲဒီအိမ်ကို ကျွန်မရောက်သွားတော့ ပထမဆုံး ခြံဝင်းကျယ်ကျယ်နဲ့ ဥယျာဉ်ကြီးထဲကို ဝင်လာခဲ့ရပါတယ်။ ခြံဝကနေ အိမ်ထိအောင် သမံတလင်း ကျောက်ပြားတွေ ခင်းထားတဲ့လမ်းအတိုင်း လျှောက်လာခဲ့ရပြီး အိမ်ပေါက်ဝနားရောက်တော့ ကျောက်လှေကားတစ်ခုပေါ် တက်လာခဲ့ရပါတယ်။ အိမ်က ကုန်းမြင့်တမြင့်ကလေးပေါ်မှာ ဆောက်ထားပါ။

ကျွန်မအိမ်ရောက်တော့ အိမ်ရှင်မဖြစ်တဲ့ ဖရောအက်ဘာဟတ်ကိုယ်တိုင် အိမ်ရှေ့က တံခါးမကြီးကိုဖွင့်ပြီး ကြိုနေပါတယ်။ အိမ်ရှင်မ မစ္စက်အက်ဟာဟတ်ဟာ အရပ်ခပ်ရှည်ရှည်၊ ကိုယ်လုံးခပ်သွယ်သွယ်နဲ့ အသက်က လေးဆယ်ငါး လေးဆယ့်ခြောက်လောက်ပဲ ရှိပါဦးမယ်။ တွေ့တွေ့ချင်း သူက ကျွန်မကို တစ်ချက်အကဲခတ်ကြည့်လိုက်ပါတယ်။ သူ့မျက်နှာ အမူအရာကို ကြည့်လိုက်တာနဲ့ သူ ကျွန်မကို သဘောကျသွားတယ်ဆိုတာ ကျွန်မ ရိပ်မိလိုက်ပါတယ်။ တကယ်တော့လဲ ဒီအချိန် ဒီအခါမျိုးမှာက အိမ်ဖော်ဆိုတာ သိပ်ရှားနေတယ် မှတ်လား။

အိမ်ကတော့ ကျွန်မ မျှော်လင့်ထားတာထက်တောင် ခမ်းနားနေပါတယ်။ အောက်ထပ် ဧည့်ခန်းကျယ်ကြီးထဲမှာဆို အမွေးပွပွနဲ့ အင်မတန်လှတဲ့ ကော်ဇောကြီး ခင်းထားလိုက်တာ တစ်ဘက်

က ထမင်းစားခန်းထိပါပဲ။ ဧည့်ခန်းဆောင်ရဲ့ မျက်နှာ စာဖက်မှာ ခုံမြင့်တစ်ခုနဲ့ တင်ထားတဲ့ ဂျပန်ပန်းအိုးကြီးကလည်း သိပ်လှပြီး သိပ်ကျက်သရေရှိပါတယ်။ ထမင်းစားခန်းထဲမှာတော့ ဧရာမ ဘဲဥပုံစားပွဲဝိုင်းရှည်ကြီးနဲ့ ဘေးတစ်ဘက်တစ်ချက် နံရံကပ် ဘီရို ကြီးတွေထဲက ငွေရောင်တောက်နေတဲ့ ပန်းကန်ခွက်ယောက်တွေနဲ့ ကနုကမာ အရိုးတပ်ထားတဲ့ ဇွန်း၊ ခက်ရင်း၊ ဓားတွေကလည်း အပြဲ စားတွေချည်းပါပဲ။ အဲဒါတွေအပြင် ဧည့်ခန်းက နံရံ တွေမှာ ဆိုရင်လည်း ရွှေဘောင်ခတ်ထားတဲ့ ဆီဆေးပန်းချီကားချပ်ကြီး တွေဟာ အင်မတန်လှပြီး အင်မတန် ခမ်းနားပါတယ်။ အို. . . ကျွန်မတို့ ဟရီဘင်ကိုမြို့က အလှဆုံး အခမ်းနားဆုံးဆိုတဲ့ ရှေ့နေ ဆီးဂဲလ်ရဲ့ အိမ်တောင် ဒီအိမ်ကြီးနဲ့စာလိုက်ရင် 'ဖွတ်ကျား' ဖြစ် သွားတာပါပဲ။

နောက်ဖေးဘက်က မီးဖိုခန်းဆိုရင်လည်း ကျယ်ကျယ် ဝန်းဝန်း သန့်သန့်ရှင်းရှင်းနဲ့ အမည်းစက်တစ်စက်ကလေးမှ မရှိအောင်ပြောင် လက်နေတာပါပဲ။ ပြီးတော့ ထမင်းအိုး ဟင်းအိုးတည်ဖို့၊ ချက် ပြုတ်ကျော်လှော်ဖို့ မီးဖိုအသုံးအဆောင် ပစ္စည်း ကိရိယာတွေ ဆိုတာကလည်း ကျွန်မဖြင့် ဘယ်ပစ္စည်းကဘာ၊ ဘယ်ကိရိယာက ဘယ်နေရာမှာ သုံးရတယ်ဆိုတာတောင် မသိပါဘူး။ တစ်ခါမှလည်း ဒါမျိုးတွေ မမြင်ဘူးပေါင်။

အဲ. . . အပေါ်မှာတော့ အိပ်ခန်းကြီး နှစ်ခန်းနဲ့ ရေချိုးခန်း တစ်ခန်း ရှိပါတယ်။ နောက်ပြီးတော့ အိမ်ရှင်မစ္စတာ အက်ဘာ ဟတ်ရဲ့ စာဖတ်ခန်းလည်း ရှိပါသေးတယ်။ နောက်မှ ကျွန်မသိရ တာက မစ္စတာ အက်ဘာဟတ်ဆိုတာက လင့်ဂ်မြို့ အပါအဝင် ဒီနယ်



မြေတစ်ခုလုံးရဲ့ မီးရထားဘက်ဆိုင်ရာ ညွှန်ကြားရေးမှူးဆိုပဲ။ နည်းတဲ့ ရာထူးကြီးမှ မဟုတ်ဘဲလားရှင် . . .။

အဲ. . . အဲဒါ ပြီးတော့ အပေါ်ထပ်ကတစ်ဆင့် လှေကား ကလေးနဲ့ တက်သွားရတဲ့ ထပ်ခိုးကလေး တစ်ခုရှိသေးတယ်။ အဲဒီ ထပ်ခိုး ကလေးမှာပဲ အခန်းကလေးတစ်ခန်း ဖွဲ့ထားပါတယ်။ ဒီအခန်း ကလေးကတော့ တခြားလူအတွက် မဟုတ်ပါဘူး။ ဒီအိမ်မှာ အိမ်ဖော်မလေးအဖြစ် အသုံးတော်ခံရမယ့် ကျွန်မရဲ့အခန်းကလေး ပါပဲ။ မစ္စက်အက်ဘာဟတ်က လိုက်ပြလို့ အဲဒီထပ်ခိုးပေါ်က အခန်းကလေးလည်း ရောက်သွားရော ကျွန်မဖြင့် ဝမ်းသာလိုက်တာ လေ။ ဘယ်လို ဝမ်းသာသွားမှန်း မသိဘူး။

ကြည့်ပါဦးရှင်။ အခန်းကလေးက သန့်သန့်ရှင်းရှင်းနဲ့ ကျွန်မ တစ်ယောက်အတွက် ချောင်ချောင်ချိချိ သဘောရှိ နေလို့ရတဲ့ အခန်းကလေးပါပဲ။ မကျဉ်းလွန်း မကျယ်လွန်းနဲ့ ကျွန်မစိတ်ကြိုက် အနေတော်ကလေးပါပဲ။ ပြီးတော့ အိမ်အမိုးကို တမင်ဖောက် ပြီးလုပ်ထားတဲ့ ပြတင်းပေါက်ကလေးကို ဖွင့်လိုက်တော့၊ လား လား . . . အောက်မှာ ခြံဝင်းကြီးတစ်ခုလုံးကို အပေါ်က စီးပြီး မြင်နေရတာကိုး။ လှလိုက်တာရှင်။ ကျွန်မ မျက်စိအောက်က ခြံဝင်းကြီးနဲ့ ဥယျာဉ်ထဲမှာ သစ်ပင်ပန်းပင်တွေနဲ့ ဟင်းသီး ဟင်း ရွက်ပင်တွေ ရောင်စုံဖူးပွင့်ပြီး သီးနေလိုက်ကြတာ။ သိပ် ကြည့်လို့ ကောင်းတာပဲ။ တကယ်ပါ။

ဪ . . . ဒါ့ထက် ဒီအိမ်မှာ အိမ်ဖော်အလုပ်လုပ်တဲ့ လခ အဖြစ်နဲ့ တစ်လကို ဂျာမန်မတ်ငွေ နှစ်ဆယ့်ရှစ်မတ်ပေးမယ်လို့ သိရပါတယ်။

ဘာပဲဖြစ်ဖြစ် ဘယ်လောက်ပဲရရ ဘယ်လောက်ပဲပေးပေး ကျွန်မတော့ လောလောဆယ် ကျွန်မနေရမယ့်အခန်းကလေးကိုပဲ သဘောကျပြီးရင်း ကျရင်းနဲ့ ကျလို့မဆုံးအောင် ဖြစ်နေမိပါပြီ။

ဟုတ်ပါတယ်။ တကယ်ပါပဲ။ ဒီအခန်းလေးထဲကို ရောက်လာတာဟာ ကျွန်မအတွက်တော့ ပျောက်ဆုံးနေတဲ့ ကမ္ဘာကလေးကို ပြန်တွေ့လိုက်ရသလိုပါပဲရှင် . . .

## အမေ့ထံမှ စာတစ်စောင်

တကယ်ပါ။ ဒီအခန်းကလေးဟာ ကျွန်မအတွက် လွတ် လပ်မှုနဲ့ စိတ်အေးချမ်း သာယာမှုကို အပြည့်အဝပေးမယ့် နိဗ္ဗာန်ဘုံကလေးလို့ပဲ အောက်မေ့လိုက်ပါတယ်။

အခန်းကလေးထဲ ရောက်တာနဲ့ တစ်ပြိုင်နက် ကျွန်မ ပါလာတဲ့ အသုံးအဆောင် ပစ္စည်းလေးတွေကို နေသားတကျ ထားပြီး အိပ်ရာကို သန့်သန့်ပြန့်ပြန့်ဖြစ်အောင် ခင်းလိုက်ရပါတယ်။ ဒီအခန်းကလေးထဲမှာ ကျွန်မအိပ်ဖို့ ကုတင်တစ်လုံးအပြင် မျက်နှာသစ်ဖို့ လက်ဆေးဖို့ ရေဘုံဘိုင်ကလေး အဆင်သင့်တပ်ထားတဲ့ ကြွေခွက်တစ်ခု၊ စာရေးစားပွဲကလေး တစ်ခုနဲ့ ဧည့်သည်လာရင် ထိုင်ဖို့ ကုလားထိုင်တစ်လုံးလည်း ရှိနေပါတယ်။ ကျွန်မလည်း ဒီကုလားထိုင်ကလေးကိုကြည့်ပြီး အမှတ်မထင် ကိုယ့်ကိုယ်ကို စိတ် ထဲက

ပြောမိပါတယ်။ 'အင်း . . . ဒီကုလားထိုင်ကို ဘယ်တော့မှ အသုံးမပြုရအောင်ထားမယ်။ ဒီအခန်းထဲကို အပြင်က ဘယ်ဧည့်သည်မှ မလာစေရဘူး။ ငါတစ်ယောက်တည်း နေမယ်။ ဒီအခန်းကလေးဟာ ငါ့တစ်ယောက်တည်းအတွက် သီးသန့်ကမ္ဘာကလေး ဖြစ်ရမယ်။ ငါ့အတွက် စိတ်ချလုံခြုံတဲ့ သိုက်မြုံကလေးတစ်ခု ဖြစ်ရမယ်'

ဘာမဆိုင် ညာမဆိုင် တွေးမိတွေးရာ တွေးနေတုန်းမှာပဲ အိမ်ရှင်မစ္စက် အက်ဘာဟတ် တက်လာပါတယ်။ သူက ကျွန်မအတွက် ဒီအိမ်မှာ နေ့စဉ်လုပ်ရကိုင်ရမယ့် အလုပ်တာဝန်တွေကို သူနေရာနဲ့သူ လိုက်ပြမယ်ဆိုပြီး အောက်ထပ်ကို ပြန်ခေါ်သွားပါ တယ်။ အောက်ထပ်ရောက်တော့ လုပ်စရာအလုပ်အကြောင်း မပြောခင် မီးဖိုခန်းထဲက စားပွဲမှာ ကျွန်မကို စားစရာတစ်ခုကျွေးပါသေးတယ်။ တစ်ယောက်နဲ့တစ်ယောက် ခင်မင်ရင်းနှီးမှုကို ပြတဲ့ သဘောမျိုးပါပဲ။

သူကျွေးတဲ့မုန့်ကို စားနေတုန်းမှာပဲ မစ္စက် အက်ဘာဟတ်က ကျွန်မနဲ့ မျက်နှာချင်းဆိုင် ကုလားထိုင်ပေါ်မှာ ထိုင်ပြီး သူတို့ လင်မယားနဲ့ သူတို့အိမ်ရဲ့ အခြေအနေကို အေးအေးဆေးဆေး ပြောပြပါတယ်။ သူပြောပြတော့မှ ကျွန်မသိရတာက သူ့ယောကျ်ားကသာ အလုပ်ရှိပြီး သူက အလုပ်မရှိဘူးဆိုပေမယ့် တကယ် တကယ်တော့ လက်ရှိ အခြေအနေအရ သူဟာ စစ်အောင်နိုင်ရေး အတွက် ဖွဲ့ထားတဲ့ ကော်မတီတွေ တော်တော်များများမှာ အရေး ကြီးတဲ့ အမှုဆောင်တစ်ယောက်အနေနဲ့ ပါဝင်နေရလို့ နေ့တိုင်းလို လို တာဝန်တွေ ထမ်းဆောင်နေရတယ်လို့ ဆိုပါတယ်။ လောလော ဆယ်ကို သူဟာ ဆေးရုံတစ်ရုံမှာ အရေးကြီးတဲ့အလုပ်တွေ နေ့တိုင်းသွားလုပ်နေရလို့ နေ့လယ်စာ



အတွက် ဘာမှ မစီစဉ်နိုင်တဲ့ အကြောင်း၊ ဒါ့အပြင် တခြား အရေးပေါ်တာဝန်တွေလည်း ပိနေတဲ့အတွက် အခုရက်ပိုင်း တနင်္ဂနွေ တစ်ပတ်နှစ်ပတ်လောက် အတွင်း ညစာကို အိမ်မှာ မချက်နိုင်ဘဲ၊ အပြင်မှာစားဖို့ စီစဉ်ထား တဲ့အကြောင်း၊ အဲဒီတော့ ကျွန်မကိုယ်တိုင်လည်း သူနဲ့သူ့ယောကျ်ား နဲ့အတူ ညစာကို ဒီအိမ်နဲ့ မလှမ်းမကမ်းမှာရှိတဲ့ စားသောက်ဆိုင် တစ်ဆိုင်မှာ လိုက်စားရမယ့် အကြောင်း စီကာပတ်ကုံး ပြောပြပါ တယ်။

အဲ . . နေ့လယ်နေ့ခင်းဘက်မှာတော့ အိမ်မှာ ကျွန်မတစ်ယောက်တည်းရှိနေတုန်း အိမ်အလုပ်တွေ လုပ်ဖို့ရှိပါတယ်။ အဝတ်လျှော်တာတို့ မီးပူတိုက်တာတို့ တံမြက်စည်းလှဲတာတို့ဆိုတဲ့ ဗာယီယ အလုပ်တွေပေါ့ရှင်။ တခြား ထွေထွေထူးထူး အလုပ်ရယ်လို့တော့ မရှိပါဘူး။

သူနဲ့ ကျွန်မနဲ့ အဲသလို အိမ်မှုလုပ်ငန်းကိစ္စတွေ ပြောနေတုန်းမှာပဲ တစ်အောင့်လောက်ကြာတော့ အိမ်ရှင် မစ္စတာ အက်ဘာဟတ် အလုပ်က ပြန်ရောက်လာပါတယ်။

“ဒါ ကျွန်မတို့ရဲ့ ကတ်တာရိုးနားလေ”

မစ္စက် အက်ဘာဟတ်က အိမ်ရှင်မတစ်ယောက်ရဲ့ လေသံမျိုးနဲ့ ကျွန်မအပေါ် ကျေနပ်နှစ်သက်တဲ့ လေသံမျိုးကို ပေါင်းစပ်ပြီး ကျွန်မကို သူ့ယောကျ်ားနဲ့ မိတ်ဆက်ပေးပါတယ်။ ကျွန်မလည်း မစ္စတာ အက်ဘာဟတ်ကို အမှတ်မထင် လှမ်းကြည့်ပြီး အကဲခပ်လိုက်ပါတယ်။ သူ့အရပ်က တော်တော်လေးရှည်ပြီး မျက်နှာအမူ အရာကလည်း စူးရှထက်မြက်တဲ့ပုံသဏ္ဌာန်မျိုးပါပဲ။ နှုတ်ခမ်းမွေး တိုနံ့နံ့နဲ့ အဝတ်အစားကို သေသေသပ်သပ် အကျအန ဝတ်ထား တာ တွေ့ရပါတယ်။

ဒီလိုနဲ့ အဲဒီနေ့က ညနေစာကို ကျွန်မပဲ ပြင်ဆင်ကျွေးရပါတယ်။ အားလုံး ရှောရှောရှူရှူပါပဲ။ ဘာတစ်ခုမှ ထစ်ထစ်ငေါ့ငေါ့ မဖြစ်ဘဲ အဆင်ပြေသွားပါတယ်။

အဲဒီနောက် မစ္စက်အက်ဘာဟတ်က နက်ဖြန်မနက် အိပ်ရာက ၆နာရီ ထနိုင်အောင် နှိုးစက်ပေးထားဖို့နဲ့ သူ့ယောက်ျား ရုံးသွားတဲ့အခါ ယူသွားဖို့ အသားညှပ်ပေါင်မုန့် အဆင်သင့်လုပ် ထားရမယ့်အကြောင်း ကျွန်မကို မှာပါတယ်။

ကျွန်မလည်း စားသောက်ပြီးတဲ့ ပန်းကန်တွေ ဆေးကြော၊ မီးဖို ချောင် အသုံးအဆောင်ပစ္စည်းတွေကို နေသားတကျနဲ့ သပ်သပ်ယပ်ယပ်ဖြစ်အောင် ပြန်သွင်းပြီး ကျွန်မ အခန်းကလေးရှိရာ ထပ်ခိုးပေါ် တက်လာခဲ့ပါတယ်။

ဒီတိုင်းဆိုရင်တော့ ကျွန်မဘဝဟာ အဆင်ပြေသွားတန်ကောင်းရဲ့လို့ အောက်မေ့ရတာပါပဲရှင်။ အခုလို စိတ်ချမ်းသာ ကိုယ်ချမ်းသာနဲ့ သက်တောင့်သက်သာ နေရာမျိုးကို တခြားမှာ ရှာတွေ့ဖို့ မလွယ်ပါဘူး။ အဲဒီတော့ ဒီထပ်ခိုးပေါ်က ဒီအခန်း ကလေးမှာပဲ ကိုယ့်ဘဝကိုယ် ပြည်ဖုံးကားချထားပြီး တစ်နေ့ စစ်ကြီး ပြီးသွားတဲ့အခါကျတော့မှ . . .

ဟုတ်ပါရဲ့ စစ်ကြီးကလည်း ဘယ်တော့များမှ ပြီးပါ့မလဲ ရှင် . . .

× × × × ×

ဒီလိုနဲ့ တဖြည်းဖြည်း ကျွန်မဟာ ဒီအိမ်မှာ နေသားကျလာတာနဲ့အမျှ အက်ဘာဟတ်တို့ လင်မယားနဲ့ တော်တော်လေး ရင်းနှီးလာပါတယ်။ အထူးသဖြင့် အိမ်ဖော်တစ်ယောက်အနေနဲ့ ကျွန်မကိုယ်ကျွန်မ အိမ်မှုကိစ္စအဝဝနဲ့ ချက်ရေးပြုတ်ရေး အလုပ်



တာဝန်တွေကို အတတ်နိုင်ဆုံး ကျေပွန်အောင် လုပ်ခဲ့ ကိုင်ခဲ့ပါတယ်။

ပထမတော့ သူတို့ လင်မယားနှစ်ယောက်စလုံးက ကျွန်မ အပေါ်မှာ သာမန် အိမ်ဖော်တစ်ယောက်လိုပဲ သဘောထားပြီး ခပ်မှန်မှန် ခပ်တန်းတန်းပဲ ဆက်ဆံခဲ့ပါတယ်။ ဒါပေမယ့် ကျွန်မ ကိုယ်တိုင်က ဒီအိမ်ကို ကျွန်မအိမ်လိုပဲ သဘောထားပြီး သူတို့ လင်မယားနှစ်ယောက်ကိုလည်း အဖေလို အမေလို၊ ဦးလေးလို အဒေါ်လို စိတ်ထဲက အောက်မေ့ပြီး အစစအရာရာ အဖက်ဖက်က မလစ်ဟင်းရအောင် တရိုတသေ တလေးတစားနဲ့ နေထိုင်လုပ်ကိုင်လာတာ တွေ့ရတော့ သူတို့ကိုယ်တိုင်က ကျွန်မကို ဆွေမျိုးရင်းချာ အိမ်သူအိမ်သားတစ်ယောက်လို စိတ်ပြောင်းလာကြတာ တွေ့ရပါ တယ်။

ဒီအိမ်ရောက်လို့ လေးငါးရက်လောက် နေရင်ပဲ မစ္စက်အက်ဘာဟတ်က နေ့လယ် နေ့ခင်း သူကိစ္စရှိလို့ အပြင်သွားနေတုန်း ကျွန်မတစ်ယောက်တည်း ပျင်းနေမှာစိုးလို့ဆိုပြီး အိမ်ရှေ့ခန်းက ရေဒီယိုကို ကျွန်မအတွက် ဖွင့်ပေးထားခဲ့ပါတယ်။ ရေဒီယိုကလည်း ကျွန်မမြင်ဖူး တွေ့ဖူးတဲ့ စားပွဲတင် ရေဒီယိုမျိုး မဟုတ်ပါဘူး။ ကျွန်မ ခါးလောက်မြင့်တဲ့ ကြောင်အိမ်လိုလို၊ ဘီရိုလိုလိုထဲမှာ ကျကျနန ထည့်ပြီးလုပ်ထားတဲ့ ဧရာမ ရေဒီယို အကြီးစားကြီးပါ။ ဒါမျိုးကို ကျွန်မဖြင့် ဒီအိမ်ရောက်မှပဲ မြင်ဖူးပါတယ်။

ဒါကြောင့် နေ့လယ် နေ့ခင်းဘက် တစ်ယောက်တည်း အိမ်မှာ ရှိနေပြီး အဝတ်လျှော်၊ မီးပူတိုက်၊ တံမြက်လှဲစတဲ့ အိမ်မှု ကိစ္စတွေလုပ်နေရင်းနဲ့ အဲဒီရေဒီယိုကြီးထဲက သာယာငြိမ့်ညောင်းတဲ့

တေးဂီတသံတွေ နားထောင်ရတာ အရသာတစ်မျိုးပါပဲ။ ဒါပေမယ့် ကျွန်မ ကြားနေရတဲ့ အသံဟာ သူတို့ ဂျာမန်တွေအတွက် လွှင့် ထုတ်နေတဲ့ ဘာလင် အသံလွှင့်ဌာနကဆိုတော့ ထုံးစံအတိုင်း သတင်းပိုင်းမှာ ဂျာမန်တပ်တွေရဲ့ အောင်ပွဲတွေကိုလည်း နားမဆန့်အောင် ကြားနေရပါတယ်။ သူတို့ဂျာမန်တပ်တွေ အောင်ပွဲတွေ တစ်ပွဲပြီးတစ်ပွဲ ရနေတဲ့အကြောင်း၊ ရှေ့သို့ချီတက်ပြီးရင်း ချီတက်နေတဲ့အကြောင်းကို မကြားချင်ဘဲ ကြားနေရပါတယ်။

ဒီနေရာမှာ ကျွန်မကို ရေဒီယို ဖွင့်နားထောင်ဖို့ မစ္စက်အက်ဘာဟတ်က စီစဉ်ပေးခဲ့တာနဲ့ ပတ်သက်လို့ အခုလို သူတို့ ဂျာမန်တပ်တွေ အောင်ပွဲခံနေကြတဲ့ သတင်းတွေကို တမင် ကျွန်မ ကြားစေချင်လို့ ဝါဒဖြန့်တဲ့သဘောမျိုး လုပ်နေတာလားလို့ မေး စရာ ရှိပါတယ်။ ကျွန်မကတော့ ဒီလို လုံးဝ မထင်ပါဘူး။ ကျွန်မ အပေါ်မှာ သူ့အနေနဲ့ အိမ်သားတစ်ယောက်လို သဘောထားပြီး ယုံကြည်စိတ်ချတယ်ဆိုတဲ့အကြောင်း ထင်ရှားစေလိုတဲ့ ဆန္ဒကြောင့် ပဲလို့ တစ်ထစ်ချ ယုံကြည်ပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ တကယ် လို့ ဒီဘာလင် အသံလွှင့်ဌာနက သတင်းတွေကို ကျွန်မ နားမထောင်ချင်ရင် ခလုတ်ပိတ်လိုက် ပြီးတာပဲမှတ်လား။

ကျွန်မအပေါ်မှာ သူတို့လင်မယား နှစ်ယောက်စလုံးဟာ ဆွေမျိုးရင်းချာလို၊ အိမ်သူအိမ်သား တစ်ယောက်လို သဘောထား တယ်ဆိုတာ ပိုပြီးထင်ရှားတဲ့ အချက်တစ်ချက် ရှိပါသေးတယ်။

အဲဒီ အဖြစ်အပျက်က ဒီလိုပါ။

ကျွန်မ သူတို့အိမ်မှာ လုပ်နေကိုင်နေရတာဟာ မပင်ပန်းပါဘူး။ နေရထိုင်ရတာလည်း ကျေနပ်ပါတယ်။ ဒါပေမယ့် တစ်ခု



ရှိတာက အစားအသောက်နဲ့ ပတ်သက်လို့တော့ အားမရတာ အမှန် ပါပဲ။ အားမရဘူးဆိုတာက တခြားမဟုတ်ပါဘူး။ ကျွန်မ စားချင် သလောက်၊ ကျွန်မစိတ်ထဲ အားရပါးရ စားချင် သလောက် ဝဝ လင်လင် မစားရတာကို ပြောတာပါ။ ဒါကလည်း တကယ်တော့ သူတို့အပြစ် လုံးဝမဟုတ်ပါဘူး။ အဲဒီအချိန်က ဂျာမန်အစိုးရဟာ ရှေ့တန်းစစ်မျက်နှာကို စုပြုံအားသွန်ပြီး ထောက်ပံ့နေရတော့ နောက်ပိုင်းမှာရှိတဲ့ ဂျာမန်လူမျိုးတွေ၊ အရပ်သူ အရပ်သားတွေဟာ ရိက္ခာကို 'ရာရှင်' စနစ်အရ ခွဲတမ်းနဲ့ စားနေရလို့ပါပဲ။

ဘာပဲဖြစ်ဖြစ် ကျွန်မအနေနဲ့ကတော့ ကျန်းမာရေးကလည်း ကောင်းပြီး၊ အရွယ်ကလည်း စားနိုင် သောက်နိုင်တဲ့ အရွယ်ဆိုတော့ ရာရှင်စနစ်အရ တစ်ခါစားရင် ကြက်ဥကလေးတစ်လုံး၊ ပေါင်မုန့်လေး နှစ်ချပ် သုံးချပ်နဲ့ ဆွပ်ပြုတ်ကလေး တစ်ပန်းကန်လောက် ဆိုတော့ ဘယ်မှာ တင်းတိမ်နိုင်ပါ့မလဲရှင်။

ဒါနဲ့ တိုတိုပြောပါရစေတော့ အဲဒီအိမ်ရောက်လို့ တစ်လလောက်အထိ နေ့စဉ်နေ့တိုင်း ခွဲတမ်းအရ မဝတဝ စားလာခဲ့ရတာ ကြာတော့ ဆာလွန်းလို့ မနေနိုင်တော့ဘူး။ အထူးသဖြင့် နေ့ခင်းဘက်ကျရင် ဆာလွန်းလို့ ကျွန်မဖြင့် လိမ်ပိန်နေတာချည်း ပါပဲ။ နောက်ဆုံး မခံမရပ်နိုင်ဖြစ်လာတာနဲ့ တစ်နေ့တော့ နေ့လယ်ဘက် မစ္စက်အက်ဘာဟတ် မရှိတုန်း သူဖွက်ပြီးသိမ်းထားတဲ့ ဘီစကွတ် မုန့်တွေကို ကျွန်မယူစားမိပါတယ်။ အဲဒီ ဘီစကွတ်မုန့်တွေကို ကြွေချိုင့်ကြီးနဲ့ ထည့်ပြီး ကြောင်အိမ်ပေါ်မှာ သိမ်း

ထားတာဆိုတော့ ကြောင်အိမ်က နည်းနည်းမြင့်နေလို့ ကျွန်မအရပ်နဲ့ မမီတမီ လှမ်း နှိုက်ပြီး စားရပါတယ်။

အဲဒီကြွေချိုင့်ကြီးထဲက မုန့်တွေကို ပထမတစ်ရက် နှိုက်စားမိရာက နောက်ရက်တွေ၊ နောက်ရက်တွေကျတော့လည်း ဒီလို တိတ်တိတ်ကလေး နှိုက်စားလာခဲ့တာ လေးငါး ခြောက်ရက်ကြာ တော့ မစ္စက်အက်ဘာဟတ်ကိုယ်တိုင် သိသွားတော့တာပါပဲ။ သိ သွားရတာကလည်းပဲ ဒီဘီစကွတ် မုန့်တွေကို ဘာလင်မှာရှိတဲ့ သူ့သားဆီ ပို့မယ်ဆိုပြီး ကြွေချိုင့်ကြီးကို ယူကြည့်လို့ပါ။

"ဟဲ့ . . . ဒီချိုင့်ထဲက မုန့်တွေ ဘယ်ရောက်ကုန်ပလဲ။ ငါထည့်ထားတုန်းက အပြည့်ပါ။ အခုတစ်ဝက်လောက်ပဲ ရှိပါတော့လား"

အဲဒီနေ့က ကြောင်အိမ်ပေါ်မှာထားတဲ့ ကြွေချိုင့်ကြီးလည်း ယူကြည့်လိုက်ရော မစ္စက်အက်ဘာဟတ်က အလန့်တကြားနဲ့ အော်လိုက်တော့တာပါပဲ။ အဲဒီလို အော်လိုက်ရင်းနဲ့ သူက အနားမှာရှိတဲ့ ကျွန်မမျက်နှာကို စိုက်ကြည့်လိုက်ပါတယ်။ ကျွန်မ အနေနဲ့ ဘယ်လိုမှ ငြင်းလို့မရတော့ပါဘူး။ ငြင်းလို့လည်း မဖြစ်တော့ဘူးလေ။ တစ်အိမ်လုံးမှာ သူတို့လင်မယားကလွဲရင် ကျွန်မ တစ်ယောက်တည်းပဲ ရှိတာမှတ်လား။

ဒါနဲ့ ကျွန်မက "ကျွန်မ ယူစားမိပါတယ်" လို့ ဝန်ခံပြီး ရှက်ရှက်နဲ့ သူ့ရှေ့မှာ ခေါင်းငုံ့နေမိပါတယ်။ စိတ်ထဲကလည်း "အင်း . . . ငါတော့ သွားပြီ။ သူ့အိမ်ရောက်တာမှ တစ်လလောက်ပဲရှိသေးတယ်။ ဘာမဟုတ်တဲ့ ဒီလို ဘီစကွတ် မုန့်လေးတောင် ခိုးစားသေးတယ်ဆိုတော့ ငါ့အပေါ်မှာ လုံးဝ အယုံအကြည်ရှိ တော့မှာ မှုတ်ဘူး။ အဲဒီတော့ ငါ့ကိုအကျင့်စာရိတ္တမကောင်း



ဘူး ဆိုတဲ့ မှတ်ချက်နဲ့ အလုပ်သမားရုံးကို သေချာပေါက် ပြန်ပို့တော့ မှာပဲ" လို့တွေးပြီး မျက်နှာမထားတတ်အောင် ဖြစ်နေမိပါတယ်။ မစ္စက်အက်ဘာဟတ် အနေနဲ့ အကြီးအကျယ် စိတ်ဆိုးပြီး ခွင့်မလွှတ်နိုင်အောင် ဖြစ်သွားပြီလို့ တထစ်ချ ယူဆမိပါတယ်။

ဒါပေမယ့် တကယ့်တကယ်ကျတော့ ကျွန်မထင်သလို မဟုတ်ဘဲ တစ်မျိုးဖြစ်နေပါတယ်။

"ကက်တာရီးနား၊ ဘယ်လိုဖြစ်တာလဲ ပြောစမ်းပါဦး၊ ညည်းကို ဒီလို မိန်းကလေးမျိုး မဟုတ်ဘူးလို့ ငါထင်ထားတာ၊ အခုတော့ ညည်းဟာက ဘယ်လိုလဲအေ"

မစ္စက်အက်ဘာဟတ်က စိတ်မကောင်းတဲ့ လေသံနဲ့ ကျွန်မကို ညင်ညင်သာသာပဲ လှမ်းပြောလိုက်ပါတယ်။ ကျွန်မလည်း သူ့အသံနဲ့ သူ့မျက်နှာကိုကြည့်ပြီး တော်တော်လေး စိတ်ထိခိုက်သွားမိပါတယ်။

"ကျွန်မ ဆာလွန်းလို့ပါ။ နေ့ခင်းဘက်မှာ မနေနိုင်အောင် ဆာလွန်းလို့ ယူစားမိတာပါ။ ပြီးတော့ . . . ပြီးတော့လည်း ကျွန်မ ယူစားတုန်းက ဒါလောက်များသွားလိမ့်မယ်လို့ မထင်ခဲ့ပါဘူး။ အဲဒီချိုင့်ထဲက မုန့်ကို မမီမကမ်းနဲ့ လှမ်းပြီး နှိုက်စားရင်းက . . ."

ကျွန်မ ရှေ့ဆက်ပြီး ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူး။

မစ္စက်အက်ဘာဟတ်ကလည်း ကျွန်မ စိတ်ထိခိုက်သွားတယ်ဆိုတာ ရိပ်မိပုံရပါတယ်။ သူ့မျက်နှာမှာ ကြင်နာတဲ့ အရိပ်အယောင်တွေ သန်းလာပြီး၊ တစ်အောင့်လောက်နေတော့မှ . . .

"ညည်းဟာက တကယ့်ကလေးလေး ကျနေတာပဲကိုး. . .။ ဒီချိုင့်ကို မမီမကမ်းနဲ့ လှမ်းနှိုက်ရတယ်လို့အေ၊ ညည်းကိုယ်ညည်း ကလေးလေးလို့ ထင်မနေနဲ့ ကြားလား ကက်တာရီးနား၊ ညည်း အသက် နှစ်ဆယ့်နှစ်နှစ်ရှိပြီအေ့ သိရဲ့လား"

ကျွန်မအသက် "နှစ်ဆယ့်နှစ်နှစ်ရှိပြီ" ဆိုတော့ ကျွန်မဖြင့်လေ ပြန်ပြောချင်လိုက်တာ လွန်ပါရော၊ 'ခုမှ ဆယ့်ရှစ်နှစ်ပဲ ရှိပါ သေးတယ်လို့' ပြန်ပြောချင်လိုက်တာ၊ ဒါပေမယ့် ဘယ်ပြောလို့ ဖြစ်ပါ့မလဲရှင်။

အဲဒီအချိန်မှာ မစ္စက်အက်ဘာဟတ်နဲ့ ကျွန်မဟာ တစ်ယောက် မျက်နှာ တစ်ယောက် စိုက်ကြည့်နေမိကြပါတယ်။ ဒီလို ကြည့်နေ ရင်း သူနဲ့ကျွန်မဟာ မျက်လုံးချင်း စကားပြောမိကြပါတယ်။ သူ့နှလုံးသားထဲက အကြင်နာတရားကို ကျွန်မမြင်နေရသလို ကျွန်မစိတ်ထဲက နောင်တ တရားကိုလည်း သူနားလည်သွားပါတယ်။ ဒါပေမယ့် သူက ဒီကိစ္စကို သူ့ယောကျ်ားသိအောင် ပြောပြရ လိမ့်မယ်တဲ့။

ဒါပေမယ့် နောက်တစ်နေ့ မနက်ကျတော့ ကျွန်မမှာ အံ့အား သင့်စရာ တွေ့လာရပြန်ပါတယ်။ အဲဒါက ဘာလဲဆိုတော့ မနက် စာစားတဲ့ စားပွဲမှာ ကျွန်မပန်းကန်ထဲ ခါတိုင်းလို ပေါင်မုန့် နှစ်ချပ်ထည့်နေကျ၊ ဒီနေ့မနက်ကျတော့ ပေါင်မုန့်လေးချပ် ထည့် ထားတာ တွေ့ရလို့ပါပဲ။ မစ္စက်အက်ဘာဟတ်က ပြောပါ သေး တယ်။ ဒီအပိုပေါင်မုန့်နှစ်ချပ်ဟာ သူ့အမေ 'ရာရှင်'ရတဲ့ အထဲက သူ့အမေမစားနိုင်လို့ ကျွန်မကို ထည့်ပေးတာတဲ့။ သူက အဲဒီလို ပြောနေတုန်း သူ့ယောကျ်ားက ဘာတစ်ခွန်းမှ ဝင်မပြော ဘဲ ကျွန်မမျက်နှာကို အကြာကြီး စိုက်ကြည့်နေပါတယ်။ ကျွန်မလည်း



ပါးစပ် က ပြောရခက်တာနဲ့ မစ္စတာအက်ဘာဟတ်ကို တောင်း ပန်တဲ့ မျက်နှာ၊ နောင်တရတဲ့ အမူအရာနဲ့ ပြန်ကြည့်လိုက်မိ ပါတယ်။

ဒီအဖြစ်အပျက်လေးဟာ ဘာမှ မကြီးကျယ်ပေမယ့် ကျွန်မ နဲ့ သူတို့လင်မယားကြားမှာ တစ်ဦးနဲ့တစ်ဦး ခင်မင်ကြင်နာမှု တွေကို ဖော်ထုတ်ပြလိုက်သလို ဖြစ်ခဲ့ရပါတယ်။

ဒီလိုနဲ့ ကျွန်မဟာ သူတို့အိမ်မှာ တစ်စတစ်စ နေသားကျပြီး တကယ့်အိမ်သားတစ်ယောက်လို ဖြစ်လာပါတယ်။ အိမ်မှုကိစ္စ တာဝန်တွေကို ကြိုးကြိုးစားစားနဲ့ လုပ်ကိုင်ခဲ့သလို သူတို့ လင်မယားကိုလည်း တကယ့် စိတ်ရင်းစေတနာနဲ့ ရိုရိုသေသေ လေးလေးစားစား နေထိုင်ဆက်ဆံလာခဲ့ပါတယ်။

ကျွန်မဘက်က အဲသလို ပြုမူနေထိုင်လာတာနဲ့အမျှ သူတို့ လင်မယားကလည်း ကျွန်မအပေါ်မှာ တစ်နေ့တခြား သံယောဇဉ် ဖြစ်လာတာ တွေ့ရပါတယ်။ ဘယ်လောက်များ ဖြစ်လာသလဲဆို တော့ မစ္စတာအက်ဘာဟတ်က ကျွန်မနေတဲ့ ထပ်ခိုးပေါ်က အခန်းကလေးမှာ ရေဒီယိုကလေး တစ်လုံးတောင် ထားပေးပါ တယ်။ မစ္စက်အက်ဘာဟတ်ကလည်း ကျွန်မအတွက် အင်္ကျီအကောင်း စားတွေနဲ့ ဂါဝန်လှလှလေးတွေ ချုပ်ပေးပါတယ်။ ဒါလောက် တင်မကပါဘူး။ မစ္စတာအက်ဘာဟတ်က ကျွန်မကို အလုပ်အား တဲ့ရက်တွေ နားတဲ့ရက်တွေမှာ ဟိုဟိုဒီဒီ အပြင်ထွက်လည်ဖို့ တောင် တိုက်တွန်းလာပါတယ်။ ကျွန်မအသက်က အငယ်လေး ရှိသေးတယ်။ ပျော်ပျော်ရွှင်ရွှင်နေရမယ့် အရွယ်ပဲ။ အားတဲ့အခါ ကိုယ့်ရပ်ကိုယ့်ရွာက အလုပ်သမားတွေရှိတဲ့ စခန်းကို အလည် သွားပါလား။ တစ်ခါတလေ ရုပ်ရှင်တို့ ပွဲတို့ကို စိတ်ပြေလက်

ပျောက် သွားကြည့်ပါလားလို့၊ လင်မယားနှစ်ယောက်စလုံးက ကျွန်မကို တိုက်တွန်းလာကြပါတယ်။

ပထမတော့ ကျွန်မလည်း အပြင်ထွက်လည်ဖို့ ဝါသနာမပါတဲ့ အကြောင်း၊ အပြင်မှာလည်း အသိသူငယ်ချင်းတစ်ယောက်မှ မရှိတဲ့ အကြောင်း ပြောပါသေးတယ်။ ဒါပေမယ့် ဘယ်မှ မသွားမလာ ဘဲနဲ့ အိမ်ထဲမှာချည်း ကုပ်နေရင် ကြာတော့ ငြီးငွေ့လာမှာ စိုးတယ်ဆိုပြီး ကျွန်မကို အပြင်ထွက်လည်ဖြစ်အောင် မျက်နှာချင်း ဆိုင်အိမ်က ကျွန်မလိုပဲ အိမ်ဖော်လုပ်တဲ့ မာရင်ကာဆိုတဲ့ ရုရှ မလေးနဲ့ မိတ်ဖွဲ့ပြီး အဖော်စပ်ပေးပါတယ်။

မာရင်ကာဟာ ရုပ်ရည်ကလေး သနားကမားနဲ့ သဘောလည်း ကောင်းပုံရပါတယ်။ ဒါပေမယ့် သူ့ကြည့်ရတာ အေးတိ အေးစက်နဲ့ မိုးလွန်း အလွန်းတယ်လို့ ကျွန်မစိတ်ထဲ ထင်မိပါ တယ်။ သူနဲ့ ကျွန်မနဲ့က ဘဝတူ အိမ်ဖော်ချင်းလည်း ဖြစ်ပြန်၊အိမ် ချင်း ကလည်း မျက်နှာချင်းဆိုင် ဖြစ်နေပြန်ဆိုတော့ တစ်ယောက်နဲ့ တစ်ယောက် အသိအကျွမ်းဖြစ်သွားကြတယ်ဆိုရင်ပဲ သူ့အိမ်ကို ကျွန်မသွားလည်လိုက်၊ ကျွန်မအိမ်ကို သူလာလည်လိုက်နှင့် လေးငါး ဆယ်ရက်အတွင်း တော်တော်ကလေး ခင်ခင်မင်မင် ဖြစ်သွားကြ ပါတယ်။

ဒီလိုနဲ့ တဖြည်းဖြည်း ဆောင်းရာသီရောက်လာပြီး နှင်းတွေ တဖွဲဖွဲကျလာပါတယ်။ ဆောင်းဝင်လာလို့ တစ်နေ့ထက် တစ်နေ့ ပိုပိုပြီး အေးလာတာနဲ့အမျှ အက်ဘာဟတ်တို့ လင်မယားလည်း လူကြီးပီပီ အအေးဒဏ် မခံနိုင်တဲ့အတွက် ဘီရိုထဲက အနွေးထည် တွေကို ထုတ်ပြီး ဝတ်ကြရပါတယ်။ အဲဒီလို ရာသီဥတု အပြောင်း အလဲနဲ့ လိုက်အောင် အနွေးထည်တို့ ခေါင်းစွပ်တို့ ခြေအိတ်တို့



ဖိနပ်တို့ဆိုတာတွေ ဂရုတစိုက် ဝတ်ဖို့လိုတဲ့အကြောင်း ပြောကြ ရင်းနဲ့ တစ်နေ့တော့ သူတို့လင်မယားဟာ ကျွန်မအတွက် ဆောင်း တွင်းစီး ဖိနပ်မရှိသေးဘူးဆိုပြီး နောက်တစ်နေ့မနက်မှာ မစ္စတာ အက်ဘာဟတ်ကိုယ်တိုင် ကျွန်မအတွက် ဖိနပ်တစ်ရံ ဝယ်လာပါ တယ်။ ဖိနပ်က နှင်းတောထဲမှာ စီးတဲ့ ဖိနပ်အရှည်မျိုး ဇစ်တပ် ထားပြီး သားရေအကောင်းစားနဲ့ ချုပ်ထားပါတယ်။ စစ်ကြီး အတွင်းမို့ အစစအရာရာ ရှားပါးနေတဲ့အတွက် ဒီဖိနပ်ဟာ အနည်းဆုံး ဂျာမန်ငွေနဲ့ မတ်သုံးဆယ်ကျော်လေးဆယ်လောက် တော့ ပေး ရမှာ သေချာပါတယ်။ အဲဒီတော့ တစ်လလုံးမှ လခ နှစ်ဆယ့်ရှစ်မတ်ပဲ ရတဲ့ ကျွန်မအနေနဲ့ ဒီလောက်အဖိုးတန် တဲ့ ဖိနပ်မျိုးကို ဘယ်မှာ ဝယ်စီးနိုင်ပါ့မလဲရှင်။ တကယ်ပါပဲ။ အဲဒီဖိနပ်ဝယ်လာတဲ့ နေ့ကဆို ကျွန်မဖြင့် မစ္စတာအက်ဘာဟတ်ကို ဘယ်လိုကျေးဇူး တင်ရမှန်း မသိဘူး။ ဒါလောက်ကောင်းတဲ့ ဖိနပ်ကို စီးရမှာမို့ ဝမ်းသာလိုက်တာလည်း မပြောပါနဲ့တော့။

ဒီကြားထဲ ဖိနပ်အသစ်ကြပ်ချွပ်ကို အစမ်း စီးနိုင်းပြီးမှ မစ္စက်အက်ဘာဟတ်က ကျွန်မခြေထောက်ကို သေသေချာချာ ကြည့်ပြီး "လှတယ်ဟေ့ . . . သမီးခြေထောက်နဲ့ ဒီဖိနပ်နဲ့ သိပ်လိုက် တာပဲ"လို့ပြောလိုက်ပါတယ်။

"သမီး"တဲ့။ မစ္စက်အက်ဘာဟတ် ပါးစပ်က ရုတ်တရက် လွှတ် ခနဲ 'သမီး'လို့ခေါ်တာကို ကြားလိုက်ရ ကြားလိုက်ရတော့ ကျွန်မရင်ထဲမှာ အကြီးအကျယ် လှုပ်ရှားသွားပြီး တစ်မျိုး ကြီး ခံစားလိုက်မိပါ တယ်။ ကျွန်မကို သမီးလို့ခေါ်တဲ့ အသံကို မကြားရတာ ရက် ပေါင်း အတော်ကြာခဲ့ပါပြီ။ အမေနဲ့ ခွဲလာခဲ့ရ ပြီးတဲ့နောက် နှစ်လကျော် သုံးလနီးပါး ကြာခဲ့တဲ့ အတောအတွင်း သမီးလို့

ခေါ်လိုက်တဲ့အသံကို ဒီတစ်ခါ ပထမဆုံးအကြိမ် ကြားရတာပါပဲ။ ကျွန်မအတွက် အင်မတန်အဖိုးတန်တဲ့ ဖိနပ်တစ်ရံ ဝယ်ပေးလို့ မစ္စတာအက်ဘာဟတ်ကို ဘယ်လိုကျေးဇူးတင်ရမှန်း မသိအောင်ဖြစ်နေတုန်း မစ္စအက်ဘာဟတ်က အခုလို 'သမီး'လို့ လှတ်ခနဲခေါ်တာ ကြားလိုက်ရပြန်တော့ ကျွန်မဖြင့် ရင်ထဲမှာ လှိုက်လှိုက်လှဲလှဲ ဖြစ်သွားပြီး မျက်ရည်များတောင် လည်လာမိပါ တယ်။ ဖြစ်နိုင်ရင် ကျွန်မဖြင့် ဒီနေရာတင် ချုံးပွဲချပြီး အားရပါးရ ငိုပစ်လိုက်ချင်တာပါပဲ။

ဒါနဲ့ ဖိနပ်အကြောင်းပြောကြရင်း ရွာမှာတုန်းက အခုလိုဆောင်းရာသီရောက်တိုင်း ရေခဲပြင်ပေါ် စကိတ်စီးကြတဲ့အကြောင်း အမှတ်မထင် ပြောပြမိပါတယ်။ အဲဒီလို ကျွန်မစကိတ်စီးတဲ့အကြောင်း ပြောလိုက်တော့ မစ္စတာ အက်ဘာဟတ်က ဒီလင်္ဂဗ်မြို့မှာလည်း စကိတ်စီးချင်ရင် စီးလို့ရတာပဲ။ စကိတ်စီးလို့ အင်မတန်ကောင်းတဲ့ ရေခဲပြင်လည်း ရှိနေတာပဲ။ တကယ်လို့ စီးချင်ရင် စကိတ်စီးတဲ့ဖိနပ်ကို ရအောင် သူရှာပေးမယ်လို့ ပြောလာပါတယ်။

နောက်တစ်နေ့ မနက်ကျတော့ အိမ်နားနီးချင်း သူ့မိတ်ဆွေတစ်ယောက်ဆီက စကိတ်စီးတဲ့ဖိနပ်တစ်ရံ ယူလာပြီး ကျွန်မကိုပေးပါတယ်။ ဒီလိုနဲ့ ကျွန်မလည်း သူတို့လင်မယားရဲ့ တိုက်တွန်း အားပေးမှုကြောင့် လင်္ဂဗ်မြို့က အကောင်းဆုံးဆိုတဲ့ ရေခဲပြင်မှာ တပျော်တပါးကြီး စကိတ်စီးခဲ့ရပါတယ်။ ကျွန်မ စကိတ်စီးသွားတဲ့အခါမှာ အိမ်ရှေ့က ရုရှားမလေး မာရင်ကာလည်း ကျွန်မနဲ့အတူ အဖော်လိုက်လာတတ်ပါတယ်။ ဒါပေမယ့် 'အဖော်' ဆိုတဲ့ အတိုင်း အဖော်သက်သက်ပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ မာရင်



ကာ က စကိတ် လုံးဝမစီးတတ်လို့ပါ။ ကျွန်မက သင်ပေးမယ်ဆိုတာတောင် မစီးရဲလို့ မသင်ချင်ဘူးဆိုပြီး ကျွန်မစီးတာကိုပဲ ဘေးက ထိုင်ကြည့်နေခဲ့ပါတယ်။ မာရင်ကာကတော့ အဲဒီလို ခပ်ရှိုးရှိုး ခပ်အအထဲကပါပဲ။

ဒါနဲ့ ပြောပါဦးမယ်။ အဲသလို စကိတ်စီးသွားရင်း ကြုံခဲ့တွေ့ခဲ့ရတဲ့ အဖြစ်အပျက်တစ်ခုနဲ့ ပတ်သက်လို့ပါပဲ။

တစ်နေ့တော့ မာရင်ကာ အလုပ်များနေလို့ မလိုက်နိုင်တာနဲ့ ကျွန်မတစ်ယောက်တည်း စကိတ်စီးဖို့ ထွက်လာခဲ့ပါတယ်။ဟိုရောက်တော့ မာရင်ကာ ပါမလာလို့ အေးအေးဆေးဆေး နေဦးမယ်ဆိုပြီး တနင်္ဂနွေနေ့မို့ လူတွေကလည်း များနေတာနဲ့ ရုတ်တရက် ရောက်ရောက်ချင်း စကိတ်မစီးသေးဘဲ ခဏတဖြုတ်စောင့်နေမိပါတယ်။ ဟုတ်လည်း ဟုတ်ပါတယ်။ အဲဒီနေ့က ခါတိုင်းထက်ပိုပြီး လူစီးကားနေပါတယ်။ ရေခဲပြင်ပေါ်မှာ ကလေးလူကြီးယောက်ျား မိန်းမအပြည့်ပါပဲ။ အထူးသဖြင့် အင်မတန်လှတဲ့ ရောင်စုံဂါဝန်လေးတွေနဲ့ မိန်းမပျိုလေးတွေဟာ သူ့အတွဲနဲ့သူ ရေခဲ ပြင်ပေါ်မှာတွဲပြီး စကိတ်စီးရင်း စုံတွဲကနေကြတာဟာ သိပ်ပြီး ကြည့်လို့ကောင်းပါတယ်။

အဲဒီလိုနေတုန်း ဖြူးခနဲ လူတစ်ယောက် ကျွန်မအနားရောက်လာပြီး သူနဲ့အတူ စကိတ်စီးဖို့ ကျွန်မကို ဖိတ်ခေါ်ပါတယ်။ ဒီလူကို ကျွန်မတစ်ခါမှ စကားမပြောဘူးပေမယ့် စကိတ်စီးရာမှာ နေ့တိုင်းလိုလို တွေ့နေရလို့ ကောင်းကောင်းသိနေပါတယ်။ ဒါ့ထက်ပိုပြီး အဲဒီလူဟာ ဒီရေခဲပြင်မှာ စကိတ်စီးအကောင်းဆုံးလို့ အားလုံးက သတ်မှတ်ထားကြတဲ့အတွက် သူ့ကို ပိုပြီး မှတ်မိနေပါတယ်။

"ကျွန်မက စကိတ်ကောင်းကောင်း မစီးတတ်သေးဘူး ရှင့်၊ ဒါကြောင့် . . ."

"အို ကိစ္စမရှိပါဘူး နည်းနည်းပါးပါး တတ်ရင်လည်း ရပါတယ်။ ကျွန်တော် သင်ပေးမှာပေါ့"

သူက အဲသလို ပြောလာတာနဲ့ ကျွန်မလည်းခေါင်းညိတ်ပြီး သူနဲ့အတူ စကိတ်တွဲစီးခဲ့ပါတယ်။ စီးလိုက်ကြတာ တစ်ညနေ လုံးလိုလိုပါပဲ။ သူနဲ့ အဲဒီလို စုံတွဲ စကိတ်စီးကြတာကို ဘေးလူတွေက ပထမတော့ အမှတ်တမဲ့ပါပဲ။ ဒါပေမယ့် ဒီမှာ သူကလည်း နာမည်ကျော်စကိတ်စီးသမား ဖြစ်နေပြန်၊ သူ့အသင်အပြကောင်းလို့ ကျွန်မလည်း တော်တော်လေး ကျင်ကျင်လည်လည်နဲ့ စီးတတ်လာပြန်ဆိုတော့ တဖြည်းဖြည်းနဲ့ ဘေးလူတွေက ကျွန်မတို့စုံတွဲကို အာရုံစိုက်လာကြပြီး တခါခါ ဩဘာ လက်ခုပ်တွေတောင် ပေးလာကြပါတယ်။

ဒီလိုနဲ့ အချိန်ကုန်လို့ ကျွန်မတစ်ယောက်တည်း အိမ်ပြန်လာတော့ အိမ်ထဲလည်း ဝင်လိုက်ရော မစ္စတာအက်ဘာဟတ်က ဆီးပြီးမေးတော့တာပါပဲ။

"ကတ်တာရီးနား၊ ဒီနေ့မင်း ရေခဲပြင်မှာ ဘယ်သူနဲ့ တွဲပြီး စကိတ်စီးခဲ့သလဲ"

"ရှင်၊ ဘာဖြစ်လို့လဲ ကျွန်မတစ်ယောက်တည်း စီးခဲ့တာပါ"

"မဟုတ်ဘူး၊ မဟုတ်ဘူး မင်းမညာနဲ့၊ မင်းဒီနေ့ လူတစ်ယောက်နဲ့တွဲပြီး စကိတ်စီးခဲ့တယ်မှတ်လား။ အဲဒီလူဟာ ဘယ်လိုလူလဲဆိုတာကော မင်းသိရဲ့လား။ သူက ဒီလင့်ဇ်မြို့မှာ အတော်ဆုံး အကောင်းဆုံး စကိတ်စီးသမား၊ သိရဲ့လား"



"ကျွန်မ ကျွန်မ မသိပါဘူး သူကခေါ်တာနဲ့ တွဲစီးမိတာပါ"

ကျွန်မလည်း ဘယ်လိုမှ ငြင်းမရတော့တဲ့အတွက် တောင်းပန်သံနဲ့ ဝန်ခံလိုက်ပါတယ်။

မစ္စတာ အက်ဘာဟတ်က ကျွန်မမျက်နှာကို တစ်ချက် စိုက်ကြည့်လိုက်ပါတယ်။ ပြီးမှ ဖြည်းဖြည်းချင်း ဆက်ပြောပါတယ်။

"အေး၊ အေး . . . ပြီးတာ ပြီးပေစေတော့၊ နောက်တစ်ခါ ဒါမျိုးမဖြစ်ရအောင် သတိထားနေ ကြားလား။ တို့အနေနဲ့ တို့ရဲ့ ကက်တာရီးနားကို ဘေးလူတွေက ဟိုဟိုဒီဒီ ပြောတာမျိုး မကြားချင်ဘူးကွယ်"

သူ့အသံက တိုးတိုးသက်သာနဲ့ ငြင်သာသလောက် သူ့မျက်နှာ အမူအရာဟာ ကျွန်မအပေါ်မှာ သွေးရင်းသားရင်းလို စေတနာ အပြည့်အဝ ရှိနေတယ်ဆိုတာ ကျွန်မစိတ်ထဲက အလိုလို နားလည်သဘောပေါက်နေမိပါတယ်။

အဲဒီညကဆိုရင် ကျွန်မတော်တော်နဲ့ အိပ်မပျော်ပါဘူး။ ညနေခင်းက မစ္စတာအက်ဘာဟတ်ရဲ့ စကားတွေကို ကြားယောင်မိရင်း သူတို့လင်မယား နှစ်ယောက်စလုံးက ကျွန်မအပေါ် တကယ့် သားရင်း သမီးရင်းလို သံယောဇဉ်ဖြစ်နေကြရှာပါကလား ဆိုတာ တွေးနေမိပါတယ်။

အဲသလို တွေးရင်း တွေးရင်းနဲ့ ကျွန်မအမေကို သိပ်သတိရပြီး၊ အမေ့ဆီကို စာရေးချင်တဲ့စိတ်တွေက တဖွားဖွားပေါ်လာပါတော့တယ်။ ကျွန်မ အိမ်ကထွက်ခါနီး အမေက ကျွန်မကို မှာလိုက်တာ ရှိပါတယ်။ အဲဒါကတော့ ကျွန်မအနေနဲ့ အခြေအနေကောင်းမှ၊ အဖက်ဖက်က စိတ်ချရမှ သူ့ဆီကို စာရေး

ပါတဲ့။ အခြေ အနေမကောင်းဘဲ စိတ်မချရသေးဘဲ စာရေးဖို့ လုံးဝစိတ်မကူးပါ နဲ့လို့ မှာလိုက်ပါတယ်။

အဲဒီတော့ အခုဆိုရင် ဘာပဲဖြစ်ဖြစ် ကျွန်မအခြေအနေဟာ တော်တော်လေး ကောင်းပြီး တော်တော်လေး စိတ်ချရပြီလို့ ဆိုနိုင်ပါတယ်။ ကျွန်မ မျှော်လင့်ထားတဲ့အတိုင်း စိတ်အေးအေး ချမ်းချမ်းနဲ့ သက်တောင့်သက်သာ လုပ်ရတဲ့အလုပ်ကိုလည်း ရနေပြီ။ ပြီးတော့ ကျွန်မကို ဘယ်သူကမှ ဂျူးမလေးလို့ မထင်ကြတော့ဘဲ ကျွန်မရဲ့ အိမ်ရှင်လင်မယားကဆိုရင် ကျွန်မကို ဂျူးမလေးမှန်း လုံးဝမရိပ်မိရှာတင်မကပါဘူး။ တကယ့် ယူကရိန်းမလေးလို့ပဲ ယုံကြည်ပြီး သူတို့ရဲ့ ဆွေမျိုးရင်းခြာ သွေးရင်းသားရင်းလို တောင် သံယောဇဉ် ဖြစ်နေကြပြီ မဟုတ်လားရှင်။

ဒါကြောင့် အမေမှာလိုက်တဲ့အတိုင်း ဒီအခြေအနေနဲ့ ဒီ အချိန်အခါမျိုးမှာ အမေ့ဆီ စာရေးဖို့ကောင်းပြီလို့ပဲ ယတိ ပြတ် ဆုံးဖြတ်လိုက်ပါတယ်။

ဒါနဲ့ နောက်တစ်နေ့ကျတော့ နေ့ခင်းဘက် မစ္စတာ အက်ဘာ ဟတ်တို့ လင်မယားနှစ်ယောက်စလုံး အိမ်မှာ မရှိတုန်း ခါတိုင်း နေ့စဉ် လုပ်နေကျ အိမ်အလုပ်တွေကို ခပ်မြန်မြန် ခပ်သုတ်သုတ် လုပ်ကိုင်ပြီး ဖောင်တိန်တစ်ချောင်းနဲ့ စာရေးစက္ကူကိုင်ပြီး အပေါ် ဆုံးထပ်ခိုးပေါ်က ကျွန်မအခန်းကလေးရှိရာကို တက်လာခဲ့ပါ တယ်။

ထပ်ခိုးခန်းကလေးထဲက စားပွဲမှာထိုင်ပြီး အမေ့ဆီ စာရေး လိုက်တာ ရေးရင်းရေးရင်းနဲ့ ရေးစရာတွေ၊ ရေးချင်တာတွေများ လာပြီး စာရွက်တွေ တစ်ရွက်ပြီးတစ်ရွက် ခပ်မြန်မြန် ခပ်သွက်သွက် ရေးနေမိပါတယ်။ တချို့နေရာတွေမှာ ကျွန်မ ကြုံခဲ့ တွေ့ခဲ့ရတာ



တွေကို ပြန်ရေးရင်းနဲ့ အသစ်အသစ်ပြန်ဖြစ်လာပြီး စိတ်ထိခိုက် လွန်းလို့ ငိုမျှားတောင် ငိုမိပါသေးတယ်။

ဒီစာနဲ့ပတ်သက်လို့ တစ်ခုပြောဖို့ ရှိပါသေးတယ်။ ဒီစာဟာ အမေ့ဆီရေးတယ်ဆိုပေမယ့် စာထဲမှာ 'အမေ'လို့ မရေးပါဘူး။ ရေးလို့လည်း မဖြစ်ဘူးလေ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မဟာ အမေ အဖေနဲ့ကွဲနေလို့ အမေအဖေ ဘယ်ရောက်နေမှန်းမသိရလို့ ကိုယ့် ဘဝကိုယ် ရပ်တည်ရအောင် အလုပ်ရှာဖို့ထွက်လာခဲ့တဲ့ ယူကရိန်း မလေး ကက်တာရီးနား မဟုတ်လား။ အဲဒီတော့ စာထဲမှာ 'အမေ'လို့ ထည့်ရေးလိုက်ရင် ကျွန်မအလိမ်တွေ ပေါ်ကုန်မှာပေါ့။ မဟုတ်ဘူးလားရှင်။

ဒါကြောင့် စာထဲမှာ "ဒေါ်ဒေါ်" လို့တပ်ပြီး၊ ရေးတဲ့ အကြောင်းအရာတွေကတော့ အမေ့ကို ရေးစရာရှိတာတွေ အကုန် ရေးချလိုက်တာပါပဲ။ "ဒေါ်ဒေါ်တို့ နေကောင်းကြရဲ့လား။ အစစ အဆင်ပြေရဲ့လား။ အရင်အိမ်မှာ ရှိနေကြတုန်းပဲလား။ ကျွန်မလည်း အခြေအနေကောင်းပါတယ်။ အလုပ်အကိုင်လည်း အဆင် ပြေပါတယ်' ဆိုပြီး ဘာဘာညာညာရေးရင်း ကျွန်မရွာက ထွက် လာခဲ့ပြီးတဲ့နောက် လင့်ဗ်မြို့ကို ဘယ်နည်းဘယ်ပုံ ရောက်လာခဲ့ တယ်ဆိုတာတွေ စီကာပတ်ကုံး ရေးလိုက်တာပါပဲ။

နောက်တစ်နေ့ကျတော့ အဲဒီစာကို လင့်ဗ်မြို့မှာ ရောက်နေကြ တဲ့ ပိုလန်အလုပ်သမားတွေက တစ်ဆင့် ပို့လိုက်ပါတယ်။ မိဘ ဆွေမျိုးတွေနဲ့ ဆက်သွယ်တဲ့စာကို ဒီလိုပဲပေးနေကျ ပို့နေ ကျမို့ ကျွန်မစာအတွက်လည်း ခဲခဲယဉ်းယဉ်း မရှိပါဘူး။ အလွယ် တကူ နဲ့ပဲ ချောချောမွေ့မွေ့ ပို့လိုက်နိုင်ပါတယ်။

ဒီလိုနဲ့ နောက်တနင်္ဂနွေ နှစ်ပတ်သုံးပတ်လောက် ကြာသွားပြီး တစ်နေ့တော့ စာတိုက်ကရောက်လာတဲ့ စာတွေကို ကြည့်ရင်းနဲ့ မစ္စက်အက်ဘာဟတ်က ရုတ်တရက် အလန့်တကြား ထအော်လိုက် ပါတယ်။

"ကက်တာရီနားရေ . . .၊ ဒီမှာ ညည်းအတွက် စာတစ်စောင်ပါလာတယ်ဟေ့"

သူအော်လိုက်တဲ့အသံကြောင့် မီးဖိုထဲပန်းကန်ဆေးနေရာက ကျွန်မပြာယီးပြာယာ ပြေးထွက်လာပြီး သူလှမ်းပေးတဲ့ စာကို ဇတ်ကနဲ ဆွဲယူလိုက်မိပါတယ်။ ရုတ်တရက်အထဲက စာကို ဖောက် မဖတ်နိုင်သေးဘဲ စာအိတ်ပေါ်ကကျွန်မလိပ်စာရေးထားတဲ့ လက်ရေးကိုစိုက်ကြည့်ရင်း ကျွန်မလက်တွေ တုန်တုန်ရီရီဖြစ်နေတာကိုမြင်ရတော့ မစ္စက်အက်ဘာစတ်က ကိုယ်ချင်းစာတဲ့ လေသံမျိုးနဲ့ ကျွန်မကိုလှမ်းပြောလိုက်ပါတယ်။

"ကဲပါလေ . . . ပန်းကန်တွေက နောက်မှဆေးလဲ ဖြစ်ပါတယ်။ အပေါ်ထပ်ထက်ပြီး အဲဒီစာကိုအေးအေးဆေးဆေး ဖတ်ချည်ပါဦး"

ကျွန်မဖြင့် ဝမ်းသာလိုက်တာလေ။ လူတစ်ကိုယ်လုံး နတ်ကျသလိုတုန်နေတာပါဘဲ။ ဟုတ်ပါတယ်။ အမေ့ဆီကမှ အမေ့ဆီကပါ။ အမေကိုယ်တိုင် အမေ့လက်ရေးနဲ့ရေးလိုက်တဲ့ စာပါ။ သူတို့တစ်တွေ မသေသေးဘဲအသက်ရှင်နေကြသေးတယ် ဆိုတာ သေချာသွားပါပြီ။

"ငါ့တူမကြီး ကျန်းကျန်းမာမာနဲ့ အလုပ်အကိုင်အဆင်ပြေနေတယ်ဆိုတာသိရလို့ ဒေါ်ဒေါ်တို့ဖြင့် ဝမ်းသာလို့မဆုံးပါဘူး"



ကျွန်မစာထဲမှာ 'ဒေါ်ဒေါ်' ဆိုပြီးရေးလိုက်သလို အမေကလည်း ကျွန်မကို 'ငါ့တူမကြီး' လို့ရေးလိုက်တာပါ။ ဩော် . . ကျွန်မအဖြစ်ကတော့ သူများနဲ့ကိုမတူပါဘူး။ ဆန်းကို ဆန်းလွန်းပါတယ်။ အမေနဲ့သမီးအရင်းခေါက်ခေါက်ကြီးတောင် အဒေါ်နဲ့ တူမဖြစ်ရသေးတယ်။ ကဲပါလေ ဒါတွေက အသာထားလိုက်ပါတော့။

အမေ့စာထဲမှာ ထူးခြားတဲ့သတင်းတွေ ပါနေပါတယ်။

"ချိုးကလေးအကြောင်းကိုလဲ အဒေါ်တို့ သတင်းကြားရတယ်" တဲ့။

'ချိုးကလေး' ဟုတ်ပါတယ်။ ကျွန်မသိပါတယ်။ ဒါတော့ ကျွန်မကောင်းကောင်းကြီး မှတ်မိနေပါတယ်။ 'ချိုးကလေး'ဆိုတာ တခြားလူမဟုတ်ပါဘူး။ ကျွန်မအစ်မကို ဆိုလိုတာပါ။ ဟရီဘင်ကို မြို့မှာ ကျွန်မတို့မျက်စိအောက်မှာဘဲ ဂျာမန်တွေဖမ်းသွားတဲ့ ကျွန်မအစ်မ'တူဘာ'ကိုပြောတာလေ။

"ငှက်တစ်ကောင်ပျံလာပြီး အဒေါ်တို့ချိုးကလေးကို သူနဲ့အတူတောအုပ်ထဲက သူ့အသိုက်ရှိရာ ခေါ်သွားလေရဲ့။ အခုတော့ သူတို့တစ်တွေ အဲဒီတောအုပ်ထဲမှာဘဲ ပျော်ပျော်ရွှင်ရွှင် လွတ်လွတ်လပ်လပ် ရှိနေကြပါတယ်"

'တောအုပ်ထဲကအသိုက်' ပျော်ပျော်ရွှင်ရွှင်နဲ့ လွတ်လွတ်လပ်လပ်' ဒီစကားတွေရဲ့ အဓိပ္ပာယ်က ဘာကိုဆိုလိုတာလဲ။ ဩော် . . . သိပြီ။ ကျွန်မရိပ်မိပြီ။ ကျွန်မအစ်မ တူဘာကိုဂျာမန်တွေဖမ်းထားတဲ့ ဘဲလ်ဇက်မြို့ကလွတ်အောင် တစ်နည်းနည်းနဲ့ တစ်စုံတစ်ယောက်က ကူညီလိုက်တဲ့သဘောပါပဲ။ အဓိပ္ပာယ်ကတော့ ဒါပဲနေမှာပါ။ ဒါပေမယ့် . . . ဒါပေမယ့် ဒါဖြစ်နိုင်ပါ့မလား။ မဖြစ်နိုင်ဘူးထင်တယ်။ လုံးဝဖြစ်နိုင်စရာ မရှိပါဘူး။

ဒါနဲ့ အမေ့ဆီကစာကို ဆက်ဖတ်လိုက်တော့ တစ်နေရာမှာ အဓိပ္ပာယ်တစ်မျိုးနဲ့ မသိမသာတစ်ဖက်လှည့်ရေးလိုက်တဲ့ စာပိုဒ်တစ်ပိုဒ်တွေ့ရပြန်ပါတယ်။

“တစ်လောက လူစိမ်းတစ်ယောက် အိမ်ကိုရောက်လာပြီး ငါ့တူမကြီးရဲ့အစ်မဆီက သူကိုယ်တိုင် သူ့လက်ရေးနဲ့ ရေးထားတဲ့ စာတစ်စောင် လာပေးသွားတယ်။ အဲဒီစာလာပေးတဲ့လူဟာ ဘယ်ကလာမှန်းလဲမသိ။ ဘယ်ကိုပြန်သွားမှန်းလဲ မသိပါဘူး တူမရယ်” တဲ့။

ဒီစာပိုဒ်ကိုကြည့်ခြင်းအားဖြင့် အမေဟာကျွန်မတို့ရဲ့ ‘ချိုးကလေး’ အကြောင်းဘယ်လိုကဘယ်လို သတင်းရတယ်ဆိုတာ ရှင်းနေပါပြီ။ ကျွန်မအစ်မ ‘တူဘာ’ဆီက စာရတယ်ဆိုတာသေချာနေပါပြီ။ သူကိုယ်တိုင် သူ့လက်ရေးနဲ့ရေးလိုက်တဲ့စာဆိုတော့ သူမသေသေးဘူးပေါ့။ ဟုတ်ပါပြီ။ တူဘာ မသေသေးဘူး။ တူဘာ ရှိသေးတယ်။ တူဘာ အသက်ရှင်နေသေးတယ်။ အို . . . ဝမ်းသာလိုက်တာ။ ပျော်လိုက်တာ။

ဒီလိုဆို ကျွန်မအစ်မနဲ့ကျွန်မ တွေ့နိုင်သေးတာပေါ့။ ဟုတ်တယ်။ သူမသေသေးရင် တစ်နေ့နေ့မှာပြန်တွေ့ရမှာ သေချာတယ်။ တွေ့ရအောင်လဲ ကြိုးစားမယ်။ သူမသေသေးသလို ကျွန်မလဲ မသေအောင်နေမယ်။ အသက်ရှင်နေအောင် ကြိုးစားမယ်။ ဒီလိုနဲ့ စစ်ကြီးပြီးတဲ့နေ့ကျရင် ကျွန်မအစ်မနဲ့ကျွန်မ ပြန်တွေ့ရအုံးတော့မယ်။ အို . . . ဒီလိုပြန်တွေ့ကြတဲ့အခါ ဘယ်လောက်များ ပျော်စရာ ကောင်းလိုက်မလဲရှင်။

## ဘဝသစ်မှာ ပျော်စရာ

အမေ့ဆီကစာရပြီးတူဘာ မသေသေးဘူးဆိုတာ သိရလို့ ဝမ်းအသာကြီးသာနေတုန်း နောက်ထပ်ဝမ်းသာစရာ တစ်ခု တွေ့လာရပြန်ပါတယ်။ တွေ့ရပုံကတော့ အမေ့စာရပြီး လေးငါးရက်လောက်အကြာမှာ မစ္စက်အက်ဘာဟတ် အပြင်သွားနေတုန်း တစ်နေ့ခင်းမှာ တယ်လီဖုန်းလာပါတယ်။

အိမ်ရှေ့ဧည့်ခန်းက တယ်လီဖုန်းသံ ‘ကလင် . . ကလင်’ နဲ့ ကြားလို့ ထမင်းစားခန်းထဲက ကျွန်မပြေးထွက်လာပြီး နားထောင်လိုက်တော့ ‘ဟလို ကက်တာရီးနား ရှိပါသလား’တဲ့။ ကျွန်မဖြင့် ရုတ်တရက် အံ့အားသင့်သွားတာပဲ။ လတ်စသပ်တော့ ကျွန်မဆီလာတဲ့တယ်လီဖုန်း ဖြစ်နေတာကိုးရှင့်။

ဟုတ်ပါတယ်။ ကျွန်မဆီကို ဘယ်သူ့ဆီကမှ ဖုန်းမလာဘူးဘဲနဲ့ လာမယ့်လာတော့ နီနာ့ဆီကလာတဲ့ဖုန်းဖြစ်နေပါတယ်။

နီနာလေ . . . ဟိုအလုပ်သမားရုံးက လင့်ဗ်မြို့ကိုရောက်ရောက်ချင်း ကျွန်မနဲ့ ပထမဆုံးစတွေ့ခဲ့ကြတဲ့ ရုရှားမလေး နီနာတို့ ကလာဗာ တို့ဆီကလေ။

ရုတ်တရက် မမျှော်လင့်ဘဲတယ်လီဖုန်းထဲက နီနာ့အသံကို ကြားလိုက်ရလို့ အံ့အားသင့်ပြီး ဝမ်းသာလို့မဆုံးအောင်ဖြစ်နေ တုန်းမှာပဲ သူပြောတဲ့စကားကြောင့် ပိုပြီးဝမ်းသာရပြန်ပါတယ်။ သူ့ဆီမှာ ကျွန်မအတွက် စာတစ်စောင်ရောက်နေတယ်တဲ့။

ချက်ခြင်းပဲ ကျွန်မသိလိုက်ပါတယ်။ ဒီစာဟာ အင်ညာ့ဆီက လာတဲ့စာပဲဖြစ်ရမယ်လို့၊ နီနာတို့ 'အလုပ်သမားရုံးက တဆင့် လာတဲ့စာဆိုတော့ အင်ညာမဖြစ်လို့ ဘယ်သူ ဖြစ်ရအုံးမှာလဲ ရှင် . . .။

ကျွန်မလဲ ဝမ်းသာအားရနဲ့ အဲဒီစာကိုကျွန်မဆီ အမြန်ဆုံး ရောက်အောင် ပို့ပေးဖို့နီနာကို ပြောလိုက်ပါတယ်။ ပြီးတော့ သူ့ကိုအထူးကျေးဇူးတင်ကြောင်းလဲ ပြောလိုက်ပါသေးတယ်။ တကယ်လဲ ကျေးဇူးတင်မိပါတယ်။

နီနာက ကျွန်မပြောတဲ့အတိုင်း အဲဒီစာကိုအမြန်ဆုံးပို့ပေး ပါ မယ်လို့ပြောရင်းနဲ့ ကျွန်မကိုသူတို့ဆီ ဘာကြောင့် လာမလည် တာလဲ၊ သူတို့ကိုမေ့သွားပြီလားဆိုပြီး ရင်းနှီးတဲ့လေသံနဲ့ ရန် တွေ့ နေပါသေးတယ်။ ဟုတ်ပါရဲ့။ ကျွန်မကလဲ ကျွန်မပါပဲ။ တကယ်ဆို သူတို့ကျေးဇူးတွေ ကျွန်မအပေါ်မှာ အများကြီးရှိ နေတယ်မဟုတ် လား။ ပြီးတော့ သူနဲ့ကလာဗာတို့နှစ်ယောက် စလုံး ကျွန်မအပေါ်မှာ တကယ့်စေတနာနဲ့ ကူညီခဲ့ကြလို့ ကျွန်မ ဒီအခြေ ဒီအနေရောက်ခဲ့ ရတာပဲ။ ဒါကိုကျွန်မအနေနဲ့ ဘယ်မေ့ ပစ်လို့ဖြစ်ပါ့မလဲရှင်။ ဒါနဲ့ ကျွန်မလဲနီနာကို မကြာခင်သူတို့ဆီ



အလည်လာဖြစ်အောင် ကြိုးစားပြီးလာခဲ့ပါမယ်လို့ အူလှိုက် သဲလှိုက် တကယ့်စိတ်ရင်း အတိုင်းပြန်ပြောလိုက်ရပါတယ်။ ဟုတ် ပါတယ်။ နီနာတို့ကလာဗာတို့ အင်ညာတို့ဟာ ကျွန်မအတွက် အရင်းနှီးဆုံး အချစ်ဆုံးသူငယ်ချင်းတွေပါ။ သူတို့က လွဲလို့ တစ်ခြားဘယ်သူရှိသေးလို့လဲ။

နီနာနဲ့ တယ်လီဖုန်းပြောပြီး တော်တော်လေးကြာတော့ မစ္စက်အက်ဘာဟတ် အပြင်ကပြန်ရောက်လာပါတယ်။ ရောက် ရောက်ချင်း ကျွန်မကိုမေးတော့တာပါပဲ။

"ကက်တာရီးနား . . . ညည်းဆီကို စောစောက တယ်လီဖုန်း လာတယ်မဟုတ်လား"

"ဟုတ်ကဲ့လာပါတယ်။ အလုပ်သမားရုံးကပါ ဒါထက်၊ နေပါအုံး။ ကျွန်မဆီ အပြင်ကဖုန်းလာတာ ဘယ်လိုလုပ် သိ. ."

"ဒီလိုပေါ့အေ"

မစ္စက်အက်ဘာဟက်က ကျွန်မစကားကို အရေးမကြီးသလို လုပ်ပြီး စကားဖြတ်လိုက်ပါတယ်။ ဒါပေမယ့် ကျွန်မစိတ်ထဲက တော့ ဒါဟာတစ်ဖက်လှည့်နဲ့ ကျွန်မကိုပညာပြလိုက်တာပဲ။ သူတို့မရှိတုန်း အိမ်မှာကျွန်မ ဘာတွေလုပ်နေတယ်ဆိုတာ သူတို့ သိတဲ့အကြောင်း ကျွန်မရိပ်မိသွားအောင် လုပ်လိုက်တာဘဲလို့ ယူဆလိုက်ပါတယ်။

နောက်တစ်နေ့ မနက်ကျတော့နီနာတို့ အလုပ်သမားရုံးက တဆင့်ပို့လိုက်တဲ့ အင်ညာရဲ့စာရောက်လာပါတယ်။

"အလို . . . ညီးအတွက် စာတစ်စောင်ရောက်လာပြန် ပါကော"

မစ္စက်အက်ဘာဟက်က ကျွန်မကို စုံစမ်းတဲ့အမှုအရာမျိုးနဲ့ မသိမသာ အကဲခပ်ရင်းစာကို လှမ်းပေးလိုက်ပါတယ်။

ဒါနဲ့ ကျွန်မလဲသူတို့အနေနဲ့ သံသယရှင်းအောင် ဆိုပြီး ဒီစာဟာ မနေ့ကအလုပ်သမားရုံးက ဖုန်းဆက်ပြီး ပေးလိုက်တဲ့ စာဖြစ်ကြောင်း၊ ကျွန်မရဲ့အရင်းနှီးဆုံး သူငယ်ချင်း မိန်းကလေး တစ်ယောက်ဆီကလာတဲ့စာ ဖြစ်ကြောင်း၊ ဒီမိန်းကလေးဟာ ကျွန်မနဲ့ ပိုလန်နိုင်ငံက ဂျာမီကို နှစ်ယောက်အတူ လာခဲ့ကြတဲ့ အကြောင်း၊ အခုသူက ဗီယင်နာမြို့ ဆင်ခြေဆုံးရွာတစ်ရွာက လယ်ပိုင်ရှင် တစ်ယောက်ဆီမှာ အလုပ်လုပ်နေတဲ့ အကြောင်း ဘာဘာညာညာ တွေ စုံအောင်ပြောပြလိုက်ပါတယ်။ ပြီးတော့ အခု သူ့စာထဲမှာ ကျွန်မကိုအားရင် သူ့ဆီအလည်လာဖို့ ခေါ်နေတဲ့ အကြောင်းပါ ပြောပြလိုက်ပါတယ်။

အဲဒီလိုကျပြန်တော့လဲ မစ္စအက်ဘာစတ်ဟာ ကျွန်မအပေါ်မှာ ကောင်းရှာပါတယ်။ 'ဩော် . . . ဟုတ်လား'တဲ့။ ဒီလိုဆိုရင် သွားဖို့ကောင်းတာပေါ့။ မရောက်ဖူးတဲ့နေရာ ရောက်သွားရင် ဗဟုသုတရတာပေါ့။ အားတဲ့နေ့တစ်နေ့ သွားပေါ့တဲ့။ လိုက်လိုက်လျောလျောပါပဲ။ အဲဒါအပြင် သွားတဲ့အခါမှာ အဆင်ပြေအောင်ဆိုပြီးကျွန်မကို စနေနေ့ နေ့တစ်ဝက်ခွင့်ပေးမယ်လို့တောင် ပြောလိုက် ပါသေးတယ်။ သွားရမယ့်ခရီးက လေးနာရီသာသာ ငါးနာရီလောက် ရထားစီးရမှာဆိုတော့ တနင်္ဂနွေနေ့ကျမှသွားရင် အသွားအပြန် ရထားစီးတာနဲ့ပဲ အချိန်ကုန်ပြီး ဟိုမှာကြာကြာနေရမှာ မဟုတ်တဲ့အတွက် စနေနေ့မှာပဲ သွားနိုင်အောင် စီစဉ် ပေးတဲ့သဘောပါပဲ။



ဒါနဲ့ အဲဒီစနေနေ့မှာပဲ အင်ညာရှိတဲ့ဆီကို ရထားစီးပြီး ထွက်လာခဲ့ပါတယ်။ ညနေစောင်း နေဝင်ခါနီးမှာ လီယိုဘင် ဆိုတဲ့ ဘူတာကလေးကို ရောက်တော့ဘူတာမှာ အဆင်သင့်လာကြိုနေတဲ့ အင်ညာနဲ့တွေ့တာပါပဲ။ နေဝင်ဖြိုးဖျအချိန် ဘူတာရုံပလက်ဖောင်းပေါ်က မီးရောင်မှုံ့တီမှုံ့မှုံ့မှုံ့ အောက်မှာ အင်ညာကို မြင်လိုက်ရတော့ ရထားစက်ခေါင်း အရှိန်သတ်ပြီး ရပ်လိုက်တာနဲ့တပြိုင်နက် ရထားပေါ်ကဖြုံးကနဲ ခုန်ဆင်းပြီး အင်ညာကိုပြေးဖက်လိုက်ပါ တယ်။

"ဟော့ . . . အင်ညာ"

"အမလေး မျှော်လိုက်ရတာ ကက်တာရီးနားရယ်"

ကျွန်မနဲ့ အင်ညာဟာ တစ်ယောက်ခါးကို တစ်ယောက်ဖက်ရင်းနဲ့ဘူတာရုံထဲက ထွက်လာခဲ့ကြပါတယ်။ ဘူတာရုံက အင်ညာနေတဲ့ရွာကို တော်တော်လေး လျှောက်ရပါတယ်။ နှစ်ယောက်သား စကားတွေ တတွတ်တွတ်ပြောလာကြရင်း လျှောက်မှန်းမသိ လျှောက်လာခဲ့ကြပါတယ်။ ကျွန်မက ကျွန်မအကြောင်း ပြောလိုက်၊ သူကလည်း သူ့အကြောင်းပြောလိုက်နဲ့ 'ပြောမဆုံးပေါင် တောသုံးထောင်' ဖြစ်နေတာပါပဲ။ ကျွန်မပြောတဲ့အထဲမှာ သူစိတ်အဝင်စားဆုံးကတော့ အမေ့ဆီကစာလာတဲ့ အကြောင်းပါပဲ။ ဟုတ်ပါတယ်။ အမေ့ဆီက စာလာတဲ့ အကြောင်း ကျွန်မအစ်မ တူဘာမသေသေးဘဲ ရှိနေသေးတဲ့ အကြောင်း။

"တူဘာ မသေသေးဘူးဟုတ်လား"

အင်ညာဟာ အံ့ဩလွန်းလို့ လမ်းလျှောက်လာရင်းက ရုတ်တရက်ရပ်ပြီး ကျွန်မလက်နှစ်ဖက်ကို ဆွဲကိုင်လှုပ်ရမ်းပြီး မေး

လိုက် ရှာပါတယ်။ ကျွန်မလဲ သူ့လက်ကိုအားရပါးရ ပြန်ညှစ်လိုက်ပြီး ခေါင်းငြိမ့်ပြလိုက်ပါတယ်။ တူဘာမသေသေးဘူးဆိုတဲ့စကားဟာ ကျွန်မတို့လဲမသေနိုင်ဘူးဆိုတဲ့ စိတ်ဓာတ်မျိုး ကျွန်မမှာဖြစ်ပေါ်မိသလို သူ့မှာလဲဒီစိတ်ဓာတ်မျိုး ဖြစ်ပေါ်လာပုံရပါတယ်။

ဟုတ်ပါတယ်။ ကျွန်မတို့ဟာ အဆုံးစွန်သောဘဝကို မရောက်သေးပါဘူး။ ရောက်လဲမရောက်နိုင်ပါဘူး။ တူဘာမသေသလို အင်ညာနဲ့ ကက်တာရီးနား . . အဲလေ 'အက်စ်သာနဲ့အီဗာ' လဲ မသေနိုင်သေးဘူး၊ မသေရဘူး။

“ဩော် ဒါထက် ပြောရအုံးမယ်၊ အခုလို ဒို့နှစ်ယောက်ထဲရှိနေတုန်း ငါ့ကိုအီဗာလို့ ခေါ်စမ်းပါအေ။ ငါလဲနင့်ကိုအက်စ်သာ လို့ပဲခေါ်ပါမယ်”

“အေးပါဟယ်၊ နင်ခေါ်ချင်သလိုခေါ်ပါ၊ နင်ပြောတာကို ငါသဘောပေါက်ပါတယ်။ ဒါပေမယ့်အေ တစ်ခါတစ်လေကျတော့ လဲငါဖြင့်ငါ့ကိုယ်ငါ ဘယ်သူဘယ်ဝါဆိုတာတောင် စဉ်းစားလို့ မရအောင်ဖြစ်နေပါတယ် အီဗာရယ်”

“ဟုတ်ပါတယ် အက်စ်သာ၊ ငါလဲနင့်လိုပဲ တစ်ခါတစ်ခါ ငါ့ကိုယ်ငါ အီဗာဆိုတဲ့နာမည်နဲ့ အီဗာဆိုတဲ့ဘဝကို မေ့မေ့ နေလို့ မနည်းပြန်ပြီးစဉ်းစားနေရတယ်”

ဒီလိုနဲ့စကားတပြောပြောနဲ့ လျှောက်လာကြရင်း အင်ညာ့ ဟုတ်ပါတယ်လေ အင်ညာလို့ပဲထားလိုက်ပါတော့။ အင်ညာ နေတဲ့ စတိန်းကဲလားရွာကလေးကို ရောက်လာခဲ့ပါတယ်။ ရွာကလေး ဆိုပေမယ့် အဆောက်အဦးတွေကတော့ တော်ရုံတန်ရုံ တောမြို့ ကလေးတွေထက်တောင် ကြီးကျယ်ပါသေးတယ်။ ရွာ



ထဲက အိမ်တွေနဲ့ အဆောက်အဦးတွေ အားလုံးလိုလို ရွာနဲ့ မလိုက်အောင် ကြီးကျယ်ခန်းနားပြီး ရွာနဲ့ကပ်နေတဲ့တောင် ခြေမှာသာ တစ်ထပ်အိမ်ကလေးတွေ ဆောက်ထားတာတွေ့ရပါ တယ်။

အင်ညာဟာ ရွာအစပ်နားက သူရင်းငှားတွေအတွက် သီး သန့်ဆောက်ပေးထားတဲ့ နှစ်ထပ်အိမ်ကြီးတစ်အိမ်မှာ နေရ ပါ တယ်။ ဒါပေမယ့် သူရင်းငှားတွေနဲ့ ရောမနေရဘဲ သူ့အတွက် အခန်းတစ်ခန်း သပ်သပ် ရထားပါတယ်။

ကျွန်မရောက်သွားတဲ့ညက ကျွန်မအတွက် စပါယ်ရှယ် စီစဉ် ထားတဲ့ အစားအသောက်တွေနဲ့ ကျွန်မကိုဧည့်ခံပါတယ်။ ဝက်အူ ချောင်းတွေ၊ ထောပတ်အစစ်တွေနဲ့ ပြီးတော့ပေါင်မုန့်၊ နွား နို့၊ အို . . စားစရာတွေကတော့ အလျှံအပယ်ပါပဲ၊ ဒါပေမယ့် မှန်တာ ပြောရရင် စားလို့သောက်လို့ ကောင်းတာထက် အင် ညာနဲ့ကျွန်မဟာ အဲဒီညက စကားပြောလို့က ပိုပြီး ကောင်း နေပါတယ်။ ပြောလိုက်ကြတဲ့ စကားတွေကလဲ လမ်းတစ် လျှောက်လုံး ပြောလို့ မကုန်တဲ့ပြင် သူ့အခန်းရောက်လို့ စားတဲ့ သောက်တဲ့နေရာမှာလဲပြော၊ စားပြီး သောက်ပြီးတော့ လဲဆက်ပြော၊ နောက်ဆုံး အိပ်ရာထဲရောက်တဲ့အထိ နှစ် ယောက်သား စကားလက်ဆုံပြောမကုန် ဖြစ်နေကြပါတယ်။

တဖြည်းဖြည်းညဉ့်နက်ပြီး တစ်ရွာလုံးလဲအိပ်မောကျနေပါ ပြီ။ ကျွန်မတို့နှစ်ယောက်ကဖြင့် စကားပြောလို့ ကောင်းတုန်းပါ ပဲ။ ဒါပေမယ့် ညဉ့်နက်သည်ထက် နက်လာလို့ တစ်ရွာလုံး ငြိမ် သက်ပြီး ဘာသံမှမကြားရတဲ့အချိန်မို့ ကျွန်မတို့နှစ်ယောက် ဟာ စောစောကထက် ပိုပြီး အသံကို သူ့အလိုအလျောက်

တိုးနိုင်သမျှတိုးအောင် နှိမ့်ပြီး ပြောနေမိကြပါတယ်။ အဲဒီအချိန်မှာ ဟရီဘင်ကိုက ကျွန်မတို့မိဘ ဆွေမျိုးတွေအပါအဝင် ပိုလန်နိုင်ငံနဲ့တစ်ခြား ဥရောပနိုင်ငံတွေက ဂျူးအမျိုးသားတွေရဲ့ကံကြမ္မာအကြောင်းကို တိုးတိုး တိုးတိုးနဲ့ ပြောနေမိကြပါသေးတယ်။

"ဒါနဲ့ သူတို့နဲ့ပတ်သက်လို့ ဘာသတင်းများကြားသေးသလဲ"

"နောက်ထပ် ဘာမှမကြားရတော့ဘူး။ အဲဒီမှာ ဘာတွေဖြစ်နေမှန်းတောင် မသိတော့ပါဘူး။"

"ဟုတ်ပါရဲ့ သူတို့နဲ့ပတ်သက်ပြီး ဘာမှမကြားရတော့ငါဖြင့်စိတ်ထဲက တအုံ့နွေးနွေးနဲ့။ သူတို့တစ်တွေ ရှိမှရှိကြသေးရဲ့လားတောင် အောက်မေ့မိတယ်"

"ငါလဲ နင့်လိုပါပဲ၊ တစ်ခါတစ်ခါ သူတို့အကြောင်းတွေးရင်းနဲ့ အလိုလိုနေရင်း ကြောက်တောင်ကြောက်လာမိတယ်"

ပြောရင်းပြောရင်းနဲ့ ကျွန်မတို့နှစ်ယောက်စလုံး စကားဆက်မပြောနိုင်တော့ဘဲ ကိုယ့်အတွေးနဲ့ကိုယ်ငြိမ်သွားကြပါတယ်။ သန်းခေါင်ကျော်အချိန် တစ်ရွာလုံး ဘာသံမှ မကြားရဘဲ တိတ်ဆိတ်နေသလို ကျွန်မတို့အခန်းထဲမှာလဲ ရုတ်တရက်ငြိမ်ကျသွားတော့ ကျွန်မစိတ်ထဲမှာ ကြောက်သလိုလို အားငယ်သလိုလိုတောင် ဖြစ်သွားမိပါတယ်။ တကယ်ပါပဲ၊ ဒီကမ္ဘာမြေပြင်ပေါ်မှာ ဂျူးလူမျိုး ရယ်လို့ကျွန်မတို့နှစ်ယောက်ပဲ ကျန်ရစ်တော့သလိုတောင် စိတ်ထဲကခံစား လှုပ်ရှားသွားမိပါတယ်။

နောက်တစ်နေ့မနက်ကျတော့ ကျွန်မတို့နှစ်ယောက်စလုံး အိပ်ရာကပြိုင်တူနိုးလာကြပါတယ်။ ကျွန်မမျက်နှာသစ်နေတုန်းမှာပဲ၊ အင်ညာကအောက်ကို ဆင်းသွားပြီးကျွန်မတို့နှစ်ယောက်အတွက်မနက်စာကို လင်ပန်းတစ်ခုနဲ့အပေါ်ထပ်ကို ယူလာပါတယ်။ ပေါင်မုန့်ပူပူနွေးနွေး မလိုင်နဲ့ကြက်ဥ လတ်လတ်ဆတ်ဆတ်ကို စားစားစီးစီး စားလိုက်ရတာ အင်မတန်အရသာရှိပါတယ်။ ဒါကလဲ အခုလိုတောဘက်မှာ လယ်နဲ့ယာနဲ့ရှိနေတဲ့ နေရာမျိုးမို့ ဒီလိုစားရတာပါ။ မြို့ကြီးပြကြီးမှာဆို ဒါမျိုးဘယ်စားရမလဲ။ ရာရှင်စနစ်အရ ခွဲတမ်းနဲ့စားနေကြရတာ ကျွန်မကိုယ်တွေ့ပါ။



မနက်စာစားပြီးတော့ အင်ညာနဲ့ကျွန်မရွာထဲကို လျှောက်ကြည့်ပါတယ်။ ရွာထဲကတဆင့် အင်ညာက သူအလုပ်လုပ်တဲ့ လယ်ထဲကိုလဲ ကျွန်မကိုလိုက်ပြပါသေးတယ်။ ရွာထဲကလယ်ထဲကိုအသွားလမ်းမှာ တွေ့တဲ့မိန်းကလေးတစ်ယောက် နှစ်ယောက်နဲ့ အင်ညာကကျွန်မကို မိတ်ဆက်ပေးပါတယ်။ ဒါပေမယ့် ကျွန်မစိတ်ထဲမှာ ခံစားမိသလောက် အင်ညာဟာ ဒီရွာမှာရှိတဲ့ လူတွေနဲ့ သိပ်ပြီး ရင်းရင်းနှီးနှီးမနေဘဲ ခပ်ကင်းကင်းနေတဲ့သဘောမျိုးတွေ့ခဲ့ရပါတယ်။

"ငါတော့ ဒီရွာမှာ တတ်နိုင်သလောက် ဇာတ်မြှုပ်ပြီးနေလိုက်တာပါပဲအေ" လို့သူကဝန်ခံပါတယ်။

ဒီလိုနဲ့ကျွန်မပြန်ဘို့ အချိန်ရောက်လာပါတယ်။ ပြန်ခါနီးကျတော့အင်ညာဟာ ပြာယီးပြာယာနဲ့ အောက်ထပ်ဆင်းသွားပြီး ကျွန်မအတွက် ခြင်းကြီး တစ်ခြင်းအပြည့် စားစရာ သောက်စရာ တွေသယ်လာပြီး ပေးပါတယ်။ ကြည်ဥတွေ ဒိန်ခဲတွေနဲ့သူတို့ရွာက ထွက်တဲ့ ထောပတ်အကောင်းစားတွေ၊ စုံလို့ပါပဲ။

လင့်ဇ်မြို့ကို ပြန်ရောက်တော့ကျွန်မပါလာတဲ့ ပစ္စည်းတွေအားလုံး အက်ဘာဟတ်တို့လင်မယားကို အကုန်ပေးလိုက်ပါတယ်။ သူတို့နှစ်ယောက်စလုံး ဝမ်းသာသွားကြပါတယ်။ ဘယ်နှယ့် ဝမ်းမသာဘဲနေပါ့မလဲ။ ဒီမြို့မှာကဒီလိုပစ္စည်းမျိုး ရခဲပါဘိ ခြင်း။ ပြီးတော့ပါလာသမျှဟာတွေက တကယ့်လတ်လတ်ဆတ်ဆတ် အကောင်းစားတွေချည်းပဲမဟုတ်လား။

စောစောက ကျွန်မပြောခဲ့သလို အက်ဘာဟတ်တို့ လင်မယားနှစ်ယောက်စလုံး ကျွန်မအပေါ်မှာ မူလကတည်းက စိတ်ကောင်းစေတနာကောင်း ထားခဲ့ကြတဲ့ပြင် အင်ညာဆီက အပြန်မှာ ရှားရှားပါးပါး အဖိုးတန်လက်ဆောင်တွေ ပါလာပြီး 'အမှတ်တွေ' အများကြီးရလိုက်တဲ့အတွက် နောက်သုံးလေးရက်လောက်ကြာတော့ ကျွန်မနီနာတို့ဆီ အလည်သွားခွင့် ရခဲ့ပြန်ပါတယ်။

တကယ်ကတော့ အခုအချိန်ထိ နီနာတို့ကလာဗာတို့နဲ့ အဆက်ဖြတ်ထားပြီး သူတို့ဆီမသွားဘဲနေတာက သူတို့ကျေးဇူးကို မသိတတ်လို့သူတို့နဲ့ မတွေ့ချင်လို့မဟုတ်ပါဘူး။ သူတို့အလုပ်လုပ်တဲ့ ရုံးနဲ့သူတို့နေတဲ့နေရာဟာ နေ့စဉ်နဲ့အမျှလူပေါင်းစုံဝင်ထွက်သွားလာနေတာဆိုတော့ အဲဒီလူတွေထဲမှာ ကျွန်မနဲ့ သိဖူးကျွမ်းဖူးတဲ့ လူတစ်ယောက်ယောက်နဲ့ မတော်တဆတွေ့မှားသွားရင် ကျွန်မ အကြောင်းတွေဘူးပေါ်သလို ပေါ်ချည်ရဲ့ဆိုပြီး စိုးရိမ်စိတ်နဲ့ တမင်မသွားဘဲ နေခဲ့တာပါ။

ဒါပေမယ့် အင်ညာဆီက ပြန်လာပြီးတဲ့နောက် ကျွန်မစိတ်ထဲမှာအခုလို အထီးကျန်ဘဝနဲ့ နေရတာကို ငြီးငွေ့စက်ဆုပ်လာပြီး ကိုယ်ရင်းနှီးတဲ့လူတွေနဲ့ တွေ့ချင်ဆုံချင် စကား



ပြောချင်တဲ့ စိတ်တွေဟာ တားမရဆီးမရနိုင်အောင် တစ်ဖွားဖွားပေါ်လာမိ ပါတယ်။ ဒါကြောင့်စောစောကတည်းက သွားချင်ရက်နဲ့ မသွားဘဲ အောင့်အီးနေခဲ့ရတဲ့ နီနာတို့ရှိရာကိုသွားဖြစ်အောင် သွားခဲ့တာ ပါပဲ။

ဟုတ်လဲဟုတ်ပါတယ်၊ အင်ညာနဲ့တွေ့တုန်းက ကိုယ့်ဘဝဟောင်းကိုယ်ပြန်သတိရပြီး ပျော်သလိုလို စိတ်အားငယ်သလိုလိုဖြစ်ခဲ့ရပေမယ့်အခု နီနာတို့နဲ့တွေ့လိုက်ရတဲ့အခါမှတော့ ဘဝသစ် မှာလူသစ်စိတ်သစ်နဲ့ အတွေ့အကြုံသစ်တွေ တွေ့ရပြီးပျော်စရာ ရွှင်စရာကောင်းနေပြန်ပါတယ်။ အဲဒီလို ပျော်စရာ ရွှင်စရာကောင်း တာလဲတစ်ကြောင်း၊ သွားရတဲ့ခရီးကလဲ အင်ညာတို့ရွာလို ဝေးဝေးလံလံမဟုတ်ဘဲ လင့်ဇ်မြို့ပေါ်မှာဘဲ တစ်နေရာကတစ်နေရာ ဓာတ်ရထားစီးသွားလို့ ရတာကတစ်ကြောင်း၊ နီနာတို့ဆီ ပထမ တစ်ခေါက်ရောက်ပြီးတဲ့နောက် ကျွန်မအနေနဲ့ အဲဒီကို လမ်းပေါက် သွားပြီးခဏခဏ ရောက်နေတော့တာပါပဲ။ စနေ တနင်္ဂနွေနေ့ တိုင်းလိုလို သူတို့ဆီရောက်ပြီး သူတို့နဲ့ဟိုဟိုဒီဒီလျှောက်လည်ကြ ပါတယ်။

ဪ. . ဒါထက်ပြောရအုံးမယ်။ နီနာနဲ့ ကလာဗာတို့ နှစ်ယောက်စလုံးဟာ အပျိုမဟုတ်ပါဘူး။ အိမ်ထောင်ရက်သားကျခဲ့ဖူးပါတယ်။ ဒါပေမယ့် သူတို့ယောက်ျားတွေဟာ ဒီစစ်ကြီး အတွင်းမှာပဲ ကျဆုံးသွားခဲ့ကြလို့ သူတို့နှစ်ယောက်စလုံး ငယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးမလေးတွေဖြစ်နေရှာကြပါတယ်။

အဲဒီလို ငယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးမလေးတွေ ဖြစ်နေရှာကြတော့ ဘာပဲဖြစ်ဖြစ်သူတို့ခမျာမလဲ 'တစ်ပင်လဲ တစ်ပင်ထူ' ဆိုတဲ့ အဖြစ်မျိုး မရောက်သေးသည့်တိုင်အောင် ရွယ်တူ တန်းတူ

ယောက်ျားတွေနဲ့ အထိုက်အလျောက် ရင်းနှီးတဲ့ ဆက်ဆံမှုတွေ ရှိနေကြတာ တွေ့ရပါတယ်။ ဒါလဲ ဓမ္မတာဆိုတော့ အပြစ်ပြောလို့ ဘယ်ဖြစ်ပါ့မလဲရှင်။

ဒီလိုနဲ့ သူတို့ဆီ တစ်ခေါက်က နှစ်ခေါက် နှစ်ခေါက်က သုံးခေါက်ဆိုတာမျိုး အလည်ရောက်သွားတယ်ဆိုရင်ပဲ အဲ. . . အဲဒီကိစ္စတွေနဲ့ ပတ်သက်လို့ ကျွန်မမျက်စိရှေ့မှာတင် ကိုယ်တွေ့မျက်မြင် သိလာ မြင်လာရတာပါပဲ။ ကျွန်မသိရသလောက် နီနာမှာ ကာလပ်စ်ဆိုတဲ့ 'အတွဲ' တစ်ယောက် ရှိနေသလို ကလာဗာ မှာလဲ ဟန်းဆိုတဲ့ 'ဘော်ဒါ' တစ်ယောက် ရှိနေတာ သိရပါတယ်။ ကျွန်မ သူတို့ဆီ အလည်သွားတဲ့အခါတိုင်း နီနာနဲ့ ကလာဗာတို့ဟာ ကာလပ်စ်တို့ဟန်းတို့နဲ့တွဲပြီး ကျွန်မပါ သူတို့နဲ့ တစ်ပါတည်း ဟိုဟိုသည်သည် လျှောက်လည်လေ့ရှိပါတယ်။ တစ်ခါတလေ မြို့ထဲက စားသောက်ဆိုင်တို့ ပန်းခြံတို့ကို လျှောက်လည်ကြပြီး တစ်ခါတလေတော့လည်း ငါးယောက်သား တပျော်တပါးကြီး ရုပ်ရှင် ဝင်ကြည့်ကြပါတယ်။

အဲသလို သူတို့စုံတွဲနှစ်တွဲနဲ့ သွားကြလာကြရင်းက ကျွန်မလည်း ကာလပ်စ်တို့ ဟန်းတို့နဲ့ တဖြည်းဖြည်း ရင်းနှီးလာပါတယ်။ နီနာနဲ့ ကလာဗာတို့ကို အကြောင်းပြုပြီး သူတို့ နှစ်ယောက်စလုံးကပါ ကျွန်မကို ခင်မင်လာကြပါတယ်။ ကာလပ်စ်ကဆိုရင် သူတို့လေးယောက်က ကိုယ့်အတွဲနဲ့ကိုယ် ဖြစ်နေကြတော့ အတွဲမပါဘဲ တစ်ယောက်ထဲ ယောင်ချာချာနဲ့ 'ဘက်ပဲ့' နေတဲ့ ကျွန်မကို တစ်ခါတခါ ရင်းရင်းနှီးနှီး စ,တတ်ပါတယ်။ သူတို့ အတွဲတွေနောက်ကို အဖော်မပါဘဲ တကောက်ကောက် လိုက်နေရတာ မပျင်းဘူးလားတဲ့။ ပျင်းရင် သူ့လို ချက်အမျိုးသား ခပ်ချော



ချောတစ်ယောက် ရှာပေးမယ်။ ဘယ်လိုပုံစံမျိုး ကြိုက်သလဲ၊ အားမနာနဲ့ ပြောသာပြောလို့ နောက်ပြောင်တတ်ပါတယ်။

ပြောလို့သာပြောတာပါ တကယ်ဆိုတော့ ကျွန်မလည်း သွေးနဲ့ ကိုယ်သားနဲ့ကိုယ် အပျိုအရွယ်ကလေးပဲရှင်။ သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့်ဆိုတာမျိုး ဖြစ်ချင်တာပေါ့၊ မျက်စိအောက်မှာ သူတို့စုံတွဲတွေ 'ကြည်'နေကြတာ ကြည့်ပြီး ကိုယ်လည်း မသိမသာအားကျမိတာပေါ့၊ ဒါပေမယ့် လူချင်းတူပေမယ့် အသက်ရှူချင်းကွဲသေးတယ်ဆိုတာမျိုးလို နီနာတို့ ကလာဗာတို့ဘဝနဲ့ ကျွန်မဘဝက မတူဘူး မဟုတ်လား။ ကျွန်မဘဝက ဒီဖက်ဆစ်ကောင်တွေရဲ့ 'တွေ့ရာသချိုင်း ခါးမဆိုင်း'ဆိုတဲ့ အန္တရာယ်ကြီးကို ရှောင်ရင်း တိမ်းရင်း ဂျူးမလေးအဖြစ်က ယူကရိန်းမလေးအဖြစ် ရုပ်ဖျက်ပြီး အသက်ကို ဖက်နဲ့ထုပ်နေရတဲ့ဘဝမျိုးဆိုတော့ အချစ်နဲ့ ပတ်သက်တဲ့ ကိုယ်ရေးကိုယ်တာ နှလုံးသားရေးရာတွေကို အခိုက်အတန့် ဘေးချိတ်ထားနိုင်မှ တော်ကာကျတော့မပေါ့။ ကျွန်မပြောတာ မဟုတ်ဘူးလားရှင်။

ဘာပဲဖြစ်ဖြစ် ကျွန်မအနေနဲ့ အခုလို နီနာတို့ကို ကလာဗာတို့ ကာလပ်စ်တို့ ဟန်းတို့နဲ့ မကြာမကြာတွေ့ပြီး ဟိုဟိုဒီဒီ လျှောက်လည်ရတာ ဟိုအကြောင်း ဒီအကြောင်း ပြောရ ဆိုရတာ၊ နောက်ရပြောင်ရတာဟာ တကယ်ပျော်စရာကြီးပါပဲ။ ပျော်လိုက်သမှ ကျွန်မကိုယ်ကျွန်မ 'အီဗာ' ဆိုတာတောင် မေ့ပြီး ကိုယ့်ကိုယ်ကို တကယ့် 'ကက်တာရီးနား'လို့ပဲ အောက်မေ့နေမိပါတယ်။

တကယ်ပါပဲ အီဗာဆိုတဲ့ ဘဝဟောင်းဟာ လုံးဝ ချုပ်ငြိမ်းကွယ်ပျောက်သွားပြီး 'ကက်တာရီနား' ဆိုတဲ့ ဘဝသစ်မှာ ကျွန်မအပျော်ကြီး ပျော်နေမိပါတယ်။

## ဝမ်းနည်းစရာကောင်းသော အောင်ပွဲတစ်ခု

အဲ. . . အဲဒီလို ကိုယ့်ဘဝဟောင်းကို မေ့ပြီး ဘဝသစ်မှာ အပျော်ကြီးပျော်နေတဲ့ ကျွန်မအတွက် တစ်နေ့တော့ ဘဝဟောင်းကို ဘယ်လိုမှ မေ့မရအောင် ဖြစ်သွားရတဲ့ အဖြစ်အပျက်ကြီး တစ်ခုနဲ့ မမျှော်လင့်ဘဲ ဒိန်းခနဲ တိုးတော့တာပါဘဲ။

အဲဒီအဖြစ်အပျက်ကြီးက ဘာလဲဆိုတော့ ကျွန်မ အလုပ်လုပ်နေတဲ့အိမ်က အိမ်ရှင် မစ္စတာအက်ဘာဟတ်နဲ့ မစ္စက်အက်ဘာဟတ်တို့လင်မယားက ကျွန်မကို သူတို့သမီးအဖြစ်နဲ့ တရားဝင်မွေးစားချင်တယ်ဆိုပြီး ပြောလာကြလို့ပါပဲ။

အဲဒီအဖြစ်အပျက်ကို မပြောခင် အဲဒီလိုဖြစ်ရတဲ့ အကြောင်းရင်းကို ကျွန်မအတိုချုံးပြီး ပြောပါဦးမယ်။ အဖြစ်က ဒီလိုပါ. . .။



စောစောက ကျွန်မပြောခဲ့သလို သူတို့လင်မယားဟာ ကျွန်မအပေါ်မှာ တကယ့်စေတနာနဲ့ သံယောဇဉ် ဖြစ်လာတာတော့ ကြာပါပြီ။ ကျွန်မဒီအိမ်ရောက်ကတည်းကပဲဆိုပါတော့။ ဒီအတောအတွင်း ကျွန်မကလည်း ဒီအိမ်ရောက်တဲ့အချိန်ကစပြီး အိမ်အလုပ်တွေကိုအတတ်နိုင်ဆုံး အဆင်ပြေအောင် လုပ်ခဲ့သလို သူတို့လင်မယားနှစ်ယောက်ကိုလည်း အမြဲတစေရိုရိုသေသေ လေးလေးစားစားနဲ့ ဆက်ဆံလာခဲ့ပါတယ်။ အဲဒါ . . အဲဒါတွေ အပြင်စနေ၊ တနင်္ဂနွေ အားလပ်တဲ့ရက်တွေမှာ ကျွန်မဟိုဟိုဒီဒီ ထွက်လည်တဲ့အခါကျရင်လည်း ဘာပြဿနာမှမဖြစ်ဘဲ ထိန်းထိန်းသိမ်းသိမ်းရှိခဲ့တယ်ဆိုတာ သိရတော့ သူတို့လင်မယားနှစ်ယောက်စလုံးက ကျွန်မကိုရှေ့တင်တစ်မျိုးကွယ်ရာမှာတစ်ဖုံ ချီးကျူးတာတွေ အမွှမ်းတင်တာတွေ ဖြစ်လာကြပါတယ်။

အထူးသဖြင့် အိမ်ကိုအလည်လာတဲ့ သူတို့အသိမိတ်ဆွေတွေ မှန်သမျှကို ကျွန်မနဲ့ပတ်သက်ပြီး ကျွန်မအကြောင်း အားရပါးရချီးကျူးစကားပြောကြတာဟာ တစ်ခါမကပါဘူး။ ကျွန်မရှေ့မှာရော ကျွန်မကွယ်ရာမှာရော ခဏခဏကြားနေရပါတယ်။ နောက်ပိုင်းကျတော့ သူတို့လင်မယားဟာ အိမ်ကိုလာလည်တဲ့လူမှန်သမျှကို ကျွန်မအကြောင်း ချီးကျူးစကားပြောရတာဟာ သူတို့အတွက် ဝတ္တရားတစ်ခုလိုတောင် ဖြစ်လာတယ်လို့ ကျွန်မထင်ပါတယ်။ ကျွန်မတော်ကြောင်း၊ ကျွန်မလိမ္မာကြောင်း လာသမျှလူကိုပြောလိုက်ရတာ သူတို့လင်မယားနှစ်ယောက်စလုံး မမောနိုင်မပမ်းနိုင်အောင်ပါပဲ။

ကျွန်မဖြင့် သူတို့ပြောတာတွေ ကြားရဖန် များလာတော့ ကိုယ့်ဟာကိုယ်တောင် မျက်နှာမထားတတ်အောင် ဖြစ်လာမိပါ

တယ်။ ကျွန်မကွယ်ရာမှာပြောတယ်ဆိုရင်တော့ ထားပါတော့ ရှင်၊ အခုတော့ ကျွန်မရှေ့မှာတင် ကျွန်မကို ငုတ်တုတ် ထားပြီး ကျွန်မတော်ကြောင်း၊ ကျွန်မလိမ္မာကြောင်း တစ်ဖွဖွပြောနေတယ်ဆို တော့ရှက်မိတာပေါ့။ တစ်ခါတစ်ခါများ ကျွန်မကိုယ်ကျွန်မ တောင် ပြန်ပြောမိပါတယ်။ 'ငါ့ကိုယ်ငါ ဒီလောက်တော်မှန်း၊ လိမ္မာ မှန်းမသိဘူး။ သူတို့ပြောမှပဲသိရတယ်' ဆိုပြီး တစ်ယောက်ထဲ ကျိတ်ပြီးပြုံးမိပါသေးတယ်။

အဲ . . ကျွန်မကို သူတို့လင်မယားက အစွမ်းကုန်ချီးကျူး ပြီး တကယ့်သွေးရင်းသားရင်းလို၊ တကယ့်ဆွေမျိုးရင်းလို သဘော ထားတယ်ဆိုတဲ့အကြောင်း ပရိတ်သတ်ဝိုလ်ပုံအလယ်မှာ အထင် အရှားပြလိုက်တာကတော့ အိမ်မှာ ခရစ္စမတ်ပွဲ လုပ်တဲ့ နေ့က ပါပဲ။

ပရိတ်သတ်ဝိုလ်ပုံဆိုတာကတော့ အားလုံး ဧည့်သည် တစ်ဒါဇင် လောက်ပါပဲ။ ဒါပေမယ့် အဲဒီထဲမှာ သူတို့ရဲ့ဆွေမျိုးသားချင်း တွေ တကယ့်မိတ်ရင်းဆွေရင်းတွေနဲ့ အိမ်နီးနားချင်းတွေချည်း ပါပဲ။ ဥပမာဆိုပါတော့ အဲဒီနေ့က အဲဒီခရစ္စမတ်ပွဲအတွက် တမင်ရောက်နေတဲ့ ဘာလင်မြို့ကသူတို့သား၊ ချွေးမနဲ့ မြေး တွေလဲ ရှိနေပါတယ်။ နောက်ပြီးတော့ သူတို့ဆွေမျိုး သားချင်း ထဲမှာ အသက်အကြီးဆုံးနဲ့ တစ်မျိုးလုံးက ရိုသေလေးစားရတဲ့ အငြိမ်းစား ဗိုလ်ချုပ်ဟောင်းကြီးတစ်ယောက်လဲ ပါပါတယ်။

အဲဒီလို တကယ့်ဆွေမျိုးသားချင်းတွေနဲ့ မိတ်ရင်းဆွေရင်း တွေဆုံကြတဲ့ တကယ့်အခါကြီးရက်ကြီး ထမင်းစားပွဲကြီးမှာကို သူတို့လင်မယားနှစ်ယောက်စလုံးက ကျွန်မအကြောင်းချီးမွမ်းခန်း ဖွင့်လိုက်ကြတာ မနားတမ်းပါဘဲ။ ဧည့်သည်တွေရှိနေတဲ့ တစ်ချိန်



လုံး 'ကက်တာရီးနား . . ကက်တာရီးနား' နဲ့ 'တစ်ကက်ထဲကက်' ပြီး၊ 'တစ်နားထဲနား' နေကြတော့တာပါပဲ။ ကြာတော့ ကျွန်မဖြင့် ဘေးကလူတွေတောင် အားနာလာမိပါတယ်။

ဒါပေမယ့် အဲဒီထမင်းစားပွဲမှာရှိနေကြတဲ့ ဆွေမျိုးတွေနဲ့ ဧည့်သည်တွေအားလုံးကလဲ သူတို့လင်မယားနဲ့ အတူရောပြီး ကျွန်မကို ချီးကျူးစကားတွေ ပြောလိုက်ကြတာ မိုးမွှန်နေတာ ပါပဲ။

ဒီကြားထဲ ဗိုလ်ချုပ်ဟောင်း အဖိုးကြီးကဆိုရင် ထမင်းစား ခါနီးကျတော့ ကျွန်မကိုချစ်စရာကောင်းလွန်းလို့ဆိုပြီး 'ငါ့မြေး လာလာ၊ ကုလားထိုင်တစ်လုံးယူပြီး ဖိုးဖိုးနားမှာလာထိုင်စမ်း၊ ငါ့မြေး လက်ရာတွေကို ငါ့မြေးနဲ့အတူထိုင်ပြီးစားမယ်'ဆိုလို့ ကျွန်မလဲ မျက်နှာပူပူနဲ့ အဖိုးကြီးနားမှာထိုင်ပြီး စားလိုက်သောက် လိုက်ရပါ သေးတယ်။ တကယ်ပါပဲ။ အဲဒီခရစ္စမတ် ညစာစားပွဲ ကတော့ ကျွန်မပွဲပါပဲ။ ဟိုလူကလည်း ကကတ်တာရီးနား။ ဒီလူကလည်း ကက်တာရီးနားနဲ့ 'တစ်မိုးလုံးဖျောက်ဆိပ်' ဆိုတာလို တစ်ပွဲလုံး ကျွန်မမှကျွန်မ ဖြစ်နေတော့တာပါပဲ။

ဒီလိုနဲ့ စားသောက်ပြီးကြလို့ ဧည့်သည်တွေပြန်ခါနီးမှာ အက်ဘာဟတ်တို့လင်မယားနဲ့ တော်တော်ရင်းနှီးပုံရတဲ့ ခန့်ခန့် ချောချောအမျိုးသမီးကြီးတစ်ယောက်က အိမ်သားတွေကို နှုတ် ဆက်ရင်းနဲ့ 'ရှင်တို့လင်မယားကတော့ တကယ့်ကိုကုသိုလ်ထူးပါ ပေတယ်၊ ဒီလိုအဖိုးတန်တာလေးမျိုးကို ဘယ်ကဘယ်လိုရလာ တယ်မသိပါဘူး။ ကျွန်မဖြင့် ဒီကလေးမကိုခိုးလို့ရရင် ခိုးတောင် ပြေးချင်ပါရဲ့' ဆိုပြီး ကျွန်မကိုလဲ 'ကက်တာရီးနား ငါ့တူမကြီး ဒီအိမ်မှာမပျော်ရင် ကြီးကြီးတို့အိမ် ထွက်ပြေးလာခဲ့နော်'လို့

လှမ်းပြီး ကျီစယ်သွားလိုက်ပါသေးတယ်။ အက်ဘာဟတ်တို့ လင်မယားဆိုတာတော့ တစ်ပြုံးပြုံး နဲ့ပေါ့ရှင်။ ကျွန်မအတွက် ပီတိတွေဖုံးပြီးဂုဏ်ယူလို့မဆုံးတဲ့ မျက်နှာမျိုးနဲ့ပေါ့။

အဲ . . အဲဒီခရစ္စမတ်ပွဲပြီးလို့ ဘာမှမကြာပါဘူး။ သုံးလေးရက်လောက်နေတော့ တစ်နေ့မှာညနေဘက် ကျွန်မနဲ့ မစ္စက်အက်ဘာဟတ်နဲ့ နှစ်ယောက်သား မီးဖိုထဲမှာညစာအတွက် ပြင်ဆင်နေ ကြတုန်း မစ္စက်အက်ဘာဟတ်က ကျွန်မကို စကားတစ်ခွန်းပြော ပါတယ်။

“ဒါ့ထက် ညည်းကိုစကားတစ်ခု ပြောရဦးမယ်။ ငါနဲ့ ငါ့ယောက်ျား ညီးရဲ့နောင်ရေးအတွက် ဆွေးနွေးကြည့်ကြတယ်။ တို့လင်မယားနှစ်ယောက်စလုံးက ညည်းအပေါ်မှာဘယ်လို သဘောထားတယ်၊ ဘယ်လောက်ချစ်တယ်ဆိုတာ အထူးပြောနေစရာ မလိုတော့ပါဘူး။ ညည်းသိပြီးသားပါပဲ။ အဲဒီတော့ တို့သဘောအရ ဆိုရင်တော့ ညည်းတို့နဲ့တစ်သက်လုံး အတူနေသွားစေချင်တာပဲ။ ဒီတော့ . . ဒီတော့ ညည်းကိုတို့က တို့သမီးအဖြစ်နဲ့မွေးစားမယ် ဆိုရင်ညီးအနေနဲ့ ဘယ်လိုလဲ”

မစ္စက်အက်ဘာဟတ်ရဲ့စကားကို အဲသလိုမမျှော်လင့်ဘဲ ကြားလိုက်ရတော့ ကျွန်မဖြင့်ကျွန်မခေါင်းပေါ်ကို မိုးကြိုးတည့်တည့် ကြီးပစ်ချခံလိုက်ရသလို ‘ဒိန်း’ ခနဲဖြစ်သွားတာပါပဲ။ ရုတ်တရက် ဘယ်လိုလုပ်ပြီး ဘာပြန်ပြောရမှန်းတောင် မသိအောင်ဖြစ်သွားမိ ပါတယ်။

ဒါပေမယ့် ဒီကိစ္စမျိုးဟာ ‘အငိုလွယ် အရိုက်ခက်’ ဆိုတာမျိုး ဖြစ်နေတာမို့ မစ္စက်အက်ဘာဟတ်ကို တစ်ဖက်လှည့်နဲ့ အကြောင်းပြပြီး ချွေးသိပ်ရပါတယ်။ ‘ကျွန်မ အပေါ်မှာ ဒါလောက်



စေတနာထားတယ်ဆိုတာ သိရတဲ့အတွက် ကျေးဇူးတင်လို့ မဆုံးပါဘူး။ ဒါပေမယ့် သူတို့ရဲ့မွေးစားသမီးအဖြစ်နဲ့ နေသွားဖို့ကတော့ဖြစ်မယ်မထင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ တစ်နေ့နေ့ တစ်ချိန်ချိန်ကျရင် ကျွန်မအမေနဲ့ အဖေတို့ဟာ‘ဆိုက်ဘေးရီးယား’ကအသက်မသေဘဲ ပြန်ရောက်လာကြလိမ့်မယ်လို့ ကျွန်မယုံကြည်နေပါတယ် . . ’လို့ပြောရပါတယ်။

ဒါတောင် မစ္စက်အက်ဘာဟတ်က သိပ်မကျေနပ်သေးပါဘူး။ တကယ်လို့ တစ်နေ့နေ့မှာ ကျွန်မမျှော်လင့်သလို ကျွန်မအမေနဲ့ အဖေတို့ ရုရှားတွေဖမ်းထားရာက လွတ်မြောက်လာကြရင် အဲဒီကျတော့လဲ ကျွန်မသဘောအတိုင်းပါပဲတဲ့။ ဒါပေမယ့် ဒီလို မရေမရာ မသေချာဘဲနဲ့ အချိန်ကုန် ခံသွားမယ့်အစား သူတို့ သမီးအဖြစ်နဲ့ တရားဝင်ပျော်ပျော်ရွှင်ရွှင် နေသွားစေချင်ပါတယ်လို့ ထပ်ပြောပြီးမှ ဒီကိစ္စဟာကျွန်မရဲ့ဘဝ တစ်သက်တာ နောင်ရေးအတွက်မို့လို့ ခေါင်းအေးအေးထားပြီး လေးလေးနက်နက် စဉ်းစားစေခင်တယ်လို့ ပြောရှာပါတယ်။

ဒါနဲ့ ကျွန်မကလည်း ‘ဟုတ်ကဲ့ . . ကျွန်မအလေးအနက်စဉ်းစားပါမယ်။ ကျွန်မကို အချိန်ပေးပါအုံး’ လို့ တောင်းတောင်းပန်ပန်နဲ့ ပြန်ပြောရပါတယ်။

ဒီကိစ္စနဲ့ပတ်သက်လို့ တကယ်လဲကျွန်မအလေးအနက် စဉ်းစားပါတယ်။ သူတို့စဉ်းစားစေချင်တာထက် ပိုပြီးလေးလေးနက်နက် စဉ်းစားကြည့်မိပါတယ်။ အဲဒီလို စဉ်းစားလေလေ မလွယ်လေပါပဲ။

ကောင်းပါပြီ။ သူတို့ပြောသလို သူတို့ရဲ့မွေးစားသမီး အဖြစ်နဲ့ တစ်သက်လုံး နေသွားဖို့ ကျွန်မသဘောတူ လက်ခံလိုက်ပြီ ဆို

ပါတော့ ဒီကိစ္စဟာလွယ်လွယ်နဲ့မပြီးဘူး။ တရားဝင် မွေးစားသမီးအဖြစ်နဲ့ သက်ဆိုင်ရာတရားရုံးမှာ လျှောက်လွှာတွေ၊ စာချုပ်စာတမ်းတွေလုပ်ရအုံးမယ်။ အဲဒီလို လုပ်ဘို့အတွက် ပထမဆုံး ဘာလာမလဲဆိုတော့ ကျွန်မဟာ ယူကရိန်း အမျိုးသမီးကလေး ကက်တာရီးနား အစစ်အမှန်ဖြစ်ပါတယ်ဆိုတာ သက်ဆိုင်ရာ အာဏာပိုင်တွေရဲ့ ထောက်ခံချက်တွေ၊ အတည်ပြုချက်တွေ ယူဘို့ လိုပါတယ်။ အဲဒီလို ထောက်ခံချက်တွေ၊ အတည်ပြုချက်တွေယူတဲ့ နေရာမှာပြဿနာပါပဲ။ ဘယ်လို ပြဿနာလဲဆိုတော့ ကျွန်မလို လူမျိုးကွဲ ယူကရိန်းကလေး တစ်ယောက်ဟာ သူတို့လိုဂျာမန်လူမျိုး အိမ်ထောင်စုတစ်ခုမှာ မွေးစားသမီးအဖြစ် တရားဝင် အသိအမှတ်ပြုဘို့အတွက် ကျွန်မရဲ့မိဘနှစ်ပါးနဲ့ အဖိုးအဖွား အဆက်အနွယ်အထိ ကျွန်မရဲ့ နောက်ကြောင်းရာဇဝင်တွေကို စုံစမ်းဘို့လိုပါတယ်။ တကယ်လဲစုံစမ်းမှာသေချာပါတယ်။

အဲဒီလို စုံစမ်းတဲ့အခါကျတော့ အခု ကျွန်မရုပ်ဖျက်ပြီး ဟန်ဆောင်နေတဲ့ ကက်တာရီးနားဆိုတဲ့ ယူကရိန်းမလေးဟာ သူ့ဇာတိဖြစ်တဲ့ လက်စီစာဇင်ဆိုတဲ့ရွာကလေးမှာ လွန်ခဲ့တဲ့ ၁၉၃၉ ခုနှစ်ကပဲ သေသွားပြီဆိုရင် ကျွန်မမှာ အကြီးအကျယ်ချောက်မကျ ပေဘူးလား။ ငါးပါးကြီးမမှောက်ပေဘူးလား။ အဲဒီကျတော့ ‘တစ်သက်လုံးဖုံးသမျှ ကုန်းတော့မှပေါ်’ဆိုတာလို သူတို့ဂျာမန် တွေအပေါ် လက်တစ်လုံးခြား လုပ်လာခဲ့တာတွေ ဖုံးမရဖိမရပေါ် သွားပြီး ဂျူးမလေးတစ်ယောက်အနေနဲ့ ကျွန်မမှာ အရှင်လတ်လတ် ငရဲပြည်ရောက်ဘို့ပဲ ရှိတော့တာပေါ့။

ဒီတော့ ကျွန်မအနေနဲ့ အက်ဘာဟတ်တို့လင်မယားရဲ့ မွေးစားသမီးအဖြစ်နဲ့ နေဖို့ သဘောတူလိုက်တာဟာ ကျွန်မ အတွက်



သေဒဏ်ချလိုက်တဲ့ စီရင်ချက်ကို ကျွန်မကိုယ်တိုင် လက်မှတ်ထိုးလိုက်သလို ဖြစ်သွားမှာပေါ့။

ဒီလိုနဲ့ အဲဒီရက်တွေအတောအတွင်း အိမ်အလုပ်တွေလဲ ဖြောင့်ဖြောင့်တန်းတန်းမလုပ်နိုင်၊ စားရာသောက်ရာမှာလဲ ဘာတွေစားလို့ ဘာတွေသောက်မိမှန်းမသိအောင် စိတ်တွေ ဂယောင်ချောက်ခြားဖြစ်နေမိပါတယ်။ အဆိုးဆုံးကတော့ ညဘက် အိပ်ချိန်ပါပဲ။

တစ်နေ့အတွက် အလုပ်တာဝန်တွေ ပြီးသွားလို့ ကျွန်မ အခန်းလေးပေါ် တက်လာခဲ့ပြီး အိပ်ချိန်ရောက်လို့ အိပ်ရာထဲ ဝင်လိုက်တယ်ဆိုရင်ပဲ အဲဒီမွေးစားသမီးဆိုတဲ့ ထမင်းလုံးတစ္ဆေဟာ ကျွန်မကို ဖြဲချောက်တော့တာပါပဲ၊ လက်စီစာဇင်ဆိုတဲ့ ရွာကလေး ကိုသွားစုံစမ်းတာနဲ့ တပြိုင်နက် ကျွန်မရဲ့ မူလဇာတိဟာ ဘွားကနဲ ပေါ်လာတော့မှာပဲဆိုပြီး သန်းကောင်၊ သန်းခွဲထိ အိပ်လို့ မရတော့ပါဘူး။ တစ်ခါတစ်ခါ တွေးရင်းတွေးရင်း ဂယောင်ချောက်ခြားနဲ့ အကြောက်လွန်ပြီး အိမ်ရှေ့အောက်ထပ်မှာ အခုပဲဂက်စတာပိုတွေ တံခါးလာခေါက်တဲ့ အသံလိုလို ကြားယောင်လာမိပါတယ်။

အဲဒီလို အိပ်မပျော်တဲ့ညတွေကို တစ်ညပြီးတစ်ည လွန်မြောက်လာခဲ့ရာက နောက်တစ်ပတ်လောက်ကြာတော့ တစ်နေ့မှာညနေဘက် ညစာစားနေကြတုန်း သူတို့လင်မယားက ဒီပြဿနာကို အစပြန်ကောက်လာကြပြန်ပါတယ်။

“ဘယ့်နှဲ့လဲ . . ကက်တာရီးနား တို့ပြောထားတဲ့ အစီအစဉ်ကို ဘယ်လိုသဘောရသလဲ။ စဉ်းစားပြီးပြီလား”

ကျွန်မလဲ ရုတ်တရက်ဘာပြန်ပြောရမှန်း မသိသေးတဲ့ အတွက် တစ်အောင့်လောက် ငြိမ်နေမိပါတယ်။ အဲဒီမှာတင် မစ္စက်အက်ဘာ ဟတ်ကဆက်ပြောပါတယ်။

"ဒီမှာ . . ကက်တာရီးနား တို့ကညည်းကိုစိတ်ဆင်းရဲအောင် လုပ်နေတာမဟုတ်ပါဘူး။ ဒါပေမယ့် ညည်းစဉ်းစား ကြည့်စမ်း။ ဆိုက်ဘေးရီးယားကို အပို့ခံရတဲ့လူတွေဟာ ပြန်လာနိုး ထုံးစံရှိလို့ လား။ ညည်းဒါတွေနဲ့ပတ်သက်လို့ စိတ်ထိခိုက်အောင် ပြောတာ မဟုတ်ပါဘူး။ ဒါပေမယ့် အရှိကိုအရှိအတိုင်း မြင်အောင်၊ သိအောင် ပြောပြတာပါ . . ."

သူ့စကားအဆုံးမှာ ကျွန်မ ဘာမှပြန်မပြောရခင် မစ္စတာ အက်ဘာဟတ်က ဝင်ပြောပြန်ပါတယ်။ သူပြောတာကတော့ တကယ်လို့ ကျွန်မ မိဘတွေဟာအင်မတန်ကံကြီးလို့ ဆိုက်ဘေး ရီးယားက ပြန်လွတ်လာကြတယ် ထားအုံး။ အဲဒီကျတော့လဲ သူတို့ခမျာ များမှာ အသက်ကလဲကြီး၊ ဒဏ်ရာဒဏ်ချက်တွေပြင်း ပြီး ဘာမှမလုပ်နိုင်မကိုင်နိုင်တဲ့ ဘဝမျိုးရောက်နေမှာသေ ချာတယ်။ အဲဒီ အခါမျိုးမှာ ကျွန်မဟာမစ္စတာအက်ဘာဟတ်တို့ရဲ့ သမီးအနေနဲ့ ကိုယ့်မိဘအရင်းတွေကို ကျွေးမွေးစောင့် ရှောက်တာမျိုးတောင် လုပ်နိုင်ပါတယ်လို့ ပြောလာပါတယ်။

ကျွန်မအတွက်ကတော့ ဘာမှပြန်မပြောနိုင်အောင် 'ညှပ်ပူး ညှပ်ပိတ်' ဖြစ်နေတော့တာပါပဲ။

အဲဒီညဟာလဲ ကျွန်မအတွက်နောက်ထပ် အိပ်မပျော်တဲ့ ည တစ်ညဖြစ်ရပြန်တာပါပဲ။

အခုလို လင်မယားနှစ်ယောက်စလုံးက ကျွန်မကို တရားဝင် မွေးစားဘို့အတွက် တော်တော်လေး စိတ်ဓာတ်ပြင်းပျနေတာကို



တွေ့ရတော့ ကျွန်မဖြင့်ဘယ်လိုလုပ်ရမှန်း မသိအောင် ဖြစ်နေမိ ပါတယ်။ ဒါနဲ့ နောက်ဆုံးတော့ ကျွန်မလဲ ကြံမိကြံရာ ကြံတဲ့ အနေနဲ့ ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ပါတယ်။ အဲဒီ ဆုံးဖြတ် ချက်ကတော့ လောလောဆယ် သူတို့လဲ ပြေလည်သွားအောင်၊ မွေးစား သမီးအဖြစ်တရားဝင် လုပ်စရာရှိတာတွေ မလုပ်ခင် ကျွန်မ 'ဒေါ်ဒေါ့်'ဆီ ကျွန်မမိဘတွေနဲ့ပတ်သက်လို့ နောက်ဆုံး သတင်းကို စာနဲ့ရေးပြီး လှမ်းမေးမယ်။ အဲဒီလိုမေးထားတုန်း အကျိုး အကြောင်းစာပြန်မလာခင် တစ်နည်းနည်းနဲ့ကျွန်မ ဒီအိမ်က အလုပ်ထွက်သွားရအောင် လုပ်မယ်ဆိုပြီးဆုံးဖြတ်လိုက်ပါတယ်။

ဒါနဲ့ နောက်တစ်နေ့မနက်ကျတော့ ကျွန်မအစီအစဉ်နဲ့ ကျွန်မ စိတ်ကူးရတာတွေ မစ္စက်အက်ဘာဟတ်တို့လင်မယားကို ပြောပြတော့ သူတို့နှစ်ယောက်စလုံးက ဝမ်းသာအားရနဲ့ . . 'ကောင်း သားပဲ၊ ဒီလိုဆို ပိုပြီးရှင်းရှင်းလင်းလင်း ဖြစ်သွားတာပေါ့' လို့ ပြောကြပါတယ်။

ဒါနဲ့ ကျွန်မလဲအရင်တစ်ခါလို အမေ့ဆီကို စာတစ်စောင် ခပ် မြန်မန်ရေးပြီး ပို့နေကျအဆက်အသွယ်နဲ့ ပို့လိုက်ပါတယ်။ အရင်းတစ်ခါဆိုလို့ ပြောရအုံးမယ်။ အမေ့ဆီကို ပြန်စာတစ်စောင် ရပြီးတဲ့နောက် ကျွန်မစာနှစ်စောင် ထပ်ရေးပါသေးတယ်။ ဒါပေ မယ့် နောက်ရေးတဲ့ စာနှစ်စောင်လုံးအတွက် လုံးဝစာပြန်မလာ ပါဘူး။ အဲဒီတော့ ကျွန်မစိတ်ထဲမှာ အမျိုးမျိုး တွေးနေမိပါ တယ်။ သူတို့တစ်တွေ ရှိမှရှိကြသေးရဲ့လား။ ဒါမှမဟုတ် အန္တရာယ် မကင်းလို့၊ အခြေအနေမကောင်းလို့ဘဲ စာမပြန်ကြတာလား။ ဘုရား သိကြားမလို့ အမေတို့တစ်တွေ ကျန်းကျန်းမာမာ ချမ်း ချမ်းသာသာ ရှိကြပါစေ။

ပထမပိုင်း အစီအစဉ်အရ အဲဒီလို စာရေးပြီးတဲ့နောက် ဒုတိယပိုင်း အစီအစဉ်အရ ဒီအိမ်ကတစ်နည်းနည်းနဲ့ ကျွန်မ ထွက်သွားရအောင်လုပ်ဖို့ ရှိနေပါတယ်။ တကယ်တော့ ဒီကိစ္စဟာ အပြောလွယ်သလောက် လက်တွေ့လုပ်ဖို့ကျတော့ တော်တော်လေးခက်ပါတယ်။ ကျွန်မကိုယ်တိုင်လည်း ဘယ်လိုက ဘယ်လိုလုပ်ရမယ်။ ဘယ်လို လုပ်သင့်တယ်ဆိုတာ စဉ်းစားလို့မရပါဘူး။

ဒီလိုနဲ့ အမေ့ဆီက ပြန်စာကိုစောင့်ရင်း ကျွန်မအနေနဲ့ ဒီအိမ်က ဘယ်လိုနည်းနဲ့ထွက်သွားရအောင် လုပ်ရပါ့မလဲလို့ ကျိတ်ပြီး ကြံနေမိပါတယ်။

ဒီအတောအတွင်း တစ်နေ့မှာ နေ့ခင်းဘက် ကျွန်မ တစ်ယောက်တည်းရှိနေတုန်း စည့်ခန်းအဝင်ဝမှာ ခင်းထားတဲ့ ကော်ဇောကို အပြင်ဘက် နေပူမှာထုတ်လှန်းဘို့စီစဉ်ပါတယ်။ ဒီကော်ဇောကို တစ်လတစ်ကြိမ်ဒီလို အပြင်ဘက်ထုတ်ပြီးနေပူလှန်းနေကျပါ။ ကြမ်းခင်းကော်ဇော အကြမ်းစားဖြစ်ပြီး အလျား ဆယ်ပေ၊ အနံ ငါးပေရှိပါတယ်။ ကော်ဇောကနဲနဲကြီးတာမို့ ဒီအိမ် ရောက်စ ပထမဆုံးအကြိမ် ဒီကော်ဇောကို နေပူထုတ်လှန်းတုန်းက ကျွန်မတစ်ယောက်ထဲ ကောင်းကောင်းမနိုင်လို့ မစ္စက်အက်ဘာဟတ်ကိုယ်တိုင် ဝင်ကူပြီး သယ်ပေးခဲ့ရသေးတယ်။ ဒါပေမယ့် နောက်တော့ ကော်ဇောထုတ်လှန်းရမယ့်နေ့တွေမှာ ကျွန်မတစ်ယောက်ထဲရှိနေတာမို့ မနိုင့်တစ်နိုင်နဲ့သယ်ရင်း မ,ရင်း ကျင့်သားရပြီး နောက်ပိုင်းကျတော့ ကျွန်မကိုယ်တိုင် အဲဒီအလုပ်ကို နိုင်နိုင်နင်းနင်းလုပ်လာနိုင်ခဲ့ပါတယ်။

ဒါနဲ့ အဲဒီနေ့ကလဲ စည့်ခန်းဝကအဲဒီ ကော်ဇောကို အပြင်နေပူထုတ်လှန်းဖို့ လိပ်ပြီးမ,လိုက်ရာက ကျွန်မ ညာလက်မောင်း



တစ်ဖက် ရုတ်တရက် အောင့်သွားပါတယ်။ ကျွန်မလဲ တစ်ခါတစ်လေ အခန့်မသင့်လို့ ဖြစ်လာတာပဲလေဆိုပြီး အမှတ်တမဲ့ နေလိုက်မိပါတယ်။ ဒါပေမယ့် အချိန်တန်လို့နေပူလှန်းထားရာက အဲဒီကော်ဇောကိုပြန်လိပ်ပြီး အိမ်ရှေ့ခန်းကို သယ်မယ်လုပ်တော့ စောစောက အောင့်သွားတဲ့ လက်မောင်းဟာ မခံမရပ်နိုင်လောက်အောင် ကိုက်လာပြီး ကော်ဇောကိုလုံးဝ သယ်လို့ မ,လို့ မရအောင် ဖြစ်နေပါတော့တယ်။ ကျွန်မလဲ တစ်ခြား မီးဖိုချောင်အလုပ်တွေ လုပ်စရာရှိနေသေးတာနဲ့ အဲဒီကော်ဇောကြီးကို လက်မောင်းတစ်ဖက် အောင့်နေတဲ့ထဲက ကြိတ်မှိတ်ပြီး စည့်ခန်းဝရောက်အောင် မနိုင်တစ်နိုင်နဲ့ ဒရွတ်တိုက် ဆွဲလာခဲ့ရပါတယ်။

အဲဒီလို ညနေစောင်းက ဖြစ်ခဲ့တဲ့ လက်မောင်းက ဒဏ်ဟာ ညကျတော့ အလူးအလဲ ခံရတော့တာပါပဲ။ အိပ်ရာထဲရောက်လို့ အိပ်မယ်လဲလုပ်ရော ခြေရင်းက စောင်ကိုဖြန့်ပြီး အခါလိုက်မှာ အဲဒီ လက်မောင်းဟာ မျက်ကနဲဖြစ်သွားပြီး မခံမရပ်နိုင်လောက်အောင် ကိုက်တော့တာပါပဲ၊ ကျွန်မလဲ မတော်တဆ ခဏတဖြုတ်ဖြစ်တာပဲဆိုပြီး ပရုတ်ဆီတွေ လိမ်းလိုလိမ်း၊ မုံညင်းဆီတွေ လူးလိုလူးနဲ့ တတ်သလောက်မှတ်သလောက် လုပ်ပါသေးတယ်။ ဒါပေမယ့် လိမ်းကာစ လူးကာစပဲ သက်သာသလိုရှိပြီး ခဏနေတော့ ကိုက်မြဲတန်းကိုက်၊ အောင့်မြဲတိုင်းပြန်အောင့်တာပါပဲ။

လက်မောင်းကဒဏ်ဟာ ညဥ့်နက်လေ ပိုဆိုးလေ ဖြစ်လာပြီး လုံးဝအိပ်လို့မရအောင် ဖြစ်လာလို့ သန်းခေါင်းကျော်တစ်နာရီ လောက်မှာ အောက်ထပ် ဆင်းပြီး မစ္စက်အက်ဘာဟတ်

ကို နှိုးပြောဖို့တောင် စိတ်ကူးမိပါသေးတယ်။ ဒါပေမယ့် သိပ်ညည်းနေပြီး အားနာစရာ ဖြစ်တာနဲ့ မနှိုးတော့ဘဲ တစ်ညလုံးလိန်ပိန်ခံနေခဲ့ပါ တယ်။ ဒါနဲ့ မနက်မိုးလင်းခါနီးမှ မှေးကနဲ တစ်ရေး အိပ်ပျော်သွားပြီး မိုးလင်းလို့ အိပ်ရာကနိုးတော့ အဲဒီ ညာဖက် လက်မောင်းဟာ လုံးဝမြှောက်လို့တောင် မရတော့ပါဘူး။ လက်ကောက်ဝတ်နဲ့ တစ်တောင်ဆစ်နေရာတွေက ကိုက်လိုက်တာအရမ်းပါပဲရှင်။

ညာဖက် လက်မောင်းတစ်ခုလုံး မြှောက်လို့ မရတာနဲ့ ဘယ်ဖက်လက်နဲ့ပဲ ဖြစ်သလိုမျက်နှာသစ်ပြီး အောက်ထပ်မီးဖိုချောင်ကိုဆင်းလာခဲ့ပါတယ်။ မီးဖိုထဲ ရောက်တော့ ကော်ဖီတည်ဖို့ ဆိုပြီးကြွေကရားကို ညာဖက်လက်နဲ့ပဲ အမှတ်တမဲ့ မ,လဲ မလိုက်ရော လက်ဆစ်တွေပြုတ်သွားသလားလို့ ထင်ရလောက်အောင် မျက်ကနဲ ဖြစ်သွားပြီး ကြွေကရားဟာ လက်ထဲကလွတ်ကျသွားပါ တယ်။

'ခွမ်း'ကနဲ ကြွေကရားကျကွဲသံနဲ့အတူ 'ဟဲ့ . . ဟဲ့ ဘယ်လိုဖြစ်တာလဲ' ဆိုတဲ့အသံကြားလိုက်ရလို့ နောက်လှည့် ကြည့်လိုက်တော့ ဘယ်အချိန်က ရောက်နေမှန်း မသိပါဘူး။ မီးဖိုခန်းအပေါက်ဝမှာ မတ်တပ်ရပ်နေတဲ့ မစ္စက်အက်ဘာဟတ်ကို လှမ်းတွေ့လိုက်ရပါတယ်။ ကျွန်မလဲ ကြွေကရားလွတ်ကျသွားလို့ရင်ထဲ ဒိတ်ကနဲ ဖြစ်သွားတုန်း မစ္စက်အက်ဘာဟတ်ရဲ့ အော်သံကြောင့် ပိုပြီး အလန့်တကြားဖြစ်သွားမိပါတယ်။ ရင်တွေပန်းတွေတုန်ပြီး ရုတ်တရက်ချက်ခြင်း ဘာမှပြန်မပြောနိုင်ဘဲ တအောင့်လောက်ကြာမှ အကျိုးအကြောင်း ပြောပြရင်းနဲ့ လက်မောင်းကို ပြလိုက်ပါတယ်။



မစ္စက်အက်ဘာဟတ်ကလဲ အဲဒီတော့မှ 'မှန်း . . ပြစ်မ်း' ဆိုပြီး လက်မောင်းကို ပြာပြာသလဲ ဆွဲကြည့်ပါတယ်။ ဟုတ်ပါရဲ့၊ အဆစ်အမြစ်တွေ အရမ်းကိုက်နေတဲ့ထဲက ညက တစ်ညလုံး ပရုတ်ဆီတွေ မုံညင်းဆီတွေ တအားလိမ်းထားလို့လား မပြောတတ်ပါဘူး။ ကျွန်မလက်မောင်းတစ်ဖက်လုံး နီရဲပြီး နည်းနည်းတောင် ယောင်နေတာတွေ့ရပါတယ်။

အဲဒီနေ့ကဆို မစ္စက်အက်ဘာဟတ်ဟာ အပြင်သွားစရာ ကိစ္စရှိတာတောင် မသွားတော့ဘဲ တယ်လီဖုန်းနဲ့ ခွင့်တောင်းပြီး ကျွန်မကိုဘဲ ဂရုတစိုက်နဲ့ ပြုစုပေးရှာပါတယ်။ မစ္စတာ အက်ဘာဟတ်ကလဲကျွန်မ လက်မောင်းတစ်ဖက် အခြေအနေ တော်တော်ဆိုးနေတယ်ဆိုတာ သိသိချင်း၊ ဆရာဝန်နဲ့ဆီ သွားပြဖို့ အပူတပြင်း တိုက်တွန်းတော့တာပါပဲ။ ဒါနဲ့ မစ္စတာအက်ဘာဟတ်အလုပ် မသွားခင် ကျွန်မနဲ့ မစ္စက်အက်ဘာဟတ်နဲ့ သူတို့သွားနေကျ ဆရာဝန်ဆီသွားပြခဲ့ကြပါတယ်။

ဆရာဝန်ရဲ့ပြောပြချက်အရဆိုရင် ဒီလက်မောင်းက ရောဂါဟာ အဝတ်လျှော်ရာမှာ ရေနဲ့ အကြာကြီး ထိတွေ့နေရတဲ့အတွက် အထူးသဖြင့် အလုပ်ကြမ်းလုပ်လွန်းလို့ ဖြစ်ရတယ်လို့ ဆိုပါတယ်။ ကျွန်မရောဂါအတွက် ဆေးနှစ်လုံးထိုးပေးပြီး လိမ်းဆေးသောက်ဆေးလဲပေးလိုက်ပါတယ်။ နောက်ပြီးတော့ အခုရက်ပိုင်းအတွင်း ရေကို လုံးဝမထိပါနဲ့။ လေးလံတဲ့ အရာဝတ္ထုပစ္စည်းကိုလဲ လုံးဝမကိုင်ပါနဲ့၊ မ,မပါနဲ့လို့ညွှန်ကြားလိုက်ပါတယ်။

ဆရာဝန်က လေးပင်တဲ့ အရာဝတ္ထုတွေကို လုံးဝမ,မပါနဲ့လို့ မှာလိုက်ပေမယ့် အဲဒီနေ့ကတော့ လေးတဲ့ ပစ္စည်းရော

ပေါ့တဲ့ ပန္နည်းရော ဘာတစ်ခုမှ ကိုင်လို့ တွယ်လို့ မရပါဘူး။ ဆရာဝန့်ဆီက အပြန်ရေငတ်တာနဲ့ မီးဖိုထဲက သောက်ရေအိုးမှာ ရေတစ်ခွက် ခပ်သောက်တာတောင် ရေခွက် လွတ်ကျမိအောင် ကျပါသေးတယ်။ တော်ပါသေးရဲ့ ရေခွက်က ငွေခွက်မို့လို့ပေါ့၊ ဖန်ခွက်ဆိုရင် ကွဲအုံးမှာ၊ ကျွန်မလက်ထဲက ရေခွက်လွတ်ကျတုန်းက အနားမှာရှိတဲ့ မစ္စက်အက်ဘာဟတ်က 'ညည်းရောဂါ သိပ်မသေးဘူး၊ ပေါ့ပေါ့ဆဆ လုပ်မနေနဲ့'လို့ သတိပေးရှာပါသေးတယ်။

ဒါပေမယ့် နောက်ထပ် ဆေးနှစ်ခါထိုးပြီး ဆရာဝန်ပေးတဲ့ လိမ်းဆေးစားဆေးတွေ လိမ်းလိုက် စားလိုက်တော့ တော်တော်ကလေးသက်သာသွားပါတယ်။ အဲဒီအတွင်းမှာ ဆရာဝန်ရဲ့ ညွှန်ကြားချက်အရ လေးလေးပင်ပင် ပန္နည်းမျိုးကို လုံးဝမကိုင်မိအောင် သတိထားနေရပါတယ်။

အဲဒီ လက်မောင်းကိုက်တဲ့ရောဂါ သက်သာလာတာနဲ့ တပြိုင်နက် မူလ 'ရောဂါဟောင်း'က ပြန်ပေါ်လာတော့တာပါပဲ။ မူလ'ရောဂါဟောင်း'ဆိုတာက တစ်ခြားမဟုတ်ပါဘူး 'မွေးစားသမီး' ရောဂါပါပဲ။ တစ်ပတ်ကျော်ကျော် ဆယ်ရက်လောက်ကြာတဲ့အထိ အမေ့ဆီက ပြန်စာမလာပဲ ဖြစ်နေတော့ ကျွန်မစိတ်ထဲမှာ ဟိုဟိုဒီဒီ တွေးပြီး တအုံနွေးနွေးဖြစ်နေရပါတယ်။ ကျွန်မရင်ထဲမှာ တအုံနွေးနွေး ဖြစ်တာထက်၊ အက်ဘာဟတ်တို့ လင်မယား ကပိုပြီး အလောသုံးဆယ် ဖြစ်လာကြပါတယ်။

"ဘယ်လိုလဲ ကက်တာရီးနား၊ ညီးအဒေါ်ဆီက ပြန်စာလဲ မလာပါလား။ ဒီလိုဆိုရင် အဲဒီစာ စောင့်မနေတော့ဘဲ လုပ်စရာရှိတာဆက်လုပ်ကြရင် ကောင်းမယ်ထင်တယ်"



"ငါ အစကထဲကပြောသားပဲ၊ ဆိုက်ဘေးရီးယား ရောက်သွားတဲ့လူ မှန်သမျှ ပြန်လမ်းမရှိပါဘူးလို့။ အဲဒီတော့ ဘယ်လိုမှ စိတ်မကောင်း ဖြစ်မနေနဲ့တော့၊ ကက်တာရီးနား။ ပြီးတာတွေ ပြီးပစေတော့။ တို့သမီး အဖြစ်နဲ့ပဲ တစ်သက်လုံး နေသွားဘို့သာ စိတ်ကူးပေတော့"

သူတို့ လင်မယားနှစ်ယောက်စလုံးက ကျွန်မကို အဲဒီလိုမရှောင်သာ မတိမ်းသာအောင် နှစ်ဖက်ညှပ်ပြီး ပြောလာကြတော့ ကျွန်မလဲ ဒီလိုဆိုရင်တော့ မဖြစ်ချည်ဘူး။ ကြာရင် 'နေမြင့်လေ အရှုးရင့်လေ' ဖြစ်တော့မှာပဲ။ အဲဒီတော့ ဒီအိမ်က အမြန်ဆုံးထွက် သွားရအောင် ဖြစ်တဲ့နည်းနဲ့ ငွတ်လုပ်မှပဲ ဆိုပြီး အလောသုံးဆယ် အပူတပြင်း အကြံထုတ်ရတော့တာပဲ။

ဒီကိစ္စမှာ သူတို့လင်မယားက ကျွန်မကို မလိုချင်တော့ပါဘူး။ သဘောမကျတော့ပါဘူး။ ဒီအိမ်မှာ ဆက်ထားလို့ မဖြစ်တော့ပါဘူးဆိုမှ ကျွန်မအတွက် ထွက်ပေါက်ရမှာဆိုတော့ နောက်ဆုံးဒီတစ်လမ်းပဲရှိတော့တယ်လို့ စဉ်းစားမိပါတယ်။ ဟုတ်ပါတယ် ဒီအိမ်က အမြန်ဆုံး ထွက်သွားရဖို့အတွက် သူတို့ လင်မယားက ကျွန်မအပေါ်မှာ မကျေနပ်အောင်၊ စိတ်ဆိုးအောင်၊ ဒေါသထွက်အောင်လုပ်ရဘို့ပဲ ရှိတော့တာပေါ့။

အဲဒီလို တွေးမိတွေးရာတွေးရင်းက ကျွန်မ ခေါင်းထဲမှာ လက်ကနဲ့ အကြံတစ်ခုရလာပါတယ်။ ကျွန်မရတဲ့အကြံက ဒီလိုပါ။

ကျွန်မတို့အိမ်ရှေ့ ဧည့်ခန်း ပြတင်းပေါက်နားမှာ အီတလီနိုင်ငံ ဗင်းနစ္စမြို့က လုပ်တဲ့ ဖန်ပေါင်းချောင်းကြီး တစ်ခုရှိပါတယ်။ ကမ္ဘာပေါ်မှာ အကောင်းဆုံး ဖန်ထည်၊ မှန်ထည်တွေလုပ်တဲ့ ဗင်းနစ္စမြို့က လုပ်တာဆိုတော့ အဲဒီ ဖန်ပေါင်းချောင်

ကြီးဟာ အင်မတန်လှပြီး အင်မတန် လက်ရာမြောက်ပါတယ်။ မနက် မနက် ပြတင်းပေါက်ကဝင်လာတဲ့ နေရောင်နဲ့များဆိုရင် ဒီဖန်ပေါင်းချောင်ကြီးဟာ ဧရာမစိန်တုံးကြီးတစ်တုံးလို အရောင်တစ်လက် လက်ဖြာပြီးကြည့်လို့ အင်မတန် ပဏာရပါတယ်။ ကျွန်မ သိရသလောက်ပဲ အဲဒီဖန်ပေါင်းချောင်ကြီးဟာ အက်ဘာဟတ်တို့ လင်မယားညားခါစ အိမ်ထောင်ဦးက ပါလာတဲ့ မင်္ဂလာခန်းဝင် ပစ္စည်းလို့ဆိုပါတယ်။ ဒါကြောင့်လဲ သူတို့ လင်မယားကဒီဖန်ပေါင်း ချောင်ကြီးကို ဧည့်ခန်းမှာအလှပြပြီး အရိပ်တကြည့်ကြည့်နဲ့ အမြတ်တနိုးရှိနေခဲ့ကြပါတယ်။

အဲ . . ။ကျွန်မအကြံကတော့ တစ်ခြားမဟုတ်ပါဘူး။ အဲဒီလို သူတို့ လင်မယားနှစ်ယောက်စလုံးက အမြတ်တနိုး ထားကြတဲ့ အဲဒီဖန်ပေါင်းချောင်ကြီးကို တစ်နည်းနည်းနဲ့မကွဲ ကွဲအောင် ခွဲပစ်ဖို့ပါပဲ။ ဟုတ်ပါတယ်။ 'အကြံကုန် ဂဠုန်ဆားချက်' ဆိုတာလို တစ်ခြားဘယ်လိုမှ မကြံတတ်တဲ့အဆုံး ကြံမိကြံရာ ကြံရတော့တာပါ ပဲ။

ဒါနဲ့ တစ်နေ့တော့ နေ့ခင်းဘက်အိမ်မှာ မစ္စက်အက်ဘာဟတ်ရှိနေတုန်း ကျွန်မကအိမ်ရှေ့ခန်းမှာ စားပွဲ ကုလားထိုင်တွေ ဖုန်သုတ်ပြီး အမှိုက်လှဲနေပါတယ်။ ကျွန်မအကြံနဲ့ ကျွန်မဆိုတော့ အဲဒီလို အိမ်ထောင်ပရိဘောဂတွေ ဖုန်သုတ်ရင်းနဲ့ ပြတင်းပေါက်နားက ဖန်ပေါင်းချောင်ကြီးထားတဲ့ဆီကို မသိမသာ ရောက်သွားပါ တယ်။ အဲဒီနားရောက်လဲရောက်ရော အမှတ်တမဲ့ ဖန်ပေါင်းချောင်ကြီးကို ဖုန်သုတ်သလိုလိုနဲ့ ခုံပေါ်က မသိမသာ တွန်းချလိုက်ပါတယ်။



ကျွန်မလက်ချက်နဲ့ ဖန်ပေါင်းချောင်ကြီးဟာ တမံသလင်းပေါ် ဘေးစောင်းကြီး ကျသွားပြီး 'ခွမ်း'ကနဲမြည်သံဟာ တစ်အိမ်လုံး တုန်ခါသွားသလားလို့တောင် အောက်မေ့လိုက်ရပါတယ်။

"ဟဲ့ . . ဟဲ့၊ ဘာဖြစ်တာလဲ။ ဟဲ့ ကက်တာရီးနား"

မစ္စက်အက်ဘာဟတ်ဟာ အိမ်ထဲကအလန့်တကြားနဲ့ အော်ရင်း ဟစ်ရင်း ဧည့်ခန်းကိုအပြေးအလွှားထွက်လာပါတယ်။ ဒါပေမယ့် ဘယ်လိုမှ မတတ်နိုင်တော့ပါဘူး။ ဧည့်ခန်းရဲ့ အလှကျက်သရေဆောင် အီတလီဖန်ပေါင်းချောင်ကြီးဟာ ကြမ်းပြင်ပေါ်မှာ အစိတ်စိတ်အမွှာမွှာကွဲနေရှာပါပြီ။

ပထမတော့ ဒါဟာ ကျွန်မအကြံနဲ့ကျွန်မ တမင်လုပ်ပြီးမှ တစ်ဖက်လှည့်နဲ့ ဟန်ဆောင်ဖို့ပါပဲ။ ဒါပေမယ့် တကယ့်တကယ်ကျတော့ အဲဒီဖန်ပေါင်းချောင်ကြီးလဲ ကျကွဲသွားရော ကျွန်မလဲ စိတ်ထဲ တကယ်ထိခိုက်သွားပြီး တစ်ကိုယ်လုံး တုန်တုန်ရင်ရင် ဖြစ်သွား မိပါတယ်။

"ဒါ ကျွန်မအပြစ်ပါ။ ကျွန်မကြောင့်ဖြစ်ရတာပါ။ ဖုန်တွေတက်နေတာနဲ့ အမြင်မတော်လို့ အဝတ်နဲ့ လှမ်းသုတ်နေရင်း ကျကွဲသွားတာပါ။ အို . . ကျွန်မကိုယ်က နမော်နမဲ့ နိုင်လွန်းပါတယ်။ အခုကျွန်မကြောင့် အင်မတန် အဖိုးတန်တဲ့ ဖန်ပေါင်းချောင်ကြီး ကျကွဲသွားရပြီ။ မဖြစ်ပါဘူးရှင်။ မဖြစ်တော့ပါဘူး။ ကျွန်မကို ဒီအိမ်မှာ မထားပါနဲ့တော့။ ကျွန်မနဲ့ ဒီအိမ်မျိုးနဲ့ မတန်ပါဘူး။

ကျွန်မစိတ်ထဲက တကယ်လဲ လှုပ်ရှားသွားပြီး တကယ့် ခံစားချက်နဲ့ ပြောချလိုက်မိပါတယ်။ ဒီလိုပြောရင်း ဝမ်းနည်း ပမ်းနည်းငိုမိပါတယ်။

ဒါပေမယ့် မရပါဘူးရှင် ကျွန်မဆင်ထားတဲ့ ဇာတ်က ဇာတ်လမ်းကောင်းသလောက် ဇာတ်ကွက်မဝင်ဘဲ ဖြစ်နေပါတယ်။ အဲဒီလို သူတို့အမြတ်တနိုးထားတဲ့ ဖန်ပေါင်းချောင်ကြီး ကျကွဲသွားတာတောင် ကျွန်မအပေါ်မှာ ဆူလား ပူလား၊ ကြိမ်းလား မောင်းလား မလုပ်ဘဲ ကျွန်မလက်မောင်းက ရောဂါပြန်ဖြစ်လာပြန်ပြီဆိုပြီး ကျွန်မကို ဆရာဝန်ဆီခေါ်သွားပြန်ပါတယ်။

ဒါနဲ့ ကျွန်မလဲ ကျွန်မကို ဆေးကုပေးတဲ့ ဆရာဝန်ကိုပဲ တစ်ဖက်လှည့်နဲ့ အကူအညီ တောင်းရပြန်ပါတယ်။ ကျွန်မ လက်မောင်းက ရောဂါကြောင့် ဆေးစာရေးပေးပါလို့ တောင်းပန်ရပါတယ်။ ဆရာဝန်က ရေးတော့ ရေးပေးပါတယ်။ ဒါပေမယ့် ကျွန်မလိုချင်တဲ့ သဘောမျိုး မရေးဘဲ အလေးအပင်တွေ မ,မရဘူး။ လက်မောင်းကို သိပ် အားစိုက်ပြီးလုပ်ရတဲ့ အလုပ်မျိုးကို မလုပ်သင့်ဘူး ဆိုတာလောက်ပဲ ယေဘူယျသဘောမျိုး ရေးပေးပါတယ်။

ကျွန်မကလဲ ဘာပဲဖြစ်ဖြစ်ဆိုပြီး ဆရာဝန် ရေးပေးတဲ့ ဆေးစစ်ချက်ကိုပဲ အက်ဘာဟတ်တို့ လင်မယားကိုပြပြီး ကျွန်မနေရာမှာ တစ်ခြားအိမ်ဖော်တစ်ယောက် ရှာဖို့နဲ့ ကျွန်မကို ဒီအလုပ်က ထွက်ခွင့်ပြုဘို့ ပြောကြည့်ပါတယ်။ ဒါပေမယ့် ဒါလဲ မရပါဘူးရှင်။ သူတို့နှစ်ယောက်စလုံးက လက်မခံပါဘူး။

"အို . . ၊ ဒါတော့ဘယ်ဖြစ်မလဲ လောလောဆယ် လက်မောင်းက ရောဂါကြောင့် ပင်ပင်ပမ်းပမ်း မလုပ်ရဘူးဆိုရင် မလုပ်နဲ့ပေါ့။ တစ်ပတ် နှစ်ပတ်လောက် အနားယူနေပါ။ ဒီကြားထဲ လုပ်စရာရှိတာကို ငါပဲ ဖြစ်သလို ကြည့်လုပ်သွားမယ်။ ဒါ



အတွက်တော့ ဘာမှ စိတ်အနှောက်အယှက်မဖြစ်နဲ့။ ညည်းဟာ တို့သမီးပဲ၊ တို့ကို ဘာမှအားနာနေစရာ မလိုပါဘူးကွယ် . . "

ကျွန်မဖြင့် သေတာသေလိုက်ချင်တာပါပဲ။ ဘယ်လို ကြံလို့ ဖန်လို့ မရအောင် ဖြစ်နေပြီ။ ရှေ့လျှောက် ဘာဆက်လုပ်ရမှန်းတောင် မသိတော့ပါဘူး ဒီအိမ်ကြီးကိုပဲ မီးတင်ရှို့ရကောင်းမလား ဒါလောက်တော့လဲ မလုပ်ရက်ပါဘူးရှင်။

ကဲ . . ဒါလောက်တောင်ရှိလှတာ ဘယ်လိုကြံလို့ဖန်လို့မှမရတဲ့ အဆုံး ဒီတစ်ခါတော့ဘာပဲဖြစ်ဖြစ် မှတ်လောက်သားလောက် အောင် လုပ်ပစ်မှ ဖြစ်တော့မယ်ဆိုပြီး နောက်ဆုံးကြိုးစားခြင်း အနေနဲ့ ကြိုးစားဘို့ ကျွန်မဆုံးဖြတ်လိုက်ပါတယ်။

ဒီတစ်ခါ ကျွန်မရဲ့'ပစ်မှတ်'ကတော့ တစ်ခြားမဟုတ်ပါဘူး။ တစ်အိမ်လုံးမှာ အထင်ရှားဆုံးနဲ့ အထူးခြားဆုံးဖြစ်တဲ့ ဂျပန်ပန်အိုးကြီးပါပဲ။ ဟုတ်ပါတယ်။ ကျွန်မပြောခဲ့ဘူးသလို အိမ်ရှေ့ဧည့်ခန်းဆောင်ရဲ့ မျက်နှာစာဘက်မှာ ခုံခြင့်တစ်ခုနဲ့တင်ပြီး အလှပြထားတဲ့ ဧရာမ ဂျပန်ပန်းအိုးကြီး ရှိပါတယ်။ အဲဒီပန်းအိုးကြီးဟာ အောက်က ခုံမပါပဲနဲ့ကို ကျွန်မခါးလောက်အထိမြင့်ပါတယ်။ ဒီပန်းအိုးကြီးကတော့ တစ်အိမ်လုံးရဲ့ ကျက်သရေဆောင်ပစ္စည်းပါပဲ။ လှလိုက်တာကလဲ အရမ်းပါပဲ၊ ပြောင်လက်ချောမွတ်နေတဲ့ ကြွေသားပေါ်မှာ အပြာရောင်၊ အစိမ်းရောင်နဲ့ ငွေရောင်ချယ်ထားတဲ့ ပန်းချီကလဲ အင်မတန်လှပါတယ်။ အဲဒီပန်းချီမှာ ကီမိုနိုအကျႌရှည်ကြီးတွေဝတ်ထားပြီး ပါးအို့နီနီနဲ့ ယပ်တောင်ကလေးတွေ ကိုင်စီခပ်နေကြတဲ့ ဂျပန်မကလေးတွေရဲ့ ပုံကလဲ တော်တော့်ကို အသက်ပါပြီး ကြည့်လို့ မဝအောင် ဆွဲဆောင်မှုရှိလှပါတယ်။ ဒီဂျပန်ပန်းအိုးကြီးဟာ စောစောက

ကျွန်မလက်ချက်နဲ့ ကွဲသွားရှာတဲ့ အီတလီ ဖန်ပေါင်းချောင်းထက်ပိုပြီး လှလဲလှ ကျက်သရေလဲ ရှိပါ တယ်။ ဒီပန်းအိုးကြီးဟာ အက်ဘာဟတ်တို့ လင်မယားအတွက် တစ်အိမ်လုံးမှာ အမြတ်နိုးဆုံးနဲ့ ဂုဏ်အယူဆုံးပစ္စည်းဆိုရင်လဲ မမှားပါဘူး။

တစ်လတစ်ကြိမ် အိမ်ရှေ့ခန်းက ကော်ဇောကြီးကို အပြင်ထုတ်ပြီး ဖုန်တွေဘာတွေ ခါတဲ့အချိန်မှာ ဒီပန်းအိုးကြီးကို လွတ်လွတ်ကင်းကင်း တစ်နေရာမှာ ခဏရွှေ့ထားရပါတယ်။ ဒီပန်းအိုးကြီးကို အဲဒီလိုရွှေ့ပြီးမှ သူ့အောက်က ကော်ဇောကို ဆွဲယူလို့ရပါတယ်။

အဲဒါကို ကောင်းကောင်းကြီးသိထားတဲ့ ကျွန်မဟာ ဧည့်ခန်းက ကော်ဇောကြီး ဖုန်မခါခင် လေးငါးခြောက်ရက်လောက်ကကြိုပြီးချိန်ကိုက် စီစဉ်ထားပါတယ်။ စီစဉ်ပုံကတော့ အဲဒီလိုကော်ဇောကြီး အပြင်ထုတ်ပြီး ဖုန်တွေဘာတွေခါဖို့ လေးငါးခြောက်ရက်အလိုမှာ ကျွန်မလက်မောင်းက ကိုက်တာခဲတာတော်တော်သက်သာလာတဲ့အကြောင်း မစ္စက်အက်ဘာဟတ်ကို ပြောပြထားပါတယ်။

ဒီလိုနဲ့ ဧည့်ခန်းက ကော်ဇောကြီးကို သန့်ရှင်းရေးလုပ်ရမဲ့နေ့ ရောက်လာပါတယ်။ အဲဒီနေ့က သောကြာနေ့ပါ။ ကျွန်မကောင်းကောင်းမှတ်မိပါတယ်။ အဲဒီနေ့မှာ မနက်စောစောပိုင်းက မစ္စက်အက်ဘာဟတ်ဟာ ကော်ဇောကြီးကို နေ့ခင်းဖက်ကျရင် ကျွန်မနဲ့အတူကူပြီး ဖုန်ခါမယ်လို့ ပြောပြီးမှ အရေးကြီးတဲ့ကိစ္စ တစ်ခုပေါ်လာတာနဲ့ အဲဒါကို မေ့ပြီး အပြင်ထွက်သွားပါတယ်။ အကွက်ကောင်းကို ချောင်းနေတဲ့ ကျွန်မအတွက်တော့ 'မျက်ဖြူ ဆိုက်လေ ဆရာကြိုက်လေ' ဖြစ်သွားတာပါပဲ။



ဒါနဲ့ သူလဲ အပြင်ထွက်သွားလို့ တစ်အောင့်လောက်လဲနေရော ကျွန်မလဲ ထမင်းစားခန်းထဲက ကမန်းကတန်းထွက်လာပြီး အိမ်ရှေ့ဧည့်ခန်းဝက ဂျပန်ပန်းအိုးကြီးကို ကြိုးကြိုးစားစားနဲ့ မ,ပြီး အိမ်ပေါ်တက်တဲ့ လှေကားထစ် လေးငါးထစ်လောက်မှာ အသာမှေးပြီး တင်ထားလိုက်ပါတယ်။ ပြီးတော့မှ အိမ်ရှေ့ ဧည့်ခန်းက ကော်ဇောကြီးကို အပြင်ထုတ်ဖို့ဆိုတဲ့ သဘောမျိုးနဲ့ လိပ်လိုက်ပါတယ်။ ဒါပေမယ့် တကယ်တော့ ကော်ဇောကြီးကို အပြင်မထုတ်သေးပါဘူး။ ဒီအတိုင်းအလိပ်လိုက် အခန်းဝမှာချထားပြီးမှ စောစောက ပန်းအိုးတင်ထားတဲ့ လှေကားပေါ်တက်လာခဲ့ပါတယ်။ ပန်းအိုးတင်ထားတဲ့ လှေကားထစ်ရဲ့ အပေါ်အထစ်ထိအောင်ကျော်တက်လာပြီးမှ နောက်ပြန်လှည့်ပြီး မျက်စိကိုစုံမှိတ်ထားရင်းက 'ဖြစ်ချင်ရာဖြစ်'ဆိုတဲ့ စိတ်နဲ့ ပန်းအိုးကြီးကို လှေကားပေါ်က တစ်ခါထဲကန်ချလိုက်ပါတယ်။

'ဂလုံ . . ဂလုံ . . ဂလုံ'ဆိုတဲ့ အသံနဲ့အတူ ပန်းအိုးကြီးဟာ လှေကားပေါ်က အရှိန်နဲ့တစ်ထစ်ခြင်း ဒလိမ့်ဒလိမ့်နဲ့ကျသွားပြီး အောက်ဆုံး ကြမ်းပြင်ပေါ်လဲရောက်ရော 'ဂွမ်း'ဆိုပြီးအစိတ်စိတ်အမွှာအမွှာ ကွဲသွားတော့တာပါပဲ။

အရင်တစ်ခါ ဖန်ပေါင်းချောင်းကြီး ခွဲပစ်ခဲ့တုန်းကလို မဖြစ်အောင် ကျွန်မကိုယ်ကျွန်မ အံကြိတ်ပြီး အားတင်းထားလိုက်ပါတယ်။ ကျွန်မမျက်စိအောက်က လှေကားရင်းမှာ ပန်းအိုးကြီးတစ်ခုလုံး ရစရာမရှိအောင် ကျကွဲသွားတာကို သေသေချာချာ စိုက်ကြည့်လိုက်ပြီးမှ လှေကားအတိုင်း အပေါ်ထပ်ကို လှည့်တက်လာခဲ့ပါတယ်။ ထပ်ခိုးပေါ်က ကျွန်မအခန်းလေးထဲ ရောက်တာနဲ့ တစ်ပြိုင်နက် ကျွန်မရဲ့ အဝတ်အစားတွေနဲ့ တိုလီမိုလီ အသုံး

အဆောင် ပစ္စည်းတွေကို အားလုံးမကျန် သိမ်းဆည်းပြီး အိတ်ထဲ ထည့်လိုက်ပါတယ်။

အဲဒီနောက် စိတ်ဓာတ် တည်တည်ငြိမ်ငြိမ်နဲ့ပဲ အောက်ထပ်ကို ပြန်ဆင်းလာခဲ့ပြီး ကျွန်မ လက်ဆွဲအိတ်ကို အိမ်အဝင် တံခါးဝမှာ ချထားလိုက်ပါတယ်။ ပြီးမှ ခေါင်းအေးအေးနဲ့ တစ်ခြားအိမ်အလုပ်တွေကို ဣန္ဒြေရရလုပ်နေခဲ့ပါတယ်။

ခဏကြာတော့ မစ္စက်အက်ဘာဟတ် ပြန်ရောက်လာပါတယ်။ အိမ်ပေါက်ဝမှာချထားတဲ့ ကျွန်မအိတ်ကိုမြင်လိုက်တော့ ရုတ်တရက် အိမ်ထဲမဝင်သေးပဲ အိမ်အပေါက်ဝကပဲ ကျွန်မကိုလှမ်းအော်လိုက်ပါတယ်။

“ကက်တာရီးနား ဒီအိတ်ကဘာလုပ်တာလဲ”

သူ့အသံကြားကြားချင်း ကျွန်မအိမ်ထဲက ခပ်သွက်သွက် ထွက်လာပြီးသူ့ရှေ့မှာပဲ ခြေစုံရပ်လိုက်ပါတယ်။

“ဒီမယ် မစ္စက်အက်ဘာဟတ် ဒီနေ့ ကျွန်မဖြစ်ပုံကတော့ ဆိုးလွန်းပါတယ်ရှင်။ အဆိုးဆုံးလို့တောင် ဆိုနိုင်ပါတယ်။ ကျွန်မအပေါ်မှာ မစ္စက်အက်ဘာဟတ်တို့ နှစ်ယောက်စလုံးက သိပ်ကောင်းကြပါတယ်။ ဒီကြားထဲက ကျွန်မကြောင့် ဒီအိမ်မှာရှိတဲ့ အဖိုးတန်ပစ္စည်းတွေ တစ်ခုပြီး တစ်ခုပျက်စီးနေရတယ် ဆိုတော့. .”

“ဟဲ့ . . နေပါအုံးဘာတွေများဖြစ်ပြန်လို့လဲ”

မစ္စက်အက်ဘာဟတ်ဟာ ပြောပြော ဆိုဆိုနဲ့အိမ်ရှေ့ ဧည့်ခန်းထဲကို လှမ်းဝင်ကြည့်လိုက်ပါတယ်။

“အမယ်လေး . . သွားပါပြီ၊ သွားပါပြီ။ ဂျပန် ပန်းအိုးကြီးပါလား။ ဘုရား . . ဘုရား . . ဘယ်လိုများလုပ်လိုက်တာလဲ ကက်တာရီးနားရယ် . . ”



“ဟုတ်ပါတယ်။ ဟိုတစ်လောက ဖန်ပေါင်းချောင်ကြီး ကျကွဲသွားခဲ့ပြီး အခု ဒီနေ့ကျွန်မကြောင့် ဂျပန်ပန်းအိုးကြီး ကွဲသွားပြန်ပါပြီ။ ဒီပစ္စည်းတွေဟာ မစ္စက်အက်ဘာဟတ်တို့အတွက် တန်ဖိုးမဖြတ်နိုင်တဲ့ အမှတ်တရ ပစ္စည်းတွေဆိုတာ ကျွန်မ သိပါတယ်။ ဒီလိုဖြစ်ရတဲ့အတွက် ကျွန်မကိုယ်ကျွန်မ ဘယ်နည်းနဲ့မှခွင့်လွှတ်လို့မရတော့ပါဘူး”

ကျွန်မစကားမဆုံးခင် မစ္စက်အက်ဘာဟတ်ဟာ မျက်ရည်တွေစီးကျလာရင်းက တစ်ဖြည်းဖြည်းနဲ့ ရှိုက်ရှိုက်ပြီး ငိုတော့တာပါပဲ။ သူ ဒီလောက် စိတ်ထိခိုက်တာမျိုး တစ်ခါမှ မတွေ့ဘူးတော့ ကျွန်မလဲ သူငိုတာကိုကြည့်ရင်းနဲ့ ကျွန်မပါဟန်မဆောင်နိုင်တော့ပဲ ဝမ်းနည်းပက်လက်ဖြစ်ပြီး ငိုမိပါတော့တယ်။

“ဟုတ်ပါတယ် ဒါတွေအားလုံးဟာ ကျွန်မအပြစ်ပါ။ ကျွန်မအသုံးမကျလို့ဖြစ်ရတာပါ”

“ငါ့စိတ်ထဲမှာ ဒီလိုလဲ သဘောမထားပါဘူး ကက်တာရီးနားရယ် . . တကယ်တော့ညည်းလက်မောင်းက ရောဂါကြောင့် ဖြစ်ရတာပါ။ ဒီရောဂါကလဲ ဒီအိမ်ရောက်မှ ဖြစ်ရတဲ့ ရောဂါပါ။ ငါတို့ ကြောင့်ဖြစ်ရတာပါ”

“မဟုတ်ပါဘူး . . မဟုတ်ပါဘူး။ ကျွန်မအပေါ် ဒါလောက်ကောင်းနေပါရက်နဲ့ ကျွန်မကိုယ်က အသုံးမကျတာပါ။ ကျွန်မကိုယ်ကပြိုလ်မွှေတာပါ။ ဒီအိမ်မှာကျွန်မဟာ ပြိုလ်ကောင် သက်သက်ပါ”

ပြောရင်း ပြောရင်းနဲ့ ကျွန်မတို့နှစ်ယောက်ဟာ တစ်ယောက်နဲ့တစ်ယောက် ဖက်ပြီးတော့ ရှိုက်ကြီးတငင်နဲ့ ငိုမိကြပါတယ်။ ကျွန်မပါးနှစ်ဖက်စလုံး မျက်ရည်တွေဖုံးပြီး ဘာကိုမှ မမြင်ရ

တော့ပါဘူး။ ရင်ထဲက လှိုက်လှိုက်လှဲလှဲနဲ့ တကယ်ဝမ်းနည်းပြီး တကယ် ငိုမိပါတယ်။

ဒီလိုနဲ့ ခဏကြာတော့ နှစ်ယောက်စလုံး အငိုရပ်သွားကြပြီး မစ္စက်အက်ဘာဟတ်ဟာ ကျွန်မကို စကားလဲမပြော ကြည့်လဲမ ကြည့်တော့ပဲ အိမ်ပေါ်ကို တစ်လှမ်းချင်း လှမ်းတက်သွားပါ တော့ တယ်။

ကျွန်မလည်း အိမ်ရှေ့ဧည့်ခန်းက ဆိုဖာပေါ်မှာပဲ တစ်ယောက်ထဲ ငူငူကြီး ထိုင်နေမိတာ မစ္စတာအက်ဘာဟတ်ပြန်လာတဲ့ အထိပါပဲ။ မစ္စက်အက်ဘာဟတ်လဲ အဲဒီကျတော့မှအိမ်ပေါ်က ပြန်ဆင်း လာပါတယ်။

မစ္စတာအက်ဘာဟတ်ဟာ အိမ်ထဲ ဝင်လာလာခြင်း လှေကားခြေရင်းမှာ ဖယိုဖရဲနဲ့ အစိတ်စိတ်အမွှာမွှာ ကွဲကျနေတဲ့ ဂျပန်ပန်းအိုးကြီးကို ကြည့်လိုက်ပြီး အကြီးအကျယ် မျက်နှာပျက်သွားပါ တယ်။ ပြီးတော့ စောစောက ငိုထားကြတဲ့ ကျွန်မနဲ့ မစ္စက်အက်ဘာဟတ်တို့ရဲ့ နီရဲနေတဲ့ မျက်နှာတွေကို တစ်လှည့်စီ ကြည့်လိုက်ပြီး အခြေအနေတွေအားလုံးကို ရိပ်မိသွားပုံ ရပါတယ်။ ဒါပေမယ့် သူဟာ ကျွန်မကိုရော သူ့မိန်းမကိုပါ စကားတစ်လုံးမှ မပြောဘဲ အိမ်အပေါ်ထပ်ကို လှေကားအတိုင်း ခပ်ဖြည်းဖြည်း တက်သွားပါတယ်။

ကျွန်မရိပ်မိလိုက်ပါပြီ ဒီတစ်ခါတော့မစ္စတာ အက်ဘာဟတ်ဟာ ကျွန်မအပေါ်မှာ လုံးဝ စိတ်ပျက်သွားပြီ လုံးဝ စိတ်ကုန်သွားပြီဆိုတာ ကျွန်မနားလည်လိုက်ပါပြီ။

တော်တော်လေးကြာတော့ ညစာစားချိန် ရောက်လာပြီး မစ္စတာအက်ဘာဟတ် အိမ်အပေါ်ထပ်က ဆင်းလာပါတယ်။



ထမင်းစားခန်းထဲကို သူဝင်လာလို့ လှမ်းကြည့်လိုက်တော့ သူ့လက်ထဲမှာ စာအိတ်ဖြူတစ်အိတ် ကိုင်လာတာ တွေ့ရပါတယ်။ အခန်းထဲ ရောက်တာနဲ့တစ်ပြိုင်နက် သူကကျွန်မကို အဲဒီစာအိတ် လှမ်းပေးလိုက်ပါတယ်။ ကျွန်မလည်း သူပေးတဲ့စာအိတ်ကို တရိုတသေနဲ့လှမ်းယူလိုက်ပြီး မီးဖိုခန်းထဲဝင်လာခဲ့ပါတယ်။

ဟုတ်ပါတယ် အဲဒီစာဟာ ကျွန်မထင်ထားတဲ့အတိုင်း လင့်ဖ်မြို့က အလုပ်သမားရုံးကို ကျွန်မနဲ့ပတ်သက်ပြီး ရေးလိုက်တဲ့ စာပါပဲ၊ ကျွန်မအင်မတန် မျှော်လင့်တောင့်တနေတဲ့စာပါပဲ။

ဒါပေမယ့် မပိတ်ဘဲ ထားတဲ့ စာအိတ်ထဲက စာကို ထုတ်ဖတ်ကြည့်လိုက်တော့ ကျွန်မမျှော်လင့်ထားသလို မဟုတ်တဲ့အတွက် တစ်မျိုး စိတ်မကောင်း ဖြစ်ရပြန်ပါတယ်။ ကျွန်မ မျှော်လင့်ထားသလို ဆိုတာကဒီလိုပါ။ ဒီစာဟာ ကျွန်မကိုဒီအိမ်က အလုပ်က ထုတ်ပစ်လိုက်တဲ့ စာပဲဆိုတာ စာအိပ်ပေါ်က 'အလုပ်သမားရုံးသို့'ဆိုတဲ့ လိပ်စာအရကျွန်မသိလိုက်ပါပြီ။ ဒါပေမယ့် ဒီနေ့ဖြစ်ရတဲ့ အဖြစ်အပျက်အရဆိုရင် ကျွန်မကို အလုပ်ထုတ်ပစ်တဲ့ စာထဲမှာ ကျွန်မရဲ့ အပြစ်အနာအဆာတွေ ကျွန်မရဲ့ချို့ယွင်းချက်တွေ အထိုက်အလျောက် ရေးထားလိမ့်မယ်လို့ ကျွန်မ တထစ်ချမျှော်လင့်ထားပါ တယ်။

ဒါပေမယ့် ယခုစာထဲမှာကတော့ ဒီလိုမဟုတ်ဘဲ တစ်မျိုး ဖြစ်နေပါတယ်။ စာထဲမှာရေးထားတာတွေက ကျွန်မဟာအလုပ်အကိုင်တော်တဲ့ မိန်းကလေးတစ်ယောက်ဖြစ်ကြောင်း၊ အလုပ်လုပ်ရာမှာစိတ်ရောကိုယ်ပါ တကယ်တန်းကြိုးကြိုးစားစား လုပ်တတ်တဲ့ အကြောင်း၊ အနေအထိုင် အပြောအဆိုကအစ အကျင့်စာရိတ္တပါ အဖက်ဖက်က ကောင်းတဲ့အကြောင်း . . ဆိုတာတွေ

ရေးထားပြီးမှ ဒါပေမယ့် မမျှော်လင့်ဘဲ ဒီမိန်းကလေးမှာ ကျန်းမာရေး ချို့ယွင်းလာတဲ့အတွက် သူတို့အိမ်က အိမ်မှု လုပ်ငန်းတွေကို ဆက်လက်မလုပ်နိုင်တော့ အခြေအနေမျိုး ဖြစ်လာပါတယ်။ ဒါကြောင့် ဒီမိန်းကလေးကို သူတို့လင်မယား နှစ်ယောက်စလုံးက ဝမ်းနည်းစွာ နဲ့မရှောင်မလွှဲသာဘဲ အလုပ်က ထွက်ခွင့်ပြုလိုက်ရပါတယ် . . ဆိုပြီးစီကာပတ်ကုံး ဖော်ပြထားတာတွေ့ရပါတယ်။

ဒါတင် မကသေးပါဘူး၊ အခုလို သူတို့အိမ်မှာ ဆက်ပြီး အလုပ်မလုပ်နိုင်တော့ပေမယ့် ဒီမိန်းကလေးကို သက်ဆိုင်ရာ လူကြီးမင်းများက သူ့ရဲ့ကျန်းမာရေး အခြေအနေနဲ့ ကိုက်ညီအောင် မပင်မပန်းနဲ့ ပေါ့ပေါ့ပါးပါး သင့်တော်တဲ့အလုပ်တစ်ခုခုကို ရှာဖွေပေးလိမ့်မယ်လို့ ယုံကြည် မျှော်လင့်ပါကြောင်း . . ဆိုပြီး အောက်ဆုံး စာပိုဒ်မှာ ရေးထားတာ တွေ့ရပါသေးတယ်။

ကျွန်မဖြင့် ဖတ်ရင်းဖတ်ရင်း ငိုချင်လာပါတယ်။ ကျွန်မ မိဘ နှစ်ပါးကလွဲလို့ ကျွန်မအပေါ်မှာ ဒါလောက် စိတ်ကောင်းနှလုံး ကောင်းရှိတဲ့ ပုဂ္ဂိုလ်မျိုးကို နောင်တွေ့မှ တွေ့ရပါတော့မလား ဆိုပြီး မျက်ရည်များတောင် လည်လာမိပါတယ်။ ကျွန်မကို တကယ့်သမီးအရင်းလို သံယောဇဉ်ဖြစ်ပြီး ချစ်ခင်တွယ်တာ နေကြရှာတဲ့ သူတို့လင်မယားနဲ့အတူ မနေနိုင်အောင် ဖြစ်လာရတဲ့ ကျွန်မဘဝကို လဲယူကြုံးမရဖြစ်မိပါတယ်။

ဒါပေမယ့် တကယ့် တကယ်ကျပြန်တော့လည်း ကျွန်မအပေါ်မှာ သူတို့ရဲ့ ခင်မင်တွယ်တာမှုဟာ ကျွန်မအတွက် ကောင်းကျိုးမဖြစ်ဘဲ ဆိုးကျိုးသာ ဖြစ်လာနိုင်တယ်ဆိုတာ စဉ်းစား



မိတဲ့ အတွက် ကျွန်မကိုယ်ကျွန်မ ကြံဖန်ပြီး ဖြေရတော့တာပါပဲ။

ဟုတ်ပါတယ်။ အခု ကျွန်မလက်ထဲ ရောက်နေတဲ့ အလုပ်ထွက်စာဟာ ကျွန်မအင်မတန်လိုချင်နေတဲ့စာပါ။ ဒီစာရဖို့အတွက် ဘယ်လောက် စိတ်ဆင်းရဲခံပြီး ကြိုးစားခဲ့ရတယ်ဆိုတာ ကျွန်မကိုယ်ကျွန်မအသိဆုံးပါ ဒီလိုကြိုးစားလို့ အခုဒီစာကို ရခဲ့ပြီဆို တော့ဒါဟာ ကျွန်မအနေနဲ့အောင်မြင်တာပါပဲ၊ ကျွန်မရဲ့ အောင်ပွဲပါပဲ။

ဒါပေမယ့် ဒီအောင်ပွဲဟာ ကျွန်မအတွက်တော့ ဝမ်းနည်းစရာ ကောင်းတဲ့ အောင်ပွဲတစ်ခုလို့ပဲ ဆိုရမှာပေါ့ရှင် . .

# အားလုံးမီးလောင် ပြာကျကုန်ပါပြီ

ကျွန်မ အလုပ်သမားရုံးထဲကို ဝင်သွားတယ်ဆိုရင်ပဲ နီနာနဲ့ ကလာဗာတို့က ကျွန်မလက်ထဲမှာ ကိုင်လာတဲ့စာအိတ်ကို လှမ်းကြည့်လိုက်ကြပြီး နှစ်ယောက်သား ပြိုင်တူ အော်လိုက်ကြပါတယ်။

"ဟေး . . ကက်တာရီးနား၊ ဘယ့်နှယ်လဲ တိုက်ပွဲအောင်ခဲ့ပြီမဟုတ်လား"တဲ့။

ကျွန်မဖြင့် သူတို့ရဲ့ လူကဲခပ်ကောင်းပုံနဲ့ ပါးရေနုပ်ရေရှိပုံကို ရုတ်တရက် အံ့တောင် အံ့သြသွားမိပါတယ်။ နီနာဆိုရင် သူ့စားပွဲက ထလာပြီး ကျွန်မကိုအားရပါးရ ပွေ့ဖက်နှုတ်ဆက်လိုက်ပါသေးတယ်။

ကျွန်မလည်း ပါလာတဲ့မစ္စတာအက်ဘာဟတ်ရဲ့စာကို နီနာ့ လက်ထဲ ထည့်လိုက်ပါတယ်။ နီနာနဲ့ကလာဗာတို့ဟာ ကျွန်မစာကို နှစ်



ယောက်သား ခေါင်းချင်းဆိုင်ပြီး အလောသုံးဆယ် ဖတ်လိုက်ကြ ပါတယ်။

"ဒီလိုဆိုတော့လဲ ကက်တာရီးနားက အလာကြီးပဲ ၊ ကဲ . . ကဲ ခဏနေအုံး ကိုယ်ဒီစာကို ဗိုလ်ကြီးဆီ သွားပြလိုက်အုံးမယ်"

နီနာက ပြောပြောဆိုဆိုနဲ့ ကျွန်မစာကိုကိုင်ပြီး သူတို့ရုံးက အကြီးအကဲလုပ်တဲ့ ဂျာမန်စစ်ဗိုလ်ရှိရာ စားပွဲဆီကို ခပ်သုတ်သုတ် ထွက်သွားပါတယ်။ သူထွက်သွားတုန်း ကလာဗာက ကျွန်မကို သူ့ စားပွဲမှာ အထိုင်ခိုင်းပါတယ်။ သူကလည်း ကျွန်မ ပြန်ရောက်လာတဲ့ အတွက်ဝမ်းသာအားရ ဖြစ်နေပါတယ်။

"ဒီတစ်ခါ ဘာမှစဉ်းစားမနေနဲ့တော့ ကျွန်မတို့နဲ့ပဲ အေးအေးဆေးဆေးနေပြီး ဒီရုံးမှာဝင်လုပ်ပေတော့ အိမ်ဖော် အလုပ်တွေဘာတွေ မဟုတ်ကဟုတ်က လျှောက်လုပ်မနေနဲ့တော့"

ကလာဗာက အဲဒီလိုပြောနေတုန်း နီနာပြန်ရောက်လာပါ တယ်။ သူက အုပ်ချုပ်ရေးအရာရှိလုပ်တဲ့ ဗိုလ်ကြီးကို စာပေးပြီး အကျိုးအကြောင်းပြောခဲ့ပြီးပြီ၊ ဒီရုံးမှာပဲ ကျွန်မကို အလုပ်သွင်းပေးဖို့နဲ့ တစ်ရက်နှစ်ရက်အတွင်း ဖြစ်အောင် စီစဉ်ပေးဘို့ ပြောခဲ့တဲ့ အကြောင်းပြန်ပြောပါတယ်။ ဒါနဲ့ကျွန်မလဲ သူတို့စားပွဲမှာထိုင်ရင်း သူတို့ဝိုင်းမေးကြတာနဲ့ မစ္စတာအက်ဘာဟတ်တို့အိမ်က အလုပ်ထွက်ခွင့်ရအောင် ဘယ်နည်းဘယ်ပုံ ကြိုးစားခဲ့ရတယ်ဆိုတဲ့ အကြောင်းကို အတိုချုံးပြီး ပြောပြရပါတယ်။ အတိုချုံးပြီးပြောတဲ့အထဲက မပါမဖြစ်တဲ့ဂျပန်ပန်းအိုးကြီး အကြောင်းပြောပြတော့ သူတို့နှစ်ယောက်စလုံး အားရပါးရနဲ့ ခွက်ထိုးခွက်လန် ရယ်လိုက်ကြတာ၊ ကျွန်မအနေနဲ့ကတော့

ရှုတ်တရက်ဘယ်ရယ်နိုင်မလဲ၊ ကိုယ့်ခံစားချက်နဲ့ကိုယ် မဟုတ်လား။

"ဒါ့ထက် နေပါအုံး အခု လက်မောင်းက ရောဂါကော ဘယ့်နှယ့်နေသေးလဲ"

နီနာက ရှုတ်တရက် ကျွန်မ လက်မောင်းကို လှမ်းကိုင်ပြီး ဆရာဝန်စမ်းသလို သူ့လက်နဲ့ စမ်းကြည့်လိုက်ပါတယ်။ ပြီးတော့မှ 'ကိစ္စမရှိပါဘူး ဆရာဝန်ပြောသလို တစ်နေကုန်တစ်နေခန်း ပန်းကန်ဆေးလိုက်၊ အဝတ်လျှော်လိုက်၊ ကြမ်းတိုက်လိုက်နဲ့ ရေကို အမြဲကိုင်နေရလို့ဖြစ်တာပါ။ မယုံကြည့် အခုဒီရောက်ရင် ဒီရောဂါ ပျောက်သွားမှာသေချာတယ်' လို့ပြောလိုက်ပါတယ်။

နီနာပြောတဲ့အတိုင်း ဟုတ်လဲဟုတ်နေပါတယ်။ ဒီရောက်ပြီးတဲ့နောက် အဲဒီလက်မောင်းအောင့်တဲ့ရောဂါဟာ ဘယ်လိုက ဘယ်လိုပျောက်သွားမှန်းမသိဘူး။ တစ်ခါထဲကို အရှင်းပျောက်သွားတော့တာပါပဲ။ ကျွန်မဖြင့်အံ့တောင်အံ့သြမိပါသေးတယ်။

ဒီလိုနဲ့ ကျွန်မ ရောက်သွားပြီး တစ်ရက်နှစ်ရက် အတွင်းမှာပဲ နီနာက ကျွန်မကို သူတို့က ကာလာဗာတို့နဲ့အတူ သူတို့ရုံးမှာပဲ အလုပ်ရအောင် သူကိုယ်တိုင် ကြိုးစားပေးပါတယ်။ သူတို့ရုံးက အကြီးအကဲ လုပ်တဲ့ ဂျာမန်ဗိုလ်ကြီးကို နောက်တစ်နေ့မှာ သူကိုယ်တိုင်တစ်ခါ ထပ်တွေ့ပြီး ကျွန်မဟာယူကရိန်းလိုရော၊ ပိုလန်လိုရော၊ ရုရှားလိုပါ ပြောတတ်တဲ့အပြင် အခုဆိုရင် ဂျာမန် လိုပါ ရေရေလည်လည် ပြောတတ်နေတဲ့အကြောင်း၊ ဒီလို ဘာသာစုံပြောတတ်တဲ့ မိန်းကလေးမျိုးရှိရင် ဒီရုံးမှာ သိပ်ပြီး အဆင်ပြေတဲ့အကြောင်း၊ ဘာညာဘာညာနဲ့ 'အာလူး' ပေးလိုက်



တော့ ကိစ္စက တစ်ခါထဲ ပြတ်သွားပါတယ်။ တစ်ခါကနှစ်ခါ မပြောရပဲဒီရုံးမှာ ကျွန်မအလုပ်လုပ်ရဖို့ သေချာသွားပါတယ်။

ဒီလိုနဲ့ ကျွန်မတို့ သုံးယောက်စလုံး ရုံးတစ်ရုံးထဲမှာ အတူ အလုပ်လုပ်ခဲ့ကြရပါတယ်။ ဒါတင် မကပါဘူး။ ကျွန်မတို့ သုံးယောက်စလုံး အခန်းတစ်ခန်းထဲမှာပဲ အတူ နေခွင့် ရခဲ့ကြပါတယ်။ ဒါလဲ နီနာနဲ့ကလာဗာတို့ အစွမ်းအစပါပဲ။ တကယ်က တော့ နီနာတို့နေတဲ့ အထူးသီးသန့် အဆောင်မှာက အခန်းတစ်ခန်းကို နှစ်ယောက်ပဲနေခွင့်ရှိပါတယ်။ ဒါကို နီနာနဲ့ ကလာဗာတို့ကိုယ်တိုင် အဆောင်မှူးဖြစ်တဲ့ ဂျာမန်စစ်ဗိုလ်နဲ့ ဝင်တွေ့ပြီး ထုံးစံအတိုင်း ဘာညာဘာညာ အာလူးပေးလိုက်တာနဲ့ပြီးသွားတာပါပဲ၊

အဲဒီတုန်းက အဆောင်မှူးကတောင် သူတို့ကို နောက်လိုက်ပြောင်လိုက်ပါသေးတယ်။ သူတို့က ကျွန်မကို သူတို့ အခန်းထဲမှာ အိပ်စင်တစ်ခု ထပ်သွင်းပြီး အိပ်စင်သုံးခုနဲ့ သုံးယောက်အတူ နေပါရစေဆိုတော့ အဆောင်မှူးက 'အဲဒီအခန်းထဲကို နောက်ထပ်သွင်းမယ့် အိပ်စင်ဟာ ယောကျ်ားတစ်ယောက်အတွက် မဟုတ်ဘူး ဆိုရင်တော့ ငါခွင့်ပြုဖို့ မခဲယဉ်းပါဘူးကွာ' လို့ပြောလိုက်ပါသေးတယ်။

ဒီလိုနဲ့ကျွန်မဟာ လင့်ဇ်မြို့ကို ပထမဆုံးရောက်လာတဲ့ အချိန်ကစပြီး ကျွန်မအပေါ်မှာအဖက်ဖက်က ကူညီစောင့်ရှောက် ခဲ့ကြတဲ့နီနာတို့ကလာဗာတို့နဲ့ တစ်ခန်းထဲအတူနေပြီး တစ်ရုံးထဲ အတူလုပ်ခဲ့ရပါတယ်။

အဲဒီလို တစ်ရုံးထဲလုပ်ပြီး တစ်ခန်းထဲ အတူနေရတော့ သူတို့နဲ့ အရင်ကထက်ပိုပြီး ရင်းနှီးလာသလို အရင်ကထက်လဲ ပိုပြီး သူတို့ အကြောင်းတွေသိလာရပါတယ်။

သူတို့နှစ်ယောက်ဟာ ရုံးဆင်းလို့ ညနေစာ စားပြီးကြတယ် ဆိုရင်ပဲ ဟိုဟိုဒီဒီ အပြင်ထွက်လည်လေ့ရှိကြပါတယ်။ အဲဒီလို အပြင်ထွက်တဲ့အခါတိုင်း ကျွန်မကိုသူတို့နဲ့အတူ လိုက်ဖို့ ခေါ်တတ် ကြပါတယ်။ အပြင်ထွက်လည်တယ်ဆိုတာကလဲ အပြင်းပြေ အညောင်းပြေလမ်းလျှောက်တာတို့ တစ်ခါတစ်ခါကျတော့ သူတို့ အတွဲနဲ့သူတို့ချိန်းပြီး လျှောက်လည်ကြတာတို့ပါပဲ။

ဩော် . . ဒါထက်သူတို့အတွဲဆိုလို့ ပြောရအုံးမယ်။ အရင် ကျွန်မ မစ္စက်အက်ဘာဟတ်တို့အိမ်မှာ နေတုန်းက သူတို့ဆီ အလည် လာရင်းနဲ့ နီနာမှာ ကာလပ်စ်ဆိုတဲ့ ချက်အမျိုးသား'အတွဲ' တစ်ယောက်ရှိသလို ကလာဗာမှာလဲဟန်းဆိုတဲ့ ဩစထရီးယား 'ဘော်ဒါ'တစ်ယောက်ရှိတယ် ဆိုတဲ့အကြောင်း ကျွန်မပြောခဲ့ဘူး ပါတယ်။

အခုကျွန်မသူတို့ဆီ ပြောင်းလာတဲ့အချိန်ကျတော့ နီနာဟာ ကာလပ်စ်နဲ့ပဲ တွဲမြဲတွဲနေပေမယ့် ကလာဗာကတော့ တစ်ခြား တစ်ယောက်နဲ့ တွဲနေတာတွေ့ရပါတယ်။ ကလာဗာ အခုတွဲနေတဲ့ အမျိုးသားနာမည်ကလည်း 'ဟန်း'ပါပဲ။ ဒါပေမယ့် အရင်က ဩစထရီးယားအမျိုးသား 'ဟန်း'မဟုတ်တော့ဘဲ အခု'ဟန်း'က ချက်အမျိုးသားဖြစ်နေပါတယ်။

အဲဒီလို သူတို့တစ်တွေအတွဲကိုယ်စီနဲ့ ညနေတိုင်းငြိမ့်နေကြရာ ကနောက်သလို ပြောင်သလိုနဲ့ကျွန်မကိုပါ သူတို့လို အတွဲရှာဖို့ အဖော်ညှိလာကြပါတယ်။ အရင်သူတို့ဆီ ခဏတစ်ဖြုတ် လာ



လည်တုန်းကလဲ ဒီလိုနောက်ကြ ပြောင်ကြတာပါပဲ။ ဒါပေ မယ့် အဲဒီတုန်းကတော့ ကျွန်မနဲ့ သူတို့နဲ့ တစ်ခြားစီနေကြရတာမို့ ဒီကိစ္စ ဟာစကားစပ်မိလို့ ကြုံကြိုက်တုန်း နောက်တဲ့ ပြောင်တဲ့ သဘောမျိုးလို ဖြစ်ခဲ့ပါတယ်။ အခုလို အမြဲတစေ အတူသွား အတူအလုပ် လုပ်ကြရတဲ့အခါကျတော့ ဒီပြဿနာဟာ ပြောင် သလို နောက်သလိုနဲ့ အတည်ပြောတာမျိုး ဖြစ်လာပါတယ်။

"ဟော့ . . ကက်တာရီးနား နင်ဒီမှာ . . တို့နဲ့ လာနေရ တာ တစ်ဖြည်းဖြည်းနဲ့ပျော်လာမှာပါ။ နင်တစ်ယောက်ထဲ အခုလို 'လွတ်'မနေအောင် နင့်အတွက်ရုပ်ဖြောင့်ဖြောင့် အတွဲတစ်ယောက် တို့ရှာပေးမယ်။ ဘယ့်နဲ့လဲ ကာလပ်စ်ကို ငါရှာခိုင်းပေးမယ်လေ"

အဲဒီလို နီနာက ကျွန်မကိုစပါတယ်။ အရင်ကဆိုရင် နီနာ ဟာ ကျွန်မကိုရှင်နဲ့ ကျွန်မနဲ့ ညည်းနဲ့ပြောနေကျပါ။ ဒါပေမယ့် အခု သူတို့နဲ့အတူ လာနေရာကကြာတော့ ပိုရင်းနှီးလာပြီး တစ်ယောက် တစ်ယောက် ပြောမနာဆိုမနာ ဖြစ်လာကြတဲ့အတွက် ရှင်တွေ ကျွန်မတွေမသုံးတော့ဘဲ 'နင်တွေ ငါတွေ'ဖြစ်လာ ပါတယ်။ ကျွန်မ ကိုဒီလိုခေါ်တဲ့အတွက် ကျွန်မစိတ်ထဲက ဘယ်လို မှ သဘောမထားပါဘူး။ ပိုပြီးတော့တောင် ကောင်းသေးတယ် လို့ထင်မိပါတယ်။ ဒါပေမယ့် ကျွန်မကတော့ သူတို့ထက် အသက် လဲငယ်၊ ဝါလဲနုသေးတော့ သူတို့ကို ရှင်နဲ့ ကျွန်မနဲ့ပဲ ပြောပါ တယ်။

သူတို့ကကျွန်မမှာ အတွဲမရှိသေးဘဲ ဘက်ပဲ့နေတဲ့အတွက် အဲသလို နောက်သလို ပြောင်သလို ပြောလာတတ်ကြတော့ ကျွန်မကလည်း 'အမယ်လေး မလုပ်ပါနဲ့။ ကျွန်မကို ရှင်တို့အုပ်စုထဲ

ဆွဲမသွင်းပါနဲ့ ဒါမျိုး ဝါသနာ မပါပါဘူး' လို့ပြန်ပြောရပါတယ်။

ပြောလို့သာ ပြောရတာပါ။ ဒီတိုင်းသာ သူတို့နဲ့ အမြဲနေသွား ရင်ကျွမလဲ ဘာသားနဲ့ လုပ်ထားတာမို့လဲ။ တစ်နေ့နေ့ တစ်ကွေ့ကွေ့မှာသူတို့လို ဖြစ်လာမှာသေချာပါတယ်။ မှန်တာပြောရရင် သူတို့ နောက်တာ ပြောင်တာ ကြားရဖန်များလာတော့ ကျွန်မကိုယ်တိုင် တစ်ခါတစ်ခါ အတွဲကလေးတစ်ယောက်တော့ လိုချင်တယ်' ဆိုတာ မျိုးဖြစ်လာတာ အမှန်ပါပဲ။

သူတို့တစ်တွေနဲ့ အဲဒီလို နေရင်းထိုင်ရင်း သွားရင်း လာရင်းက သူတို့ရဲ့ အနေအထားလေးတွေကိုပါ သိလာခဲ့ရပါတယ်။ ဥပမာ ဆိုပါတော့ရှင်။ နီနာနဲ့ ကာလပ်စ်ဟာ တစ်ယောက်အပေါ် တစ်ယောက် တော်တော်လေး စွဲစွဲလန်းလန်း ဖြစ်နေကြတာ တွေ့ရပါ တယ်။ ကာလပ်စ်က နီနာအပေါ်မှာ ကြင်ကြင်နာနာရှိသလို နီနာကလဲ ကာလပ်စ်ကို မြတ်မြတ်နိုးနိုး ရှိပုံရပါတယ်။ ကာလပ်စ်က သူ့အတွက် မကြာမကြာ ဝယ်ဝယ်လာတဲ့လက်ဆောင်ပစ္စည်းလေးတွေကို မသိမသာတစ်မျိုး၊ သိသိ သာသာတစ်မျိုး ထုတ်ထုတ်ပြီး ပြရတာဟာ နီနာ့အတွက် အလုပ်ကြီးတစ်ခုလို ဖြစ်နေပါတယ်။

ကလာဗာကတော့ နီနာလိုမဟုတ်ဘူး။ နီနာနဲ့စရိုက်ချင်း၊ စိတ်သဘောထားခြင်း တော်တော်လေး ခြားနားပါတယ်။ ကလာဗာ ရဲ့ မျက်နှာကလေးဟာ သိမ်သိမ်မွေ့မွေ့နဲ့ နုနုဖတ်ဖတ်ရှိသလောက် အနေအထိုင်က အင်မတန် ပက်စက်ပြီး အပြောအဆိုကလည်း အင်မတန်ကြမ်းပါတယ်။



ကလာဗာရဲ့အတွဲ . . ဒုတိယအတွဲကို ပြောတာနော်။ အဲဒီအတွဲ 'ဟန်း'ကတော့ ခပ်ချောချော ခပ်ဖြောင့်ဖြောင့်နဲ့ သဘောလည်း ကောင်းပုံရပါတယ်။ ပြောရဦးမယ်။ အခု ဒုတိယအတွဲချက် အမျိုးသားဟန်းက ရုပ်ဖြောင့်သလောက် ပထမအတွဲဖြစ်တဲ့ ဩစထရီးယားအမျိုးသား ဟန်းကတော့ တကယ့်ကို 'ပုံမလာ'တဲ့ အထဲကပါပဲ။

ဒါနဲ့ပတ်သက်လို့ ဟိုတုန်းကနီနာနဲ့ ကျွန်မတို့က အဲဒီလောက်ပုံမလာတာကြီးကိုများ တွဲရသလားလို့ ကလာဗာကို မကျေနပ်သလို ဝိုင်းပြောကြတော့ သူဘာပြန်ပြောတယ်မှတ်သလဲ။ 'ဟဲ့ သူက ငါ့ကို ခဏခဏ လက်ဆောင်ပစ္စည်းတွေ ပေးတာကိုးဟဲ့။ မိန်းကလေးဆိုတာ လက်ဆောင်ပစ္စည်းပေးတဲ့ ယောကျ်ားလေးကို မကြိုက်ဘဲနေပါ့မလား'တဲ့ ဟုတ်လဲဟုတ်ပါတယ်။ ကလာဗာကို အဲဒီ ပထမအဆက်ဟန်းက ပေးတဲ့ လက်ဆောင်တွေဆိုတာက နီနာ့ကို ကာလပ်စ်ကပေးတာမျိုး အသေးအဖွဲပစ္စည်းလေးတွေ မဟုတ်ပါဖူး။ နာရီတို့၊ ရေဒီယိုတို့၊ ဂါဝန်တို့ဆိုတဲ့ တကယ့်အဖိုးတန် အကောင်းစားတွေချည်းပါပဲ။

တစ်ခါတစ်လေတော့လဲ ကျွန်မဖြင့်ကျွန်မကိုယ်ကျွန်မ ပြန်စဉ်းစားကြည့်တယ်။ ကျွန်မနဲ့ဒီကိစ္စမျိုးမှာ စရိုက်ချင်း လုံးဝ မတူတဲ့ ဒီအမျိုးသမီး နှစ်ယောက်နဲ့မှ ကြုံကြုံဖန်ဖန်လာပြီး ရေစက်ဆုံရတယ်လို့တွေးမိပါတယ်။

ဒီလိုနဲ့ တနင်္ဂနွေတစ်နေ့မှာ ခါတိုင်းလိုပဲ ကျွန်မတို့တစ်တွေရုပ်ရှင်သွားကြည့်ကြပါတယ်။ တကယ်တော့ ကျွန်မဟာသူတို့အပြင်ထွက်လည်တိုင်း အမြဲမလိုက်ပါဘူး။ သူတို့ သုံးလေးခါလောက်သွားမှ တစ်ခါလောက် လိုက်ဖြစ်တာပါ။ ဒါတောင်

သူတို့က အတင်းအဓမ္မ ခေါ်မှ လိုက်သွားတပါ။ အခု ဒီနေ့လဲ နီနာက 'နင်အခန်းထဲချည်း အောင်းနေလို့မဖြစ်ဘူး။ ဒီနေ့ရုပ်ရှင်ကြည့်ရအောင် တို့နဲ့ အပြင်လိုက်ခဲ့။ နင့်အတွက် ကာလပ်စ်က လက်မှတ်တစ်စောင် အပိုဝယ်ထားပြီးပြီ' ဆိုလို့ မလိုက် မဖြစ်လို့ ထလိုက်ခဲ့ တာပါ။ အဲဒီနေ့က ကလာဗာတော့ မပါပါဘူး။ နီနာတို့အတွဲနဲ့ ကျွန်မနဲ့သုံးယောက်ထဲပါ။

ဒါနဲ့ ရုပ်ရှင်ရုံရောက်တော့ ကလာပ်စ်ရဲ့မိတ်ဆွေ တစ်ယောက်နဲ့ ရုံထဲမှာတွေ့ကြပါတယ်။ သူကကျွန်မတို့ဘေးနားမှာ နေရာရပါတယ်။ သူ့နာမည်ကိုတော့ စလာဗက်လို့ ခေါ်တာ ကြားလိုက်မိပါတယ်။ သူ့ကြည့်ရတာ ကာလပ်စ်လို ချက်လူမျိုးနဲ့ပဲ တူပါတယ်။ ပြီးတော့ သူနဲ့ကာလပ်စ်နဲ့ စကားပြောနေကြတာ ကြားရသလောက် သူတို့နှစ်ယောက်ဟာ တစ်နေရာတည်းမှာ အလုပ်တူ လုပ်ကြပုံရပါတယ်။

ဒါနဲ့ကျွန်မလဲ အဲဒီစလာဗက်ဆိုတဲ့လူကိုအမှတ်တမဲ့လှမ်းပြီး အကဲခတ်လိုက်ပါတယ်။ မှန်တာ ပြောရရင် ကျွန်မအရပ်အမောင်းဟာ မိန်းကလေးတွေထဲမှာတော့ တော်တော်လေးရှည်တဲ့ အရပ်အမောင်းမျိုးပါပဲ။ ဒါပေမယ့် အခုစလာဗက်ကိုလှမ်းကြည့်လိုက်တော့ သူကလည်း တော်ရုံတန်ရုံ ယောကျ်ားတွေထက် ပိုပြီး အရပ်ရှည်နေတာ တွေ့ရလို့ ရုတ်တရက် အံ့တောင် အံ့ဩသွားမိပါတယ်။ နောက်ပြီးတော့ . . . နောက်ပြီးတော့။ ကျွန်မ တွေ့ရသလောက် စလာဗက်ဟာ တော်တော်လေးချောတဲ့လူတစ်ယောက်ပါပဲ၊ 'အပြတ်သားနားတယ်' ပေါ့ရှင်။ ဘယ်လောက်များ 'သားနား' သလဲ ဆိုတော့ ရုပ်ရှင်ဇာတ်လိုက်ကျနေတာပါပဲ။



တကယ်ပါ။ တကယ့် ရုပ်ရှင်ဇာတ်လိုက် ပုံမျိုးထဲကပါ။ သူနဲ့ တွေ့မှတော့ ပိတ်ကားပေါ်က ရုပ်ရှင်မင်းသားကို ကြည့်နေစရာ တောင်မလိုပါဘူး။ သူ့ကိုကြည့်လိုက်ရင် ပြီးနေတာပါပဲ။ တကယ့် အဖြစ်ကလဲ ဒီအတိုင်းပါပဲ။ ကျွန်မဖြင့် ရုပ်ရှင်ကိုတောင် ဖြောင့်အောင် မကြည့်နိုင်ပါဘူး။ သူ့ကိုပဲလှည့်ကြည့် လှည့်ကြည့်နဲ့ ဖြစ်နေမိပါတယ်။ မိန်းကလေးတန်မဲ့ ဒါလောက် 'ငမ်း'ရသလားလို့ ပြောရင်လည်း ခံရမှာပါပဲ။ ပြီးတော့ ကျွန်မတစ်ယောက်တည်း အဲဒီလို အဖြစ်သည်းနေတာ မဟုတ်ဘူးရှင့်။ ကျွန်မသတိထားကြည့် လိုက်တော့ ကျွန်မတို့နားတဝိုက်က မိန်းကလေး တော်တော်များများ ကိုက ရုပ်ရှင်ပိတ်ကားကို မကြည့်နိုင်ဘဲ အဲဒီစလာဗက်ကိုပဲ ကွက်ကြည့် ကွက်ကြည့်လုပ်နေကြတာ တွေ့နေရပါတယ်။

ဒါပေမယ့် ကျွန်မတို့တစ်တွေကသာ ဖြစ်နေရတာပါ။ 'မင်းသားချော'ကတော့ ကျွန်မတို့ကို 'ခေါက်ထားတဲ့ ပုံစံမျိုးပါပဲ။ ဘယ်သူ့မှ ဂရုမစိုက်ဘဲ ရုပ်ရှင်ပိတ်ကားကိုသာ သဲကြီးမဲကြီး ကြည့်နေတာတွေ့ရပါတယ်။ ကျွန်မကိုဆိုရင် 'ဖုတ်လေတဲ့ငါးပိ ရှိတယ်လို့တောင် အောက်မေ့ပုံ' မရပါဘူး။

ဒါနဲ့ ရုပ်ရှင်ပြီးသွားတော့ ကျွန်မတို့ရုံထဲကထွက်ပြီး လမ်းလျှောက်လာခဲ့ကြပါတယ်။ စလာဗက်လည်း ကျွန်မတို့နဲ့အတူ ပါလာတာပေါ့ရှင်။

အဲဒီလို လမ်းလျှောက်လာကြရာမှာလည်း စလာဗက်ဟာ ကျွန်မကို လုံးဝဂရုမစိုက်ပါဘူး။ ကျွန်မမျက်နှာကို တစ်ချက်ကလေးတောင် လှည့်ကြည့်တာ မတွေ့ရပါဘူး။ 'အပြတ်ခေါက်'ထားတဲ့ သဘောမျိုးပါပဲ။ အဲဒါကိုက ကျွန်မစိတ်ထဲ ခိုးလို့ခုလုနဲ့ မခံချင်အောင်

ဖြစ်နေမိပါတယ်။ ဘယ့်နှယ့်ရှင် ဒါလောက်တောင် ဖြစ်နေရအောင် ကျွန်မအနေနဲ့က 'ပုံမလာ'တဲ့ အစားမျိုးလည်း မဟုတ်သေးပါဘူး။ ပြီးတော့ ကျွန်မကိုယ်နှိုက်က ပျံတန်တန် နုံတန့်တန့်နဲ့ 'ဆပ်စလူး' အမျိုးအစားထဲက ဆိုရင်တော့ ထားလိုက်ပါဦး။ ခုတော့ သူ့အိုက်တင်က 'မိန်းကလေးက စ,ရမှာလားရှင်. . 'လို့တောင် မေးရမလိုဖြစ်နေပြီ။ တကယ်ပါပဲ။

ဒီထက်ပိုပြီး ဒေါပွစရာ ကောင်းတာရှိသေးတယ်။ အဲဒီလိုလေးယောက်သား လမ်းလျှောက်လာရင်းက ကျွန်မကိုသာ ဂရုမစိုက်တာ။ လမ်းမှာ ခပ်ချောချော ခပ်တောင့်တောင့် ကောင်မလေးတွေများ မတွေ့လိုက်နဲ့ တွေ့လိုက်မြင်လိုက်တာနဲ့ တစ်မြိုင်နက် 'ဟာ . . တယ်နိုပ်တဲ့ဟာလေးပါလား' 'ဒါလေးကတော့ တကယ့်အပျံစားလေးပဲ' ဘာညာနဲ့ ပါးစပ်ကို အငြိမ်မနေနိုင်ဘူး။ သိပ်မုန်းစရာ ကောင်းတာပဲ။

ဒါနဲ့ အဲဒီနေ့က အချိန်ကုန်တော့ ကျွန်မတို့တစ်တွေ လူချင်းခွဲပြီး ကိုယ့်အဆောင်ကိုယ် ပြန်လာခဲ့ကြပါတယ်။ အဲဒီလို လူချင်းခွဲခွာနီးမှာတောင် စလာဇက်ဆိုတဲ့ ကိုယ်တော်ချောဟာ ကျွန်မကိုနှုတ်ဆက်သွားဖော်မရပါဘူး။ တကယ်ဆို စိတ်ထဲက မပါသည့်တိုင်အောင် ယဉ်ကျေးမှုအနေနဲ့ပဲဖြစ်ဖြစ်၊ လောကဝတ်အနေနဲ့ပဲ ဖြစ်ဖြစ်၊ လူချင်းခွဲခွာခါနီး တစ်ယောက်နဲ့တစ်ယောက် နှုတ်ဆက်ဖို့ ကောင်းပါတယ်။ 'နောက်မှတွေ့ကြသေးတာပေါ့' ဆိုတဲ့ စကားမျိုးမပြောချင်နေပါ။ 'ဟုတ်ကဲ့ ပြန်လိုက်ပါဦးမယ်။ ပြန်ခွင့်ပြုပါဦး'ဆိုတာလေးလောက်တော့ ပြောသွားဖို့ ကောင်းတာပေါ့။ ခုတော့ ဘာဆိုဘာစကားလေးတစ်လုံးမှ ပြောသွားဖော်မရဘူး။ တကယ့်ကို တုံးတဲ့တုံးပါပဲ။



ဒါပေမယ့် ကျွန်မအနေနဲ့ကတော့ သူ့အပေါ်မှာ သဘောလဲကျ ဒေါလဲပွဆိုတာမျိုးဖြစ်မိတာ အမှန်ပါပဲ။ သဘောကျတာက 'သားနား'လို့၊ ဒေါပွတာကတော့ ကျွန်မကို'ခေါက်'ထားလို့။

အဲဒီလိုစိတ်ထဲက အရှုံးမရှုဖြစ်မိတာနဲ့ ထုံးစံအတိုင်း နီနာ့ကို သူ့အကြောင်း ပြောမိမေးမိပါတယ်။ ရုပ်ကတော့ တော်တော်လေး ချောပါတယ်။ ဒါပေမယ့် လူက ကြည့်ရတာခပ်ကြောင်ကြောင်နဲ့ ဘယ်လိုအစားထဲကမှန်း မသိဘူးပေါ့။

"အမယ်လေး ဘယ်လိုအစားထဲကမှန်း မသိဘူးဘာဘူး လုပ်မနေနဲ့ ဟိုတစ်ခါနင့်ကိုငါ အတွဲရှာပေးမယ်လို့ ပြောဖူးတယ် မဟုတ်လား။ အဲဒါသူပဲပေါ့။ နင့်အတွက် ငါရှာလာတဲ့အတွဲပဲ။ သိရဲ့လား။ အဲဒါ နင့်အတွဲ. . နင့်အတွဲ"

ထုံးစံအတိုင်း အော်ကျယ်ဟစ်ကျယ်ပြောလိုက်တဲ့ နီနာ့စကားကြောင့် ကျွန်မဖြင့် ရှတ်တရက်အံ့အားသင့်ပြီး ပါးစပ်အဟောင်းသား ဖြစ်သွားမိပါတယ်။ ဖြူးခနဲကြီးမို့ ရှက်သလိုလိုနဲ့ မျက်နှာမထားတတ်အောင် ဖြစ်သွားခဲ့ပေမယ့် ကျွန်မစိတ်ထဲကတော့ 'အင်း . . လက်စသတ်တော့ ဒီလိုကိုး၊ ဒါကြောင့် မင်းသားချောက အိုက်တင်ကောင်းကောင်းနဲ့ သရုပ်ဆောင်နေတာ ကိုး' လို့ အောက်မေ့မိလိုက်ပါတယ်။

ဒီလိုနဲ့ နောက်နှစ်ရက်လောက်နေတော့ တစ်ညနေခင်းမှာ နီနာဟာ ကာလပ်စ်နဲ့ ချိန်းထားလို့ အပြင်ထွက်ဖို့ အဝတ်အစားလဲ နေပါတယ်။ သူအဝတ်အစား လဲနေတုန်းမှာပဲ အပြင်ဘက်က လေချွန်သံကြားလိုက်ရလို့ ကာလပ်စ် ရောက်လာပြီဆိုတာ သိရပါ တယ်။

အပြင်က လေချွန်သံကြားတာနဲ့ နီနာလည်း ပြတင်းပေါက်က နေပြီး အပြင်ကို လှမ်းကြည့်လိုက်ပါတယ်။

"ကဲ . . ကက်တာရီးနား နင်လည်း အဝတ်အစားလဲ၊ အပြင်မှာ ကာလပ်စ်နဲ့အတူ စလာဗက်လည်းပါလာတယ်"

ဒီလို ဒီလိုနဲ့ ကျွန်မဟာစလာဗက်နဲ့ တကယ်တွဲမိကြတာပါပဲ။ ဒါပေမယ့် ကျွန်မတို့နှစ်ယောက်စလုံးဟာ နီနာ့ကျေးဇူးကြောင့် ဒီလိုဘဝမျိုးရောက်ရတာပါ။ ဒါတောင် တစ်ယောက်နဲ့ တစ်ယောက် တိတိလင်းလင်း ချစ်ပါတယ်၊ ကြိုက်ပါတယ်လို့ ပြောကြရသေးတာမဟုတ်ပါဘူး။ အတူသွား၊ အတူလာရင်းနဲ့ တစ်စတစ်စရင်းနှီးလာကြရာက နီနာရဲ့လှုံ့ဆော်အားပေးမှုကြောင့် တစ်ယောက်နဲ့ တစ်ယောက် 'နားလည်မှု'ရခဲ့ကြတဲ့ သဘောပါပဲ။ ပိုပြီး ရှင်းအောင်ပြောရရင် 'သူငယ်ချင်းမက သမီးရည်းစား မကျ'ဆိုတဲ့ အခြေအနေမျိုးပေါ့ရှင်။

ဒါပေမယ့် စလာဗက်ဆိုတဲ့လူဟာ ကျွန်မစောစောက သူ့အပေါ်မှာဒေါပွပွနဲ့ ပြောမိပြောရာ စွတ်ပြောလိုက်တဲ့အတိုင်း ကြောင်တော့ ခပ်ကြောင်ကြောင်ပဲရှင့်။ ဘာဖြစ်လို့လဲဆိုတော့ ကာလပ်စ်တို့ ဟန်းတို့နဲ့အခြားမိန်းကလေးတွေရဲ့ အတွဲတွေဟာ အားလုံးလိုလို ညနေဘက် ရုံးဆင်းပြီးတဲ့ အချိန်လောက်ကျမှ ကျွန်မ တို့အမျိုးသမီးအဆောင်ကို လာလေ့ရှိပါတယ်။ ဒါပေမယ့် စလာဗက်ကတော့ ဒီလိုမဟုတ်ပါဘူး။ တစ်ခါတစ်ခါ သူစိတ်ကူးရရင်ရသလို ကျွန်မအလုပ်ဆင်းနေတဲ့ ရုံးချိန်အတွင်းမှာပဲ ကျွန်မနဲ့တွေ့ဖို့ အဆောင်ကို ပေါက်ချလာပြီး အပြင်ကနေ လေချွန်ခေါ်လိုခေါ်၊ ကျွန်မနာမည်ကို အော်ခေါ်လိုခေါ် လုပ်တတ်ပါတယ်။



ပြီးတော့ရှိသေးတယ်။ သူနဲ့နှစ်ယောက်တည်း မြို့ထဲလျှောက်လည်ကြရင်းနဲ့ ကျွန်မကိုတစ်ခါတစ်ခါ သူနဲ့အတူ လက်ချင်းတွဲလျှောက်ဖို့ ပြောလာတတ်ပါတယ်။ ကျွန်မကလည်း နီနာတို့ ကလာ ဗာတို့လို ဒီဘက်မှာ လုံးလုံးအတွေ့အကြုံမရှိသေးတဲ့ အပျိုအရွယ်ကလေးဆိုတော့ ရှက်တာပေါ့ရှင်။ အဲဒီ အခါမျိုးကျရင် သူက မကျေမနပ်နဲ့'ပေါက်'လာတော့တာပါပဲ။

"ကဲ . . မင်းငါနဲ့လက်ချင်း တွဲပြီးမလျှောက်ဘူးဆိုရင် အခုချက်ချင်း ငါဒီမြို့လည်ခေါင်မှာ ခြေထောက်နဲ့ လမ်းမလျှောက်ဘဲ လက်နှစ်ဖက်နဲ့ လမ်းလျှောက်ပြမယ်"

အဲဒီလို ပြောရင်းဆိုရင်းနဲ့ တစ်ခါတုန်းကဆိုရင် ကျွန်မကသူနဲ့ လက်တွဲမလျှောက်ဘဲ ငွတ်ပေနေလိုက်တော့ အမယ်လေး မပြောပါနဲ့တော့ရှင်။ တစ်ခါတည်း လမ်းလယ်ခေါင် လူတွေရှေ့မှာ ဖြုတ်ခနဲ ကင်းမြီးထောင်လိုက်ပြီး လက်နှစ်ဖက်နဲ့ လျှောက်သွားလိုက်တာ ကျွန်မဖြင့် ရှက်လွန်းလို့ မျက်နှာ ဘယ်လိုလုပ်ထားရမှန်းတောင်မသိတော့ပါဘူး။ ဒါနဲ့ ကမန်းကတန်း သူ့ကုတ်အင်္ကျီစကို လှမ်းဆွဲပြီး 'မလုပ်ပါနဲ့ရှင်၊ ဒီလိုတော့ မလုပ်ပါနဲ့ ကျွန်မ လက်တွဲပြီးလျှောက်ပါ့မယ်'လို့ ပြာယီပြာယာ တောင်းပန်ရပါတယ်။ အဲဒီကျမှ မောင်မင်းကြီးသားက ကင်းမြီးကောက်ထောင်ပြီး နှစ်လှမ်းသုံးလှမ်း လျှောက်နေရာက ခြေထောက်နှစ်ချောင်းကို အောက်ပြန် ချလိုက်ပါတယ်။ ဒါနဲ့ကျွန်မလည်း သူကြောင်သလို လိုက်မကြောင်ရဲတာနဲ့ သူ့လက်မောင်းကို ကိုင်ပြီး သူနဲ့တွဲလျှောက်ခဲ့ရပါတယ်။ ဟုတ်တယ်လေ။ လမ်းလယ်ခေါင်ကြီးမှာ သူကင်းမြီးကောက်ထောင်သွား

လို့ ရှက်ရတာနဲ့စာရင် သမီးရည်းစားလို လက်တွဲပြီးလျှောက်ရတာကတော်သေးတာပေါ့။

တကယ်တော့ ကျွန်မအနေနဲ့ပြောရရင် အခုလိုသမီးရည်းစား မကျတကျ၊ ချစ်စခင်စ အချိန်မျိုးမှာ နှစ်ယောက်သား လက်တွဲလျှောက်ရတာဟာ တစ်ယောက်နဲ့တစ်ယောက် မွှေးမွှေး ပေးရတာထက်ပိုပြီး စိတ်လှုပ်ရှားစရာကောင်းတယ်လို့ ထင်မိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်နဲ့ကိုယ့်အတွဲနဲ့ လက်မောင်းချင်းချိတ်ပြီး တစ်ယောက်နဲ့တစ်ယောက် ပခုံးချင်းမထိတထိ ကိုယ်လုံးချင်း မထိတထိနဲ့ ပွတ်တိုက်ပြီး သွားနေရတာဟာ မရိုးမရွ နဲ့အင်မတန် စိတ်လှုပ်ရှားစရာ ကောင်းပါတယ်။ 'ဖီလင်'လာတယ် ပေါ့ရှင်။

စတာဗက်နဲ့ အဲဒီလို လက်တွဲလျှောက်ရင်း'ဖီလင်'တွေဝင်လာတော့ ပေါက်ပေါက်ရှာရှာ ကျောင်းနေတုန်းက မီလာဆိုတဲ့ ကျောင်းနေဖက် သူငယ်ချင်းတစ်ယောက် မေးတဲ့ မေးခွန်းတစ်ခုကို သွားသတိရလိုက်မိပါတယ်။

'ယောကျ်ားလေး တစ်ယောက်ယောက်နဲ့များ လက်တွဲပြီး လမ်းလျှောက်ရရင် ဘယ်လိုများနေမလဲ မသိဘူးနော်' တဲ့။ အဲဒီတုန်း က'ဘယ်လိုနေတယ်'ဆိုတာ မဖြေတတ်ပေမယ့် ခုတော့ကျွန်မ ဖြေတတ်ပါပြီ။ ကျွန်မကိုယ်တွေ့သိရပါပြီ။ ခုနေများ ကျွန်မနားမှာ မီလာရှိနေရင် ဒါမျိုးဟာဘယ်လိုနေတယ်ဆိုတာ ပြောပြလိုက်ချင် ပါသေးတယ်။

ကျောင်းနေဖက်သူငယ်ချင်း မီလာကို သတိရမိရာက ကျွန်မ သူငယ်ချင်းတွေ အားလုံးကိုပါ ပြေးသတိရမိပါတယ်။ သူတို့တစ်တွေ ခုနေ ဘယ်ရောက်လို့ဘာတွေများ ဖြစ်နေကြပါလိမ့်။



ရှိမှ ရှိကြသေးရဲ့လား။ အမေတို့အဖေတို့ကော ကျန်းကျန်းမာမာမှ ရှိကြရဲ့လား၊ သေများသေကိုကြပလား။

စလာဗက်နဲ့ 'မကြည်တစ်လှည့် ကြည်တစ်လှည့်' ဖြစ်နေရာက ဟရီဘင်ကိုမြို့ကလူတွေရဲ့ ကံကြမ္မာကို ရုတ်တရက်တွေးပြီး ရင်လေးလာမိပါတယ်။

အဲဒီလိုရင်လေးခဲ့ပြီး တိုက်ဆိုင်ချင်လို့လားတော့ မပြောတတ်ပါဘူး။ နောက် နှစ်ရက်လောက်နေတော့ ကျွန်မတို့ဒေသလာတိုးခရိုင်က အလုပ်လုပ်ဖို့ လူသစ်တွေ ရောက်လာပါတယ်။ အဲဒီထဲမှာ ကျွန်မနေခဲ့တဲ့ ဟရီဘင်ကိုမြို့နဲ့ မလှမ်းမကမ်းက လူတော်တော်များများလဲပါလာပါတယ်။

သူတို့ကိုအလုပ်အကိုင် နေရာချထားဖို့အတွက် ထုံးစံအတိုင်း အလုပ်သမား မှတ်ပုံတင်စာရင်းသွင်းတဲ့နေရာမှာ ကျွန်မလည်း ရုံးအဖွဲ့ဝင်တစ်ယောက်အနေနဲ့ တာဝန်ယူရပါတယ်။

အဲဒီနေ့ကလဲ အဲဒီလူသစ်တွေကို မှတ်ပုံတင်လုပ်ရင်း ခါတိုင်းမေးနေကျ မေးခွန်းသဘောမျိုးနဲ့ ကျွန်မမေးကြည့်မိပါတယ်။

"ရှင်နေတဲ့နေရာက ဟရီဘင်ကိုမြို့နဲ့ဝေးသလား"

"သိပ်မဝေးပါဘူး လေးငါးမိုင်လောက်ပါပဲ"

"အဲဒီဘက်က အခြေအနေကောကောင်းရဲ့လား"

"အခြေအနေကတော့ မကောင်းပါဘူး။ တော်တော်ကလေးဆိုးပါတယ်"

ကျွန်မလည်း ဖြူးခနဲ ကျွန်မမေးခွန်းတွေကို ဖြေနေတဲ့ လူရဲ့မျက်နှာမော့ကြည့်လိုက်မိပါတယ်။ ဒါပေမယ့် အရေးမကြီးသလို အမူအရာမျိုးနဲ့ အသံကို တတ်နိုင်သမျှပုံမှန်ဖြစ်အောင် ကြိုးစားပြီး ဆက်မေးလိုက်ပါတယ်။

"ဒါ့ထက် ကျွန်မတို့ကြားရသလောက်တော့ အဲဒီနယ်ဘက်က ဂျူးတွေအားလုံး မျိုးပြုတ်ကုန်ပြီလို့ ပြောနေကြတယ်။ အဲဒါ ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်ခင်ဗျာ ဟုတ်ပါတယ်။ အဲဒီနယ်တစ်ဝိုက်မှာဂျူးဆိုလို့ တစ်ယောက်မှ မကျန်တော့သလောက်ပါဘဲ။ အကုန်လုံး မီးလောင်တိုက်သွင်းပြီး အသတ်ခံကြရပါတယ်။ သူတို့နေတဲ့ အိမ် အဆောက်အဦတွေလည်း အားလုံးမီးလောင်ပြာကျကုန်ပါပြီ"



## ယုံနိုင်စရာမရှိတဲ့အဖြစ်

ဟရီဘင်ကိုဘက်က အမင်္ဂလာသတင်းကို ကြားလိုက်ရပြီးတဲ့နောက် ကျွန်မမှာ နှစ်ရက်သုံးရက်လောက် ချောက်ချားပြီး စိတ်လှုပ်ရှားနေခဲ့မိပါတယ်။ 'ဒီအတိုင်းဆိုရင်တော့ အမေတို့အဖေတို့ရော မောင်လေးယာကော့ရော တစ်ဆွေလုံးတစ်မျိုးလုံး တစ်မြို့လုံးမှာရှိတဲ့ ဂျူးတွေတော့ တစ်ယောက်မကျန် သေကုန်ကြပြီ ထင်တယ်။ ဒါပေမယ့် ငါ့ကိုပြောပြတဲ့လူက သူကိုယ်တိုင်ကိုယ်တွေ့ မျက်မြင်မဟုတ်ဘဲ ပြောတာမို့ဟုတ်မှဟုတ်ရဲ့လား။ တစ်စိတ်ကို တစ်အိတ် လုပ်ပြီး ပုံကြီးချဲ့ပြောတာများလား။ ဘုရားမ,လို့ မဟုတ် ပါစေနဲ့၊ ဒီသတင်းမမှန်ပါစေနဲ့'

အဲဒီလို စိတ်ထဲကတောင်တွေးမြောက်တွေးနဲ့ ရင်လေးပြီး တအုံ့နွေးနွေးဖြစ်နေတုန်းမှာပဲ ကျွန်မအတွက်ကြေကွဲလန့်စရာ အဖြစ်အပျက်တစ်ခုနဲ့ 'ဒက်ထိ'ဝင်တိုးပါတော့တယ်။

တစ်နေ့တော့နေ့ခင်းဘက် ရုံးမှာအလုပ်လုပ်နေတုန်း ကျွန်မတို့ရဲ့အထက်အရာရှိ ဂျာမန်စစ်ဗိုလ် ဆိုက်ဖတ်က ကျွန်မကို သူ့စားပွဲခဏလာဘို့ခေါ်တာနဲ့ ထလာခဲ့ပါတယ်။

"ကက်တာရီးနား . . ဂက်စတာပိုက အခုပဲစာတစ်စောင်ရောက်လာတယ်။ သူတို့က မင်းကိုတွေ့ချင်လို့ . . တဲ့"

'ဂက်စတာပို'ဆိုတဲ့ စကားလည်းကြားလိုက်ရော ကျွန်မနားထဲမှာ မမျှော်လင့်ဘဲ အနားနားကပ်ပြီး အမြောက်ပစ်သံကိုကြားလိုက်ရသလို 'ဒိန်း'ခနဲဖြစ်သွားမိပါတယ်။ မဖြစ်ဘဲ နေပါ့မလားရှင်။ ဘာအပြစ်မှ မရှိတဲ့ လူတွေတောင် အဲဒီဂက်စတာပိုဆိုတဲ့ ဂျာမန်စစ်စုံထောက်တွေကို ဒိန့်ဒိန့်တုန်အောင် ကြောက်နေရတဲ့ အခုလို အချိန်အခါမျိုးကြီးမှာ ဧရာမအပြစ်ကြီးနဲ့ အဖြစ်မှန်ကို ဖုံးကွယ်ပြီး သူတို့ကို လက်တစ်လုံးခြားလုပ်နေတဲ့ ကျွန်မလို မိန်းမသား တစ်ယောက်အတွက် 'ဂက်စတာပို'ကခေါ်တယ်ဆိုတာဟာ သေမင်း က ခေါ်တာမျိုးလို ဖြစ်နေတယ် မဟုတ်လား။

ကျွန်မအထက်အရာရှိ ဆိုက်ဖာရဲ့ပြောပြချက်အရ ကျွန်မ ဂက်စတာပိုရုံးချုပ်ကို သုံးနာရီအရောက် သွားရမယ်လို့ဆိုပါတယ်။ ကျွန်မကိုသူခေါ်ပြောတော့ နေ့ခင်း တစ်နာရီလောက်ပဲရှိပါ သေး တယ်။ နောက်ထပ်နှစ်နာရီလောက် အချိန်လိုပါသေး တယ်။

ဒါပေမယ့် ကျွန်မစားပွဲ ပြန်ရောက်တဲ့ အချိန်ကစပြီး အဲဒီနှစ်နာရီလုံးလုံး စိတ်ထဲက ဂဏှာမငြိမ် ဖြစ်နေမိပါတယ်။ တကယ်ပါပဲ။ ဂက်စတာပိုနဲ့ ရင်ဆိုင်ရဖို့ဆိုတာ တကယ့်သေမင်းနဲ့ ရင်ဆိုင်ရ မလောက်တုန်လှုပ် ချောက်ချားနေမိပါတယ်။



အခုလို ကျွန်မကို ဂက်စတာပိုက အရေးတကြီး စာရေးပြီး တွေ့ချင်တယ်ဆိုတာဟာ ဘယ်နည်းနဲ့မှ သွေးရိုးသားရိုး မဖြစ်နိုင်ပါဘူး။ နက်ဖြန်မှ ဒါမှမဟုတ် သဘက်ခါမှ သွားတွေ့ရမယ်ဆိုရင်တော့ တစ်မျိုးပေါ့ရှင်။ အခုတော့ ဖြုံးကနဲ စာရောက်လာပြီး နာရီပိုင်းအတွင်း သွားတွေ့ရမယ်ဆိုတော့ ဧကန္တ မဟုတ်မှလွဲရော ကျွန်မနဲ့ ပတ်သက်လို့တစ်စွန်းတစ်စ ရိပ်မိသွားလို့ပဲလား။ ဒါမှမဟုတ် ကျွန်မအကြောင်းကို ကကြီးကနေ အ,အထိအကုန် သိသွားကြလို့ပဲလား။ ဒီလိုဆိုရင် ကျွန်မရဲ့လျှို့ဝှက်ချက်တွေကို ဘယ်သူကများသွားပြီး သတင်းပေးလိုက်သလဲ။ ဘယ်သူကသွားပြီး ဖော်ကောင်လုပ်လို့လဲ။

ကျွန်မလဲဘယ်လိုမှ မစဉ်းစားတတ်အောင် ဖြစ်နေမိပါတယ်။ ဒါနဲ့ ကျွန်မကိုခေါ်တာဟာ ကျွန်မနောက်ကြောင်းရာဇဝင်ကို သိလို့ ခေါ်တာဟုတ်ချင်မှ ဟုတ်မှာပါလေ. . ဆိုပြီး ကိုယ့်စိတ်ကိုယ် မနည်းဖြေယူရပါတယ်။ ဒါတောင် ရင်တထိတ်ထိတ် စိတ်တထင့် ထင့်နဲ့ပါပဲ။

အချိန်ကျလို့ နှစ်နာရီခွဲသာသာလောက်ကျတော့ မြို့ထဲက ဂက်စတာပိုရုံးရှိရာကို ဓာတ်ရထားစီးပြီး ထွက်လာခဲ့ပါတယ်။

ဂက်စတာရုံးချုပ်ဟာ လင့်ဇ်မြို့ရဲ့ မြို့လယ်ခေါင်မှာ ရှိနေပါတယ်။ ဒီရုံးရှေ့က မကြာခဏဖြတ်ပြီး သွားဖူးပါတယ်။ ဒါပေမယ့် အထဲကိုတော့ ဒီတစ်ခါပထမဆုံးရောက်ဘူးတာပါပဲ။

အဆောက်အဦးထဲကို ဝင်သွားသွားခြင်း အဝမှာ စုံစမ်းရေးဌာနကိုတွေ့ရပါတယ်။ အဲဒီဌာနက အမျိုးသမီးကို ကျွန်မအရာရှိ ညွှန်ကြားလိုက်တဲ့အတိုင်း ကျွန်မတွေ့ရမယ့်သူရဲ့ နာမည်ကို ပြောပြပြီး ကျွန်မနာမည်နဲ့အလုပ်အကိုင်ကို ပြောပြလိုက်ပါတယ်။

ကျွန်မ တွေ့ရမယ့် ဂက်စတာပိုရဲ့နာမည်က ကာရိုးလ် . . တဲ့။ စုံစမ်းရေးဌာနက အမျိုးသမီးကလည်း ကျွန်မပြောပြတာတွေ စာအုပ်တစ်အုပ်ထဲမှာ ရေးမှတ်ပြီး တယ်လီဖုန်း ကောက်ဆက်လိုက်ပါတယ်။ ပြီးမှ ကျွန်မကို ဒုတိယထပ်'နိုင်ငံခြားအလုပ်သမားဌာနခွဲ' အခန်းနံပါတ် ၇-ကိုသွားပါလို့ ပြောပါတယ်။

ဒုတိယထပ်ကို ရောက်တော့ အခန်းနံပါတ်၇-ကို ရှာရင်းနဲ့ တစ်ခန်းပြီး တစ်ခန်း ဖြတ်လျှောက်လာခဲ့ပါတယ်။

အခန်းနံပါတ်၇-ကိုရောက်တော့ တံခါးကို အသာတွန်းကြည့်လိုက်ပါတယ်။ သော့ခတ်မထားတဲ့အတွက် အလွယ်တကူနဲ့ တံခါးပွင့်သွားပြီး ကျွန်မလည်း အခန်းထဲကို အသာဝင်ခဲ့ပါတယ်။ အခန်းထဲမှာ လူနှစ်ယောက်ပဲ ရှိနေပါတယ်။ တစ်ယောက်က စားပွဲနောက်မှာထိုင်နေပြီး တစ်ယောက်ကတော့စားပွဲဘေးက ကုလားထိုင်မှာ ထိုင်နေပါတယ်။ နှစ်ယောက်စလုံး အရပ်ဝတ်အရပ်စားနဲ့ ချည်းပါပဲ။

ကျွန်မ ဝင်လာတာမြင်တော့ နှစ်ယောက်စလုံးက မသိမသာပြုံးပြီး နှုတ်ဆက်ကြပါတယ်။ စားပွဲရှေ့က လွတ်နေတဲ့ ကုလားထိုင်တစ်လုံးကို မေးငေါ့ပြပြီး ထိုင်ခိုင်းပါတယ်။ နှစ်ယောက်စလုံးကိုကြည့်ရတာ ဖော်ဖော်ရွေရွေပါပဲ။

ကျွန်မလဲ သူတို့ရှေ့မှာ ဣန္ဒြေရရဝင်ထိုင်လိုက်ပါတယ်။ ပထမဆုံး စားပွဲနောက်က လူက ကျွန်မကို မေးခွန်း စပြီး မေးတာပါပဲ။ ကျွန်မကို ခေါ်တဲ့ ကာရိုးလ်ဆိုတာသူပဲလို့ ကျွန်မ သိလိုက်ပါ တယ်။

ကာရိုးလ်က ကျွန်မကို မေးတဲ့မေးခွန်းတွေဟာ ပထမတော့ မေးရိုးမေးစဉ်တွေပါပဲ။ နာမည်ဘယ်လိုခေါ်သလဲ၊ ဇာတိ



ဘယ်ကလဲ၊ ဘာလူမျိုးလဲ။ အခုဒီရောက်တာ ဘယ်လောက်ကြာပြီလဲ။ ဘယ်မှာ အလုပ်လုပ်သလဲ။ ဘယ်အဆောင်မှာ နေသလဲ . . ဆိုတဲ့ မေးခွန်းတွေပါပဲ။

ဒါပေမယ့် အဲဒီ 'ဘယ်အဆောင်မှာနေသလဲ'ဆိုတဲ့ မေးခွန်းရဲ့နောက်ပိုင်းမှာတော့ မေးခွန်းတွေက ထူးခြားလာသလို သူတို့မျက်နှာတွေကလည်း လေးနက်တဲ့ အသွင်မျိုး ဆောင်လာကြပါ တယ်။ 'သီးသန့်အဆောင်မှာ နီနာနဲ့ကလာဗာဆိုတဲ့ အမျိုးသမီးနှစ်ယောက်နဲ့အတူနေပါတယ်'ဆိုတဲ့ အဖြေကို ဖြေလိုက်ပြီးတဲ့နောက် သူ့မေးခွန်းတွေဟာ တစ်ခုခုကို ဦးတည်နေကြောင်း တစ်စတစ်စ ထင်ရှားလာပါတယ်။

"အဲဒီ နီနာနဲ့ ကလာဗာဆိုတဲ့ အမျိုးသမီးနှစ်ယောက်ထဲကမင်း နီနာနဲ့ ပိုရင်းနှီးတယ်မဟုတ်လား"

"ရင်းနှီးတာကတော့ နှစ်ယောက်စလုံးနဲ့ပါပဲ။ ဒါပေမယ့် နီနာနဲ့ ပိုရင်းနှီးတယ်လို့ ပြောမယ်ဆိုရင်လည်းပြောနိုင်ပါတယ်"

အဲဒီလို မယုတ်မလွန် ဖြေလိုက်ရင်းနဲ့ ကျွန်မ ခေါင်းထဲမှာ ရုတ်တရက် အတွေးတစ်ခု ဝင်လာပါတယ်။ 'ဧကန္တ ငါ့ကိုတော့ နီနာ ကျောက်ချပြီ'ဆိုပြီး ရင်ထဲမှာဒိတ်ခနဲ ဖြစ်သွားမိပါတယ်။

ဒါပေမယ့် ကာရိုးလ်ရဲ့ နောက်ဆက်တွဲ မေးခွန်းတွေ ကြားလိုက်ရတော့ ကျွန်မအထင်နဲ့ အမြင်ဟာပါစင်အောင် လွဲနေတာတွေ့လာရပါတယ်။ 'နီနာရဲ့ နောက်ကြောင်းရာဇဝင်ကို အသေးစိတ် သိသလား။ သူ့ဇာတိက ဘယ်ကလဲ။ သူဘယ်ကလာတာလဲ။ ဒီကိုမလာခင်က သူဘယ်မှာဘာတွေလုပ်ခဲ့သလဲ'

မေးရင်း မေးရင်းနဲ့ 'တည့်တည့်ပြောမှရိပ်မိ' ဆိုတာလို နောက်ဆုံးတော့ ကျွန်မရိပ်မိလိုက်ပါပြီ။ လက်စသပ်တော့ သူတို့

ကျွန်မကို ခေါ်တာက ကျွန်မနဲ့ပတ်သက်လို့ မဟုတ်ဘဲ နီနာနဲ့ ပတ်သက်နေတာကိုး . . ။

အဲဒီတော့မှ ကျွန်မလဲရေနစ်နေရာက ဖြူးကနဲရေပေါ်ပေါ်လာတဲ့ လူလို အသက်ရှူပေါက်ရသွားပြီး စိတ်ထဲက တော်တော်လေး ပေါ့သွားမိပါတယ်။ 'ငါနဲ့မပတ်သက်ဘူးဆို'တဲ့ အတွေးနဲ့ ရင်အေးသွားပြီး ကိုယ့်ကိုယ်ကိုစိတ်ချလက်ချ ရှိသွားပါတယ်။ တဆက်ထဲ နီနာနဲ့ပတ်သက်လို့ ပြဿနာတစ်ခုခု ပေါ်လာရင် ငါတတ်နိုင်သလောက် ကာကွယ်ပေးမယ်လို့တောင် စိတ်ထဲက ရည်ရွယ်ချက် ထားလိုက်မိပါတယ်။

ဒါနဲ့ ကာရိုးလ်မေးတဲ့ မေးခွန်းတွေနဲ့ပတ်သက်လို့ နီနာအကြောင်းကို ကျွန်မသိသလောက် မယုတ်မလွန် ဖြေလိုက်ပါတယ်။ သူဟာ ယူကရိန်းပြည်နယ် အရှေ့ပိုင်း ခါးရ်ကော့မြို့ကလာတဲ့အကြောင်း။ ဒီမလာခင်က ခါးရ်ကော့တက္ကသိုလ်မှာ ဘာသာဗေဒ ပညာသင်ကြားခဲ့တဲ့အကြောင်း။ ကျွန်မ ဒါလောက်ပဲ သိပါတယ် လို့ဖြေလိုက်ပါတယ်။

"နီနာဟာ ဂျူးအမျိုးသမီးတစ်ယောက်ဆိုတာ မင်းသိသလား"

ရုတ်တရက် အံ့အားသင့်သွားပြီး သူ့မျက်နှာကိုကျွန်မစိုက်ကြည့်လိုက်မိပါတယ်။

နီနာ . . ဂျူးအမျိုးသမီး . . ဟုတ်လား . . ။

ကျွန်မဖြင့် ဘယ်လိုက ဘယ်လို ပြန်ပြောရမှန်း မသိအောင်ဖြစ်သွားမိပါတယ်။ သူ့မေးခွန်းကြောင့် ကျွန်မမှာ ပါးစပ် အဟောင်းသားဖြစ်သွားတဲ့ အထိပါပဲ။ ဘယ့်နဲ့ရှင်။ တကယ့်ဂျူးအစစ်ဖြစ်နေတဲ့ ကျွန်မကို 'နင်ဂျူးပဲ'လို့ စွပ်စွဲတော့မှာပဲဆို



ပြီး ရင်တထိတ်ထိတ်ဖြစ်နေရတုန်း ဂျူးနဲ့တကယ့် ဆန့်ကျင်ဘက်ဖြစ်တဲ့ ခရစ်ယာန် ရုရှမလေး နီနာကိုမှ 'ဂျူးပါ'ဆိုပြီး စွပ်စွဲလာတော့ ကျွန်မအနေနဲ့ ဝမ်းမကျဘူးလားရှင်။

"သူဟာ ဂျူးအမျိုးသမီး တစ်ယောက်ပဲ ဆိုတာ တို့အနေနဲ့ မသင်္ကာစရာတွေ တော်တော် များများ တွေ့ထားတယ်။ အဲ . . အဲဒီတော့ ဒီကိစ္စမှာ အမှန်အတိုင်း တိတိကျကျ ခိုင်ခိုင်လုံလုံ သိရ အောင် မင်းတို့ကိုကူညီစေချင်တယ်"

ကာရိုးလ်က ဆက်ပြီးပြောလိုက်တဲ့ စကားတွေဟာ ကျွန်မအတွက် စောစောကထက် ပိုပြီး အံ့အားသင့်စရာ ဖြစ်နေပြန်ပါတယ်။ ကျွန်မက နီနာကိုဂျူးဟုတ်မဟုတ်စုံစမ်းရာမှာ သူတို့ဂက်စတာပိုတွေကို ကူညီရမယ်တဲ့။ ရယ်ဖို့တောင်ကောင်းသေးတော့။

ကျွန်မက ဘာမှ ပြန်မပြောရသေးခင်မှာဘဲ ကာရိုးလ်က ဒီကိစ္စအတွက် သူတို့ကိုဆက်ဆက် ကူညီစေချင်တဲ့ အကြောင်း၊ ဒီနေရာမှာ ဒီတာဝန်နဲ့ အသင့်တော်ဆုံးဟာ ကျွန်မသာလျှင်ဖြစ်တဲ့အကြောင်း။ ဘာဖြစ်လို့လဲဆိုတော့ နီနာဟာ ကျွန်မနဲ့ အရင်းနှီးဆုံးဖြစ်ပြီး ကျွန်မတို့နှစ်ယောက် အမြဲလိုလို တွဲနေကြတယ်ဆိုတာ သူတို့ သိထားတဲ့အကြောင်း။ အဲဒီလို နီနာနဲ့ အတူတွဲ၊ အတူသွား၊ အတူစားနေရင်းနဲ့သူပြောတဲ့ စကားတွေနဲ့ သူ့ရဲ့လှုပ်ရှားမှုတွေကို တစ်ခု မကျန်၊ တစ်လုံးမကျန် မှတ်ထားပြီး သူဟာဂျူးဟုတ်မဟုတ် စုံစမ်းလေ့လာပေးပါဆိုပြီး ကျွန်မကို တာဝန်ပေးတော့တာပါပဲ။

"ဒါပေမယ့် မင်းတစ်ခုသတိထားဖို့က သူနဲ့ပတ်သက်လို့ မင်းအဲဒီလို စုံစမ်းနေတယ်ဆိုတာ သူလုံးဝမရိပ်မိပါစေနဲ့ . ."

ဩော် . . လက်စသပ်တော့ ငါဟာ ဂက်စတာပိုရဲ့ စပိုင်အဖြစ်နဲ့ နီနာ့အကြောင်းကို စုံစမ်း ထောက်လှမ်းရမှာပါကလား။

ဖြုံးကနဲဆိုတော့ ကျွန်မပါးစပ်က 'နီနာဟာ လုံးဝ ဂျူးမဟုတ်ပါဘူး၊ ကျွန်မ သေသေချာချာသိပါတယ်'လို့ ပြောလိုက်မိတော့မလို့ပါဘဲ။ ဒါပေမယ့် အဲဒီလိုပြောလိုက်ရင် ကျွန်မကို ဒီတာဝန်ပေးလို့ မဖြစ်ဘူးဆိုပြီး တစ်ခြား တစ်ယောက်ယောက်ကို တာဝန်ပေးလိုက်မှာစိုးပါတယ်။ အဲဒီကျတော့ နီနာ့အတွက်ပိုပြီး ချောက်ကျဘို့ပဲရှိတယ်မဟုတ်လား။ ပြီးတော့လဲ နောက်တစ်ခု ကျွန်မခေါင်းထဲမှာ စဉ်းစားမိတာက အခုလို နီနာ့ကိုထောက်လှမ်းဖို့အတွက် သူတို့က ကျွန်မကို တာဝန်ပေးထားခြင်းအားဖြင့် ကျွန်မအပေါ်မှာ သူတို့ ယုံကြည်မှုရှိပြီး ကျွန်မအတွက်တစ်မျိုးတစ်ဖုံ လုံခြုံမှုရှိမယ်ဆိုတာပါပဲ။

"ဒီအတိုင်းသာ ဆိုရင်တော့ ဒီကိစ္စမှာ ခိုင်ခိုင်လုံလုံ သိရအောင်စုံစမ်းဖို့အတွက် ကျွန်မနဲ့အသင့်တော်ဆုံးဆိုတာ ဟုတ်ပါတယ်။ ဒါကို ကျွန်မ သဘောပေါက်ပါတယ်။ လက်လည်းလက်ခံပါတယ်"

ကျွန်မလည်း သူတို့စကားအတိုင်း သံယောင်လိုက်ပြီး သူတို့ပေးတဲ့တာဝန်ကို ယူပါ့မယ်ဆိုတဲ့ အကြောင်း တစ်ဖက်လှည့်နဲ့ပြောရပါတယ်။

"တကယ်လို့ သူဟာဂျူးအစစ် ဖြစ်နေရင် မကြာခင်အမှန်အတိုင်းပေါ်အောင် စုံစမ်းပေးဖို့ မခဲယဉ်းပါဘူး။ ကျွန်မပိုလန်မှာ ကျောင်းနေတုန်းက ဂျူးတွေတော်တော်များများကို တွေ့ခဲ့မြင်ခဲ့ ဘူးပါတယ်။ ကျွန်မနေခဲ့တဲ့ ကျောင်းမှာကို ဂျူးကျောင်းသူတွေ အများကြီးရှိခဲ့ပါတယ်။ အဲဒီလိုဂျူးတွေနဲ့ နီးနီးကပ်ကပ်



အတူနေခဲ့ဘူးလို့ သူတို့ရဲ့စရိုက်နဲ့သဘာဝကို ကျွန်မ တော်တော်လေး သတိထားမိပါတယ်။ တကယ်လို့ နီနာသာ ဂျူးဖြစ်နေရိုးမှန်ရင် ကျွန်မပေါ်အောင် စုံစမ်းပေးနိုင်မှာပါ။ အဲ . . ဒါပေမယ့်အခုအထိ ကျွန်မ သူနဲ့အတူနေလာတဲ့ အတောအတွင်းမှာတော့ သူ့ကိုဂျူးရယ်လို့ မသင်္ကာစရာ၊ ပြောစရာ မတွေ့မိသလောက်ပါဘဲ။ ဒါပေမယ့် ဒီကိစ္စမှာ ကျွန်မကိုယ်တိုင်ကလည်းသူ့အပေါ် ယုံယုံကြည်ကြည် ရိုးရိုးတန်းတန်းနဲ့ ရှုရှုအမျိုးသမီးတစ်ယောက်ပဲဆိုပြီး အမှတ်တမဲ့ နေလာခဲ့လို့လဲ ဖြစ်နိုင်ပါတယ်"

ကျွန်မကိုယ်ကျွန်မ ယုံကြည်မှုအပြည့်အဝ ရှိလာတာလည်းတစ်ကြောင်း၊ သူတို့ကကျွန်မကို ယုံကြည်မှုနဲ့ အားကိုးနေပြီ ဆိုတာကို သိလို့လဲတစ်ကြောင်း၊ ကျွန်မဟာ ကျွန်မရဲ့အတွေ့အကြုံနဲ့သဘောထားတွေကိုပါ အာလူးတော်တော်များများလေး ပေးလိုက်မိပါတယ်။ ပြီးတော့မှခေါင်းထဲ ရုတ်တရက်ဖျတ်ခနဲ သတိရလိုက်တာနဲ့မေးခွန်းတစ်ခုကို စွတ်မေးလိုက်မိပါတယ်။

"ဒါထက် နီနာနဲ့ပတ်သက်လို့ အခုထိဘာသတင်းတွေများရထားတယ်ဆိုတာ ကျွန်မမသိရဘူးလား"

ဒီနေရာမှာတော့ ကာရိုးလ်က လိမ်လိမ်မာမာနဲ့ အပြတ်ပြောလိုက်ပါတယ်။

ဒါနဲ့ နောက်ဆုံးကျတော့ ကာရိုးလ်ကကျွန်မကို ဒီကိစ္စအတွက်တာဝန် တိတိကျကျ ပေးလိုက်တဲ့အကြောင်းနဲ့ တစ်ပတ်တစ်ကြိမ်နီနာနဲ့ ပတ်သက်တဲ့ အစီရင်ခံစာတစ်စောင် သူတို့ရုံးကို ပို့ပေးဖို့ပြောပြီး ပြန်ခွင့်ပြုလိုက်ပါတယ်။

အပြန်ကျတော့ ကျွန်မဟာ အလာတုန်းကလို ဓာတ်ရထား မစီးတော့ဘဲ ခြေလျင်လျှောက်ပြီး လင့်ဇ်မြို့ထဲက ဖြတ်ပြန်လာပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်လို့ ကျွန်မရှေ့ဆက်ပြီး ဘယ်လို လုပ်ရမယ်ဆိုတာ ခေါင်းအေးအေးနဲ့ စဉ်းစားချင်လို့ပါပဲ။

ဟုတ်ပါတယ် ဒီကိစ္စဟာကျွန်မအတွက် ‘လွယ်မယောင်နဲ့ခက်၊ တိမ်မယောင်နဲ့နက်’ဆိုတာမျိုးပါ။ ကျွန်မ ပထမဆုံး စဉ်းစားရတာက နီနာ့ကို ကျွန်မ ဘယ်လိုလုပ်ပြီး ရင်ဆိုင်ရမလဲ။ သူနဲ့တွေ့ ရင်ကျွန်မမျက်နှာ ဘယ်လို ထားရမလဲ ဆိုတာပါပဲ။ ပြီးတော့ ဒီကိစ္စ နဲ့ ပတ်သက်လို့ သူ့ကိုအားလုံး ဖွင့်ပြောရရင် ကောင်းမလား။ လုံးဝ မပြောဘဲ ဒီတိုင်းနေရမလားဆိုတာလဲ စဉ်းစားရပါသေးတယ်။

ဒါပေမယ့် တစ်ခုတော့ ရှိပါတယ်။ ဒီကိစ္စမှာ ဂက်စတာပိုဟာ နီနာ့ကို မသင်္ကာရုံ သံသယဖြစ်ရုံပဲ ရှိပါသေးတယ်။ တကယ်လို့သာ နီနာဟာ ဂျူးအမျိုးသမီးတစ်ယောက်ဆိုတာ ခိုင်ခိုင်လုံလုံ တိတိကျကျ အထောက်အထား ရထားပြီးပြီဆိုရင် သူတို့ဟာကျွန်မ ကိုဒီတာဝန်ပေးစရာ မလိုတော့ပါဘူး။ မခိုင်လုံ မတိကျသေးလို့သာ ဒီကိစ္စအတွက် ကျွန်မကို စုံစမ်းဘို့၊ ထောက်လှမ်းဘို့ တာဝန် ပေးတာပဲလို့ ကျွန်မ တထစ်ချ ယူဆထားပါတယ်။ ဒါကြောင့် အခြေအနေဟာ ထင်သလောက် မဆိုးသေးဘူးလို့လဲ တစ်ဖက်က တွက်လို့ ရပါတယ်။

ဒီလိုနဲ့ တောင်တွေးမြောက်တွေး တွေးပြီး စဉ်းစားရင်းနဲ့ အဆောင်ကို ပြန်ရောက်လာခဲ့ပါတယ်။ အဆောင်နား ရောက်လာတယ်ဆိုရင်ပဲ ကျွန်မတို့အခန်းဘက်ဆီက နီနာ့အသံကို ပထမဆုံး စကြားရတာပါပဲ။ ခါတိုင်း ကြားနေကျအတိုင်း



ရုရှစကားကို ရုရှသံနဲ့ ရုရှလို ပီပီသသကြီး ကြားလိုက်ရပါတယ်။ ကလာဗာနဲ့ အပြန်အလှန် ပြောနေကြတဲ့ နီနာ့အသံကို ခါတိုင်းထက် ပိုဂရုစိုက်ပြီး နားထောင်ကြည့်တော့မှ ခါတိုင်းထက်ပိုပြီး ရုရှသံပေါက်နေတယ်လို့တောင် ကျွန်မစိတ်ထဲ ထင်လိုက်မိပါတယ်။ ဟုတ်ပါတယ်။ နီနာဟာ ရုရှမှ တကယ့်ရုရှပါ။ ရေမရောပါဘူး။ အဲဒီတော့ နီနာ့အတွက် ကျွန်မ အတတ်နိုင်ဆုံး ကာကွယ်ပေးမယ်ဆိုတဲ့ စိတ်ဟာ ပိုပြီး ခိုင်မာလာမိပါတယ်။

ဒါနဲ့ အခန်းဝရောက်လာပြီး အခန်းထဲလဲ ကျွန်မဝင်လိုက်ရော သူတို့နှစ်ယောက်စလုံးက ‘ဟဲ့ . . အမယ်လေး။ နင်ပြန်ရောက်လာတာနဲ့ အတော်ပဲ။ ဒီမှာ ပြဿနာပေါ်နေလို့’ ဆိုပြီး နီနာက လှမ်းအော်ပြောလိုက်ပါတယ်။ ကျွန်မ စိတ်ထဲမှာ မူလက ကျွန်မ ပြန်ရောက်သွားရင် ဂက်စတာပိုက ကျွန်မကို ခေါ်တဲ့ အကြောင်းများမေးမလား။ အဲဒီလိုမေးရင်း ငါ ဘယ်လို ဖြေရပါ့မလဲလို့ အမျိုးမျိုး ကြိုတင်စဉ်းစားလာခဲ့ရတာ အမောပါပဲ။ ခုတော့ သူတို့က ဒီအကြောင်းကို ဘာတစ်ခုမှ မမေးဘဲ သူတို့‘ပြဿနာ’ပဲရှေ့တန်း တင်လာကြလို့ တော်ပါသေးရဲ့လို့ အောက်မေ့မိပါတယ်။

‘သူတို့ ပြဿနာ’ဆိုတာကလည်း တကယ်တော့ နီနာနဲ့ ဘာမှ မပတ်သက်ပါဘူး။ ကလာဗာရဲ့ ပြဿနာ သက်သက်ပါ။ မထူးပါဘူး။ ပြောလက်စနဲ့ ပြောလိုက်ရဦးမယ်။ ကလာဗာရဲ့ ပြဿနာက တစ်ခြားမဟုတ်ပါဘူး။ သူ့မှာ ‘ဟိုဟာ’မလာတာ တော်တော် ကြာနေပြီတဲ့။ ခါတိုင်း လာနေကျရက်ထက် တနင်္ဂနွေ နှစ်ပတ် သုံးပတ်တောင် ကျော်လာပြီတဲ့။ အဲဒီတော့ သူ့အရင် သောက်နေကျဆေး သောက်ရရင် ကောင်းမလားလို့

နှစ်ယောက်သား တိုင်ပင်နေကြတာတဲ့။ အဲဒီ ကလာဗာဆိုတဲ့ ဟာမကတော့ လုပ်လိုက်ရင် ဒီလိုချည်းပဲ။ အရင်ကလဲ ဒီပြဿနာမျိုး ပေါ်ခဲ့တာ တစ်ခါမကတော့ဘူး၊ နှစ်ခါ ရှိသွားပြီ၊ အခု လာပြန်ပြီတစ်ခါ။

နီနာက ဒီပြဿနာနဲ့ပတ်သက်ပြီး ကလာဗာကို 'အနေအထိုင် ဆင်ခြင်ဖို့'ပြောနေတုန်း ကျွန်မရောက်သွားတာဆိုတော့ ကျွန်မကလည်း နီနာနဲ့အတူ ရောပြီး ကလာဗာကို'ဆုံးမဩဝါဒ' တွေ ဘာတွေဝင်ပေးလိုက်ပါသေးတယ်။ ဒါမျိုးဟာ တစ်ခါက နှစ်ခါ နှစ်ခါက သုံးခါဆိုရင် ကျန်းမာရေးထိခိုက်ပြီး အသက်အန္တရာယ်တောင် ဖြစ်နိုင်တဲ့အကြောင်း၊ တကယ်လို့ ဖုံးမနိုင် ဖိမရနဲ့ ဗူးပေါ်သလို ပေါ်လာရင်လဲ ဂျာမန်စစ်ဗိုလ်တွေက ပြင်းပြင်းထန်ထန် အရေးယူမှာမို့ သတိထားဖို့လိုတဲ့အကြောင်း ဘာဘာညာညာပေါ့ရှင်။

ဒါတောင် အဲဒီဟာမက အမှတ်မရှိဘူး။ အမှတ်မရှိတဲ့အပြင် ကျွန်မတို့ကို ပြက်လုံးထုတ်ပြီး ဟားတောင် ဟားလိုက်သေး တယ်။ နီနာက 'တကယ်လို့ဖျက်မရဘဲ မွေးလာရင် ရှက်ဖို့ကောင်းတာထက် ဘယ်သူ့အဖေခေါ်ရမှန်း မသိတာက ပိုရှက်စရာကောင်းတယ်' ဆိုတော့ သူကဘာပြန်ပြောတယ်မှတ်သလဲ။

"အမယ် . . ဒါကတော့လွယ်ပါတယ်အေ၊ ကလေးအဖေက 'ဟန်း'ပဲဖြစ်ရမှာပေါ့၊ ငါနဲ့ တွဲတဲ့ ဘော်ဒါနှစ်ယောက်စလုံးက နာမည်ချင်းတူနေတာပဲဟာ ဘယ်သူ့အဖေခေါ်ခေါ် မမှားပါဘူး" တဲ့။ တတ်လဲတတ်နိုင်တဲ့ကောင်မ။

ဘာပဲဖြစ်ဖြစ် သူတို့နှစ်ယောက်နဲ့ အဲဒီ'ပြဿနာ'ကို ဝင်ပြောလိုက်ရတဲ့အတွက် ကျွန်မစိတ်ထဲမှာ တော်တော်လေးနေသာ



ထိုင်သာ ရှိသွားပါတယ်။ ဂက်စတာပိုရုံးကအပြန်မှာ အဆောင်ပြန်ရောက်လို့ နီနာနဲ့တွေ့ရင် ဘယ်လို မျက်နှာထားရပါ့မလဲ ဆိုတဲ့ စိုးရိမ်မှုဟာအခုတော့ လုံးဝ ပျောက်ကွယ်သွားပါပြီ။ ခါတိုင်းလိုပဲ နီနာနဲ့ရော ကလာဗာနဲ့ရော ပုံမှန် ပြောနိုင်ဆိုနိုင် ရယ်နိုင်မောနိုင် ခဲ့ပါပြီ။

ဒါနဲ့ကျွန်မလည်းပဲ ဒီတနင်္ဂနွေတစ်ပတ်လုံးလုံး နီနာ့ကို ခါတိုင်းထက်ပိုပြီး အကဲခတ်ခဲ့ပါတယ်။ သူနဲ့ကျွန်မ နှစ်ယောက်တည်း ရှိနေတုန်းမှာရော၊ ကလာဗာနဲ့သုံးယောက်စလုံးရှိနေတဲ့ အခါမှာရော မသိမသာ အကဲခတ်ကြည့်မိပါတယ်။ ဒါပေမယ့် ကျွန်မ သူ့ကို ဒီလို အကဲခတ်နေတယ်၊ ခါတိုင်းထက်ပိုပြီး သတိထားနေတယ် ဆိုတာလည်း တစ်ဖက်က မရိပ်မိအောင် လုပ်ရပါသေးတယ်။ လုံးဝ ရိပ်လည်း မရိပ်မိရှာပါဘူး။

အဲဒီလို တစ်ပတ်လုံးလုံး မျက်စိ ဒေါက်ထောက်ကြည့်သလို ကြည့်လာတာတောင် နီနာ့မှာ ဂျူးရယ်လို့ ပြောရလောက်အောင် မသင်္ကာစရာဘာတစ်ခုမှ မတွေ့မိပါဘူး။ သူပြောပုံ ဆိုပုံ၊ နေပုံ ထိုင်ပုံ စားပုံသောက်ပုံ အို . . ကုန်ကုန်ပြောလိုက်မယ်။ အီးအီး ပါပုံ ရှူးရှူးပေါက်ပုံကအစ ရုရှမှ တကယ့်ရုရှလိုပါပဲ။

ဒီလိုနဲ့ တနင်္ဂနွေတစ်ပတ်လည်း ပြည့်သွားရော ကျွန်မလည်း 'တာဝန်အရ' ဂက်စတာပိုရုံးချုပ်ကို 'အစီရင်ခံစာ' တစ်စောင် ရေးပြီး ပို့လိုက်ပါတယ်။ ရေးတာကတော့ အရှည်ကြီးပေါ့ရှင်။ အစီရင်ခံစာဆိုတဲ့အတိုင်း အစီရင်ခံစာနဲ့တူအောင် 'လံဘား ကျောက်ဒါး' စကားကြီး စကားကျယ်တွေ သုံးပြီး ရေးလိုက်ရတာပါပဲ။ အချက်အလက်တွေလဲ တတ်နိုင်သမျှ စုံအောင် ထည့်ရပါသေးတယ်။

ဒါပေမယ့် အဲဒီ အစီရင်ခံစာတစ်စောင်လုံးရဲ့ နိဂုံးချုပ်ကတော့ အခုအချိန်အထိ နီနာ့ကို ဂျူးပါလို့ စွပ်စွဲရလောက်အောင် ဘာတစ်ခုမှ အထောက်အထား မတွေ့ရသေးတဲ့အကြောင်းပါဘဲ။ ပြီးတော့မှ နိဂုံးချုပ်အနေနဲ့ ကျွန်မအာဘော်တွေ ဘာတွေလဲ ထည့်လိုက်ရသေးတယ်။ 'တကယ်လို့ နီနာဟာဂျူးဖြစ်နေရင် သူဟာ ပိပိရိရိနဲ့ ဟန်ဆောင်ကောင်းတဲ့ အမျိုးသမီးတစ်ယောက်လို့ပဲ ဆိုရပါလိမ့်မယ်။ ဘာပဲဖြစ်ဖြစ် ဒီကိစ္စကို အမှန်အတိုင်းပေါ်လာအောင်ကျွန်မအစွမ်းကုန် ဆက်ပြီး ကြိုးစားထောက်လှမ်းပါမယ်' ဆိုပြီးလုပ်လိုက်ရပါတယ်။ ဒါမှလဲ ယုတ္တိရှိမယ်မဟုတ်လား။

ဒီလိုနဲ့ နောက်တနင်္ဂနွေတစ်ပတ် အချိန်ကုန်သွားပြီး နောက်ထပ်အစီရင်ခံစာတစ်စောင် ရေးလိုက်ရပြန်တယ်။ အဲဒီ ဒုတိယ အစီရင်ခံစာထဲမှာလည်း 'နာနီရဲ့နောက်ကြောင်း ရာဇဝင် သိရအောင် သူနဲ့ စကားပြောရာမှာ တစ်ဖက်လှည့်နဲ့ ဟိုအကြောင်း ဒီအကြောင်းတွေကို ကျွန်မမသိမသာ'အစ်'ကြည့်ပါတယ်။ သူငယ်ငယ်က နေခဲ့ထိုင်ခဲ့ရပုံတွေ၊ ကျောင်းနေတုန်းက ကြုံခဲ့တွေ့ခဲ့ရတဲ့အဖြစ်အပျက်တွေကိုလည်း အမှတ်မထင် စုံစမ်းကြည့်ခဲ့ပါတယ်။ အဲဒီမှာလဲ သူပြောပြသမျှသူ့ကို ဂျူးလူမျိုးတစ်ယောက်ပါလို့ ဆိုရလောက်အောင် အထောက်အထား မတွေ့ရသေးဘဲ ဖြစ်နေပါ တယ်။ ဒါပေမယ့် ကျွန်မအနေနဲ့ကလည်း သူဟာလုံးဝ ဂျူးမဟုတ်ပါဘူးလို့လဲ တထစ်ချမပြောနိုင်သေးပါဘူး။ ဒါ့ကြောင့် နောက်တစ်ခါ သူ့မိဘတွေအကြောင်းနဲ့ သူ့သူငယ်ချင်း အပေါင်းအသင်းတွေအကြောင်း တစ်မျိုးလှည့်မေးပြီး စုံစမ်းကြည့်ပါဦးမယ်' ဆိုပြီး ဖြီးဖြန်း ရေးထည့်လိုက်ရပါတယ်။



အဲဒီ ဒုတိယ အစီရင်ခံစာပို့လိုက်ပြီးတဲ့နောက် ကျွန်မ ဂက်စတာပိုရုံးချုပ်ကို နောက်ထပ် တစ်ခေါက်ခေါ်လို့ သွားရပါသေး တယ်။ အဲဒီမှာ ကာရိုးလ်က ကျွန်မရေးလိုက်တဲ့ အစီရင်ခံစာတွေ ကို တစ်ကြောင်းစီ တစ်ကြောင်းစီ ပြန်ဖတ်ပြီး အဲဒါတွေနဲ့ ပတ်သက်လို့ အသေးစိတ်မေးခွန်းတွေ မေးမြန်းပါသေးတယ်။ အဲဒီလို မေးရင်း နဲ့ သူတို့ဟာဒီကိစ္စမှာ တကယ့်ကို ခိုင်လုံတိကျတဲ့ အထောက်အထားတွေ လိုချင်တဲ့အကြောင်းနဲ့ အလုပ်တစ်ခုလုပ် ရင်သေချာမှ လုပ်ချင်တယ်ဆိုတဲ့အကြောင်း အလေးအနက်ပြောပြပါတယ်။

"အဲဒီတော့ ဒီကိစ္စမှာ မင်းဘယ်လို သဘောရသလဲ"

ကာရိုးလ်က ကျွန်မကို အဲဒီလိုမေးလိုက်တော့ ကျွန်မစိတ်ထဲမှာ 'နီနာဟာ ဂျူးမဟုတ်ဘူးဆိုတာ သေချာပါတယ်'လို့ ဖြေပစ်ချင်လိုက်တာလေ မပြောပါနဲ့တော့။ အူကို ယားနေတာပဲ။ ဒါပေမယ့် ကျွန်မစိတ်ထဲမှာ တစ်ခု ခံယူထားတာက 'နီနာဟာ ဂျူးမဟုတ်ပါဘူး'လို့ ကျွန်မဆီက အဖြေရပြီးရင် ဒီအဖြေပေါ်မှာ သူတို့အနေနဲ့ လုံးဝ ယုံကြည်စိတ်ချပြီး နီနာနဲ့ပတ်သက်လို့ နောက်ထပ် စုံစမ်းထောက်လှမ်းတာမျိုး လုံးဝ မလုပ်တော့တဲ့ အဖြစ် မျိုးဖြစ်စေချင်ပါတယ်။ တစ်နည်းပြောရ ရင် ကျွန်မအဖြေဟာ နောက်ဆုံးအဆုံးအဖြတ် ဖြစ်စေချင်ပါတယ်။

ဒါကြောင့်ပိုပြီး ခိုင်လုံတိကျအောင်ဆိုတဲ့ သဘောနဲ့ ဒီကိစ္စအတွက်ကျွန်မကို အချိန်ထပ်ပေးပါအုံး။ ဒီကြားထဲမှာ အဖြူအမဲ ကွဲအောင်ကျွန်မအစွမ်းကုန် ကြိုးစားစုံစမ်းပေးပါ့မယ်'လို့ ပြောလိုက်ပါတယ်။ ကာရိုးလ်ကလည်း ကဲ. . ဒီလိုဆိုရင်ကောင်းပြီ

အချိန်ထပ်ပေးမယ်၊ ဆက်ပြီးကြိုးစားပါ။ တစ်နည်းနည်းနဲ့ အမြန်ဆုံး အမှန်ကိုသိရအောင် စုံစမ်းပါ'လို့ ကျွန်မကိုညွှန်ကြား လိုက်ပါတယ်။

ဒီအတိုင်းသာဆိုရင်ဖြင့် ကျွန်မအတွက် အချိန်သိပ်မရှိတော့ဘူးဆိုတာ သေချာသွားပါပြီ။ အဲဒီတော့ နီနာနဲ့ပတ်သက်လို့ သူတို့ ကျေနပ်လောက်တဲ့ အဖြေကိုကျွန်မဘယ်လိုလုပ်ပေးရမလဲ ဘယ်လိုလုပ်ပေးရရင် ကောင်းမလဲ။

တကယ်တော့လဲ ကျွန်မဟာနီနာ့အကြောင်းကို အားလုံးသိထားပါတယ်ဆိုပေမယ့် ဒါဟာ ကျွန်မဘက်ကအထင်ပဲလို့ ဆိုချင် ဆိုနိုင်ပါတယ်။ ကျွန်မသိထားတာတွေဟာ မပြည့်စုံသေးဘူး။ ကျွန်မ မသိတာတွေ အများကြီးကျန်သေးတယ်။ နောက်ပြီး ကျွန်မ သိထားတာတွေဆိုတာလည်း နီနာ ပြောပြသလောက်ပဲ ဆိုတော့ အားလုံး မှန်ချင်မှမှန်ဦးမှာ။ သူကိုယ်တိုင်က ကျွန်မအပေါ်မှာ တကယ်တန်း လှိုက်လှိုက်လှဲလှဲ ယုံကြည်ပြီး တကယ့်အမှန်ကို မပြောသမျှ အဲဒီ အဖြစ်မှန်တွေကို ကျွန်မ ဘယ်လိုလုပ်ပြီး သိနိုင်ပါ့မလဲ။

အဲဒီတော့ သူ့အကြောင်းကို အမှန်အတိုင်း သိရအောင် သူကိုယ်တိုင်က ယုံယုံကြည်ကြည်နဲ့ ပြောလာအောင် လုပ်ဖို့ နည်းလမ်းတစ်လမ်းပဲ ရှိတယ်လို့ ကျွန်မယူဆမိပါတယ်။ အဲဒါကတော့ တစ်ခြားမဟုတ်ပါဘူး။ သူ့အကြောင်းကို သူက ဘာမှ မပြောခင် ကျွန်မအကြောင်းကို ကျွန်မက အရင်ပထမဆုံး သူ့ကို ဖွင့်ပြောမှ ဖြစ်မယ်ဆိုတဲ့ ခံယူချက်ပါပဲ။

ဒီနေရာမှာ ကျွန်မဟာ နီနာကို 'ကဲ. . နီနာ ဂက်စတာပိုက နီနာ့ကို ဂျူးအမျိုးသမီး'လို့ သံသယဖြစ်နေကြပြီ'လို့ ဒဲ့ဒိုး



ကြီးနဲ့ ရိုးရိုးစင်းစင်းကြီး ပြောပြလိုက်ရင်လဲ ဖြစ်တာပါပဲ။ ဒီလို ပြောပြပြီး သူ့ကို ဒါနဲ့ ပတ်သက်လို့ သတိပေးသင့်တာတွေ ပေးလိုက်ရင်ကိစ္စ ပြတ်တာပါပဲ။ ဒါဆို ကျွန်မတာဝန်ကျေပါပြီ။ ကျွန်မအကြောင်းကို ဘာတစ်ခွန်းမှမပြောဘဲ ခုလို ဖုံးဖိထားပြီး ရေငုံနေလိုက်ရင်လဲ ဖြစ်တာပါပဲ။

ဒါပေမယ့်မဟုတ်သေးဘူးရှင့် ဒီနည်းကိုကျွန်မ သဘောမကျဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူကိုယ်တိုင် သူ့ပါးစပ်က တကယ့် အမှန်အတိုင်းပြောတာကို ကျွန်မကြားချင်လို့ပါပဲ။ အဲဒီလိုအမှန် အတိုင်းကြားရဖို့အတွက်က သူကိုယ်တိုင်က 'ကျွန်မ အဖြစ်မှန်ကတော့ ဒီလိုဒီလိုပါ'လို့ ပြောမှဖြစ်မှာပါ။ သူက ကျွန်မကို အဲဒီလို အမှန်အတိုင်း ပြောလာဖို့ ဆိုတာကလဲ ကျွန်မအပေါ်မှာ သူက လုံးဝဥဿုံ အလုံးစုံ ယုံကြည်မှ ဖြစ်မယ် မဟုတ်လား။

အဲဒီတော့ 'ဘာပဲဖြစ်ဖြစ်'ဆိုပြီး နီနာ့ကိုကျွန်မရဲ့ အဖြစ်မှန်တွေ ပြောပြလိုက်မယ်လို့ ကျွန်မယတိပြတ် ဆုံးဖြတ်ချက် ချလိုက်ပါတယ်။ 'ဘာပဲဖြစ်ဖြစ်' ဆိုတာကတော့ သဘောပြောတာပါ။ တကယ်တော့ သူ့ရဲ့ ယုံကြည်မှုကို အပြည့်အဝ ရအောင်လို့ပါပဲ။ အဲဒီလို ကျွန်မရဲ့အဖြစ်မှန်ကို သူ့အပေါ် ကျွန်မက ယုံယုံကြည်ကြည်နဲ့ ပြောပြမှသာ သူကလဲ သူ့ဘဝ သူ့အဖြစ်မှန်ကို ကျွန်မအပေါ်မှာ တကယ်ယုံကြည်မှုနဲ့ ပြောပြမယ်လို့ ကျွန်မ တထစ်ချယူဆမိလို့ပါပဲ။

ဒါနဲ့တနင်္ဂနွေတစ်နေ့မှာ ကလာဘာတစ်ယောက်ထဲ အပြင်ထွက်သွားလို့ ကျွန်မနဲ့နီနာ နှစ်ယောက်တည်း အဆောင်မှာ ကျန်ရစ်တုန်း ကျွန်မရဲ့ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ဖို့ စီစဉ်

လိုက်ပါတယ်။ ပထမတော့ အဲဒီနေ့က နီနာနဲ့ ကျွန်မနဲ့လဲ နှစ်ယောက်သား အပြင်ထွက်ရရင် ကောင်းလားလို့ တိုင်ပင်ထားကြပါသေးတယ်။ ဒါပေမယ့် ကျွန်မကိုယ်တိုင်က ‘ငါနီနာ့ကို ဒီနေ့ ငါ့အကြောင်းတွေ ပြောပြလိုက်မယ်’လို့ ဆုံးဖြတ်ပြီး အပြင်ထွက်ဘို့ အစီအစဉ်ကို ကျွန်မကပဲဖျက်လိုက်ပါတယ်။

“နီနာ . . ကျွန်မဒီနေ့နီနာနဲ့ စကားပြောစရာ ရှိနေလို့ ကျွန်မတို့ အပြင် မသွားကြပါစို့နဲ့လား”

“ရပါတယ် နင်မသွားချင်လဲ မသွားနဲ့လေ. . ငါလဲ သိပ်မသွားချင်လှဘူး”

အဲဒီလိုပြောပြီး ကလာဗာလည်း အပြင်ထွက်သွားရော ခဏနေတော့ နီနာကပဲ စမေးလိုက်ပါတယ်။

“ကဲ . . ကက်တာရီးနား နင်ငါ့ကို ပြောစရာ ရှိတယ်ဆို ဘာကိစ္စလဲပြောလေ”

နီနာက ခါတိုင်းလို ပုံမှန် လေသံနဲ့ပဲ ကျွန်မကို လှမ်းပြောလိုက်ပြီးမှ ‘ဘာလဲ နင်လည်း ပြဿနာပေါ်နေပြန်ပြီလား’လို့ ဆက်မေးလိုက်ပါတယ်။

“မဟုတ်ပါဘူး ကျွန်မမှာ ဘာပြဿနာမှ မရှိပါဘူး။ ကျွန်မ နီနာ့ကို အရေးကြီးတဲ့ စကားတစ်ခွန်း ပြောစရာရှိလို့ပါ။ အဲဒါကို မပြောခင် ကျွန်မနီနာ့ကို တစ်ခုသိထားစေချင်တာက ကျွန်မ အခု ပြောမယ့်စကားဟာ နီနာ့ကို တကယ့် ညီအစ်မရင်းလို ခင်လို့ ချစ်လို့ ပြောတာပါ။ အဲဒီတော့ ဒီစကားကို နီနာကလွဲလို့ ဘယ်သူမှ မသိစေချင်ပါဘူး။ ကလာဗာတောင် အသိမပေးစေချင်ဘူး”



“ကဲ . . ထားပါတော့ နိဒါန်းတွေ ဖွဲ့မနေပါနဲ့တော့၊ နင် ပြောမယ့် စကားသာ ပြောစမ်းပါ”

“ဒီမယ် နီနာ ကျွန်မဟာလေ ကျွန်မဟာ ယူကရိန်း မဟုတ်ဘူး ဂျူးရှင့် သိလား ကျွန်မဟာ ဂျူး”

ကျွန်မစကားလည်း ကြားရော နီနာက အားရပါးရ ရယ်တော့တာပါပဲ၊ ရယ်တာမှ ပွဲထဲက လူပျက်တစ်ယောက်ရဲ့ အင်မတန်ကောင်းတဲ့ ပျက်လုံးတစ်ခုကို ကြားလိုက်ရသလို ဣန္ဒြေမဆယ်နိုင်အောင် ခွက်ထိုးခွက်လန် ရယ်တာပါပဲ။

“အမလေးဟယ် ငါ့နှယ် ဖြစ်မှဖြစ်ရလေ ဒါ့ထက်နေပါဦး နင်ငါ့ကို ဒီနေ့ အပြင်မထွက်ပါနဲ့တော့ ပြောစရာ ရှိလို့ ပါဆိုတာ ဒီပျက်လုံးကို ပြောချင်လို့လား။ ဟုတ်လား”

“မဟုတ်ဘူး နီနာ မဟုတ်ပါဘူး။ ကျွန်မ တကယ်ပြောနေတာပါ။ ကျွန်မဟာ ဂျူးလူမျိုးဆိုတာ တကယ်ပါ”

“တော်စမ်းပါ ကက်တာရီးနားရယ် နင်က ငါ့ကိုဒီလို မဟုတ်ကဟုတ်ကတွေပြောပြီး အရူးလုပ်လို့များရမယ် ထင်လို့လား”

“ဒီမယ်နီနာ ကျွန်မနောက်ပြောနေတာမဟုတ်ပါဘူး။ တကယ် အတည်ပြောနေတာပါ။ ဒီကိစ္စမျိုးဟာ နောက်ရ ပြောင်ရမယ့် ကိစ္စမဟုတ်ပါဘူး ဒါကျွန်မသိပါတယ်”

“ကဲထားပါတော့ ဒါဟာ နောက်တာ ပြောင်တာ မဟုတ်ဘူးဆိုရင် နင်ငါ့ကို ဘာစိတ်ကူးနဲ့ဒီစကားလာပြောရတာလဲ ဆိုစမ်းပါအုံး”

“ဒါကတော့ဒီလိုပါ ကျွန်မနဲ့ နီနာနဲ့က သိပ်ခင်နေကြတော့ ဒီကိစ္စကို နီနာ သိထားစေချင်လို့ပါ။ ကျွန်မနဲ့ပတ်သက်လို့ အမှန် အတိုင်းသိထားအောင်လို့ပါ”

ကျွန်မက အဲဒီလို ပြောလိုက်တော့ နီနာဟာ ကျွန်မမျက်လုံးကို စိုက်ကြည့်လိုက်ပါတယ်။ ပြီးတော့မှ တအောင့်လောက် အကြာမှာသူကတစ်ခါထပ်ပြီး တစ်ဟားဟားနဲ့ ရယ်လိုက်ပြန်ပါတယ်။

'မဟုတ်သေးဘူးနီနာ . . ကျွန်မဟာ ရယ်စရာ ပြောနေတာမဟုတ်ပါဘူး တကယ်ပြောနေတာပါ။ အဲဒါတော့ ယုံပါ၊ ဘာဖြစ်လို့လဲဆိုတော့ ဒီကိစ္စဟာ နီနာ့အတွက်ရော ကျွန်မအတွက်ပါ သေရေး ရှင်ရေး ဖြစ်နေလို့ပါ'

အဲဒီတော့မှ နီနာဟာ မျက်နှာပိုးသတ်ပြီး ကျွန်မကို အကဲခပ်သလို စိုက်ကြည့်နေပါတော့တယ်။ အဲဒီမှာတင် ကျွန်မလည်း ကျွန်မဘဝအဖြစ်မှန်ကို ပြောပြလိုက်ပါတယ်။

'ဒီမယ်နီနာ . . ကျွန်မဟာနီနာတို့ သိထားကြသလို ဝါချာရက်တာဆိုတဲ့ ရွာကလေးကမဟုတ်ပါဘူး။ အဲဒီရွာကလေးနားက ဟရီဘင်ကိုဆိုတဲ့ မြို့ကပါ။ အဲဒီမြို့ဟာ ဂျူးတွေ နေတဲ့မြို့ပါ ပဲ။ ကျွန်မနာမည်ရင်းကလည်း ကက်တာရီးနားမဟုတ်ပါဘူး အီတာပါ။ ကက်တာရီးနားဆိုတဲ့ နာမည်က ကျွန်မပြောတဲ့ ဝါချာရက်တာရွာက ယူကရိန်းမလေးတစ်ယောက်ရဲ့ နာမည်ပါ။ အဲဒီ ကောင်မလေးကတော့သေပါပြီ။ မရှိတော့ပါဘူး။ ကျွန်မက သူ့နာမည်နဲ့ သူ့မှတ်ပုံတင်တွေ မွေးစာရင်းတွေကို အတုလုပ်ပြီး အယောင်ဆောင်နေတာပါ။ ကျွန်မအစ်မကို ဂျာမန်တွေဖမ်းသွားတော့ ကျွန်မကိုလဲ အဲဒီလို ဖမ်းမှာ စိုးတာနဲ့ အမေက ကျွန်မကို'ညည်းတစ်ခြား ရှောင်ထွက်သွားမှ ဖြစ်မယ်'ဆိုလို့ ကျွန်မအခု ဒီကို'ကက်တာရီးနား ယောင်ဆောင်ပြီး ရောက်လာခဲ့တာပါ။ ကျွန်မ အဖြစ်မှန်ကတော့ ဒါပါပဲ။ တကယ်လဲဆန်းတဲ့ အဖြစ်လို့ ဆိုနိုင်ပါတယ်။"



ဒီတစ်ခါတော့ နီနာဟာ မရယ်နိုင်တော့ပါဘူး။ ကျွန်မပြောတာကို ကြွေကြွေရရနဲ့ ဂရုစိုက်ပြီး နားထောင်နေပါတယ်။ ဒါပေမယ့် အခုအထိ ကျွန်မစကားကို ယုံဟန်မတူသေးပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မအဖြစ်မှန်ကို ခုမှသိရပေမယ့် သူ့မျက်နှာမှာ အံ့ဩတဲ့ အရိပ်အယောင်မျိုး မတွေ့ရလို့ပါဘဲ။ ပြီးတော့မှ သူက ကျွန်မကို အကဲခတ်သလို အမူအရာမျိုးနဲ့ကြည့်လိုက်ပြီး . .

"ကဲ . . ဒီလိုဆိုနင့်ကို ငါကဂျူးလို့ယုံရအောင် နင် ယစ်ဒစ် စကားပြောတတ်ရဲ့လား"

"အို ပြောတတ်တာပေါ့ ကျွန်မယစ်ဒစ်လို ကောင်းကောင်း ပြောတတ်ပါတယ်"

"ယစ်ဒစ်"ဆိုတာက ရှေးဟောင်း ဟီဘရူဘာသာက ဆင်းသက်လာတဲ့ ဘာသာစကားတစ်မျိုးပါ။ တကယ့်ဂျူးလူမျိုးတွေ အချင်းချင်းပြောကြတဲ့စကားပါပဲ။ ဂျူးအစစ်ဆိုရင် ဒီစကားကို တတ်ကြတာချည်းပါပဲ။ ကျွန်မလည်း အဖေနဲ့အမေက သင်ထားလို့ အဲဒီယစ်ဒစ်စကားကို ငယ်ငယ်လေးထဲက တတ်ခဲ့ပါတယ်။

ချက်ခြင်းပဲ နီနာက ကျွန်မကို ယစ်ဒစ်လို မေးခွန်းတစ်ခုနှစ်ခု မေးကြည့်ပါတယ်။ ကျွန်မကလည်း ယစ်ဒစ်လိုပဲ ပြန်ဖြေလိုက်ပါတယ်။ မပြောတာကြာပေမယ့် ယစ်ဒစ်စကားကို ကျွန်မ ကောင်းကောင်း ပြောတတ်ပါသေးတယ်။

နီနာဟာ ကျောင်းသူတစ်ယောက်ကို ဆရာမတစ်ယောက်က ကြည့်တဲ့ မျက်နှာထားမျိုးနဲ့ ကြည့်နေပါတယ်။ ကျွန်မဟာဂျူး

အမျိုးသမီး တစ်ယောက်ပါဆိုတာ သူ့အတွက် မယုံတစ်ဝက် ယုံတဝက်နဲ့ ယုံရခက်ကြီးဖြစ်နေပုံ ရပါတယ်။

"နင်ဂျူးတွေရဲ့ ဘုရားရှိခိုးကျောင်းကော ရောက်ဖူးရဲ့လား၊ ဘာသာရေးနဲ့ပတ်သက်လို့ သူတို့ရဲ့ဓလေ့ထုံးစံတွေကော နားလည်ရဲ့လား"

တကယ်တော့ ကျွန်မဟာဘာသာရေးနဲ့ ပတ်သက်လို့ စွဲစွဲလမ်းလမ်းမရှိလှပါဘူး။ အယူလဲမသည်းပါဘူး။ ဒါပေမယ့် အဘိုးအဘွားတွေရဲ့ သွန်သင်ပြသမှုကြောင့် ဂျူးလူမျိုးတွေရဲ့ ဘာသာရေး ထုံးတမ်းစဉ်လာတွေကို အတော်အတန် နားလည်ထားခဲ့ပါတယ်။ ဘုရားရှိခိုးကျောင်းလည်း အပတ်စဉ် မဟုတ်တောင် တစ်လတစ်ခါတော့ အမေတို့ အဖေတို့နဲ့ လိုက်ဖူးပါတယ်။ ဒါကြောင့် ဂျူးတွေရဲ့ ဘာသာရေးဓလေ့ထုံးစံတွေကို နီနာက မေးလာတော့ အားရပါးရ ပြန်ပြောပြမိပါတယ်။

"ကျွန်မတို့ ဂျူးတွေရဲ့ ဘာသာရေးနဲ့ပတ်သက်လို့ လုပ်ပုံကိုင်ပုံတွေကို ကျွန်မကောင်းကောင်းကြီး နားလည်တာပေါ့ နီနာရယ်၊ ဘုရားရှိခိုးကျောင်းသွားတာတွေ ဥပုသ်စောင့်တာတွေ ကျွန်မ လိုက်ဖူးပါတယ်။ အဲဒါတွေထဲမှ ကျွန်မအမှတ်မိဆုံးကတော့ ယေရှုသခင်လက်ထက်တုန်းက ကျွန်မတို့ဂျူးလူမျိုးတွေ အစုလိုက် အပြုံလိုက်အီဂျစ်ပြည်က ထွက်ခွာလာခဲ့ကြတဲ့ အထိမ်းအမှတ်နဲ့ တစ်နှစ်တစ်ခါ ဆွေမျိုးသားချင်းတွေစုပြီး စားပွဲသောက်ပွဲ ကျင်းပတဲ့ နေ့မှာပဲ အဲဒီလိုနေ့မျိုးဆိုရင် ကျွန်မအိမ်မှာ အဖိုးအဖွားရော အဖေ အမေနဲ့ ညီအစ်ကို မောင်နှမ ဆွေမျိုးသားချင်းတွေ အားလုံး ဧရာမ စားပွဲကြီးမှာ ပတ်ပတ်လည် ဝိုင်းထိုင်ကြပြီး စားကြ သောက်ကြရတာဟာ တကယ့် ပျော်စရာကြီးပါပဲ။



အဲဒီလို အခါကြီးရက်ကြီးမှာဆိုရင် တစ်နှစ်လုံးလုံး ဘယ်နေရာမှ မသုံးဘဲ ဒီပွဲအတွက် သီးသန့်သိမ်းထားရတဲ့ ပန်းကန်ခွက်ယောက်တွေကို ထုတ်သုံးကြပါတယ်။ စားသောက်ပြီးကြတဲ့ အခါကျတော့လည်း ကျွန်မတို့ ဆွေမျိုးမိသားစုထဲမှာ အသက် အငယ်ဆုံး ကလေးတစ်ယောက်က ထပြီး 'ပုစ္ဆာကြီးလေးခု'ကို မေးရတာ ရှိပါတယ်။ အဲဒီအခါမျိုးကျရင် ကျွန်မ မောင်လေးယာကော့ဟာ အသံကလေး စာစာ စာစာနဲ့ . . ."

ပြောရင်း ပြောရင်းနဲ့ ကျွန်မဟာ အိမ်ကိုသတိရပြီး ငိုချလိုက်မိပါတယ်။ ရှေ့ဆက်ပြောလို့လည်း မရတော့ပါဘူး။ အလိုလိုနေရင်း ဝမ်းနည်းတဲ့စိတ်တွေဟာ ရင်ထဲမှာ အလိပ်လိုက် အလိပ်လိုက် တက်လာပြီး ရှိုက်ကြီးငင်ကြီး ငိုနေမိပါတယ်။

အဲဒီလိုရှိုက်ကြီးငင်ကြီး ငိုနေတုန်း ပြုံးဆိုနီနာဟာ ကျွန်မကိုလှမ်းဖက်လိုက်ပြီး သူကိုယ်တိုင်က အင့်ကနဲ အင့်ကနဲအသံထွက်လာတဲ့အထိ ရှိုက်ရှိုက်ပြီး ငိုတော့တာပါပဲ။

"ကက်တာရီးနား . . ငါလဲ . . ငါလဲဒီလိုပါပဲဟယ်. . ငါလဲဒီလိုပါပဲ နင်နဲ့ငါနဲ့အတူတူပါပဲ ငါလဲ နင့်လိုဂျူးပါပဲ"

ကျွန်မတို့နှစ်ယောက်ဟာ ကုတင်ပေါ်မှာခေါင်းချင်းဆိုင်ပြီး တစ်ယောက်ကိုတစ်ယောက် ဖက်ရင်းနဲ့ ငိုလို့မဆုံးနိုင်အောင် ဖြစ်နေကြပါတယ်။ ခဏနေတော့မှ နီနာဟာ မျက်ရည်လည်ရွဲနဲ့ ကျွန်မကို သူ့ဘဝမှန် အဖြစ်မှန်ကို ပြောပြပါတော့တယ်။

သူဟာ ဂျူးအမျိုးသမီးတစ်ယောက် ဖြစ်ပေမယ့် သူ့ကိုယ်သူ ဂျူးဆိုတာ မေ့သလောက်တောင် ဖြစ်နေပါပြီတဲ့ ဒါပေမယ့် အခု ကျွန်မပြောပြတာတွေ ကြားနေလိုက်ရတော့ သူငယ်ငယ်က သူ့မိဘ ညီအစ်ကိုမောင်နှမတွေနဲ့ အဲဒီလိုအတူနေခဲ့ ထိုင်ခဲ့ရတာ

တွေ ပြန်သတိရပြီး စိတ်မထိန်းနိုင်အောင် ဖြစ်သွားရတာပါတဲ့။ ဒါနဲ့တဆက်ထဲနီနာက သူ့ဘဝဇာတ်ကြောင်းကို အသေးစိတ် ပြောပြပါတယ်။

ဟုတ်ပါတယ်၊ နီနာဟာ ဂျူးအစစ်ပါ။ ဒါပေမယ့် သူဟာ ဂျူးမဟုတ်တဲ့ ရုရှားတစ်ယောက်နဲ့ အိမ်ထောင်ကျပြီး ကလေးတစ်ယောက် ရခဲ့ပါတယ်။ အဲဒီကလေးက သမီးကလေးပါ။ ဆဗက်ဂါနာ လို့ခေါ်ပါတယ်။ အဲဒီလိုနေကြတုန်း စစ်ကြီးဖြစ်လာလို့ သူ့ယောက်ျားဟာ စစ်ထဲပါသွားပြီး တိုက်ပွဲမှာ ကျဆုံးခဲ့ပါတယ်။ ဒါနဲ့ သူလဲ သူ့မိဘတွေရှိရာ သူ့သမီးလေးနဲ့အတူ ပြန်နေခဲ့ရာက အဲဒီသူနေတဲ့ ယူကရိန်းအရှေ့ပိုင်းတစ်ခုလုံးကို ဂျာမန်တွေ သိမ်းပြီး ဂျူးမှန်သမျှကို အကုန်ဖမ်း အကုန်သတ် လုပ်လာတာနဲ့ သူတို့သားအမိဟာ အခြားတစ်တနေရာကို ထွက်ပြေးခဲ့ကြရပြန်ပါတယ်၊ ဒီလိုနဲ့ မြို့တစ်မြို့ကိုရောက်ခဲ့ကြပြီး အဲဒီမြို့မှာဘဲ နီနာဟာ သူ့ယောက်ျားနဲ့ လက်ထပ်ခဲ့တဲ့ စာချုပ်စာတမ်းတွေကို အသုံးပြုပြီး သူ့ကိုယ်သူ ရုရှားအမျိုးသမီး တစ်ယောက်အနေနဲ့ ရုပ်ဖျက်နေခဲ့ရပါတယ်။

ဒါပေမယ့် နီနာအဖြစ်ကလည်း ဆိုးပါတယ်။ အဲဒီလို ဂျူးအဖြစ်ကနေ ရုရှားမတစ်ယောက်လို ဟန်ဆောင်နေရာက တစ်နေ့တော့ သူ့နောက်ကြောင်း ရာဇဝင်ကိုသိတဲ့ လူတစ်ယောက်က ဂျာမန်တွေကို သွားပြီး လက်တို့တာနဲ့ တစ်ခါ အဲဒီမြို့က ထွက်ပြေးခဲ့ရရှာပြန်ပါတယ်။ အဲဒီလိုတစ်မြို့ကတစ်မြို့၊ တစ်နေရာကတစ်နေရာ ပြေးရင်းလွှားရင်းနဲ့ သူ့သမီးကလေးဟာ နဂိုက ချူခြာတဲ့ ကလေးဆို တော့ ခရီးပမ်း အားပြတ်ပြီး မာမကျန်း ဖြစ်ရာက လေးနှစ်သမီး အရွယ်မှာပဲ ဆုံးသွားခဲ့ရ ရှာပြန်ပြန်ပါတယ်။



နောက်ဆုံးတော့ ဖြစ်ချင်တာဖြစ်ဆိုတဲ့ သဘောနဲ့ ဂျာမန်နယ်မြေထဲ ရုရှားအမျိုးသမီးတစ်ယောက်လို ဟန်ဆောင်ပြီး ဝင်လာခဲ့ရာက ဒီမြို့ ဒီနေရာမှာ အလုပ်ဝင်လုပ် နေခဲ့ရတာပါ။

နီနာဟာ တစ်ချက်တစ်ချက် ရှိုက်ရင်း ရှိုက်ရင်းနဲ့ သူ့အဖြစ်မှန်နဲ့ သူ့ဘဝခရီးလမ်းကြောင်းကို အဲဒီလို ပြောပြရှာပါတယ်။ ကျွန်မဖြင့် နီနာ့အကြောင်းကို နားထောင်ရင်းနဲ့'ဪ လောကမှာ ငါ့အဖြစ်ငါ ဆိုးလှပြီအောက်မေ့နေတာ ငါ့ထက် ဆိုးတဲ့လူတွေ ရှိပါသေးလား'ဆိုပြီး ကိုယ့်ကိုယ်ကို နှစ်သိမ့်အားတင်းမိပါတယ်။

အဲ . . အဲဒီနောက်တော့ ကျွန်မက ကျွန်မရဲ့ လိုရင်းအချက်ကို ပြောပြပါတယ်။ ဂက်စတာပိုက ကျွန်မကို နီနာနဲ့ ပတ်သက်လို့ ထောက်လှမ်းခိုင်းထားတဲ့အကြောင်း၊ တစ်ပတ် တစ်ကြိမ် ဂက်စတာပိုရုံးချုပ်ကို အစီရင်ခံစာရေးပြီး သတင်းပေးနေရတဲ့အကြောင်းနဲ့ အဲဒီအစီရင်ခံစာတွေထဲမှာ ကျွန်မ ဘာတွေ ရေးခဲ့တယ် ဆိုတာပါ နီနာ့ကို ပြန်ပြောပြရပါတယ်။ အဲဒါနဲ့ တဆက်တည်း ဂက်စတာပိုရဲ့ ညွှန်ကြားချက်အရ နီနာနဲ့ပတ်သက်လို့ နောက်ဆုံး အဖြေကို ပေးရတော့မယ့် အကြောင်း၊ ဒီအဖြေကို ကြည့်ပြီး ဂက်စတာပိုက ဆုံးဖြတ်မှာ ဖြစ်တဲ့အကြောင်း ဒါကြောင့် တကယ်လို့ နီနာဟာ ဂက်စတာပိုက သတင်းရထားတဲ့ အတိုင်း ဂျူးဖြစ်နေရင်လည်း ဘဝတူချင်းမို့ ကျွန်မ အနေနဲ့ အစွမ်းကုန် အကာအကွယ်ပေးမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အခုလို ကျွန်မ အကြောင်းကို ကျွန်မ ယုံယုံကြည်ကြည်နဲ့ ဖွင့်ပြောရတဲ့ အကြောင်း အစကနေ အဆုံးအထိ 'နုတ်သံနှော'ရတာပေါ့ရှင်။

အဲဒီနောက် သူနဲ့ကျွန်မနဲ့ ဂက်စတာပိုရုံးချုပ်ကို ကျွန်မ နောက်ထပ်ရေးပို့ရမယ့် အစီရင်ခံစာနဲ့ပတ်သက်လို့ ဘာတွေ ထည့်ရေးသင့်တယ် ဘာတွေ ထည့်မရေးသင့်ဘူးဆိုတာ နှစ်ယောက်သား ခေါင်းချင်းရိုက်ပြီး တိုင်ပင်ကြပါတယ်။ အထူးသဖြင့် အဲဒီ စာထဲမှာ ကျွန်မနောက်ဆုံး စုံစမ်းလို့ရတဲ့ အချက်အလက်တွေအနေနဲ့ နီနာရဲ့ ငယ်ငယ်ကနေခဲ့ ထိုင်ခဲ့ပုံတွေ၊ ကျောင်းနေတုန်းက ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တွေနဲ့ အခြား လိုအပ်တာတွေကို ထည့်ရေးဘို့ သဘောတူကြပါတယ်။ အတိုချုပ်သဘောကတော့ အဲဒီအစီရင်ခံစာထဲမှာ နီနာဟာ ဂျူးမဟုတ်ပါဘူးဆိုတာ ဂက်စတာပိုတွေစိတ်ထဲမှာ မသိမသာရော၊ သိသိသာသာပါ ယုံကြည်လာစေမယ့် အချက်အလက်မှန်သမျှ ထည့်ရေးကြဖို့ပါပဲ။

အဲဒီနေ့ကတော့ ကျွန်မတို့နှစ်ယောက်စလုံးဟာ အခန်းထဲကအပြင်ကို လုံးဝမထွက်တော့ပါဘူး။ တစ်နေ့လုံး အခန်းအောင်းပြီး ရှေးဟောင်းနှောင်းဖြစ်တွေ ပြောလိုက်ကြ၊ နောင်ရေးအတွက် ကြံပြီး ကိုယ်ထင်ရာမြင်ရာ ပြောလိုက်ကြနဲ့ တစ်နေကုန်တစ်နေခမ်းပါပဲ။ နောင်ရေးဆိုလို့ ပြောရဦးမယ်။ အဲဒီနေ့က ကျွန်မ နီနာ့ကို နောက်ဆုံးစကားအနေနဲ့ အဲဒီ နောင်ရေးကို အကြောင်းပြုပြီး ပြောခဲ့ပါသေးတယ်။

"အဲဒီတော့ နီနာ၊ ကျွန်မ တစ်ခု ပြောထားရဦးမယ်။ တကယ်လို့များ ကျွန်မကိုဖမ်းမိသွားရင် နီနာနဲ့ပတ်သက်လို့ ဂက်စတာပိုရုံးချုပ်ကို ကျွန်မပို့ခဲ့တဲ့ အစီရင်ခံစာတွေကို ပြပြီး ကျွန်မ သူတို့အပေါ်မှာ လိမ်ခဲ့ညာခဲ့တယ်လို့ စွပ်စွဲကြမှာ သေချာတယ်။ တကယ်လို့ ကျွန်မ အဖမ်းမခံရဘဲ နီနာ အဖမ်းခံရရင်လည်း ဒီပြဿနာ



ပေါ်မှာပဲ။ ကျွန်မနဲ့အတူ ပေါင်းပြီး သူတို့ကို တစ်ပတ်ရိုက်ခဲ့တယ်လို့ နီနာ့ကို စွဲချက်တင်ကြမှာပဲ။ အဲဒီတော့ ဘာပဲဖြစ်ဖြစ် ကျွန်မကို ဖမ်းသွားပြီး ဒီကိစ္စ ဒီကိစ္စတွေကို ကျွန်မက ဖော်ပြပြီးပါပြီ ဆိုလို့တော့ နီနာ . . လုံးဝ မယုံပါနဲ့နော်။ ကျွန်မဘယ်တော့မှ သစ္စာမဖောက်ပါဘူး။ သူတို့ ဘယ်လောက်ပဲ ညှင်းဆဲ ညှင်းဆဲ ကျွန်မဒါတွေကို လုံးဝဖော်ကောင်မလုပ်ဘူးဆိုတာ သစ္စာဆိုပါတယ်။ တကယ်လို့ နီနာ့ကို 'ကက်တာရီးနားက ဒီအချက် ဒီအချက်တွေကို ဖွင့်ပြောပြီးပြီ။ ဟောဒီမှာ ကြည့်' ဆိုပြီး ကျွန်မ ရေးတဲ့ စာရွက်လိုလို ဖြောင့်ချက်လိုလို စာရွက်စာတန်းတွေ ထုတ်ပြရင်တောင် မယုံပါ နဲ့နော် . . "

နီနာကလည်း ကျွန်မပြောတာကို သဘောပေါက်တဲ့ အနေနဲ့ ခေါင်းတဆတ်ဆတ်ညိတ်ပြီး 'အေးပါဟယ် . . စိတ်ချပါ၊ ငါ့အပေါ် နင်သစ္စာရှိသလို ငါကလည်း နင့်အပေါ် ဘယ်တော့မှ သစ္စာမဖောက်ပါဘူး'လို့ ပြောရှာပါတယ်။

ဒီလိုနဲ့ ထုံးစံအတိုင်းအချိန်ကျတော့ ဂက်စတာပိုကို အစီရင်ခံစာတစ်စောင် ရေးတင်လိုက်ပြန်ပါတယ်။ အဲဒီအစီရင်ခံစာထဲမှာကျွန်မနဲ့ နီနာနဲ့တိုင်ပင်ထားတဲ့ အချက်အလက်တွေ ရေးထည့်ထားပြီး နောက်ဆုံးကျမှ 'ကျွန်မအနေဖြင့် ယခုအချိန်တွင် နီနာအား ဂျူးမဟုတ်ဟူ၍ တစ်ထစ်ချ ဆိုနိုင်ပါသော်လည်း ထိုသို့ တစ်ထစ်ချဆိုရန်မှာ အချိန်စောလွန်းသေးသည်ဟု ယူဆမိပါသည်' ဆိုပြီး တကယ့်ပညာရှိ လေသံမျိုးနဲ့ခပ်တည်တည် ရေးလိုက်ပါတယ်။

အဲဒီအစီရင်ခံစာလည်း ရေးပြီးရော နောက်တစ်ပတ် အစီရင်ခံစာကျတော့ ဒီကိစ္စကို အပြတ်ရှင်းမှ ဖြစ်တော့မယ် ဆိုပြီး နောက်

ဆုံးရေးခြင်းအနေနဲ့ ရေးချလိုက်ပါတယ်။ 'ကျွန်မတို့ နှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် ပို၍ ရင်းနှီးလာခဲ့ကြပါတယ်။ သူက သူ့အဖြစ်အပျက်များကို ကျွန်မအားတစ်လုံးမကျန် ပြောပြခဲ့သည့်နည်းတူ ကျွန်မကလည်း ကျွန်မဘဝကို အစအဆုံး သူ့အား ပြောပြခဲ့ပါသည်။ သို့ဖြစ်၍ ယခုအခါတွင် သူ့အား ဂျူးအမျိုးသမီး တစ်ယောက်ဟူ၍ သံသယဖြစ်ဘွယ်ရာ လုံးဝ မရှိကြောင်း ကျွန်မအနိုင်အမာ တင်ပြအစီရင်ခံလိုပါသည်' ဆိုပြီး တကယ့် အစိုးရဌာနတစ်ခုက အစီရင်ခံစာ ရေးပုံရေးနည်းအတိုင်း စကားကြီး စကားကျယ်တွေသုံးပြီး ရေးလိုက်ပါတယ်။

အဲဒီလိုရေးလိုက်ပြီးတဲ့နောက် ကျွန်မလည်း မသိမသာစောင့်ကြည့်နေခဲ့ပါတယ်။ ဒီကြားထဲမှာကျွန်မကို ခေါ်တွေ့လိမ့်မယ်ထင်တာလည်း ခေါ်မတွေ့ပါဘူး။ ဒါနဲ့ နောက်တစ်ပတ် ပြည့်သွားတော့ ကျွန်မလည်း အစီရင်ခံစာ ထပ်မရေးတော့ဘဲ ဒီအတိုင်းနေလိုက်ပါတယ်။ တကယ်လို့ အဲဒါကို ခေါ်မေးရင်လည်း ကျွန်မ ဟိုတစ်ပါတ်က အစီရင်ခံစာဟာ ကျွန်မရဲ့နောက်ဆုံး အဆုံးအဖြတ်မို့ နောက်ထပ် အစီရင်ခံစာ မရေးတာပါလို့ ပြောဖို့စီစဉ်ထားပါတယ်။

ဒါပေမယ့် တနင်္ဂနွေတစ်ပတ်ကနှစ်ပတ်၊ နှစ်ပတ်က သုံးပတ်ကြာလာတဲ့အထိ ကျွန်မကို ဂက်စတာပိုက ခေါ်လဲ မတွေ့ အစီရင်ခံစာထပ်ပို့ဖို့လည်း မညွှန်ကြားဘဲနေတော့ နီနာနဲ့ပတ်သက်လို့ ကျွန်မရဲ့ ထင်မြင်ယူဆချက်ကို သူတို့ကျေကျေနပ်နပ်နဲ့ လက်ခံသွားကြပြီလို့ ယူဆလိုက်ကြပါတယ်။ ဟုတ်လည်း ဟုတ်ပါတယ်။ သူတို့ဆီက နောက်ထပ် ဘာသံမှ မကြားရတော့ပါဘူး။ ဘာမှလဲ မလာတော့ပါဘူး။



ဒီလိုနဲ့အဲဒီကိစ္စဟာ နောက်ထပ် ဘာမှမဖြစ်တော့ဘဲ ပြီးသွားပြီ ဆိုတာလည်း သိရရော ကျွန်မနဲ့ နီနာဟာ အဲဒီနေ့က နှစ်ယောက်သား အားရပါးရဖက်ပြီး တစ်ယောက်မျက်နှာတစ်ယောက် အဓိပ္ပာယ်ရှိရှိနဲ့ ပြုံးပြုံးကြီးကြည့်မိကြပါတယ်။

"ငါဖြင့် အခုမှပဲစိတ်အေးရတော့တယ်ဟယ် . ."

"ကျွန်မက ပိုပြီး ဝမ်းသာတာပေါ့ နီနာရယ်။ သေသေချာချာ စဉ်းစားကြည့်တော့လည်း ကျွန်မတို့ နှစ်ယောက်ရဲ့ အဖြစ်က ပြောရင် ယုံနိုင်စရာတောင်မရှိပါဘူး။ တကယ်ပါပဲ။"

## ထိတ်စရာလန့်စရာ မေးခွန်းများ

ဘာလိုလိုနဲ့ ကျွန်မအိမ်ကထွက်လာခဲ့တာ နှစ်နှစ်တောင်ကျော်လာခဲ့ပါပြီ။ တကယ်ဆိုတော့လဲ အဲဒီနှစ်နှစ်ဆိုတာ ကျွန်မအနေနဲ့ မနေ့တစ်နေ့ကလိုပဲ ထင်ရပါတယ်။ ကျွန်မအိမ်က ထွက်လာတဲ့နေ့က အမေတို့အဖေတို့ မောင်လေးတို့ကို နှုတ်ဆက်ခဲ့တာတွေဟာ မနေ့တစ်နေ့ကလိုပဲ မျက်စိထဲမှာ မြင်နေမိပါသေးတယ်။

"တစ်ကယ်တော့ သမီးရယ်၊ ဒီစစ်ကြီး ပြီးသွားတဲ့အခါကျတော့ အမေတို့မိသားစုထဲက သမီးတစ်ယောက်ပဲ အသက်မသေဘဲ ကျန်ချင်ကျန်နေမှာပါ"

အမေနဲ့ ကျွန်မနဲ့ နောက်ဆုံးခွဲခါနီးမှာ အမေပြောလိုက်တဲ့စကားကိုလည်း အခုထက်ထိ ကျွန်မနားထဲမှာ ကြားယောင် နေမိပါသေးတယ်။ ဪ . . . အမေ အမေ၊ အဲဒီတုန်းက အမေ ပြောခဲ့သလို အခုဆိုရင် အမေတို့အဖေတို့ မောင်လေး ယာကောတို့



ရှိမှရှိကြသေးရဲ့လား။ အကုန်လုံးပဲ အသတ်ခံကြရပြီလား မသိပါဘူး။ ကြားရတဲ့ သတင်းတွေအရဆိုရင်တော့ အမေတို့တတွေ လူပြည်မှာ မရှိတော့ဘူးဆိုတာ သေချာသလောက်ပဲ။ ဒီလိုဆိုတော့လည်း အမေနိမိတ်ဖတ်ခဲ့သလို "အမေတို့မိသားစုထဲက သမီးတစ်ယောက်ပဲ အသက်မသေဘဲ ကျန်ချင်ကျန်နေမှာ" ဆိုတာ မှန်များမှန်နေပြီလား အမေရယ်"

အမေတို့အကြောင်းကို အဲသလို ရောက်တတ်ရာရာတွေးနေရင်းက ကျွန်မတို့နဲ့တကွ လူတွေအားလုံးကို ဒုက္ခပေးနေတဲ့ ဒီစစ်ကြီးအကြောင်းကိုလည်း ပြန်စဉ်းစားကြည့်မိပါတယ်၊ အဲဒီကျတော့လည်း ကျွန်မအတွက် နှစ်နှစ်ဆိုတဲ့ အချိန်ဟာ ဘာမှမပြောပလောက်ပေမယ့် ဒီစစ်ကြီးရဲ့ အခြေအနေကတော့ နှစ်နှစ်အတွင်းမှာ သိသိသာသာကြီး ပြောင်းလဲလာနေပြီဆိုတာ သတိထားလာမိပါတယ်။

ဟုတ်ပါတယ်။ လွန်ခဲ့တဲ့ နှစ်နှစ်လောက်က အောင်ပွဲတွေတစ်ပွဲပြီးတစ်ပွဲ ရလာခဲ့တဲ့ ဂျာမန်တွေဟာ အခုဆိုရင် တစ်ပွဲပြီးတစ်ပွဲ အရှုံးနိမ့်နေပြီလို့ ကြားနေရပါတယ်။ အထူးသဖြင့် အခုဒီနှစ် ဆောင်းရာသီမှာ ဂျာမန်တပ်တွေဟာ ရုရှားတပ်တွေရဲ့လက်ချက် နဲ့ အတုံးအရုံးကျဆုံးပြီး အလူးအလဲ ခံခဲ့ရတယ်လို့ သိရပါတယ်။ လွန်ခဲ့တဲ့ ဖေဖော်ဝါရီလထဲကပဲ စတာလင်ဂရက်တိုက်ပွဲမှာ ဂျာမန် တပ်ကြီးတွေ တပ်လုံးပြုတ်ပြီး နလံမထူနိုင်အောင် ခံခဲ့ကြရတယ်ဆိုတဲ့ သတင်းလည်း ကျွန်မတို့စခန်းကို လျှို့ဝှက်ပြီး ရောက်လာခဲ့ပါတယ်။

ဒီတိုင်းသာဆိုရင်တော့ ဒီဂျာမန်ဖက်ဆစ်တွေဟာ သက်ဆိုးမရှည်တော့ဘူးလို့ အောက်မေ့ရတာပါပဲ။ ဒီနေရာမှာ မှန်တာ

ပြောရရင် သူတို့အတွက် သက်ဆိုးရှည်တာ မရှည်တာထက် ကျွန်မတို့အတွက် သက်ဆိုးရှည်ဖို့က ပိုပြီး အရေးကြီးပါတယ်။ ဟုတ်လည်းဟုတ်ပါတယ်။ စစ်ကြီး ပြီးကာနီးလေလေ တိုက်ပွဲတွေ ပိုပြင်းထန်ပြီး အခြေအနေဆိုးလေလေ ဖြစ်လာမယ် မဟုတ်လား။ အဲဒီတော့ အဲဒီလိုအခြေအနေဆိုးဆိုးဝါးဝါး ဖြစ်နေရတဲ့ကြားထဲက ကျွန်မတို့ အသက် မသေအောင်ပိုပြီး သတိထားနေကြဖို့ အရေးကြီးတာပေါ့ရှင်။

အဲဒီလို တစ်နေ့တစ်ခြား ပြောင်းလဲလာနေတဲ့ အခြေအနေတွေကြောင့် ကိုယ့်ကိုယ်ကို သတိထားနေတုန်းမှာပဲ အဲဒီ အခြေအနေဟာ တစ်ခြားနေရာတင် ပြောင်းလဲတာ မဟုတ်တော့ဘဲ ကျွန်မအတွက်ပါ အပြောင်းအလဲ ဖြစ်လာပါတော့တယ်။

ဖြစ်လာတဲ့ အပြောင်းအလဲက ဒီလိုပါ။

ကျွန်မတို့ အခုနေတဲ့ လင့်ဇ်မြို့မှာ ကျွန်မစောစောက ပြောခဲ့တဲ့ လက်နက်စက်ရုံကြီးတစ်ရုံ ရှိပါတယ်။ အဲဒီလက်နက်ရုံကြီးဟာ ဘယ်လောက်အရေးကြီးပြီး ဘယ်လောက် ကြီးကျယ်လိုက်သလဲဆိုတော့ ဟစ်တလာရဲ့ညာလက်ရုံးဖြစ်တဲ့ ဂိုအားရင်းကိုယ်တိုင် အုပ်ချုပ်ကွပ်ကဲတဲ့အထိပါပဲ။

ကျွန်မဟာ အဲဒီလက်နက်ရုံကြီးကို ကျွန်မတို့ရုံးက အလုပ်သမားကိစ္စတွေနဲ့ပတ်သက်လို့ မကြာခဏရောက်ဖူးပါတယ်။ အဲဒီလို ရောက်သွားရင်းနဲ့ ခေါင်းဆောင်ကြီးဂိုအားရင်းရဲ့ လက်ထောက်ဖြစ်တဲ့ လက်နက်ရုံကြီးကြပ်ရေးမှူးက ကျွန်မကို သူတို့ဆီမှာ အလုပ်ပြောင်းလုပ်ဖို့ နှစ်ခါသုံးခါ ဆွေးနွေးဖူးပါတယ်။ ပထမတော့ ကျွန်မလည်း ဒီကိစ္စကို ခေါင်းထဲ မထည့်ပါဘူး။ အမှတ်တမဲ့ပဲ နေခဲ့ ပါတယ်။ ဒါပေမယ့် အဲဒီလက်နက်ရုံမှာ တစ်ခါ



တစ်ခါ အရေးကြီးတဲ့ အလုပ်သမားတစ်ယောက် လိုနေတဲ့အခါမျိုး ဥပမာ ဆိုပါတော့ရှင်။ ဂဟေဆော်တဲ့ဘက်မှာ ကျွမ်းကျင်တဲ့ အလုပ်သမားမျိုးလို၊ ဒါမှမဟုတ် သံရေကျိုတဲ့နေရာမှာ တကယ် ဝါရင့်တဲ့ အလုပ်သမားမျိုးလို၊ အထူးအလုပ်သမားတွေကို လို ချင်ပြီဆိုရင်လည်း လက်နက်ရုံကြီးကြပ်ရေးမှူးက ကျွန်မဆီ ဖုန်းဆက်ပြီးအကူအညီ တောင်းတတ်ပါတယ်။ ဒီလိုနဲ့ အဲဒီ လက်နက်ရုံ အုပ်ချုပ်ရေးပိုင်းမှာ ကျွန်မဟာ ယုံကြည်စိတ်ချ အားကိုးရတယ်၊ စေ့စပ်သေချာတယ်၊ အလုပ် တာဝန် ကျေပွန်တယ်ဆိုပြီး အချောက်တိုက် သတင်းကြီးနေခဲ့ပါတယ်။

ဒါနဲ့ နောက်ဆုံးတော့ တိုတိုပြောရရင် ကျွန်မတို့ အလုပ်သမားမှတ်ပုံတင်ရုံးက အရာရှိထက်ပိုပြီး ရာထူးကြီးတဲ့ အဲဒီ လက်နက်ရုံက ကြီးကြပ်ရေးမှူး လောတာမင်းဆိုတဲ့ အရာရှိက ကျွန်မကို သူတို့အလုပ်ရုံ ပြောင်းခဲ့ရမယ်ဆိုပြီး အထက်အမိန့်နဲ့ ခေါ်တော့တာပါပဲ။

တကယ်တော့ လက်နက်ရုံကို ကျွန်မ လုံးဝမပြောင်းချင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အရင်တစ်ခါကျွန်မပြောဖူးသလို ဒီလက်နက်ရုံလိုနေရာမျိုးမှာက ပိုလန်၊ ရုရှား၊ ယူကရိန်းစတဲ့ နိုင်ငံခြားသား အလုပ်သမားတွေနေ့စဉ် ဝင်ထွက်နေကြလို့ပါပဲ။ မတော်တဆ တစ်နေ့နေ့မှာ အဲဒီအလုပ်သမားတွေထဲက ကျွန်မအကြောင်းကိုကောင်းကောင်းကြီး သိထားတဲ့ လူတစ်ယောက်ယောက်များပါလာရင် ဒုက္ခရောက်ရချည်ရဲ့ဆိုပြီး အဲဒီလိုနေရာမျိုးကို တမင်မလုပ်ဘဲ ရှောင်နေခဲ့တာပါ။ အခုဆိုရင် အဲဒီပြဿနာအပြင် နီနာတို့ ကလာဗာတို့နဲ့ ပျော်ပျော်ပါးပါးအတူ

နေနေရာက သူတို့နဲ့ခွဲပြီး လက်နက်ရုံဝင်းထဲကို ပြောင်းဖို့ ဆိုတာလဲ ကျွန်မအတွက် ဧရာမပြဿနာကြီးပါ။

ဒါပေမယ့် ကျွန်မတို့ အလုပ်သမားရုံးက အရာရှိ ဆိုက်ဖက်ကိုယ်တိုင်က လက်နက်ရုံက ကြီးကြပ်ရေးမှူးဖြစ်တဲ့ လော်တာမင်းကို ဘာတစ်ခွန်းမှ ပြန်မပြောရဲဘဲ ဖြစ်နေတော့ ကျွန်မလို သာမန် အလုပ်သမားတစ်ယောက်အနေနဲ့ ဒီကိစ္စမှာ ဘယ်သူ့ကို ဘာသွား ပြောလို့ ဖြစ်ဦးမှာလဲ။

ဒီလိုနဲ့ကျွန်မဟာ အလုပ်သမားမှတ်ပုံတင်ရုံးကနေပြီး လက်နက်ရုံကို မပြောင်းချင်ပြောင်းချင်နဲ့ ပြောင်းလာခဲ့ရပါတယ်။ နီနာတို့ ကလာတာလို့နဲ့လဲ မခွဲချင်ဘဲ ခွဲလာခဲ့ရတာပေါ့ရှင်။

ဒါပေမယ့် 'တစ်ရွာမပြောင်း သူကောင်းမဖြစ်'ဆိုတဲ့ စကားဟာကျွန်မအတွက် မှန်များမှန်နေသလား မပြောတတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အလုပ်သမားမှတ်ပုံတင်ရုံးက လက်နက်ရုံကို ရောက်လာပြီးတဲ့ နောက်ပိုင်းမှာ ကျွန်မအခြေအနေဟာ ပိုပြီး ကောင်းလာလို့ပါပဲ။ အခြေအနေ ပိုကောင်းလာတယ်ဆိုတာက တစ်ခြားတော့မဟုတ်ပါဘူး။ ကျွန်မဟာ အထက်လူကြီးတွေရဲ့ အရေးပေးမှုကို ပိုပြီး ရလာခဲ့တာပါပဲ။

အဲဒီလို သူများတကာထက် ပိုပြီး အရေးပေးခံရတယ်ဆိုတာကတော့ တစ်ခြားကိုမကြည့်ပါနဲ့၊ ကျွန်မအတွက် ကျွန်မတစ်ယောက်တည်း သီးသန့်နေဖို့ အခန်းတစ်ခန်း သပ်သပ် ပေးထားတာကို ကြည့်ရုံနဲ့ သိလောက်ပါတယ်။ ကျွန်မကို ဒီလို သီးသန့်အခန်းတစ်ခန်းရအောင် စီစဉ်ပေးမယ်ဆိုတာလည်း ကျွန်မ ဒီအလုပ်ရုံကို မပြောင်းခင်ကတည်းက ကြီးကြပ်ရေးမှူး လော်တာမင်းကိုယ်တိုင် ကတိပေးခဲ့တာပါ။



သူကတိ ပေးခဲ့တဲ့အတိုင်း ကျွန်မဟာလက်နက်ရုံကို ပြောင်းလာခဲ့ပြီး အခန်းရှာမရခင် ဆယ့်လေးငါးရက်လောက်ပဲ အမျိုးသမီးအဆောင်မှာ နေခဲ့ရပါတယ်။ နောက်အခန်းရှာလို့လည်းတွေ့ရော ကျွန်မလဲဒီအခန်းကို ရွှေ့လာခဲ့တာပါပဲ။

ကျွန်မရဲ့အခန်းက သီးသန့်ခန်းဆိုတဲ့အတိုင်း အမျိုးသမီးအဆောင်တွေနဲ့ တစ်ခြားစီပါ။ အဲဒီ အဆောင်တွေနဲ့ မလှမ်းမကမ်း ဂိတ်အဝင်ဝနားမှာ သီးခြားဆောက်ထားတဲ့ အဆောက်အဦ ကလေးတစ်ခုပါပဲ။ အဲဒီအဆောက်အဦကလေးရဲ့ ရှေ့ဘက်မျက်နှာစာပိုင်းကို စာတိုက်အဖြစ်နဲ့ အသုံးပြုထားပြီး၊ နောက်ဘက်ပိုင်းမှာတော့ အခန်းကလေးနှစ်ခန်း ဖွဲ့ထားပါတယ်။ အဲဒီ နှစ်ခန်း ထဲကတစ်ခန်းကို ကျွန်မနေရပြီး၊ ကျန်တဲ့အခန်းကိုတော့ တစ်ခြား အမျိုးသမီးတစ်ယောက် နေပါတယ်။

ကျွန်မနဲ့ အခန်းချင်းကပ်နေတဲ့ အမျိုးသမီးက အသက်ကြီးလှပါပြီ။ နာမည်က မက်စ်လို့ခေါ်ပါတယ်။ သူနဲ့ အခန်းချင်းကပ်နေတယ်လို့သာ ဆိုရတယ်။ သူနဲ့ တစ်နေ့တစ်ခါတောင် လူချင်းမတွေ့ မိပါဘူး။ တစ်နေ့တစ်ခါဆိုတာ ထားပါဦး။ တစ်လလုံးလုံးနေမှ သူနဲ့ ကျွန်မနဲ့ မရှောင်မလွှဲသာ အဆက်အသွယ် လုပ်ဖြစ်တာကတော့ ညဘက်တစ်ခါတစ်ခါ ကျွန်မအခန်းမှာ မိုးချုပ်တဲ့အထိ ဧည့်သည်တွေရှိနေတဲ့ အချိန်အခါမျိုးပါပဲ။ အဲဒီလို အချိန်အခါမျိုးကျရင် အဲဒီ မိန်းမကြီးက ဟိုဘက်ခန်းကနေပြီး နံရံကိုတဘုံးဘုံးနဲ့ပုတ်ရင်း . . 'ကက်တာရီးနား . . ညည်းဧည့်သည်တွေက ဒီညပြန်ကြဦးမှာလား . . .'ဆိုပြီး လှမ်းအော်ပြောလေ့ရှိပါတယ်။ သူနဲ့ဆက်သွယ်မှုကတော့ ဒါလောက်ပါပဲ။

ကျွန်မအခန်းကလေးက နည်းနည်းတော့ ကျဉ်းတယ်လို့ ဆိုရပါမယ်။ ဒါပေမယ့် အခန်းထဲမှာ ခုတင်မီးဖို တစ်လုံးရှိတယ်၊ အိပ်ဖို့ကုတင် ကောင်းကောင်းတစ်လုံးလည်း ရှိတယ်၊ ပြီးတော့ ကုလားထိုင်တစ်လုံးနဲ့ အလှပြင်တဲ့ မှန်တင်ခုံတစ်ခုလည်း ရှိပါတယ်၊ အခုလို အချိန်အခါနဲ့ အခုလို အခြေအနေမျိုးမှာ ဒီပစ္စည်းတွေဟာ ကျွန်မအတွက် တကယ့်အထက်တန်းကျတဲ့ ပစ္စည်းတွေလို့ ဆိုရမှာပါပဲ။

နီနာတို့နဲ့ တစ်ခန်းထဲ သုံးယောက် နေလာခဲ့ရာက၊ အခုလို အခန်းတစ်ခန်းထဲမှာ တစ်ယောက်တည်း နေရမယ်ဆိုတော့ ရုတ်တရက် ကြောက်သလို ရွံ့သလိုလို ဖြစ်မိပါသေးတယ်။ ဒါပေမယ့် နံရံတစ်ချပ်ခြားနေတဲ့ ဟိုဘက်ခန်းမှာအမျိုးသမီးကြီးတစ်ယောက်လုံး ရှိနေတာပဲဆိုပြီး စိတ်ကို အားတင်းထားပါတယ်။

အဲဒီလိုနဲ့ ကျွန်မအခုရတဲ့ အခန်းကလေးအတွက် လိုအပ်တဲ့ အသုံးအဆောင် တိုလီမိုလီပစ္စည်းတွေရှာပြီး အခန်းကို မွမ်းမံပြင်ဆင်ရတာနဲ့ လေးငါးဆယ်ရက်လောက် အလုပ်များသွားပါတယ်၊ စားပွဲခင်းတစ်ထည်၊ ခန်းဆီးစနှစ်စနဲ့ အခြားပန်းကန်ခွက်ယောက်တွေ ရှာရ၊ ဖွေရ၊ ဝယ်ရ၊ ခြမ်းရ၊ တောင်းရ၊ ရမ်းရတာအမောပါပဲ။

နီနာတို့ ကလာဇာတို့ကလည်း ကျွန်မအခန်းကလေးကို လာကြည့်သွားကြပြီး 'နေရာကျတယ်ဟေ့' လို့ ပြောသွားကြပါတယ်။ ပြီးမှ နောက်တစ်ခါလာတော့ ကျွန်မအတွက် လက်ဆောင်ပစ္စည်းလေးတွေယူလာကြပါတယ်၊ ကာလပ်စ်ကလည်း အိမ်သုံး ပစ္စည်းလေးတွေ လာပေးရုံတင် မကပါဘူး၊ ပန်းကန်တွေ ဘာတွေတင်ဖို့ စင်ကလေးတစ်ခုတောင် လုပ်ပေးသွားပါသေးတယ်။



ဒါ့ထက် ကာလပ်စ်ဆိုလို့ ပြောလိုက်ဦးမယ်၊ ကာလပ်စ်နဲ့ နီနာတို့ မိတ်ဆက်ပေးလို့ ကျွန်မနဲ့ ရင်းနှီးခဲ့ရတဲ့ စလာဗက်ကို မှတ်မိဦးမှာပေါ့၊ အဲ . . အဲဒီစလာဗက်ဆိုတဲ့ မောင်မင်းကြီးသားတစ်ယောက်တော့ ကျွန်မဆီ လုံးဝမလာတော့ပါဘူး၊ သူမလာတာလဲ ဆန်းတော့မဆန်းပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ လွန်ခဲ့တဲ့ ခြောက်လကျော် ခုနှစ်လလောက်ကတည်းက ကျွန်မသူနဲ့ အတွဲဖြုတ်ပစ်ခဲ့လို့ ပါပဲ၊ အဲဒီလိုသူနဲ့ အတွဲဖြုတ်ပစ်လိုက်ရတာကလည်း သူ့နေပုံ ထိုင်ပုံ မကြိုက်လို့ပါ၊ အထူးသဖြင့် မိန်းကလေးတွေနဲ့ ဆက်ဆံရာမှာ သူ့သဘောက 'ငါပြုမှ နူရမဲ့ဟာတွေပါ'ဆိုတဲ့ စိတ်ထားမျိုးရှိနေတာ တွေ့ရလို့ပါ၊ ဒါတင်မကပါဘူး၊ သူ့မျက်စိအောက်မှာ မြင်မြင်သမျှ ချောချောလှလှ ကောင်မလေးတွေဆိုရင် 'ငါကြံရင်ခံနိုင်ရိုးလား . . ငါကိုင်ရင် ပိုင်ပါတယ် . . 'လို့လည်း ယုတ်ယုတ်မာမာ သဘောထားပါသေးတယ်။ အဲဒါတွေ အဲဒါတွေကြောင့် ကျွန်မသူ့ကို အတွဲဖြုတ်ပစ်လိုက်တာကြာပါပြီ၊ ဒါ့ကြောင့်လည်း အခုလက်နက်ရုံက ကျွန်မအခန်းလေးကို နီနာတို့ ကလာဇာတို့၊ ကာလပ်စ်တို့လာတဲ့အခါ သူလုံးဝ လိုက်မလာတာပါပဲ၊ ကဲပါ . . ဒါတွေထားလိုက်ပါတော့ . . ။

အဲဒီလိုနဲ့ ကျွန်မတစ်ယောက်တည်းနေတဲ့ အခန်းကလေးပေမယ့် ကျွန်မအတွက် 'အိမ်တစ်ဆောင် မီးတစ်ပြောင်'ဆိုတာမျိုး ဖြစ်နေတော့ ဒီအခန်းလေးမှာ ကျွန်မ အပေါင်းအသင်း ရောင်းရင်းတွေနဲ့ တစ်ရက်လောက်ဆုံပြီး 'ဒင်နားပါတီ' ကလေးတစ်ခု ကျင်းပရရင် ကောင်းမှာပဲလို့ စိတ်ကူးမိပါတယ်။ ဒီစိတ်ကူးကို နီနာတို့နဲ့ တိုင်ပင်ကြည့်တော့ ထုံးစံအတိုင်း ဒီအဆိုကို ကန့်ကွက်သူ မရှိဘဲ ထောက်ခံဆွေးနွေးပြီး အတည်ပြုလိုက်ကြပါတယ်။

ဒါနဲ့ရှေ့လာမယ့် စနေနေ့ကျရင် ကျွန်မရဲ့ ရင်းနှီးတဲ့ အပေါင်းအသင်းတွေကို ကျွန်မအခန်းကလေးမှာ မိတ်ဆုံညစာ စားပွဲကြွကြပါလို့ ဖိတ်လိုက်ပါတယ်။ ရင်းနှီးတဲ့အပေါင်းအသင်းဆိုတာကလဲ တစ်ခြားသူတွေမဟုတ်ပါဘူး၊ နီနာတို့ ကလာဗာတို့ အင်ညာတို့ပါပဲ။

ဟုတ်ပါတယ် ဒီပွဲမှာ အင်ညာကို မရရအောင် ခေါ်ရပါမယ်၊ မလာလာအောင် ဖိတ်ရပါမယ်၊ ကျွန်မ လက်နက်ရုံပြောင်းပြီး ဒီအခန်းကလေးရောက်ကတည်းက အင်ညာနဲ့ တစ်ခါမှ မတွေ့ရသေးပါဘူး၊ ဒါကြောင့် သူနဲ့မတွေ့တာကြာလို့ လူချင်းလဲတွေ့ရအောင် ကျွန်မအခန်းကလေးကိုလဲ ပြရအောင်ဆိုပြီး အင်ညာကို စာနဲ့ လှမ်းဖိတ်လိုက်ပါတယ်၊ သူ့ကို စနေနေ့ညနေ အရောက်လာခဲ့ပါလို့ စာထဲမှာ ထည့်ရေးလိုက်ပါတယ်။

အဲဒီညစာစားပွဲအတွက် ပြင်ရ၊ ဆင်ရ၊ ဝယ်ရ၊ ခြမ်းရတာကတော့ ကြာသပတေးနေ့လောက်ကတည်းကပါပဲ၊ နှစ်ရက်သုံးရက်လုံးလုံး ဟိုပြေး ဒီလွှား၊ ဟိုသွားဒီလာနဲ့ နားရတယ်လို့ မရှိတော့ပါဘူး၊ ဒီကြားထဲနီနာနဲ့ ကလာဗာတို့လည်း အငြိမ်မနေရပါဘူး၊ ကျွန်မက ဘာလေးလိုချင်တယ်ဆိုရင်လဲ၊ သူတို့ခမျာမျှားမလဲ ကျွန်မလိုချင်တဲ့ ပစ္စည်းကို မရရအောင်ရှာလိုက်ရတာ ဖတ်ဖတ်ကို မောနေတာပါပဲ၊ အဲဒီထဲက နီနာဟာ သူ့အစွမ်းအစနဲ့ သူ အင်မတန်ရှားပါးပြီး ဘယ်လိုမှ ရှာလို့မရနိုင်တဲ့ ပစ္စည်းတစ်ခုကို ဘယ်နေရာက ဘယ်နည်းဘယ်ပုံရအောင် ရှာလာတယ် မသိဘူး၊ ရှာလာခဲ့ပါတယ်၊ အဲဒီပစ္စည်းကတော့ တစ်ခြားမဟုတ်ပါဘူး၊ ရှန်ပိန်တစ်ပုလင်းပါပဲရှင် . .



ဒီလိုနဲ့ စနေနေ့ ရောက်လာပါတယ်၊ ညနေ ၄-နာရီသာသာလောက် အင်ညာပါလာမယ့် ရထားဆိုက်ချိန်နီးတော့ ကျွန်မ ကိုယ်တိုင် ဘူတာဆင်းပြီး ကြိုပါတယ်။ ဒါပေမယ့် ရထားဆိုက်လာတော့ အင်ညာပါမလာပါဘူး။

ကျွန်မလည်း တော်တော်လေးစိတ်မကောင်း ဖြစ်သွားမိပါတယ်။ ဒါပေမယ့် ဘယ်လိုမှ မတတ်နိုင်တဲ့အဆုံး 'ဪ . . သူ့အရေးကြီးတဲ့ကိစ္စတစ်ခုရှိနေလို့ လိုက်မလာတာဖြစ်မှာပါ . .' ဆိုပြီး စိတ်ကိုဖြေရပါတယ်၊ ဒါတောင် သူဒီလိုမလာဖြစ်ဘူးဆိုရင် ကြေးနန်းရိုက်ဖို့ ကောင်းတယ်လို့ စိတ်ထဲက ပြောမိပါသေးတယ်။

အင်ညာမလာတာနဲ့ အဲဒီနေ့က ညစာစားပွဲကို ကျွန်မတို့ သုံးယောက်ပဲ ဆင်နွှဲလိုက်ကြရပါတယ်။ အင်ညာမပါတဲ့အတွက် စိတ်မကောင်းဖြစ်ကြရတာကလွဲလို့ ညစာစားပွဲကတော့ မြိုင်မြိုင်ဆိုင်ဆိုင်နဲ့ စိုစိုပြေပြေပါပဲ၊ တစ်ယောက်နဲ့တစ်ယောက် နောက်ကြပြောင်ကြ၊ ကိုယ့်အတွေ့အကြုံကိုယ် ပြန်ပြောကြရင်း တစ်ဝါးဝါးတစ်ဟားဟား ဖြစ်နေခဲ့ကြပါတယ်။ ဝိုင်အရက်နဲ့ ရှန်ပိန်အရက်ကလေးကလည်း နည်းနည်းပါးပါးစီ သောက်ထားကြတော့ မိန်းကလေးချင်းချင်း ပြောလိုက်ကြတဲ့ 'ဟိုအကြောင်း ဒီအကြောင်း' တွေကတော့ စုံနေတော့တာပါပဲ။

ညစာစားပြီး ကော်ဖီသောက်ကြ၊ မုန့်စားကြရင်း နီနာနဲ့ကလာဗာတို့က ကျွန်မကိုဆေးလိပ်သောက် သင်ပေးကြပါသေးတယ်။ တစ်ခါမှ ဆေးလိပ်မသောက်ဘူးပဲ ရှန်ပိန်ကလေး ခပ်ထွေထွေနဲ့မို့ သူတို့တိုက်တဲ့စီးကရက်ကို ဖွာလိုက်ရှိုက်လိုက်ရင်း ကျွန်မက ချောင်းတွေ တစ်ဟွတ်ဟွတ်ဆိုး သူတို့နှစ်ယောက်က ကျွန်မကြည့်ပြီး တဝါးဝါး တဟားဟားနဲ့ ဖြစ်နေလိုက်ကြတာ . . .

နောက်ဆုံး ဟိုဘက်ခန်းက အမျိုးသမီးကြီးထလာပြီး နံရံကို တအုံးအုံးနဲ့ ပုတ်ပြီး "ဝမ်နင်"ပေးရတဲ့အဖြစ်မျိုးအထိ ရောက်သွားတော့တာပါဘဲ။

"ကက်တာရီနား. . . ဘယ်လိုလဲဟေ့. . . ညည်း သူငယ်ချင်းတွေက ဒီညပြန်ကြဦးမှာလား"

ကျွန်မတို့လဲ အဲဒီကျမှ သတိရပြီး ညစာစားပွဲကြီးကို အောင်မြင်စွာ ရုတ်သိမ်းလိုက်ကြပါတယ်။

နောက်တစ်နေ့က တနင်္ဂနွေနေ့ဆိုတော့ အင်ညာ ရောက်လာအုံးမလားလို့ ကျွန်မ မျှော်မိပါသေးတယ်။ ဒါပေမယ့် အချိန်သာ ကုန်သွားရော သူပေါ်မလာပါဘူး။ ဒါနဲ့ တနင်္လာနေ့ ရုံးပြန်တက်တော့ အင်ညာ့ဆီက အကျိုးအကြောင်းစာများ လာမလား၊ ကြေးနန်းပဲရောက်မလား၊ ဒါမှမဟုတ် တယ်လီဖုန်းနဲ့ပဲ အကြောင်းကြားမလားဆိုပြီး တစ်နေကုန် တစ်နေခန်း စောင့်နေမိပါတယ်၊ ဒါပေမယ့် အဲဒီနေ့မှာလည်း သူ့ဆီက ဘာမှအကျိုးအကြောင်း မသိခဲ့ရပါဘူး။

တကယ်တော့ အင်ညာဟာ အင်မတန် စေ့စပ်သေချာတဲ့ မိန်းမ တစ်ယောက်ပါ။ နေရာတကာမှာ ကျွန်မထက်တောင် ပိုပြီး စည်းကမ်းကြီးပါသေးတယ်။ ကျွန်မဆီက စာရေးလိုက်ရင် ကျွန်မ စာရရချင်း ချက်ခြင်း စာပြန်လေ့ရှိပါတယ်။ ဘယ်တော့မှ ဆိုင်းမနေပါဘူး ဒါပေမယ့် အခုတစ်ခါတော့ နှစ်ရက်သုံးရက် ကြာတဲ့အထိ သူ့ဆီက ဘာအကျိုးအကြောင်းမှ ပြန်စာမလာတော့ ကျွန်မ စိတ်ပူလာမိပါတယ်။ ဒါနဲ့ နောက်ထပ် စာတစ်စောင် ကောက်ရေးလိုက်ပါတယ်။ ဒါလဲဘာမှ အကြောင်းမပြန်ဘဲ ဖြစ်နေပါတယ်။



ဒီလိုနဲ့ တစ်ပတ်လောက်ကြာသွားတော့ ကျွန်မစိတ်ထဲမှာ စိတ်ပူရုံတင်မဟုတ်တော့ဘဲ သူ့အတွက် စိုးရိမ်စိတ်တောင် ဝင်လာမိပါတယ်။ အကြီးအကျယ်ဖျားပြီး အိပ်ရာထဲ လဲနေသလား၊ ဒါမှ မဟုတ် ဆေးရုံပဲတက်နေရသလား၊ အမျိုးမျိုး တွေးရတာပေါ့ရှင်။

နောက်ဆုံးတော့ သူ့ဆီကို တစ်ခါမှ ဖုန်းမဆက်ဘူးပဲနဲ့ ဒီတစ်ခါ အရဲစွန့်ပြီး ဖုန်းဆက်ကြည့်လိုက်ပါတယ်။ သူ့ဆီဆက်တယ်ဆိုတာက သူအလုပ်လုပ်နေတဲ့ လယ်ပိုင်ရှင်အိမ်ကို ဆက်ရတာပါ။

အဆင်သင့်ပဲ အဲဒီလယ်ပိုင်ရှင်ရဲ့မိန်းမနဲ့ တွေ့ရပါတယ်။ ကျွန်မက အင်ညာနဲ့စကားပြောချင်လို့ပါဆိုတော့. . .

"အင်ညာ ဒီမှာ မရှိဘူး" တဲ့။

"သူနေမကောင်းလို့လား"

"အင်ညာ ဒီအိမ်မှာ မရှိဘူး"

ဒါနဲ့ ကျွန်မက သူခဏအပြင်သွားနေတယ်လို့ပဲ ယူဆပြီး 'ဘယ်တော့ပြန်ရောက်မလဲ' လို့ မေးလိုက်ပါတယ်။ အဲဒီကျတော့လဲ တစ်ဖက်က လယ်ပိုင်ရှင်ရဲ့ အမျိုးသမီးဟာ စောစောက လေသံမျိုးနဲ့ပဲ 'ဒီအိမ်မှာ အင်ညာမရှိဘူး' ဆိုပြီး တယ်လီဖုန်းကို ချသွားပါတယ်။

ကျွန်မလည်း တော်တော်လေး အထိတ်တလန့်ဖြစ်သွားမိပါတယ်။ အင်ညာတစ်ယောက် ဘယ်လိုများ ဖြစ်နေရှာလို့လည်း ဒီလိုဆို ငါဘာလုပ်ရ ကောင်းမလဲ၊ သူ့ရှိရာကို ငါ လိုက်သွားရရင် ကောင်းမလား. . .

အမျိုးမျိုးစဉ်းစားရင်း ဘာလုပ်ရမှန်းမသိတာနဲ့ ထုံးစံအတိုင်း နီနာ့ဆီပြေးပြီး အကျိုးအကြောင်းပြောကြရပါတယ်။ နီနာက လောလောဆယ်အခြေအနေမှာ အင်ညာ့ဆီက ဘာအကျိုးအကြောင်းမှ မသိရဘဲ သူ့ဆီလိုက်သွားဖို့ မသင့်ဘူးလို့ ပြောပါတယ်။ ခုလို စိုးရိမ်ရတဲ့ အချိန်မျိုးမှာ လူကိုယ်တိုင် လိုက်သွားဖို့မပြောနဲ့ သူ့ဆီကို နောက်ထပ် စာထည့်ဖို့တောင် မသင့်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူ့မှာ အန္တရာယ်တစ်ခုခု တွေ့နေရင် ဒီစာကြောင့် အခြေအနေတွေ ရှုပ်ထွေးလာနိုင်တယ်လို့ နီနာက ပြောပါတယ်။ ဒါနဲ့ ကျွန်မလည်း နီနာပြောတာကို သဘောပေါက်ပြီး နောက်ထပ် အင်ညာဆီ စာမရေးတော့ဘဲ အခြေအနေကို စောင့်ကြည့်နေခဲ့ပါတယ်။

ဒါပေမယ့် နောက်ထပ် တစ်လကျော်ကျော်ကြာသွားတဲ့အထိ ဘာသတင်းမှမရတော့ ကျွန်မစိတ်ထဲမှာ အင်ညာအတွက် စိုးရိမ်စိတ်တွေ များသထက်များလာပြီး မအောင့်နိုင်အောင် ဖြစ်လာမိပါတယ်။ ဒါနဲ့ နီနာနဲ့ နှစ်ယောက်သား တိုင်ပင်ပြီး 'ဒီအချိန်မျိုးမှာ တယ်လီဖုန်းနဲ့ စုံစမ်းကြည့်တာ အန္တရာယ်အကင်းဆုံးပဲ' လို့ ယူဆပြီး အင်ညာနေတဲ့ စတိန်းကဲလားရွာကို ဖုန်းထပ်ဆက်ကြည့်ပါတယ်။

ဒီတစ်ခါလည်း လယ်ပိုင်ရှင်ရဲ့ မိန်းမနဲ့ပဲ တွေ့ရပြန်ပါ တယ်။

"ကျေးဇူးပြုပြီး အင်ညာနဲ့ စကားပြောပါရစေရှင်"

"အင်ညာ ဒီမှာမရှိဘူး"

အရင်လေသံမျိုးနဲ့ပဲ ခပ်ပြတ်ပြတ်ဖြေပြီး ကျွန်မက ဘာမှ ပြန်မပြောရသေးခင် တယ်လီဖုန်းကို ဂွပ်ခနဲ ပြန်ချ သွားပါတယ်။



ဒါဆိုရင် သေချာပါပြီ၊ အင်ညာတစ်ယောက် ဒုက္ခရောက်နေပြီဆိုတာ သေချာပါပြီ။ သူအဖမ်းခံနေရပြီဆိုတာ ရှင်းနေပါပြီ။

ဒါပေမယ့် သူဘာအတွက် အဖမ်းခံရတာလည်း၊ အခုသူ ဘယ်ရောက်နေသလဲ၊ အသက်ရှင်ရက်မှ ရှိသေးရဲ့လား. . .

ကျွန်မဖြင့် အင်ညာအတွက် စိတ်ပူပြီး ခေါင်းမှာ မီးတောက်နေသလားတောင် အောက်မေ့ရသေးတယ်။ သူ့ဆီက ဘာအကျိုးအကြောင်းမှလည်း မသိရ၊ သူ့ဆီကို စာရေးလို့လည်း မဖြစ်၊ လူကိုယ်တိုင် လိုက်သွားလို့လည်း မဖြစ်နဲ့ ဆို. . . ကျွန်မဖြင့် ဘာလုပ်လို့ လုပ်ရမှန်းတောင် မသိတော့ပါဘူး။

အဲဒီအထဲက 'သူအဖမ်းခံနေရပြီ' ဆိုတာ တွေးလိုက်မိတာနဲ့ တစ်ပြိုင်နက် သူ့ခမျာ ဘယ်လောက်များ စိတ်ဆင်းရဲနေရှာမလဲ။ ဂက်စတာပိုရဲ့ လူမဆန်တဲ့ ညှင်းပမ်းနှိပ်စက်မှုတွေအောက်မှာ အင်ညာတစ်ယောက် ဘယ်လောက်များ မချိမဆန့် ခံနေရရှာမလဲ လို့ စဉ်းစားပြီး သူ့အတွက် သနားလို့မဆုံး ယူကြုံးမရ ဖြစ်နေမိပါတယ်။

ခုလောက်ဆိုရင် သူစတိန်းကဲလားရွာမှာ ရှိမှ ရှိသေးရဲ့လား ဘဲလ်ဇက်တို့၊ ထရီဘင်ကာတို့၊ ဒါချောင်းတို့၊ အော့စ်ဝစ်ဇ် တို့ ဆိုတဲ့ ချွေးတပ်စခန်း တစ်ခုခုကိုများ သူ့ကို ပို့ပစ်လိုက်ကြပြီလား လို့လည်း အောက်မေ့မိပါတယ်။

ဒီလိုနဲ့ တထိတ်ထိတ်တလန့်လန့် ဖြစ်နေတုန်းမှာပဲ တစ်နေ့တော့ မမျှော်လင့်ဘဲ ကျွန်မဆီကို ထူးဆန်းတဲ့ စာတစ်စောင် ရောက်လာပါတယ်။ ရောက်လာပုံကတော့ ကျွန်မရဲ့ နေ့စဉ်လုပ်နေကျ တာဝန်အရ လက်နက်ရုံမှာရှိတဲ့ အလုပ်သမားတွေဆီ အနယ်

နယ် အရပ်ရပ်ကလာတဲ့ စာတွေကို သူ့ဌာနနဲ့သူ၊ သူ့အဆောင်နဲ့သူ ခွဲပေးဖို့ ရွေးနေတုန်းမှာ လက်နှိပ်စက်နဲ့ လိပ်စာ အကျအန ရိုက်ထားတဲ့ စာအိတ်အသစ်တွေကြားထဲက တော်တော်ဟောင်းနွမ်းနေပြီး ခဲတံနဲ့ လိပ်စာရေးထားတဲ့ စာအိတ်ကလေးတစ်အိတ်ကို သွားတွေ့မိပါတယ်။ ဒါနဲ့ အဲဒီစာအိတ်ကလေးကို အမှတ်မထင်ဆွဲထုတ်ပြီး လိပ်စာကို ကြည့်လိုက်တော့ 'ကက်တာရီးနား လက်စီ စာဇင်၊ လက်နက်ရုံ အုပ်ချုပ်ရေးဌာန၊ လင့်ဇ်မြို့' ဆိုပြီး ကျွန်မဆီ လာတဲ့စာ ဖြစ်နေတာ တွေ့လိုက်ရပါတယ်။

ကျွန်မလည်း အဲဒီစာကို ချက်ခြင်း ဖောက်ဖတ်လိုက်ပါတယ်။

'ဟင်. . . အင်ညာဆီက စာပါလား'

ဟုတ်ပါတယ်။ အဲဒီစာကလေးဟာ အင်ညာက ကျွန်မဆီ ရေးလိုက်တဲ့ စာဖြစ်နေပါတယ်။ မျဉ်းကြောင်းပါတဲ့ ဗလာစာအုပ်ထဲက ဆုပ်ထားတဲ့ စာရွက်ပေါ်မှာ ခဲတံနဲ့ ရေးထားတဲ့ အင်ညာလက်ရေးကို ကျွန်မ မြင်မြင်ချင်း မှတ်မိလိုက်ပါတယ်။ ရေးတဲ့ ရေးဟန် ကလည်း အင်ညာ ရေးနေကျဟန်မျိုးပါပဲ၊ ဖွဲ့ဖွဲ့နွဲ့နွဲ့ စီကာပတ်ကုံး ရေးထားပါတယ်။

"အခုဆိုရင် ကျွန်မရဲ့ အခန်းကလေးထဲမှာ ကျွန်မတစ်ယောက်တည်း ထိုင်နေပါတယ်။ ဟိုးအပေါ်မှာ ရှိတဲ့ ပြတင်းပေါက်က အလင်းရောင် အမျှင်တန်းကလေးဟာ ကျွန်မအခန်းကလေးကို ထိုးပြီး ကျနေပါတယ်။ ဒီလို ကျွန်မတစ်ယောက်တည်း ရှိတုန်းမှာ ကျွန်မ ငယ်ငယ်တုန်းက ကလေးဘဝနဲ့ အိမ်မှာ နေခဲ့ရတာတွေ ပြန်ပြီး သတိရနေပါတယ်။ အဲဒီတုန်းက ရှင်နဲ့ကျွန်မ နေရာတကာ အတူတွဲပြီး ပျော်ပျော်ပါးပါး သွားခဲ့လာခဲ့ကြတာတွေလည်း အောက်မေ့မိပါတယ်။ ကျွန်မတို့ မိဘ



တွေကလည်း အိမ်ချင်း ကပ်နေကြတော့ ကျွန်မတို့ နှစ်ယောက်ဟာ အမြဲတွဲနေခဲ့ကြတာပါပဲ။ ကျောင်းနေတော့လည်း တစ်တန်းတည်း အတူနေခဲ့ရတော့ တနင်္ဂနွေနေ့တိုင်း ဘုရားရှိခိုးကျောင်းသွားပြီး ဘုန်းတော်ကြီး ပီယော်တာရှေ့မှာ အမေးအဖြေ လုပ်ခဲ့ရတာတွေ ပြန်ပြီးသတိရနေပါတယ်။"

အင်ညာရဲ့စာထဲမှာ အဲဒီလို ငယ်ငယ်က အကြောင်းတွေ ရေးထားပြီး အဲဒါနဲ့ တစ်ဆက်တည်း ဘုန်းတော်ကြီး ပီယော်တာ အကြောင်းတွေ သူ့တူမလေး ဒနူးရှား အကြောင်းတွေကိုလည်း အသေးစိတ် ရေးထားတာ ဖတ်ရပါတယ်။

တစ်ခြားလူတွေအတွက် ဘယ်လို အဓိပ္ပါယ်ကောက်မယ်တော့ မသိဘူး၊ ကျွန်မအနေနဲ့ကတော့ အင်ညာရဲ့စာကို ဖတ်ပြီး သူဘာကိုဆိုလိုတယ်ဆိုတာ ချက်ချင်းနားလည်လိုက်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မနဲ့ အင်ညာဟာ စာရေးတဲ့အခါမှာ အဓိပ္ပါယ်နှစ်မျိုး ယူဆလို့ရတဲ့ ရေးပုံရေးနည်းကို ရေးလေ့ရှိကြလို့ပါပဲ။ ဒီလိုအဓိပ္ပါယ်နှစ်ခွထွက်တဲ့ ရေးနည်းရေးဟန်ကိုလည်း ကျွန်မတို့နှစ်ယောက်စလုံး ကောင်းကောင်းကြီး ရေးတတ်ကြပါတယ်။

ဒါ့ကြောင့် အခု အင်ညာ့ဆီက မမျှော်လင့်ဘဲ ရောက်လာတဲ့ စာကို ဖတ်ရခြင်းအားဖြင့် သူဘာကို ဆိုလိုတယ်၊ အခုသူ ဘာဖြစ်နေတယ်ဆိုတာ ကျွန်မအကဲခပ်လို့ ရပါတယ်။

သူ့စာအရဆိုရင် အခု သူအဖမ်းခံနေရပြီး အကျဉ်းထောင်တစ်ခုခုထဲ ရောက်နေပြီလို့ သိရပါတယ်။ 'အခန်းကလေးထဲမှာ ကျွန်မတစ်ယောက်တည်း ထိုင်နေတယ်' ဆိုတာ ဒါကို ဆိုလိုတာပါပဲ။ ပြီးတော့ ဘုန်းတော်ကြီး ပီယော်တာနဲ့ အမေးအဖြေ လုပ်ရတဲ့ အကြောင်းတွေ သူငယ်ငယ် သူ့မိဘတွေရဲ့ နေခဲ့ထိုင်ခဲ့ရတာ

တွေ ကျွန်မနဲ့ အတူတွဲပြီး ကျောင်းနေခဲ့တာတွေ ဒါတွေကို ရေးထားတာဟာ ဂက်စတာပိုက သူ့နောက်ကြောင်း ရာဇဝင်တွေ မေးနေတယ်။ အဲဒီထဲမှာ ကျွန်မအကြောင်းလည်း ပါတယ် ဆိုတာကို တစ်ဖက်လှည့်နဲ့ ကျွန်မရိပ်မိအောင် ရေးပြလိုက်တာပဲလို့ ကျွန်မ နားလည်လိုက်ပါတယ်။

ဟုတ်ပါတယ်။ ဂျာမန်တွေဟာ အင်ညာ့ကို ဂျူးအမျိုးသမီး တစ်ယောက်ဆိုတာ တစ်စွန်းတစ်စ ရိပ်မိသွားလို့ တစ်နေရာရာမှာ ဖမ်းထားပြီး စစ်ဆေး မေးမြန်းနေကြပြီဆိုတာ သေချာပါတယ်။ အင်ညာရဲ့စာအရ သူဟာ ဂျူးမဟုတ်ဘူးလို့ ငြင်းနေပုံ ရပါတယ်။ သူ့ကိုမေးရင်းမြန်းရင်းနဲ့ ကျွန်မအကြောင်းတွေပါ ပါနေလို့ ကျွန်မကို စစ်လားဆေးလား လုပ်လာရင် သူပြောတဲ့အတိုင်းပြောဖို့ ဒီစာနဲ့ လှမ်းပြီး သတိပေးလိုက်တဲ့ သဘောပါပဲ။

ရှုတ်တရက်တော့ အင်ညာဟာ သူ့ဘာဝသူ ဖော်မပြောဘဲ သူဟာ 'ဂျူးမဟုတ်ပါဘူး' ဆိုပြီး 'ဘူး' ကွယ်နေတယ်ဆိုတာ သိရလို့ ကျွန်မအနေနဲ့ အားတက်မိပါတယ်။ ကျေလည်း ကျေနပ်မိပါတယ်။ သူ့ရဲ့ ကြံ့ခိုင်တဲ့စိတ်ဓာတ်ကိုလည်း ချီးကျူးမိပါတယ်။ ဒါပေမယ့်. . .

ဒါပေမယ့် သူဟာ ဘယ်လောက်ကြာအောင် 'ဘူး' ကွယ်နေနိုင်မှာလဲ။ သူ့စိတ်ဓာတ်ဟာ ဘယ်လောက် ကြံ့ခိုင်ပြီး ဘယ်လောက် ကြာကြာ ခေါင်းမာနေနိုင်မှာလဲ။ သူအခုလို 'ဘူး' ကွယ်ပြီး ခေါင်းမာနေတဲ့အတွက် ဂျာမန်တွေဟာ သူနဲ့ အဆက်အသွယ်ရှိတဲ့ ကျွန်မဆီကို ရောက်လာပြီး ကျွန်မကို တစ်ဖက်လှည့်နဲ့ စစ်လား ဆေးလား၊ မေးလားမြန်းလား လုပ်မလာကြပေဘူး



လား။ ဒါမှ မဟုတ် သူဟာ အမှန်အတိုင်း ဖွင့်ပြောလိုက်တဲ့အတွက် သူ့အကြောင်းတွေ သာမက ကျွန်မအကြောင်းတွေပါ သိသွားပြီး ကျွန်မကို အချိန် မရွေး လာမဖမ်းနိုင်ပေဘူးလား။

ဖြစ်နိုင်စရာ အလားအလာရှိတဲ့ မေးခွန်းတွေကို ကျွန်မကိုယ် ကျွန်မ မေးရင်းနဲ့ ဆက်မမေးရဲအောင် ဖြစ်သွားမိပါတယ်။ တကယ်တော့ ဒီမေးခွန်းတွေဟာ ကျွန်မအတွက် ထိတ်စရာလန့်စရာ မေးခွန်းတွေပါပဲ။

## "မလွယ်" ရေးချ "မလွယ်" ထဲကပါ

ကျွန်မကိုယ်ကျွန်မ ထိတ်စရာလန့်စရာကောင်းတဲ့ မေးခွန်းတွေကို မမေးရဲလို့ မမေးဘဲ နေလာခဲ့ရာက နောက်တစ်ပတ်လောက်ကြာတော့ တကယ် ထိတ်လန့်စရာကောင်းတဲ့ နေ့ တစ်နေ့ကို ရောက်လာတော့တာပါပဲ။

ဂက်စတာပိုက ကျွန်မကို လာတွေ့ဖို့ ခေါ်ပါပြီ။

ဂက်စတာပိုက လာတွေ့ဖို့ခေါ်တယ်ဆိုကတည်းက ဒီလို အခေါ်ခံရတဲ့လူဟာ ကံဆိုးမိုးမှောင်ကျပြီလို့ တစ်ထစ်ချ ယူဆနေ ရတဲ့အချိန်အခါမျိုးမှာ ကျွန်မလို ကိုယ့်အဖြစ်နဲ့ကိုယ် ရင်တထိတ်ထိတ် စိတ်တထင့်ထင့် ဖြစ်နေရတဲ့ မိန်းမသားတစ်ယောက်အတွက် အခုလို ဂက်စတာပိုက ခေါ်တာဟာ သေမင်းက ခေါ်



တာနဲ့ အတူ တူပါပဲ။ ဂက်စတာပိုနဲ့ တွေ့ဖို့သွားရတာဟာ မပြန်လမ်းကို သွားရ သလိုပါပဲ။

ဒါပေမယ့် အရင်တစ်ခါ ဂက်စတာပို ခေါ်တုန်းက မမျှော်လင့်တဲ့အချိန်မှာ မမျှော်လင့်ဘဲ အခေါ်ခံရတာမို့ ကျွန်မအကြောင်းတွေ သိကုန်ကြပြီဆိုပြီး စိတ်ထဲက တော်တော်လေး တုန်လှုပ်ခဲ့မိပါတယ်။ နောက်မှ နီနာနဲ့ ပတ်သက်ပြီးခေါ်တယ်ဆိုတာသိရလို့ စိတ်သက်သာရာရပြီး နီနာ့အတွက်တောင် တစ်ဖက် လှည့်နဲ့ အကာအကွယ်ပေးနိုင်ခဲ့ပါတယ်။

အခု ဒီတစ်ခါကျတော့ 'မကြာခင် တစ်နေ့နေ့မှာ အင်ညာနဲ့ ပတ်သက်လို့ ငါ့ကို ခေါ်တော့မှာပဲ' ဆိုတာ ကြိုတင်ပြီး မျှော်လင့် ထားတာမို့ ဟိုကျတော့ မေးရင် ဘာဖြေလိုက်မယ် ဆိုတဲ့ ကြိုတင် စီစဉ်မှုနဲ့ ကိုယ့်ကိုယ်ကို အားတင်းလာခဲ့ရပါတယ်။

အဝင်ဝက စုံစမ်းရေးဌာနမှာ ကျွန်မနာမည်ကို ပြောလိုက်တော့ အရင်တစ်ခါ နီနာ့ကိစ္စတုန်းကလို ဒုတိယထပ် မဟုတ်တော့ဘဲ တတိယထပ်က အခန်းတစ်ခန်းကို တက်သွားပါလို့ ညွှန်လိုက်ပါတယ်။ ဒါနဲ့ပဲ ဒီအခန်းရှိရာကို တက်လာခဲ့ပြီး အထဲကို ဝင်လိုက်တော့ အခန်းထဲမှာ စားပွဲတွေ၊ ကုလားထိုင်တွေ၊ ဆိုဖာတွေနဲ့ ခမ်းခမ်းနားနား တွေ့ရပါတယ်။ အပေါက်ဝကို မျက်နှာပြုထားတဲ့ စားပွဲကြီးတစ်လုံးမှာ လူငါးယောက် ထိုင်နေကြပါတယ်။အားလုံး အရပ်ဝတ် အရပ်စားနဲ့ချည်းပါပဲ။

အဲဒီငါးယောက်ထဲမှာ အလယ်က ထိုင်နေတဲ့ အရပ် မနိမ့်မမြင့် ဆံပင် ခပ်ရှည်ရှည်နဲ့ အသက်ငါးဆယ်ကျော်လောက်ရှိတဲ့ လူက သူတို့ထဲမှာ တာဝန်ခံ အရာရှိနဲ့တူပါတယ်။ ကျွန်မ ဝင်သွားသွားချင်း အဲဒီလူက ကျွန်မကို စူးရှတဲ့ မျက်လုံးတွေနဲ့

စိုက်ကြည့်နေပါတယ်။ ကျွန်မလည်း မျက်နှာကို အတတ်နိုင်ဆုံး တည်တည် ငြိမ်ငြိမ်ထားပြီး စားပွဲရှေ့က လွတ်နေတဲ့ ကုလားထိုင်ပေါ်မှာ ဣန္ဒြေ ရရ ဝင်ထိုင်လိုက်ပါတယ်။

ကျွန်မလည်း ထိုင်လိုက်ရော အဲဒီအလယ်ကလူဟာ သူ့ ရှေ့က စားပွဲပေါ်မှာရှိနေတဲ့ဖိုင်တွဲတစ်ခုကို တစ်ချက်လှန်ကြည့်လိုက်ပါတယ်။ ပြီးတော့မှ ဆိုင်းမဆင့် ဗုံမဆင့်ဘဲ ကျွန်မကို ကောက်ခါငင်ခါ မေးခွန်း စမေးလိုက်ပါတယ်။

"အက်စ်သာ ဝါရှောစကီးကို မင်း သိသလား"

"ဝါရှောစကီး၊ အက်စ်သာဝါရှောစကီး ဟုတ်လား။ ကျွန်မ ဒီနာမည်မျိုးနဲ့ တစ်ယောက်မှ မတွေ့ခဲ့ဖူးဘူး ထင်ပါတယ်။ ကျွန်မ အလုပ်လုပ်တဲ့ လက်နက်ရုံမှာများ တွေ့ဖူးသလား မပြောတတ်ဘူး။ အဲဒီမှာက လူတွေ ထောင်နဲ့ချီပြီး တွေ့နေရတာဆိုတော့. . ."

ကျွန်မက သူမေးတဲ့မေးခွန်းကို သံယောင်လိုက်ပြီး ခပ်တည်တည်နဲ့ ပြောနေတုန်း ကျွန်မစကား မဆုံးခင်မှာဘဲ. . .။

"အက်စ်သာဝါရှောစကီးကို မင်းသိသလား"

အဲဒီလူကပဲ ပထမမေးခွန်းကို ပထမလေသံထက်ပိုပြီး ခပ်မာမာနဲ့ ပြန်မေးလိုက်ပြန်ပါတယ်။

"အဲဒါ ကျွန်မ စဉ်းစားနေတာပါ။ တကယ်လို့ ကျွန်မ အဲဒီအမျိုးသမီးကို ဘယ်နေရာမျိုးမှာ တွေ့ခဲ့တာဖြစ်နိုင်တယ် ဆိုတာ ပြောပြမယ် ဆိုရင်တော့. . ."

ကျွန်မလည်း 'အဲဒီ နာမည်နဲ့ အမျိုးသမီးကို လုံးဝ မတွေ့ဖူးပါဘူး' လို့ မငြင်းရဲတာနဲ့ စကားကို လှည့်ပတ် ပြောလိုက်ရပါတယ်။



"ခေါင်းအေးအေးနဲ့ စဉ်းစားကြည့်ပါဦးလေ"

ဘေးက လူတစ်ယောက်က လေသံခပ်မှန်မှန်နဲ့ ဝင်ပြောလိုက်ပါတယ်။

ကျွန်မလည်း တအောင့်လောက်စဉ်းစားသလို လုပ်နေလိုက်ပြီးမှ . .

"အဲဒီ နာမည်မျိုးနဲ့ ဘယ်မှာ တွေ့ဖူးတယ်ဆိုတာ ကျွန်မ မမှတ်မိအောင် ဖြစ်နေပါတယ်"

"အဲဒါ မင်းသူငယ်ချင်း မိတ်ဆွေထဲကပဲ"

အဲဒီကျတော့ ကျွန်မက မသိမသာ ပြုံးလိုက်ပါတယ်။

"ဒါဆိုရင်တော့ မဖြစ်နိုင်ပါဘူး။ ကျွန်မ မိတ်ဆွေ သူငယ်ချင်းတွေရဲ့နာမည်တွေကို ကျွန်မ ကောင်းကောင်းကြီး မှတ်မိနေတာပဲ"

ကျွန်မစကားအဆုံးမှာ တာဝန်ခံအရာရှိဟာ သူ့ရှေ့မှာရှိတဲ့ ဖိုင်တွဲထဲက ဓာတ်ပုံတစ်ပုံကို ဆွဲထုတ်လိုက်ပြီး ကျွန်မကို လှမ်းပေးလိုက်ပါတယ်။

"အက်စ်သာ ဝါရှောစကီးဆိုတာ သူပဲ"

ကျွန်မ ကြည့်လိုက်တော့ အင်ညာရဲ့ ဓာတ်ပုံ ဖြစ်နေတာကို တွေ့ရပါတယ်။ ဟုတ်ပါတယ်။ 'အက်စ်သာ' ကနေ တဖြစ်လဲထားတဲ့ 'အင်ညာ'ရဲ့ ဓာတ်ပုံပါပဲ။ ဓာတ်ပုံထဲမှာ အင်ညာဟာ ခေါင်းစီး ပုဝါကလေးကို ခေါင်းမှာ စီးထားပါတယ်။ ဓာတ်ပုံက အမှုအရာကို ကြည့်ရခြင်းအားဖြင့် ဒီပုံဟာ အင်ညာ မသိဘဲနဲ့ အမှတ်တမဲ့ အလစ် မှာ ရိုက်ထားတဲ့ပုံလို့ ထင်ရပါတယ်။

ကျွန်မလည်း ဒီဓာတ်ပုံကို တအောင့်လောက် ကြည့်ပြီးတော့မှ အသံခပ်ကျယ်ကျယ်နဲ့ အားရပါးရ ရယ်လိုက်ပါတယ်။

"ဪ. . . ဒီပုံလား၊ ဒါအက်စ်သာဝါရှောစကီးမှ မဟုတ်ဘဲနဲ့။ တစ်ခုခုမှားနေပြီထင်တယ်။ ဟုတ်ပါတယ်။ ဒီဓာတ်ပုံထဲက အမျိုးသမီးကိုတော့ ကျွန်မသိတာပေါ့။ သူ့အကြောင်းကို ကျွန်မ ကောင်းကောင်းသိပါတယ်။ ဒါနဲ့များ သူ့နာမည် အက်စ်သာဝါရှောစကီးဆိုတာ ဘယ်ဟုတ်ရမလဲ။ သူ့နာမည်က အင်ညာ အိုဇီမော့ပဲ"

"ဒါပေမယ့် သူ့နာမည်ရင်းက အက်စ်သာဝါရှောစကီးပါ။ သူဟာဂျူးပဲ"

တာဝန်ခံအရာရှိလုပ်တဲ့လူက အေးတိအေးစက် ချောက်ကပ်ကပ်လေသံနဲ့ ပြောလိုက်ပါတယ်။ 'သူဟာ ဂျူးပဲ' လို့လည်း ပြောလိုက်ရော ကျွန်မလည်း ဖြုံးခနဲ ဒေါပွတဲ့အမူအရာမျိုးနဲ့ အော်ပြောလိုက်ပါတယ်။

"အို. . . ဒါတော့မဟုတ်တရား စွပ်စွဲတာပဲ။ ဒီဓာတ်ပုံထဲက အင်ညာကို ကျွန်မငယ်ငယ်လေးထဲက အိမ်ချင်းကပ်ပြီး အတူနေလာခဲ့ရတာ ကောင်းကောင်းကြီးသိတာပေါ့။ ကျောင်းနေတော့လည်း သူနဲ့အတူတူ တစ်တန်းတည်းနေခဲ့ရတာပဲ။ သူနဲ့ အမြဲတန်း အတူတူတွဲပြီး နေလာခဲ့ရတာ တနင်္ဂနွေ ဘုရားရှိခိုးကျောင်း သွားပြီး ဘုန်းတော်ကြီး ပိယော်တာဆီမှာ 'အာပတ်ဖြေ' တဲ့ နေ့မှာတောင် ကျွန်မတို့ နှစ်ယောက်အတူ သွားခဲ့ကြတာပဲ"

ကျွန်မလည်း အင်ညာ့စာထဲမှာပါတဲ့အတိုင်း အသေးစိပ် အချက်အလက်တွေကို စီကာပတ်ကုံး လျှောက်ပြောပစ်လိုက်ပါတယ်။ ဒါပေမယ့် တစ်ချို့နေရာတွေမှာ ပိုပြီး ယုတ္တိရှိအောင် အခြားအချက်အလက်တွေနဲ့ ရောမွှေပြီး ကြိုတင် စီစဉ်ထားတာမျိုး မဟုတ်ဘဲ မှတ်မိသလောက် ပြန်ပြောတဲ့ပုံမျိုးနဲ့ ဟိုက ဒီရောက်



ဒီက ဟိုရောက်၊ ရောက်တတ်ရာရာ တော်တော်လေး စုံအောင် ပြောချလိုက်ပါတယ်။

အဲသလို ကျွန်မ အသေးစိပ်ပြောနေတုန်း တာဝန်ခံအရာရှိဟာ တစ်ချက်တချက် သူ့ရှေ့က လှန်ထားတဲ့ဖိုင်တွဲကို မသိမသာ လှမ်းလှမ်းကြည့်တာ ကျွန်မ သတိထားမိပါတယ်။ အဓိပ္ပါယ်ကတော့ ကျွန်မပြောပြတဲ့အထဲက အချက်အလက်တွေနဲ့ နာမည်တွေဟာ အင်ညာပြောတာတွေနဲ့ ကိုက်မကိုက် တိုက်ကြည့်တဲ့ သဘောပါပဲ။

ကျွန်မကလည်း ပြောလက်စနဲ့ မထူးတော့ဘူးဆိုပြီး အင်ညာကို အခုလို ဂျူးပါလို့ စွပ်စွဲတာဟာ တစ်ယောက်ယောက်က မတရား စွပ်စွဲတာသာဖြစ်ကြောင်း၊ ဒါလည်း သူအလုပ်လုပ်နေတဲ့ ရွာမှာ စာရင်းငှားတစ်ယောက်ယောက်က သူ့ကို မကျေနပ်လို့ ချောက်ချတဲ့သဘောဖြစ်နိုင်ကြောင်း ဘာဘာညာညာ ဆက်ပြောရတော့တာပါဘဲ။

"ရှင်တို့သိတဲ့အတိုင်းပါဘဲ၊ ဒီမှာက မိန်းကလေးတစ်ယောက်တည်း လာနေရတာ အန္တရာယ် သိပ်များပါတယ်။ နိုင်ငံခြားကလာတဲ့ အလုပ်သမားတွေဆိုတာကလည်း ဒီလိုတစ်ယောက်တည်းနေတဲ့ မိန်းကလေးမျိုးဆိုရင် ပိုပြီးနှောက်ယှက်တတ်ကြပါတယ်။ ကျွန်မသိရသလောက် အင်ညာကို ကြိုက်နေတဲ့ လူတွေ တော်တော်များများရှိပါတယ်။ အဲဒီထဲက သူ့ကို အင်ညာက ပြန်မကြိုက်ရကောင်းလားဆိုပြီး တစ်ယောက်ယောက်က ချောက်ချတဲ့ အနေနဲ့ အခုလို မတရားစွပ်စွဲတာပဲ ဖြစ်ပါလိမ့်မယ်"

ကျွန်မပြောတာကို အားလုံး ငြိမ်ပြီးနားထောင်နေကြပါတယ်။ သူတို့မျက်နှာအမူအရာတွေ ကြည့်ရခြင်းအားဖြင့် ကျွန်မပြောတာ

ကို သဘောပေါက်တဲ့အနေအထားမျိုး ဖြစ်နေကြတာကို ကျွန်မ သတိပြုမိပါတယ်။

ကျွန်မ ပြောပြီးတဲ့နောက် သူတို့အဖွဲ့ထဲက တစ်ယောက် နှစ်ယောက်က မေးခွန်းတစ်ချို့ မေးကြပါတယ်။ ဒါပေမယ့် သူတို့ မေးတဲ့ မေးခွန်းတွေကို ကြည့်ခြင်းအားဖြင့် သူတို့ဟာ ကျွန်မ အပေါ်မှာ တစ်နည်းနည်းနဲ့ ယုံကြည်တဲ့ လက္ခဏာမျိုး ပေါ်လွင်နေပါတယ်။ ကျွန်မကလည်း ဒါကိုပဲ ချက်ကောင်းယူပြီး ခပ်တည်တည်နဲ့ လိုမ့်လိုက်ပါတယ်။

"ဒီကိစ္စမှာ ကျွန်မရဲ့ရဲ့ကြီး တာဝန်ယူပါတယ်။ ကျွန်မကိုယ်ကျွန်မ သိသလို အင်ညာ့ကိုလည်း ကျွန်မ တစ်ခုမကျန် အကုန် သိပါတယ်။ ဒါတော့ ယုံပါ"

သူတို့ဟာ ကျွန်မကို စိုက်ကြည့်ပြီး ကျွန်မမျက်နှာကို အကဲခပ် နေကြပါတယ်။ ပြီးတော့ တာဝန်ခံအရာရှိလက်ထဲက ဓာတ်ပုံကို ယူပြီး တစ်ယောက်တလှည့်စီ ကြည့်နေကြပါတယ်။

"ကက်တာရီးနား၊ မင်းရဲ့လုပ်ဆောင်ချက်တွေကို ဒို့ ကျေနပ် သလို မင်းအပေါ်မှာလည်း ဒို့ ဘယ်လောက် ယုံကြည်မှုရှိခဲ့တယ် ဆိုတာ မင်းသိပြီးသားပဲ။ အဲဒီတော့ ဒီကိစ္စမှာ မင်းအပေါ် ဒို့ရဲ့ယုံကြည်မှု ပျက်ပြားသွားမယ်ဆိုရင်တော့ အခြေအနေ ဆိုးဆိုး ဝါးဝါး ဖြစ်လာနိုင်တယ်ဆိုတာ မင်း နားလည်ထားဖို့ လိုလိမ့်မယ်"

"ဟုတ်ကဲ့၊ ကျွန်မ နားလည်ပါတယ်။ ဒါ့ကြောင့်လည်း ကျွန်မရဲ့ရဲ့ တာဝန်ယူပြီး စကားကုန်ပြောရဲတာပါ။ ဒီပေါ်မှာ ကြိုက်သလို ဆုံးဖြတ်နိုင်ပါတယ်"



တာဝန်ခံအရာရှိက ကျွန်မစကားကို သဘောပေါက်တဲ့ အမူအရာနဲ့ ခေါင်းတစ်ချက် ညိတ်လိုက်ပါတယ်။ အဲဒီအချိန်အထိ သူ့မျက်လုံးတွေဟာ ကျွန်မကို စိုက်ကြည့်နေတုန်းပါပဲ။ ပြီးမှ သူက ကျွန်မကို အပြင်ထွက်ပြီး ခဏစောင့်နေပါလို့ ပြောလိုက်ပါ တယ်။ ဒါနဲ့ ကျွန်မလည်း အခန်းထဲက ထွက်လာပြီး အပြင်ဘက်မှာ မယောင်မလည် ရပ်စောင့်နေခဲ့ရပါတယ်။

အဲဒီအခိုက်အတန့်ကလေးမှာပဲ ကျွန်မစိတ်ထဲမှာ ဟိုဟိုဒီဒီ တွေးနေမိပါတယ်။ 'ဒီအချိန်မှာ ငါထွက်ပြေးရရင် ကောင်း မလား၊ ပြေးလို့ကော လွတ်မှ လွတ်ပါ့မလား၊ မပြေးဘဲ ဒီတိုင်း နေလိုက်လို့ ငါစောစောက ပြောခဲ့တာတွေကို လုံးဝ အယုံ အကြည် မရှိဘူးဆိုပြီး ငါ့ကို ပြန်မလွှတ်တော့ဘဲ ဖမ်းထားရင် ဘယ့်နှယ်လုပ်မလဲ။ အဲဒီလိုဆို ကောင်းပါပြီ။ ငါ အခု ထွက်ပြေးလို့ လွတ်သွားပြီ ဆိုပါတော့ အဲသလို ထွက်ပြေးတာဟာ အင်ညာ ကို သေချာပေါက် အသတ်ခံရအောင် လုပ်သလို ဖြစ်မသွားပေ ဘူးလား'

အဲဒီလို တွေးမိတွေးရာ တွေးနေတုန်း အခန်းတံခါး ပွင့်လာ ပြီး ကျွန်မကို အထဲပြန်ဝင်ခဲ့ဖို့ ခေါ်လိုက်ပါတယ်။ အထဲရောက် လို့ သူတို့မျက်နှာတွေ အကဲခပ်ကြည့်လိုက်တော့ အားလုံးဟာ မပြုံးမရယ်ဘဲ ရှိနေကြသလို ကျွန်မအတွက် အထိတ်တလန့်ဖြစ်စရာ မျက်နှာထားမျိုးလည်း မတွေ့ရပါဘူး။ တည်တည်ငြိမ်ငြိမ်နဲ့ ဣန္ဒြေ ရရပါပဲ။

ပြီးတော့မှ တာဝန်ခံအရာရှိလုပ်တဲ့လူက သူ့ရဲ့ ပုံမှန်လေသံ နဲ့ပဲ ကျွန်မရဲ့ထွက်ဆိုချက်တွေကို သူတို့လက်ခံ သဘောတူကြောင်း

နဲ့ အင်ညာကို ပြန်လွှန်ဖို့ သက်ဆိုင်ရာကို ထောက်ခံတင်ပြဖို့ ဆုံးဖြတ်လိုက်ကြောင်း ကျေညာလိုက်ပါတယ်။

ကျွန်မဖြင့် ဝမ်းသာလိုက်တာ ရုတ်တရက် ကြက်သေ သေပြီး ဘာမှတောင် ပြန်မပြောနိုင်ဘူး။ ဝမ်းသာလုံးဆို့ပြီး ဒီအခန်းထဲက ပြေးထွက်သွားမိမှာစိုးလို့ ကိုယ့်ကိုယ်ကို မနည်းထိန်းထားလိုက်ရတယ်။ နောက် ချက်ခြင်းပဲ သူတို့က ကျွန်မကို 'မင်းပြန်နိုင်ပါပြီ' ဆိုတာနဲ့ ကျွန်မလည်း 'ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်' လို့ ပြောပြီး ချာခနဲ လှည့်ထွက်ခဲ့ပါတယ်။

ထုံးစံအတိုင်း ပထမဆုံး ဒီအကြောင်းကို ဖွင့်ပြောရမယ့်သူကတော့ နီနာပါပဲ။ ရုံးဆင်းဆင်းခြင်း နီနာတို့ အဆောင်ကို သွားပြီး နီနာကို မသိမသာ အပြင် ခေါ်ထုတ်လာခဲ့ပါတယ်။ အပြင်ရောက်တော့မှ နှစ်ယောက်သား လမ်းလျှောက်ရင်းနဲ့ ကျွန်မရဲ့ 'လျှို့ဝှက်သဲဖို့' ဇာတ်လမ်းကို အစအဆုံး ပြောပြရပါတယ်။ အရင်တစ်ခါ နီနာ့ကိစ္စတုန်းကလည်း ဂက်စတာပိုကို ဒီလို လှိမ့်ခဲ့ဖူးတော့ အခု အင်ညာ့ကိစ္စမှာလည်း ဒီအတိုင်းပဲ ခပ်တည်တည် လုပ်ခဲ့ရတာပါပဲ။ ဒါနဲ့ ဂက်စတာပိုကို လက်တစ်လုံးခြားလုပ်ခဲ့တာ နှစ်ခါရှိပြီပေါ့။

အဲသလို ဂက်စတာပိုကို တစ်ပတ်ရိုက်ခဲ့တဲ့အကြောင်း နီနာ့ကို ပြောပြပြီးတော့မှ ကျွန်မစိတ်ထဲမှာ တစ်ခုခုတွေးမိပြီး အထိတ်တလန့် ဖြစ်သွားမိပါတယ်။

"ဘုရားမ,လို့ ဒီကိစ္စ ဒီနေရာမှာတင်ပဲ ပြီးပါစေတော့ နီနာရယ်. . .၊ တကယ်လို့များ ကျွန်မဓာတ်ပုံကို ဟရီဘင်ကိုမြို့ကို လှမ်းပို့ပြီး စုံစမ်းနေမယ်ဆိုရင်တော့ မလွယ်ဘူးထင်တယ်"

"ဒီလောက်အထိတော့ လုပ်မယ် မထင်ပါဘူးအေ"



ကျွန်မလည်း နီနာပြောသလိုပဲ 'ဒါလောက်အထိတော့ မလုပ်ပါစေနဲ့' လို့ပဲ ဆုတောင်းမိပါတယ်။

ဒီလိုနဲ့ တစ်ပတ်လောက်ကြာတော့ ကျွန်မဆီကို စာတစ်စောင် ရောက်လာပါတယ်။ ဟုတ်ပါတယ်။ ကျွန်မမျှော်နေတဲ့ အင်ညာ့ဆီကပါပဲ။ ဟိုတစ်ခါရောက်လာတဲ့ စာအိတ်မျိုးမဟုတ်ဘဲ လိပ်စာကိုလည်း ဟိုတစ်ခါလို ခဲတံနဲ့ ရေးမထားဘဲ စာအိတ်အသစ်ပေါ်မှာ လက်နှိပ်စက်နဲ့ ရိုက်ထားတာဆိုတော့ ကျွန်မ လိပ်စာကိုလည်း မြင်လိုက်ရော အင်ညာလွတ်လာပြီဆိုတာ သိလိုက်ပါတယ်။

ဟုတ်လည်းဟုတ်ပါတယ်။ အင်ညာက သူ့စာထဲမှာ သူ အခု အရင်က လုပ်ခဲ့တဲ့ လယ်ပိုင်ရှင်အိမ်မှာပဲ ပြန်ရောက်နေတဲ့ အကြောင်းနဲ့ ကျွန်မကို သူ့ဆီ အလည်လာဖို့အကြောင်း ရေးထား တာ တွေ့ရပါတယ်။

ဒါနဲ့ ကျွန်မလည်း ကြာကြာဆိုင်းမနေဘဲ အဲဒီအပတ် စနေနေ့လယ် ရထားနဲ့ပဲ အင်ညာနေတဲ့ စတိန်ကဲလားရွာကို လိုက်လာခဲ့ပါတယ်။ ရထားဆိုက်သွားတော့ ဘူတာရုံမှာ ခါတိုင်း ကြိုနေကျ၊ စောင့်နေကျ နေရာကပဲ အင်ညာလာပြီး စောင့်ကြိုနေ တာ တွေ့ရပါတယ်။

ကျွန်မလည်း ရထားပေါ်က ဆင်းဆင်းချင်း အင်ညာကို ပြေးပြီး ဖက်လိုက်မိပါတယ်။ အင်ညာကလည်း ကျွန်မကို ခါတိုင်း ထက်ပိုပြီး ခပ်တင်းတင်းလေး ပြန်ဖက်ထားလိုက်ပါတယ်။ ပြီးမှ သူက ခပ်တိုးတိုးလေသံနဲ့ ကျွန်မကို ပြောလိုက်ပါတယ်။

"ဒီမှာ ဘာမှ မပြောနဲ့နော်၊ ငါ့နောက်က လိုက်ပြီး စောင့်ကြည့်နေတဲ့လူ ရှိနေမှာစိုးလို့"

ဒါနဲ့ ကျွန်မလည်း ဘုတာရုံက ရွာအရောက် လမ်းတစ်လျှောက်မှာ ဟိုအကြောင်းနဲ့ ပတ်သက်လို့ ဘာတစ်ခွန်းမှ မပြောဘဲ တခြား ရယ်စရာ မောစရာတွေပဲ ခါတိုင်းလို ကျကျနနမပျက် ပြောလာခဲ့ ကြပါတယ်။

ဒါနဲ့ အင်ညာ အရင်နေတဲ့ အိမ်ခန်းကို ရောက်တော့မှပဲ နှစ်ယောက်သား ပြောစရာရှိတာတွေ အားရပါးရ ပြောပြရပါ တယ်။ ဒါတောင် အင်ညာက တစ်ယောက်ယောက် ချောင်းနား ထောင်မှာစိုးလို့ဆိုပြီး လေသံခပ်တိုးတိုးနဲ့ပဲ သူဖြစ်ခဲ့ ပျက်ခဲ့ တာတွေကို ပြန်ပြောပြပါတယ်။

ဒီနေရာမှာ တစ်ခု ကံကောင်းသွားတာက ဂက်စတာပိုရုံးမှာ အင်ညာနဲ့ ပတ်သက်လို့ 'သူ့ကို ပိုးလို့ပမ်းလို့ မရတဲ့အတွက် တစ်ယောက်ယောက်က ဈောက်ချတာဖြစ်မှာပါ' ဆိုပြီး ကျွန်မ လိုမှ ခဲ့တာဟာ တိုက်တိုက်ဆိုင်ဆိုင် အမှန်တကယ်ဖြစ်နေတာ တွေ့ ရပါတယ်။ အင်ညာကို 'ဂျူးပါ' ဆိုပြီး ဂက်စတာပိုကို သတင်း ပေးခဲ့တဲ့ လူဟာ ကျွန်မတို့နေခဲ့တဲ့ ဟရီဘင်ကိုမြို့နားက ရွာကလေး တစ်ရွာက စာရင်းငှားတစ်ယောက်ပါ။ ပိုလန် လူမျိုးတစ်ယောက်ပါ ပဲ။ သူက စတိန်းကဲလားမှာ အင်ညာကို တွေ့တွေ့ခြင်း မှတ်မိပြီး သူ့အလိုကို လိုက်ရမယ်။ မလိုက်ရင် ဂျာမန်တွေကို ဖွင့်ပြော လိုက်မယ် ဆိုပြီး အကြပ်ကိုင်တာကိုး။ အင်ညာကလည်း ရွံလည်းရွံ မုန်းလည်းမုန်းဆိုတော့ 'နင်ပြောရဲရင် ပြောချည်' ဆိုပြီး ခပ်တင်း တင်းနေလိုက်တော့ တစ်နေ့မှာ ဂက်စတာပိုက လာဆွဲတာပါပဲ။

အင်ညာဟာ ဂရမ်းမင်းမြို့က အချုပ်ထဲမှာ နှစ်လနီးပါး လောက် နေခဲ့ရပါတယ်။ အဲဒီအတောအတွင်း သူ့ကို အပြင် ထုတ်ပြီး နှစ်ခါသုံးခါလောက် စစ်ပါတယ်။ အဲသလို စစ်တဲ့



ဆေးတဲ့ နေရာမှာ ထုံးစံအတိုင်း ပါးရိုက် နားရိုက် လုပ်တာ တွေ၊ လက်သီးနဲ့ ထိုးတာတွေ တော်တော်လေး ခံခဲ့ရတယ်လို့ ဆို ပါတယ်။

ကျွန်မလည်း အဲဒီတော့မှ အင်ညာ့ကို သေသေချာချာ ဂရုစိုက် ကြည့်လိုက်တော့ ဂက်စတာပိုရဲ့ လက်ချက်ကြောင့် မျက်နှာမှာ ညိုမည်းနေတဲ့ ဒဏ်ရာဒဏ်ချက်တွေ မသိမသာ ရှိနေသေးတာကို တွေ့ ရပါတယ်။ သူ့ကိုလည်း တော်တော်လေး သနားသွားမိပါတယ်။

အဲသလို စစ်ဆေးတဲ့အခါမှာ ကျွန်မနဲ့ ပတ်သက်လို့ မေးတာ မြန်းတာတွေလည်း ပါပါတယ်။ ကျွန်မနဲ့ ဘယ်တုန်းက သိတာလဲ၊ ကျွန်မတို့နှစ်ယောက် မကြာခဏ တစ်ယောက်ရှိရာ တစ်ယောက် သွားကြလာကြ လုပ်နေတာဟာ ဘာရည်ရွယ်ချက်နဲ့လဲ၊ ဘာ ညာပေါ့ရှင်။ ဒီလိုနဲ့ တစ်နေ့တော့ အင်ညာနဲ့ အချုပ်ထဲမှာ အတူ နေရတဲ့ ရုရှားအမျိုးသမီးတစ်ယောက် လွတ်တာနဲ့ အဲဒီအမျိုး သမီးကတဆင့် ကျွန်မဆီ စာတစ်စောင် တိတ်တိတ်အထည့်ခိုင်းလိုက် ရတဲ့အကြောင်း ပြောပြပါတယ်။ ကျွန်မဆီ စာအိတ်အဟောင်း ကလေးနဲ့ ရောက်လာတဲ့စာဟာ အဲဒီစာပါပဲ။

"သူတို့က အဲသလို ရိုက်နှက်စစ်ဆေးနေတာကို ထောက် တော့ သူတို့ဟာ ငါ့အကြောင်းကို ဟိုပိုလန်ကောင် ပြောတာက လွဲလို့ ဘာမှမသိဘူးဆိုတာ ထင်ရှားနေတာပေါ့။ ငါကလည်း အဲဒီ ကောင်က သူ့ကို မကြိုက်ကောင်းလားဆိုပြီး တမင် ဈောက်ချ တာပါ ဆိုတာပဲ ထပ်ခါတလဲလဲပြောရတာပေါ့။ တကယ် ကလည်း ဒီပြဿနာ မပေါ်ပေါ်အောင်လုပ်တာ ဒီသေနာကောင် ပဲ မှတ်လား"

အင်ညာက သူ့အဖြစ်အပျက်ကို ပြောပြပြီးတဲ့နောက် ကျွန်မကလည်း ကျွန်မကို ဂက်စတာပိုက ခေါ်တွေ့ပြီး သူနဲ့ ပတ်သက်လို့ မေးတဲ့အကြောင်းတွေ၊ ဂက်စတာပိုကို ကျွန်မက ခပ်တည်တည်နဲ့ လိမ်ခဲ့တွေ ပြန်ပြောပြရပါတယ်။

'ကျေးဇူးတင်ပါတယ် ကက်တာရီနာရယ်၊ ညည်းကယ်လို့သာ ငါ လွတ်လာခဲ့ရတာပါ။ ညည်းသာ မကယ်ရင် ညည်းသာ သတ္တိမရှိရင် ခုလောက်ဆို ငါ့ဘဝဟာ ဘယ်အခြေဆိုက်နေမယ် ဆိုတာ တွေးတောင် မတွေးရဲပါဘူး။ ညည်းကျေးဇူးကို ငါ တစ်သက် လုံး သေတဲ့အထိ မမေ့ပါဘူးအေ'

အင်ညာဟာ ပြောရင်းပြောရင်းနဲ့ မျက်ရည်တွေ ကျလာပါတယ်။ ကျွန်မလည်း သူ့ကိုကြည့်ပြီး စိတ်ထိခိုက်သွားမိပါတယ်။ သူ့ကိုသနားလည်းသနား၊ သူ့အတွက် စိတ်လည်း တော်တော်လေး မကောင်းဖြစ်မိပါတယ်။

အဲဒီလို နှစ်ယောက်သား စိတ်ထိခိုက်ပြီး စကားမပြောနိုင်ဘဲ ဖြစ်နေကြရာက တအောင့်လောက်နေတော့မှ ကျွန်မဟာ ကျွန်မစိတ်ထဲမှာ အစိုင်အခဲဖြစ်နေတဲ့ စိုးရိမ်မှုကို ရုတ်တရက် ဖွင့်ပြောလိုက်မိပါတယ်။

"အခုထိတော့ ဟုတ်နေသေးတာပေါ့လေ။ ဒါပေမယ့် တစ်နေ့နေ့မှာ ကျွန်မအကြောင်းတွေကိုသာ ဂက်စတာပိုကများ သိသွားရင် အင်ညာတို့၊ နီနာတို့တုန်းက ကျွန်မ ကယ်ခဲ့သလို ကျွန်မကျတော့ အင်ညာတို့အနေနဲ့ ကယ်ဖို့ မလွယ်ဘူးထင်တယ် အင်ညာရယ်. . ."

ဟုတ်ပါတယ်။ အဲဒီအခါကျရင်တော့ ကျွန်မကို သူတို့ ကယ်ဖို့ဆိုတာ မလွယ်ရေးချ မလွယ်ထဲကပါပဲ။



## မြေအောက်ခန်းထဲမှ ပီးရထားတွဲပေါ်သို့

နဂိုကမှ ကျွန်မဟာ ဂျူးမကလေးအဖြစ်က ယူကရိန်းမကလေးတစ်ယောက် အနေနဲ့ ရုပ်ဖျက်ပြီး နေနေရတဲ့ဘဝမို့ ကျွန်မကိုယ်ကျွန်မ လိပ်ပြာမလုံရတဲ့အထဲ နီနာတို့ အင်ညာတို့နဲ့ ပတ်သက်လို့ ဂက်စတာပိုကို နှစ်ကြိမ်တိတိ တစ်ပတ်ရိုက်ပြီး လက်တစ်လုံးခြား လုပ်ထားခဲ့မိတော့ 'တစ်နေ့တစ်လံ ပုဂံဘယ်ပြေးမလဲ' ဆိုတာလို တစ်နေ့နေ့ကျရင် ကျွန်မအတွက် ပြေးပေါက်မရှိအောင် ချောင်ပိတ်မိတော့မှာပဲဆိုတဲ့ စိတ်က ကျွန်မကို တစ္ဆေခြောက်သလို အမြဲခြောက်နေခဲ့ပါတယ်။

အဲသလို ကျွန်မအတွက် ပိုပြီး ခြောက်ချားစရာ ကောင်းလာသလို စစ်ရေး နိုင်ငံရေးနဲ့ တိုင်းရေးပြည်ရေးကလည်း တစ်နေ့ထက်တစ်နေ့ ပိုပြီး ဆိုးဝါးလာနေပါတယ်။ ဂျာမန်တပ်တွေ ရုရှား ပြည်ထဲက ခွေးပြေးဝက်ပြေး ပြေးလာခဲ့ရတဲ့သတင်းတွေ၊ အရှေ့ဖက်

က  ရုရှားတပ်တွေနဲ့ အနောက်ဖက်က အမေရိကန်တပ်တွေနဲ့ ညှပ်ပူးညှပ်ပိတ် ထိုးစစ်တွေကြားထဲမှာ ဂျာမန်တပ်တွေဟာ လက်နက်မပြည့်စုံ၊ ရိက္ခာမလုံလောက်ဖြစ်ပြီး စိတ်ဓာတ်တွေ ကုန်ကောက်လို့ မရအောင် ကျဆင်းနေကြတဲ့သတင်းတွေ၊ အင်မတန် ထင်ရှားကျော်ကြားပြီး အင်မတန်နာမည်ကြီးခဲ့တဲ့ ဂျာမန်ဗိုလ်ချုပ်ကြီးတွေနဲ့ ဂျာမန်တပ်မကြီးတွေဟာ ရုရှားနဲ့ အမေရိကန် မဟာမိတ် တပ်မှူးကြီးတွေ ရှေ့မှောက်မှာ ဒူးထောက်အညံ့ခံပြီး လက်နက်ချနေကြတဲ့သတင်းတွေ၊ ကြားရသမျှ သတင်းတွေနဲ့ ကောလဟာလတွေကတော့ ဂျာမန်လူမျိုးတွေ အတွက် စိတ်ဓာတ်ချောက်ချားစရာ တွေချည်းပါပဲ။

အဲသလို ဂျာမန်တွေ အရှုံးကြီးရှုံးပြီး မဟာမိတ်တွေက နိုင်ပြီးရင်း နိုင်နေတဲ့သတင်းတွေဟာ ကောလာဟာလ ပါးစပ်သတင်းတွေ မဟုတ်ဘဲ တကယ့် အမှန်သတင်းတွေဆိုတာ ကျွန်မတို့နေတဲ့ လင့်ဇ်မြို့ကလေးရဲ့ လက်ငင်း ကြုံတွေ့နေရတဲ့ ဖြစ်ရပ်တွေက သက်သေခံနေပါတယ်။ အဲဒီဖြစ်ရပ်တွေက ဘာတွေလည်း ဆိုတော့ လင့်ဇ်မြို့ပေါ်မှာကို နေ့ဘက်ရော ညဘက်ပါ အမေရိကန် လေယာဉ်ကြီးတွေဟာ အစုလိုက်အပြုံလိုက် ပျံဝဲလာပြီး မကြာခဏ ဗုံးတွေ ဒလကြမ်း ကြဲချနေတဲ့ အဖြစ်ပါပဲ။

ဟုတ်ပါတယ်၊  အရင်ကဆိုရင် ရန်သူ လေယာဉ်ပျံဝေးလို့ ဂျာမန်လေယာဉ်သံတောင်မှ တစ်လနေလို့ တစ်ခါ မကြားရတဲ့ လင့်ဇ်မြို့မှာ အခုဆိုရင် ရက်ခြားလိုလို၊ တစ်ခါတစ်လေ နေ့စဉ် ရက်ဆက်လိုလို၊ အမေရိကန်မိုးပျံ ဗုံးကြဲ လေယာဉ်ကြီးတွေရဲ့ အသံနဲ့ လေကြောင်းအချက်ပေး ဥသြသံတွေနဲ့ တစ်အုံးအုံး တစ်ဒုံးဒုံးကြဲချ



လိုက်တဲ့ ဇရာမ ဗုံးပေါက်ကွဲသံတွေနဲ့. . . တစ်မြို့လုံး သိမ့်သိမ့်တုန်နေတာ တွေ့ရပါတယ်။

အဲဒီလို အမေရိကန်လေယာဉ်တွေရဲ့ မကြာခဏ ဗုံးကြဲမှုကြောင့် ကျွန်မတို့ လက်နက်ရုံအပါအဝင် လင့်ဇ်မြို့က စက်ရုံအလုပ်ရုံတွေနဲ့ ရုံးတွေဟာ အရင်ကလို အေးအေးဆေးဆေး အလုပ်မလုပ်နိုင်ကြတော့ပဲ လေကြောင်းရန်ကြောင့် မကြာခဏ ဗုန်းကျင်းတွေထဲကို အပြေးအလွှားဆင်းပြီး ရှောင်ကြ တိမ်းကြရပါတယ်။

ဆယ်မိနစ် ဆယ့်ငါးမိနစ်လောက် တစ်ခါတလေ နာရီဝက် တစ်နာရီလောက်အထိ တစ်အုံးအုံး တစ်ဒုံးဒုံးနဲ့ နားကွဲလုမတတ် ဗုံးကြဲသံတွေ ကြားရပြီး အန္တရာယ်ကင်း ဘေးရှင်းပြီဆိုတဲ့ ‘အော်လ်ကလီးယား’ ဥသြသံ ကြားရလို့ ဗုံးကျင်းထဲက အပေါ်တက်လာလိုက်ရင် စောစောက မြင်ခဲ့တွေ့ခဲ့ရတဲ့ ဇရာမ အဆောက်အဦးကြီးတွေနဲ့ တိုက်တာ အိုးအိမ်တွေဟာ အခုတော့ မြေပေါ်မှာ ပြားပြားဝပ် ပြိုလဲကျနေပြီး မီးတွေ ဟုန်းဟုန်းတောက်နေတာ တွေ့ရတော့ မျက်စိအောက်မှာ မယုံနိုင်လောက်အောင် ဖြစ်ကြပါ တယ်။ တစ်ခါတစ်ခါ အဲဒီ အဆောက်အဦးပျက်တွေနဲ့ မီးတောက် မီးလျှံတွေထဲမှာ အတုံးအရုံးနဲ့ ခြေပြတ်လက်ပြတ် ခါးပြတ် ခေါင်းပြတ်သေနေကြတဲ့ အလောင်းတွေကို မြင်ရတာကလည်း အင်မတန် ကြောက်စရာ လန့်စရာ ကောင်းပါတယ်။

ကျွန်မဖြင့် တစ်ခါတလေ ဗုံးကြဲပြီးသွားလို့ အဲသလို ဗုန်းကျင်းပေါ်ပြန်တက်လာခဲ့ပြီး မရှုမလှ သေနေကြတဲ့လူတွေ တွေ့လိုက်ရရင် အခုလို တထိတ်ထိတ် တလန့်လန့်နဲ့ ဟိုဟာတွေကြောက်

ဒီဟာတွေးကြောက်ရနဲ့ စိတ်ဆင်းရဲခံနေရမယ့်အစား အဲဒီလူတွေလို ဗုံးမှန်ပြီး သေသွားတာက ကောင်းပါသေးတယ်လို့တောင် တွေးမိပါတယ်။

ဒါပေမယ့် တစ်ခါတစ်ခါကျပြန်တော့လည်း နေ့စဉ်ရက်ဆက် ဗုံးကြဲခံရလေလေ ဒီဂျာမန် ဖက်ဆစ်တွေရဲ့ နောက်ဆုံး ဇာတ်သိမ်းခန်း ရောက်ခါနီးလေလေလို့ စဉ်းစားမိပြီး ဒီစစ်ကြီးပြီးဆုံးသွားတဲ့အထိ ငါ့ကိုယ်ငါ အသက်မသေအောင် ကြိုးစားပြီး နေသွားမယ်ဆိုတဲ့ စိတ်မျိုး ဝင်လာမိပြန်ပါတယ်။

အဲသလို 'ကိုယ့်ဝမ်းနာ ကိုယ်သာသိ' ဆိုတဲ့အတိုင်း ကိုယ့်အဖြစ်နဲ့ ကိုယ့်အပြစ်ကို ကိုယ်ကိုယ်တိုင် သိနေလို့ တထိတ်ထိတ်ဖြစ်နေမိတာနဲ့၊ နေ့ရောညပါ ဗုံးတွေဒလဟော ကြဲချနေလို့ ဂယောင်ချောက်ချား ဖြစ်နေရတာနဲ့၊ စိတ်တွေ ယောက်ယက်ခတ်နေတုန်းမှာပဲ နောက်တစ်ကြိမ် 'သေမင်းတမန် ခေါင်းလောင်းသံ'ကို ကြားလိုက်ရပြန်ပါတယ်။

ဟုတ်ပါတယ်၊ ဂက်စတာပိုက ကျွန်မကို ခေါ်ပြန်ပါပြီ။

ဒီတစ်ခါတော့ စာနဲ့ရေးမခေါ်ဘဲ တယ်လီဖုန်းနဲ့ဆက်ပြီး ခေါ်ပါတယ်။ နေ့ ၂ နာရီ  လာတွေ့ပါတဲ့။ တခြားဘာမှ ထွေထွေ ထူးထူး မပြောပါဘူး။

ဒါနဲ့ ၂ နာရီတိတိ ရောက်သွားတော့ ဒီတစ်ခါ အရင်ကလို ပထမထပ် ဒုတိယထပ်တွေ မဟုတ်ဘဲ အောက်ဆုံးထပ်က ရုံးခန်းတစ်ခန်း ရှိရာကို သွားရပါတယ်။ အခန်းထဲ ဝင်သွားတော့ အရာရှိတစ်ယောက်နဲ့ အခြားခပ်ရွယ်ရွယ် လူနှစ်ယောက်ကို တွေ့ရပါတယ်။

အရာရှိကပဲ စမေးပါတယ်။



"ကက်တာရီးနား လက်စာစာဇင်ဆိုတာ မင်းလား"

"ဟုတ်ပါတယ်"

"အသက် ဘယ်လောက်ရှိပြီလဲ"

"နှစ်ဆယ့်လေးနှစ်ရှိပါပြီ"

ဆက်ပြီးတော့ ကျွန်မရဲ့မွေးဇာတိ၊ လက်ရှိ အလုပ်အကိုင်နဲ့ တခြား ကိုယ်ရေးကိုယ်တာ အသေးအဖွဲကလေးတွေ မေးပါတယ်။ သူမေးတာတွေကို ကျွန်မကလည်း ကြေ့ရရဖြေပါတယ်။ အဲဒီလို ဖြေနေတုန်းမှာ ဖြုံးဆို အဲဒီအရာရှိက ကောက်ကာငင်ကာ ပြောချ လိုက်ပါတယ်။

"အခုအချိန်ကစပြီး မင်းကို ဒို့ဖမ်းလိုက်ပြီ။ မင်းဟာ ဂျူးလူမျိုး၊ မင်းဟာ ချက်မြေအောက် တော်လှန်ရေးသမားတွေရဲ့ စပိုင် သူလျှို၊ မင်းဟာ ဒို့ရဲ့ စစ်လက်နက်ထုတ်လုပ်ရေး အခြေအနေတွေကို စုံစမ်းဖို့ ဒီလက်နက်ရုံမှာ ကြံဖန်ပြီး အလုပ်ဝင်လုပ်နေခဲ့တယ်။ ပြီးတော့ ဒို့သတင်းတွေကို ရန်သူ့ဆီ မင်းပို့ပေးခဲ့တယ်"

ကျွန်မလည်း ရုတ်တရက် အလန့်တကြားဖြစ်သွားပြီး သူ့စကားမဆုံးခင်မှာဘဲ ပြန်အော်ပြောလိုက်မိပါတယ်။

'ကျွန်မ ဒီမှာ စပိုင်လို့ဆိုရအောင် လက်နက်ရုံ အထဲထဲတောင် ရောက်ဘူးတာ မှတ်ဘူးရှင့်'

ဒါပေမဲ့ မရပါဘူး၊ ကျွန်မစကားကို လုံးဝ ဂရုမစိုက်ဘဲ သူ့စကားတွေကို သူ ဆက်ပြောသွားပါတယ်။

"ဒါတွေ ဒို့နားမလည်ဘူး၊ ဒို့သိတာက မင်းဟာ ဒီမှာ ၂ နှစ်လုံးလုံး လက်တစ်လုံးခြား လုပ်ပြီး ဒို့ကို တပတ်ရိုက်လာခဲ့တယ်။ မင့်သူငယ်ချင်း နီနာအီလာနိုဗာ ကိစ္စတုန်းကလည်း မင်း ဒို့ကို အရှုပ်လုပ်ခဲ့တယ်"

"မဟုတ်ဘူး. . . မဟုတ်ဘူး၊ ဒါ လုံးဝမဟုတ်ဘူး"

ကျွန်မ တအားအော်ပြောလိုက်ပါတယ်။

"ရှင်တို့ ကျွန်မကို အခု ဒီနေရာတင် ပစ်သတ်ချင် သတ်လိုက်ပါ၊ နှိပ်စက်ချင်သလို နှိပ်စက်ပါ၊ ဒါပေမယ့် အမှန်တရားကတော့ အမှန်တရားပါပဲ။ ကျွန်မဟာ လုံးဝ စပိုင်မဟုတ်ပါဘူး။ ချက် မြေအောက် တော်လှန်ရေးသမားတွေဆိုတာလည်း ကျွန်မ မသိဘူး။ လက်နက်ရုံကို ကျွန်မ အလုပ်ဝင်လုပ်ရတာကလည်း ကျွန်မက တမင်ကြိုးစားလို့ မဟုတ်ပါဘူး၊ အဲဒီက ကြီးကြပ်ရေးမှူး ကိုယ်တိုင်က ခေါ်လို့ဝင်လုပ်ရတာပါ၊ မယုံရင် အဲဒီကြီးကြပ်ရေးမှူး လော်တာမင်းကို မေးကြည့်ပါ"

"မင်း ဘာမှ လျှာရှည်မနေနဲ့၊ မင်းတို့တတွေ အားလုံး စပိုင်တွေချည်းပဲ၊ နီနာလည်း စပိုင်ပဲ၊ သူ့ရည်းစား ကာလပ်စ်ဆိုတဲ့ ကောင်လည်း စပိုင်ပဲ၊ နီနာဆိုရင် ရုရှားဟန်ဆောင်နေတဲ့ ဂျူးပဲ"

ရုတ်တရက်ကျွန်မ ဘာမှပြန်မပြောနိုင်အောင် ဖြစ်သွားမိပါတယ်။ 'နီနာလည်း စပိုင်ပဲ၊ ကာလပ်စ်လည်း စပိုင်ပဲ' ဒီလိုဆို သူတို့နှစ်ယောက်စလုံး ချက်မြေအောက် တော်လှန်ရေးသမားတွေနဲ့ အဆက်အသွယ်ရှိကြသလား၊ ကာလပ်စ်က ချက်လူမျိုးဆိုတော့ သူကိုယ်တိုင်က မြေအောက် တော်လှန်ရေးအဖွဲ့ဝင် ဖြစ်နေလေရော့သလား။

မှန်တာပြောရရင် ကျွန်မတို့ လင့်ဇ်မြို့မှာရှိတဲ့ နိုင်ငံခြား အလုပ်သမားတွေထဲမှာ ချက်မြေအောက် တော်လှန်ရေး အဖွဲ့တစ်ခု တိတ်တိတ်ပုန်း ဖွဲ့ထားတယ်ဆိုတဲ့ သတင်းကို ကျွန်မ ကြားနေရတာတော့ ကြာပါပြီ။ ဒါပေမယ့် ဘယ်သူဘယ်ဝါတွေပါလို့ ဘာတွေ လုပ်နေကြတယ်ဆိုတာ လုံးဝ မသိခဲ့ဖူး အမှန်ပါ။



ဘာပဲဖြစ်ဖြစ် အခုလောလောဆယ် ကျွန်မကို ဂက်စတာပိုက ဖမ်းလိုက်ပါပြီ။ ဒီတစ်ခါတော့ ကျွန်မအတွက် လွတ်ဖို့လမ်း မရှိတော့ပါဘူး။ ဒါပေမယ့် ကျွန်မကို ဖမ်းတာဟာ ဂျူးအဖြစ်နဲ့ ဖမ်းတာလား၊ မြေအောက်နဲ့ ဆက်လို့ ဖမ်းတာလား၊ ဒါမှ မဟုတ် နှစ်ခုစလုံးကြောင့် ဖမ်းတာလား။

စောစောက ကျွန်မကို စွပ်စွဲသွားတဲ့ အထဲမှာတော့ ကျွန်မဟာ ဂျူးလည်း ဖြစ်နေတယ်။ မြေအောက်နဲ့လဲ ဆက်တယ်လို့ ပါပါတယ်။ ဒီလိုဆိုရင် မြေအောက်နဲ့လည်း ဆက်တယ်ဆိုတဲ့ စွဲချက်ဟာ အသားလွတ် ထင်ကြေးနဲ့စွဲတဲ့ စွဲချက် ဖြစ်နေတာ ထင်ရှားပါတယ်။ အဲဒီတော့ ကျွန်မအနေနဲ့ ဒီစွဲချက်တွေကို ဘယ်လို ပြန်ဖြေရှင်းရမလဲ၊ ဘယ်လို ရင်ဆိုင်ရမလဲ။

ဒါပေမယ့် အရင်အခါတွေတုန်းကလို လိမ်လို့ ဖြီးလို့ မရတော့ဘူးဆိုတာ သေချာပါတယ်။

အဲဒီတော့ သူတို့ဘက်က သက်သေ အထောက်အထားတွေ ထုတ်မပြခင် ကျွန်မရဲ့ အဖြစ်မှန်ကို ဝန်ခံလိုက်ခြင်းအားဖြင့် ကျွန်မဘက်က ပြောအားဆိုအား ရှိလာမယ်။ ကျွန်မပြောတဲ့ တခြား အချက်အလက်တွေလည်း သူတို့ယုံကြည်လာမယ်လို့ ရုတ်တရက် အတွေး ဝင်လာမိပါတယ်။ ကျွန်မခေါင်းထဲကို ဒီအတွေးနဲ့ ဒီစိတ်ကူး ဝင်လာတာဟာ အခု အပြောပြနေသလောက်တောင် မကြာပါဘူး။ ဖြူးဆို ဒီအတွေးဝင်လာတာနဲ့ တပြိုင်နက် ကျွန်မလည်း ဘာမှ စဉ်းစားမနေတော့ဘဲ ပြောမိပြောရာ ပြောချလိုက်ပါတယ်။

"ဒီမယ်၊ ရှင်တို့ အခု စွပ်စွဲတဲ့ အချက်တွေထဲမှာ မှန်တာ တစ်ခုပဲ ပါတယ်။ အဲဒါ ဘာလဲဆိုတော့ ကျွန်မဟာ ဂျူးပဲဆိုတဲ့ စွဲချက်

ပဲ ဟုတ်တယ်။ ကျွန်မဟာ ဂျူးလူမျိုးပါ။ ဂျူးအမျိုးသမီး တစ်ယောက်ပါ။ ကျွန်မနာမည်ရင်းက အီဗာကွန်ဂိုးလ်လို့ ခေါ် ပါတယ်”

ပြောရင်းပြောရင်းနဲ့ ကျွန်မအသံဟာ ကျွန်မစိတ်ထဲက မှန်းထား တာထက် ပိုပြီးမာသွားပါတယ်။ ကျွန်မကိုယ်ကျွန်မလည်း အားပြည့် သွားတယ်လို့ ထင်လိုက်မိပါတယ်။ ဟုတ်ပါတယ်။ တကယ်လို့ သာ သူတို့က လုံးဝ ငြင်းလို့မရတဲ့ သက်သေ အထောက်အထား တွေ ထုတ်ပြတဲ့အတွက် ‘ဂျူးမှဂျူးပါ’ လို့ ဝန်ခံလိုက်ရရင် ကျွန်မ အသံဟာ ဒါလောက် မာမယ် မထင်ပါဘူး။ တုံတုံရီရီနဲ့တောင် ဖြစ်ချင်ဖြစ်နေပါဦးမယ်။ အဲဒီလိုပြောပြီး လူလဲ ပုံကျသွားချင် သွားပါလိမ့်မယ်။

အခုတော့ သူတို့က အတင်းအကြပ်မမေးဘဲ ကိုယ့်ဆန္ဒနဲ့ ကိုယ် ထုတ်ပြောလိုက်ရလို့လားမသိဘူး။ ‘ကျွန်မဟာ ဂျူးပါ’ ဆိုပြီး ကျွန်မနာမည် ‘အီဗာ’ လို့ ပြောလိုက်ရတာ ကျွန်မဖြင့် ကိုယ့်ကိုယ် ကို အောင်ပွဲခံလိုက်ရသလိုတောင် ထင်လိုက်မိပါတယ်။ တကယ်ပါ။ ကျွန်မကိုယ်ကျွန်မ ဂျူးအမျိုးသမီးတစ်ယောက်ဖြစ်ကြောင်း ဖွင့်ပြော လိုက်ရတဲ့အချိန်မှာ အရင်က ထင်ခဲ့သလို ကြောက်စိတ်မဝင်တဲ့ အပြင် ကိုယ့်ကိုယ်ကို ဂုဏ်တောင်ယူလိုက်မိပါတယ်။

ကျွန်မက အဲသလို ‘နီနာဟာ ဂျူးမဟုတ်ဘူး ကျွန်မဟာ ဂျူးပါ’ လို့ ပြောလိုက်တော့ အရာရှိဟာ ပိုဒေါပွသွားပုံရပါတယ်။

“ဩော်. . . မင်းကိုမင်း ဂျူးဆိုတာတော့ ဝန်ခံတယ်၊ နီနာကို တော့ ဂျူးမဟုတ်ဘူးလို့ မင်းငြင်းတယ်။ နီနာနဲ့ ပတ်သက်လို့ မင်းက အမှန်အတိုင်း ပြောတယ်ပေါ့လေ ဟုတ်လား။ ဒါဖြင့် အင်ညာအိုဇီမော့ အကြောင်းကကော ဘယ်လိုလဲ၊ အက်စ်သာ



ဝါရှောစကီးလေ၊ သူ့အကြောင်း မင်းပြောခဲ့တွေလည်း အမှန် တွေပဲပေါ့။ အဲဒီအမှန်တွေဟာ တစ်ပုံစံတည်း အတူတူပဲပေါ့၊ ဟုတ်လား ပြောပါဦး”

ကျွန်မက ဘာမှ ပြန်မပြောဘဲ နေလိုက်ပါတယ်။

“ဒီမယ် မင်းသူငယ်ချင်း အင်ညာကိုလည်း ဒို့ဖမ်းထားပြီ သိ လား၊ ဒီတစ်ခါတော့ သူကိုယ်တိုင် သူ့ကိုယ်သူ ဂျူးပါလို့ ဖြောင့် ချက်ပေးပြီးပြီ။ အဲဒါ မင်းသိထားဖို့ပဲ”

အရာရှိရဲ့စကားကြောင့် ကျွန်မခေါင်းထဲမှာ မိုက်ခနဲ ဖြစ်သွား မိပါတယ်။ ဒီအတိုင်းသာ မှန်ရင်တော့ ကျွန်မတို့ အားလုံးဟာ ‘တောင်မင်း မြောက်မင်း မကယ်နိုင်တဲ့ကိန်း’ ဆိုက်နေပြီလို့ တွေးလိုက်ပါတယ်။

အဲဒီနောက်တော့ အရာရှိက ချက်မြေအောက်တော်လှန်ရေး အဖွဲ့နဲ့ ပတ်သက်တာတွေ ဆက်မေးပါတယ်။ အဲဒီအဖွဲ့မှာ အင် အား ဘယ်လောက်ရှိသလဲ၊ ခေါင်းဆောင်က ဘယ်သူတွေလည်း ရေဒီယို ဝိုင်ယာလက်စက်တစ်လုံး ရှိတယ်ဆိုတာ ဟုတ်သလား။ အဲဒီစက်ကို ဘယ်မှာ ဝှက်ထားသလဲ. . .။

ဒါပေမယ့် ဒါတွေနဲ့ပတ်သက်လို့ ကျွန်မအနေနဲ့ တကယ်လဲ မသိတဲ့အတွက် မေးသမျှမေးခွန်းတွေကို မသိဘူးလို့ဘဲ ဖြေရပါ တယ်။

“ဟိုဟာလည်း မသိဘူး၊ ဒါလည်း မသိဘူး၊ ဒါဖြင့် မင်း သိတာ ဘာရှိသေးသလဲ။ ဒီလိုဆိုချက်တွေနဲ့ မင်း နေရာတကာ တွဲနေ တာက ဘာရည်ရွယ်ချက်နဲ့လည်း ပြောစမ်းပါဦး။ သူတို့နဲ့ တွဲပြီး သူတို့ ဘာတွေလုပ်နေတယ်ဆိုတာ မသိဘူးဆိုတော့ မင်း သက်

သက် အလေလိုက်ချင်လို့ သူတို့နဲ့ နေ့ရောညပါ တွဲနေတာပေါ့ လေ။ ဟုတ်လား"

အရာရှိဟာ ပြောရင်းနဲ့ ဒေါသဖြစ်လာပြီး စားပွဲကို လက်ဝါးနဲ့ တစ်ချက် 'ဖြန်း' ခနဲ ရိုက်လိုက်ပါတယ်။ သူ့မျက်နှာ တစ်ခုလုံးလည်း နီရဲနေပါတယ်။

နောက်ဆုံးကျတော့ သူက အချက်ပြလိုက်တဲ့အတွက် သူနဲ့ အတူရှိနေကြတဲ့ ခပ်ရွယ်ရွယ်လူနှစ်ယောက်ဟာ ထိုင်ရာက ဖြုန်းကနဲ ထလိုက်ပြီး ကျွန်မကို သူတို့နဲ့ လိုက်ခဲ့ဖို့ ခေါ်ပါတယ်။

အဲဒီလူနှစ်ယောက်က ကျွန်မကို ဂက်စတာပိုရုံးကြီးရဲ့ လက်ဝဲဘက်က စင်္ကြန်လမ်းအတိုင်း ခေါ်သွားကြပြီး အလယ်လောက်ရောက်တဲ့အခါကျတော့ အုတ်လှေကားကြီးအတိုင်း ဆင်းလာခဲ့ရပါတယ်။ အဲဒီကမှတဆင့် လက်ျာဘက် ချိုးလိုက်ပြီး လူနှစ်ယောက်စာလောက် ကျယ်တဲ့ လှေကားထစ်ကလေးတွေအတိုင်း ဆင်းလာခဲ့ရပါတယ်။

ဟုတ်ပါတယ်။ ဒီလှေကားဟာ မြေအောက်ခန်းတွေကို ဆင်းတဲ့လှေကားပါ။ ဒီဂက်စတာပို အဆောက်အဦမှာ မြေအောက်ခန်းရှိတယ်ဆိုတာ ကျွန်မကြားရုံသာ ကြားဖူးပါတယ်။ ဘယ်နေရာမှာ ရှိမှန်း မသိခဲ့ပါဘူး။

လှေကားက လူနှစ်ယောက်စာလောက်ပဲရှိတဲ့အတွက် ကျွန်မက ရှေ့ကဆင်းပြီး ဟိုလူနှစ်ယောက်က နောက်ကတွဲပြီး ဆင်းလာကြပါတယ်။ တဖြည်းဖြည်းနဲ့ လှေကားဆယ်ထစ် ဆယ့်ငါးထစ်လောက် ဆင်းမိရင်ပဲ အပြင်က အလင်းရောင် အားနည်းသည်ထက် နည်းလာပြီး မှောင်သည်ထက် မှောင်လာပါတယ်။ သူတို့နှစ် ယောက်ရဲ့ ရှေ့က လှေကားတစ်ထစ်ချင်း ဆင်းလာရင်းနဲ့



ကျွန်မ ကိုယ်ကျွန်မ အိပ်မက်မက်သလို ခံစားနေမိပါတယ်။ ဒီကြားထဲက ကျွန်မကို နောက်ကနေပြီး သေနတ်နဲ့ ပစ်လိုက်မလားဆိုတဲ့ အတွေးလည်း ဝင်လာပါသေးတယ်။

လှေကားထစ်တွေ ဆုံးတာနဲ့ တစ်ပြိုင်နက် လိုဏ်ခေါင်းလိုလို မြေအောက်လမ်းကလေးအတိုင်း တည့်တည့် လျှောက်လာခဲ့ရပါတယ်။ အဲဒီမှာတော့ ဘယ်ကလာမှန်းမသိတဲ့ မီးရောင်ဖျော့ဖျော့ကလေးကို လမ်းကျဉ်းကလေးအတိုင်း မှုန်တီမှုန်မွား မြင်နေရပါတယ်။ ဆယ့်လေးငါးကိုက်လောက် လျှောက်လာလိုက်တော့ ဖြုံးဆို မမျှော်လင့်ဘဲ အဲဒီလမ်းကျဉ်းကလေးရဲ့ လက်ဝဲဘက်မှာ သံတိုင်သံပြားတွေနဲ့ကာထားတဲ့ တံခါးတစ်ခုကို တွေ့လိုက်ရပါတယ်။ အဲဒီတံခါးဝမှာ မလှုပ်မယှက်နဲ့ ယူနီဖောင်းအပြည့်အစုံ ဝတ်ထားတဲ့ ဂျာမန်စစ်သားတစ်ယောက် သံခမောက်ကြီးဆောင်းပြီး မားမားကြီးရပ်နေတာ ဖြုံးခနဲတွေ့လိုက်ရတော့ ကျွန်မဖြင့် မှောင်ကြီးမဲကြီးထဲမှာ တစ္ဆေကြီးတစ်ကောင်ကို ဘွားကနဲ မြင်လိုက်ရသလို ခေါင်းနပဘမ်းများတောင် ကြီးသွားမိပါတယ်။

အဲဒီအစောင့် ဂျာမန်စစ်သားဟာ ကျွန်မနဲ့ပါလာတဲ့ ဂက်စတာပို နှစ်ယောက်ကိုလည်း မြင်လိုက်ရော ညာဘက်လက်ကိုဆန့်ပြီး အလေးပြု လိုက်ပါတယ်။ ပြီးတော့မှ ကျွန်မကို မြင်ပြီးသားမို့ သူ့တာဝန်ကို သူသိတဲ့အနေနဲ့ သူ့ခါးထဲကသော့တွဲကို ဖြုတ်ပြီး သံတံခါးကြီးကို ဖွင့်လိုက်ပါတယ်။ သူလည်း တံခါးဖွင့်လိုက်ရော ဂက်စတာပို နှစ်ယောက်ဟာ ဘာမပြော ညာမပြောနဲ့ ကျွန်မကို မသိမသာ အထဲတွန်းပို့လိုက်ကြပါတယ်။ ပြီးမှ သူတို့နှစ်ယောက်ဟာ အစောင့်စစ်သားက တံခါးကို သော့ပြန်ခတ်ပြီး

တဲ့အထိ စောင့် ကြည့်နေကြပြီး သူတို့နှစ်ယောက်ရော အစောင့်စစ်သားပါ သုံးယောက်စလုံး လာလမ်းအတိုင်း ပြန်လှည့်သွားကြပါတယ်။

ဂက်စတာပိုနှစ်ယောက်က တွန်းပို့လိုက်လို့ အထဲကို ရောက်သွားခဲ့ရတဲ့ကျွန်မဟာ မှောင်နဲ့မည်းမည်းဖြစ်နေတဲ့ မြေအောက်ခန်းထဲမှာ အခန်းရဲ့ပုံသဏ္ဌာန်နဲ့ အကျယ်အဝန်းကို မြင်ရအောင် မနည်းအားစိုက်ပြီး ကြည့်လိုက်မိပါတယ်။ ဒါပေမယ့် အပြင်လိုဏ်ခေါင်း လမ်းကျဉ်းကလေး တစ်လျှောက်မှာ ရှိနေတဲ့ မှုန်တိမှုန်မွှား အလင်းရောင်ကလေးဟာ ဒီအလုံခန်းကလေးထဲကို လုံးဝ မရောက်သလောက် ဖြစ်နေတော့ ကျွန်မ မျက်စိရှေ့မှာ ဘာကိုမှ သဲသဲကွဲကွဲ မမြင်ရဘဲ မှောင်နဲ့မည်းမည်း ဖြစ်နေပါတယ်။

တဖြည်းဖြည်းနဲ့ ကျွန်မဟာ လက်နှစ်ဖက်ကို ရှေ့တန်းတန်းဆန့်လိုက်၊ ဘေးနှစ်ဖက်ဆန့်လိုက်နဲ့ ခြေထောက်ကိုလည်း တစ်လှမ်းချင်း စမ်းပြီးလှမ်းရင်း မသိမသာ တိုးတိုးသွားကြည့်ပါ တယ်။ ကျွန်မ မျက်လုံးတွေကိုလည်း မှောင်ထဲမှာ ခဏကြာရင် ကျင့်သားရလာမှာပဲဆိုပြီး အုတ်နံရံကို မြင်ရလိုမြင်ရငြား၊ အခန်းထဲမှာ ရှိတဲ့ ပစ္စည်းတွေကို မြင်ရလိုမြင်ရငြား ကြိုးစားကြည့်ပါတယ်။ ဒါပေမယ့် မှောင်လွန်းမက မှောင်နေတော့ ဘာဆိုဘာမှမမြင်ရဘဲ ဖြစ်နေပါတယ်။

ဒီလိုနဲ့ မမြင်မကမ်းစမ်းတဝါးဝါးနဲ့ ခြေလှမ်းဆယ်လှမ်းလောက် သွားမိတော့ ကျွန်မလက်နဲ့ အုတ်နံရံကို စမ်းမိပြီး ကျွန်မ ခြေထောက်ကလည်း ခုံတန်းလျားတစ်ခုကို သွားစမ်းမိပါတယ်။ ခုံတန်းလျားကို တွေ့တာနဲ့တစ်ပြိုင်နက် ကျွန်မဟာ အဲဒီခုံတန်းလျားပေါ်မှာ ထိုင်ချလိုက်ပြီး အုတ်နံရံကို မှီနေလိုက်မိပါတယ်။



မှောင်ထဲမှာ စောစောက အလိုလိုအသက်အောင့်ထားခဲ့မိတာ အခုမှပဲ အသက်ရှူရကောင်းမှန်း သိပါတော့တယ်။

အခုဆိုရင် အခန်းထဲမှာ ဘာကိုမှ သဲသဲကွဲကွဲ မမြင်ရသေးပေမယ့် ကျွန်မရဲ့ အသက်ရှူသံကိုတော့ ကိုယ့်ဟာကိုယ် ကောင်းကောင်းကြီး ကြားနေရပါတယ်။

ဒါဟာ ကျွန်မရဲ့ နောက်ဆုံးသွားရာလမ်းပဲလား။ ကျွန်မ ဒီအခန်းထဲမှာ သေရတော့မှာလား။

စဉ်းစားရင်းနဲ့ ရေသောက်ချင်စိတ် ပေါ်လာပါတယ်။ ဒါနဲ့ ခုံတန်းလျားပေါ် ထိုင်နေရာက ထလိုက်ပြီး စောစောကလို စမ်းတဝါးဝါးနဲ့ တံခါးရှိရာ ပြန်လျှောက်လာခဲ့ပြီး အပြင်ကို လှမ်း အော်လိုက်ပါတယ်။

“ဒီမှာရှင့်၊ ဒီမှာ”

ကျွန်မအသံဟာ မြေအောက် အလုံခန်းထဲမှာ တော်တော်လေး ကျယ်ပြီး လိုဏ်သံနဲ့ ဟိန်းသွားပါတယ်။

“ဒီမှာရှင့်၊ ဒီမှာခေါ်နေတယ်”

အပြင်က ဘာသံမှ မကြားရတဲ့အတွက် သံတံခါးမှာ ကာထားတဲ့ သံပြားကြီးကို တဒိန်းဒိန်းမြည်အောင် ကျွန်မ လက်သီးဆုပ်နဲ့ တအား ထုလိုက်မိပါတယ်။

ဒါပေမယ့် ဘယ်သူမှ ပေါ်မလာပါဘူး။ ဘာသံမှလည်း မကြားရပါဘူး။ ဆယ့်လေးငါးချက်လောက် ထုမိတော့ ကျွန်မလက်တွေလည်း နာလာပါတယ်။

ဒါက ဘယ်လို အဓိပ္ပါယ်လည်း။ ကျွန်မကို ဒီမြေအောက် အလုံခန်းထဲမှာ အစာငတ်၊ ရေငတ်ထားပြီး အသေ သတ်တော့မယ်

ဆိုတဲ့ သဘောလား။ ကျွန်မဘဝဟာ ဒီမြေအောက်ခန်းထဲမှာပဲ အဆုံးသတ်ရတော့မှာလား။

အပြင်ကို ဘယ်လိုမှ လှမ်းခေါ်မရတဲ့အတွက် စောစောက ခုံတန်းလျားရှိရာ ပြန်လျှောက်လာခဲ့ပြီး ခုံပေါ်မှာ ခြေပစ်လက်ပစ် လှဲချလိုက်မိပါတယ်။

မှောင်ထဲမှာ ဘာမှမမြင်ရတဲ့အတူတူ ကျွန်မ မျက်လုံးတွေကို ဖွင့်ထားမယ့်အစား မှိတ်ထားလိုက်ရင် ပိုမကောင်းဘူးလား။ ဟုတ်ပါတယ်။ ဘာကိုမှလည်း မမြင်ရ၊ ဘယ်သူ့ကိုမှလည်း ခေါ်မရတော့ ခဏတဖြုတ် အားရှိအောင် အိပ်နေလိုက်တာပဲ ကောင်းပါ တယ်။

အဲဒီလိုတွေးပြီး ကျွန်မ မျက်လုံးတွေကို စုံမှိတ်ထားလိုက်ပါတယ်။ တခြား ဘာကိုမှ မတွေးဘဲ အိပ်ပျော်အောင် အိပ်လိုက်မယ် ဆိုတဲ့စိတ်နဲ့ ကြိုးစားပြီး အိပ်ကြည့်ပါတယ်။ ဒါပေမယ့် မရပါဘူး။ မျက်လုံးတွေ စုံမှိတ်ထားတဲ့အထဲကကို အရာရှိ အခန်းထဲမှာ ကျွန်မ ကိုယ်ကျွန်မ 'ဂျူး' ပါလို့ ဝန်ခံခဲ့တဲ့ အဖြစ်အပျက်တွေကို ပြန်ပြီး မြင်နေမိပါတယ်။ ကျွန်မနဲ့ အဲဒီအရာရှိနဲ့ အပြန်အလှန် ပြောခဲ့ ဆိုခဲ့ကြတာတွေ။ သူက ကျွန်မကို ဒေါပွပြီး အော်ခဲ့ ဟစ်ခဲ့တာတွေ။ အဲဒါတွေအားလုံး တစ်ခုစီ တစ်ခုစီ ပြန်ပေါ်နေပါတယ်။

စဉ်းစားရင်း စဉ်းစားရင်းနဲ့ ဘယ်လောက်ကြာအောင် စဉ်းစားနေမိတယ် မသိဘူး။ တဖြည်းဖြည်းနဲ့ အဲဒီအဖြစ်အပျက်တွေဟာ ကျွန်မ မျက်စိထဲမှာ မှုန်မှုန်မွှားမွှားနဲ့ ခပ်ဝါးဝါး ဖြစ်သွားပြီး မှေကနဲ ဖြစ်သွားပါတယ်။



အချိန် ဘယ်လောက်ကြာသွားမှန်းမသိပါဘူး။ ဖြုံးကနဲ အိပ်နေရာက လန့်နိုးပြီး သတိပြန်ဝင်လာပါတယ်။ ကျွန်မစိတ်ထဲ မှာ ကိုယ့်အခန်းထဲကိုယ်အိပ်ပျော်သွားသလို ထင်လိုက်ရပြီး အခု နိုးလာတော့လည်း မိုးလင်းနေပြီလို့ အောက်မေ့လိုက်ပါတယ်။ ဒါကြောင့် မို့နဲ့တူပါတယ်။ အိပ်ရာက နိုးနိုးခြင်း ကော်ဖီ သောက်ချင် စိတ် ပေါ်လာပါတယ်။ တစ်ခန်းလုံး စောစောကလို မှောင်နဲ့မည်း မည်းပါပဲ။ ဘာကိုမှ သဲသဲကွဲကွဲမမြင်ရပါဘူး။ ဒါပေမယ့် အခန်းတံခါးရှိနေတဲ့ နေရာနဲ့ အကွာအဝေးကိုတော့ စိတ်ထဲက မှန်းလို့ ရနေတာနဲ့ ခုံတန်းလျားပေါ်ကထပြီး တံခါး ရှိရာကို စမ်းလာခဲ့ပါတယ်။

တံခါးဝရောက်တာနဲ့ တစ်ပြိုင်နက် အပြင်ကို တအားလှမ်းပြီး အော်ခေါ်လိုက်ပါတယ်။ နှစ်ခါ သုံးခါလောက် ခေါ်လို့ မရတော့ ညတုန်းကလို သံတံခါးကို တဒုံးဒုံးနဲ့ ထုပြန်ပါတယ်။ ဒါပေမယ့် အပြင်က ဘာသံမှ မကြားရပါဘူး။ ဘယ်သူမှလည်း မလာပါဘူး။ တံခါးဝမှာ တော်တော်လေး ကြာတဲ့အထိ ရပ်ပြီး နားစွင့်နေခဲ့ပါတယ်။ ဘာမှ အကြောင်းမထူးတဲ့အတွက် ခုံတန်း လျားရှိရာ ပြန်လာပြီး ခြေပစ်လက်ပစ် ထိုင်ချလိုက်မိပါ တယ်။

ငါ 'ဂျူး' ပါလို့ ဝန်ခံလိုက်မိတာ မှားပြီထင်တယ်။ တကယ်တော့ ဝန်မခံဘဲနဲ့ ငွတ်ပေပြီး ငြင်းနေလိုက်ရင် ပိုကောင်းမယ်။ ဝန်မခံဘဲ ငြင်းနေရင် ငါ ဒီအဖြစ်မျိုးရောက်မှာ မဟုတ်သေးဘူး။

အရာရှိနဲ့ ကျွန်မနဲ့ ရုံးခန်းထဲမှာ အပြန်အလှန် ပြောကြတဲ့ မြင်ကွင်းဟာ မှောင်ထဲမှာပဲ ပေါ်လာပြန်ပါတယ်။ ဒါပေ

မယ့် ဒီတစ်ခါ မြင်ကွင်းက တစ်မျိုး ဖြစ်နေပါတယ်။ ကျွန်မက ကျွန်မ ကိုယ် ကျွန်မ ဂျူးမဟုတ်ပါဘူးလို့ ငွတ်ငြင်းနေပါတယ်။ အရာရှိက စဉ်းစားရကြပ်တဲ့မျက်နှာနဲ့ ခေါင်းကုတ်နေပါတယ်။ ခဏနေတော့ အဲဒီမြင်ကွင်းဟာ တဖြည်းဖြည်းနဲ့ ဝါးသွားပြီး မှေးကနဲ အိပ်ပျော်သွားပြန်ပါတယ်။ ဒီတခါတော့ အိပ်မက်ထဲမှာ ကော်ဇီကို ဖန်ခွက်ကြီးနဲ့ အားရပါးရ သောက်ရပါတယ်။ ဖြုံးကနဲ လန့်နိုးလာပြန်ပြီး ဗိုက်ထဲက တကြုတ်ကြုတ်နဲ့ မခံမရပ်နိုင်အောင် ဆာလာပါတယ်။

ဆာလွန်းမက ဆာလာလို့ တံခါးရှိရာကို သွားပြီး နောက်တစ်ကြိမ် အော်ခေါ်ဖို့ သံတံခါးကို လက်နဲ့ ထုဖို့ စိတ်ကူးမိပါသေး တယ်။ ဒါပေမယ့် ဒီလိုလုပ်လို့ ဘာမှ အကြောင်းထူးမှာမဟုတ်ဘူး။ လူပင်ပမ်းပြီး ဗိုက်ထဲက ပိုဆာလာရုံပဲ ရှိမယ်လို့ တွေးမိတာနဲ့ ဘာမှ မကြိုးစားတော့ဘဲ ခုံတန်းလျားပေါ်မှာ အုတ်နံရံကို မှီပြီး မှိန်းနေလိုက်ပါတယ်။ လူတစ်ကိုယ်လုံးလည်း နုံးပြီး ပျော့ခွေနေပါတယ်။

ဒီလိုနဲ့ အိပ်ပျော်သလိုလို မပျော်သလိုလို သတိမရတစ်ချက် ရတစ်ချက်နဲ့ အချိန် ဘယ်လောက်ကြာသွားမှန်း မသိအောင် ဖြစ်နေတုန်း ဖြုံးခနဲ တံခါးဖွင့်သံ ကြားလိုက်ရပါတယ်။

ကျွန်မစိတ်ထဲမှာ အိပ်မက်လိုလို၊ တကယ်လိုလိုနဲ့ အသံကြားရာကို လှမ်းကြည့်လိုက်တော့ တံခါးပွင့်သွားလို့ အပြင်က ဝင်လာတဲ့ မှုန်တီမှုန်မွှား အလင်းရောင်ကလေးနဲ့အတူ လူနှစ် ယောက်ကို ခပ်ဝါးဝါး မြင်လိုက်ရပါတယ်။

“အပြင်ကို ထွက်ခဲ့ပါ”



ကျွန်မလည်း ခုံတန်းလျားပေါ်က အားယူထပြီး တံခါးရှိရာကို လာခဲ့ပါတယ်။ ကျွန်မကို အပြင်ထုတ် သတ်ဖို့ လာခေါ်တာပဲလို့ ရုတ်တရက် တွေးလိုက်မိပါတယ်။ တံခါးဝရောက်လို့ သေသေချာချာ ကြည့်လိုက်တော့ ကျွန်မကို မနေ့က ဒီအခန်းထဲလာပို့ထားခဲ့တဲ့ ဂက်စတာပိုနှစ်ယောက် ဖြစ်နေတာကို တွေ့လိုက်ရပါတယ်။ သူတို့နှစ်ယောက်မှာ တစ်ယောက်က လက်ဆွဲအိတ်တစ်လုံးကို ကိုင်ထားတာတွေ့ရပါတယ်။ ဒီလက်ဆွဲအိတ်ကို မြင်ဖူးပါတယ်လို့ ဂရုစိုက်ပြီး ကြည့်လိုက်တော့ ကျွန်မ လက်ဆွဲအိတ်ကလေး ဖြစ်နေ ပါတယ်။

ဟုတ်ပါတယ်။ ကျွန်မအခန်းထဲမှာ ကျန်ရစ်ခဲ့တဲ့ လက်ဆွဲအိတ်ကလေးပါပဲ။ အဲဒီ လက်ဆွဲအိတ်ကလေးကို မြင်လိုက်ရတော့ ကျွန်မ အကြီးအကျယ် ဝမ်းသာသွားမိပါတယ်။ ဒီအိတ်ကလေးကို ကိုင်လာတာ တွေ့ရခြင်းအားဖြင့် ကျွန်မကို သူတို့ သတ်မပစ်သေးဘူးဆိုတာ တွေးလိုက်မိလို့ပါပဲ။

“ငါ့နဲ့ လိုက်ခဲ့. . .”

လက်ဆွဲအိတ်ကိုင်ထားတဲ့လူက ပြောလိုက်ပါတယ်။ ဒါပေမယ့် သူ့လက်ထဲက အိတ်ကိုတော့ ကျွန်မကို လှမ်းမပေးဘဲ ကိုင်မြဲ ကိုင်ထားပြီး ရှေ့က ထွက်သွားတာနဲ့ ကျွန်မလည်း သူ့နောက်က လိုက်လာခဲ့ရပါတယ်။ ကျန်တဲ့ ဂက်စတာပို တစ်ယောက်ကတော့ ကျွန်မနောက်က လိုက်လာပါတယ်။

ဟိုတစ်ခါ လာခဲ့တဲ့အတိုင်း လိုဏ်ခေါင်း လမ်းကျဉ်းကလေးကတစ်ဆင့် လှေကားပေါ် တက်လိုက်တော့ ဂက်စတာပို အဆောက်အဦ စင်္ကြံပေါ် ပြန်ရောက်လာပါတယ်။ အချိန်ကတော့ မနက်ခြောက်နာရီသာသာလောက် ရှိပြီလို့ ခန့်မှန်းရပါတယ်။

မှောင်နဲ့မည်းမည်း မြေအောက်ခန်းကလေးထဲမှာ အသက်ရှုကြပ်နေခဲ့ရာက မြေပေါ် ပြန်ရောက်ပြီး မနက်ခင်း လေကလေးကို လတ်လတ်ဆတ်ဆတ် ရှူလိုက်ရတော့ တော်တော်လေး အားပြည့်လာတယ်လို့ ထင်လိုက်ရပါတယ်။ အဲဒီထဲက ကျွန်မကို မသတ်သေးဘူးဆိုတာ သိရတဲ့အတွက် ပိုပြီး အားရှိလာပါတယ်။

ဒါနဲ့ စကြိုလမ်းအတိုင်း လျှောက်လာကြရင်းနဲ့ ကျွန်မ စိတ်ထဲမှာ အင်မတန် သိချင်နေတဲ့ ကိစ္စကို မေးကြည့်လိုက်ပါတယ်။

“ဒီနေ့ ဘယ်နှစ်ရက်လဲ”

“မေလ နှစ်ရက်နေ့”

ကျွန်မ တော်တော် အံ့ဩသွားပါတယ်။ သူ ပြောတာကိုလည်း မယုံနိုင်အောင် ဖြစ်သွားမိပါတယ်။ သူပြောသလိုဆို ကျွန်မဟာ မြေအောက်ခန်းထဲမှာ တစ်ညပဲ အိပ်ခဲ့ရတဲ့သဘောမျိုး ဖြစ်နေပါတယ်။ ဒါမဖြစ်နိုင်ပါဘူး။ ကျွန်မစိတ်ထဲမှာ ကျွန်မဟာ မြေအောက်ခန်းထဲမှာ အနည်းဆုံး သုံးလေးရက်လောက် ကြာခဲ့တယ်လို့ပဲ ထင်နေခဲ့ပါတယ်။ ဒါပေမယ့် ဘာမှတော့ ပြန်မပြောလိုက်ပါဘူး။

ခဏနေတော့ အခန်းတစ်ခန်းရှေ့ကို ရောက်လာပြီး ကျွန်မရှေ့က ဂက်စတာပိုက အခန်းထဲ ဝင်သွားတာနဲ့ ကျွန်မလည်း အထဲဝင်ခဲ့ရပါတယ်။ သေသေချာချာ ကြည့်လိုက်တော့ မနေ့က သူတို့ ကျွန်မကိုစစ်ခဲ့တဲ့အခန်း ဖြစ်နေပါတယ်။ ဒါပေမယ့် အခန်းထဲမှာ မနေ့က အရာရှိကိုတော့ မတွေ့ရပါဘူး။ စားပွဲပေါ်မှာ ဘယ်အချိန်က ရောက်နေမှန်းမသိရဘဲ ကော်ဖီတစ်ခွက်နဲ့ ပေါင်မုန့်နှစ်ချပ်ကို ဗန်းကလေးနဲ့ အဆင်သင့် တင်ထားတာ တွေ့လိုက်ရပါတယ်။



ကျွန်မလက်ဆွဲအိတ်ကို ကိုင်ထားတဲ့လူက ကျွန်မကို ‘ကော်ဖီသောက် မုန့်စား’ ဆိုတဲ့အမူအရာနဲ့ မေးငေါ့ပြလိုက်ပါတယ်။ ဒါနဲ့ ကျွန်မလည်း ကုလားထိုင်မှာ ဝင်ထိုင်ပြီး ကော်ဖီပန်းကန်ကို ယူ သောက်လိုက်ပါတယ်။ မုန့်လည်း စားလိုက်ပါတယ်။

ကျွန်မ အဲဒီလို စားသောက်နေတုန်း သူတို့ နှစ်ယောက်စလုံး ဘေးမှာ ရပ်နေရာက လက်ဆွဲအိတ်နဲ့လူကပဲ ပြောပါတယ်။

“ဒို့အခု မီးရထားစီးပြီး တစ်နေရာကို သွားရမယ်။ အဲဒီတော့ ဒီလို ခရီးသွားရာမှာ မင်း တစ်ခု သတိထားဖို့က လမ်းမှာ ဘယ်သူနဲ့မှ စကားမပြောရဘူး။ တခြားလူတွေနဲ့တင် မဟုတ်ဘူး။ ဒို့နှစ်ယောက်နဲ့လည်း စကားလုံးဝမပြောရဘူး။ ဒါပေမယ့် အမူအရာလည်း မပျက်စေနဲ့။ ပုံမှန် ခရီးသွားတစ်ယောက်လိုပဲ နေရမယ်။ နားလည်ရဲ့လား။ ပြီးတော့ ထွက်ပြေးဖို့လည်း လုံးဝ စိတ်မကူးနဲ့ ဒီမှာတွေ့လား. . .”

အဲသလို ပြောပြီး သူ့ကုတ်အင်္ကျီအတွင်းက ခြောက်လုံးပြူးကို ထုတ်ပြပါတယ်။

“ကဲ. . . သွားမယ်၊ လာ. . . လိုက်ခဲ့”

ကျွန်မလည်း သူတို့နှစ်ယောက်နဲ့အတူ ဘူတာရုံဆီကိုထွက်လာခဲ့ရပါတယ်။ ဒီတစ်ခါတော့ သူတို့နှစ်ယောက်ဟာ ကျွန်မ ရဲ့ ရှေ့နောက်က မလိုက်ဘဲ ဘေးတစ်ဖက်တစ်ချက်က ကျွန်မကို အလယ်မှာထားပြီး ခေါ်လာကြပါတယ်။ ဘူတာရုံနဲ့ ဂက်စတာပို အဆောက်အဦဟာ သိပ်မဝေးတဲ့အတွက် ခြေလျင်ပဲ လျှောက်သွားကြရပါတယ်။

မနက်ခင်းမို့ နည်းနည်း စောသေးလို့လားတော့ မသိဘူး။ လမ်းပေါ်မှာ လူအသွားအလာ သိပ်မတွေ့ရပါဘူး။ နှစ်ယောက်စ

သုံးယောက်စလောက်ပဲ တွေ့ခဲ့ရပါတယ်။ ဒါပေမယ့် သူတို့ကို ကျွန်မတို့က ဂရုမစိုက်မိကြသလို သူတို့ကလည်း ကျွန်မတို့ သုံးယောက်ကို လှည့်တောင် မကြည့်ကြပါဘူး။ ကိုယ့်လမ်းကိုယ်သွား၊ သူ့လမ်းသူသွား ဆိုတာမျိုးပါပဲ။

ဘူတာရုံရောက်တော့ မီးရထားတစ်စင်း ထွက်ခါနီး အဆင်သင့်ဖြစ်နေတာ တွေ့ရပါတယ်။ ပလက်ဖောင်းပေါ်မှာ ခရီးသွားတွေ တော်တော်လေး များပါတယ်။ တက်ကြ၊ ဆင်းကြ၊ နှုတ်ဆက်ကြနဲ့ ဘူတာရုံတွေမှာ မြင်နေကျ မြင်ကွင်းမျိုးပါပဲ။

ဂက်စတာပိုနှစ်ယောက်နဲ့အတူ ကျွန်မဟာ တွဲတစ်တွဲပေါ်ကို တက်လိုက်ပါတယ်။ ကျွန်မတို့လည်း တွဲပေါ်ရောက်ရော ငါးမိနစ်လောက်နေတော့ စက်ခေါင်းက ဥသြသံရှည်ဆွဲပြီး မီးရထားထွက်တော့တာပါပဲ။

ကျွန်မလည်း တွဲပေါ်မှာ ဂက်စတာပို နှစ်ယောက်နဲ့ မျက်နှာချင်းဆိုင် ထိုင်ခုံပေါ်မှာ ထိုင်ပြီး လိုက်လာခဲ့ပါတယ်။ သူတို့ အမိန့်ပေးထားတဲ့အတိုင်း ဂက်စတာပို အဆောက်အဦက ထွက်လာခဲ့ပြီး ရထားပေါ် ရောက်လို့ ရထားထွက်တဲ့ အချိန်အထိ ကျွန်မဟာ စကားတစ်လုံးမှ မပြောခဲ့ပါဘူး။

တကယ်တော့ ဒီလို မပြောရလို့လည်း ကျွန်မ ဝမ်းမနည်းမိပါဘူး။ စိတ်မကောင်းလည်း မဖြစ်မိပါဘူး။ ဘာဖြစ်လို့လည်း ဆိုတော့ ကျွန်မအတွက် မှောင်နဲ့မည်းမည်း မြေအောက်ခန်း ကလေးထဲက ရုတ်တရက် ထွက်လာခဲ့ရပြီး အခု မီးရထားတွဲပေါ် ရောက်လာတာဟာ ငရဲပြည်ကနေ နတ်ပြည်ရောက်လာသလိုပဲ စိတ်ထဲက ထင်မိလို့ပါပဲ။ တကယ်ပါ။ ဘုရားစူးရပါစေရဲ့။



## ကျွန်မ နာမည်သစ် "ရှစ်တစ်သုံးသုံးနှစ်"

ကျွန်မတို့ စီးလာတဲ့ရထားဟာ ညနေ ငါးနာရီလောက်ကျတော့ ဘူတာကလေးတစ်ခုကို ရောက်လာခဲ့ပြီး အဲဒီဘူတာမှာ ရထားလည်း ဆိုက်ရော ဂက်စတာပို နှစ်ယောက်က ဆင်းမယ်လို့ ပြောတာနဲ့ ကျွန်မလည်း ဆင်းလာခဲ့ရပါတယ်။

ဒီဘူတာလေးမှာ ဆင်းတဲ့ ခရီးသည်ဆိုလို့ ကျွန်မတို့ သုံးယောက်ပဲ ရှိပါတယ်။ တခြား ဘယ်ခရီးသည်မှ ဆင်းတာ မတွေ့ရ ပါဘူး။ ဒါနဲ့ ကျွန်မလည်း ဘာဘူတာလေးလဲဆိုတာ သိရအောင် ပလက်ဖောင်းပေါ်က ဆိုင်းဘုတ်ကို ကြည့်လိုက်တော့ 'အော့စ်ဝစ်ဇ် (Auschwitz) လို့ ရေးထားတာ တွေ့ရပါတယ်။ ကျွန်မ ဒီနာမည်ကို အရင်က မကြားဖူးပါဘူး။ ကျွန်မ ကြားဖူးတာက ဒီနာမည်နဲ့ ဆင်တူရိုးမှား 'အော့စ်ဝိုက်ဇင်' (Oswiecim) ဆိုတာပဲ ကြားဘူးပါ တယ်။ အဲဒီ 'အော့စ်ဝိုက်ဇင်' ဆိုတာကတော့

ဥရောပတစ်တိုက် လုံးက ခွေးတပ်ဆွဲလာခဲ့ကြတဲ့ ဂျူးတွေနဲ့ နိုင်ငံရေးအကျဉ်းသားတွေ ကို အရှင်လတ်လတ် အဆိပ်ဓာတ်ငွေ့တွေ လွှတ်ပြီး သတ်တဲ့ အကျဉ်းစခန်းကြီးပါပဲ။ အဲဒီ 'အောချ်ဝိုက်ဇင်' မှာ လူသေကောင် တွေကို မီးသင်္ဂြိုဟ်တဲ့ စက်ကြီးတွေလည်း ရှိတယ်လို့လည်း ကြားဖူး ပါတယ်။

ကျွန်မတို့ သုံးယောက်ဟာ ဘူတာရုံထဲက ထွက်လာပြီး တော်တော်လေးဝေးအောင် ခြေလျှင် လျှောက်လာခဲ့ရပါတယ်။ လမ်းမှာ ဘာရွာမှ မတွေ့ခဲ့ရပါဘူး။ ဘာအဆောက်အဦမှလည်း မတွေ့ခဲ့ရပါဘူး။ ဒီ့ထက်ပိုပြီး အံ့ဩစရာကောင်းတာက လူတွေလည်း တစ်ယောက်မှ မတွေ့ခဲ့ရပါဘူး။ ရှင်းနေတဲ့ လမ်းမပေါ်မှာ ကျွန်မတို့ သုံးယောက်ထဲပဲ ငိုက်စိုက်ငိုက်စိုက်နဲ့ လျှောက်လာခဲ့ကြပါ တယ်။

ခဏကြာတော့ ခပ်လှမ်းလှမ်းမှာ မျှော်စင်တွေနဲ့ ခြံစည်းရိုးကာထားတဲ့ ဝင်းကြီးတစ်ခုကို လှမ်းမြင်ကြရပါတယ်။ တဖြည်းဖြည်း နီးလာတာနဲ့အမျှ ဧရာမ မျှော်စင်ကြီးတွေနဲ့ သံဆူးကြိုး အမြင့်ကြီးတွေ ကာထားတဲ့ အဲဒီဝင်းကြီးထဲမှာ ခပ်နိမ့်နိမ့် ဆောက်ထားတဲ့ အဆောင် 'ဘားရိုက်' တွေကို ထင်ထင်ရှားရှား မြင်လာ ရပါတယ်။ အဲဒီ အဆောင် 'ဘားရိုက်' မျိုးကို ကျွန်မ မြင်နေကျ တွေ့နေကျ ကျွန်မ ကျွန်မကိုယ်တိုင်တောင် အဲဒါထဲတွေမှာ နေခဲ့ရလို့ မဆန်းပါဘူး။ ဒါပေမယ့် အခု မြင်ရသလောက် ကျွန်မတို့ မျက်စိအောက်မှာ သံဆူးကြိုး အမြင့်ကြီး ကာထားတဲ့ အဲဒီဝင်းကြီးဟာ ဟိုး . . . အဝေးကြီး မျက်စိတဆုံးထိအောင် ရှိနေပြီး၊ အထဲမှာ စီတန်းပြီး ဆောက်ထားတဲ့ အဆောင်တွေဆိုတာကလည်း များလိုက်တာမှ မပြောနဲ့တော့ ကျွန်မ တစ်သက်နဲ့



တကိုယ် ဒါလောက်များတဲ့ 'ဘားရိုက်' တွေကို တစ်ခါမှ မမြင်ဘူးပါ ဘူး။

အဲဒီဝင်းကြီးရဲ့ အဝင် ဂိတ်ဝ ရောက်လာတော့ ကျွန်မကိုခေါ်လာတဲ့ ဂက်စတာပိုတစ်ယောက်က 'စုံစမ်းရေးဌာန' လို့ ဆိုင်းဘုတ်တပ်ထားတဲ့ ရုံကလေးထဲ ဝင်သွားပါတယ်။ ကျန်တဲ့ ဂက်စတာ ပိုနဲ့ ကျွန်မ အပြင်က ရပ်စောင့်ရင်း အဲဒီရုံကလေးထဲ မသိမသာ လှမ်းကြည့်လိုက်တော့ အထဲက စားပွဲမှာ ထိုင်နေတဲ့ ယူနီဖောင်း အနက်နဲ့ စစ်သားတစ်ယောက်ကို ကျွန်မတို့ ဂက်စတာပိုက စာရွက် စာတမ်းတွေ ထုတ်ပြနေတာ မြင်ရပါတယ်။

ခဏကြာတော့ အဲဒီ ယူနီဖောင်းအနက် ဝတ်ထားတဲ့ စစ်သားဟာ အပြင်ကို ထွက်လိုက်လာပြီး ကျွန်မကို အထဲခေါ်သွားပါတယ်။ အထဲရောက်တော့ ကျွန်မကို ခဏ ထိုင်ခိုင်းပါတယ်။ အဲဒီအချိန်မှာပဲ ကျွန်မကို လိုက်ပို့ကြတဲ့ ဂက်စတာပိုနှစ်ယောက်ဟာ ခရီးလမ်း တစ်လျှောက်လုံး သူတို့ဆွဲလာတဲ့ ကျွန်မရဲ့ လက်ဆွဲအိတ်ကလေးကို ကျွန်မဆီ ပြန်ပေးပြီး ဘာမပြော ညာမပြောနဲ့ စောစောက လာခဲ့တဲ့လမ်းမကြီးဘက်ကို ပြန်လှည့် ထွက်သွားကြပါတယ်။ ကျွန်မကို နှုတ်ကလေး ဘာလေးတောင် ဆက်ဖော်မရပါဘူး။ ကျွန်မကို ဖုတ်လေတဲ့ငါးပိ ရှိတယ်မှ အောက်မေ့ကြသေးရဲ့လား မသိပါဘူး။

မကြာခင် ယူနီဖောင်းအနက်နဲ့ တခြား စစ်သားတစ်ယောက် အယ်လ်ဇေးရှင်း ခွေးကြီးတစ်ကောင်ကို သံကြိုးတန်းလန်းနဲ့ ဆွဲရင်း ရောက်လာပါတယ်။ နောက်ရောက်လာတဲ့ စစ်သားဟာ အရပ်အမောင်း ကောင်းသလောက် မျက်နှာထားတင်းတင်းနဲ့ ကြောက်စရာရုပ်မျိုးပါပဲ။ ဒါပေမယ့် မှန်တာပြောရရင် ကျွန်မ ခါး

လောက်နီးနီး မြင့်ပြီး သွားရေတမျှားမျှား လျှာကြီးတန်းလန်းနဲ့ တရှူးရှူးတရှားရှား ဖြစ်နေတဲ့ သူ့လက်ထဲက အယ်လ်ဖေးရှင်းခွေးကြီးကို ကျွန်မ ပိုကြောက်မိပါတယ်။

စုံစမ်းရေးဌာနက စစ်သားက ကျွန်မကို ‘သူနဲ့လိုက်သွား’ ဆိုလို့ ကျွန်မလည်း အဲဒီခွေးကြီးနဲ့ စစ်သားနောက်ကို လိုက်ခဲ့ရပါတယ်။

အဲဒီစစ်သားနဲ့ လိုက်လာရင်း ဝင်းကြီးထဲက အဆောင်တွေကို တစ်ခုပြီး တစ်ခုဖြတ်လာခဲ့ကြရပါတယ်။ အဲဒီလို အဆောင် တွေကြားထဲက ဖြတ်လာရင်း မြင်လိုက်ရတဲ့ မြင်ကွင်းကတော့ တစ်သက်မှာတစ်ခါသာ မြင်ဖူးခဲ့တဲ့ မြင်ကွင်းမျိုးမို့ ရုတ်တရက် စိတ်ဓာတ်တွေ ချောက်ချားပြီး ခြေလှမ်းတွေမှားမတတ် ဖြစ်မိပါ တယ်။ ကျွန်မ မြင်ရတာကတော့ အဆောင်တွေ တစ်ခုနဲ့တစ်ခု ကြားမှာ လှုပ်လှုပ်ရွရွနဲ့ ဟိုဟိုသည်သည် သွားလာနေကြတဲ့ မိန်းမတွေပါပဲ။

ဟုတ်ပါတယ်၊ မိန်းမအကျဉ်းသားတွေပါ။ အသက် ၁၆ နှစ် ၁၇ နှစ် အရွယ်ကနေပြီး အသက် ၆၀ ကျော် ၇၀ အရွယ်တွေ အထိ အားလုံး မိန်းမတွေချည်းပါဘဲ၊ သူတို့တတွေ အားလုံး ဟာ အဝတ်အစားတွေ စုတ်ပြတ်နေကြပြီး လူရုပ်မပေါ်အောင် ဖြစ်နေကြပါတယ်။ တချို့ မိန်းမကြီးတွေဆိုရင် သူတို့ကိုယ် ပေါ်က ဂါဝန်တွေဟာ တစ်ထည်လုံး ရစရာမရှိအောင် စုတ်ပြဲ နေကြတဲ့အတွက် အရှက်ကို လုံအောင် ဖုံးရုံလောက် ဖုံးထားတဲ့ သဘောမျိုး ဖြစ်နေ ရှာပါတယ်။ တချို့ ငယ်ငယ်ရွယ်ရွယ် မိန်းကလေးတွေဆိုရင်လည်း သူတို့ဝတ်ထားတဲ့ ဂါဝန်တွေဟာ သူတို့ကိုယ်နဲ့ အဆမတန်ကြီး နေပြီး ပုံပျက်ပန်းပျက်နဲ့ ဖိုးယိုဖား



ယား ဖြစ်နေကြပါတယ်။ လုံးဝ အရောင်အဆင်းမရှိတော့ဘဲ မွဲချောက်ညစ်ထေးနေတဲ့ အဲဒီဂါဝန် ကိုးယို့ကားယားကြီး နဲ့ တလှုပ်လှုပ်တရွရွ သွားလာနေကြတဲ့ အဲဒီ မိန်းမတွေ ကြည့်ရတာ နေဝင်ရီတရောမှာ တစ္ဆေသူရဲတွေ လမ်းသလားနေ ကြသလား အောက်မေ့ရပါတယ်။ တချို့ဆိုရင်လည်း သူတို့ခေါင်း ပေါ်မှာ ခေါင်းစွပ်လား ဦးထုပ်လား ခွဲခြားလို့ မရတော့ လောက်အောင် ဖွာလန်ကြဲနေတဲ့ဟာတွေကို ဆောင်းထားကြပြီး တချို့ဆိုရင်လည်း ခြေမတွေ ခြေချောင်းတွေ အပြင်ဘက်ထွက် နေတဲ့အထိ ပေါက်ပြဲစုတ်ပြတ်နေတဲ့ ဘိနပ်အဟောင်းကြီးတွေကို စီးထားကြတာ တွေ့ရပါတယ်။ အဲဒါတောင် တချို့မှာ ဘိနပ် တစ်ဖက်ထဲ စီးထားတာ တွေ့ရပါတယ်။

အထင်ရှားဆုံးနဲ့ ထိတ်လန့်စရာ အကောင်းဆုံးကတော့ သူ တို့ရဲ့မျက်နှာပုံပန်းသဏ္ဌာန်တွေနဲ့ ခန္ဓာကိုယ်တွေပါဘဲ။ အားလုံး ရဲ့ မျက်နှာတွေဟာ မျက်တွင်းတွေကျပြီး မျက်လုံးတွေကလည်း ကြောင် တောင်တောင် ဖြစ်နေကြပါတယ်။ ပါးရိုး မေးရိုးကြီးတွေက ငေါထွက်နေကြတာလည်း တကယ့် ကမ္မဋ္ဌာန်းရုပ်ကြီးတွေ ကျနေ တာပါပဲ။ ရစရာမရှိအောင် စုတ်ပြတ် ပြဲယိနေကြတဲ့ ဂါဝန် တွေ ကြားထဲက အရိုးပေါ် အရေတင်ရုံလောက်သာ ရှိနေကြတဲ့ သူတို့ခန္ဓာကိုယ်တွေဆိုတာကလည်း အရိုးကောင်ကြီးတွေလား ထင် မှတ်ရပါတယ်။

အကြည့်ရ အဆိုးဆုံးက သူတို့ခေါင်းတွေအားလုံး ကတုံး တုံးထားတာပါပဲ။ တချို့ မိန်းမတွေရဲ့ ခေါင်းမှာတော့ ဆံပင် လက်နှစ်သစ်လောက်နဲ့ တိုနံ့နံ့ပေါက်နေတာ တွေ့ရပါတယ်။ ဒါပေမယ့် အားလုံးလိုလို ကတုံးပြောင်ပြောင် မျက်တွင်းချောင်

ချောင်နဲ့မို့ ရုတ်တရက် ကြည့်လိုက်ရင် မိန်းမတွေမှန်းတောင် မသိနိုင်ပါဘူး။

နောက်တစ်ခု ကျွန်မ သတိထားမိတာကတော့ အဲဒီ မိန်းမအကျဉ်းသားတွေအားလုံးရဲ့ အဝတ်အစားတွေမှာ ထောင့်ခြောက်ထောင့်ပါတဲ့ ကြယ်တံဆိပ်တွေကို ရင်ပတ်ပေါ် ကပ်ထားကြတာ တွေ့ရပါတယ်။ ဟုတ်ပါတယ်။ အဲဒီ ထောင့်ခြောက်ထောင့်နဲ့ ကြယ်တွေ ဟာ ကျွန်မတို့ ဂျူးလူမျိုးတွေရဲ့ အမှတ်တံဆိပ်ဆိုတာ ကျွန်မ နားလည်လိုက်ပါတယ်။ အချို့တံဆိပ်တွေက အနီရောင် သုံးမြှောင့်ပေါ်က အဝါရောင် သုံးမြှောင့်ကပ်ထားပြီး တချို့ကျတော့ အနက်တွေ အနီတွေ ဖြစ်နေကြပါတယ်။ ဘာအဓိပ္ပါယ်ရယ်လို့တော့ ကျွန်မလည်း မသိပါဘူး။

အဲဒီ ရုပ်ပျက်ဆင်းပျက် ပုံပျက်ပန်းပျက် ဖြစ်နေကြတဲ့ မိန်းမအကျဉ်းသားတွေနားက ဖြတ်လာရင်းနဲ့ ထူးထူးခြားခြား ကျွန်မတစ်ခု သတိထားလိုက်မိပါတယ်။ အဲဒါက ဘာလဲဆိုတော့ သူတို့အားလုံးရဲ့ လက်မောင်းပေါ်က နံပါတ်တွေပါဘဲ။ ဟုတ်ပါတယ်။ သူတို့လက်မောင်းတွေပေါ်မှာ မင်ကြောင်နဲ့ထိုးထားတဲ့ အင်္ဂလိပ်ဂဏန်း နံပါတ်တွေကို တွေ့ရပါတယ်။ ဒီနံပါတ်တွေဟာ အကျဉ်းသားရဲ့ ကိုယ်ပိုင်နံပါတ်တွေပဲဆိုတာ ကျွန်မ ရိပ်မိလိုက်ပါတယ်။ ဒါပေမယ့် ဒီလို ကိုယ်ပိုင်နံပါတ်ကို ဆေးမင်ကြောင် ထိုးသလို စုပ်နဲ့ အသားပေါ်မှာ ထိုးထားတာမျိုးတော့ ဒီတစ်ခါပဲ တွေ့ဘူးပါတယ်။ အံ့သြစရာပါပဲ။

အယ်လ်ဇေးရှင်းခွေးကြီးနဲ့ စစ်သားက ကျွန်မကို အဆောင်ဆယ့်လေးငါးခုလောက်ထိအောင် ဖြတ်ကျော်ပြီး ခေါ်လာပါတယ်။ အဲဒီနောက် အဆောက်အဦကြီးတစ်ခုရှိရာကို ရောက်သွားပြီး ကျွန်မကိုလည်း ဒီအဆောက်အဦထဲ ဝင်ခိုင်းပါတယ်။



အဝင်ဝကနေ ကြည့်လိုက်တော့ ခုတန်းလျားတွေ တန်းစီချထားပြီး အဲဒီခုံတွေပေါ်မှာ လေးယောက်တစ်တွဲ ငါးယောက်တစ်တွဲ အစီအရီထိုင်နေကြတဲ့ မိန်းမတွေကို တွေ့လိုက်ရပြန်ပါတယ်။

ကျွန်မကို ခေါ်လာတဲ့စစ်သားက အပေါက်ဝကနေပြီး ကျွန်မကို နေရာအလွတ်ရှိနေတဲ့ ခုံတန်းလျားတစ်ခုပေါ်မှာ ဝင်ထိုင်ဖို့ အမူအရာနဲ့ပြလိုက်ပါတယ်။ ဒါနဲ့ ကျွန်မလည်း အထဲဝင်ပြီး အဲဒီခုံပေါ်မှာ ထိုင်လိုက်ရော၊ သူလည်း ချာခနဲ လှည့်ထွက် သွားတာပါပဲ။

အခန်းကျယ်ကြီးထဲက ခုံတန်းပေါ်မှာ ထိုင်လိုက်မိတော့မှ ကျွန်မလည်း စောစောက မြင်နေတဲ့ အာရုံတွေကို ထိန်းလိုက်ပြီး အခန်းထဲကို အကဲခတ်ကြည့်လိုက်ပါတယ်။ အထူးခြားဆုံးက အထဲမှာ ရှိနေကြတဲ့ မိန်းမတွေအားလုံး တစ်ယောက်မှ စကားမပြောကြဘဲ ငြိမ်နေကြတာပါပဲ။

ဒါနဲ့သူတို့အားလုံးကို ဂရုတစိုက်နဲ့ ကြည့်လိုက်တော့ သူတို့တတွေဟာ စောစောက အဆောင်တွေမှာ တွေ့ခဲ့ရတဲ့ မိန်းမတွေလောက်တော့ အခြေအနေ မဆိုးဘူးဆိုတာ သတိထားမိပါတယ်။ ဒါပေမယ့် သူတို့အားလုံးရဲ့ အဝတ်အစားတွေကတော့ အရောင်အဆင်းမရှိတော့တဲ့ အဟောင်းအနွမ်းတွေချည်းပါပဲ။ ပြီးတော့ မျက်နှာတွေကလည်း အားလုံး ဖြူဖတ်ဖြူရော်နဲ့ဆိုတော့ အဝတ် အစား တော်တော်လေး သပ်သပ်ရပ်ရပ်နဲ့ တောင့်တောင့်တင်း တင်း ဖြစ်နေတဲ့ ကျွန်မဟာ သူတို့ထဲမှာ ဒီနေ့မှ ပူပူနွေးနွေး ရောက်လာတဲ့ လူသစ်တစ်ယောက်ပဲဆိုတာ သိပ်ထင်ရှားနေပါ တယ်။

ကျွန်မလည်း အခန်းထဲက သူတို့တွေကို အကဲခတ်ရင်းနဲ့ အမှတ်မထင် ကျွန်မဘေးနားမှာရှိနေတဲ့ ပြတင်းပေါက်ကတဆင့် အပြင်ဘက်ကို ကြည့်လိုက်တော့ ခပ်လှမ်းလှမ်းမှာ အုတ်တိုက်ကြီးတွေနဲ့ ဧရာမခေါင်းတိုင်ကြီးတွေကို မြင်ရပါတယ်။ ခေါင်းတိုင်ကြီးတွေက မီးခိုးတလူလူ ထွက်နေတာကို ကြည့်ပြီး ဒါကြီးတွေဟာ စက်ရုံကြီးတွေပဲလို့ ယူဆလိုက်ပါတယ်။

အဲဒီအချိန်ကလေးမှာပဲ ကျွန်မခေါင်းထဲမှာ ဖြတ်ခနဲ တစ်ခု သတိထားလိုက်မိပါတယ်။ အဲဒါက ဘာလဲဆိုတော့ ကျွန်မနှာခေါင်းထဲက စိမ်းရွှေရွှေအနံ့ပါပဲ။ ဟုတ်ပါတယ်။ ဒီအနံ့ကို ကျွန်မ ဒီဝင်းကြီးထဲရောက်လို့ အဆောင်တွေကြားထဲ ဖြတ်လျှောက်လာကတည်းက သတိထားမိပါတယ်။ ရုတ်တရက်တော့ ဒီအနံ့ကြီးဟာ အစုပ်စုပ်အပြတ်ပြတ်နဲ့ ညစ်ပတ်ပေရေနေတဲ့ မိန်းမအကျဉ်းသား တွေဆီကလာတဲ့အနံ့အသက်တွေပဲလို့ ယူဆလိုက်မိပါတယ်။ ဒါပေမယ့် စောစောကလောက် အခြေအနေမဆိုးတဲ့ မိန်းမတွေရှိနေတဲ့ ဒီအခန်းကြီးထဲမှာလည်း အဲဒီစိမ်းရွှေရွှေအနံ့ကြီးဟာ တစ်ခန်းလုံး ပြန့်နေတာ တွေ့ရပါတယ်။ ဘယ်ကလာတဲ့ ဘာနံ့ကြီးလဲဆိုတာ တော့ ကျွန်မလည်း မပြောတတ်ပါဘူး။

ကျွန်မထိုင်နေတဲ့ခုံနဲ့ မလှမ်းမကမ်း ဆယ်ကိုက်လောက် အကွာမှာတော့ အကျီဘောင်းဘီ အစင်းကြားကြီးတွေနဲ့ ယောကျ်ား သုံးလေးယောက်ဟာ စားပွဲတစ်လုံးမှာ အလုပ်ရှုပ်နေကြတာတွေ့ရပါတယ်။ ခုံတန်းတွေပေါ်က မိန်းမတွေဟာ အဲဒီစားပွဲရှိရာကို တစ်ယောက်ပြီးတစ်ယောက်ထသွားပြီး ဘာတွေပြောကြမှန်း မသိပြောကြဆိုကြ လုပ်နေကြပါတယ်။



အဲဒီလိုနေတုန်း စားပွဲမှာရှိနေတဲ့ ယောကျ်ားတစ်ယောက်ဟာ ကျွန်မကို မြင်သွားဟန်တူပါတယ်။ ကျွန်မရှိရာ လျှောက်လာပြီး အနားရောက်တော့ ကျွန်မကို အကဲခတ်သလို တစ်ချက်ကြည့်လိုက်ပါတယ်။

"မင်း ဘယ်အဖွဲ့နဲ့ ရောက်လာတာလဲ"

"ကျွန်မတစ်ယောက်တည်းပါ"

သူ့မေးခွန်းကိုဖြေပြီး ကျွန်မက သူ့ကို ပြန်မေးလိုက်ပါတယ်။

"ဒီအမျိုးသမီးတွေက ဘယ်ကလဲ"

သူက 'တာရက် စိန်းစတက်က လာတာ' လို့ ဖြေပါတယ်။ ဒါပေမယ့် ကျွန်မ သူပြောတဲ့နာမည်ကို တစ်ခါမှ မကြားဖူးပါဘူး။ မြို့နာမည်လား ရွာနာမည်လားတောင် မသိပါဘူး။

'ဒါ့ထက် နေပါဦး။ ဒီနေရာက ဘယ်လိုနေရာလဲ၊ ဟိုစက်ရုံကြီးတွေက ကျွန်မတို့ အလုပ်လုပ်ရမယ့် စက်ရုံကြီးတွေလား. . ."

ကျွန်မက ခပ်လှမ်းလှမ်းမှာ မြင်နေရတဲ့ ခေါင်းတိုင်ကြီးတွေနဲ့ အဆောက်အဦကြီးတွေကို မေးထိုးပြရင်း မေးကြည့်လိုက်ပါတယ်။

"ဘာပြောတယ်၊ စက်ရုံကြီးတွေ ဟုတ်လား၊ နေပါဦး မင်း အခု ဘယ်ရောက်နေတယ်ဆိုတာ မသိဘူးလား"

"ဘာဖြစ်လို့လဲ"

"မင်းအော့စ်ဝိုက်ဇင် ဆိုတဲ့နာမည်ကို တစ်ခါမှ မကြားမိဘူးလား"

သူက ကျွန်မကို ထူးဆန်းတဲ့သတ္တဝါတစ်ကောင်လို တအံ့တဩ စိုက်ကြည့်နေပါတယ်။

"အော့စ်ဝိုက်ဇင်ကိုတော့ ကျွန်မကြားဖူးတာပေါ့။ ဒါပေမယ့် ဘူတာရုံပလက်ဖောင်းက ဆိုင်းဘုတ်မှာတော့ 'အော့စ်ဝစ်ဇ်' လို့ ရေးထားပါကလား"

"ဟုတ်တယ်လေ၊ ဒါ အော့စ်ဝိုက်ဇင်ပဲ၊ အော့စ်ဝစ်ဇ်ဆိုတာက ဂျာမန်လိုခေါ်တာ၊ အဲဒါ အတူတူပဲ"

ကျွန်မဟာ ရုတ်တရက် အံ့အားသင့်သွားပါတယ်။ သူပြောတဲ့ နာမည်နှစ်ခုကို အမှတ်တမဲ့ ရွတ်လိုက်ပြီးမှ ပါးစပ် အဟောင်းသား ဖြစ်သွားမိပါတယ်။ လက်စသပ်တော့ ကျွန်မဟာ တကယ့် နေရာကို ရောက်လာတာပါကလား။ အရှင်လပ်လပ် အဆိပ်ငွေ့ ခန်းထဲမှာ အလုံပိတ်သတ်ပြီး အလောင်းတွေကို မီးသဂြိုဟ်တဲ့ စက်ကြီးတွေနဲ့ အစအနမကျန်အောင် ပြာချပစ်တဲ့ ငရဲခန်းကြီး ထဲကို ရောက်နေပါပေါ့လား။

"ဒါပေမယ့် ကျွန်မကြားဖူးတာက ဒီအော့စ်ဝိုက်ဇင် ဆိုတဲ့ အော့စ်ဝစ်ဇ်ကို ရောက်လာတဲ့လူမှန်သမျှ အကုန်ဓာတ်ငွေ့လွှတ်ပြီး အသတ်ခံရတယ်ဆို"

ရင်တထိတ်ထိတ်နဲ့ စိတ်တွေ ချောက်ချားနေတဲ့ထဲက ကျွန်မ ကြိုးစားပြီး မေးကြည့်လိုက်ပါတယ်။

"အကုန်လုံးတော့ မသတ်ပါဘူး။ လူရွေးပြီးမှသတ်တာပါ"

"ဘာပြောတယ်။ လူရွေးပြီးမှ သတ်တယ် ဟုတ်လား"

"ဟုတ်တယ် ပိုလန်တို့ ဟန်ဂေရီတို့ ချက်တို့က အဖွဲ့လိုက် အဖွဲ့လိုက် ရောက်လာတဲ့ ဂျူးတွေထဲက ဘာမှနိုင်းလို့ မဖြစ်တဲ့ လူတွေနဲ့ လုံးဝ အလုပ်မလုပ်နိုင်တဲ့လူတွေကို ပထမဆုံးရွေးပြီး ဓာတ်ငွေ့ခန်း အဲ. . . အဲ. . . စောစောက မင်းပြောတဲ့ အဲဟို စက်ရုံ



ကြီးတွေထဲက ခေါင်းတိုင်ကြီးတွေပေါ် ရောက်အောင် ပို့လိုက်ကြတာပါပဲ"

သူပြောတော့မှ ကျွန်မလည်း ပြင်ဘက်က ခေါင်းတိုင်ကြီးတွေနဲ့ အဆောက်အဦကြီးတွေကို တစ်ခါထပ်ပြီး လှမ်းကြည့် လိုက်မိပါတယ်။ ခေါင်းတိုင်ကြီးတွေထဲက အဆက်မပြတ် ထွက်နေတဲ့ မီးခိုးတွေကိုကြည့်ပြီး ကြက်သီး ထသွားမိပါတယ်။ ဒီ စခန်းကို ရောက်ကတည်းက ကျွန်မ နှာခေါင်းထဲမှာ နံ့နေတဲ့ စိမ်းရွှေရွှေ အနံ့ကြီး ဟာ လက်စသတ်တော့ လူသေကောင်တွေ မီးရှို့ရာက အဆက်မပြတ်ထွက်နေတဲ့ အနံ့တွေပါလားဆိုပြီး ရုတ်တရက် အော်ဂလီဆံသွားမိပါတယ်။

"ဒါပေမယ့် တစ်ခါတစ်ခါ ရောက်လာတဲ့ အဖွဲ့က လူနည်းနေရင်တော့ ဒီအတိုင်းပဲ ထားတတ်ကြပါတယ်။ အခု မင်းလို တစ်ယောက်တည်း လာတာမျိုးဆိုရင်လည်း ဒီလို ထားလိုက်တာပါပဲ"

ဘုရား. . . ဘုရား။ ကျွန်မ ကံကောင်းလို့ ကျွန်မတစ်ယောက်တည်း လာခဲ့မိလို့ပေါ့။ သူပြောသလိုအဖွဲ့တစ်ခုခုနဲ့များ လိုက်လာခဲ့ရင်. . .

အဲဒီတုန်းမှာပဲ ကျွန်မနဲ့စကားပြောနေတဲ့လူလို အင်္ကျီ အစင်းကြား ဝတ်ထားတဲ့မိန်းမတစ်ယောက် အခန်းထဲ ဝင်လာပြီး 'အားလုံး ထကြစမ်း' လို့ ခပ်ကျယ်ကျယ် အော်လိုက်ပါတယ်။ အခန်းထဲမှာ ရှိနေကြတဲ့ ကျွန်မတို့အားလုံး ဖြုံးခနဲ မတ်တတ် ရပ်လိုက်ကြပါတယ်။

စောစောက အော်ပြီး အမိန့်ပေးလိုက်တဲ့ အင်္ကျီစင်းနဲ့ မိန်းမကို သေသေချာချာ ကြည့်လိုက်တော့ အသက် လေးဆယ်ကျော် လောက်ရှိနေပါပြီ။ ဝဝဖိုင့်ဖိုင့်နဲ့ မျက်နှာပေါက် ခပ်ဆိုးဆိုး ပါပဲ။

"သူက ဘာလဲ"

ကျွန်မလည်း မအောင့်နိုင်တာနဲ့ ကျွန်မဘေးမှာ ကပ်ပြီး ရပ်နေတဲ့ မိန်းမခပ်ရွယ်ရွယ်ကို တိုးတိုးကလေး မေးလိုက်မိပါတယ်။

"သူလား. . .။ သူက ဒီမှာ ကက်ပိုးပေါ့"

'ကက်ပိုး' ဘာလဲ ကက်ပိုးဆိုတာ။ ဒီစကားကို ကျွန်မ မကြားဖူးပါဘူး။ အဓိပ္ပါယ်လည်း နားမလည်ပါဘူး။ ဒါပေမယ့် ဆက်ပြီးမေးနေရင် လျှာရှည်တယ်လို့ အထင်ခံရမှာ စိုးတာနဲ့ မေးလည်း မမေးရဲတာနဲ့ ဒီတိုင်းပဲ နေလိုက်ရပါတယ်။ နောက်မှ ကျွန်မသိရတာက အဲဒီ 'ကက်ပိုး' (Cappo) ဆိုတာက အကျဉ်းသားတွေကို အလုပ်လုပ်ရာမှာ အုပ်ချုပ်ဖို့ အကျဉ်းသားတွေထဲက ပြန်ခန့်ထားတဲ့ 'အလုပ်သမားခေါင်း' ပါပဲ။ ရိုးရိုးအကျဉ်းထောင်တွေမှာ 'ဘာယာ' လို့ ခေါ်တဲ့ အစားမျိုးထဲကပေါ့။

ကျွန်မတို့အားလုံး ကိုယ့်နေရာကိုယ် ရပ်နေကြတုန်းမှာပဲ အလုပ်စတော့တာပါပဲ။ ပထမဆုံး အလုပ်ကတော့ ကျွန်မတို့ ဆံပင်တွေကို ရိတ်ပစ်တဲ့အလုပ်ပါ။

ရှေ့ဆုံးတန်း ခုံတွေမှာ ရှိနေကြတဲ့ မိန်းမတွေတည်းက ဆယ်ယောက်တစ်တွဲ၊ ဆယ့်ငါးယောက်တစ်တွဲ တန်းစီပြီး အခန်းထဲက ထွက်သွားကြရပါတယ်။ အခန်းပြင်ရောက်တော့ လက်ျာဘက်မှာ တန်းလျားလေးလို ခပ်ရှည်ရှည် ဆောက်ထားတဲ့ အဆောက်အဦလေး ရှိရာကို သွားပြီး အဲဒီမှာရှိတဲ့ ဆံပင်ညှပ်ခုံ ဆယ်ခုံ၊ ဆယ့်ငါးခုံပေါ်မှာ တစ်ခုံတစ်ယောက်စီ ဝင်ထိုင်ကြရပါတယ်။ အဲဒီလိုလည်း ထိုင်လိုက်ရော အဲဒီ ဆံပင်ညှပ်ခုံကလေးတွေ ဘေးမှာ အဆင်သင့်ရှိနေကြတဲ့ မိန်းမ အကျဉ်းသားတွေက သူတို့ လက်ထဲမှာ



ကိုင်ထားတဲ့ စက်ကပ်ကျေးနဲ့ ကိုယ့်ခုံပေါ် လာထိုင်တဲ့ မိန်းမရဲ့ ဆံပင်တွေကို ထိုးညှပ်ပစ်ကြတော့တာပါပဲ။

အဲဒီလို ဆံပင်ညှပ်တဲ့နေရာမှာ ဆံပင်ညှပ်ပေးတဲ့ မိန်းမရဲ့ သဘောပါပဲ။ သူတို့ ညှပ်ချင်တဲ့လူကျတော့ တစ်ခေါင်းလုံး ဆံပင်တစ်မွေးမှ မကျန်ဘဲ ပြောင်သွားအောင် ညှပ်ပစ်ကြပါတယ်။ တချို့ကျတော့လည်း ဆံပင်တွေကို ကုန်အောင် စင်အောင် ညှပ်မပစ်ဘဲ လက်တစ်ဆစ်လောက် မရှိတရှိ ချန်ထားကြပါတယ်။ ဒါကြောင့် တချို့ခေါင်းတွေကျတော့ ပြောင်နေပြီး တချို့ကျတော့ လည်း ဆံပင်တိုနံ့နံ့နဲ့ ကတုံးဆံတောက်လိုလို၊ ဘာလိုလို ပုံမျိုး ဖြစ်ကျန်ခဲ့ကြပါတယ်။ ကျွန်မဆံပင်ကို ညှပ်ပေးတဲ့မိန်းမကလည်း ကျွန်မကို ဘယ်လိုသဘောနဲ့ရယ်တော့ မပြောတတ်ပါဘူး။ ခေါင်းကို တခါတည်းပြောင်သွားအောင် ညှပ်မပစ်ဘဲ ကတုံးဆံတောက်လို ဆံပင်တိုနံ့နံ့လေး ချန်ပြီး ညှပ်ပေးပါတယ်။ တော်သေးတာပေါ့ရှင်။

ဒီလိုနဲ့ ပထမ အစီအစဉ်အရ ဆံပင်ညှပ်ပေးတဲ့ကိစ္စ ပြီးတော့ ဒုတိယအစီအစဉ်အရ ဒုတိယနေရာကို သွားကြရပြန်ပါတယ်။ အဲဒီ ဒုတိယနေရာကတော့ ဆံပင်ညှပ်တဲ့တန်းလျားနဲ့ ကျောချင်းကပ်နေတဲ့ အဆောက်အဦတစ်ခုပါပဲ။ အဲဒီအဆောက်အဦထဲ ရောက်သွားကြတော့ ဝတ်ထားတဲ့ အဝတ်အစားတွေ အားလုံးချွတ်ပြီး အဆောက်အဦနဲ့ တွဲထားတဲ့ ရေချိုးခန်းကျယ်ကြီးထဲမှာ ကိုယ်လက်သန့်စင်ဖို့အတွက် ရေချိုးကြရမယ်လို့ 'ကက်ပိုး' အမျိုးသမီးကြီးက အမိန့်ပေးပါတယ်။

အဲဒီနေရာမှာ ကျွန်မတို့တတွေ ပြဿနာဖြစ်တော့ တာပါပဲ။ ပြဿနာက ဘာလဲဆိုတော့ ကိုယ်တုံးလုံး ချွတ်ရတဲ့ ကိစ္စ မဟုတ်

ပါဘူး။ ကိုယ်တုံးလုံး ချွတ်တာကတော့ အနည်းနဲ့အများ ကျန်းမာရေးအတွက် ဆေးစစ်ရာမှာ အတွေ့အကြုံ ရှိခဲ့ကြဖူးလို့ မဆန်းပါဘူး။ ပြဿနာ မပေါ်ပါဘူး။ ပေါ်တဲ့ပြဿနာက ဘယ်မှာ လဲဆိုတော့ ရေချိုးခန်းထဲကို ဘယ်သူမှ မဝင်ရဲကြ။ မဝင်ချင်ကြဘဲ ဖြစ်နေတဲ့ကိစ္စပါပဲ။

အဲသလို ဖြစ်ရတဲ့ အကြောင်းရင်းကလည်း တခြားကြောင့် မဟုတ်ပါဘူး။ ဒီအောင့်ဝစ်ဇ်မှာ လူတွေကို ကိုယ်လက်သန့်စင် ဖို့ဆိုပြီး ရေချိုးခန်းထဲ ဝင်ခိုင်းပြီး အထဲထဲလည်း ရောက်ရော တံခါးတွေအားလုံး အလုံပိတ်။ အဲဒီနောက် ရေဘုံဘိုင်တွေထဲက ရေတွေ ထွက်မလာဘဲ အဆိပ်ဓာတ်ငွေ့တွေ ထွက်လာပြီး အားလုံး တစ်ယောက်မကျန် သေကုန်အောင် သတ်ပစ်တယ် ဆိုတဲ့ သတင်းတွေကို စောစောက နားမဆန့်အောင် ကြားထားကြရလို့ပါပဲ။

အဲဒီအကြောင်းကြောင့် ရေချိုးခန်းထဲ ဘယ်သူမှ မဝင်ရဲကြဘဲ ဖြစ်နေတော့ အမျိုးသမီးအစောင့် 'ကက်ပိုး' က ဒေါပွပြီး ရှေ့ဆုံးက ကိုယ်တုံးလုံးနဲ့ ရောက်နေကြတဲ့ မိန်းမတွေကို ရေချိုးခန်းထဲ အတင်းတွန်းထိုးပြီး သွင်းပါတယ်။ နောက်နားက ရောက်နေတဲ့ ကျွန်မတို့တတွေလည်း အသက်မရှူရဲဘဲ အခန်းထဲက ဘာသံတွေ ကြားရမလဲလို့ တထိတ်ထိတ်နဲ့ နားစွင့်နေမိကြပါတယ်။ ခဏကြာတော့ အခန်းထဲက တရှဲရှဲနဲ့ ရေပန်းက ရေတွေ ကျလာတဲ့အသံတွေ ကြားကြရပါတယ်။ အဲဒီ ရေပန်းကျသံတွေနဲ့အတူအထဲက မိန်းမ တွေရဲ့ မချိမဆန့် အော်သံဟစ်သံတွေများ ကြားရမလားလို့ ကြောက်ကြောက်ရွံ့ရွံ့နဲ့ နားစွင့်လိုက်ရတာ. . .



တော်ပါသေးရဲ့ ကျွန်မတို့အားလုံး ဘာမှ မဖြစ်ကြပါဘူး။ ဓာတ်ငွေ့လည်း အလွှတ်မခံရပါဘူး။ သေလည်း မသေကြပါဘူး။ ရိုးရိုးရေချိုးရတာ သက်သက်ပါပဲ။

ဒုတိယအစီအစဉ်အရ ကျွန်မတို့အားလုံးပဲ အဲသလို ရေချိုးပြီးတဲ့နောက် တတိယအစီအစဉ်ကတော့ အဝတ်အစားလဲဖို့ပါပဲ။ အဝတ်အစားဆိုလို့ ကျွန်မတို့မှာ ပါလာတဲ့ အဝတ်အစား တွေထဲက လဲရတာမဟုတ်ပါဘူး။ ကျွန်မတို့ ပါလာတဲ့ အဝတ်အစားနဲ့ အသုံးအဆောင် ပစ္စည်းမှန်သမျှ ရေမချိုးခင်ကထဲက အခန်း ကျယ်ကြီးထဲမှာ တစ်ခုမကျန်အားလုံး ထားပစ်ခဲ့ကြရပါပြီ။ ကျွန်မကို လိုက်ပို့တဲ့ ဂက်စတာပိုကိုယ်တိုင် တစ်လမ်းလုံး ဆွဲလာခဲ့တဲ့ ကျွန်မရဲ့လက်ဆွဲအိတ်ကလေးလည်း အဲဒီအခန်းထဲမှာပဲ ကျန်ရစ်ခဲ့ ပါပြီ။

"အဝတ်အစားလဲကြ"

ရေချိုးခန်းထဲက အထွက်မှာ အပေါက်ဝက စောင့်ပြီး အော်လိုက်တဲ့ 'ကက်ပိုး' ရဲ့ အမိန့်အရ ကျွန်မတို့တတွေဟာ ပြင်ဘက် ခန်းမကြီးရဲ့ ဒေါင့်တစ်ဒေါင့်မှာ စုပုံထားတဲ့ အဝတ်ပုံကြီးထဲက အဝတ်တွေကို ဆွဲယူပြီး ဝတ်ကြရပါတယ်။ အဝတ်ပုံကြီးဆိုလို့ အသစ်ကြပ်ချွတ်တွေလို့ မထင်လိုက်ပါနဲ့။ ဧရာမ အဝတ်ပုံကြီး တစ်ခုလုံးမှာ အသစ်တစ်ထည်မှ မပါပါဘူး။ အသစ်ဝေးလို့ တစ်ပတ်ရစ်တောင် မတွေ့ရပါဘူး။ အဝတ်တွေ အားလုံးဟာ ဟောင်းချင်တိုင်းဟောင်းပြီး ဆွေးချင်တိုင်းဆွေးနေတဲ့ အဝတ်အထည်တွေချည်းပါပဲ။ နောက်မှသိရတာက ဒီအဝတ်အထည်တွေ ဟာဒီအောင့်ဝိဇ် အကျဉ်းစခန်းမှာပဲ သေသွားကြတဲ့ လူတွေရဲ့ ကျန်ရစ်တဲ့အဝတ်အစား တွေလို့ဆိုပါတယ်။

နောက်မှသိရတာ မဟုတ်ဘဲ၊ ဒီကိစ္စကိုအဲဒီတုန်းကသိရင်လည်း ဘယ်လိုမှ မတတ်နိုင်ပါဘူး။ ကျွန်မတို့ရဲ့ အဝတ်အစား ကောင်းတွေမှန် သမျှအားလုံး တစ်ခုမကျန် သိမ်းသွားကြပြီဆိုတော့ ဒီအဟောင်းအဆွေးပုံကြီးထဲက တွေ့ရာဆွဲဝတ်ကြရတာပဲ။ ဒီလိုမှမဝတ်ရင်လဲ ကိုယ်တုံးလုံးနေရမယ့်ဘဝဆိုတော့ ဘယ်သူနေလို့ဖြစ်ရမှာလဲရှင်၊ အရှက်လုံရင်ပြီးရောဆိုပြီး ဆွဲမိဆွဲရာ ဝတ်ကြရတာပါပဲ။

အဝတ်အစားတွေ ဝတ်ပြီးတဲ့နောက်တော့ အစီအစဉ် တစ်ခုပဲ ကျန်ပါတော့တယ်။ အဲဒီနောက်ဆုံး အစီအစဉ်ကတော့ တစ်ခြား မဟုတ်ပါဘူး။ စောစောက ကျွန်မအံ့ဩခဲ့တဲ့ အကျဉ်းသား နံပါတ်တွေ လက်မောင်းမှာ ထိုးပေးတဲ့အလုပ်ပါပဲ။

ကျွန်မတို့ တစ်ယောက်ချင်းတန်းစီသွားကြရာမှာ စုပ်တံနဲ့ ဆေးအနက်နဲ့ အသင့်စောင့်နေတဲ့ အမျိုးသမီးတွေက တစ်ယောက်ပြီးတစ်ယောက် နံပါတ်တွေကိုလက်ကောက်ဝတ်တွေပေါ်မှာ စုပ်နဲ့ ထိုးပေးကြပါတယ်။

ဒီနေရာမှာလည်း ဆံပင်ညှပ်တုန်းကလိုပါပဲ။ စုပ်ကိုင်တဲ့ အမျိုးသမီးရဲ့ သဘောအတိုင်း သူလိုရင် လိုသလို မလိုရင် မလိုသလို ခံကြရပါတယ်။ အချို့အမျိုးသမီးတွေဟာ အကိုင်အတွယ် အင်မတန် ကြမ်းပါတယ်။ လက်မောင်းကို တအား ဆောင့်ဆွဲပြီး စုပ်တံကိုလည်း တစ်အားဆောင့်ထိုးတော့ ခံရတဲ့လူ ဘယ်သက်သာပါ့မလဲရှင်၊ ပြီးတော့ တမင်ညစ်ပြီး နံပါတ်တွေကို အကြီးကြီး ထိုးပေးတာ ရှိသေးတယ်။ အသားပေါ်မှာ စုပ်နဲ့လည်း တအားပေါက်သေးတယ် နံပါတ်တွေကလည်း အကြီးကြီးတွေဆိုတော့ တချို့ဆိုရင် မျက်ရည်ပေါက်ပေါက်ကျအောင်ခံရတဲ့ အထိပါပဲ။



ဒါပေမယ့် ကျွန်မအလှည့်ကျတော့ ကံကောင်းသွားလို့လားမသိဘူး။ သဘောကောင်းပုံရတဲ့ အမျိုးသမီးနဲ့ သွားကျပါတယ်။ အဲဒီအမျိုးသမီးက အသက်သိပ်မကြီးသေးပါဘူး။ သုံးဆယ်ကျော် လောက်ပဲရှိပါသေးတယ်။ ဥပမိရုပ်လဲ သန့်သန့်ပြန့်ပြန့်ပါပဲ။ သူက ကျွန်မလက်မောင်းကို ညင်ညင်သာသာနဲ့ကိုင်လိုက်ပြီး စုပ်တံကိုလည်း ခပ်ဖွဖွနဲ့အသားပေါ်မှာ အရာထင်တယ်ဆိုရုံလောက်ပဲ ထိုးပေးပါတယ်။ ဒါပေမယ့် ကျွန်မရဲ့ နံပါတ်မှားနေမှာစိုးလို့ စားပွဲပေါ်က ဖိုင်ကို နှစ်ခါတောင် ပြန်ကြည့်ပါတယ်။ အဲဒီဖိုင်ကတော့ အကျဉ်းသားမှတ်ပုံတင် ဖိုင်နဲ့ပဲ တူပါတယ်။ အားလုံးကို ဒီဖိုင်ထဲက မှတ်ပုံတင်နံပါတ်အတိုင်း ကြည့်ပြီး ထိုးပေးတာပါပဲ။

ကျွန်မအလှည့်ပြီးတော့ ကျွန်မလဲ တစ်ခြားအကျဉ်းသား မိန်းမတွေ ရှိရာ အဆောက်အဦးဘေးနားမှာ သွားရပ်နေလိုက်ပါတယ်။ အဲဒီလိုရပ်နေတုန်း လက်မောင်းမှာစုပ်ထိုးထားတဲ့ နေရာက ယားသလိုလို စပ်သလိုလိုဖြစ်လာတာနဲ့ လက်ကိုအသာမြှောက်ပြီး လက်မောင်းကနံပါတ်ဂဏန်းလေးတွေကို ပါးစပ်နဲ့မှုတ်ပေးနေမိပါတယ်။

ဒီလိုမှုတ်ပေးရင်းနဲ့ ကျွန်မရဲ့ကိုယ်ပိုင်နံပါတ်ကို အမှတ်မထင် ရွတ်ကြည့်လိုက်မိပါတယ်။

'ရှစ်-တစ်-သုံး-သုံး-နှစ်'

ဟုတ်ပါတယ် ကျွန်မရဲ့ကိုယ်ပိုင်နံပါတ်ဟာ ၈၁၃၃၂ပါ။

မှန်တဲ့အတိုင်းဝန်ခံရရင် စောစောကတော့ ဒီနံပါတ်ဟာ ဂဏန်းငါးလုံးတောင် ဖြစ်နေလို့ မှတ်ဖို့လည်းမလွယ်ဘူး။ မှတ်စရာလဲ မလိုဘူးလို့ယူဆပြီး ခပ်ပေါ့ပေါ့ပဲ သဘောထားခဲ့မိပါ

တယ်။ ဒါပေမယ့် အခုတော့ တစ်ဖြည်းဖြည်းနဲ့ ကျွန်မလက်မောင်းပေါ်က အဲဒီဂဏန်းကလေးငါးလုံးကို ကြည့်ပြီး ဒီဂဏန်းတွေဟာ ငါ့နာမည် ပဲလို့ စိတ်ထဲကခံစားမိပါတယ်။

ဟုတ်ပါတယ်။ ဒီဂဏန်းလေးတွေဟာ အော့စ်ဝစ်ဇ်က ပေးလိုက်တဲ့ကျွန်မရဲ့ နာမည်သစ်လို့ဆိုနိုင်ပါတယ်။ ကျွန်မနာမည်ဟာ အခု 'အီဗာ'လည်းမဟုတ်တော့ပါဘူး။ 'ကက်တာရီးနား'လဲ မဟုတ်တော့ပါဘူး။ ကျွန်မနာမည်သစ်ဟာ 'ရှစ်တစ်သုံးသုံးနှစ်' ဖြစ်နေပါပြီ။



## လွတ်လပ်ရေးရယ်တဲ့ ဘယ်မမြင်

အော့စ်ဝစ်ဇ်မှာ ကျွန်မနေရတဲ့အဆောင်က အဆောင်နံပါတ်ကိုးပါ။

ပထမစရောက်တဲ့ညနေဘက်က ကတုံးရိပ်တာတွေ အဝတ်လဲတာတွေ လက်မောင်းမှာနံပါတ်ထိုးတာတွေ ပြီးသွားလို့ ကျွန်မနေရမယ့် အဲဒီအဆောင်နံပါတ် ကိုးထဲလဲ ဝင်သွားရော ကျွန်မဖြင့် အရှင်လတ်လတ် ငရဲပြည်ရောက်သွားတဲ့ အတိုင်းပါပဲ။ ကျွန်မမျက်စိနဲ့ မြင်ရတာတွေဟာ ယုံနိုင်စရာတောင် မရှိပါဘူး။ တကယ့် ထိတ်လန့်စရာတွေပါပဲ။

အဆောင်နံပါတ်ကိုးထဲမှာ အလယ်ကလူသွားလမ်းနဲ့ အဲဒီလမ်းမြောင်ကလေးရဲ့ တစ်ဖက်တစ်ချက်မှာ အဆင့်သုံးဆင့်ပါတဲ့ အိပ်စင်တွေရှိပါတယ်။ အမြင်က လူသစ်လက်ခံတဲ့ကိစ္စတွေပြီးလို့

ညဘက် တော်တော်လေး မှောင်လာတဲ့အချိန်မှာ အဲဒီအဆောင်ထဲ ဝင်လိုက်တော့ အဲဒီအိပ်စင်တွေပေါ်မှာ မိန်းမအကျဉ်းသားတွေ တုံးလုံးပက်လက်လှဲနေကြတာ တွေ့ရပါတယ်။ ဒါပေမယ့် သူတို့ အားလုံးရဲ့ ခန္ဓာကိုယ်တွေဟာ အရိုးပေါ် အရေတင်ရုံလောက်ပဲ ရှိနေကြပြီး တကယ့် ကမ္ဘာ့ဒုက္ခကောင်တွေ အတိုင်းပါပဲ။ ကျွန်မဝင်သွား တော့ တစ်ဖက်တစ်ချက် အိပ်စင်သုံးခုစလုံးပေါ်က ကတုံး ပြောင်ပြောင်မျက်လုံး ကြောင်ကြောင်ကြီးတွေနဲ့ မှောင်ကြီးထဲက ခေါင်းထောင်ပြီး ကြည့်လိုက်ကြတာ ကျွန်မဖြင့် မြေတိုက်ထဲမှာ စီပြီးချထားတဲ့ ခေါင်းတွေထဲက လူသေကောင်တွေ ထလာသလားလို့ ရုတ်တရက် ခေါင်းနပန်း ကြီးသွားပြီး ကြက်သီးတွေ ဖြန်းကနဲ ထသွားမိပါတယ်။

အဲဒီညက တစ်ညလုံး တစ်မှေးမှ အိပ်မရပါဘူး။ ကျွန်မအတွက် နေရာချပေးတဲ့ အပေါ်ဆုံးကစင်ပေါ်မှာ လူနံ့၊ ချွေးနံ့၊ ဂွီနံ့၊ ချီးနံ့၊ သေးနံ့တွေနှာခေါင်းထဲမှာ လုံးထွေးနံ့စော်နေပြီး တစ်ညလုံးအိပ်လို့မရအောင်ဖြစ်ခဲ့ရပါတယ်။ ကျွန်မရဲ့ ဟိုဘက်ကရော၊ ဒီဘက်ကရော၊ ဘေးကရော၊ အောက်ကရော ဟောက်သံတွေ သွားကြိတ်သံတွေ၊ ညည်းသံတွေနဲ့ တစ်ချက်တစ်ချက် ယောင်ယမ်းပြီး အော်လိုက်တဲ့ အသံတွေကလဲ နှလုံးတုရင်ခုန်စရာ ကောင်းလှပါတယ်။ တကယ့်ငရဲပြည်မှာ ငရဲသားတွေမချိမဆန့်နဲ့ အော်လိုက်တဲ့ အသံတွေလားလို့တောင် အောက်မေ့ရပါတယ်။

နောက်တစ်နေ့မနက်ကျတော့ ကျွန်မအတွက်'ပုံစံ'ဆွဲဘို့ ဒန်ခွက်ကလေးတစ်ခုနဲ့ ဇွန်းတစ်ချောင်းရပါတယ်။ 'ပုံစံ'ဆွဲတယ် ဆိုတာက ကိုယ့်အတွက်ကို အစားအစာယူရတာလို့ပြောတာပါ။ ဒါကို အကျဉ်းထောင်တွေမှာ 'ပုံစံဆွဲတယ်'လို့ ပြောကြပါတယ်။



တကယ်လို့ ကျွန်မတို့ကိုပေးထားတဲ့ အဲဒီခွက်နဲ့ ဇွန်းတွေ ပျောက်သွားရင် 'နောက်ထပ်ထုတ်မပေးဘူး'လို့ အဆောင်မှူးက မျက်နှာထား တင်းတင်းနဲ့ ပြောလိုက် ပါသေးတယ်။ အဲဒီ အဆောင်မှူးဟာ ကျွန်မတို့လို မိန်းမအကျဉ်းသားတွေထဲကပဲ ရွေးပြီး ခန့်ထားတာပါ။ 'ကက်ပိုး'ဆိုတဲ့ အလုပ်သမားခေါင်းထက် သူကအဆင့်ပိုမြင့်ပါတယ်။ ကျွန်မတို့အဆောင်မှူးရဲ့ ပုံပန်းသဏ္ဌာန်ကတော့ ထောင်ကောင်းကောင်း တုပ်တုပ်ခိုင်ခိုင်နဲ့ ယောက်ျားကြီး တစ်ယောက်လိုပါပဲ မျက်နှာပေါက်က အလွန်ဆိုးပြီး စိတ်လည်း အင်မတန် တိုပါတယ်။ သူ့နာမည်ကတော့ မာတာလို့ခေါ်ပါတယ်။

ကျွန်မတို့ ဝတ်ဘို့ပေးတဲ့ အဝတ်အစားတွေက အဟောင်းအမြင်းတွေ အစုတ်အပြဲတွေမို့ ဆိုးလှချည့်လားလို့ အောက်မေ့ခဲ့တာ အခုကျွန်မတို့ကို ကျွေးတဲ့ အစားအသောက်ကို တွေ့လိုက်ရတော့ တစ်ခါထဲ ထိုင်ငိုလိုက်ဘို့တောင် ကောင်းပါတယ်။ ကြည့်ပါဦး ကျွန်မတို့စားဘို့တဲ့ ညှိမည်းနေတဲ့ ပေါင်မုန့်ပါးပါးကလေးကနှစ်ချပ် မာဂျရင်းလို့ ခေါ်တဲ့ ထောပတ်အညံ့စား လက်ညှိုးတစ်ကော်စာလောက်နဲ့ လက်ဖက်ရည်တစ်ခွက် ဒါပါပဲ၊ လက်ဖက်ရည်ဆိုတာကလဲ ဘယ်လိုမှ လက်ဖက်ရည်လို့ မခေါ်နိုင်ပါဘူး။ ဘာတွေနဲ့ ဘယ်လိုဖျော်ထားမှန်း မသိအောင် အစိမ်းပုပ်ရောင် ကြိတောက်တောက် အရည်တွေပါပဲ၊ အိမ်မှာဆိုရင် လူမပြောနဲ့ ခွေးချကျွေးရင်တောင် ခွေးမစားတဲ့ အစားအစာမျိုးတွေပါ။

ပထမနေ့ကဆိုရင် ကျွန်မဟာ ဒါတွေကိုကြည့်ပြီး လုံးဝ မစားဘဲ နေခဲ့ပါသေးတယ်။ ဒါပေမယ့် ကျွန်မဘေးနားက အသက်

ငါးဆယ်လောက်ရှိတဲ့ မိန်းမကြီးက 'ဟဲ့ကလေးမ ညည်း ဒါတွေမှ မစားရင် တစ်ခြား ဘာမှစားစရာရှိမှာ မဟုတ်ဘူး။ ညည်းအသားညည်း ဖဲ့စားဖို့ပဲရှိတယ်။ ဒို့လဲရောက်စက ဒီအစားအစာတွေကြည့်ပြီး မျက်ရည်တောက်တောက် ကျခဲ့ရတာပါပဲ အေ . . နောက်တော့လဲ ဒါတွေမှမစားရင် ငတ်သေဖို့ပဲ ရှိတယ်ဆိုပြီး ကြိတ်မှိတ် မြိုချခဲ့ရတာပါပဲ၊ ဒီလို နေရာမျိုးမှာ ကိုယ့်ကိုယ်အသေမခံဘူးဆိုတဲ့ စိတ်မျိုးရှိရင် ဒါတွေကို မျက်စိမှိတ်ပြီး စားပေါ့ကွယ်'လို့ ပြောရှာ ပါတယ်။

ဒီလိုနဲ့ ဒီစခန်းကိုရောက်ပြီး ဆယ်ရက် ဆယ့်ငါးရက်လောက်အထိ သီးခြားအလုပ်တာဝန်ရယ်လို့ မရှိသေးဘဲ နေ့စဉ်ကျန်းမာရေး၊ သန့်ရှင်းရေးနဲ့ တိုလီမိုလီ အလုပ်ကြမ်းတွေကို အလျဉ်းသင့်သလို လုပ်ခဲ့ရပါတယ်။ မနက်စောစော ငါးနာရီတိတိမှာ 'တွီ'ခနဲမှုတ်လိုက်တဲ့ ဝီစီသံနဲ့အတူ အိပ်ရာက သုတ်သီးသုတ်ပြာထကြရပြီး မျက်နှာသစ် အိမ်သာတက်စတဲ့ ကိုယ်လက်သန့်စင်မှုတွေကို ဖုတ်ပူမီးတိုက် လုပ်ကြရပါတယ်။ အဲဒါပြီးတော့ နောက်တစ်ကြိမ် ဝီစီသံကြားရတာနဲ့ တစ်ပြိုင်နက် ကိုယ့်အဆောင်ရှေ့မှာ ကိုယ့်အုပ်စုနဲ့ကိုယ် တန်းစီကြရပါတယ်။

အဆောင်တစ်ခုမှာ အကျဉ်းသား တစ်ရာလောက် ရှိပါတယ်။ မနက်ဖက် တန်းစီရာမှာ အဆောင်သုံးခုကို အုပ်စု တစ်စုအနေနဲ့ သတ်မှတ်ထားတော့ အဲဒီအုပ်စုတစ်စုမှာ လူသုံးရာလောက် ပါပါတယ်။ အဲဒီလို ကိုယ့်အုပ်စုနဲ့ကိုယ် တန်းစီပြီးတော့မှ ယူနီဖောင်း အနက်ဝတ်စုံတွေ ဝတ်ထားကြတဲ့ ဂျာမန် အမျိုးသမီးလုံခြုံရေးမှူးတွေက အဲဒီတန်းစီပြီးရပ်နေကြတဲ့ ကျွန်မတို့အကျဉ်းသားတွေကို လိုက်စစ်တာပါပဲ။



အဲဒီလို တန်းစီလူစစ်ပြီးတော့မှ တစ်နေ့တာအတွက် အဖွဲ့လိုက်အဖွဲ့လိုက်ခွဲပြီး အလုပ်ဆင်းကြရပါတယ်။ အဲဒီလို အဖွဲ့ခွဲရာမှာ တစ်ဖွဲ့ကို အကျဉ်းသားလေးဆယ်ကနေ ငါးဆယ်လောက်အထိ ပါပါတယ်။ အဲဒီ အဖွဲ့တွေကို အုပ်ချုပ်တာကတော့ ကျွန်မခပ်စောစောကပြောခဲ့တဲ့ 'ကက်ပိုး'ဆိုတဲ့ 'အလုပ်သမားခေါင်း'တွေပါပဲ။

ပထမရက်တွေမှာ ကျွန်မဟာ အယ်လ်မာဆိုတဲ့ အလုပ်သမားခေါင်းအုပ်ချုပ်တဲ့အဖွဲ့နဲ့လိုက်ပြီး အလုပ်လုပ်ရပါတယ်။ ပထမသုံးလေးရက်လောက်မှာတော့ ရိက္ခာသယ်ရတာတို့ စားပွဲကုလားထိုင်စတဲ့ ပရိဘောဂပစ္စည်းတွေ ရွှေ့ရပြောင်းရတာတို့လောက်ပါပဲ၊ နောက်ရက်တွေကျတော့ မြောင်းဖောက်တဲ့ အလုပ်နဲ့ကျောက်တုံးတွေ သယ်တဲ့အလုပ်ကို လုပ်ရပါတယ်။ မြောင်းဖောက်တဲ့အလုပ်ဆိုတာက ကျွန်မတို့ အဆောင်တစ်ခုနဲ့တစ်ခု ကူးတဲ့သန်းတဲ့ လူသွားလမ်းကလေးတွေရဲ့ ဟိုဘက်ဒီဘက်မှာ ရေမြောင်းတွေဖောက်ပေးရတာပါပဲ။

ကျွန်မတို့ တူးရတဲ့မြောင်းကအနက်တစ်ပေ၊ အကျယ်နှစ်ပေလောက်ပဲ ရှိပါတယ်။ ဒါလောက်ကတော့ မြောင်းအကြီးစားမဟုတ်လို့ ရုတ်တရက် အပမ်းမကြီးဘူးလို့ ထင်ရပါတယ်။ ဒါပေမယ့် ဒီအလုပ်မျိုးကို တစ်ခါဖူးမှ မလုပ်ဘူးတဲ့ ကျွန်မအတွက်တော့ တကယ့်အလုပ်ကြမ်းကြီး တစ်ခုလို ဖြစ်နေပါတယ်။ ပေါက်တူး၊ ပေါက်ပြားနဲ့ ပေါက်ချွန်းတွေကိုင်ပြီး မြေကြီးတွေကို တူးရင်းဆွရင်းနဲ့ကျွန်မလက်တွေဟာ တစ်နာရီနှစ်နာရီအတွင်း ဖူးယောင်လာတော့တာပါပဲ၊ ဒါပေမယ့် အဲဒီလိုဖြစ်လို့ ဆိုပြီး လုပ်နေတဲ့ အလုပ်ကို ခဏတစ်ဖြုတ်ရပ်လိုက်မယ် နားလိုက်မယ်တော့

မကြဲလေနဲ့၊ အလုပ်သမားခေါင်းရဲ့ 'ဖေနဲ့မောင်နဲ့' တိုင်းပြီး ပက်ပက်စက်စက်ဆဲသံဆိုသံနဲ့ ရက်ရက်စက်စက် ရိုက်တာ နှက်တာ ခံရပြီသာ မှတ်ပေတော့။

ဒါတောင် အဲဒီပထမနေ့က အကြောင်းမသိလို့ ကျွန်မလည်း လက်ဖဝါးတွေနာတာနဲ့ ပေါက်ပြားကိုင်ထားတဲ့ လက်နှစ်ဖက်ကို ခဏလွှတ်လိုက်ပြီး ကိုယ့်လက်ကို ကြည့်လိုက်မိပါတယ် 'ဟိုဖာသယ်မ ဘာအချောင်ခိုတာလဲ' ဆိုပြီး အလုပ်သမားခေါင်းလုပ်တဲ့ အယ်လ်မာက ကျွန်မကြောကို ဝါးရင်းဒုတ်နဲ့ 'ဘုံး'ခနဲ တစ်ချက်ဆော်တာခံလိုက်ရပါသေးတယ်။ ရှုတ်တရက်တော့ ဒေါပွလိုက်တာလေ . . တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှ ဒီလို အရိုက်အနှက် မခံခဲ့ရဘူးတော့ စိတ်ထဲထောင်းကနဲ ဖြစ်သွားပြီး ပေါက်ပြားနဲ့အသေ ခုတ်ပစ်လိုက်ချင်တာပါပဲ။ နောက်မှ 'ဒီလို တိရစ္ဆာန်စိတ် ပေါက်နေတဲ့ ကောင်မတွေကို ပြန်လုပ်နေရင် တိရစ္ဆာန်နဲ့ပြိုင် 'ကိုက်'သလို ဖြစ်ရုံပဲရှိမှာပဲ၊ ပြီးတော့ ဘာမဟုတ်တာလေးနဲ့ ငါ့ကိုယ်ငါ အန္တရာယ် ဖြစ်အောင် လုပ်ဘို့ မသင့်ပါဘူးလေ' ဆိုပြီး မနည်းစိတ်ကို ထိန်းထားလိုက်ရပါတယ်။

အဲဒီမြောင်းဖော်တဲ့အလုပ်ကို လေးငါးရက်လောက် လုပ်လို့ ပြီးသွားတဲ့အခါကျတော့ ကျွန်မတို့အဖွဲ့ဟာ ကျောက်သယ်တဲ့ ဘက်ကိုရောက်သွားပါတယ်။ အဲဒီကျောက်သယ်တဲ့အလုပ်ကို လုပ်ရင်းနဲ့ ဂျာမန်ဖက်ဆစ်တွေဟာ ကျွန်မတို့ဂျူးတွေအပါအဝင် အကျဉ်းသားတွေ အားလုံးအပေါ်မှာ ဘယ်လောက် အကြင်နာကင်းမဲ့ပြီး ဘယ်လောက် နှိပ်စက်ညှင်းဆဲတယ်ဆိုတာ သိရပါတယ်။ ကျွန်မဆိုလိုတာက ကျောက်သယ်တဲ့အလုပ်ဟာ အင်မတန်ပင်ပမ်းတဲ့ အလုပ်ကြမ်းမို့လို့ ပြောတာမဟုတ်ပါဘူး။ ပင်ပမ်း



တာလည်း မှန်ပါတယ်။ ဘယ့်နဲ့ရှင် အချိန်ငါးပိဿာက နေပြီး ဆယ်ပိဿလောက်လေးတဲ့ ကျောက်တုံးကြီးတွေကို ကိုက်နှစ်ရာသုံးရာလောက်ဝေးတဲ့အထိ တစ်နေရာကတစ်နေရာ နေပူကျဲကျဲကြီးထဲမှာ ကျွန်မတို့ မိန်းမသားတွေ တစ်နေကုန် တစ်နေခမ်း သယ်ရရွှေ့ရတာ ဘယ်မပင်ပမ်းဘဲ နေပါ့မလဲ၊ ပင်ပမ်းလိုက်တာမှ ညဘက်ညဘက်ဆိုရင် တစ်ကိုယ်လုံး အရိုက်အနှက်ခံထားရသလို မလှုပ်နိုင်အောင် ဖြစ်နေတာပါပဲ။

ဒါပေမယ့် အဲဒီလို ကိုယ်တွေလက်တွေ အရိုက်အနှက်ခံရတာထက် ပိုပြီး နာစရာကောင်းတာက သူတို့ရဲ့ ရက်စက်ယုတ်မာတဲ့ စိတ်ထားကြောင့်ပါပဲ၊ ပထမတစ်ရက်နှစ်ရက်တော့ ကျွန်မလဲ ဘာမှ မသိပါဘူး။ အဲဒီကျောက်တုံးကြီးတွေကို တစ်နေရာက တစ်နေရာ မနိုင့် တနိုင်နဲ့ တစ်နေကုန်နေပူထဲမှာ သယ်လိုက်ရတာ အမောဆို့ပြီး လဲမတတ်ပါပဲ၊ ဒါနဲ့ နှစ်ရက်သုံးရက်လောက် ဒီလို ပင်ပင်ပမ်းပမ်း သယ်ကြပြုကြရင်းနဲ့ ကျောက်တုံးတွေဟာ တဝက်ကျော်ကျော် သုံးပုံနှစ်ပုံလောက် သယ်ပြီးသွားလို့ တစ်ပုံလောက်ပဲ ကျန်ပါတော့တယ်။

ဒါနဲ့ ကျွန်မလည်းနည်းနည်းပဲ ကျန်တော့တဲ့ ကျောက်တုံးတွေကိုကြည့်ပြီး 'အင်း . . သိပ်မကျန်တော့ပါဘူး။ နောက်နှစ်ရက်လောက်ဆိုရင် ဝင့်ကျွတ်ပါပြီ'လို့ ကိုယ့်ဟာကိုယ် လွှတ်ကနဲ ပြောလိုက်မိပါတယ်။ အဲဒီမှာတင် ကျွန်မရှေ့က ကျွန်မလိုပဲ ကျောက်တုံးကြီးတစ်တုံးကို မနိုင့်တနိုင်သယ်လာတဲ့ မိန်းမက ဘာပြန်ပြောလိုက်သလဲဆိုတော့ 'ဩော် . . ညည်းက အကြောင်းမသိသေးဘဲကိုး၊ ဟိုနေရာက ကျောက်တုံးတွေ ဒီနေရာသယ်ပြီးရင် ဝင့်ကျွတ်ပြီထင်သလား၊ မထင်နဲ့ပေါ့ . . ဟိုနေရာက ဒီနေရာသယ်ပြီးရင်

ဒီနေရာကဟိုနေရာပြန်သယ်တို့သာမြင်ထား။ ဒိဝ်ရှက ဘယ်တော့ မှ မကျွတ်ဘူး။ သိလား . . .'တဲ့။

ရုတ်တရက်တော့ အဲဒီ မိန်းမပြောလိုက်တဲ့ စကားကို ကျွန်မ နားမလည်လိုက်မိပါဘူး။ သူပြောတဲ့စကားဟာ 'ဗူးလုံးနား မထွေး'ဖြစ်နေပါတယ်။ ဒါနဲ့ နေ့လယ်တစ်နာရီမှာ ခဏငါးမိနစ် အနားပေးတုန်း သူ့နားကပ်ပြီး ခပ်တိုးတိုး မေးကြည့်တော့မှ အဖြစ်မှန်ကို သိရတော့တာပါပဲ။

ဟုတ်ပါတယ်။ သူပြောတာရှင်းပါတယ်။ ကျွန်မကသာ ရုတ်တရက်မို့ နားမလည်လိုက်တာပါ။ အခု သူထပ်ပြီး ပြောပြ တော့ နားလည်သွားပါပြီ၊ အဲဒီလို နားလည်တာနဲ့ အမျှ ဒီဂျာမန်ကောင် တွေရဲ့ စိတ်ထားယုတ်မာပုံကို ဒေါသထွက်လို့ မဆုံးအောင်ဖြစ်မိ ပါတယ်။ အဲဒီ မိန်းမပြောတဲ့အတိုင်း 'ဒီနေ ရာက ကျောက်တုံးတွေ ဟိုနေရာ သယ်လို့ပြီးသွားရင် ဟိုနေရာ ကနေ ဒီနေရာပြန်သယ်ရမယ်'ဆိုတာ အမှန်ပါပဲ၊ သူတို့ ကိုယ်တိုင် ဒီကျောက်တုံးတွေကို ဟိုနေရာက ဒီနေရာ၊ ဒီနေရာက ဟိုနေရာ အပြန်ပြန်အလှန်လှန် သယ်ခဲ့ရတာ ဆယ်ခါထက် မနည်းတော့ဘူးလို့ ပြောပါတယ်။ ကဲ. . အဲဒါပဲကြည့်တော့ မြေဖို့ဖို့လည်းမဟုတ်၊ လမ်းခင်းဖို့ တံတားဆောက်ဖို့လည်း မဟုတ်ဘဲ၊ ဒီဧရာမကျောက်တုံးကြီးတွေကို တစ်နေရာက တစ်နေရာ သယ်လို့ မဆုံးအောင် ကူသယ်ခေါက်သယ် ခိုင်းနေတာဟာ ကျွန်မတို့ကို တမင်သက်သက် အမှည့်ချွေချွေနေတာပါပဲလားရှင် . . တကယ် လူမဆန်တဲ့ ဂျာမန်ဖက်စစ်တွေပါပဲ. . ။

လူမဆန်တဲ့အထဲမှာ ကျွန်မတို့အဆောင်မှူးမာတာလည်း အပါ အဝင်ပေါ့၊ အဲဒီမာတာဆိုတဲ့ အဆောင်မှူးကတော့ သူအုပ်ချုပ်



တဲ့ အဆောင်ကို ကျွန်မရောက်တဲ့နေ့ကစပြီး ကျွန်မ အပေါ်မှာ အလိုလို မျက်မုန်းကျိုးနေဟန် တူပါတယ်။ ကျွန်မကို မမြင်လိုက်နဲ့ မြင်လိုက်တာနဲ့ တစ်ပြိုင်နက် ဆဲဖို့ ဆူဖို့ ရိုက်ဖို့ နှက်ဖို့လောက် ကြည့်နေတော့တာပါပဲ၊ မနက်စောစောတန်းစီရာမှာ ဖြစ်ဖြစ်၊ 'ပုံစံ'ဆွဲတဲ့နေရာမှာ ဖြစ်ဖြစ်၊ ဘယ်နေရာဖြစ်ဖြစ် ကျွန်မကို တွေ့ လိုက်ရင် အစိမ်းလိုက်ဝါးစားတော့မယ့်အတိုင်း မျက်ထောင့် နီကြီးနဲ့ ကြည့်လေ့ရှိပါတယ်။

တန်းစီတယ်ဆိုလို့ ပြောလိုက်ရဦးမယ်။ တစ်နေ့တော့ မနက် စောစောငါးနာရီမှာ ပထမ ဝီစီမှုတ်ပြီးလို့ ဒုတိယဝီစီမှုတ်ချိန် မှာ ထုံးစံအတိုင်း အကျဉ်းသားအားလုံး ကိုယ့်အဆောင်နဲ့ကိုယ် အပြေးအလွှား တန်းစီကြပါတယ်။ အဲဒီနေ့မနက်က ကျွန်မ ဝမ်း ကိုက်သလိုလိုဖြစ်နေတာနဲ့ အိမ်သာတက်ရာမှာ နည်းနည်းနောက်ကျသွား ပါတယ်။ ဒုတိယ ဝီစီမှုတ်ချိန်မှာ ကျွန်မအိမ်သာတက်နေတုံးပဲ ရှိသေးပါတယ်။ ဒါနဲ့ ဝီစီသံလဲ ကြားရော ကျွန်မ အိမ်သာထဲက ကမန်းကတန်း ထွက်လာခဲ့ရပြီး အပြေးအလွှား ဝင်တန်းစီ လိုက်ပါတယ်။

ဒါပေမယ့် ခါတိုင်းထက် တစ်မိနစ်လောက် နောက်ကျသွားတဲ့ အတွက် အခြားအကျဉ်းသားတွေ တန်းစီပြီးချိန်လောက်မှာမှ ကျွန်မရောက်သွားပြီး နောက်ဆုံးတန်းမှာ အမှတ်တမဲ့ ဝင်စီလိုက် ပါတယ်။ အဲဒီတင် ကျွန်မကို မျက်ခြေမပြတ် စောင့်ကြည့်နေတဲ့ အဆောင်မှူး မာတာဟာ နောက်ဆုံးတန်းမှာ အလစ်ဝင်ပြီး တန်းစီ လိုက်တဲ့ကျွန်မကို ဖြတ်ခနဲမြင်သွားပါတယ်။ အဲဒီလိုလည်း မြင်လိုက်ရော ကျွန်မရှိရာကို ဒေါပွပွနဲ့ လျှောက်လာတော့တာပါ ပဲ။

"ဘာလဲ ညည်းက ဒီထောင်ကို ညည်းအမေ့လင်အိမ်မှတ်လို့ ငိမ်နဲ့ အိပ်နေရတာလား"

ပြောပြောဆိုဆိုတဲ့ မာတာဟာ ကျွန်မပါးနှစ်ဖက်ကို ဖြန်းဖနဲ့ ဖြန်းခနဲမြည်သွားအောင် ဘယ်ပြန်ညာပြန် လှမ်းရိုက်လိုက်ပါတယ်။ ရုတ်တရက်မို့ ကျွန်မလည်းမျက်စိတွေ ပြာခနဲဖြစ်သွားပြီး ပါး နှစ်ဖက်စလုံး ပူထူသွားတဲ့အထိ ခံလိုက်ရပါတယ်။ အဲဒီလို ဖြစ်နေတုံး တစ်ခါ ကျွန်မရဲ့ခြေသလုံး ညို့သူကြီးကို သူ့ဖိနပ်နဲ့ တအားဆောင့်ကန်လိုက်တာ ကျွန်မဖြင့် အသည်းထဲခိုက်သွားအောင် မချိမဆန့်ခံလိုက်ရပါတယ်။

ဒါပေမယ့်ကျွန်မ ဘာမှ ပြန်မလုပ်ဘဲ ပေပြီးငြိမ်ခံနေလိုက်ပါတယ်။ ဟုတ်ပါတယ်။ ဟိုတစ်ခါ မြောင်းဖောက်တုံးက အလုပ်သမားခေါင်းအယ်လ်မာက ကျွန်မကြောကို ဝါးရင်းဒုတ်နဲ့ ရိုက်တာ ခံရပြီးကတည်းက ကျွန်မဟာ သူတို့ရဲ့ အပေါ်ယံ နှိပ်စက်တာတွေ မှန်သမျှ အတတ်နိုင်ဆုံး အောင့်ခံနေမယ်ဆိုတဲ့ သန္နိဋ္ဌာန် ချထားခဲ့ပါတယ်။ ဒါကြောင့်လဲ အခုမာတာက ပါးရိုက်ပြီး ဘိနပ်နဲ့ ဆောင့်ကန်တာကို ကျောက်ရုပ်လို မတုန် မလှုပ် ပေခံနေခဲ့တာပါပဲ။ ဒါပေမယ့် စိတ်ထဲကတော့ 'အင်း. . . နင်တို့ မိုးကောင်းတုံးလုပ်လိုက်ကြဦးပေါ့၊ တစ်နေ့နေ့ကျတော့ စစ်ကြီးပြီးသွားလို့ မသေဘဲ ကျန်နေကြရင် တစ်နေရာရာမှာ တွေ့ကြဦးမှာပေါ့ မာတာရယ်' လို့ အံကြိတ်ပြီး ကြုံးဝါးနေမိပါတယ်။

ဒီလိုနဲ့ တနင်္ဂနွေ နှစ်ပတ်လောက်ကြာတော့ ကျွန်မဟာ တော်တော်လေး ထုသားပေသား ရလာပြီး တော်တော်လေးလဲ ခံနိုင်ရည် ရှိလာပါတယ်။ ဒီအတောအတွင်း ကျွန်မနေတဲ့



အဆောင်က ဘဝတူ အကျဉ်းသားတွေနဲ့လည်း မျက်မှန်းတန်းပြီး ရင်းနှီးလာခဲ့ပါတယ်။

ကျွန်မတို့အဆောင် ၇၊ ၈ နဲ့ ၉ မှာ ဟန်ဂေရီ ဂျူးတွေများပါတယ်။ ဟန်ဂေရီနဲ့ ရူမေးနီးယား၊ ရုရှား၊ ချက် စတဲ့ နယ်စပ်ဒေသက ဂျူးတွေမှန်သမျှ ဒီအောရှဝစ်ဇ်ကို အပို့ခံရတယ်လို့ သိရပါတယ်။ တချို့ဆိုရင် ကျောင်းနေဖက် သူငယ်ချင်းတွေ အစုလိုက် အပြုံလိုက် လိုက်ပါလာကြပြီး တချို့ဆိုရင်ဖြင့် ရွာလုံးကျွတ် ပါလာတာတွေတောင် ရှိပါတယ်။ ဒီအထဲမှာ အစ်မရော ညီမရော ပါလာကြတာတွေ၊ အမေရော သမီးရော အဖမ်းခံခဲ့ကြရတာတွေလည်း တွေ့ရပါတယ်။ ဒါပေမယ့် များသောအားဖြင့် သက်ကြီးရွယ်အို ဖြစ်နေကြတဲ့ အမေတွေမှန်သမျှ အသတ်ခံခဲ့ကြရပြီလို့ သိရပါတယ်။

အဆောင်နံပါတ် ၉ မှာ အဲသလို တစ်ယောက်နဲ့ တစ်ယောက် ရင်းနှီးလာတဲ့ အချိန်မှာ ကျွန်မ မရောက်ခင် နှစ်နဲ့ လနဲ့ ချီပြီး ဒီကို ရောက်နေကြတဲ့ အကျဉ်းသားတွေကို ကျွန်မစိတ်ထဲက အင်မတန် မေးချင်တဲ့ မေးခွန်းတစ်ခုမေးသင့် မမေးသင့်ဆိုတာ ကျွန်မ အချိန်အတော်ကြာအောင် စဉ်းစားနေမိပါတယ်။ အဲဒီ မေးခွန်းကတော့ တခြားမဟုတ်ပါဘူး။ ဒီ 'အောရှဝစ်ဇ် စခန်းက ထွက်ပြေးဖူးတဲ့ အကျဉ်းသား တစ်ယောက်မှ မရှိဘူးလား' ဆိုတဲ့ မေးခွန်းပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မဟာ တစ်နေ့နေ့ကျလို့ အခါအခွင့်နဲ့ အခြေအနေပေးလာရင် ဒီစခန်းက ထွက်ပြေးမယ်ဆိုတဲ့ စိတ်ကူးရှိလို့ပါပဲ။

ဒါပေမယ့် အခု ဒီစခန်းရောက်လာတာ တစ်လနီးပါးလောက် ရှိလာတဲ့အခါကျတော့ ဒီစခန်းက လွတ်အောင် ထွက်ပြေးဖို့

ဆိုတာ အင်မတန် မလွယ်တဲ့ကိစ္စပဲလို့ တဖြည်းဖြည်း ရိပ်မိလာပါတယ်။ ဒီအေ့စ်ဝစ်ဇ် စခန်းကြီး တစ်ခုလုံးကို ပတ်ပတ်လည် ကာထားတဲ့ သံဆူးကြိုးတွေဟာ သာမန် သံဆူးကြိုးတွေ မဟုတ်ဘဲ နှစ်ဆယ့်လေးနာရီလုံးလုံး လျှပ်စစ်ဓာတ်အားတွေ လွှတ်ထားတယ်ဆိုတာ သိရပါတယ်။ အဲဒီ သံဆူးကြိုးတွေမှာ အမြဲလွှတ်ထားတဲ့ လျှပ်စစ်ဓာတ်အားဟာ ဘယ်လောက်အားကြီးပြီး ဘယ်လောက် ပြင်းထန်သလဲဆိုတော့ လူတစ်ယောက်ဟာ အဲဒီသံဆူးကြိုးကို လက်ဖျားကလေးနဲ့ တို့လိုက်တာနဲ့ အဲဒီလူဟာ စက္ကန့်အတွင်း ချက်ခြင်း အသက်ပျောက်သွားပြီး လူတစ်ကိုယ်လုံး မီးသွေးတုံးကြီးလို ဖြစ်သွားနိုင်တယ်လို့ ဆိုပါတယ်။

အဲဒါအပြင် သံဆူးကြိုး ကာထားတဲ့ ဝင်းကြီးတစ်ခုလုံးရဲ့ ပတ်ပတ်လည်က မျှော်စင်ကြီးတွေပေါ်မှာ စက်သေနတ်ကြီးတွေ မောင်းတင်ပြီး နေ့ရောညပါ စောင့်နေကြတဲ့ တာဝန်ကျ အစောင့်တပ်သားတွေလည်း ရှိနေကြပါသေးတယ်။ ဒါ့နဲ့ တစ်ဆက်တည်း ညဘက်ညဘက်မှာ အဲဒီမျှော်စင်ကြီးတွေပေါ်က အင်မတန် အားကောင်းတဲ့ မီးမောင်းကြီးတွေနဲ့ ဝင်းကြီးတစ်ခုလုံး အနှံ့အပြား ချောင်ကြိုချောင်ကြားပါမကျန် မကြာခဏ ထိုးရှာကြပါသေးတယ်။ အဲဒီ မီးမောင်းကြီးတွေရဲ့ ထိန်လင်းစူးရှတဲ့ မီးရောင်အောက်မှာ ဂျာမန်လုံခြုံရေးတပ်သားတွေဟာ အင်မတန် ကြောက်စရာကောင်း တဲ့ အယ်လ်ဇေးရှင်း စစ်ခွေးကြီးတွေနဲ့ ဥဒဟို သွားလာ လှည့်ပတ်ပြီး စောင့်ကြပ်နေကြတာလည်း ရှိပါသေးတယ်။

ဟုတ်ပါတယ်။ ဒီစခန်းက ထွက်ပြေးဖို့၊ ဒီစခန်းက လွတ်မြောက်ဖို့ဆိုတာ လမ်းစ မမြင်သလောက်ပါပဲ။



## အိပ်မက်လုလု မက်ပါစေရှင်

ဘာလိုလိုနဲ့ အေ့စ်ဝစ်ဇ်ကို ကျွန်မရောက်လာခဲ့တာ ရက်တွေလတွေ တဖြည်းဖြည်းပြောင်းပြီး တစ်နှစ်နီးပါးလောက် ကြာလာခဲ့ပါပြီ။ ဒီတစ်နှစ်လောက် အတောအတွင်းမှာ အင်ညာတို့ နီနာတို့ ကလာဗာတို့ကို မကြာခဏ သတိရမိပါတယ်။ ဟုတ်ပါတယ်။ အင်ညာဟာ ကျွန်မနဲ့အတူ ခွန့်ခွန့်စားစား ထွက်ပြေးလာခဲ့တဲ့ အချစ်ဆုံးမိတ်ဆွေဖြစ်သလို နီနာတို့ ကလာဗာတို့ ဆိုတာကလဲ တစ်ကောင်ကြွက် ဖြစ်နေတဲ့ ကျွန်မကို အဖက်ဖက်က လိုလေသေးမရှိအောင် ကူညီစောင့်ရှောက်ခဲ့ကြတဲ့ အရင်းနှီးဆုံး အပေါင်းအသင်းတွေပါပဲ။ အခုဆိုရင် သူတို့တတွေ ဘယ်ဆီရောက်လို့ ဘာတွေ ဖြစ်နေကြတယ် ဆိုတာတောင် မသိရတော့ပါဘူး။ အသက်နဲ့ကိုယ်နဲ့မှ ရှိကြသေးရဲ့လားလဲ မပြောတတ်ပါဘူး။ ခြော်. . . တကယ် တကယ့်တော့ ဒီစစ်ကြီးဟာ ဘယ်သူ့ကိုမှ

ကောင်းကျိုးပေးတဲ့ စစ်ကြီးမဟုတ်ပါဘူးရှင်။ မိဘမောင်ဘွား ညီအစ်ကိုမောင်နှမ ဆွေမျိုးသားချင်းတွေရော၊ သူငယ်ချင်း အပေါင်း အသင်း မိတ်ဆွေတွေပါ သေကွဲ ကွဲတဲ့လူနဲ့၊ ရှင်ကွဲ ကွဲတဲ့လူနဲ့ အားလုံးကို ဒုက္ခပေးတဲ့ စစ်ကြီးပါပဲ။

စစ်ကြီးအကြောင်း ပြောရင်းနဲ့ စကားစပ်မိလို့ နားစွန်နားဖျား ကျွန်မတို့ ကြားရသိရသလောက် နောက်ဆုံးအခြေအနေကို ပြောရဦးမယ်။ တစ်ခါတစ်ခါ အော့စ်ဝစ်ဇ်ကို နောက်ထပ် ရောက်လာတဲ့ အကျဉ်းသားသစ်တွေဆီက တစ်ဆင့် ဂျာမန်တွေဟာ ဥရောပစစ်မျက်နှာမှာ ရှုံးပြီးရင်း ရှုံးဖြစ်နေတဲ့ သတင်းတွေကို ကြားရသိရပါတယ်။ နောက်ဆုံး သတင်းတွေအရဆိုရင် ဂျာမန်တွေဟာ ဆိုဗီယက်နယ်မြေထဲက ခွေးပြေး ဝက်ပြေး ပြေးလာခဲ့ကြရတာ အခုဆိုရင် ဆိုဗီယက်တပ်နီတွေဟာ ဂျာမနီပြည်ထဲအထိ အလုံးအရင်းနဲ့ ဝင်လာနေပြီလို့ ဆိုပါတယ်။ တချို့ကြားရတဲ့သတင်းတွေကဆိုရင် ယုံနိုင်စရာတောင် မရှိပါဘူး။ ဂျာမန်တပ်တွေ အကြီးအကျယ် အရေးနိမ့်တဲ့အတွက် ဂျာမန်ဗိုလ်ချုပ်ကြီးတွေနဲ့ နာဇီခေါင်းဆောင်ကြီးတွေကြားမှာ အပြင်းအထန် သဘောကွဲလွဲကြလို့ အာဏာရှင် ဟစ်တလာတောင် အသတ်ခံရသလိုလို ကောလာဟာလ သတင်းတွေ ဖြစ်နေပါတယ်။ ဒီသတင်းကတော့ သိပ်ယုတ္တိမရှိလှပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မ တွေ့ဖူးသလောက်ဆိုရင် ဒီဂျာမန်တွေဟာ သူတို့ခေါင်းဆောင် ဟစ်တလာကို ဘုရားလို ယုံကြည်ကိုးကွယ်ပြီး ဟစ်တလာက သေဆိုရင် အခုချက်ခြင်း သေကြမယ့် ဂျာမန်တွေချည်း ဖြစ်နေပါတယ်။



ဒါပေမယ့် ဘာပဲဖြစ်ဖြစ် ဒီဂျာမန်တွေအတွက် နောက်ဆုံး ဇာတ်သိမ်းခန်းဟာ သိပ်မဝေးတော့ဘူးဆိုတာတော့ သေချာပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လင့်ဇ်မြို့က ထွက်လာခဲ့ရပြီး ဒီအော့စ်ဝစ်ဇ် ချွေးတပ်စခန်းကို ရောက်ကတည်းက တစ်နှစ်နီးပါးလောက် လေယာဉ်သံနဲ့ ဗုံးကြဲသံတွေကို မကြားခဲ့ရဘဲ ဖြစ်နေရာက အခုဆိုရင် နှစ်ရက်ခြား တစ်ခါ၊ သုံးရက်ခြား တစ်ခါ ကျွန်မတို့စခန်းနဲ့ လေးငါးဆယ်မိုင်အတွင်းလောက်မှာ မဟာမိတ်လေယာဉ်တွေရဲ့ ဗုံးကြဲသံတွေကို တဝုန်းဝုန်း တအုန်းအုန်းနဲ့ ကြားနေရတာ တစ်လကျော် နှစ်လနီးပါးလောက် ရှိနေပါပြီ။ တစ်ခါတစ်ခါဆိုရင် တစ်ရက်ခြား၊ နှစ်ရက်ခြားတောင် မဟုတ်တော့ဘဲ တစ်ပတ်လောက်အတွင်းမှာ လေးငါးရက်လောက် ညစဉ်ညတိုင်း အဆက်မပြတ် ဗုံးကြဲတာမျိုးတောင် တွေ့နေရပါတယ်။

ပြီးတော့ ကျွန်မတို့ သတိထားမိသလောက် အဲဒီ မဟာမိတ်လေယာဉ်တွေရဲ့ ဗုံးကြဲသံတွေဟာ တစ်ခါထက်တစ်ခါ တစ်နေ့ထက်တစ်နေ့ ပိုပြီး နီးလာတာ တွေ့ရပါတယ်။ ပထမတော့ ဒါဟာ ကျွန်မတို့စိတ်တွေ ဂယောင်ချောက်ခြားနဲ့မို့ ကိုယ့်စိတ်ထဲက ကိုယ့်ဖာသာ ထင်နေကြတာပဲလို့ အောက်မေ့လိုက် မိပါတယ်။ ဒါပေမယ့် ကျွန်မတို့ထင်တာဟာ မမှားဘူးဆိုတာ မကြာခင် ကိုယ်တွေ့ကြုံလာကြရပါတယ်။

အဲဒီနေ့က ခါတိုင်းလိုပဲ မနက်အာရုံတက် အချိန်လောက်မှာ လေကြောင်းရန် အချက်ပေးတဲ့ ဥသြသံတွေကို ဆူဆူညံညံ ကြားရပြီး ဆယ်မိနစ် ဆယ့်ငါးမိနစ်လောက်ကြာတော့ ကောင်းကင်တစ်ခုလုံး မိုးချုန်းသလို မဟာမိတ် ဗုံးကြဲလေယာဉ်တွေ အစုလိုက်အပြုံလိုက် ပျံလာတဲ့ အသံတွေကို ကြားရတော့တာပါပဲ။

တအောင့်လောက်နေတော့ အုန်းခနဲ၊ အုန်းခနဲ ဗုံးပေါက်ကွဲသံတွေနဲ့အတူ မြေပြင်တစ်ခုလုံး သွက်သွက်ခါ သွားတော့တာပါပဲ။ ခါတိုင်းထက် ပိုပြီး ပြင်းထန်သလို ကျွန်မတို့ စခန်းနဲ့လည်း ခါတိုင်းထက်ပိုပြီး နီးကပ်လာတယ်ဆိုတာ သိပ်ထင်ရှားနေပါတယ်။ ဘယ်လောက်များ နီးကပ်လာသလဲဆိုတော့ တစ်ခါတစ်ခါ ကောင်းကင်ပေါ်ကနေပြီး မဟာမိတ်ဗုံးကြဲလေယာဉ်ကြီးတွေက ဖြုတ်ချလိုက်တဲ့ ဧရာမဗုံးကြီးတွေ မြေပြင်ကို အရှိန်နဲ့ ကျလာတဲ့အသံတွေ ကိုတောင် 'ရွှီခနဲ၊ ရွှီခနဲ' ကောင်းကောင်းကြီးကြားနေရပါတယ်။ အဲဒါနဲ့ ပေါက်ကွဲတဲ့အသံတွေဟာ ကျွန်မတို့နဲ့ နီးလွန်းမက နီးနေတော့ မြေပြင်ကြီးတစ်ခုလုံး သွက်သွက်ခါပြီး လျှင်လျှပ်လိုက် သလားလို့တောင် အောက်မေ့ရပါတယ်။

အဆောင်တွေထဲမှာ ရှိနေကြတဲ့ ကျွန်မတို့တတွေထဲမှာလဲ ဒါလောက် နီးနီးကပ်ကပ် ဗုံးကြဲတာမျိုး တစ်ခါမှ မကြုံဘူး မတွေ့ဘူးကြတော့ ကြောက်လိုက်ကြတာမှ မပြောပါနဲ့တော့။ 'ရွှီခနဲ' ကောင်း ကင်ကကျလာတဲ့ ဗုံးကြီးဟာ ကျွန်မတို့ ခေါင်းပေါ်ကိုပဲ တည့်တည့်ကြီး ချိန်ပြီး ချလိုက်သလားလို့ထင်ရပြီး တချို့များဆိုရင် ကြောက်အားလန့်အားနဲ့ ငယ်သံပါအောင် အော်လိုက် ဟစ်လိုက်ကြတာ ဆူညံသွားတာပါပဲ။

မှန်တဲ့အတိုင်း ဝန်ခံရင် အဲဒီညက ဗုံးတွေ မိုးရွာချသလို ဒလဟော ကြဲချနေတဲ့အချိန်မှာ ကျွန်မလည်း ပထမတော့ ကြောက်စိတ်ဝင်မိပါတယ်။ ဒါပေမယ့် အဲသလောက် အပြင်းအထန် ဗုံးကြဲခံနေရချိန်မှာတောင် ကျွန်မတို့တတွေကို အဆောင်တွေထဲမှာ တိရစ္ဆာန်တွေ လှောင်သလို လှောင်ထားခံနေရတော့ ဘယ်မှပြေး

လို့ ရှောင်လို့ မဖြစ်တဲ့အတူတူ 'ကဲ သေချင်လည်း သေပစေတော့၊ ဂျာမန် ဖက်ဆစ်တွေရဲ့ ညည်းပန်းနှိပ်စက်မှုတွေကြောင့် သေရတာနဲ့စာရင် ကိုယ့်မဟာမိတ် လေယာဉ်တွေပေါ်က ကြဲချလိုက်တဲ့ ဗုံးမှန်ပြီး သေရတာက ကောင်းသေးတယ်' ဆိုတဲ့စိတ်နဲ့ ခေါင်းအေးအေး ထားနေလိုက်ပါတယ်။ ပြီးတော့မှ ကျွန်မ နားမှာ အကြောက်လွန်ပြီး တုန်တုန်ရင်ရင်ဖြစ်နေကြရှာတဲ့ အမျိုးသမီးကြီးတွေကို နည်းအမျိုးမျိုးနဲ့ အားပေးနေခဲ့ပါတယ်။

အဲဒီညက ကျွန်မရဲ့ ကုသိုလ်ကံကြောင့်ပဲလား၊ ဒါမှမဟုတ် ဗုံးကြဲတဲ့ မဟာမိတ်လေယာဉ်မှူးတွေရဲ့ ကျွမ်းကျင်တိကျမှုကြောင့် ပဲလားတော့မသိဘူး။ နာရီဝက်ကျော်ကျော် အပြင်းအထန် ဗုံးကြဲခံရတဲ့အထဲမှာ ကျွန်မတို့ရဲ့ အဆောင်တွေအားလုံး တစ်ခုမှ ဗုံးဒဏ်မခံရဘဲ လွတ်မြောက်ခဲ့ကြပါတယ်။ နောက်မှ သိရတာ က ကျွန်မတို့အားလုံး ဘေးမသီရန်မခဘဲ ကင်းရှင်းလွတ်မြောက်ခဲ့ ကြသလောက် အော့စ်ဝစ်ဇ် အနီးနားတဝိုက်မှာ ရှိနေကြတဲ့ ဂျာမန် တပ်တွေနဲ့ ဂျာမန်လက်နက်ရုံတွေတော့ အားလုံးပြုတ်ပြုတ် ပြုန်းပြီး စီစီညက်ညက် ကြေသွားတဲ့အဖြစ်မျိုးအထိ မရှုမလှ အလူးအလဲ ခံလိုက်ကြရတယ်လို့ သိရပါတယ်။

ဒီလိုနဲ့ မဟာမိတ်ဗုံးကြဲလေယာဉ်တွေ ပြန်သွားပြီးတဲ့နောက် ကျွန်မတို့ အော့စ်ဝစ်ဇ်စခန်းရဲ့ အပြင်ဘက် ပတ်ဝန်းကျင်တဝိုက်က တဟုန်းဟုန်းတောက်လောင်နေလို့ မီးတောက် မီးလျှံတွေနဲ့ ဂျာမန်တွေရဲ့ အော်သံဟစ်သံ၊ ပြေးသံလွှားသံတွေဟာ မနက် မိုးလင်းတဲ့အထိ ကျွန်မတို့ စခန်းထဲက ကောင်းကောင်းကြီး မြင်နေရ ကြားနေရပါတယ်။

အဲ. . . အဲဒီအချိန်ကစပြီး ကျွန်မတို့ရဲ့ ကံကြမ္မာဟာ မမျှော်လင့်ဘဲ အပြောင်းလဲကြီး ပြောင်းလဲလာခဲ့တော့တာပါပဲ။

ပြောင်းလဲမှုရဲ့ အစကတော့ နောက်တနေ့မနက် ခါတိုင်းလို တန်းစီချိန်မှာ ကျွန်မတို့ တန်းမစီကြရတော့ပါဘူး။ တန်းမစီရရုံတင် မဟုတ်ဘူး။ အဆောင်တံခါးတွေကိုပါ ဖွင့်မပေးဘဲထားလို့ ကျွန်မတို့ အားလုံး အဆောင်တွေထဲမှာပဲ နေနေကြရပါတယ်။

အဲဒီလို မနက်မိုးလင်းတဲ့အထိ အဆောင်တံခါးတွေကို ပိတ်ထားပြီး တန်းလည်းမစီရ ခါတိုင်းလို အပြင်အလုပ်တွေလဲ ထွက်မလုပ်ရဘဲဖြစ်နေတော့ ထုံးစံအတိုင်း တစ်ယောက်တစ်ပေါက် ထင်မြင်ချက်တွေ အမျိုးမျိုးပေးလာကြပါတယ်။ ပထမတော့ အခုလို အပြင်ထွက်ခွင့်မပေးဘဲ အဆောင်ထဲမှာပဲ ပိတ်လှောင်ထားတာဟာ ညက အပြင်းအထန်ဗုံးကြဲခံရလို့ အပျက်အစီးတွေ သိပ်များတဲ့အတွက် ဒီအပျက်အစီးတွေကို အကျဉ်းသားတွေ မမြင်အောင် အဆောင်တွေထဲမှာပဲ လှောင်ထားတာလို့ ထင်ကြေးပေးကြပါတယ်။ တချို့ကတော့လည်း ဒါမဖြစ်နိုင်ဘူး။ မဟာမိတ်တွေရဲ့ ဗုံးဒဏ်ကြောင့် ပျက်စီးသွားခဲ့တဲ့ အပျက်အစီးတွေကို ဖယ်ရှားဖို့အတွက် ကျွန်မတို့ အကျဉ်းသားတွေကိုပဲ ခိုင်းလိမ့်မယ်။ အဲဒီအတွက် အစီအစဉ်တွေ လုပ်နေတုန်းမို့ အဆောင်တွေကို ဖွင့်မပေးဘဲထားတာ၊ အဲဒီအစီအစဉ်တွေ လုပ်ပြီးရင် နေ့လယ်လောက်ကျတော့ ကျွန်မတို့ကို လာခေါ်လိမ့်မယ်လို့ပြောတဲ့လူက ပြောကြပါတယ်။

ဒါပေမယ့် နေမြင့်လာလို့ နေ့လည်ဆယ့်တစ်နာရီ၊ ဆယ့်နှစ်နာရီထိုးတဲ့အထိ ကျွန်မတို့တတွေ အဆောင်ထဲက ထွက်ခွင့်မရပဲ ဖြစ်နေတော့ တစ်မျိုးတဖုံ တစ်ယောက်တစ်ပေါက် ပြောလာ



ကြပြန်ပါတယ်။ “မဟာမိတ်တွေရဲ့ ဗုံးဒဏ်ကြောင့် ဂျာမန်စစ်သားတွေ ရာနဲ့ ထောင်နဲ့ချီပြီး သေကုန်ပြီ။ ဒါကြောင့် ဂျာမန်စစ်ဗိုလ်တွေဟာ အကြီးအကျယ် ဒေါသူပြီး ကျွန်မတို့အော့စ်ဝစ်ဇ်စခန်းက အကျဉ်းသား တွေကို အားလုံးတစ်ယောက်မကျန် အကုန်သတ်ပစ်ဖို့ စီစဉ်နေကြပြီ”လို့ ပြောတဲ့လူက ပြောလာကြပါတယ်။ တဖြည်းဖြည်းနဲ့ “နေမြင့်လေ အရှုရင့်လေ” ဆိုတာလို အဆောင်တွေထဲမှာ ပိတ်လှောင်ခံနေကြရတဲ့ ကျွန်မတို့တတွေဟာ အပြင်မှာ ဘာဖြစ်လို့ ဖြစ်နေမှန်းမသိရဘဲ ကိုယ်ထင်ရာမြင်ရာတွေးပြီး ရင်တထိတ် ထိတ်နဲ့ဖြစ်နေကြရပါတယ်။

ဒီလိုနဲ့ မွန်းလွဲသာသာလောက်ကျတော့ အခြေအနေဟာ ပိုပြီး ထူးထူးခြားခြားနဲ့ လှုပ်လှုပ်ရှားရှားဖြစ်လာတာ တွေ့ရပါတယ်။ အဲဒါကတော့ တခြားမဟုတ်ပါဘူး။ ကျွန်မတို့ အဆောင်တွေရဲ့ ပြင်ဘက်မှာ ဂျာမန်စစ်ဗိုလ်စစ်သားတွေနဲ့ ဂျာမန်အမျိုးသမီး လုံခြုံရေးအရာရှိတွေဟာ တစ်နေရာကတစ်နေရာ ကူးချည်သန်းချည် နဲ့ ပြာယာခပ်နေကြတာကို အဆောင်တွေထဲက အတိုင်းသား လှမ်းမြင်နေကြရပါတယ်။ သူတို့နဲ့အတူ ကျွန်မတို့ အဆောင်တွေကို အုပ်ချုပ်ရတဲ့ အဆောင်မှူးတွေနဲ့ “ကက်ပိုး”ဆိုတဲ့ အလုပ်သမားခေါင်း တစ်ချို့ကိုလည်း မျက်စိ မျက်နှာပျက်နဲ့ လှမ်းမြင်ကြရပါတယ်။

အခြေအနေကတော့ တော်တော်လေး ဆိုးဆိုးဝါးဝါး ဖြစ်နေတယ်ဆိုတာ သေချာနေပါပြီ။ “ဧကန္တတော့ ဧကန္တပါပဲ၊ ဘာဧကန္တမှန်းတော့မသိဘူး”ဆိုတာမျိုးပါဘဲ။

အဆောင်တွေထဲ လှောင်အပိတ်ခံနေကြရတဲ့ ကျွန်မတို့ဆိုတာလည်း တစ်နေ့လုံး ဘာမှမစားရ မသောက်ရလို့ အူတကြုတ်ကြုတ်နဲ့

ဖြစ်နေတာကတစ်မျိုး၊ အပြင်ဘက်မှာ ဘာတွေဖြစ်လို့ ဖြစ်နေမှန်းမသိရတဲ့အတွက် အထိတ်ထိတ်အလန့်လန့် ဖြစ်နေရတာကတစ်မျိုး။ တစ်ယောက်တစ်ပေါက် ထင်ရာမြင်ရာတွေပြောပြီး ငိုကြရယ်ကြနဲ့ဖြစ်နေကြတာတွေကတစ်မျိုး၊ မရေမရာဇဝေဇဝါနဲ့ တကယ်ကို စိတ်ချောက်ချားစရာ ကောင်းလှပါတယ်။ သေရေးရှင်ရေး ဆိုတာ ဒီလိုအချိန်အခါမျိုးကိုဘဲ ပြောကြတာထင်ပါရဲ့။

ဟုတ်ပါတယ်။ သေရေးရှင်ရေးမှ တကယ့် သေရေးရှင်ရေးပါဘဲ။ ဘာဖြစ်လို့လဲဆိုတော့ ညနေ၄းနာရီသာသာ ခြောက်နာရီလောက်ကျတော့ ကျွန်မတို့နဲ့ ကပ်နေတဲ့ လကျာ်ဘက်အဆောင်ကတစ်ဆင့် ခဲလုံးကလေးတစ်လုံးနဲ့ပတ်ပြီး လှမ်းပစ်လိုက်တဲ့စာရွက် ကလေးတစ်ရွက် ရောက်လာပါတယ်။ အဲဒီစာရွက်ပေါ်မှာ မီးသွေး ခဲနဲ့ရေးထားတဲ့ စာကလေးနှစ်ကြောင်းတွေ့ရပါတယ်။ အဲဒီစာက လေးနှစ်ကြောင်းဟာ တိုတိုကလေး ရေးထားပေမယ့် ကျွန်မတို့ အတွက်ကတော့ အင်မတန်အရေးကြီးပြီး အင်မတန် အဖိုးတန်လှ ပါတယ်။ စာကလေးနှစ်ကြောင်းကတော့ . . .

**"ဂျာမန်တွေ ပြေးကုန်ပြီ၊ ရုရှားတွေလာနေပြီ"**တဲ့ ဒါပါဘဲ။

ရုတ်တရက် ကျွန်မတို့အားလုံး ဝမ်းသာလုံးဆို့ပြီး မေ့လဲသွားတော့မလိုတောင် ထင်လိုက်ရပါတယ်။ ဒါပေမယ့် ဒီသတင်းကို သူတို့အဆောင်က ဘယ်လိုလုပ်ပြီးသိသလဲ။ သူတို့ပြောတဲ့အတိုင်း အမှန်ပဲလားဆိုတာ စဉ်းစားကြည့်လိုက်ပြန်တော့ ယုံရအခက်၊ မယုံရအခက်ဖြစ်သွားကြပြန်ပါတယ်။

ဒါပေမယ့် နောက်တစ်နာရီလောက်နေတော့ တော်တော်ကလေးခပ်လှမ်းလှမ်းဆီက ဝုန်းကနဲ ဝုန်းကနဲ တော်လဲတဲ့အသံမျိုးလို အသံကြီးတွေကို ကျွန်မတို့ကြားလိုက်ကြရပါတယ်။ ပထမတော့ လေယာဉ်သံတွေလိုလို ထင်လိုက်မိကြပါတယ်။ ဒါပေမယ့် ကျွန်မတို့ ကြားနေကျ မဟာမိတ်ဗုံးကြဲလေယာဉ်ပျံကြီးတွေရဲ့ အသံမျိုးလို ဆက်တိုက် အဆက်မပြတ်ကြားရတာ မဟုတ်ဘဲ တချက်ချင်း တချက်ချင်း ကြားနေရတာမို့ သေသေချာချာ ဂရုစိုက်ပြီး နားထောင်ကြည့်လိုက်တော့ အမြောက်သံကြီးတွေဖြစ်နေတာ တွေ့ရပါတယ်။

ဟုတ်ပါတယ်။ အမြောက်သံတွေပါဘဲ၊ ဒုန်းကနဲ ဒုန်းကနဲ တစ်ချက်ချင်း ပစ်လိုက်တဲ့အမြောက်သံတွေဟာ အရှေ့မြောက်အရပ်ဆီက ကြားနေရပါတယ်။ ညနေ ၆ နာရီခွဲသာသာလောက်ကစပြီး ကြားနေရတဲ့ အဲဒီအမြောက်သံတွေဟာ ညဆယ်နာရီ လောက်အထိ အဆက်မပြတ်တော့ပါဘူး။ ဒီလိုဆိုရင် စောစောပိုင်း ညနေဘက်က ရတဲ့သတင်းသာ မှန်လို့ရှိရင် ဒီအမြောက်သံတွေဟာ ရုရှတပ်နီတော်ဟာ ပစ်လိုက်တဲ့ အမြောက်သံတွေဘဲလို့ ယူဆရပါတယ်။ အဲဒီလို ယူဆရတာလဲ တခြားကြောင့် မဟုတ်ပါဘူး။ အမြောက်သံတွေဟာ တဖြည်းဖြည်းနီးလာလို့ပါပဲ။ ညနေ ၆ နာရီခွဲသာသာ ၇ နာရီလောက်ကကြားရတဲ့ အမြောက်သံဟာ ည ၈ နာရီလောက် ကျတော့ စောစောကထက်ပိုပြီး နီးလာပါတယ်။ ည ၉ နာရီ ၁၀ နာရီလောက်ကျတော့ အမြောက်သံဟာ ကျွန်မတို့စခန်းနဲ့ ဘယ်လောက်များ နီးလာသလဲဆိုတော့ အမြောက် ပစ်လိုက်တဲ့အသံနဲ့ မရှေးမနှောင်း အမြောက်ဆံ ကျပြီး ပေါက်ကွဲတဲ့ အသံတွေကိုပါ ကောင်းကောင်းကြီး ကြားနေရပါပြီ။

အဲဒီအချိန်မှာ ကျွန်မတို့ရဲ့ ဝမ်းသာတဲ့စိတ်တွေဟာ ဘယ်လိုမှ ဖုံးဖိလို့မရတော့ပါဘူး။ ပထမတော့ အမြောက်သံတွေ အုံး

ကနဲ ဒုံးကနဲ ကြားရတိုင်း ကျွန်မတို့ရင်ထဲမှာလည်း ဒိန်းကနဲ ဒိန်းကနဲ ပဲ့တင်ထပ်သလို ခံစားမိကြပါတယ်။ တစ်မိနစ်ကို နှစ်ချက်လောက် မှန်မှန်ကြီး ကြားနေရတဲ့အမြောက်သံတွေဟာ တစ်နာရီကို အချက်ပေါင်း တစ်ရာကျော်လောက် အဆက်မပြတ် ပစ်နေပါ တယ်။ ည ၇ နာရီလောက်ကစပြီး ပစ်လိုက်တဲ့အမြောက်သံဟာ ည ၁၀ နာရီလောက်အထိ အချက်ပေါင်း သုံးရာကျော်ပါတယ်။

အဲဒီနောက် ဖြုံးခနဲ အမြောက်သံတွေ ရပ်သွားပါတယ်။ အဲဒီကျမှ ကျွန်မတို့ စခန်းရဲ့ အခြေအနေကို သတိထားကြည့်လိုက်တော့ အကြီးအကျယ်ထူးခြားနေတာ တွေ့ရပါတယ်။ စောစောက အမြောက်သံတွေကို စိတ်ဝင်စားပြီး အာရုံစိုက်နေမိကြတော့ ကျွန်မတို့စခန်းရဲ့ အခြေအနေကို ဘယ်သူမှ သတိမထားမိပါဘူး။ အခု အမြောက်သံတွေ ရပ်သွားတော့မှ ကျွန်မတို့ စခန်းတစ်ခုလုံးဟာ ခါတိုင်း ညတွေလို မဟုတ်ဘဲ စခန်းတစ်ခုလုံး တိတ်ဆိတ်ပြီး ငြိမ်ချက်သားကောင်းနေတာ တွေ့ရပါတယ်။

ဟုတ်ပါတယ်။ ခါတိုင်းညတွေဆိုရင် အဆောင်တွေပတ်ပတ်လည်မှာ ဂျာမန်အစောင့်စစ်သားတွေ နာရီဝက် တစ်ခါလောက် ကင်းလှည့်ရင်းနဲ့ သူတို့ရဲ့ စစ်ဖိနပ်သံတွေ၊ သူတို့နဲ့အတူပါလာတဲ့ အယ်လ်ဇေးရှင်းခွေးကြီးတွေရဲ့ ဟောင်သံတွေကိုပါ မကြာခဏ ဆူဆူညံညံ ကြားခဲ့ရပါတယ်။ ဒီညတော့ ဘယ်ဂျာမန်စစ်သားမှ ကင်းလှည့်တာလည်း မတွေ့ရ မျှော်စင်ပေါ်သို့ ဂိတ်ဝတို့မှာ အစောင့်စစ်သားချင်း တာဝန်လဲရင်း အပြန်အလှန် အော်ဟစ် အလေးပြုကြတဲ့ အသံဗလံတွေလည်း မကြားရ။ ဘာဆိုဘာသံမှ မကြားရအောင် စခန်းတစ်ခုလုံး ငြိမ်သက်နေပါတယ်။



ဒီလိုဆို ညနေကရတဲ့ သတင်းအတိုင်း ဂျာမန်တွေ ပြေးကြပြီဆိုတာ မှန်များ မှန်နေသလား မသိပါဘူး။

ဟုတ်ချင်လည်း ဟုတ်လိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ စခန်းတစ်ခုလုံး ဂျာမန်တွေရဲ့ အသံတွေနဲ့ အရိပ်အရောင်ကို လုံးဝ မမြင်ရတဲ့အပြင် ခါတိုင်းညတွေမှာ ကင်းစောင့်မျှော်စင်တွေပေါ်က ဆယ်မိနစ်တစ်ခါ ဆယ့်ငါးမိနစ်တစ်ခါလောက် အဆောင်တွေအားလုံးကို ဝင်းခနဲလက်ခနဲ ထိုးကြည့်နေကျ မီးမောင်းကြီးတွေလည်း တစ်ခါမှ ထိုးတာမတွေ့ရတော့ပါဘူး။ အဲဒါ အင်မတန် ဆန်းနေပါတယ်။

အဲဒီမှာတင် ဂျာမန်တွေ ဒီစခန်းက ထွက်ပြေးကြပြီဆိုတာ သေချာသလောက်ဖြစ်နေတော့ ကျွန်မတို့ အဆောင်တွေထဲက အကျဉ်းသားတွေလည်း ကြွက်စီကြွက်စီနဲ့ ဖြစ်လာကြပါတယ်။

"ဘယ်လိုလဲ ဒီသေနာကောင်တွေ ပြေးကုန်ကြပလား"

"ကျွန်မတို့ ဒီတိုင်းအဆောင်တွေထဲမှာ ပိတ်လှောင်ပြီး အသေခံရတော့မှာလား"

"ဒီလိုဆို ဖြစ်တဲ့နည်းနဲ့ အဆောင်တွေရိုက်ချိုးပြီး ထွက်ရရင် မကောင်းဘူးလား"

တစ်ယောက်တစ်မျိုး ပြောကြဆိုကြ အော်ကြ ဟစ်ကြနဲ့ အဆောင်တွေအားလုံး ရှုတ်ရှုတ်သဲသဲဖြစ်လာကြပါတယ်။ ကျွန်မတို့ နဲ့ကပ်ရက် အဆောင်နံပါတ် ၁၃ ဘက်ဆီကဆိုရင် အဆောင်နံရံ ပျဉ်ပြားတွေကို တဒုန်းဒုန်းနဲ့ ထုရိုက်ပြီး ချိုးဖျက်နေကြတဲ့ အသံတွေ တောင် ကြားနေရပါတယ်။

ဒါပေမယ့် တကယ် အလေးအနက် စဉ်းစားကြည့်လိုက်တော့ အခုလို ညကြီးမင်းကြီး မှောင်နဲ့မည်းမည်းမှာ အဆောင်တွေ ရိုက်ချိုး ဖျက်ဆီးပြီး အပြင်ထွက်ဘို့ဆိုတာ အန္တရာယ်အင်မတန် များပါ တယ်။ ဒီအော့စ်ဝစ်စခန်း ပတ်ဝန်းကျင်က နယ်မြေ အနေ အထားကို သိတဲ့ကျွမ်းတဲ့လူကလည်း မရှိသလောက်ဆိုတော့ အပြင် ရောက်ရင် ဘယ်ကိုသွားလို့ ဘယ်ကိုလာရမှန်း မသိဘဲ မှောင်ထဲ မှာ စမ်းတဝါးဝါးနဲ့ ဘေးအန္တရာယ်များလှပါတယ်။ ပြီးတော့ ဂျာမန်တွေ ဆုတ်ပြေးကြပြီဆိုတာလည်း ဘယ်သူကမှ သေချာပေါက် ပြောနိုင်သေးတာ မဟုတ်ဘူးလား။ တကယ်လို့အဆောင်တွေ ရိုက်ချိုးပြီး အပြင်ရောက်တော့မှ မှောင်ရိပ်တစ်နေရာရာက စောင့်ပြီး ဂျာမန် တွေက စက်သေနတ်နဲ့ဆွဲလိုက်ရင် မခက်ပေဘူးလား။ ဒီသေနာ ကောင်တွေက ယုံရတာမဟုတ်ဘူး။

ဒါနဲ့ ကျွန်မတို့လည်း ဒီညတော့ ဒီအတိုင်းပဲ အခြေအနေ စောင့်ကြည့်ပြီး မနက်မိုးလင်းတော့မှ အဆောင်တွေ ရိုက်ချိုးပြီး ထွက်ကြမယ်လို့ ဆုံးဖြတ်ကြပါတယ်။

ဒီလိုနဲ့အဆောင်တွေထဲမှာ ရှိနေကြတဲ့ ကျွန်မတို့တွေ ဟာ တစ်ညလုံး ဘယ်သူကမှ မအိပ်ချင်ကြဘဲ ကြောက်ရမလို ဝမ်းသာ မရလို ငိုရမလို ရယ်ရမလိုနဲ့ အပြင်ကအသံတွေကို နားစွင့်နေကြရင်း မနက်လင်းအားကြီး ၄ နာရီလောက်ကျတော့ ဖြုန်းကနဲ အမြောက်သံတွေကို ထပ်ပြီးကြားလိုက်ရပြန်ပါတယ်။

ဒီတစ်ခါတော့ အမြောက်သံတွေဟာ ညဦးပိုင်းတုန်းက ကြား ရတာထက်ပိုပြီး နီးလာပါတယ်။ ဘယ်လောက်များ နီးကပ်



သလဲဆိုတော့ အမြောက်သံတွေဟာ ကျွန်မတို့စခန်းထဲကိုပဲ ကျပြီး ပေါက်ကွဲသလားလို့ထင်ရအောင် မြေကြီးကို သိမ့်သိမ့် တုန်ပြီး အဆောင်တွေ ဆိုတာလည်း အားလုံး သွက်သွက်ခါအောင် ရမ်းသွားတာပါ။ ဒီတစ်ခါတော့ ကျွန်မတို့အားလုံး ကြောက်စိတ်တွေ မရှိသလောက် ဖြစ်နေကြပါပြီ။ တစ်ညလုံး ဂျာမန်တွေရဲ့ အရိပ် အယောင်ကို လုံးဝ မမြင်မတွေ့ရတာက တစ်ကြောင်း၊ မိုးလင်းကာနီး လို့ အရှေ့ဘက်ဆီက ရောင်နီသမ်းလာနေတာကို မြင်နေရတာ ကတစ်ကြောင်း ရုရှားတပ်တွေဟာ ကျွန်မတို့ စခန်းနဲ့အလွန်ဆုံး နှစ်မိုင်သုံးမိုင်လောက်အတွင်း ရောက်နေပြီဆိုတာ သေချာနေတာ ကတစ် ကြောင်း ကျွန်မတို့အားလုံးဟာ ဝမ်းအသာကြီးသာပြီး အပျော်ကြီး ပျော်နေကြပါတယ်။

ဘယ်လောက်များ ဝမ်းသာနေကြသလဲဆိုတော့ မနက် လေးနာရီလောက် အမြောက်သံတွေ ထပ်ပြီးကြားရတာနဲ့ ပထမတော့ အမြောက်သံတစ်ချက် ကြားရတိုင်း ကြားရတိုင်း 'ဟော ဟော' ဆိုပြီး တအံ့တသြဖြစ်နေကြရာက နောက်ပိုင်းကျ တော့ အမြောက်သံတစ်ချက် ကြားရတိုင်း 'ဝေးဟေးဟေး. . . ဝေး ဟေး ဟေး' ဆိုပြီး ဝမ်းသာအားရ အော်လိုက်ကြတဲ့အသံတွေဟာ အဆောင်တွေထဲက စည်းချက်ကျကျနဲ့ ပေါ်ထွက်နေပါတယ်။

ဒါနဲ့ အမြောက်သံတွေဟာ တဘုန်းဘုန်းနဲ့ အဆက်မပြတ် ကြားနေ ရတဲ့အထဲက မနက် ၅ နာရီသာသာလောက်ကျတော့ ဂိတ်ဝ က ဆူဆူညံညံအသံတွေ ကြားရပါတယ်။ အဲဒီအချိန်ကျတော့ ကျွန်မတို့တစ်တွေလည်း ဘယ်လိုမှ စိတ်ကိုထိန်းလို့ မရတော့ပါဘူး။ ရှိသမျှ အင်အားတွေ ဖြစ်ညှစ်ပြီး ရရာ သစ်သားအတိုအစတွေ

အုတ်ခဲအကြိုးအပဲ့တွေနဲ့ အဆောင်နံ့ရံတွေ တံခါးတွေကို ရိုက်ချိုးကျတော့တာပါပဲ။ တစ်ချိန်တည်းမှာပဲ အမြောက်သံတွေ ရုတ်တရက် ရပ်သွားပြီး ဂျုံးဂျုံးဂျိုင်းဂျိုင်းနဲ့ အသံကြီးတွေကို ကြား လာရပြန်ပါတယ်။ ရုတ်တရက်တော့ ဘာသံတွေမှန်း မသိကြပါဘူး။

"ဒါ . . . တင့်ကားသံတွေပဲ၊ ရုရှားတင့်ကားတွေ"

"ဟုတ်တယ်၊ ရုရှားတင့်ကားတွေ ဝင်လာပြီ"

အဆောင်တွေရိုက်ချိုးပြီး အပြင်ရောက်နေကြတဲ့ အမျိုးသမီးတချို့က ဝမ်းသာအားရ အော်ပြောလိုက်ကြပါတယ်။

ဟုတ်လည်း ဟုတ်ပါတယ်။ သံချပ်ကာကားနဲ့ တင့်ကားသံတွေဟာ မိုးချုန်းသလို တဂျုံးဂျုံးနဲ့ ကြားနေရပါတယ်။ တစ်ခါတစ်ခါ စက်သေနတ်သံကိုလည်း တဖြောက်ဖြောက်နဲ့ ကြားရပါသေးတယ်။

အဲဒီအချိန်မှာတော့ စခန်းတစ်ခုလုံးဟာ ဘုံးဘုံးကြွက်ကြွက် ဖြစ်နေပါပြီ။ အဆောင်အပြင်ဘက်ကို ပထမဆုံး ရောက်သွားကြတဲ့ အမျိုးသမီးတွေရဲ့အကူအညီတွေနဲ့ ကျွန်မတို့ အဆောင်တွေ အားလုံးကို ဘာမှမကြာလိုက်ဘဲ ရိုက်ချိုးဖျက်ဆီးပြီး အပြင်ကို ထွက်ခဲ့ကြပါတယ်။

အဲဒီလို ရုတ်ရုတ်သဲသဲ ဖြစ်နေတုံးမှာပဲ တင့်ကားကြီးတစ်စင်း ကျွန်မတို့ အဆောင်တွေဘက်ကို တဂျုံးဂျုံးနဲ့ မောင်းချလာတာ တွေ့ရပါတယ်။ အစိမ်းပုတ်ရောင် တင့်ကားကြီးရဲ့ ဘေးတစ်ဘက် တစ်ချက်မှာ ကြယ်နီကြီးကို ထင်ထင်ရှားရှားကြီး မြင်နေ



ရပါတယ်။ အဲဒီ ရုရှားတင့်ကားကြီးကိုလည်း မြင်လိုက်ရော ကျွန်မတို့ အားလုံးဟာ ဝမ်းသာအားရ အော်ကြ ဟစ်ကြတဲ့သူနဲ့၊ ကကြ ခုန်ကြတဲ့လူနဲ့ စခန်းတစ်ခုလုံး ပွက်လောရိုက်သွားတာပါပဲ။

ကျွန်မတို့အားလုံးဟာ ရုရှားတင့်ကားကြီး အနားရောက်လာတဲ့အထိ မစောင့်နိုင် မအောင့်နိုင်ကြတော့ဘဲ တင့်ကားကြီးဆီကို တအား ပြေးသွားမိကြပါတယ်။ ကျွန်မတို့လည်း တင့်ကားကြီးနားကိုရောက်ရော တင့်ကားကြီးလည်း စက်ရှိန်သတ်ပြီး ရပ်ပေးလိုက်ပါတယ်။ တင့်ကားနားကို ရောက်တော့ ရုရှားစစ်သားတွေ တင့်ကားနောက်က ပါလာတာ တွေ့ရပါတယ်။ တင့်ကားရပ်လိုက်တာနဲ့ တစ်ပြိုင်နက် ရုရှားစစ်ဗိုလ်တစ်ယောက်နဲ့ စစ်သားတစ်ယောက်လည်း တင့်ကားပေါ်က ခုန်ဆင်းလိုက်ကြပါတယ်။

ကျွန်မတို့လည်း ဝမ်းသာလွန်းလို့ ဘာမပြော ညာမပြောနဲ့ အဲဒီ ရုရှားစစ်ဗိုလ်နဲ့ စစ်သားတွေကို အတင်းဝိုင်းပြီး ဖက်ကြ ရမ်းကြ၊ နမ်းကြ၊ ရှုံ့ကြနဲ့ ဝရုန်းသုန်းကားဖြစ်နေကြပါတယ်။ တချို့ အမျိုး သမီးတွေဆိုရင် ဝမ်းသာလုံးဆို့ပြီး ရှိုက်ကြီးတငင် ငိုကြရင်းက ရုရှားစစ်သားတွေ လက်ထဲမှာပဲ မေ့မျောသွားရှာကြပါတယ်။

ဟုတ်ပါတယ်။ ကျွန်မတို့တစ်တွေဟာ သေတွင်းထဲက ပြန်ထွက်လာကြပါပြီ။ နေ့စဉ်နဲ့အမျှ လူတွေကို ထောင်နဲ့ချီပြီး သတ်ခဲ့တဲ့ အော့စ်ဝစ်ဇ် ငရဲခန်းက လွတ်မြောက်လာကြပါပြီ။ ရုတ်တရက် မမျှော်လင့်ဘဲ သေရွာက ပြန်ရောက်ခဲ့ရတဲ့အတွက် ကျွန်မကိုယ်တိုင် ကျွန်မစိတ်ကို မထိန်းနိုင်တော့ဘဲ တင့်ကားဘေးနားက ရုရှား

စစ်သားကြီးကို တစ်အားဖက်ပြီး ရှိုက်ကြီးငင်ကြီးနဲ့ ငိုနေမိပါတယ်။

×××××××

ဒါတွေကတော့ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ကျွန်မ ကြုံခဲ့ တွေ့ခဲ့ရတဲ့ ဒုက္ခ၊ သုက္ခတွေပါပဲ။ ဒီအဖြစ်အပျက်တွေဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ဆယ်ကျော်က ဖြစ်ခဲ့ပေမယ့် ကျွန်မ စိတ်ထဲမှာတော့ မနေ့တစ်နေ့ကပဲ ဖြစ်ခဲ့သလို တစ်ခုမကျန် အသေးစိတ် မှတ်မိနေပါတယ်။

မမှတ်မိဘဲ နေပါ့မလားရှင်။ ဒီတစ်သက်မှာ ဒီအဖြစ်အပျက်တွေဟာ ဘယ်လိုလုပ်ပြီး မေ့ပျောက်လို့ ရနိုင်ပါတော့မလဲ။ ကိုယ့်ကိုယ်ကို ဘယ်နည်းနဲ့မှ အသက်ရှင်စရာ အကြောင်းမရှိတဲ့ ဘဝမျိုးကနေပြီး သေကံမရောက် သက်မပျောက်ဘဲ စစ်ကြီးရဲ့ အန္တရာယ်က လွတ်လာခဲ့ရတာဟာ အင်မတန် ကုသိုလ်ထူးတယ်လို့ ဆိုရမှာပဲ။

အခုဆိုရင် ကျွန်မဟာ အစ္စရေးနိုင်ငံ တဲလ်အဗစ်မြို့မှာပဲ အိမ်ထောင်ရက်သားကျပြီး သားတွေသမီးတွေနဲ့ ဖြစ်နေပါပြီ။ ဟုတ်ပါတယ်။ အော့စ်ဝစ်ဇ်ကနေပြီး စစ်ကြီးပြီးတဲ့အထိ ဒုက္ခသည်စခန်းမှာ ခြောက်လကျော် နေခဲ့ရပါတယ်။ အဲဒီကမှတဆင့် ဥရောပတိုက်မှာ ဂျာမနီ၊ ပိုလန်နဲ့၊ ဆိုက်ပရပ်စ်ကျွန်းမှာ သုံးနှစ်နီးပါးလောက် နေခဲ့ရပါသေးတယ်။ အဖေတို့အမေတို့နဲ့ ဆွေ



မျိုးသားချင်းတွေ ဂျာမန်တွေလက်ချက်နဲ့ အားလုံးသေကုန်ကြပြီဆိုတာ တိတိကျကျ သိရတော့ နောက်ဆုံး ကျွန်မတို့ ဂျူးတွေရဲ့ နိုင်ငံဖြစ်တဲ့ အစ္စရေးကိုပဲ ကြိုးစားပြီး ရောက်အောင်လာခဲ့ပါတယ်။ အစ္စရေး နိုင်ငံရဲ့ မြို့တော်ဖြစ်တဲ့ တဲလ်အဗစ်မြို့ကို ရောက်ပြီး တစ်နှစ် လောက်ကြာတော့ ဂျူးအမျိုးသား အေရီဆိုတဲ့လူနဲ့ အိမ်ထောင်ကျပါတယ်။ ခုဆိုရင် သားတစ်ယောက် သမီးတစ်ယောက်တောင် ရနေပါပြီ။

ဟုတ်ပါတယ်၊ အခုကျွန်မဟာ 'ဂျူးမလေးအီဗာ' ပဲ ဖြစ်နေပါပြီ။ ကက်တာရီးနားဘဝနဲ့ ကြုံခဲ့တွေ့ခဲ့ရတာတွေဟာ အတိတ်မှာ ကျန်ခဲ့ပါပြီ။

ဒါပေမယ့် တစ်ခါတစ်ခါ ညဘက်အိပ်ပျော်နေတုန်း အိမ်မက်တွေ ဂယောင်ချောက်ချားမက်တတ်ပါတယ်။ အိပ်မက်တွေထဲမှာ ကိုယ်တုံးလုံးနဲ့ ကျွန်မကို ဂျာမန်ဆရာတွေက ဆေးစစ်နေတာတို့ ဂက်စတာပိုရဲ့ မြေအောက်အချုပ်ခန်းထဲမှာ မေ့လဲနေတာတို့၊ အော့စ်ဝစ်ဇ်အခန်းမှာ အငတ်ငတ် အပြတ်ပြတ်နေရတာတို့၊ ဒါတွေ အိမ်မက်မက်ပြီး အိပ်ရာက လန့်နိုးရင် အခုပဲ ဒီဘဝကို ပြန် ရောက်နေသလိုထင်မိပြီး ကြောက်လွန်းလို့ ဇောချွေးတွေတောင် ပျံလာပါတယ်။

အဲဒီအခါမျိုးမှာ ကျွန်မဘေးနားက အိပ်နေရှာကြတဲ့ သားလေးနဲ့သမီးလေးကို တွေ့ရတော့မှပဲ အိမ်မက်မက်နေမှန်း သိရပြီး ရင်ထဲက သက်သာရာ ရသွားပါတယ်။ ဒါကြောင့် ခုဆိုရင်

ညစဉ်ညတိုင်းလိုလို အိပ်ယာဝင်ခါနီးမှာ ကျွန်မဆုတောင်းပါတယ်။ 'ကျွန်မသားလေးနဲ့ သမီးလေးတွေကြီးလာရင် ဒီလိုအိမ်မက်မျိုးတွေ မမက်ပါစေနဲ့။ သားတို့သမီးတို့အတွက် အိပ်မက်လှလှလေးတွေ မက်နိုင်ကြပါစေ' လို့ အသည်းနှလုံးထဲက လှိုက်လှိုက်လှဲလှဲ ဆုတောင်းမိပါတယ်ရှင်။

×××××